စိတ်ကူးချီချိုအနုပညာ



ဒေါက်တာခင်မောင်ညွှန့်

ကျွန်တော်မစွတာဘားမား



တတိယအကြိမ်

စိတ်ကူးချို့ချို့စာအုပ်

ကျွန်တော်
မစ္စတာဘားမား
ဒေါက်တာခင်မောင်ညွှန့်

စာမူရေးသားခဲ့သည့်အချိန်ကာလနှင့်
ဖတ်ရှုရသည့်အရသာမပျက်စေရန်
ပထမအကြိမ်ထုတ်ဝေစဉ်က
မူလအမည်ကို
ပြန်လည်အသုံးပြုထားခြင်းဖြစ်ပါသည်။

တတိယအကြိမ်

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ ဇန်နဝါရီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃ ၇ ၀ ၀ ကျပ်
[redacted] ၈ ၀ ၈ ၊ ၈ ၄
ကျွန်တော်မစ္စတာဘားမား
ဒေါက်တာခင်မောင်ညွှန့်၊-ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ တတိယအကြိမ်၊ ၂၀၁၃၊
စာမျက်နှာ ၃၅၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ၊၅ စင်တီ
(၁) ကျွန်တော်မစ္စတာဘားမား
[redacted]

မာတိကာ

- စာရေးသူ၏ ကိုယ်ရေးအကျဉ်း က
- တတိယအကြိမ်ထုတ်အတွက် စာရေးသူ၏အမှာစာ ဃ
- ဒုတိယအကြိမ်ထုတ်အတွက် မလေးရှားနိုင်ငံ၊ ဂျဟောဘာရုမြို့၊ ပူထရီပန်ပစိဖိတ်ဟိုတယ်မှ ရေးပို့လိုက်သော စာရေးသူ၏အမှာစာ စ
- ပထမအကြိမ်ထုတ်အတွက် ဝါရှင်တန်မြို့တော် ဟိုတယ်မှ ရေးပို့လိုက်သော စာရေးသူ၏အမှာစာ ည
- ဓာတ်ပုံများ

၁။ ဘီလပ်ရောက် လေးမျိုးရှစ်ဆယ်နှင့် ကျွန်တော် ၁

- လက်ဖက်ရည်ငတ်သော ရက်စ်နိုး ပြဿနာ ၃
- ဘီလပ်ရောက် လေးမျိုးရှစ်ဆယ် လျက်ဆား ၈
- လေမျိုးရှစ်ဆယ် ကိုအဂ္ဂာတစ်ယောက် အမှိုက်ပုံးကို စာပုံးမှတ်လို့ ၁၃
- လူကြီးလူကောင်း ဘယ်မှာလဲ ၁၈
- ဒါ လူစာမဟုတ်ဘူး၊ ကြောင်စာဗျ ၂၁
- ကျွန်တော် ကြက်ထဲမှာပါ ၂၅
- တိတ်တခိုး ငါးပိကြော် ၃၀
- လျှာအငှားဖြင့် ဘိုသံတုနေသော ဘူးရိ ၃၅

၂။ မစွစ်ကိုမင်အိမ်ကြီးမှ ထူးဆန်းထွေလာ စံဂေဟာသို့ ၃၉

- သူတို့ ပြန်ပေါင်းထုတ်ကြပြီ ၄၁
- အပျိုချောဓါ ဒရုဝမ်ကျွန်တော် ၄၇
- အောင်နိုင်ခြင်းအတွက် အကောင်းဆုံးလက်နက် ၅၅
- မောင်စံရှားစိတ်ပေါက်လာခြင်း ၆၃
- ထူးဆန်းထွေလာ စံဂေဟာ ၇၀

၃။ **အားလပ်ချိန်မှာ ဝင်ငွေရှာ** ၉၅
– ကျွန်တော် ကြော်ငြာမင်းသား ၉၇
– ကျွန်တော် စာပို့လုလင် ၁၀၂
– ကျွန်တော် ရုပ်ရှင်မင်းသား ၁၀၉
– လန်ဒန်ရောက် တောသူကြီး ကျွန်တော် ၁၃၄
– ကောလိပ်ကျောင်းသား ဖိနပ်တိုက်သမား ၁၃၉
၄။ **ဘီလပ်မြန်မာအသင်းနှင့် လူပ်ရှားမှုများ** ၁၄၃
– သမိုင်းဝင် ညစာစားပွဲကြီး ၁၄၅
– ထီးကောက်နှင့် လမ်းလျှောက်နေသော ဘုရင်ခံမင်းကြီး ၁၆၁
– အဂ္ဂမဟာသရေစည်သူ ရန့်စ် ၁၆၄
– မြန်မာပြည်ကို လွမ်းအားပိုနေသော မစ္စတာကာမုတ် ၁၇၀
– ဟောလစ်စက်ရုံနှင့် မြန်မာကျောင်းသား ၁၇၆
– ဒိုးပတ်သည်သော မြို့လန်ဒန်နှင့် ညတစ်ည ၁၈၂
– ဘီလပ် မြန်မာအသင်းနှင့် ပညာရေး ဆွေးနွေးပွဲများ ၁၈၇
၅။ **"မစ္စတာမြန်မာ" ကို လူသိများခဲ့သော ဆင်မိနာကြီးဝယ်** ၁၉၃
– ကိုယ့်တိုင်းပြည်အကြောင်း သိဖို့လိုသေး ၁၉၅
– ခေါင်းခဲရသော ဝတ်စုံကိစ္စ ၂၀၀
– မြန်မာလိုပြောသော ဦးအင်္ဂလိပ်ကြီး ၂၀၅
– ကိုလိုနီသမိုင်းဆရာကြီး နှစ်ဦးကြားက
မြန်မာကျောင်းသားလေး ၂၀၈
– ပါရီရောက်လာ ရီဝေစွာ ၂၁၄
– နှစ်ပေါင်းသုံးရာကျော် စစ်ဘေးကင်းဝေးခဲ့သော
ငြိမ်းချမ်းရေးမြို့တော်ကြီးသို့ ၂၁၇
– မြန်မာပြည်အကြောင်း ဝိုင်းမေးကြသည် ၂၂၂
– ကိုယ်တွေ့ အပြည်ပြည် ကျောင်းသားစင်မြင့် ၂၂၆
– အပြည်ပြည် ကျောင်းသား လက်ခုပ်သြဘာသံ ၂၃၀
– "မစ္စတာမြန်မာ" နှင့် အရောင်းစာရေး မိန်းမချောလေး ၂၃၄
– အပွဲပွဲနွဲ့လာပြီး မြန်မာတို့အကြောင်း ပြောခါမှ
ရင်ခုန်နေပြန်ချေတော့ ၂၃၉

– တောရိုင်း ပန်းဦးကာ ၂၄၈
– လူပျို့အမေတည်ခင်းထားတဲ့ နေ့လည်စာစားပွဲဝယ်
ကျွန်တော်အစားထိုး ဧည့်သည် ၂၅၃
– စည်းစိမ်ရှင် လောကမှာ တစ်နေ့တာ ၂၅၈
– သေခါနီး ဆိတ်မကြီး၏ အမှာစကား ၂၆၃
– ကျွန်တော်နှင့် ကပွလီခြောက်ယောက် ၂၆၉
– ဖိုးသာအောင်နှင့် ကဗျာလွတ် ၂၇၆
၆။ **ကြုံတောင့်ကြုံခဲ ဖြစ်ရပ်စုံ** ၂၇၉
– စာရေးသူတို့ခုနှစ်ဦး
ကုလပဒိုညာဉ် စာချုပ်ကြီးကို ဖတ်ခဲ့ကြစဉ်က ၂၈၁
– ကျွန်တော့်ကိုယ်ကို ဆေးဖြူသုတ်ရတော့မလိုလို ၂၈၅၅
– ဘိလပ်က ကြောင်အသုဘ ၂၉၀
– မေတ္တာငတ်နေကြရှာသော ဘိုးဘိုးဘွားဘွားများ ၂၉၄
– လန်ဒန်မြို့ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများ ၂၉၈
– ဘိလပ်ပြန် မြန်မာပန်းချီကား ၃၀၃
– သဲလွန်စ မရသော ရွှေဦးထုပ် ၃၀၇
– ရှိတ်စပီးယား နှုတ်ခမ်းမွေး၊ သုတေသန ၃၁၂
– ဘိလပ်ရောက် မြန်မာ့ အမွေအနှစ်များ ၃၁၇
– ဘိလပ်က ဘိုမင်းသားကြီး အင်္ဂလန်စိန် ၃၂၂
– ဂိုင်ဖောက်စ် အရပ်ကြီးနှင့် မီးပွဲတော် ၃၂၇
– ကျွန်တော် ဘိလပ် ဘိသိက်ဆရာ ၃၃၀
၇။ **ပြန်တော်ပြန်ခရီး** ၃၃၅
– မြန်မာထမင်းပွဲဖြင့် ဘိလပ် နှုတ်ဆက်ညစာ ၃၃၇
– ပြည်တော်ပြန်ချိန် တစ်ပြိုင်နက် ခံစားမှု ၂ ရပ် ၃၄၀
– အာရပ် မျက်လှည့်ဆရာ၏ အစွမ်း ၃၄၅
– ဖူးရန်ခက်သည့် ကန္ဒီမြတ်စွယ်တော် ၃၅၁
– 'ကိုလေမျိုးရှစ်ဆယ်' ကျေးဇူးကြောင့်
ပြန်တော်အပြန် တပူပူညံ ၃၅၅

ဒေါက်တာခင်မောင်ညွန့်

ဒေါက်တာခင်မောင်ညွန့်သည် မန္တလေးမြို့ဇာတိဖြစ်သည်။ ၁၉၄၈ ခုနှစ်က တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်၍ မန္တလေးကောလိပ်တွင် ဝိဇ္ဇာဘွဲ့ရသည်အထိ လေးနှစ်ပညာ ဆည်းပူးခဲ့သည်။ ဥပစာအထက်တန်းတွင် မြန်မာစာဆုကိုလည်းကောင်း၊ ဝိဇ္ဇာနောက်ဆုံးနှစ်တွင် သမိုင်းဘာသာရွေးတံဆိပ်ဆုကိုလည်းကောင်း ရခဲ့သည်။ ၁၉၄၉ ခုနှစ်မှစ၍ ကောလိပ်နှစ်ပတ်လည် မဂ္ဂဇင်းများနှင့် သတင်းစာများတွင် ကဗျာနှင့် ဆောင်ပါးတို့ကို စတင်၍ ရေးသားပြီး စာပေလောကသို့ ဝင်ခဲ့သည်။

၁၉၅၂ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် အနောက်တိုင်းသမိုင်းနှင့် နိုင်ငံရေးသိပ္ပံဌာနတွင် နည်းပြဆရာအဖြစ်မှ လက်ထောက်ကထိကအထိ အမှုထမ်းရင်း ဝိဇ္ဇာဂုဏ်ထူးနှင့် မဟာဝိဇ္ဇာဘွဲ့များ ယူခဲ့သည်။ နိုင်ငံခြားပညာတော်သင်အဖြစ် ရွေးချယ်ခံရ၍ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၊ လန်ဒန်တက္ကသိုလ် စီးပွားရေးနှင့် နိုင်ငံရေးတက္ကသိုလ်ကောလိပ်သို့ ၁၉၅၆ ခုနှစ်တွင် ဘွဲ့လွန်ပညာဆည်းပူးရန် သွားရောက်ခဲ့သည်။ နိုင်ငံတကာ ဆက်ဆံရေးဘာသာ (International Relations) တွင် ဒေါက်တာဘွဲ့ကို ရယူဆွတ်ခူးခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် မိခင်နိုင်ငံသို့ ပြန်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်မှ ၁၉၈၁ ခုနှစ်အထိ ကာလအတွင်း၌ ရန်ကုန် တက္ကသိုလ်၊ မော်လမြိုင်ကောလိပ်၊ လုပ်သားများကောလိပ်၊ပညာရေးတက္ကသိုလ် တို့၌ ဌာနမှူး၊ ကထိကအဖြစ်လည်းကောင်း၊ အနုပညာဦးစီးဌာနနှင့် နိုင်ငံသမိုင်းသုတေသန ဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း၊ အမှုထမ်းခဲ့သည်။ ပညာရေး၊ အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်ရင်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှု၊ မြန်မာ့သမိုင်းသုတေသန၊ မြန်မာ့ယဉ်ကျေးမှုနှင့် စာပေရေးရာဆိုင်ရာများကို ကွင်းဆင်းလေ့လာပြုစုရန် ပြည်တွင်းပြည်ပသို့ တာဝန်နှင့် စေလွှတ်ခြင်းခံရသည်။ ထိုခရီးစဉ်များအကြောင်းကို ခရီးသွားဆောင်းပါးအဖြစ်လည်းကောင်း၊ ရရှိခဲ့သော ဗဟုသုတ၊ အတွေ့အကြုံတို့ကို သုတဆောင်းပါးအဖြစ်လည်းကောင်း အင်္ဂလိပ်–မြန်မာနှစ်ဘာသာနှင့် စာနယ်ဇင်းများတွင် ရေးသားသည်။

ဒေါက်တာခင်မောင်ညွှန့်သည် မန္တလေးတက္ကသိုလ်၊ သမိုင်းဌာနတွင် ပါမောက္ခအဖြစ် နိုင်ငံတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဒေါက်တာခင်မောင်ညွှန့်သည် ၁၉၈၇ ခုနှစ်တွင် ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းရွှေ့အမှုထမ်းရပါသည်။ ၁၉၈၉ ခုနှစ်တွင် ယင်းဌာနမှ သက်ပြည့်အငြိမ်းစားယူခဲ့ပြီးနောက် မြန်မာ့သမိုင်းဖြစ်ရပ်များ ပြုစုဖွဲ့ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်က တာဝန်ပေးခြင်းခံရပါသည်။

သည့်နောက် မြန်မာ့သမိုင်းကော်မရှင်အဖွဲ့ဝင်၊ ယဉ်ကျေးမှုတက္ကသိုလ် ရန်ကုန်၏ တက္ကသိုလ်ကောင်စီဝင်နှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒ သာသနာပြုတက္ကသိုလ်၊ သမိုင်းဌာနပါမောက္ခအဖြစ် ထမ်းဆောင်ဆဲဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့သမိုင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် နိုင်ငံတကာရေးရာဆိုင်ရာဟောပြော၊ သင်ကြားပို့ချခြင်း၊ စာတမ်းဖတ်ခြင်း၊ သုတေသနပြုခြင်းကို ပြည်တွင်းပြည်ပတွင် ဆောင်ရွက်သည်။ စာနယ်ဇင်းများတွင် အင်္ဂလိပ်–မြန်မာနှစ်ဘာသာနှင့် ဆောင်းပါးများရေးသားသည်။ ယဉ်ကျေးမှုဆိုင်ရာ စာအုပ်များရေးသားသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။Myanmar Perspectives Internet နှင့် Magazine ၏ စာတည်းမှူးချုပ်အဖြစ် ဆောင်ရွက်လျက် ရှိသည်။

ယခုစာအုပ်မှာ ၁၉၅၆ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ထိ လေးနှစ်ကျော် ကာလအတွင်း လန်ဒန်မြို့၌ မြန်မာပညာတော်သင် ကျောင်းသားဘဝတွင် နေခဲ့ရစဉ်က တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို ၁၉၇၀ ပြည့်နှစ်မှစ၍ မဂ္ဂဇင်းတစ်စောင်တွင် လစဉ်အဆက်မပြတ် ရေးသားတင်ပြခဲ့သည်များကို စုပေါင်းထုတ်ဝေခြင်းဖြစ်ပါသည်။

❐

တတိယအကြိမ် ပုံနှိပ်ခြင်းအတွက်
စာရေးသူ၏ အမှာစာ

ဤစာအုပ်ရေးသူ ကျွန်တော် ဒေါက်တာခင်မောင်ညွန့်ထံသို့ စိတ်ကူးချိုချိုစာအုပ်တိုက်မှ ဦးစန်းဦးကိုယ်တိုင် ရောက်လာပါသည်။ ရောက်လာသော ကိစ္စနှစ်ရပ်မှာ (၁) ဒုတိယအကြိမ်အထိ ထုတ်ထားသော "ကျွန်တော်မစ္စတာ့ဘားမင်း" ကျွန်တော် ဘိလပ်ကျောင်းသားဘဝက အတွေ့အကြုံများကို ရေးထားသောစာအုပ်အား စာဖတ်ပရိသတ်တို့က တောင်းဆိုပါသောကြောင့် ထပ်ထုတ်ခွင့်ပြုရန်နှင့်၊ (၂) စာရေးဆရာကြီး ပီမိုးနင်းပြုစုခဲ့သော နိုင်ငံရေးအခြေပြကျမ်း ပြန်လည်ထုတ်စဉ်က ကျွန်တော်က ယင်းကျမ်းစာအုပ်ကို ပလက်ဖောင်း စာအုပ်အဟောင်းဆိုင်မှ ဝယ်ယူခဲ့ပြီး စာအုပ်တန်ဖိုးအကြောင်းကို ဆောင်းပါးရေးခဲ့ရာ၊ ယင်းဆောင်းပါးအား ပြန်ထုတ်သော ယင်းကျမ်းတွင် ဖော်ပြထားသည်။ ယခု စိတ်ကူးချိုချိုက ယင်းကျမ်းကို ပြန်ထုတ်မည်ဖြစ်ရာ ကျွန်တော့်ထံ ကျွန်တော့်ဆောင်းပါးကို ပြန်သုံးခွင့် လာတောင်းခြင်းတို့ ဖြစ်ပါသည်။

ကျွန်တော်ကလည်း တောင်းဆိုချက်နှစ်ရပ်စလုံးမှာ စာပေနှင့်ဆိုင်သည့်အပြင် ကျွန်တော်ရေးသောစာအုပ်နှင့် ဆောင်းပါး၊ စာရေးဆရာကြီး ပီမိုးနင်းပြုစုသော ကျမ်းတို့ ပြန်ထုတ်မည်ဖြစ်၍ ဝမ်းသာလှိုက်လဲစွာ ခွင့်ပြုပါသည်။

၁၉၅၆ မှ ၁၉၆၀ ကာလက နိုင်ငံတော်အစိုးရ၏ ပညာတော်သင်ဆုရ၍ လန်ဒန်တက္ကသိုလ် လန်ဒန်စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံကောလိပ်၊ London School of Economics and Political Science တွင်၊ နိုင်ငံ

တကာဆက်ဆံရေးပညာဘာသာ International Relations တွင် ဒေါက်တာ ဘွဲ့ယူရန် ရောက်ရှိနေပါသည်။ လေးနှစ်တာကာလတွင် ဘွဲ့ရရေးအတွက် ကြိုးစားရင်း လန်ဒန်မြို့ တက္ကသိုလ် နိုင်ငံတကာကျောင်းသားများ ဗြိတိသျှ လူမျိုးစုများနှင့် ကျွမ်းဝင်စွာ ပေါင်းသင်းဆက်ဆံပြီး သူတို့၏ ဘဝဓလေ့ စရိုက်များကို လေ့လာခဲ့ပါသည်။ အားလပ်ချိန်များတွင် အသံလွှင့်ခြင်း၊ ရုပ်မြင်သံကြား သရုပ်ဆောင်၊ ကြော်ငြာမင်းသား၊ ပါဆယ်ပို့သူ၊ စားသောက် ဆိုင်များတွင် စားပွဲထိုးအဖြစ် ဝင်လုပ်ရင်း အပိုဝင်ငွေကလေးများ ရခဲ့သည်။ နွေရာသီကျောင်းပိတ်ရက်များတွင် လန်ဒန်ပြင်ပ၊ မြို့ရွာများက ဖိတ်ကြား၍ မြန်မာ့ယဉ်ကျေးမှု သမိုင်းများအကြောင်း ဟောပြောလိုက်သေးသည်။ ယင်း အတွေ့အကြုံများနှင့် ရန်ကုန်မှ လစ်ဘာပူဆိပ်ကမ်း အသွားရော အပြန်ပါ ပင်လယ်သဘော်နှင့်သွားပြန်ခဲ့ရာ သဘော်ခရီးတွင် အတွေ့အကြုံများကိုဟာသ နှောရွ၍ ခရီးသွားဆောင်းပါးများ ရေးခဲ့ပါသည်။ ရိုက်ခဲ့သော ဓာတ်ပုံများလည်း ပါသည်။ ယင်းစာအုပ်သည် ထွက်လာတိုင်း မြန်မာလူကြီး၊ လူလတ်၊ လူငယ်တို့ နှစ်သက်သဘောကျသဖြင့် ကုန်သွားသည်။

ယခု စိတ်ကူးချိုချိုက ထုတ်မည်ဖြစ်ရာ တတိယအကြိမ် ပြန်ရိုက်ခြင်း ဖြစ်ပါသည်။ စာဖတ်ပရိသတ်တို့ သဘောကျ ကြည်နူး ရယ်မောရုံမက ဆောင်ရန်၊ ရှောင်ရန်များကိုလည်း သတိပြုမိကြပါလိမ့်မည်။

ဒေါက်တာခင်မောင်ညွှန့်

၉-၁၀-၂၀၁၂

ဒုတိယအကြိမ်ထုတ်အတွက်
မလေးရှားနိုင်ငံ၊ ဂျဟောဘာရုမြို့၊ ပူထရီပန် ပစိဖိတ်ဟိုတယ်မှ
ရေးပို့လိုက်သော -စာရေးသူ၏ အမှာစာ

သစ်တောဝန်ထမ်းဟောင်းတစ်ဦးဖြစ်သော ကိုပိုက်သည် ကျွန်တော်နှင့် လူချင်းမတွေ့မီကပင် စာချင်းရင်းနှီးနေကြသည်။ ကျွန်တော့်ထက်ငယ်သော ကိုပိုက်သည် ဝန်ထမ်းကောင်းပီပီ မြန်မာ့သစ်တောကြီးများဝယ် အမှုထမ်းရင်း ကြုံတွေ့ရသမျှကို စာအုပ်ရေးသည်။ သူ့စာအုပ်များကို ကျွန်တော်ထံ လက်ဆောင်လာပို့သည်။ သူ့စာအုပ်များကို စဖတ်လိုက်မိတိုင်း လက်ကမချဘဲ အဆုံးဖတ်မိသည်။ ကျွန်တော်လည်း ကျွန်တော့် အတွေ့အကြုံများကို ဆောင်းပါးရေး ဟောပြောနေခဲ့သည်မှာ ကြာပြီ။

တစ်နေ့တွင် ကိုပိုက်က ကျွန်တော့်၏ "မစ္စတာမြန်မာ" စာအုပ်ဖတ်ဖူးကြောင်း စကားစပ်မိပြီး ယင်းစာအုပ်ထပ်ထုတ်ရန်သင့်ကြောင်း ပြောပါသည်။ ၁၉၈၃ ခုနှစ်ကထုတ်ခဲ့သော ယင်းစာအုပ်သည် ယနေ့ဆိုလျှင် (၁၈)နှစ်ပင် ရှိခဲ့ပြီ။ ပထမအကြိမ်ထုတ်စဉ်က ၃-၄ လအတွင်း ကုန်သွား ကတည်းက ပြန်ထုတ်ရန် အကြံပြုထားသော်လည်း ကျွန်တော်သည် နိုင်ငံတာဝန်နှင့်နေရာဌာနအမျိုးမျိုးပြောင်း အမှုထမ်းနေရ၍တစ်ကြောင်း၊ ထုတ်ဝေသူဦးတင်မောင်နှင့် အဆက်အသွယ်ပြတ်ပြီး ဦးတင်မောင်သည် ဧရာပိုင်း အလွန်ရောက်သွား၍ လည်းကောင်း မထုတ်ဖြစ်ခဲ့ပါ။

ရှားပါးစာအုပ်ဖြစ်လာသည့်အပြင် ယခုမျိုးဆက်သစ်များအတွက် အကျိုးရှိမည်ဟု ပြောလာကြချိန်၌ ကိုပိုက်က စကားစလာရုံမက သူပင် တာဝန်ယူ ထုတ်မည်ဆိုပြီး ကျွန်တော်ထံမှ ယင်းစာအုပ်ကို ငှားပါသည်။ ကျွန်တော်၌လည်း ယင်းစာအုပ် အလွယ်တကူ ရှာမရသောကြောင့် စာကြည့်တိုက်က ငှားပေးလိုက်ရပါသည်။ ကွန်ပျူတာစီပြီးစာနှင့် မူရင်းစာအုပ် တိုက်ဆိုင်စစ်ဆေးရန် ကျွန်တော်ထံလာပို့ထားပါသော်လည်း အချိန်မရ၍ မစစ်ဆေးနိုင်ဘဲရှိရာ ကိုပိုက်ပြန်လာယူပြီး သူကိုယ်တိုင် စစ်ပေးပါသည်။ ထို့နောက် အမှာစာ ရေးပေးပါဟု လာပြောပါသည်။

ပထမအကြိမ် ထုတ်သောစာအုပ်တွင် ဦးတင်မောင်နှင့် ကျွန်တော့် အမှာစာများပါပြီးဖြစ်သည်။ ယခု (၁၈) နှစ်ကျော်မှ ဒုတိယအကြိမ် ထုတ်မည့် စာအုပ်တွင် ဒုတိယအကြိမ် အမှာစာရေးသင့်သည်ဟု ကျွန်တော်လည်း ယူဆမိပါသည်။ ဤစာအုပ်တွင်ပါသော အကြောင်းအရာများမှာ ၁၉၅၆–၆၀အထိ ကျွန်တော်၏ ဘိလပ်ကောလိပ်ကျောင်းသားဘဝ အတွေ့အကြုံဆောင်ပါးများမှ ရွေးထုတ်ပေါင်းစည်ထားသော စာအုပ်ဖြစ်သည်။ ၁၉၆၀ မှ ၂၀၀၁ အထိဆိုလျှင် နှစ်ပေါင်း ၄၀ ကျော်ခဲ့ပြီ။ ထိုကာလအတွင်း ကမ္ဘာတစ်ခွင်လုံး အဘက်ဘက်မှ ပြောင်းလဲခဲ့လေပြီ။ သတင်းဖြန့်ချိရေးနှင့် ကူးသန်းဆက်သွယ်ရေးနည်းပညာများ အလွန်တိုးတက်ခဲ့သောကြောင့် ကမ္ဘာကြီးတစ်ခုလုံးကိုပင် ကမ္ဘာကျေးရွာတစ်ခုအဖြစ်သို့ ရောက်လာပြီဟု ဆိုလာကြသည်။ သို့လင့်ကစား နိုင်ငံတစ်နိုင်ငံနှင့် လူတစ်မျိုးတွင် ယဉ်ကျေး မှု ကိုယ်စီရှိနေကြသောကြောင့် ရုပ်ပိုင်းဆိုင်ရာ ခရီးအကွာအဝေး ကြုံ့လာခြင်း၊ ပထဝီဝင်ဆိုင်ရာနှင့် အတား အဆီးများကျော်လွှားနိုင်ခြင်းနှင့် အကူးအသန်း အဆက်အဆံများ လွယ်ကူမြန်ဆန်လာခြင်းရှိသော်လည်း စိတ်ပိုင်ဆိုင်းရာဖြစ်သော မျိုးရိုးဗီဇတို၊ အကျင့်စရိုက်၊ စိတ်နေသဘောထား၊ ယဉ်ကျေးမှု အမွေစသည်တို့ကာ အမျိုးသားရေးနယ်ပယ်၊ နယ်နိမိတ်အတွင်းမှာသာ ရှိနေသည်။ ထို့ကြောင့် ယနေ့မျက်မှောက်ကမ္ဘာ၌ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုများကြောင့် ကမ္ဘာတစ်ခွင်ဝယ် ဆက်စပ်ယှက်နွယ်ပြောင်းလဲနေသော Globalization ဖြစ်စဉ်နှင့် အမျိုးသားနယ်ပယ်အတွင်း ပေါက်ဖွားရှင်သန်ရပ်တည်လာခဲ့သော် ယဉ်ကျေးမှုအမွေအနှစ်၊ အမျိုးသားယဉ်ကျေးမှု ဥပဓိရုပ်သွင် National Cultural Identity တို့သည် ရင်ဆိုင် ယှဉ်ပြိုင်လာကြသည်။

ယင်းသို့ယှဉ်ပြိုင်မှုသည် တစ်ချိန်က တိုင်းတစ်ပါးသား လက်အောက်ခံ ကိုလိုနီဖြစ်ခဲ့ရဖူးပြီး၊ ယနေ့ လွတ်လပ်သောနိုင်ငံအနေနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ကြိုးပမ်းနေရသော နိုင်ငံများတွင်ပို၍ သိသာထင်ရှားသည်။ ယင်းသို့ ယှဉ်ပြိုင်မှုမျိုးကို ကိုလိုနီစဖြစ်ကတည်းက မျိုးချစ်စိတ်ရှိသော မြန်မာတို့သိရှိနားလည်ခဲ့ကြသည်။ ယင်းပုဂ္ဂိုလ်တို့သည် သူတို့၏ အတွေ့အကြုံ အတွေးအမြင်များကို ရေးခဲ့ကြပြီးပြီ။

ကျွန်တော် ဘိလပ်နေစဉ်က အချိန်ကာလနှင့် ယနေ့ မတူတော့ပါ။ သို့သော်ငြားလည်း ခြားနားနေသော ရေ၊ မြေနှင့် ကွဲပြားသော ယဉ်ကျေးမှုဝန်းကျင်သို့ ရောက်သွားရသောအခါ မိမိ၏ ဇာတိချက်ကြွေ၊ ရပ်ဌာနေနှင့် ခံယူထားရှိပြီးသော ယဉ်ကျေးမှုအမွေကို မမေ့မလျော့၊ မစွန့်မပယ်ဘဲ အသိတရားနှင့် သတိထားပြီး မိမိဇာတိချက်ကြွေ မွေးရပ်မြေ မြန်မာနိုင်ငံလူမျိုးနှင့် ယဉ်ကျေးမှုအပေါ် ကျေးဇူးသစ္စာထားရေးကာ ထာဝရရှိရမည့် ဝံသာနုရက္ခိတတရားကြီး ဖြစ်ကြောင်းကို စာဖတ်သူမျိုးဆက်သစ်များရော သည့်နောက်ပေါက်ဖွားလာဦးမည့် မျိုးဆက်များကိုပါ ဤစာအုပ်က ရည်စူးပါသည်။

ဦးတင်မောင်က ဤစာအုပ်ထုတ်ရန် အမှာစာ အရေးခိုင်းစဉ်က ကျွန်တော်သည် နိုင်ငံတာဝန်နှင့် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့တော်သို့ ခရီးထွက်ရန် အချိန်နှင့် တိုက်နေခဲ့သည်။ ထို့ကြောင့် ဝါရှင်တန်ရောက်ပြီး တစ်ပတ်ခန့်အကြာမှ ဝါရှင်တန်ဟိုတယ်တွင် အမှာစာရေးပို့လိုက်ရပါသည်။

ယခု ဒုတိယအကြိမ်ထုတ်ရန် ကိုပိုက်က အမှာစာရေးပါဟု လာပြောချိန်မှာ ကျွန်တော်သည် မလေးရှားနိုင်ငံ၊ ဂျဟောဘာရူမြို့တွင် ပြုလုပ်မည့် ယဉ်ကျေးမှုအမွေ ထိန်းသိမ်းဖော်ထုတ်ရေးအကြောင်း ဆင်မိနာကြီးသို့ တက်ရောက်စာတမ်းဖတ်ရန် လေယာဉ်နှင့် ထွက်ခွာရမည့်အချိန်နှင့် လာတိုက်ဆိုင်နေပြန်ပါသည်။ ရောက်ရာက အမှာစာရေးပြီးပို့ပါမည်ဟု ကတိပေး၍ ထွက်ခဲ့ပါသည်။

၂၀၀၁ ခု၊ စက်တင်ဘာလ ၄ ရက်နေ့ ညနေ၊ မလေးရှားနိုင်ငံ ဂျဟောဘာရူမြို့၊ ပူထရီပန်ပစိဖိတ်ဟိုတယ်၌ အချိန်ရတုန်း ဧည့်ခန်းမကြီးဝယ် ဤအမှာစာကိုရေးပြီး ကိုပိုက်ထံပို့လိုက်ပါသည်။ (၁၈)နှစ်ကျော်က ဝါရှင်တန်

ဟိုတယ်တွင်ရေးပြီး ဦးတင်မောင်ထံ ပို့လိုက်သောအမှာစာနှင့် ယခုစာ နှစ်ရပ် ယှဉ်ဖတ်ပြီး ကျွန်တော့်စာအုပ်ကို ဆက်ဖတ်ကာ စာအရသာ ခံစားနိုင်ကြပါစေ။

ဒေါက်တာခင်မောင်ညွှန့်
၄-၉-၂၀၀၁
ဓေတ္တ ပူထရိပန်ပစိဖိတ်ဟိုတယ်
ကျယောဘာရှမြို့၊ မလေးရှားနိုင်ငံ

❐

ပထမအကြိမ်ထုတ်အတွက်
ဝါရှင်တန်ပြို့တော်ဟိုတယ်မှ ရေးလိုက်သော
စာရေးသူ၏အမှာ

၁၉၈၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ရေးနေကျ မဂ္ဂဇင်း တစ်အုပ်မှ ရုံးလုလင်တစ်ဦးသည် ဖိုင်တွဲတစ်တွဲနှင့် စာတစ်စောင်ကို စာရေးသူထံသို့ ပေးလာပါသည်။ စာကို ဖွင့်ဖတ်ရာ ထိုမဂ္ဂဇင်း၏ စာတည်းကြီးထံမှ စာဖြစ်ကြောင်းသိရသည်။ စာရေးသူ ထိုမဂ္ဂဇင်းတွင် ရေးသားပြီး ဆောင်းပါးများမှ အချို့ကို ရွေးထုတ်ပြီး "ကျွန်တော် မစ္စတာမြန်မာ" အမည်နှင့် လုံးချင်းစာအုပ်ထုတ်မည်ဖြစ်ကြောင်း၊ ရွေးထားသော ဆောင်းပါးများကို စိစစ်ပေးစေလိုကြောင်း၊ အထောက်အထားဓာတ်ပုံများကို အကြံဉာဏ်များပေးရန် အမှာစာကိုပါ ရေးပေးပါရန် မေတ္တာရပ်ခံသောစာ ဖြစ်ပါသည်။ စာရေးသူသည် နောက်လအတွက် စာမူ အသင့်ရှိသဖြင့် ထိုစာမူကို ရုံးလုလင်အား ပေးလိုက်ပြီးနောက် စာတည်းကြီးထံ ချက်ချင်းဖုန်းဆက်ပါသည်။

နိုင်ငံတကာဆက်ဆံရေးနှင့် အုပ်ချုပ်ရေးဘာသာ သင်ကြားမှုအတွက် လေ့လာရေးအဖွဲ့တွင် ခေါင်းဆောင်အဖြစ် လိုက်ပါဆောင်ရွက်ရန်တာဝန်ပေးထားသဖြင့် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် စင်ကာပူနိုင်ငံများသို့ မကြာမီ ခရီးထွက်ရမည် ဖြစ်ကြောင်း၊ ဓာတ်ပုံများနှင့် အကြံဉာဏ်ဝေဖန်ချက်များကို ပေးထားခဲ့မည်ဖြစ်ကြောင်း 'အမှာစာ'ကိုမူ ခရီးသွားရင်း အချိန်လည်းရ၊ စျာန်လည်း ဝင်ပါက ရေးယူခဲ့မည်ဖြစ်ကြောင်းကို စာတည်းကြီး

အား ပြောပြလိုက်ပါသည်။ စာတည်းကြီးက ဝမ်းသာစွာ သဘောတူပါသည်။ ထို့ကြောင့် ရေးပြီးဆောင်ပါးများနှင့် ဆိုင်သောဓာတ်ပုံများကို ရှာဖွေစုဆောင်းခြင်း၊ ဆောင်ပါးများကို ပြန်လည်ဖတ်ရှုခြင်း ပြုပါသည်။ နောက်နှစ်လအတွက် ဆောင်ပါးနှစ်စောင်ကိုပါရေးသားပြီး အောက်တိုဘာလ ၂ ရက်နေ့၌ အားလုံးကို ထို မဂ္ဂဇင်းတိုက်သို့ ပို့လိုက်ပါသည်။

အောက်တိုဘာ ၃ ရက်နေ့ နံနက်တွင် မင်္ဂလာဒုံလေဆိပ်မှ UB 221 မြန်မာ့လေယာဉ်နှင့် ပြည်ပခရီး စတင်ခရီးထွက်လာခဲ့ပါသည်။ အောက်တိုဘာလ ၅ ရက်မှ ၇ ရက်အထိ ဝါရှင်တန်မြို့တော်ပေါ်ရှိ တက္ကသိုလ်ကြီးသုံးခုသို့ သွားရောက်လေ့လာသော အစီအစဉ်များနှင့် အလုပ်များနေခဲ့ရာ၊ အောက်တိုဘာလ ၁၀ ရက်နေ့သည် ကိုလန်ဘတ်စ် အထိမ်းအမှတ်နေ့ဖြစ်၍ ရုံးပိတ်ပါသည်။ ထိုနေ့သည် တနလ်ာနေ့ဖြစ်သဖြင့် စနေ၊ တနင်္ဂနွေနှင့် ဆက်လျက် သုံးရက် အနားရလိုက်ပါသည်။ သုံးရက်စလုံး၌ စာကြည့်တိုက်၊ ပြတိုက်များသို့ သွားရောက်လေ့လာကြ၏။ တနလ်ာနေ့ ည ၉ နာရီ ကျော်တွင် ရာသီဥတုကလည်းကောင်း၊ လရောင်ကလည်း ကြည်လင်သော ကြောင့် ဟိုတယ်ခန်းပြတင်းကိုဖွင့်ပြီး ပြင်ပသို့ကြည့်မိရင်း အမှာစာရေးရန် စိတ်ကူးရလာပါသည်။ ထို့ကြောင့် စားပွဲတင်မီးကို ဖွင့်ကာ ဤအမှာစာကို တစ်ထိုင်တည်း ရေးချလိုက်မိပါသည်။

စာရေးသူသည် မြန်မာနိုင်ငံ ပညာတော်သင်အဖြစ် ၁၉၅၆ ခု နှစ်ဦးက အင်္ဂလန်သို့ သင်္ဘောနှင့် ရောက်သွားပါသည်။ ဟင်ဒါဆင် သင်္ဘောကုမ္ပဏီပိုင် အက်စ်၊ အက်စ် သဲလွင်အမည်ရှိသော သင်္ဘောနှင့် ခရီးထွက်ခဲ့ရာ အတူပါလာသော ပညာတော်သင် မြန်မာကျောင်းသား၊ ကျောင်းသူ နှစ်ဆယ်နီးပါးရှိသည်။ လုဝစ်လမ်းဆိပ်ကမ်းမှ သင်္ဘောထွက်ခွာသည့်အချိန်မှစပြီး ၁၉၆၀ ပြည့်နှစ် ဇွန်လတွင် ဘီဘီလိုင်းသင်္ဘောကုမ္ပဏီပိုင် အက်စ် အက်စ် ဝပ်စတာ ရှား သင်္ဘောနှင့် မြန်မာနိုင်ငံသို့ ပြန်ရောက်လာသည်အထိ၊ လေးနှစ်ကျော် ကာလအတွင်းကြား၊ မြင်၊ တွေ့ထိ သိရှိခဲ့ရသော အတွေ့အကြုံတို့သည် တစ်ခါမှပြည်ပသို့ မရောက်ဘူးသေးသော စာရေးသူတို့အဖို့ အထူးအဆန်းချည်း ဖြစ်နေပါသည်။ ထို့ကြောင့် ယင်းအတွေ့အကြုံတို့ကို ပို့စကတ်များနှင့်လည်းကောင်း၊ လေယာဉ်စာများနှင့်လည်းကောင်း၊ သင်္ဘောပေါ်သို့ရောက်ကတည်းကစပြီး မိဘဆွေမျိုး မိတ်ဆွေများထံ ရေးပို့နေခဲ့မိပါသည်။

ဘိလပ်တွင် လေးနှစ်ကြိုးကြာအောင် နေရသောကာလ၌ ပါရဂူဘွဲ့ အရယူရန် အဓိကထားရင်း ကာလ၊ ဒေသနှင့် လိုက်လျောစွာ နေနိုင်ရန် အတော်ကြိုးစားရပါသည်။ ရောက်စ သုံးလ၊ လေးလ၌ အလွန်စိတ်ဓာတ်ကျပါသည်။ မိခင်နိုင်ငံကိုလွမ်း၊ မိဘဆွေမျိုးမိတ်ဆွေတို့ကို သတိရ၊ ဘိလပ်ဆောင်းရာသီဒဏ်က ပြင်းလှသောကြောင့် မိရာလေယာဉ်နှင့်သာ ပြန်ပြေးလာချင်လှသည်။ သို့သော် အိမ်ရှင် ဗိုလ်မကြီး မစွစ်ကိုမင်၏ မိခင်ဆန်ဆန် ပြုစုမှု၊ မြန်မာသံအမတ်ကြီးများဖြစ်သော ဦးကြင်၊ ဦးအောင်စိုးနှင့် ဇနီးများ၊ သံမှူးကြီး ဦးတင်မောင်ကြီးနှင့် ဇနီး၊ သံရုံးဝန်ထမ်း မွန်ကပြားမကြီး မစွစ်လက်စလီနှင့် သံရုံးနှင့် စစ်သံမှူးရုံးဝန်ထမ်းများ၊ ဘီဘီစီမြန်မာပိုင်းမှ အရာရှိ ဦးတင်မောင်နှင့် ဦးထက်ထွတ်တို့က စာရေးသူကို တူသားသဖွယ် ဆက်ဆံအားပေးကြသောကြောင့် တစ်နှစ်အတွင်းမှပင် စာရေးသူသည် ဘိလပ်ပါးဝသွားတော့၏။

ထိုအချိန်က ယူနိုက်တတ်ကင်းဒမ်ခေါ် အင်္ဂလန်၊ စကော့တလန်၊ ဝေလနယ်နှင့် မြောက်ပိုင်း၊ အိုင်ယာလန်တို့၌ ပညာတော်သင်အဖြစ် ရောက်နေသော မြန်မာကျောင်းသူ၊ ကျောင်းသားပေါင်း သုံးရာကျော်ခန့်ရှိသည်။ ဘိလပ်မြန်မာအသင်းဟု ဖွဲ့ထားပြီး မကြာခဏ လန်ဒန်မြို့ပေါ်တွင် တွေ့ဆုံပွဲများ လုပ်ပါသည်။ နွေရာသီရောက်တိုင်း အပန်းဖြေစခန်းများတွင် နှီးနှောဖလှယ်ပွဲများ ကျင်းပပေးပါသည်။ ထို့အပြင် စာရေးသူကိုယ်တိုင်ကလည်း အင်္ဂလိပ်မိသားစုများနှင့်လည်းကောင်း၊ တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် နိုင်ငံတကာမှ ကျောင်းသားတို့နှင့်လည်းကောင်း ရောနှောကျွမ်းဝင်စွာ နေထိုင်တတ်သောကြောင့် မှတ်သားစရာ အတွေ့အကြုံများစွာ ရခဲ့၏။

ငယ်စဉ်က ဦးဖိုးကျားရေး ကိုယ်တွေ့ဝတ္ထုများကို စွဲလမ်းစွာဖတ်ခဲ့၍ ဘဝအတွေ့အကြုံများကို ဝတ္ထုရေးချင်စိတ် ဖြစ်ခဲ့ဖူးပါသည်။ ကောလိပ်ရောက်လာပြန်သောအခါ ကင်းဝန်မင်းကြီး၏ လန်ဒန်သွားမှတ်တမ်းများကို ဖတ်ရပြန်သောကြောင့် အားကျမိပြန်သည်။ ထို့ကြောင့် ဘိလပ်ရောက်လျှင် ရောက်ချင်း နေ့စဉ်မှတ်တမ်း စရေးလာပါတော့သည်။ နှစ်ပေါင်းခွန့်နှင့် ဝယ်လိုက်သော ကင်မရာဟောင်းကလေးနှင့်လည်း ရောက်ရာအရပ်တွင် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ယူလေ့ရှိသည်။ မိခင်နိုင်ငံသို့ ပြန်ရောက်ပါက အတွေ့အကြုံ

များကို ရေးလိုက်မည်ဟု အားခဲခဲ့သော်လည်း ပြန်ရောက်လာသောအခါ ဘာသာရပ်ဆိုင်ရာ အကြောင်းများနှင့် သုတေသနစာတမ်းများရေးခြင်းနှင့် သာ အချိန်ကုန်ခဲ့ပါသည်။ ၁၉၆၆ ခုနှစ်လောက်မှစ၍ ရသစာ အရေးအသား ဘက်သို့ ပြန်ကူးလာပြီး ငွေတာရီ၊ မြဝတီ၊ စန္ဒာ၊ ရွှမဝ မဂ္ဂဇင်းများတွင်သာ ရေးနေမိပါသည်။

၁၉၇၀ ပြည့်နှစ် ဆောင်းရာသီတစ်နေ့တွင် ပညာရေးတက္ကသိုလ်မှ တပည့်တစ်ဦးသည် စာရေးသူထံ လာကန်တော့ရင်း သူကိုင်လာသော မဂ္ဂဇင်း တစ်အုပ် မေ့ထားရစ်သည်။ ကောက်ကြည့်လိုက်ရာ ထိုမဂ္ဂဇင်း ဖြစ်နေပါသည်။ စဖတ်လိုက်ရာ လက်မှမချတော့ဘဲ တစ်အုပ်လုံးကုန်သွားအောင် ဖတ်ပြီးသွား သည်။ မဂ္ဂဇင်း၏သဘောသဘာဝကို သိသွားသည်။ ဘဝအတွေ့အကြုံ၊ ဘဝ အောင်မြင်ရေးအကြောင်း တင်ပြသော မဂ္ဂဇင်းဖြစ်သောကြောင့် စာရေးသူ အားခဲထားသော်လည်း မရေးဖြစ်သေးသော ဘိလပ်ကျောင်းသားဘဝကိုရေးရန် မဂ္ဂဇင်းကိုတွေ့ရလေပြီ။ ထိုအခါမှစပြီး ယနေ့အထိ စာရေးသူသည် ထိုမဂ္ဂဇင်း တွင် ပင်တိုင်ဆောင်းပါးရှင် ဖြစ်လာပါသည်။ စာဖတ်ပရိသတ်၏ အားပေးမှု၊ စာတည်းကြီး၏ မေတ္တာရေ့ထား၍ ဇွဲကောင်းကောင်းနှင့် ဆောင်းပါးစာမူကို လစဉ်အရတောင်းတတ်ခြင်း၊ စာရေးသူ၏ဇနီးက နေ့စဉ်မှတ်တမ်းစာအုပ်များ နှင့် ဓာတ်ပုံစာအုပ်တို့ကို မပျက်စီးစေရန် သိမ်းဆည်းတတ်ခြင်းကြောင့် ဤ ဆောင်းပါးများကိုရေးနိုင်ခြင်း ဖြစ်ပါသည်။

စာတည်းကြီးက ရေးပြီး ဆောင်းပါးတို့ကို စုပေါင်း၍ စာအုပ်ထုတ် လိုက်ကြောင်း ပြောခဲ့သည်မှာကြာပြီ။ ယခု သူရွေးလိုက်သော် ဆောင်းပါးများ ကို လေ့လာကြည့်ရာ စာရေးသူအနေနှင့် တစ်စုံတစ်ရာ ဝေဖန်၊ ပြင်ဆင်ရန် မလိုတော့ပါ။

စာဖတ်သူမိတ်ဆွေများထဲမှ အချို့တွင် စာရေးသူကဲ့သို့ အတွေ့ အကြုံမျိုး ရှိကြဖူးပေလိမ့်မည်။ ထိုသူတို့အဖို့ ဤစာအုပ်ကို ဖတ်ပြီး စားမြိုပြန်ကြပါ။ အတွေ့အကြုံမရှိဘူးသေးသူများကမူ အသစ်အဆန်းအဖြစ် ခံစား ကြပါ။ အထူးသဖြင့် နိုင်ငံခြားသို့ ပညာသင်ကြားမည့်သူများ နိုင်ငံတာဝန် နှင့် သွားမည့်သူများအဖို့ ဤစာအုပ်ဖတ်ခြင်းဖြင့် ကြိုတင်သိသင့် သိထိုက် ဒဏ္ဍာများ၊ ရှောင်ရန်နှင့်ဆောင်ရန်များ၊ ရယူနိုင်စရာကောင်းသည်။ အဖြစ်

အပျက်တို့သည် နှစ်ပေါင်းနှစ်ဆယ်ကျော်က ဖြစ်သော်လည်း အင်္ဂလန်နိုင်ငံနှင့် အင်္ဂလိပ်လူမျိုးတို့သည် သူတို့၏စနစ်နှင့် အကျင့်စရိုက်တို့ကို ပြောင်းလဲခဲ့သော လူမျိုးများဖြစ်ကြောင်း သတိပြုကြပါကုန်။

ဒေါက်တာ ခင်မောင်ညွန့်

၁၀-၁၀-၁၉၈၃

ခေတ္တ

ကွာလတီအင်း၊ ဒေါင်းတောင်း

မတ်ဆာချူးဆက် ရိပ်သာလမ်း

ဝါရှင်တန်မြို့တော်၊ ဒီစီ

အမေရိကန်ပြည်ထောင်စု။

❐

စာရေးသူ



ကောလိပ်ကျောင်းသား ဖိနပ်တိုက်သမား

"မင်း ဒီအလုပ်လုပ်နေတာကို သဘောကျလို့
ဓာတ်ပုံရိုက်မယ် ခွင့်ပြုမလား"
"ဘာကြောင့် ခွင့်မပြုနိုင်ရမှာလဲ . . ရိုက်ပါ
ကျွန်တော့်အလုပ်ကို ခင်ဗျားက ကြော်ငြာပေးတာပဲ"

ဂျနီဗာဆင်မီနာရောက် ကျောင်းသား မောင်ခင်မောင်ညွှန့်



ဂျနီဗာ သာယာသည့် ရှုခင်း၊ ပန်းမျိုးစုံ ပုံစံသွင်းတဲ့ နာရီတို့မင်း

အပြည်ပြည်ဆိုင်ရာ ကျောင်းသား အပေါင်းဖော်စုစွာ

လန်ဒန်တက္ကသိုလ်ကျောင်းသား ကိုခင်မောင်ညွှန့်. လန်ဒန်တက္ကသိုလ်တံဆိပ်
ကုတ်ဝတ်စုံနှင့် တွေ့.ရစဉ်

နွေရာသီ နေသာချိန် လန်ဒန်မြို့လယ် လျှောက်လည်

နွေရာသီ သာယာသော တစ်နေ့တွင် ကျောင်းသား ကိုခင်မောင်ညွန့်ကို ဝိတိုရိယ
အထိမ်းအမှတ် ကျောက်ရုပ်ရှေ့တွင် တွေ့ရစဉ်

လန်ဒန်တက္ကသိုလ် Londons School of Economics and Political Science (စီးပွားရေးနှင့် နိုင်ငံရေးကောလိပ်)ကျောင်း ဒေါက်တာဘွဲ့ယူကျောင်းသား မောင်ခင်မောင်ညွန့် လန်ဒန်မြို့လယ် ထရာဖာဂါးစကွဲလ်တွင် ခိုစာကျွေးနေပုံ

ဂျနီဗာ ဆင်မီနာ ဆွေးနွေးပွဲတက်ရောက်နေသော တစ်ဦးတည်းသော မြန်မာကျောင်းသား ကိုယ်စားလှယ် ကိုခင်မောင်ညွန့်

ကျေးလက်တောရွာအတွင်း နိပွန်စစ်သားသုံးဦး ဝင်စီးနေဟန်
သရုပ်ဆောင်ထားစဉ်



Yesterday Enemy ဈာတ်ကားတွင် ဂျပန်စစ်သားအသွင်
ပါဝင်သရုပ်ဆောင်စဉ်က

ဗြိတိသျှပါလီမန်အောက်လွှတ်တော်ခန်းမတွင် ကျင်းပသော ဆယ်နှစ်မြောက် မြန်မာ့လွှတ်လပ်ရေးနေ့ အထိမ်းအမှတ် ညစာ စားပွဲကြီးတွင် မြန်မာဝတ်စုံနှင့် ကျောင်းသား ကိုခင်မောင်ညွန့်၊ ၄-၁-၁၉၅၈

ဗြိတိန်နိုင်ငံ၊ ဗြိတိသျှပါလီမန်အောက်လွှတ်တော်တွင်
၄-၁-၁၉၅၈ ခုနှစ်က ကျင်းပသော
မြန်မာနိုင်ငံလွှတ်လပ်ရေး (၁၀) နှစ်မြောက်နေ့
ဂုဏ်ပြုညစာ စားပွဲကြီး

လန်ဒန်တက္ကသိုလ်ကျောင်းသား
ကိုခင်မောင်ညွှန့်

နွေရာသီတစ်နေ့ မြန်မာဝတ်စုံဖြင့် ကျောင်းသားကိုခင်မောင်ညွှန့်ကို
သူနေထိုင်သော လန်ဒန်မြို့ ဘဲလ်ဆိုက်ပတ်စ် (၂၅) နေအိမ်နောက်ဘက်
လှေကားတွင် တွေ့ရစဉ်

ဘိလပ်ရောက် လေးမျိုးရှစ်ဆယ်နှင့် ကျွန်တော်

- ❖ လက်ဖက်ရည်ငတ်သော ရက်စ်နိုးပြဿနာ
- ❖ ဘိလပ်ရောက် လေမျိုးရှစ်ဆယ်လျက်ဆား
- ❖ အမှိုက်ပုံးကို စာပုံးမှတ်လို့
- ❖ လူကြီးလူကောင်း ဘယ်မှာလဲ
- ❖ ဒါလူစာမဟုတ်ဘူး ကြောင်စာဗျ
- ❖ ကျွန်တော် ကြက်ထဲမှာပါ
- ❖ တိတ်တခိုး ငါးပိကြော်
- ❖ ဘိုသံတုနေသော ဘူးရိ

လက်ဖက်ရည်ငတ်သော ရက်စ်နိုးပြဿနာ

စာရေးသူတို့ ဘိလပ်သို့ ပညာသင်သွားစဉ်က ဟင်ဒါဆင် သင်္ဘော ကုမ္ပဏီပိုင် S.S Salween ခေါ် သင်္ဘောဖြင့် သွားရပါသည်။ စစ်ဘက်၊ နယ်ဘက်နှင့် တက္ကသိုလ်ပညာသင် ကျောင်းသား၊ ကျောင်းသူပေါင်း သုံးဆယ် ကျော်လောက် ပါလာသည်။ ဘိလပ်မှာရှိသည့် ဆွေမျိုးတွေဆီ အလည်သွား သော ကပြားတွေ၊ အပြီးပြန်သည့် ဘိုတွေလည်းပါသည်။ ပျော်စရာကြီးပင်။ ပင်လယ်ကူးသင်္ဘောကြီးတွေကို တစ်ခါမှ မမြင်ဘူးသည့် စာရေးသူအပါအဝင် အညာသား ကျောင်းသား သုံးလေးဦးလည်း ပါပါသည်။

တစ်ဦးသောအညာသားကမူ အတော့်ကို ရိုးလွန်းအလွန်းသည်။ သိပ္ပံ ပညာမှာ အလွန်ထူးချွန်၍ ဘီအက်စီဘွဲ့မရမီ အသုံးချသိပ္ပံပညာသင်ဖို့ ပညာ သင်ဆု ရသောသူပါ။ အင်္ဂလိပ်စကား မတောက်တခေါက်သာပြောတတ်ပြီး မျက်နှာဖြူနှင့် ရင်ဆိုင်ရလျှင် အားငယ်တတ်သည်။ သူ့မိဘတွေကလည်း အလွန်ရိုးသားကြပြီး သူတို့သား ဘိလပ်မှာနေလျှင် ထမင်းမစားရမှာစိုး၍ ဆန်သုံးတင်း၊ ဆီငါးပိသာ၊ ငံပြာရည်ပုလင်း၊ ပဲကြီးအိတ်ငယ်တစ်အိတ်၊ ငါးပိကြော်သုံးဘူး၊ စိမ်းစားငါးပိတစ်အိုး၊ လျက်ဆား၊ လျှာပွတ်ဆေး၊ ပွေးကိုင်း ဝမ်းနုတ်ဆေးတွေလည်း ပေးလိုက်၍ ထင်းရှူးသေတ္တာတွေနှင့် တင်ယူလာခဲ့ ရသည်။

ထိုကျောင်းသားမှာ အင်္ဂလိပ်ဓလေ့ ထုံးစံလည်းနားမလည်၊ ရိုးလွန်း အလွန်းပြီး အပြင်ဗဟုသုတ နည်းပေရာ။ သင်္ဘောလည်းထွက် ပြဿနာ

လည်း ဖြစ်တော့သည်။ သင်္ဘောပေါ် စည်းကမ်းတွေ၊ ထမင်းစားချိန်၊ အိပ်ခန်းမှာ နေထိုင်ရမည့် စည်းကမ်းတွေကို သင်္ဘောလက်မှတ်နှင့်အတူ ပေးထားသော်လည်း သူဖတ်မကြည့်ပေ။ ဖတ်ပြန်တော့လည်း သင်္ဘောသားသုံးစကားတွေ သူနားမလည်ပါ။ သည်တော့ စာရေးသူကို ဆရာတင်ရှာပါသည်။ စာရေးသူကလည်း ပထမဆုံးအကြိမ် ပင်လယ်ခရီး ထွက်ခဲ့ရသောသူဖြစ်၍ တချို့ ပင်လယ်ရေကြောင်းဆိုင်ရာ စကားတွေ နားမလည်ပါ။ သို့ပေမယ့် မာလိန်မှူးတေလာကို မေးပါသည်။

နေ့စဉ်ကိစ္စလောက်ကတော့ ကောလိပ်ကျောင်းသား တစ်ယောက်အနေနှင့် သိတန်ကောင်းရဲ့ဆိုပြီး နေရာတကာမှာ သူ့အပေါ် ဆရာမလုပ်ချင်၍ အမှုမဲ့ အမှတ်မဲ့ပဲ နေသည်။ တစ်လကျော်အောင်သွားရမည့်ခရီး ဖြစ်ပါသည်။ ဘင်္ဂလားပင်လယ်ထဲမှာ ရာသီဥတုက အလွန်ပူတော့ စွပ်ကျယ်လက်ပြတ် ဘောင်းဘီနှင့် နေကြသည်။ ထမင်းစားခန်း ဝင်လျှင်တော့ အထူးသဖြင့် ညစာမှာ ဝတ်စုံပြည့်ဝတ်ဆင်၍ ဝင်ကြရပါသည်။ ယင်းမှာ အင်္ဂလိပ်ထုံးစံသာမက ကမ္ဘာထုံးစံဖြစ်ပါသည်။ အညာသား ကိုအဂ္ဂာကတော့ အိုက်တယ်ဆိုပြီး စွပ်ကျယ်နှင့် လုံချည်နှင့် ဝင်လာရာ စားပွဲထိုးက ဆီးပြီးတားသည်။ ကိုအဂ္ဂာက 'ငါ့ ဘာလို့တားသလဲ' ဟု စိတ်ဆိုး၍ စာရေးသူက ဝင်ရှင်းပြောရသည်။ ထမင်းစားခန်းဝမှာ ထမင်းစားခန်း၏ စည်းမျဉ်းတွေ ရေးကပ်ထားသည်ကို သူမဖတ်မိပေ။

ထို့ထက် ပိုဆိုးသည်ကမူ အင်္ဂလိပ်စကားမှာ အလွယ်ဆုံးဟု ဆိုရမည့် 'ဟုတ်ကဲ့' (ရက်စ် Yes) နှင့် 'မဟုတ်ဘူး' (နိုး No) ကိုပဲ အင်္ဂလိပ်အဓိပ္ပာယ်နှင့် မှန်အောင်မသုံးတတ်၍ လက်ဖက်ရည်တော်ရသော အဖြစ်ပါ။ ကျွန်တော်တို့ မြန်မာပြည်မှာတော့ 'ဟုတ်' ကိုရော၊ 'မဟုတ်' ကို ထောက်ခံတာကိုရော 'ဟုတ်ကဲ့' ဟု သုံးကြပါသည်။ ပုံစံမှာ...

"မင်းကျောင်းသွားသလား။" (Do you go to school?)

"ဟင့်အင်း ကျွန်တော်ကျောင်းမသွားဘူး။" (No I don't.)

"ဩော် မင်းကျောင်းမသွားဘူးပေါ့" (Oh you don't go to school?)

"ဟုတ်ကဲ့" (Yes)

"ဟုတ်ကဲ့ (Yes)ဆိုသည်မှာ "ဟုတ်ကဲ့ ကျွန်တော် ကျောင်းမသွားဘူးဟု ဖြေကြားခြင်းဖြစ်၏။ မြန်မာအဓိပ္ပာယ်နှင့်တော့ မှန်သည်။ အင်္ဂလိပ်အဓိပ္ပာယ်ကျတော့ Yes ဟု ဆိုလိုက်သည့်အတွက် "ကျွန်တော် ကျောင်းသွားတယ်"ဟု အဓိပ္ပာယ် ထွက်သွားသည်။

အညာသား ကိုအဂ္ဂတစ်ယောက် ရက်စ်နိုးကို မြန်မာအဓိပ္ပာယ်နှင့် ပြောသည့်အတွက် လက်ဖက်ရည်ငတ်နေရှာပုံက ဒီလိုပါ။ ကို.....က ကျွန်တော့်ကို မေးပါသည်။

"ဆရာညွှန့် လက်ဖက်ရည်သောက်ရရဲ့လား"

"သောက်ရပါတယ်။ ကော်ဖီလား၊ လက်ဖက်ရည်လား လို့ မေးပါတယ်"

"ကျွန်တော်ကတော့ သင်္ဘောထွက်လာတာ တစ်ပတ်ရှိပြီ။ ကျွန်တော့်ကို လက်ဖက်ရည်လား၊ ကော်ဖီလားလို့ လာမေးပြီးမှ လက်ဖက်ရည်လည်း လာမပေးဘူး၊ ကော်ဖီလည်း မပေးဘူး"

အညာသားကို... က၊ ယင်းသို့ ပြောလာသော်လည်း အမှုမဲ့ အမှတ်မဲ့ နေခဲ့ပါသည်။ နေ့ခင်းတစ်ခုမှာ လှိုင်းငြိမ်၍ ဆာလွန်းသဖြင့် သူနှင့်အတူ နေ့ခင်း လက်ဖက်ရည်သောက်ချိန် စောဝင်လာကြပါသည်။ သူလက်ဖက်ရည် မရသည့်အကြောင်း သိချင်သည်နှင့် သူထိုင်သည့်စားပွဲမှာပဲ ဝင်ထိုင်ပါသည်။ စားစရာတွေစားနေစဉ် စာရေးသူဘက်က စားပွဲထိုးက လက်ဖက်ရည်၊ ကော်ဖီ ထည့်ပေးသွားသည်။ ကို... ထိုင်သည့်ဘက်ကို တာဝန်ကျ စားပွဲထိုးကလေး ရောက်လာပြီး ကို... မေးပါသည်။

Haven't you got your tea, sir?

(လူကြီးမင်း ခင်ဗျား လက်ဖက်ရည် မရသေးဘူးလား)

Yes(ဟုတ်ကဲ့) (ဟုတ်ကဲ့ မရသေးဘူး) ဟု သူက မြန်မာအသုံးနှင့် ဆိုခြင်း ဖြစ်သည်။

စာရေးသူက ရုတ်တရက်ဝင်ပြီး...

"No he hasn't got it" (မဟုတ်ပါဘူး သူလက်ဖက်ရည် မရသေးဘူး)

အညာသားကို... ရော၊ ဘိုစားပွဲထိုးပါ စာရေးသူကို ကြောင်ကြည့်ကြပါသည်။

စာရေးသူလည်း အဖြစ်မှန်ကို သိရပြီဖြစ်၍ ကျောင်းဆရာပီပီ နှစ်ဦးနှစ်ဖက်စလုံးကို ရှင်းပြလိုက်ပါသည်။ ထိုသို့ ရှင်းပြလိုက်တော့မှပင် မြို့ဝန်မင်းဆောင်မှ ထောင်ကျရောဆိုသည့်ကိန်း ဆိုက်ပြန်ပါသည်။ အညာသားကို..... က အင်္ဂလိပ်အဓိပ္ပာယ်ဖြင့် "Yes" "No" သုံးနည်းကို သိသွားပြန်သာမက၊ ဘိုစားပွဲထိုးကလေးခမျာကလည်း မြန်မာအဓိပ္ပာယ်နှင့် "Yes" "No" သုံးနည်း နားလည်သွားသောကြောင့် အညာသား ကို... က "No" ဆိုပါလျက်နှင့် "Yes" အဓိပ္ပာယ်ကောက်ပြီး လက်ဖက်ရည်မချဘဲ ထားပြန်ပါသည်။ နောက်ဆုံးမှာတော့ ကျွန်တော်ကကြားဝင်ပြီး အညာသား ကို... က "Yes" ဆိုစေ၊ လက်ဖက်ရည်ရော ကော်ဖီရော ချသာပေးပါဟု ဘိုစားပွဲထိုးရော စားဖိုမှူးကိုပါ မေတ္တာရပ်ခံရပါသည်။

"Yes" "NO" သည် သူတွင်မကပါ၊ မြန်မာအတော်များများလည်း မြန်မာအဓိပ္ပာယ်နှင့်သုံး၍ အင်္ဂလိပ်တွေ အတော်ရှုပ်ထွေးသွားကြရသော အတွေ့အကြုံတွေ ရှိပါသည်။ ထို့ကြောင့် အင်္ဂလိပ်စကားပြော၊ အင်္ဂလိပ်စာရေးလျှင် အင်္ဂလိပ်လိုတွေးပြီး အင်္ဂလိပ်အဓိပ္ပာယ်နှင့် ပြောမှ၊ ရေးမှ မှန်မေမည်။ အင်္ဂလိပ်မှာ Yes ဆိုသော စကားအဓိပ္ပာယ်နောက်မှာ မည်သည့်အခါမှ အမြစ်စကား၊ ဝါ 'မဟုတ်' ဆိုသည့်အဓိပ္ပာယ် မလိုက်ပါ။ No ဆိုသော စကား၏ နောက်မှာလည်း ဘယ်တော့မှ 'ဟုတ်' ဆိုသော အဓိပ္ပာယ်မလိုက်ပါ။

တစ်ခါက ပုဂ္ဂိုလ်ကြီးတစ်ဦးသည် ဧည့်သည်တော်အင်္ဂလိပ်ကြီး တစ်ဦးနှင့်အတူ ညစာစားပွဲမှာ ဘေးချင်ယှဉ်ပြီး စားနေပါသည်။ စာရေးသူလည်း မျက်နှာချင်းဆိုင် ထိုင်စားနေပါသည်။ အင်္ဂလိပ်ကြီးက မြန်မာပုဂ္ဂိုလ်ကြီးကို လှမ်းပြီး "I hope you don't mind if I smoke?"

"ကျွန်တော်ဆေးလိပ်သောက်ရင် ခင်ဗျား စိတ်မကွက်ပါဘူးနော်"

"Yes, Yes" "ဟုတ်ကဲ့" (ဟုတ်ကဲ့ စိတ်မကွက်ပါဘူး သောက်ပါဗျာဟု ပြောခြင်းဖြစ်သည်။)

သို့သော် အင်္ဂလိပ်အဓိပ္ပာယ်အရ "ဟုတ်ကဲ့ ကျွန်တော်စိတ်ကွက်ပါလိမ့်မယ်" ဆိုသောသဘော ထွက်သွားတာကြောင့် အင်္ဂလိပ်ကြီးခမျာ စီးကရက်ကို ဘူးထဲပြန်ထည့်ပြီး မျက်နှာမကောင်း ဖြစ်သွားပါသည်။

သို့ပေမယ့် မြန်မာပုဂ္ဂိုလ်ကြီးက မြန်မာအဓိပ္ပာယ်နှင့် ဖြေလိုက်မိမှန်း သိ၍ ချက်ချင်း ပြင်ပြောပါသည်။

"Oh No, No, I don't mind, please smoke as much as you like"

"အို ကျွန်တော် စိတ်မကွက်ပါဘူး၊ အလိုရှိသလောက် သောက်ပါခင်ဗျား"

ဘိလပ်ရောက် လေမျိုးရှစ်ဆယ်လျက်ဆား

ဟင်ဒါဆင်ကုမ္ပဏီပိုင် သဲလွင်သင်္ဘောကြီးသည် တစ်လကျော်ကြာ ပင်လယ်ခရီးကို ဖြတ်ခဲ့ပြီးနောက် လီဗာပူးလ်ဆိပ်ကမ်းသို့ ဆိုက်ပါသည်။

ဘိလပ်တွင် အသိမိတ်ဆွေရှိသူတို့အဖို့ လာကြိုနေသူများက ကူညီသောကြောင့် သင်္ဘောဆင်းရာ၌ အခက်အခဲမရှိပါ။ နတ်တို့ဖန် ရောနှောအသင့်ကြာအသင့် ဖြစ်နေသည်။ အညာသားနှစ်ဦးဖြစ်သော စာရေးသူနှင့် သင်္ဘောပေါ်တွင် ရက်စ်နိုးပြဿနာ ဖြစ်ခဲ့သော ကို... တို့ နှစ်ယောက်မှာ မည်သူကမှ လာကြိုသေးခြင်း မရှိသောကြောင့် ယောင်လည်လည် ဖြစ်နေသည်။ 'ပါးစပ်ပါ ရွာတွေ့' ဟူသော စကားပုံကိုအားကိုးပြီး နှစ်ယောက်သား သင်္ဘောပေါ်မှ ဆင်းလာကြပါသည်။ စာရေးသူ၏ ပစ္စည်းအားလုံးကိုစစ်ပြီးသော်လည်း ကို... ၏ ဆန်၊ ဆီ၊ ပဲ၊ ငါးပိ၊ ငံပြာရည်၊ မြန်မာဆေး ပုလင်းမျိုးစုံ သေတ္တာများမှာ တောင်လိုပုံနေသည်။ လီဗာပူးလ်မှတစ်ဆင့် မီးရထားဖြင့် မြန်မာသံရုံးစိုက်ရာ လန်ဒန်သို့သွားကြရမည် ဖြစ်ပါသည်။ နှစ်ယောက်စလုံးသည် လန်ဒန်ရှိ အင်ပီးရီးရယ်ကောလိပ်နှင့် လန်ဒန်တက္ကသိုလ် စီးပွားရေးကောလိပ် အသီးသီးသို့ ကျောင်းဖွင့်အမီ ရောက်ကြရမည်ဖြစ်သည်။ လန်ဒန်သွားမီးရထားကို အမီလိုက်ပါမှ ထိုနေ့ညနေရောက်မည်။ ထို့ကြောင့် စာရေးသူတို့၏ ပစ္စည်းများကို ဆိပ်ကမ်းအကောက်ခွန်အရာရှိတို့ စောစီးစွာ စစ်ဆေးပြီး လွှတ်ပေးရန် စိုင်းပြင်ရပါသည်။

အင်္ဂလိပ်အရာရှိတို့သည် ဆက်ဆံရေး ကောင်းကြပါသည်။ အကောက်ခွန် အရာရှိတို့သည် တစ်ရပ်တစ်ကျေးမှ ပညာသင်ရန် ရောက်လာသော

ကျောင်းသား လူငယ်များကို အလွန်လိုက်လျောကြပါသည်။ အချို့သေတ္တာများကို ဖွင့်မကြည့်တော့ဘဲ ယူသွားခွင့်ပြုပါသည်။ အတွင်းမှာ ဘာပါသည်ကို ရေရေလည်လည် ပြောပြဖို့သာ လိုပါသည်။ စာရေးသူ၏ သေတ္တာများတွင် မြန်မာမဂ္ဂဇင်းစာအုပ်များ၊ လက်ဆောင်ပေးရန် ထီး၊ ဖိနပ်၊ လွယ်အိတ်၊ ယွန်းထည်များ၊ အင်္ကျီလိပ်ကြိုက် ဘင်္ဂလားဆေးလိပ်များ၊ ငါးပိကြော်၊ မရမ်းနှင့် ဆီးသီးယိုဘူးများ၊ မြန်မာလုံချည်များပါသည်။ ယင်းတို့ကို (Declaration Form) ပစ္စည်းများကို ဖွင့်ဟဝန်ခံချက် စာရွက်ပုံစံတွင် ရေးချပြီး ပြလိုက်ပါသည်။ အကောက်နှင့် ယစ်မျိုးအရာရှိတို့က 'မူးယစ် ဆေးဝါး၊ အရက်၊ ရွှေငွေရတနာ၊ ရှေးဟောင်းပစ္စည်း၊ လက်နက်ခဲယမ်းများပါသလား'ဟုနှုတ်ဖြင့် မေးရုံသာမေးပါသည်။ မပါပါ။ သေတ္တာများကို ဖွင့်ကြည့်နိုင်ပါသည်ဟု လှမ်းပေးသောအခါ "မလိုပါဘူး ချာတိတ်ရယ်၊ မင်းကို ယုံပါတယ်" ဟု ချိုသာရင်းနှီးစွာပြောပြီး သေတ္တာများကို ယူခွင့်ပေးလိုက်ပါသည်။ စာရေးသူသည် ကို... ကို လှမ်းပြီး

"ကို... ကျွန်တော် ပေါ်တာကိုခေါ်ပြီး သယ်ထွက်နှင့်မယ်နော်။ တက္ကစီဆိပ်က စောင့်နေမယ်။ ခင်ဗျားပစ္စည်းတွေလည်း အမှန်အတိုင်း ပုံစံစာရွက်မှာ ရေးချပေးလိုက်ပေါ့။ အားလုံး စစ်မယ်မထင်ပါဘူး။ ပေါ်တာတွန်းလှည်းနဲ့သယ်ခဲ့ပေါ့။ လန်ဒန်ရထားနဲ့ အမိလိုက်ရအောင်"

"ဟုတ်ကဲ့ ဆရာညွှန့်၊ ကျွန်တော့်ဟာတွေကများတော့ ပုံစံစာရွက်လေးရွက်တောင် ဖြည့်ရမယ်။ သွားနှင့်ပါ ကျွန်တော် လိုက်ခဲ့ပါမယ်"

စိတ်ချလက်ချ ထွက်လာပြီး တက္ကစီဆိပ်တွင် စောင့်နေလိုက်ရာ တစ်နာရီ နီးပါးအထိ ကို... ပေါ်မလာသဖြင့် စိတ်ပူလာပါသည်။ မကြာမီ ကို... သည် ယစ်မျိုးအရာရှိတစ်ဦးနှင့်အတူ လေမျိုးရှစ်ဆယ်လျက်ဆားပုလင်းကိုင်ပြီစာရေးသူထံသို့ ဆူညံဆူညံနှင့် ရေကြီးသုတ်ပျာ ရောက်လာကြပါသည်။ စာရေးသူသည် ဘာများ ရှုပ်လာပြန်ပြီလဲ၊ ရက်စ်နိုးပြဿနာတော့ မဟုတ်နိုင်ဟု တွေးမိပါသည်။

"ဆရာညွှန့် ဒီကောင် ကျွန်တော့်လျက်ဆားကို ဆေးခြောက်မှုနဲ့လို့ စွပ်စွဲပြီး ဒီပုလင်းတွေသိမ်းထားမယ်၊ စစ်ကြည့်မယ် ပြောနေတယ်။ ကျွန်တဲ့သေတ္တာတွေလည်း အားလုံးလှန်ကြည့်နေတယ်"

"ခင်ဗျားက ပုံစံစာရွက်ထဲမှာ အမှန်အတိုင်း ရေးချလိုက်ရဲ့လား"

"ရေးလိုက်တာပဲ၊ အခု စာရွက်တွေ သူ့လက်ထဲမှာ ကိုင်ထားတယ်"

စာရေးသူနှစ်ဦး မြန်မာလိုပြောနေတာကို ယစ်မျိုးအရာရှိဗိုလ်သည် သက်ံမကင်းအကြည့်နှင့် ကြည့်နေသောကြောင့် စာရေးသူက အင်္ဂလိပ်စကားနှင့်...

"ဟုတ်ကဲ့ ခင်ဗျာ၊ ဘာပြဿနာများ ဖြစ်ပါလိမ့်"

(Yes, officer, what's the matter?)

"ဒီခင်ဗျားသူငယ်ချင်းက ဒီပုလင်းတွေထဲက အမှုန့်တွေဟာလေ အမျိုးပေါင်းရှစ်ဆယ် အမှုန့်တွေလို့ ပြောနေတယ်။ ပုံစံစာရွက်ထဲမှာလဲ (Eighty Kinds of wind) လေအမျိုးပေါင်းရှစ်ဆယ်လို့ ဖော်ပြထားတယ်။ ကျွန်တော်မသက်ံဘူး၊ ကျွန်တော်ဟာ သိပ္ပံဘွဲ့ရသူပါ။ ကျွန်တော့် တစ်သက်တာမှာ လေဆိုတာ တစ်မျိုးပဲသိတယ်။ လေကို အမှုန့်ကြိတ်ထားနိုင်တယ်လို့တော့ ယခုအထိ ဘယ်သိပ္ပံပညာရှင်ကမှ မလုပ်နိုင်သေးဘူး။ ဒါတွေဟာ ဆေးခြောက်တွေပဲ ဖြစ်မယ်။ ဒီတော့ စစ်ဆေးဖို့ သိမ်းထားလိုက်မယ်။ ဒီမှာ လက်မှတ်ထိုးပါ။ ခင်ဗျားက သက်သေခံပေါ့"

(I know only one kind of wind. I've never heard any scientist so for has ever reduced eighty different kinds of wind to powder.)

"အို... လုပ်ပြန်ပါပြီ၊ ကိုယ့်လူရယ် ခင်ဗျား ရက်စ်နိုးထက် ပိုဆိုးနေပါပကော၊ ဘာကြောင့် ဒီလို ရေးလိုက်တာလဲ အထင်လွဲကုန်ပြီဗျာ"

"အို ဆရာညွန့်ကပဲ အမှန်အတိုင်း ရေးချလိုက်ဆို"

"ဟုတ်ပြီလေဗျာ၊ လေမျိုးရှစ်ဆယ်လျက်ဆားကို မြန်မာဆေး (Myanmar Medicine) ဆိုပြီးရေးပေါ့။ သူတို့မှာ လျက်ဆားဆိုတဲ့ စကားဘယ်ရှိမလဲ။ ပြီးတော့ (Eighty kinds of wind) လို့ ခင်ဗျားက မြန်မာအဓိပ္ပာယ်နဲ့ အင်္ဂလိပ်လို တိုက်ရိုက်ကြီး ဆော်လိုက်တာကို ဟိုကောင် မရှူးတာဘဲ တော်သေးရဲ့။"

"သိဘူးလေ...ဆန်၊ ဆီ၊ ပဲ၊ ငါးပိကိုတော့ လွယ်လွယ်လေး ရေးလိုက်နိုင်တယ်။ ရုတ်တစ်ရက် လေမျိုးရှစ်ဆယ်ဆိုတော့ အင်္ဂလိပ်လို Eighty Kinds of wind ပေါ့၊ ဒါမမှားပါဘူး"

"အမယ်လေး၊ ခင်ဗျားဟာနဲ့ ခင်ဗျားတော့ အမှန်ပေါ့။ ကဲ... အခု ရှင်းရှင်းပြောရတော့မယ်။ ခင်ဗျား တစ်ခွန်းမှမပြောနဲ့၊ ငြိမ်နေပါ မောင်မင်း ကြီးသား"

စာရေးသူက မြန်မာဆေးဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးမဟုတ်ကြောင်း၊ မြန်မာဆေးအမည်ကို အင်္ဂလိပ်လို တိုက်ရိုက်ပြန်ပြောလိုက်၍ နားရှုပ်စရာ ဖြစ်သွားကြောင်း တောင်းပန်ပြီး၊ မူးယစ်ဆေးဝါးမဟုတ်ကြောင်း အာမခံ လက်မှတ်ရေးထိုးရပါသည်။

မီးရထားပေါ်တွင် စာရေးသူတို့ နှစ်ဦးသည် ဘိလပ်ရောက် လေမျိုး ရှစ်ဆယ်လျက်ဆားကို လျက်လာရင်း၊ ဖြစ်ခဲ့ရသောအဖြစ်ကို တဝါးဝါးစားမြို့ ပြန်နေကြပါသည်။ ကို...နှင့် ဆက်ပြီး အတူနေပါက မည်သို့သော ပြဿနာမျိုး တွေပေါ် ဦးမည်ကို စိုးရိမ်နေမိပါသည်။

မကြာတော့ပါ။ စာရေးသူကိုယ်တိုင် ကို... ၏ ဝင့်လည်ပါလေ တော့သည်။

လန်ဒန်ရောက်၍ တစ်လခန့်ကြာသောအခါ မြန်မာထမင်းဟင်း ချက်စားတတ်လာပါသည်။ တစ်ညနေတွင် ဆိုဟိုရပ်ကွက် လမ်းဘေးဈေးမှ ဟင်းသီးဟင်းရွက် ဝယ်ရန် ထွက်လာပါသည်။ နံနံပင်၊ ကြက်သွန်မြိတ်၊ ရုံးပတီသီး၊ အာလူး၊ ပဲတောင့်တို့ကို လန်ဒန်အနီးရွာများမှာ တွန်းလှည်းကလေး များနှင့် လာရောက်သော တောဈေးသည်များဖြစ်သည်။ စာရေးသူသည် ညနေတွင် ချဉ်ရည်ဟင်းနှင့် ငရုတ်သီးထောင်းချက်စားရန် စိတ်ကူးမိသဖြင့် ဈေးရောက်လျှင် ငရုတ်သီးထောင်းတွင်ထည့်ရန် ကြက်သွန်ဖြူ ဝယ်မည် ဟု ဆုံးဖြတ်လာသည်။ တွန်းလှည်းတွင် ကြက်သွန်ဖြူအပုံကို မြင်လိုက်၍-

"ကြက်သွန်ဖြူ ပေါင်တစ်ကွာတာ ရောင်းပါ"

(Give me quarter pound of white onion please.)

ထိုအခါ ဈေးရောင်းသူက...

"ကျုပ်တော့ အဖြူရောင်ကြက်သွန်နီ မမြင်ဘူးပါ။ ခင်ဗျားမြင်ဖူး သလား"

(I beg your pardon sir, I've never seen white onion. Have you ever?)

စာရေးသူ အမှားကိုချက်ချင်းသိလိုက်ပါသည်။ မြန်မာလို ကြက်သွန်ဖြူဟု တွေးလာပြီး လွတ်ခနဲတိုက်ရိုက် ဘာသာပြန်လိုက်ခြင်း ဖြစ်သည်။ အင်္ဂလိပ်လို ကြက်သွန်နီကို Onion ဟု ခေါ်ပြီး ကြက်သွန်ဖြူကို Garlic ဂါးလစ်ဟု ခေါ်ကြောင်း အလယ်တန်းကျောင်းသားဘဝကတည်းက သင်ခဲ့ပြီး ဖြစ်သည်။ သို့သော် မြန်မာလိုသာ တွေးတတ်သဖြင့် ဂါးလစ်ကိုမေ့ပြီး ဂျိုက်အန်ညင်ဟု ယောင်ထွက်သွားမိသည်။

"တဆိတ်သည်းခံပါ၊ ဂါးလစ်ကိုပြောတာပါ"

(I am sorry. I mean garlic.)

"ဩော်... ဒါလား၊ ခင်ဗျားက ကြက်သွန်ဖြူလို့ခေါ်တာလဲ ဟုတ်သားပဲ သူ့အခွံက အဖြူရောင်ကိုး"

(Oh I see. Well. you are right in calling garlic white onion. It's skin is white.)

❐

လေမျိုးရှစ်ဆယ် အညာသား ကိုအဝှာတစ်ယောက်
အမှိုက်ပုံးကို စာပုံးမှတ်လို့

စာရေးသူတို့သည် လန်ဒန်သို့ရောက်သောအခါ နေစရာအခန်း ရှာကြရသည်။ အင်္ဂလိပ်တို့သည် ကပွလီတို့ကို အထင်သေးသဖြင့် သူတို့ကို အခန်းမငှားလိုကြပါ။ ကုလားများကိုလည်း ကပ်စေးနဲသည်၊ စကားများသည်ဟု ယူဆပြီး ခပ်ရှောင်ရှောင် လုပ်သည်။ ထို့ကြောင့် အသားဝါ လူမျိုး၊ တရုတ်၊ ဂျပန်၊ မြန်မာ၊ မလေး၊ ယိုးဒယားတို့မှာ အဖြူ၊ အမည်း၊ အညို လူမျိုးတို့ကြားဝယ်၊ အခန်းငှားရေးကိစ္စနှင့် အခြားသွားလာ နေထိုင်ဆက်ဆံရေးတို့၌ မခက်ခဲလှပါ။ မြန်မာကျောင်းသားတို့ နေထိုင်သွားလေ့ရှိသော ရပ်ကွက်များ၊ လမ်းများနှင့် ဂေဟာကြီးများသို့ အခန်းအား ရှိလိုရှိငြား စုံစမ်းကြရပါသည်။

စာရေးသူနှင့် လေမျိုးရှစ်ဆယ်လျက်ဆား အညာသား ကိုအဝှာသည် ရေစက်ပင်ဆုံလွန်းသည်။ လန်ဒန်ရောက်လျင်ရောက်ချင်း စာရေးသူနှင့်အတူ လိုက်နေပါရစေဟု သူက တောင်းပန်၍ သူနှင့်အတူပင် ချားလ်စ်လမ်းရှိ မြန်မာသံရုံးရှိရာသို့ လာကြပါသည်။

တက္ကစီငှားသဖြင့် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာပါသည်။ သံရုံးတွင် သံရုံးအမှုထမ်းတို့က ပျူငှာစွာ ကြိုဆိုစကား ပြောကြပါသည်။ မြန်မာ–အင်္ဂလိပ်ကပြားနှင့် အင်ဂလိုအင်ဒီယန်းကပြားများ အမှုထမ်းနေကြသည်ကို တွေ့ရသည်။ သူတို့ထံမှ လန်ဒန်မြို့ သဘောသဘာဝ အင်္ဂလိပ်တို့နှင့် ဆက်ဆံရေးနည်း၊ အခန်းရှာရေး၊ ပညာသင်စရိတ်နှင့် လောက်အောင် နေထိုင်စားသောက်နည်းတို့ကို ဆွေးနွေးမေးမြန်းရပါသည်။ အထူးသဖြင့်

မွန်အင်္ဂလိပ်ကပြား စာရေးမကြီး မစ်စ်လက်စလီနှင့် ကိုလိုနီခေတ်က ကျောက်စာဝန်အဖြစ် အမှုထမ်းခဲ့သော ချားလ်ဒူးရွိုင်းဇယ်၏သား မစ္စတာဒူးရွိုင်းဇယ်တို့သည် မြန်မာကျောင်းသားတို့ အရေးကိစ္စကို စိမ်ကူညီပေးရသူတို့ ဖြစ်သဖြင့် သူတို့က ဘိလပ်ရောက်စ စာရေးသူတို့နေရန် အခန်းရှာပေးကြသည်။

မကြာမီ လန်ဒန်မြို့အနောက်မြောက်ပိုင်း ဝက်စ်ခရောင်းဝယ်လ်လမ်း (West Cromwell Road) အိမ်နံပါတ် (၇၆) တွင် နှစ်ယောက်ခန်း အားကြောင်း၊ ယခုပင် လာနေနိုင်ကြောင်းကို ဖုန်းဆက်မေးရင်း သိရလေသည်။ စင်စစ် ယင်းအိမ်ကြီးမှာ အင်္ဂလိပ်အဘွားကြီးတစ်ဦးပိုင်ပြီး၊ မြန်မာကျောင်းသားတို့ အစဉ်အဆက်နေခဲ့ကြောင်း သိရသည်။ တစ်ပတ်ကို လေးပေါင်ပေးရပြီး၊ ချက်စားနိုင်ရန် မီးဖိုလည်း အခန်းထဲတွင်ရှိကြောင်း သိရ၏။ စာရေးသူတို့နှစ်ဦးသည် တက္ကစီငှားပြီး သွားကြပါသည်။ ရောက်သွားသည်နှင့် လင်းလေဒီ (Land Lady) က ဆီးကြိုပြီး သော့အပ်ပါသည်။ ထို့နောက် သူ့အိမ်နေသူတို့လိုက်နာရမည့် စည်းကမ်းချက်များရေးထားသော ကတ်ပြားကို ထိုးပြပါသည်။ စာရေးသူက တစ်ပတ်အတွက် ကြိုတင်ပြီး အခန်းခ ပေးလိုက်သည်။ သူ့စည်းကမ်းချက်များကို တစ်ခုစီဖတ်ကြည့်နေစဉ် လေမျိုးရှစ်ဆယ်ကိုအညာသားသည် အခန်းထဲရှိ အိပ်ရာကို အဆန့်သား လဲနေလေပြီ။

"ဟေ့လူ လာဦးဗျ၊ ဒီမှာ သူ့စည်းကမ်းတွေ ဖတ်ကြည့်ဦးလေ"

"ဟာဗျာ သူ့အခန်းဖိုးပေးပြီးရင် ကိစ္စပြီးရောမဟုတ်လား။ ဘာစာတွေ ဖတ်ရဦးမှာလဲ။ ဆရာညွန့်ပဲ ဖတ်ကြည့်ပြီးရင် ကျွန်တော့်ပြောပြပေါ့"

"အဲဒါကြောင့် ခင်ဗျားခက်တာပဲ။ တော်တော်ကြာ ကိုးရိုးကားရားတွေ ဖြစ်ဦးမယ်နော်။ ဒီမှာကြည့်စမ်း၊ လျှပ်စစ်မီး၊ ဖုန်း၊ ရေချိုးခန်း၊ မီးဖို၊ အိမ်သာသုံးတဲ့အခါ လိုက်နာရမည့် စည်းကမ်းတွေ။ အခန်းသန့်ရှင်းအောင် သပ်ရပ်အောင်နေဖို့၊ စကား ဆူညံစွာမပြောဖို့၊ တံခါးပိတ်ရင် ဆောင့်မပိတ်ဖို့၊ ပြီးတော့ ဒီရပ်ကွက်မှာရှိတဲ့ စာတိုက်၊ ဘူတာ၊ ရဲဌာန၊ ဆေးရုံ၊ စာကြည့်တိုက်၊ ရုပ်ရှင်ရုံ၊ ပြဇာတ်ရုံတွေလည်း ဖော်ပြထားတယ်။ ဒါတွေ လေ့လာထားမှပေါ့ ကိုယ့်လူရဲ့"

"ဆရာသမားနဲ့ အတူနေတာပဲဟာ မသိ ဆရာညွန့်ပဲ မေးမှာပေါ့"

ဤသို့ဖြင့် ထိုအခန်းတွင် နှစ်ယောက်သားနေလာခဲ့ကြရာ နှစ်လခန့်ကြာသောအခါ အနယ်ထိုင် အသားကျလာပါသည်။ နံနက်မိုးလင်းသည်နှင့်

တစ်ယောက်တစ်လှည့် ဓာတ်ဘူးတွင် ကော်ဖီဖျော်၊ ပေါင်မုန့်ယိုသုတ် စားပြီး နောက် ကိုယ့်ကျောင်းကိုယ် သွားကြပါသည်။ ညနေတွင် ချက်စားသည့်အခါ စားကြပြီး၊ မချက်ချင်သောအခါ ကုလားဆိုင်သွား၍ တန်းစီကာ ကုလားထမင်း စားကြပါသည်။

တစ်ညနေတွင် နေကလည်းသာ၊ အအေးကလည်း ပေါ့သဖြင့် မြစ်ကမ်းနားအထိ လမ်းလျှောက်ရန် နှစ်ယောက်သား ထွက်လာပါသည်။ လေမျိုးရှစ်ဆယ် ကိုအဝှာက...

"ဆရာညွှန့် ကျောင်းမှာ အဆင်ပြေရဲ့လား"

"ပြေပါတယ်။ ခင်ဗျားရော"

"ကျွန်တော်ကတော့ ကျွန်တော့် သိပ္ပံဘာသာရပ်ကိုတော့ လိုက်နိုင်ပါတယ်။ ဆရာတွေပြောတဲ့ အင်္ဂလိပ်စကားကို မလိုက်နိုင်ဘူး"

"အင်္ဂလိပ်စကားနဲ့ပဲ ပြောရင်တော့ သူတို့စကားကို မလိုက်နိုင်ရင် ဘာသာရပ်လည်း ဘယ်နားလည်မလဲ"

"ဒီလိုပါ ဖော်မြူလာတွေ၊ တွက်ကိန်းတွေနဲ့ လက်တွေ့ခန်းတွေထဲမှာတော့ ဘာကို ဆိုလိုနေတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်။ လက်ချာပေးတဲ့အခါမှာ သူတို့အင်္ဂလိပ်သံကို နားမလည်ဘူး။ ပြီးတော့လည်း မေးခွန်းမေးသေးတယ်။ ကျွန်တော်က အဖြေသိပေမယ့် အင်္ဂလိပ်လိုပြောပြဖို့ ထစ်နေတယ်"

"ကိုယ့်စကားမှမဟုတ်ဘဲ၊ မှားချင်မှား စွတ်ပြောပေါ့"

"ဂရမ်မာတွေ အသံထွက်တွေ မှားကုန်ရင် ရှက်စရာကြီး"

"ဒါကြောင့် ခင်ဗျားကို အင်္ဂလိပ်စာလေ့လာဖို့ သင်္ဘောပေါ်ကတည်းက ကျွန်တော်အကြံပေးခဲ့တာပဲ။ စိတ်မလျှော့နဲ့ဗျာ။ အင်္ဂလိပ်တွေနဲ့ စကားများများပြော၊ သတင်းစာတွေဖတ်၊ တီဗီတွေကြည့်ပေါ့။ အရာခပ်သိမ်း သူတို့ရေးထားတဲ့ ဆိုင်းဘုတ်တွေ၊ နှိုးဆော်စာတွေ၊ ပိုစတာတွေ ဂရုစိုက်ဖတ်ကြည့်ပေါ့"

"ဒါနဲ့စကားမစပ်၊ ဆရာညွှန့် ဒီရောက်ကတည်းက မိဘတွေဆီ စာရေးတာ ပြန်စာတွေလာသလား"

"လာသား၊ပဲဗျာ၊ လေယာဉ်စာနဲ့ဆိုရင် အလွန်ဆုံး တစ်ပတ်ပဲ ကြာတယ်။ ကျွန်တော်ကတော့ လန်ဒန်ရောက်ကတည်းက တစ်ပတ်ခြား၊ စာအသွားအပြန်ရှိတယ်"

"ကျွန်တော်တော့ ဒီက ရေးထည့်နေတာ သုံးလေးစောင်ရှိပြီ။ တစ်စောင်မှ ပြန်စာမလာသေးဘူး။ စာတွေခေါက်နေပြီထင်တယ်"

"လေယာဉ်စာနဲ့ရေးရင် မကြာပါဘူး။ ခင်ဗျားမိဘတွေလည်း ပြန်စာရေးမှာ သေချာပါတယ်။ ခင်ဗျား ဒီက လိပ်စာမှန်အောင် ရေးထည့်ပေးသလား"

"ပေးပါတယ်"

ဤသို့ဖြင့် နောက်တစ်ပတ်ကြာသောအခါ ကျွန်တော်နှင့် လေမျိုးရှစ်ဆယ် ကိုအဝှာတို့နှစ်ယောက် ညနေလမ်းလျှောက် ထွက်လာကြပြန်ပါသည်။

"ဆရာညွန့်၊ ကျွန်တော်တော့ အခုပဲ အဖေတို့ဆီ စာရေးတယ်။ ဒီမှာလေ ကြည့်ပါဦး၊ လေယာဉ်စာ၊ လိပ်စာလည်း မှန်မှန်ရေးထားပါတယ်။ လမ်းလျှောက်ထွက်တုန်း တစ်ခါတည်း စာတိုက်ပုံးထဲ ထည့်လိုက်မယ်။ ဒါပါနဲ့ဆိုရင် ခြောက်စောင် ရှိပြီ။ ဒီစာမှ ပြန်စာမရရင် ကြေးနန်းရိုက်မယ်။ နေမကောင်းဖြစ်နေသလားမသိ"

လမ်းလျှောက်လာ၍ လမ်းကွေ့အရောက်တွင် ဆေးအစိမ်း သုတ်ထားသော Litter (လစ်တား) ဟု ရေးထားသော ပုံးထဲသို့ လေမျိုးရှစ်ဆယ်ကိုအဝှာသည် သူ့ဖခင်ထံရေးသော လေယာဉ်စာကို ထည့်လိုက်ပါသည်။

"ဟေ့လူ ဘာလုပ်တာလဲ"

"ခုနကစာကို စာပုံးထဲထည့်တာလေ"

"အို... လုပ်ပြန်ပါပြီ။ ဒီလူကလည်း ဒါ စာပုံး မဟုတ်ဘူးဗျ၊ အမှိုက်ပုံး"

"ဆရာညွန့်ကလည်း ဟိုမှာကြည့်ပါလား။ လက်တား ဆိုတဲ့စာ ရေးထားတယ်။ ပြီးတော့လဲ ဒီလောက်သန့်ရှင်းတဲ့ပုံးဟာ ဘယ်က အမှိုက်ပုံးဖြစ်ရမှာလဲ"

"အဲဒါကြောင့် ခင်ဗျားကို အင်္ဂလိပ်စာ လေ့လာပါလို့ ပြောတာ၊ သေသေချာချာကြည့်ထား Litter (လစ်တား) တဲ့၊ လက်တား Letter

မဟုတ်ဘူး။ အိုင်နဲ့ပေါင်းတဲ့စာ၊ အီးနဲ့ပေါင်းတဲ့ လက်တား မဟုတ်ဘူး။ လစ်တားဆိုတာ အမှိုက်လို့ အဓိပ္ပာယ်ရတယ်။ သူတို့ဆီက စာတိုက်ပုံးဟာလည်း ကျွန်တော်တို့ဆီကလိုပဲ အနီသုတ်ထားတယ်။ မယုံရင် ရှေ့နား စာတိုက်ပုံးအစစ်ကို ကျွန်တော်လိုက်ပြမယ်။ ဒါက အစိမ်း သုတ်ထားတာ၊ သန့်ရှင်းနေမှာပေါ့။ စည်းကမ်းတကျ အမှိုက်ကို ထုတ်ပြီးမှ ထည့်တာကိုး”

“ကျွန်တော်တော့ ရောက်ကတည်းက အဖေဆီရေးတဲ့စာတွေ ဒီပုံးထဲ ချည်း ထည့်တယ်”

“ဟား... ဟား... ဟား... ဟား အိုးဟိုး ဒါကြောင့်ကိုး၊ ခင်ဗျား အိမ်က ပြန်စာမရတာ မဆန်းဘူး ကိုလေမျိုးရှစ်ဆယ်ရေ့”

“ကျွန်တော့်စာကို ပြန်ရှိုက်ယူမယ်”

“ဟိုး... ဟိုး ဆရာလေမျိုးရှစ်ဆယ် မလုပ်နဲ့၊ အဆုံးခံလိုက်၊ အမြင် မတော်ဘူး။ မြန်မာကလေးတစ်ယောက် အမှိုက်ပုံးရှိုက် အစုတ်ကောက်နေ တယ်လို့ ထင်သွားမယ်။ ခင်ဗျားစာ ပြန်ရှာတာလို့ပြောရင်လည်း Letter နဲ့ Litter တောင် ခွဲခြားမသိတဲ့လူ လန်ဒန်ကို ရောက်လာသကိုးလို့ ထင်ကြ ဦးမယ်”

“ဟောဟိုမှာ မြင်ပြီလား အနီသုတ်ထားတဲ့ Letter Box အစစ်။ ကဲ... နောင်မမှားနဲ့။ ခင်ဗျား အဘိဓာန်စာအုပ်လည်း အမြဲသုံးပါဦး။ အင်္ဂလိပ်စကား အတော်ခွကျတယ်။ သဲတူကြောင်းကွဲ မှားနိုင်စရာတွေ များ တယ်ဗျ။ ခွေး၊ ဝက်ကလေးတွေ မွေးလာရင်လည်း လစ်တားလို့ ခေါ်သေး သဗျ။ ဒီပြင် အဓိပ္ပာယ်လည်း ရှိနိုင်သေးတယ်လေ။ ကျွန်တော်လဲည်း အား လုံးမသိဘူး။ တစ်ခါတလေလည်း ဘန်းစကားအဖြစ် သုံးသေးတယ်ဗျ”

❐

လူကြီးလူကောင်း ဘယ်မှာလဲ

သူတို့ဆီက ဘန်းစကား

စာရေးသူတို့လို ဘီလပ်ရောက် မြန်မာကျောင်းသားတို့အဖို့ အင်္ဂလိပ်စာနှင့်ကစား မည်သို့မည်ပုံ သိရှိနားလည်ရကြောင်းကို ကိုယ်တွေ့ အဖြစ်အပျက်ကလေးများနှင့် စာဖတ်ပရိသတ်သို့ ဖောက်သည် ချချင်ပါသည်။ ကိုလိုနီခရစ်ယာန် သာသနာပြုကျောင်း၊ ဘိုကျောင်းများတွင် နေထိုင်ဖူးသော ကျောင်းသားများပင်လျှင် ဘီလပ်ရောက်သောအခါ အင်္ဂလိပ်စကားအဆန်း အခေါ်အဝေါ်၊ အသုံးအနှုန်း အဆန်းအပြားများကိုကြုံရ၍ ရယ်စရာဖြစ်ရသည်။

အင်္ဂလိပ်တို့သည် လူတန်းစားခွဲတတ်သည်။ ပညာတတ်နှင့် ပညာမတတ်သူ၊ သူကောင်းမျိုးနှင့် လူလတ်တန်းစား၊ ဥဏှအလုပ်သမားနှင့် အလုပ်ကြမ်းသမား၊ အောက်စ်ဖို့ကျောင်းထွက်နှင့် လန်ဒန်ကျောင်းထွက် စသည်ဖြင့် သူတို့ပြောသော အင်္ဂလိပ်စကား အသုံးအနှုန်း၊ လေယူလေသိမ်း၊ ဘန်းကစားတို့နှင့် အဆင့်အတန်း ခွဲခြားကြပါသည်။

စာရေးသူ လန်ဒန်ရောက်စက ဘူတာရုံအဝတွင် "ဂက်အေပိုက်ပါး ဂက်အေပိုက်ပါး" ဟု အော်နေသည်ကိုကြား၍ကြည့်မိရာ သတင်းစာ ရောင်းသူသည် သတင်းစာကိုင်၍ အော်နေသည်ကို မြင်ရတော့မှ...

ပေပါ (Paper) ခေါ် သတင်းစာကို သူတို့လူတန်းစား ကော်ကနီလေသံ နှင့် ပိုက်ပါ (Piper) ဟု အော်နေကြောင်း သိရသည်။ တစ်ဖန် ဘတ်စ်ကားပေါ်တွင် လက်မှတ်ရောင်းသော ဘိုမက...

"အိုးလ်တိုက် မိုင်ဒီးယား" (Old tide my dear) ဟု စာရေးသူကို လှမ်းအော်ရာ စာရေးသူနားမလည်သဖြင့် ဘေးတွင် စာရေးသူကဲ့သို့ မတ်တပ်

ရပ် စီးရင်လိုက်ပါလာသော တရုတ်ကျောင်းသားက "မင်းကို လက်ရမ်းကို မြဲမြဲကိုင်ထားလို့ပြောနေတာ" ဟု "ဟိုးလဒ်တိုက် (Hold tight) ဟု ပြောတော့မှ သဘောပေါက်မိပါသည်။

တစ်ခါက နေ့လည်စာစားသောအခန်းတွင် သူငယ်ချင်းမက သူမ ဆွဲခြင်းထဲရှိ နွားနို့ပုလင်းမှ နွားနို့တွေ ပျောက်နေသဖြင့်–

"ဟူး ပင့်ချ် မိုင် မစ်လ်ခ် (Who pinched my milk?)"

ဟု စာရေးသူကို လှမ်းမေးရာ စာရေးသူအနေနှင့် ပင့်ချ် (Pinch) ဆိုသော စကားကို ဆိတ်သည်ဟုသာ နားလည်ထားသဖြင့် သူ့နွားနို့ ဘယ်လို ဆိတ်ရမလဲဟု ထင်မိသည်။ စင်စစ် ဘန်းစကားနှင့် သူငယ်ချင်းချင်း နောက်ပြောင်သည့်အနေနှင့် ခိုးစားခြင်းကိုဆိုလိုသော အဓိပ္ပာယ်ဖြစ်ကြောင်း သိရပါတော့သည်။

လန်ဒန်မြို့ကြီးမှာပင် တစ်နေရာနှင့် တစ်နေရာ အသုံးအနှုန်း မတူသောကြောင့် ဟားကွက်ဖြစ်ရသည်လည်း ရှိသည်။ သာဓကတစ်ခုမှာ အိမ်သာကို အမျိုးမျိုးခေါ်ဝေါ်ခြင်း ဖြစ်သည်။ စာရေးသူတို့ ကျောင်းသားဘဝက အိမ်သာကို အင်္ဂလိပ်ကိုဒဘလျူစီ ဟုခေါ်ပြီး၊ အိမ်သာနံရံတွင်လည်း အင်္ဂလိပ် စာလုံးနှစ်လုံး (W.C) ကို ရေးထားတတ်သည်။ အဓိပ္ပာယ်ကို ကြီးလာတော့မှ "ဝါးတား ကလို့ဆက်" (Water Closet) ရေအိမ်ဟု နားလည်လာပါသည်။ ဘိလပ်တွင်ဤသို့မခေါ်ပါ။ လူအများရှိသော ဘူတာ၊ ရေဆိပ်၊ လေဆိပ်၊ ပြတိုက်၊ လမ်းထောင့်များရှိ အိမ်သာတို့ကို (Public Convenience) ဟု ရေးထားပါသည်။ တချို့ ပြဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ မြေအောက်ဘူတာနှင့် ကုန်ပဒေသာဆိုင်ကြီးများ၊ ဟိုတယ်ကြီးများ၌မူ အမျိုးသားအိမ်သာကို ဂျင်းတဲလ်မင်း (Gentlemen)၊ အမျိုးသမီးအိမ်သာကိုလေးဒီစ် (Ladies) ဟု ရေးသားထားသည်။

ထိုမျှမကသေး ကလုပ်ရုမ်း (Cloak Room) နှင့် ဝပ်စ်ရှ်ရုမ်း (Wash Room) ဟူ၍လည်း ရေးတတ်ပြန်သေးသည်။ လက်ဗက်ထရီ (Lavatory) နှင့် လက်ထရင်း (Latrine) ဆိုသော အခေါ်အဝေါ်ကား မြို့ပြင် ဆင်ခြေဖုံး ရပ်ကွက်နှင့် တောရွာများ၌ အသုံးများသည်။ သူ့အထာကိုမသိသဖြင့် အီအီး ပါချင်၍ အိမ်သာအနားမှာရှိသော်လည်း အခေါ်အဝေါ် ဆန်းနေ၍ အောင့်နေရဖူးသည်။ မတတ်သာ၍မေးတော့မှ (Public Convenience) တို့ (Wash

Room)၊(Cloak Room)တို့မှာ အိမ်သာများဖြစ်ကြောင်း သိရတော့သည်။ (Wash Room)ဆိုသည်မှာ မျက်နှာသစ်၊ လက်ဆေးသန့်စင်နိုင်သော အခန်းများပါရှိသည်။ (Cloak Room)ဆိုသည်မှာ မိမိ၏ထီး၊ မိုးကာ၊ နှင်းကာ၊ အနွေးထည်ဝတ်ရုံများ အပ်နှံနိုင်သော ဌာနများပါရှိသည်။ တွိုင်းလက် (Toilet)ဟုလည်း ရေးထားတတ်သေးသည်။ ပြင်သစ်စကားအရ တွိုင်းလက်ဆိုသည်မှာ ခန္ဓာကိုယ်၏ အညစ်အကြေးသန့်စင်ခြင်းနှင့် အမွေးနုံသာခြယ်သခြင်းသဘောကို ဆိုလိုသည်။ အိမ်သာအတွင်း ဆပ်ပြာမွှေး၊ ခေါင်းလိမ်းဆီ၊ ဘီး၊ မှန်၊ မျက်နှာသုတ်ပဝါ၊ ဖိနပ်တိုက်ဆေးနှင့် ဘရွတ်တံများ ပါရှိတတ်သည်။

တစ်ခါက ဘိလပ်သို့ရောက်စ မြန်မာကုန်သည်ကြီးတစ်ဦးသည် မြန်မာသံရုံးက ကျင်းပသော လွတ်လပ်ရေးနေ့ ညစာစားပွဲသို့ တက်လာပါသည်။ အင်္ဂလိပ်စကား အတော်အသင့်သာ ပြောတတ်သူဖြစ်ပြီး လန်ဒန်ရောက်ကတည်းက အိမ်သာကို 'ဂျင်းတဲလ်မင်း' ဟု ရေးထားသည်ကိုသာ တွေ့ကြရ၍ အိမ်သာကို အင်္ဂလိပ်လို ဂျင်းတဲလ်မင်းဟု ခေါ်သည်ဟု ပုံသေမှတ်ထားဟန်တူပါသည်။ ထမင်းစားပွဲစ၍ ဟင်းချိုခွက်သောက်ပြီးနောက် သူသည် အပေါ့သွားချင်လာဟန်တူပါသည်။ စောစောက ဘီယာများများသောက်ထားသည့်အပြင် ရာသီဥတု အလွန်အေးသဖြင့် သူ့ခမျာ မအောင့်နိုင်တော့ဘဲ သူ့အနားသို့ ငါးဟင်းလာချသော စားပွဲထိုး အင်္ဂလိပ်အား–

"ဝဲယား အစ်စ် ဂျင်းတဲလ်မင်း"

(Where is gentleman?)ဟု မေးရာ၊ စားပွဲထိုးသည် နားမလည်ရှာ။

"ဘယ်လိုလူကြီးလူကောင်းကို မေးပါသလဲ။ ကျွန်တော့်ကို နာမည်ပြောပြပါ။ ကျွန်တော် သွားခေါ်ပေးပါမည်" ဟု စားပွဲထိုးက ပြောပါသည်။ ကုန်သည်ကြီးလည်း ထပ်တလဲလဲ 'ဝဲယား အစ်စ် ဂျင်းတဲလ်မင်း'ဟု မေးရင်း ဒေါပွလာပြီး သူ့ဗိုက်ကို နှိပ်ပြနေပါသည်။ မလှမ်းမကမ်းမှ စာရေးသူက သူတို့ဖြစ်အင်ကို ကြားမိမြင်မိ၍ သဘောပေါက်မိသဖြင့် ကုန်သည်ကြီး ဦး... ထံသွား၍ အိမ်သာသို့ ခေါ်သွားရပါသည်။ စားပွဲထိုးကလေးက လိုက်ကြည့်၍ သဘောပေါက်သွားသဖြင့် စာရေးသူနှင့် ကုန်သည်ကြီးထံလာကာ သူသဘောမပေါက်မိသဖြင့် အကူအညီ မပေးနိုင်ဖြစ်ရကြောင်း တောင်းပန်ရှာပါသည်။

❐

ဒါ လူစာမဟုတ်ဘူး၊ ကြောင်စာဗျ

လန်ဒန်သည် ကမ္ဘာအကြီးဆုံး မြို့ကြီးတစ်မြို့ ဖြစ်သည်။ ဗြိတိသျှတို့ ဘုန်းမီးနေလ တောက်ပစဉ်ကဆိုလျှင် အင်ပါယာကြီး၏ အချက်အချာဗဟိုကြီးဖြစ်သည်။ စစ်ပြီးခေတ် ကိုလိုနီများကို လွတ်လပ်ရေးပေးလိုက်ပြန်သောအခါ လန်ဒန်သည် ဗြိတိသျှလူမျိုးတို့၏ မြို့တော်ကြီး ဖြစ်ရုံသာမက၊ ကော်စမိုပိုလစ်တန် (Cosmopolitan) ကမ္ဘာနေပြည်တော်ကြီး ဖြစ်လာသည်။ ကမ္ဘာအရပ်ရပ်မှ နိုင်ငံတကာတို့၏သံရုံးများ၊ ကျောင်းသားများ၊ ဝန်ထမ်းများ၊ စီးပွားရေး၊ နိုင်ငံရေးသမားများ၊ အနုပညာသည်များ လာရောက်ကျက်စားနေထိုင်ရာ မြို့တော်ကြီး ဖြစ်သည်။ ထို့ကြောင့် လမ်းပေါ်လျှောက်သွားပါက မျက်နှာဖြူတွေချည်းသာမက အသားဝါ၊ အသားညို၊ အသားမည်းစသော အသားရောင်စုံ လူမျိုးတို့ကို တွေ့ရ၏။

ကမ္ဘာမြို့တော်ကြီး ဖြစ်လာသည်နှင့်အညီ ကမ္ဘာအရပ်ရပ်မှ ယဉ်ကျေးမှု၊ လူမှုရေးစရိုက်အကျင့်တို့လည်း ဝင်ရောက်လာသည်။ အစားအစာ၊ အဝတ်အစား၊ စကား၊ အနေအထိုင်၊ ဓလေ့ထုံးစံမျိုးစုံတို့ ပေါင်းစုလာသည်။ ပင်ရင်းအင်္ဂလိပ်တို့၏ယဉ်ကျေးမှုစရိုက်တို့က လာရောက်နေထိုင်ကြသောနိုင်ငံခြားသားတို့အပေါ် သြဇာညောင်းလာသလို၊ နိုင်ငံခြားသားတို့ ယူလာသော ယဉ်ကျေးမှုယဉ်ကျေးမှုစရိုက်တို့ကလည်း ဌာနေအင်္ဂလိပ်တို့အပေါ် သက်ရောက်လာပါသည်။ ဤသို့ အပြန်အလှန် ယဉ်ကျေးမှု သြဇာသက်ရောက်လာသည်ကို လန်ဒန်ကဲ့သို့သော မြို့ပြကြီးတိုင်းတွင် နေ့စဉ်ဘဝ၌ မြင်တွေ့ရသည်မှာ လူမှုရေးသိပ္ပံ သုတေသနအတွက် အထောက်အထားများ ဖြစ်ပါသည်။

စာရေးသူတို့သည် နေသားကျလာ၍လာရာ ညနေတိုင်းလိုလို မြန်မာထမင်း ချက်စားနေကြသည်။ ကျောင်းအပြန် အလှည့်ကျ ဈေးဝယ်ပြီး အလှည့်ကျ ချက်ကြသည်။

တစ်ညနေတွင် လေမျိုးရှစ်ဆယ် ကိုအဝှာ ယူလာသော စိမ်းစားငါးပိကို ပွဲထုတ်မည်ဟု ရည်ရွယ်ပြီး စာရေးသူက ဟင်းစီစဉ်ပါသည်။ အမဲနှပ်၊ ရုံးပတီသီးချဉ်ရည်၊ ငရုတ်သီးငါးပိထောင်း ချက်မည်။ သူ့မိတ်ဆွေ၊ ကိုယ့်မိတ်ဆွေ မြန်မာကျောင်းသားနှစ်ဦးလည်း ဖိတ်ကျွေးမည်ဟု စီစဉ်ပါသည်။ ထိုညနေသည် စနေဖြစ်၍ နောက်နေ့မှာ တနင်္ဂနွေရက်အားဖြစ်၏။

"ကိုလေမျိုးရှစ်ဆယ်ရေ၊ ခင်ဗျားကျောင်းကအပြန် အမဲသား တစ်ပေါင်ခွဲ၊ မဆလာတစ်ထုပ်၊ ရုံးပတီသီးနဲ့ ကြက်သွန်ဝယ်ခဲ့နော်။ တစ်ယောက်တစ်ဝက် ကျခံတာပေါ့။ ကျွန်တော် ဒီက ဟင်းအိုးပြင်ထားနှင့်မယ်။ မဆလာကို စပိုက်စ် (Spices)၊ ရုံးပတီသီးကိုတော့ လေးဒီစ်ဖင်းဂါး (Lady's Finger) ခေါ်တယ်။ ကုလားဆိုင်ဆိုရင် မဆလာကို နားလည်ပါတယ်"

"ကောင်းပြီ၊ ကျွန်တော့်ငါးပိနဲ့ မန်ကျည်းမှည့်လည်း ယခုမှပဲ စားဖြစ်တော့မယ်"

"လင်းလေဒီကြီး စနေနေ့ညနေ အပြင်ထွက်တုန်း၊ ငါးပိပွဲထုတ်ရမယ်။ သူရှိနေရင် နံသလေးဘာလေးနဲ့ ပွက်နေဦးမယ်။ ခင်ဗျား မြန်မာပြည်က ယူလာတဲ့ဆန်လည်း ပိုးထိုးနေပြီးလားမသိ"

စာရေးသူသည် ဆန်ဆေး၊ ထမင်းအိုးတည်ထားပြီး ဟင်းအိုးပြင်ပါသည်။ ငယ်စဉ်ကစပြီး ကြီးသည်အထိ မီးဖိုမဝင်ခဲ့ဘူးသော်လည်း ယခုချက်ရပေတော့မည်။ မျှင်ငါးပိကို ရေကျင်းထားသည်။ မန်ကျည်းမှည့်ကို ဆားနှင့် ရေဖျော်ထားသည်။ အားလုံးအသင့် ဖြစ်နေသော်လည်း လေမျိုးရှစ်ဆယ် ကိုအဝှာ ပေါ်မလာသေးပါ။

ကျောင်းပြန်နောက်ကျနေမလားဘဲ၊ ဒါမှမဟုတ် ဘာတွေဖြစ်နေပါလိမ့်၊ ရောက်သင့်သောအချိန်ထက်လွန်နေသောကြောင့် သို့လော သို့လော ဖြစ်လာရာ တံခါးခေါက်ပြီး ဝင်လာတော့မှ စိတ်အေးရသွားရသည်။

"ဆရာညွန့် ဟင်းအိုးပြင်ပြီးပလား။ အားလုံးဝယ်လို့ရခဲ့ပေမယ့် အမဲဆိုင်ကတော့ ရှာမတွေ့လို့ ပါမလာဘူး"

"အမဲဆိုင်၊ ငါးဆိုင်တွေဟာ ကျူ (Tube) မြွေအောက်ဘူတာရုံတိုင်းမှာ ရှိပါတယ်။ ဘာကြောင့် ရှာမတွေ့သလဲ"

"ကျွန်တော်တော့ ခေါက်တုံ့ခေါက်ပြန် ရှာတယ်။ ဆိုင်းဘုတ်တွေ လျှောက်ဖတ်ကြည့်ပါတယ်။ မတွေ့ပါဘူး"

"ခင်ဗျား မေးမကြည့်ဘူးလား"

"....."

စင်စစ် လေမျိုးရှစ်ဆယ် ကိုအဂ္ဂသည် မေးမကြည့်မှာ သေချာသည်။ သူသည် အင်္ဂလိပ်စကားပြောရမှာ အလွန်ရှက်နေသေးသည်။ မြန်မာအချင်းချင်း ပြောရာတွင် အင်္ဂလိပ်တစ်ဝက် မြန်မာတစ်ဝက်သာ ပြောသည်။ သူ့တွင် သိမ်ငယ်သောစိတ် (Inferiority Complex) ဝင်နေသည်။ ထို့ကြောင့် စာရေးသူ၏အမေးကို သူမဖြေဘဲနေသည်ကို ထပ်မမေးတော့ပါ။

"ဒါနဲ့ ကျွန်တော်လည်း ကုန်ပဒေသာဆိုင် (Woodworth) ဝင်ပြီး စည်သွတ်အသားဘူး ဝယ်ခဲ့တယ်။ ကြောင်တံဆိပ်ဗျ"

ရုံးပတီးသီးချဉ်ရည်အိုး မီးဖိုပေါ်တင်ပြီးနောက် သူဝယ်ခဲ့သော ကြောင်တံဆိပ် အသားဘူးကို မဆလာနိုင်နိုင် ကြော်လိုက်မည်ဟု စိတ်ကူးရင်း ဈေးလွယ်အိတ်ထဲမှ အသားဘူးကို ဆွဲထုတ်လိုက်သောအခါ...

"ဟော့ဗျ... လုပ်ပြန်ပြီ ခက်တော့တာပဲ။ ဟား...ဟား...ဟား... ဟား ကျုပ်တို့တော့ လူစင်စစ်က ကြောင်ဖြစ်ကုန်ပြီ"

"ဘာလဲ ဆရာလေးရဲ့

"ခင်ဗျား ကြောင်တံဆိပ်စည်သွပ်ဘူးက ကြောင့်ကျွေးဖို့ ကြောင်စာ စည်သွပ်ဘူးဗျ။ စာကို သေသေချာချာ ဖတ်မကြည့်ဘဲကိုး၊ ဒီမှာကြည့် ပူစီက လျှာတစ်လစ်နဲ့ စားပြနေတဲ့ပုံ။ (Nice lunch for your pet) ချစ်စနိုး တိရစ္ဆာန်အတွက် မြိန်ချင်စရာ နေ့လည်စာလို့ ရေးထားတယ်၊ ဟော...ဒီမှာ ကြည့်။ ခင်ဗျားစားချင်ရင် စားပေတော့၊ ကျွန်တော်တော့ သေချင်ပြီ"

"ဪ...ဟုတ်သားပဲ၊ ကျွန်တော်လည်း ဈေးသက်သာတယ်၊ တစ်သျှိ လင်ပဲဆိုပြီး မကြည့်ဘဲ ဝယ်ခဲ့တာ။ တိရစ္ဆာန်ကျွေးဖို့တောင် စည်သွတ်ဘူး တွေနဲ့ ရောင်းရတယ်နော်"

"နောက်တစ်ခါ ခွေးတံဆိပ်၊ ငှက်တံဆိပ်၊ လိပ်ပြာတံဆိပ်တွေနဲ့ စည်သွပ်ဘူးတွေလည်း ဝယ်မလာနဲ့ဦး၊ ကျွန်တော်နဲ့ခင်ဗျား၊ လူစင်စစ်က

တိရစ္ဆာန်ဘဝ အမျိုးမျိုး ပြောင်းသွားဦးမယ်၊ ကိုင်း...အခုအချိန်ရှိသေးတယ် အမဲဆိုင်သွားဝယ်ချေ"

"ရှာမတွေ့.ပါဘူးပြောနေလျက်နဲ့ ခိုင်းပြန်ပြီ"

"အမဲဆိုင်ကို ဘယ်လိုရှာသလဲ ပြောဦး"

"(Meat House. Meat Market) ဆိုင်းဘုတ်ရှာတာပေါ့"

"အဲဒါကြောင့် မတွေ့တာ၊ ခင်ဗျားတတ်တဲ့ အင်္ဂလိပ်စကားနဲ့တော့ မှန်တာပေါ့။ ဒီမှာ ဒီလိုမခေါ်ဘူးဗျ၊ ဘူးချား (Butcher) လို့ ခေါ်တယ်။ တချို့နေရာမှာတော့ ဆလောတားဟောက်စ်၊ ဆလောတားရားလို့ (Slaughter House. Slaughterer) ရေးထားတယ်"

"လူသတ်သမားလို့ အဓိပ္ပာယ်မရဘူးလား"

"ရတယ်လေ၊ ဒါပေမယ့် ကျွန်တော်တို့လည်း နွားသား မခေါ်ဘဲ အမဲသား၊ အမဲသည်လို့ ဘာလို့ခေါ်သလဲ။ ဒါက အသုံးစကားပေါ့။ ကဲ... ကြုံတုန်းတဆက်တည်း ပြောထားမှ၊ ခင်ဗျားက ဈေးဝယ်ပေးရတဲ့သူ။ ငါးဆိုင်ဆိုရင်း (Fish Monger)၊ သံထည်ပစ္စည်းရောင်းတဲ့ဆိုင်ဆိုရင် (Iron Monger)၊ ဒါပေမယ့် (Hardware) ကုန်မာဆိုင်လို့လဲ ခေါ်သေးတယ်။ ချိုချဉ်၊ ချောကလက်တို့ ရောင်းတဲ့ဆိုင်ကို (Grocery)၊ ဟင်းသီးဟင်းရွက်သစ်သီးဝလံ ရောင်းတဲ့ဆိုင်ကျတော့ (Green Grocer) တဲ့။ ကိတ်တို့၊ ပေါင်မုန့်တို့ ရောင်းတဲ့ဆိုင်ကို (Bakery) တဲ့။ တချို့ကလည်း (Pastry) တဲ့။ ခင်ဗျားက ဆံပင်ခဏခဏ ညှပ်တတ်လို့ ကျွန်တော့်တို့ဆီကလို (Hair Dressing) လို့ မရေးဘူးဗျာ။ (Barber Shop) ရေးတဲ့ဆိုင်ကိုသွား။ ခြေအိတ်တို့ လက်အိတ်တို့ ဝယ်ချင်ရင် (Hosiery) လို့ ရေးထားတဲ့ဆိုင်ကိုသွား။ ခင်ဗျားအိမ် အဝတ်စ ဝယ်ပေးချင်ရင် (Drapery) ဆိုင်မှာ မေးပေါ့"

ကိုလေမျိုးရှစ်ဆယ်သည် စာနှင့် ရေးမှတ်နေပါသည်။ ထိုညနေက ဘူးချားဆိုင်မှ ဝယ်လာရသဖြင့် အမဲနှပ်၊ ရုံးပတီသီးချဉ်ရည်၊ ငါးပိထောင်းနှင့် မြန်မာလေးယောက် စားရင်သောက်ရင်း အင်္ဂလိပ်၏ ဒေသန္တရစကား၊ ဘန်းစကားတွေ ဆွေးနွေးကြပါသည်။

❐

ကျွန်တော် ကြက်ထဲမှာပါ

ကိုလေမျိုးရှစ်ဆယ်လျက်ဆားသည် ဟင်းချက်ရန် ဈေးဝယ်သွားတိုင်း ပြဿနာကြုံခဲ့သည်။ ကုန်ခြောက်ဆိုင်မှ ကြော်ရန်ဆီအဝယ်ခိုင်းရာ မရခဲ့ပါ။ ဆိုင်ရှင်က လက်ခါပြသည်ဟု ဆိုပါသည်။ နောက်မှသိရသည်မှာ သူပြောသော (Cooking Oil)ကို "အဝိုင်းလ်" ဟူ၍ အသံနှစ်သံထွက်နေသဖြင့် ဆိုင်ရှင်နားမလည်ခြင်း ဖြစ်ကြောင်း သိရသည်။ သူတင်မဟုတ်ပါ။ ဂလပ်စ်ဂို စက်မှုကျောင်းတက်နေသော မြန်မာကျောင်းသားတစ်ဦး၊ ကားဟောင်းတစ်စီး ဝယ်စီးနေရာ လန်ဒန်လာလည်ရင်း စာရေးသူကို ပြောပြပုံမှာ...

"တစ်လမ်းလုံး ဓာတ်ဆီဆိုင်တွေ အဝိုင်းလ်လို့ပြောတာ နားမလည်ကြဘူး။ "ပတ်ထရိုး"လို့ "ဂတ်စ်"လို့ ပြောမှ သိကြတယ်။ ဒီစကားမသုံးကြဘူးထင်တယ်"

စင်စစ် အွိုင်းလ်ဟု တစ်လုံးတည်း အသံမထွက်နိုင်၍ နားမလည်ခြင်းသာ ဖြစ်ပါသည်။ ကျင့်ယူလျှင်ရပါသည်။

အာရှတိုက်သားတို့၏ လျှာနှင့်လည်ချောင်း တည်ဆောက်ပုံအရ၊ အင်္ဂလိပ်စကားတချို့ အသံထွက်ရခြင်းကို လန်ဒန်တွင် မကြာခဏတွေ့ကြုံခဲ့ရပါသည်။ ဆောက်သ်ကန်ဆင်တန် (South Kensington)မြေအောက်ဘူတာရုံ အဝင်ဝတွင် ရိုက်စ်ဘိုးလ် (Rice Bowl)ခေါ် တရုတ်ထမင်းဆိုင်ရှိပါသည်။ ဈေးချိုပြီး မြန်မာကြိုက် ထမင်းကြော်၊ ထမင်းပေါင်း၊ ခေါက်ဆွဲ၊ မြူစွမ်များရသည်။ ဘိလပ်သို့ကျောင်းလာနေရင်း စာမသင်တော့ဘဲ ထမင်းဆိုင်ဖွင့်ပြီး ကြီးပွားနေသော ဂျင်မီချူး တရုတ်ပိုင်သည်။

ချူးသည် လန်ဒန်ရောက်နေသည်မှာ နှစ်ပေါင်းနှစ်ဆယ်ရှိပြီ။ အင်္ဂလိပ် စကား အလွန်သွက်သည်။ သို့သော် "အာရ်" အက္ခရာပါသော စကားလုံးကို "အယ်လ်"နှင့်သာ အသံထွက်နိုင်ရှာသည်။ ဆိုင်ပိုင်ရှင်ဖြစ်သော်လည်း မိတ်ဆွေများလာစားလျှင် သူကိုယ်တိုင် စားပွဲထိုးသည်။ စာရေးသူနှင့် ကိုလေမျိုးရှစ်ဆယ်တို့ သွားစားလေ့ရှိသည်။ သောကြာနေ့ကျောင်း နေ့တစ်ဝက် အားတိုင်း ရောက်သွားတတ်ကြ၏။ သူက ဆီးနှုတ်ဆက်ပုံမှာ...

အိုး မိုင်ဘားမိစ်ဖလင်းစ် (Fliends) ဂွတ်အင်းဘနင်း၊ တူဒေးအက်စ်စ် ဖလိုင်းဒေး (Flyday) ဆိုးယူတူး၊ ကမ်းတူမိုင်ရော့ပ် တူတိတ်စ်ဖလိုင်း လိုက်စ် (Fly lice)

Friends ကို Fliends-Friday သောကြာနေ့ကို Flyday ယင်ကောင်နေ့။ Fried rice ထမင်းကြော်ကို Fly rice 'ယင်ကောင်နှင့် သန်ကောင်များဟင်း' ဖြစ်ကုန်ပါသည်။ သို့ပေမယ့် သူ့ဆိုင်တွင် အာရှသားရော ဥရောပသားများပါ လာကြသည်။ အချို့က ချူး၏ "အာရ်" အက္ခရာကို "အယ်လ်" အက္ခရာအသံနှင့်ပြောသံကို ကြားချင်၍ လာစားကြသည်ဟုလည်း ပြောကြ၏။

သူ့ထက်ပိုဆိုသော အာရှသားတစ်ဦးကို ကြုံပြန်ပါသည်။ ခရစ်စမတ်ပါတီတစ်ခုတွင် မဒရစ်စီကုလားလင်မယားနှင့် တွေ့ပါသည်။ မိမိကိုယ်မိမိ အလှည့်ကျ မိတ်ဆက်ပေးကြရသောအခါ မဒရပ်စ်ကုလားက ခေတ်ပညာတတ်ပီပီ အဆင့်မြင့်မြင့် အင်္ဂလိပ်စကားနှင့် စပြောပါသည်။ သို့သော် သူသည် တီအိပ်ချ် T,H အက္ခရာ နှစ်ခုနှင့်တွဲသော အသံကို 'သ' အသံမထွက်နိုင်ဘဲ 'ဒ' အသံနှင့်သာ ထွက်ပြောပါသည်။ That 'သက်' ဆိုလျှင် Dat 'ဒက်'၊ They 'သေ' ဆိုလျှင် Day 'ဒေး'၊ ဤသို့နှင့် သူ့ဇနီးအသက်မှာ သုံးဆယ်သာရှိသေးသည်။ သူကား သုံးဆယ်နှစ်နှစ် ရှိပြီဟု ပြောလိုက်သော အခါ အားလုံးက ဝါးခနဲ ရယ်လိုက်မိကြပါသည်။

My wife is only Dirty (Thirty) and I'm now dirty too (Thirty two)

"ကျွန်တော့်ဇနီး ညစ်ပတ်လာပြီး၊ ယခု ကျွန်တော်လည်း ညစ်ပတ်လာပြီ" ဟု အဓိပ္ပာယ်ထွက်သွား၍ ရယ်ကြခြင်း ဖြစ်၏။

နှင်းတွေဖွေးနေအောင်ကျနေသော ညတစ်ည၌ စာရေးသူသည် သိမ်းမြစ်တစ်လျှောက် လျှောက်လာရင်း ဘတ်စကားမှတ်တိုင်သို့ လာနေစဉ် မလေး

လူမျိုးတစ်ဦးနှင့် လန်ဒန်ရဲသားတစ်ဦးတို့ အချင်းချင်းနားလည်ရန် ကြိုးစားနေကြသည်။ မလေးလူမျိုးပါးစပ်မှလည်း–

"Tub Tub Tub(တပ်တပ်တပ်)" ဟု မြည်နေသည်။ အခြားအင်္ဂလိပ်စကားလည်း မပြောပါ။ ပြင်သစ်လိုလို ဒတ်ချ်လိုလို ညှပ်ပြောသည်ကိုလည်း နားမလည်နိုင်ပါ။ စာရေးသူကိုမြင်သော ရဲသားက လှမ်းအကူအညီတောင်းပါသည်။

"ကျေးဇူးပြု၍ ကူစမ်းပါ။ ဒီလူဟာ ခင်ဗျားတို့လိုလူမျိုးလား"

မြန်မာစကားနှင့် မေးကြည့်၍ မဟုတ်မှန်းသိတော့မှ မြန်မာအိမ်နီးချင်းနိုင်ငံအားလုံးကို ရွတ်ပြရာ မာလာယုဆိုတော့မှ "ခေါင်းညိတ်သည်။ ရဲသားက

"သူက Tub ရေစည်ကိုမေးလို့ ဟိုအဝေးကြီးကပဲ လမ်းလျှောက်ခေါ်လာပြီး ဒီဆိုင်ထဲက ရေစည်တွေကို လက်ညှိုးထိုးပြတယ်။ ဆိုင်ဖွင့်ချိန်ဆိုင်းဘုတ်လည်း ပြပြီးပြီ၊ မဟုတ်သေးဘူးတဲ့။ ဘာလိုချင်တယ် မသိဘူး။ ခင်ဗျား ကူနိုင်ရင် ကူလိုက်ပါ။

စာရေးသူသည် စဉ်းစားဆင်ခြင်ကြည့်မိသည်။ ဤလိုအချိန်မျိုး နှင်းကျချမ်းနေတာ ဘာကြောင့် ရေစည်လိုချင်ပါလိမ့်။ မဟုတ်နိုင်တာဘဲ။ သူအသံထွက်များ မှားနေသလား။ Tub နှင့် နီးစပ်သောစကားလုံးများ ကာလံ၊ဒေသံ နှင့် လိုက်ရှာကြည့်မိသည်။ ညည့်နက်နေပြီ။ သူ့အိမ်ပြန်မည် ထင်သည်။ အနီးဆုံးမြေအောက်ဘူတာရုံကိုများ မေးနေသလား။ လန်ဒန်တွင် မြေအောက်မီးရထားကို Tube ကျွာ်ဟု ခေါ်သည်။ သူမှတ်ထားသော်လည်း အသံထွက်မှားနေမည်ဟု ထင်သည်။ ထို့ကြောင့် စာရေးသူက "မတ်ထရိ" မတ်ထရိ"ဟု ရွတ်ပြီး မီးရထားခုတ်သံလုပ်ပြတော့မှ ခေါင်းညိတ်ပြီး ပြုံးပြပါသည်။ စာရေးသူက 'ကျွာ်' ရွတ်လိုက်တော့ သူကလည်း လိုက်ရွတ်ပါသည်။ ကံအားလျော်စွာ မြေအောက်ဘူတာဆင်းသော ဥမင်အဝသည် လမ်းတစ်ဖက် တွင်ရှိ၍ ညွှန်ပြလိုက်ရပါသည်။ ရဲသားက–

"ခင်ဗျား ဆင်ခြင်စဉ်းစားမှု တော်တယ်ဗျာ၊ ကျုပ်တို့နှစ်ယောက် နာရီဝက်လောက်ကြာပြီ" ဟု ချီးကျူးသွားသည်။

ကိုလေမျိုးရှစ်ဆယ်ကလည်း လင်းလေဒီအဘွားကြီးနှင့် မကြာခဏ ဘူးလုံး နားမထွင်း ဖြစ်ရ၍ ရှင်းရ၊ ရယ်ရသည်လည်း ရှိသည်။ သံတူကြောင်း

ကွဲ စကားလုံးများ၊ မြန်မာလိုတွေးပြီး အင်္ဂလိပ်အဓိပ္ပာယ် တိုက်ရိုက်ပြန်ပြော မှုများ၊ မိမိမနိုင်သေးသော စကားကြီးစကားကျယ်ကို အမှုမဲ့ အမှတ်မဲ့ သုံး ခြင်းများကြောင့် ခွကျရသည်။ ကိုလေမျိုးရှစ်ဆယ်သည် Chicken ချစ်ကင်း ကြက်နှင့် Kitchen ကစ်ချင်း မီးဖိုဆောင်ကို မှားသုံးပါသည်။ အဘွားကြီးက 'မင်း' ဘာဟင်းချက်နေသလဲ' ဟုမေးလျှင် သူက...

"Kitchen ကစ်ချင်း (မီးဖိုဆောင်) ဟင်း ချက်နေတယ်" ဟု လည်း ကောင်း လှမ်းခေါ်လိုက်၍ သူမီးဖိုထဲမှာ ရောက်နေကြောင်းဖြေသည့်အခါ...

"I'm in the Chicken ကျွန်တော် ကြက်ထဲမှာပါ" ဟုလည်းကောင်း ပြောတတ်ပါသည်။ လန်ဒန်တွင် နှစ်ထပ်ဘတ်စ်ကားများကို Double Decker ဟု ခေါ်သည်။ ကိုလေမျိုးရှစ်ဆယ်က အပေါ်ထပ်က စီးလေ့ရှိသည်။ လူကြပ်ချိန်မှာပင် အပေါ်ထပ် အရတက်ချင်သည်။ ဘတ်စ်ကားသမားက သူ့ကို အောက်ထပ်နေရာပေးသော်လည်း သူက I want to go upper storey ဟု ပြောရာဘတ်စ်ကားသမားက–

"This is a bus sir. not a building" ဟု ပြန်ပြောလိုက်၏။ စင်စစ် ကိုလေမျိုးရှစ်ဆယ်သည် 'အပေါ်ထပ်' ဟု မြန်မာစကားကို သူသိသော အင်္ဂလိပ်စကားနှင့် upper storey ဟု ပြောလိုက်ခြင်း ဖြစ်၏။ Deck ဟု သုံးမှသာ သူ့နေရာနှင့်သူမှန်၏။

တစ်နေရာတွင် သူနှင့်အတူလမ်းလျှောက်ရာ သူ့ဖိနပ်ကြိုး ပြတ်သွား သဖြင့် နီးစပ်ရာဖိနပ်ဆိုင်ဝင်ပြီး ဖိနပ်ကြိုးမေးပါသည်။ သူမေးလိုက်ပုံမှာ...

"I want rope for my shoes"

"ဟေ့လူ ဘယ်လိုမေးလိုက်တာလဲ"

"ဖိနပ်ကြိုးလေ Rope ပေါ့၊ မှားပြန်ပလား"

"အင်း... မှားလည်း မမှားဘူး၊ မှန်လည်း မမှန်ဘူး"

"ကျွန်တော်က ရှူးချင်းတာမကဘူး၊ သွက်သွက်ခါအောင် နှမ်းချင် ပြီဗျ" ဤသို့ပြောနေစဉ် ဆိုင်ရှင်က...

"Sorry sir, we don't sell rope here. You better go to the strand where they sell ropes for boats.

"ဝမ်းနည်းပါတယ်၊ ဒီမှာ ကြိုးခွေမရောင်းဘူး၊ ကမ်းနားလမ်းဆိုင် တွေမှာ လှေသဗ္ဘန်ချည်ဖို့ ကြိုးခွေရောင်းတယ်"

"Sorry, he means shoe lace"

"ဝမ်းနည်းပါတယ်။ သူက ဖိနပ်ကြိုးကို ဆိုလိုချင်တာပါ"

"ဆရာညွှန့်. Lace ဆို ဇာတွေ ကျွန်တော်မလိုချင်ဘူး"

"မသိ အသာနေစမ်း။ ဖိနပ်ကြိုးကို Shoe lace လို့ ခေါ်တယ်။ ရေချမ်းချမ်း တစ်ခွက်ပေးပါလို့ ကြားရရင် ခင်ဗျား မရယ်ဘူးလား"

❐

တိတ်တခိုး ငါးပိကြော်

တစ်နေ့တွင် ကိုလေမျိုးရှစ်ဆယ်က မြန်မာပြည်ကပါလာသော ငါးပိ၊ ငံပြာရည်များ မစားဖြစ်၍ တစ်ခုခုလုပ်ရန် စာရေးသူကို ပြောလာပါသည်။

"ဆရာညွှန့် ကျွန်တော့် ငါးပိတွေ ငံပြာရည်တွေလည်း ဘယ်လိုဖြစ်နေတယ် မသိဘူး။ ခဲကုန်ရော့မယ်။ စားကြရင်မကောင်းဘူးလား"

"ငံပြာရည်ကတော့ ဟင်းချက်တိုင်း နည်းနည်းခတ်သွားရင် ကုန်မှာပါ။ ငါးပိကို ကြော်ဖို့ချက်ဖို့က ခက်တယ်။ အနံ့ထွက်လာရင် တစ်အိမ်လုံး ကန့်ကွက်မယ်ဗျ"

"တစ်ခါတည်း အပြီးကြော်ပစ်ချင်တယ်။ ငံပြာရည်ကလည်း ချက်ထားရဖို့ လိုတယ်"

"အင်းလေ၊ ဒါကြောင့် ပြောတာပေါ့၊ ကျွန်တော်တို့ မြန်မာပြည်မှာ ဆိုရင်တော့ ညောစိုးရိမ်ရင် မီးရထားဝင်းတို့၊ လမ်းဘေးတို့၊ ရေစပ်နားတို့ ထွက်သွားကြော်လိုက်ပြီးတာပဲ။ ဒီမှာ ဒီလို လုပ်လို့မရဘူးဗျ။ ရဲဆွဲသွားမယ်။ မနေ့က ညနေသတင်းစာမှာ မဖတ်မိဘူးလား။ ကပ္ပလီတစ်ယောက် အနားမှာ အိမ်သာရှာမတွေ့၊ အောင့်လည်း မအောင်နိုင်လို့ ဟိုက်ပတ်ဥယျာဉ်ထဲမှာ ချုံခိုပြီး ရှုံးရှုံးပေါက်တာ ရဲက အများပြည်သူအတွက် နေရာမှာ မဖွယ်မရာ ထုတ်ပြတယ်ဆိုတဲ့ ပုဒ်မနဲ့ ဆွဲသွားပြီး ဆယ်ပေါင် ဒဏ်ချလိုက်တယ်လေ"

"ဒုက္ခပါပဲလား ဆရာညွှန့်ရယ်၊ ဒီလိုဆိုရင် ငါးပိကြော်လုပ်ဖို့ ဘယ်လွယ်တော့မလဲ"

ယင်းသို့ပြောပြီး တစ်ပတ်လောက်ကြာသောအခါ မြေအောက်ဘူတာမှအထွက် မြန်မာစကားနှင့် လှမ်းမေးသော အဒေါ်ကြီးတစ်ယောက်နှင့် တွေ့ရပါသည်။

"မြန်မာပြည်က လူငယ်ကလေးထင်တယ်။ မင်းရှမ်းလွယ်အိတ်က ဆန်းလိုက်တာ။ အန်တီတို့ခေတ်ကလို ရိုးရိုးအဆင် မဟုတ်တော့ဘူး"

အသက်ခြောက်ဆယ်ကျော် အင်္ဂလိပ်မြန်မာ ကပြားကြီး ဖြစ်သည်။ မစွစ်မာတီနီ သို့မဟုတ် ဒေါ်သင်းကြူဟု ခေါ်သည်။ သူ့ယောကျ်ားက မြန်မာပြည် ဘီအိုစီတွင် နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့သော ဓာတုဗေဒ ပညာရှင်ဖြစ်၏။ စစ်ကြီးခေတ် သင်းကြူကြူပေါင်ဒါခေတ်ထစဉ်က အမည်ကို ယူပြီး သင်းကြူဟု မှည့်ထားကြောင်း ပြောပြပါသည်။ ဒေါ်သင်းကြူသည် ယခု ယောကျ်ားရော သားသမီးပါ ဆုံးသွားကြပြီဖြစ်၍ ဘီလပ်တွင် တစ်ဦးတည်းနေသည်။ မြန်မာတွေတွေ့တိုင်း လိုက်နှုတ်ဆက် ဖိတ်ခေါ်ပြီး မြန်မာအစားအစာ ချက်ကျွေးနေသည်။ ဘီလပ်ပြန်သွားကြသော ကပြားများလည်း သူ့အိမ်တွင် စုဝေးကာ မြန်မာပြည်အလွမ်းပြေ ချက်ပြုတ်စားလေ့ရှိကြောင်း ပြောပြ၏။ စကားစပ်မိ၍ စာရေးသူက ကိုလေမျိုးရှစ်ဆယ်၏ ငါးပိ၊ ငံပြာရည် ပြဿနာကို ပြောမိသောအခါ...

"အို... ဒါက လွယ်ပါတယ်။ ငံပြာရည်ကို အဒေါ်ဆီယူခဲ့ ချက်ပေးမယ်။ ငါးပိကိုတော့ မင်းတို့အိမ်မှာ လူတွေမရှိ၊ လင်းလေဒီလစ်တုန်း တဲခါးတွေဖွင့်ကြော်ကြပေါ့"

အဒေါ်ကြီးသည် တစ်ချိန်လုံး မြန်မာလိုပြောသည်။ စာရေးသူက တစ်ချိန်လုံး အင်္ဂလိပ်လိုပြောနေသည်။ သူနှင့် မိတ်ဆွေဖြစ်ပြီး သူ့အိမ် ငံပြာရည် သွားချက်ရာ မစွစ်မာတီနီသည် မြန်မာအဒေါ်ကြီးတစ်ယောက်ကဲ့သို့ ဝတ်ဆင်နေထိုင်ပြောဆိုသည်။ ငံပြာရည်ထဲသို့ ကောက်ရိုးစထည့်ပြီး ချက်ပြသည်။ သူ့ထံ လာကြသော အင်္ဂလိပ်မြန်မာ၊ အင်္ဂလိပ်ကုလား၊ အင်္ဂလိပ်တရုတ်ကပြား အားလုံးတို့သည်လည်း အလွန်မြန်မာဆန်နေကြသည်ကို တအံ့တသြ တွေ့ရသည်။

ကိုလိုနီခေတ်က မြန်မာပြည်တွင် ကပြားများသည် အလွန်ဘိုဆန်ကြသည်။ သူတို့သည် အုပ်ချုပ်သူလူတန်းစားဖြစ်သော အင်္ဂလိပ်တို့နှင့် အနီးစပ်

ဆုံးဖြစ်ရန် နေထိုင်ပြောဆိုကျင့်ကြံခဲ့၏။ ယခု လွတ်လပ်ရေးရပြီးခေတ် ဘိလပ်ရောက်နေကြသော အင်္ဂလိပ်လောကတွင် အင်္ဂလိပ်နှင့်တူအောင်နေ၍ မဖြစ်တော့ချေ။ ကပြားအဖြစ်နှင့်လည်း နေရာမပေးကြ။ ထို့ကြောင့် မြန်မာအသွင်ကို လုံးဝပြောင်းကြရလေသည်။ ဇာတိနိုင်ငံ ဇာတိမျိုးရိုး၏ ဥပမိအသွင် (National Identity) ကို ဖော်ထုတ်ကြရလေသည်။ ယင်းပြင် မိမိမွေးဖွားကြီးပြင်းခဲ့ရသော မြန်မာပြည်ကိုလည်း အနေဝေးသောအခါ ပို၍ သတိရလွမ်းဆွတ်ကြလေသည်။

မစ္စစ်မာတီနီက ငံပြာရည်အများဆုံး သုံးနိုင်ရန် မုန့်ဟင်းခါးချက်ဖို့ စီစဉ်ပါသည်။ တနင်္ဂနွေတစ်နေ့စောစောတွင် သူ့အိမ်၌ ကပြားခြောက်ယောက်၊ စာရေးသူနှင့် ကိုလေမျိုးရှစ်ဆယ်တို့ ဆုံကြ၏။ မုန့်ဟင်းခါး မုန့်ဖတ်အတွက် အစ်တာလျံကုန်စုံဆိုင်မှ မာကရော်နီနှင့် ဗာမစ်စလီခေါ် ကြာဆံကြီး၊ ကြာဆံကလေး အထုပ်များ ဝယ်ရသည်။ ငါးဆိုင်မှ ငါးတစ်မျိုးကို မစ္စစ်မာတီနီကိုယ်တိုင် ရွေးဝယ်ခဲ့ပြီး ကုလားဆိုင်မှ ချင်း၊ နံနံပင်၊ စပါးလင်၊ ကြက်သွန်၊ ငရုတ်များဝယ်ကာ ကျကျနန ပြင်ဆင်ပါသည်။ ကပြားမကြီးသည် မြန်မာအဒေါ်ကြီးတစ်ယောက် မီးဖိုချောင်ဝင်ချက်နေသည့်အလား ပယ်ပယ်နယ်နယ် ထိုင်ကာ ဟင်းအိုးပြင်ပါသည်။ ကျန်သော ကပြားများကလည်း ချင်းငရုတ်ထောင်းသူကထောင်း၊ နံနံလှီးသူကလှီး၊ မီးသွေး ထည့်သူကထည့်နှင့် မြန်မာအလှူအိမ်နှင့် တူနေလေပြီ။ ထိုအတောအတွင်း မစ္စစ်မာတီနီသည် သူတို့ခေတ်က မြန်မာသီချင်းတစ်ပိုင်းတစ်စကို ဆိုပြလိုက်သေးသည်။

"ဇာခြင်ထောင် မီးလောင်ပေါက်ကယ်၊ မလာချင်ပေါင်၊ ညီးမောင်ကြောက်တယ်၊ ဘယ်သူက ဆိုတယ်၊ သူကဆိုတယ်။ တူတူရေဝါး၊ ဟမ်းမား၊ ဟမ်းမား (Hammer, Hammer) ဝါတား (Water) ဘင်ဘူး (Bamboo) ဟိုက်စကူး ဖိုင်နယ်ပတ်စ်"

"အဲဒါ ခွေးတဲ့ဆိပ် ဓာတ်ပြား၊ မကြည်အောင်သီချင်းကွယ်၊ သိပ်နာမည်ကျော်တာ"

"ကောင်းတယ် အန်တီ၊ သီချင်းကလည်း ကောင်း၊ မုန့်ဟင်းခါးကလည်းမွေးနေပြီ။ တစ်ခုလိုနေတယ် ငှက်ပျောဖတ်လေ"

"အို... ဟုတ်သားပဲ၊ ယခု ကိုးနာရီပဲ ရှိသေးတယ်။ မင်းနဲ့ အဖော်

တစ်ယောက် ကျူးဂါဒင်း (Kew Garden) သွားပြီး ငှက်ပျောပင်စည် တောင်းပါလား၊ ယခု နွေရာသီဆိုတော့ သူတို့ခြံရှင်းနေတယ်၊ အတော်ပဲ မင်းရောက်ပူးလား"

"ရောက်ဖူးတယ် အန်တီ၊ ငှက်ပျောပင် ၊ အုန်းပင်တွေစိုက်ထားတဲ့ မှန်အိမ်ကြီးတွေထဲတောင် ဝင်ဖူးသေးတယ်"

စာရေးသူနှင့် ကိုလေမျိုးရှစ်ဆယ်သည် ဘတ်စ်ကားနှင့် သွားကြ၏။ တစ်နာရီကျော်ကြာသည်။ ကံအားလျော်စွာ ဥယျာဉ်မှူးသည် အပူပိုင်းဒေသ အပင်များ စိုက်ထားသော မှန်အိမ်ကြီးများ၌ ရှင်းနေသည်ကို တွေ့ရ၏။ မိတ်ဆက်စကားစပြောပြီး ယူလာသော ဘင်္ဂလားဆေးလိပ်တစ်လိပ်ကို ပေးလိုက်ပါသည်။

"ကျွန်တော့်ကို ဟောဟိုငှက်ပျောပင်စည် နည်းနည်းလောက်ပေးစမ်းပါဗျာ"

"နည်းနည်းမဟုတ်ဘူး၊ အမှိုက်ရှင်းထားတာတွေ မင်း အားလုံးယူသွားရင် ငါကမင်းကို ကျေးဇူးတင်တယ်။ မင်းအိမ်မှာ ဆင်မွေးထားသလား"

"မဟုတ်ပါဘူး၊ ကျွန်တော် သုံးပေလောက်သာယူချင်တယ်။ အပေါ်ခွံ' တွေလည်း ခွာလိုက်မယ်"

"မင်းတို့ ဆော့မလို့လား"

"မဟုတ်ဘူး ဟင်းချက်မလို့"

"အိုး... မိုင်ဂေါ် ဆင်သာစားတာမဟုတ်ဘူး မင်းတို့လည်း စားသကိုး"

"ခင်ဗျားက ငှက်ပျောပင်ရဲ့ အသုံးချနည်းမှ မသိတာ၊ စားရတယ်ဗျ"

စာရေးသူတို့သည် ငှက်ပျောပင်စည်သုံးပေနှင့် ပြန်လာကြပါသည်။ ထိုနေ့က တစ်နေ့လုံး ငှက်ပျောဖတ်ပါ မုန့်ဟင်းခါးကို စာရေးသူနှင့် ကပြား တစ်စု ဝဝကြီးစားပြီး မြန်မာစကားနှင့် မြန်မာသီချင်းကို ဝဝကြီး ပြောကြသီဆိုကြ၏။

နှစ်ရက်လောက်ကြာသောအခါ ငါးပိကြော်စီမံကိန်းကို အကောင်အထည် ဖော်ကြပါသည်။ လူရှင်းပြီး အိမ်ရှင်အဘွားကြီး 'ဘရိုင်တင်' သို့ တစ်နေကုန်သွားနေစဉ် စာရေးသူနှင့် ကိုလေမျိုးရှစ်ဆယ်တို့သည် ငါးပိ အားလုံးကို ငရုတ်ကြက်သွန် ဆီနိုင်နိုင်နှင့်ကြော်ပြီးဖန်ဘူးများတွင် ထည့်ကြ၏။

တဲခါးတွေဖွင့်၊ လေသန့်ဆေးတွေ ဖျန်းသော်လည်း အနံ့မပျောက်ဘဲရှိရာ နှစ်ယောက်စလုံး အပြင်ထွက်ရှောင်နေကြပါသည်။ ည ၉ နာရီခွဲမှ ပြန်လာကြပြီး တဲခါးဖွင့်လိုက်သည်နှင့်...

"အို... ဘာနံ့ကြီးပါလိမ့်၊ အမယ်လေး အန်ချင်လိုက်တာ ဘာဖြစ်ကုန်သလဲ"

ကျွန်တော်ကပင် ဦးစွာဟန်ဆောင်ပြီး ရွတ်ဆိုလိုက်ပါသည်။

လင်းလေဒီ ထွက်လာပြီး...

"မင်းတို့လည်း မရှိကြဘဲကိုး၊ တစ်အိမ်လုံး ခွေးချေး၊ ကြောင်ချေးနံ့တွေ မွန်းနေပြီ၊ ဒါ မီးသွေးသမားအပြစ်ပေါ့။ သူယူလာတဲ့ မီးသွေးအိတ်ထဲမှာ ခွေးချေး၊ ကြောင်ချေးတွေ ပါလာတာပေါ့။ အောက်ကမီးဖိုက ဒီအနံ့တွေ တစ်အိမ်လုံး ဖုံးနေတာပဲ၊ ငါ ယခု မီးသွေးဆိုင် ဖုန်းဆက်တိုင်ထားတယ်"

"မဟုတ်ဘူး အန်တီ၊ ငါးပုပ် ပုစွန်ပုပ်လို အနံ့လည်းပါတယ်"

စာရေးသူက ထပ်ပြီးပြောရော...

"အေးလေ ခွေးချေးနံ့သာမကဘူး၊ အောက်ခန်းက ဟိုဂျူးမကြီးကလည်း ငါးတို့ ပုစွန်တို့ ကြော်တတ်တယ်။ ဒီသတ္တဝါမကြီးက အပုပ်တွေစားတာ၊ သူ့လည်း သတိပေးရဦးမယ်"

စာရေးသူတို့ နှစ်ယောက်သည် အခန်းတဲခါးပိတ်ပြီး တခွိခွိ ရယ်မိကြ၏။

"ကိုလေမျိုးရှစ်ဆယ် အကြံပိုင်ပြီးလို့ ထင်မနေနဲ့။ ခင်ဗျား ငါးပိကြော်ဘူးတွေ လုံအောင် ပိတ်ထားဦးနော်"

❐

လျှာအတားဖြင့် ဘိုသံတုနေသော ဘူးရိ

ကိုလေမျိုးရှစ်ဆယ်သည် အင်္ဂလိပ်စာ အခက်အခဲကြောင့် လန်ဒန် တက္ကသိုလ်ကလက်မခံသဖြင့် အင်္ဂလိပ်စာပြန်သင်ပေးသော ပိုလီတက်ကနစ် ကျောင်းသို့ ရောက်သွားပါသည်။

ထိုကျောင်းတွင် သူသည် အင်္ဂလိပ်စကားပြောရော၊ အင်္ဂလိပ်သဒ္ဒါကိုပါ ပြန်သင်ယူရပါသည်။ အင်္ဂလိပ်မိသားစုနှင့် အတူနေပါက အင်္ဂလိပ်စာနှင့် စကား ပိုတတ်လာမည်ဟု သူ့အား အကြံပေးသူများရှိသဖြင့် သူသည် ပိုလီတက်စနစ် ကျောင်းနားရှိ အင်္ဂလိပ်မိသားစုအိမ်တွင် ထမင်းလခပေး၊ အခန်းခပေးပြီးနေရန် စာရေးသူနှင့် အတူနေသောအခန်းမှ ပြောင်းသွားခြင်း ဖြစ်ပါသည်။ စာရေးသူလည်း နှစ်ယောက်ခန်းအတွက် စရိတ်ကြီးသဖြင့် တစ်ယောက်ခန်း ဈေးသက်သာစွာရမည့် အားလ်စကုတ် စကွဲယားအရပ် (Earl's Court Square) သို့ ပြောင်းခဲ့ပါသည်။

တစ်နေ့သော နွေဦးပေါက်နေ့ခင်း၌ စာရေးသူပြောင်းလာခါစ ဖြစ်သော ချဲလ်ဆီးအရပ် (Chelsea) နေအိမ်သို့ တံခါးလာခေါက်ပါသည်။ အိမ်ရှင် မစ္စတာဘရိုး၏ခွေးမကြီး မစ္စစ်ဖီဘီသည် ထူးထူးဆန်းဆန်း မြင်လျှင် တဇွတ်ထိုး ဟောင်တတ်ပါသည် ယခုလည်း တံခါးခေါက်သံနှင့် အတူ တံခါးမှန်ဝဆီသို့ ခွေးမကြီးက အဆက်မပြတ် ဟောင်နေသည်။ စာရေးသူက ခွေးမကြီးကို ချော့ခေါ်ပြီး လှေကားတိုင်တွင်ချည်ကာ တံခါးဝဆီသို့ အလာ မြင်နေရသောမြင်ကွင်းကြောင့် တအံ့တသြ ဖြစ်သွား၏။

"ဟော... ကိုလေမျိုးရှစ်ဆယ် ဘယ်လိုပုံဖြစ်လာတာလဲ။ မစ္စစ်ဖီဘီက မဟောင်ဘဲရှိပါ့မလားဟင်၊ ခင်ဗျားပုံပန်းက အတော့်ကို ဆန်းနေတာပဲ"

ဆံပင်ရှည်ရှည်၊ အနီရောင် ကွမ်းရိုးစင်းရှပ်လက်ရှည်၊ လည်စည်းက ကွန်တီနင်တယ်ပုံ၊ ဘောင်းဘီရှည်က အသားကပ်ပြီး ကျပ်ကျပ်၊ ရှူးဖိနပ်က အဖြူနှင့် အညိုကြား ထိပ်ချွန်းချွန်း၊ နေကာမျက်မှန်မည်းမည်း၊ သားရေတုလက်ဆွဲအိတ်ကြီးကြီးနှင့် ပုံမကျပန်းမကျဖြစ်နေသော "ဘိုကြီး မိတ်အင် အင်ဂလန်'ကို မြင်ရသည်မှာ အတော်ပင် ကိုးရိုးကားရားနိုင်လှသည်။ ထို့ထက် ပိုပြီးခွကျလိုက်ပုံမှာ သူက အောက်စဖို့တက္ကသိုလ်ထွက် အင်္ဂလိပ်ပညာတတ် တစ်ဦး၏ဟန်ပန်လေသံ အသံထွက်နှင့် ကြိုးစားပမ်းစား အင်္ဂလိပ်လို ပြောနေခြင်းဖြစ်သည်။

"ဟဲလို... မစ္စတာညွန့်. ဟောင်းဒူးယူဒူး"

မြန်မာနှစ်ယောက် အင်္ဂလန်မှာ အင်္ဂလိပ်စကားပြောနေကြခြင်းမှာ မဆန်းသော်လည်း ဘိုသံကို ဇွတ်အတင်းလုပ်ပြီး ပြောနေခြင်းမှာ နားကလောစရာဖြစ်သည်။ သံရုံးအမှုထမ်း သားသမီးများသည် ငယ်စဉ်က ဘိလပ်တွင် ကျောင်းနေခဲ့သဖြင့် ဘိုသံကို ပီပီနှင့် လွယ်လွယ်ပြောနိုင်ကြသည်။ အသက်ကြီးမှ အင်္ဂလိပ်စာနှင့်စကားကို ပြန်သင်ယူရသူအဖို့ သဒ္ဒါနည်းမှန်မှန်၊ အသံထွက်မှန်မှန် ပြောတတ်လျှင် တော်ပြီ။ ယခု ဘိုအာလုပ်သံကြီး မပါပါအောင် လုပ်ပြောနေသည်မှာ ပြောသူအဖို့လည်း အတော်လျှာညောင်း၏။ နားထောင်ရသူအဖို့လည်း နားမချမ်းသာပါ။ နားလည်ဖို့လည်း ခက်ခဲသည်။

"ဟေ့လူ ဘယ်လိုဖြစ်လာတာလဲ။ အင်္ဂလိပ်စကား ပြောတတ်ဖို့နဲ့ ဘိုစိတ် ပေါက်လာတာနဲ့ ရောနေပြီထင်တယ်။ ကျွန်တော်တို့ဟာ မြန်မာလူမျိုး မြန်မာလျှာဗျ။ ပြီးတော့ ခင်ဗျားဆိုရင် အညာဘုန်းကြီးကျောင်းထွက်လေ။ ဒီတော့ အခုမှ ဘိုသံပေါက်အောင် လုပ်နေလို့မရဘူး ကိုရင်၊ မိမွေးတိုင်း ဖမွေးတိုင်းအသံနဲ့သာ ပြောပါ။ အင်္ဂလိပ်တွေရော အခြားနိုင်ငံသားတွေပါ နားလည်ပါတယ်။ ဒီအရွယ်ရောက်မှတော့ လျှာအရိုးရင့်နေပြီဗျ"

ကျွန်တော်တို့ ကောလိပ်မှာလေ ဂျာမန်၊ ဩစတြေးရီးယန်း၊ ပြင်သစ်၊ ချက်လူမျိုး ဆရာ၊ ဆရာမတွေရှိတယ်။ လက်ချာပေးရင် အင်္ဂလိပ်စကားကို သူတို့ပင်ကိုသံနဲ့ပြောတယ်။ နားလည်တာပဲ၊ ဆွေးနွေးပွဲတွေမှာလည်း ကျောင်း

သားတွေဟာ ကိုယ့်ပင်ကိုယ်သဲနဲ့ပဲ အင်္ဂလိပ်စကားပြောကြတယ်။ တစ်ခါက ဘုံဘောကုလားတစ်ယောက် သုတေသနစာတမ်းဖတ်ကာ ဘိုသဲမပေါက်ပေါက် အောင် အာလုပ်သံကြီးနဲ့ဖတ်နေတော့ ပါမောက္ခကြီးက မင်းရဲ့ မိရိုးဖလာ လျှာနဲ့သာ ဖတ်ပါ။ လျှာငှားနဲ့ မဖတ်နဲ့လို့ ပြောယူရတယ်”

“မသိပါဘူးဆရာလေးရယ်။ အင်္ဂလိပ်စကား အသံထွက်မှန်အောင် ဆိုပြီး လေ့ကျင့်ပြောနေတာ။ ဒါကြောင့်ထင်ပါရဲ့ ကျွန်တော်နေတဲ့ အင်္ဂလိပ် မိသားစု ကျွန်တော်စကားပြောရင် နှစ်ခါသုံးခါ ထပ်ထပ်မေးနေကြတာ”

“ဟုတ်တာပေါ့ဗျ၊ အသံထွက်ပုံ၊ ရွတ်ဆိုပုံမှန်ဆိုတာက Pronunciation အရေးကြီးတယ်။ ဘိုအာလုပ်သံက အရေးလည်းမကြီး လိုလည်း မလိုဘူး၊ အင်္ဂလိပ်တစ်ယောက် မြန်မာစကားတတ်ပေမယ့် မြန်မာသံမပေါက် နိုင်သလိုပေါ့၊ အင်္ဂလိပ် အာလုပ်သံကြီးမပါတာ ဘာအရေးလဲ၊ ဇွတ်လုပ်ပြော နေတာက ရှက်စရာကြီး။ အင်္ဂလန်မှာတောင် စကော့တလန်လူမျိုး၊ ဝေလ လူမျိုး၊ အိုင်ရစ်လူမျိုးတွေ အင်္ဂလိပ်စကားပြောရင် သူတို့ဘာလူမျိုးလဲဆိုတာ အသံကြားရုံနဲ့ ခင်ဗျားတပ်အပ်ပြောနိုင်ပြီ မဟုတ်လား။ အဲဒါ သူတို့ ပင်ကို လျှာနဲ့ ပြောကြလို့ပေါ့”

သူ သဘောပေါက်လာဟန်တူသည်။ သူ့အဝတ်အစားများသည် ထိုစဉ်က လန်ဒန်တွင် လမ်းသူရဲလူငယ်များ ဝတ်လေ့ရှိသော အဝတ်အစားများ ဖြစ်သည်။ ပင်ကိုက ဘိုဆန်ဆန် ခေတ်ဆန်ဆန်ဆိုပါက ပုံပန်းကျပေမည်။ ယခု အလွန်မြန်မာပီသလှသော အညာသားတစ်ယောက် ဇနီးချင်းညချင်း ခေတ်ဆန်အောင် ဝတ်လိုက်သဖြင့် အတော်ပုံမလာ ဖြစ်နေသည်။ ခေတ်လူငယ် လမ်းသူရဲအဝတ်အစား ဝတ်ထားသော်လည်း လမ်းလျှောက်ပုံမှအစ ကိုယ် လက်လှုပ်ရှားပုံ အားလုံးသည် မြန်မာဝတ်စုံဝတ်ထားသော အညာသား၏ပုံသာ ဖြစ်နေသဖြင့် ဂိုက်ဆိုက်မတည့်ပါ။ ထို့ကြောင့် ခွေးမကြီးက ဆီးဟောင်ခြင်း ဖြစ်ပါသည်။

“ခင်ဗျား ဝတ်စားထားပုံကလည်း စက်ဝိုင်းထဲကို လေးထောင့်ပုံ အတင်းရိုက်သွင်းထားသလိုပဲ။ လစ်ဗာပူးလ်မှာ အကောက်အရာရှိကို ခင်ဗျား က လေမျိုးရှစ်ဆယ်လျက်ဆားကို (Eight Kinds of wind) လို့ ဘာသာပြန် ပြောလိုက်တော့ အားလုံး ခွက်သွားသလိုပဲ။ ယခု ခင်ဗျားအဝတ်အစားနဲ့

ခင်ဗျားကိုယ်နဲ့ လားလားမှ မလိုက်၊ ဂိုက်မကျဘူး။ ဒါတွေဝတ်လို့ ခင်ဗျား အင်္ဂလိပ်စကား တတ်မလာဘူး"

"အို... နိုးနိုး ဒါတွေက ဘိုမ ဂဲလ်ဖရင်းထားပြီး အင်္ဂလိပ်စကား ပြော ကျင့်ဖို့ပါ။

"ရော... လုပ်ပြန်ပြီ၊ ခင်ဗျားဟာခင်ဗျား ပိုးထလာလို့ ဂဲလ်ဖရင်း ထားချင်ရင်ထား။ အင်္ဂလိပ်စာတတ်ဖို့နဲ့ မဆိုင်ဘူး။ ဂဲလ်ဖရင်းက ကျောင်းက ကျောင်းသူဆိုရင်တော်သေးရဲ့၊ ဘယ်က ကော်ကနီ (Cockney) နဲ့ သွားတိုးနေရင် ခင်ဗျားတတ်ပြီးသား အင်္ဂလိပ်စာတောင်မှ ကော်ကနီအင်္ဂလိပ်စကား ကြောင့် ခြောက်ပြားမတန် ဖြစ်သွားမယ်"

"ဟုတ်ပါတယ် ဆရာညွန့်၊ ဒါကြောင့် ကျွန်တော်လည်း အင်ဆိုက် ကလိပေးဒီယား ဘရစ်တားနီးကား (ဗြိတိသျှစွယ်စုံကျမ်းအတွဲကြီး) ကို ဝယ် ထားပြီး ဖတ်နေတယ်"

"ဗျာ... ဘာပြောတယ် အင်္ဂလိပ်စာတတ်ဖို့ ဒီစွယ်စုံကျမ်းကြီး ဘာ ဆိုင်သလဲ။ အတွဲပေါင်း ၃၅ တွဲ၊ ခင်ဗျားသေအထိ ဖတ်လို့မပြီးသေးဘူး။ ကိုယ်မှီးချင်ရင် စာကြည့်တိုက် သွားကြည့်ရတာပဲ ကိုလေမျိုးရှစ်ဆယ်။ ခင်ဗျား အတော်ကြီးကို ရိုးတာပဲ"

"အမယ် ဆရာလေးက ကျွန်တော့် အထင်သေးလိုက်တာ၊ ယခု ကျွန်တော်လေ ကလစ်ဆို (Calypso)၊ တင်ဂို (Tango)၊ ချာချာချာ (Cha Cha Cha) ရောက်အင်ရိုး (Rock and Roll) တို့ကို ကောင်းကောင်း က တတ်တယ်"

"ဟယ်... ဒီအဖြစ်ထိ ဘူးရို ဖြစ်နေပြီပေါ့။ ဒါပေမယ့် ခင်ဗျား အင်္ဂလိပ်စကားကတော့ အိတ်တီးကိုင်းစ်အော့ဖ်ဝင်း လေမျိုးရှစ်ဆယ်အဆင့် ထက် ပိုပြီးတတ်မလာသေးဘူး သူငယ်ချင်း"

❐

မစွစ်ကိုမင် အိမ်ကြီးမှ ထူးဆန်းထွေလာ စံဂေဟာသို့

- သူတို့ ပြန်ပေါင်းထုတ်ကြပြီ
- အပျိုချောဇ၏ ဒရုဝမ် ကျွန်တော်
- အောင်နိုင်ခြင်းအတွက် အကောင်းဆုံးလက်နက်
- မောင်စံရှားစိတ် ပေါက်လာခြင်း
- ထူးဆန်းထွေလာ စံဂေဟာ

သူတို့ ပြန်ပေါင်းထုတ်ကြပြီ

စာရေးသူ ဘိလပ်ရောက်စက လန်ဒန်မြို့ အနောက်တောင်ပိုင်း အကွက် ၅၊ အား‌လ်စကုတ် စကွဲယား၊ အိမ်အမှတ် (၄၆) တွင် အခန်းငှား နေပါသည်။

အိမ်ရှင်အဒေါ်ကြီး မစ္စစ်ကိုမင်သည် သူ့ယောကျ်ား မစ္စတာကိုမင်၊ ခြောက်နှစ်အရွယ် ချစ်စနိုးသမီးကလေး မာရီယာကိုမင်နှင့်အတူ အိမ်အောက် ဆုံးထပ်တွင် နေကြပါသည်။ စင်စစ် အဒေါ်ကြီးမှာ လင်းလေဒီဖြစ်သည်။ အိမ်ပိုင်ရှင်မဟုတ်ပါ။ ဂျူးသူဌေးအိမ်ပိုင်ရှင်က သူ့အား အိမ်ကြီးကို ကြည့်ရှု စောင့်ရှောက်ရန်၊ အိမ်အခန်းခများကို ကောက်ယူသိမ်းပေးရန်၊ အငှားနေသူများအတွက် နံနက်စာချက်ကျွေးရန် ငှားထားသော အိမ်ထိန်း (ဟောက်စ်ကီးပါ) မိန်းမကြီးသာ ဖြစ်ပါသည်။ အိမ်တွင် စာရေးသူအပြင် မြန်မာကျောင်းသား သုံးယောက်၊ ကုလားကျောင်းသား နှစ်ယောက်၊ ပါရှင်မောင်နှမ သုံးဦး၊ စကော့အမျိုးသမီးကြီးတစ်ဦး၊ ဩစတြေးလျ အမျိုးသားတစ်ဦး၊ အင်္ဂလိပ် အဘွားကြီးတစ်ဦး၊ ဗီယက်နမ်ကျောင်းသားတစ်ဦး ပေါင်း ၁၂ ဦး ကိုယ့်အခန်းနှင့်ကိုယ် နေကြပါသည်။

နံနက် ၇ နာရီခွဲမှ ၉ နာရီအထိ နံနက်စာအချိန်ဖြစ်ပြီး ထမင်းစားခန်း စားပွဲဝိုင်းကြီး၌ စားသောက်ဖွယ်ရာများကို ပြင်ဆင်ထားပါသည်။ မစ္စစ်ကိုမင်က ကြက်ဥ၊ ဝက်ပေါင်ခြောက်၊ အာလူး၊ ပေါင်မုန့်၊ လက်ဖက်ရည်တို့ကို ချက်

ပြုတ်ပြင်ဆင် ပေးပါသည်။ အခန်းငှားနေသူများက နံနက်တိုင်း ကိုယ့်နေရာ ကိုထိုင်၊ မစ္စစ်ကိုမင်းကို နှုတ်ဆက်၊ နံနက်စာ စားပြီး ထသွားကြပါ၏။ ဤကား နေ့စဉ်အပြောင်းအလဲမရှိ လုပ်နေကျဖြစ်၏။ စာရေးသူသည် စားပွဲသို့ နောက်ဆုံးမှ ရောက်လာတတ်သည်။ တစ်နေ့တွင် ၉ နာရီ ထိုးရန် ၁၀ မိနစ် သာလိုတော့သဖြင့် စားပွဲသို့သွားရန် ဟန်ပြင်ပြီးမှ ပြန်ထွက် မည်အပြုတွင်...

"မစ္စတာညွန့်. ၁၀ မိနစ်တောင်လိုသေးတယ်။ ဝင်ခဲ့ပါလေ၊ ရှင့် နံနက်စာတွေ အေးတောင်ကုန်ပြီ"

ကျွန်တော် မဆိုင်းမတွ ဝင်ထိုင်ပြီးစားပါသည်။ စားပွဲတွင် ထိုင်မိတော့ စားပွဲအလယ်ပေါ်တွင် ပန်းအိုး၌စိုက်ထားသော ဒက်ဖောဒင်းခေါ် ပန်းဝါကြီး များကို တွေ့ရသဖြင့် ငယ်စဉ်က အင်္ဂလိပ်ကဗျာဆရာ ဝီလီယန်ဝါးစ် ဝပ်သ်၏ ပန်းဖွဲ့ကဗျာကို သတိရပြီး...

"ဟယ်... လှလိုက်တဲ့ ဒက်ဖောဒင်းတွေ"

"ရှင်က အင်္ဂလိပ် ပန်းနာမည်တွေတောင် သိလို့ပါလား"

"ဘိလပ်မရောက်ခင်ကတည်းက ဒီပန်းအကြောင်း ကြားဖူးနေတာပါ။ စားပွဲခင်း ဖြူနုနုနဲ့ ပန်းအိုးအနက်ရောင်ဆိုတော့ သိပ်လိုက်တာပဲ"

"ဪ... ရှင်က အရောင်စုံဖက်မှုကိုလည်း အရသာခံစားတတ် တယ်နော်"

မစ္စစ်ကိုမင်နှင့် ကျွန်တော် စကားလက်ဆုံကျလာပါသည်။ ပန်း အကြောင်းမှ အစပြုပြီး အင်္ဂလန်ဂက်များ၊ ပန်းများအကြောင်း၊ ပန်းအလှ စိုက်ပျိုးခြင်းအကြောင်း၊ ရာသီဥတုအကြောင်း စုံအောင်ပြောနေရင်းက...

"တစ်ပတ်နှစ်ကြိမ်ကျ ဒီစားပွဲအလယ်မှာ ကျွန်မ ပန်းအိုးနဲ့ ပန်းကို ပြောင်းလဲပေးပါတယ်။ စားပွဲထိုင်တဲ့သူတွေ ဘယ်သူမှ သတိမထားကြဘူး ထင်ပါရဲ့။ ဘယ်သူကမှ လှတယ်လို့ မပြောကြဘူး။ ဒီနေ့ကျမှ ရှင်က ဒီ ပန်းတွေကို စပြီး ချီးမွမ်းတာပဲ"

"အရင်ပန်းတွေလည်း တစ်မျိုးစီလှတာပါပဲ။ အဲဒီပန်းကတော့ ငယ် ငယ်တုန်းကတည်း ကဗျာအဖြစ် ရွတ်ဆိုခဲ့ဖူးလို့ပါ"

ထိုနေ့ကစ၍ နံနက်စာစားတိုင်း စားပွဲတွင် မစ္စစ်ကိုမင်နှင့် စကား လက်ဆုံ ကျစမြဲဖြစ်၏။ သူက မြန်မာတွေအကြောင်းမေး၍ ကျွန်တော်က

အင်္ဂလိပ်တို့၏ စရိုက်ဓလေ့အကြောင်း၊ ကပွဲတွေအကြောင်း မေးပါသည်။ နှစ်လခန့်ကြာသောအခါ တစ်ဦး၏ နောက်ကြောင်းဘဝကို တစ်ဦးနှင့်တစ်ဦး စပြောလာသည်အထိ ရင်းနှီးလာကြပါသည်။

"တကယ်တော့ ကျွန်မ အင်္ဂလိပ်အစစ်မဟုတ်ပါဘူး။ ကျွန်မအမေက ပြင်သစ်သူပါ။ အဖေက အင်္ဂလိပ်၊ ကျွန်မငယ်နာမည်က လိဇာတဲ့။ မာမီက ကချေသည်ပေါ့။ စန္ဒရားလည်း တီးတတ်တယ်။ သူ့ဆီက ဒီအမွေအနှစ်း အကျဉ်း ရလိုက်ပါရဲ့။ ကျွန်မ အပျိုဖြန်းအရွယ်မှာ မာမီဆုံးရှာတယ်။ ဟစ် တလာတစ်စခန်း ထလာပြီး ဒုတိယစစ်ကြီးက သတ်ပစ်လိုက်တာပါ။ မစ္စတာ ကိုမင်ဟာ ကျွန်မ ယောကျ်ားပေမယ့် ကျွန်မချစ်သူ မဟုတ်ဘူးရှင့်။ ကျွန်မ အချစ်ဦးက အောက်စဖို့ တက္ကသိုလ်ကျောင်းသား။ စစ်ဖြစ်လာတော့ အားလုံး စစ်မှုထမ်းရတယ်။ သူနဲ့ စေ့စပ်ပြီးသားပါ။ ဒါပေမယ့် ဘုရင့်ရေတပ်ထဲ စစ်မှုထမ်းဖို့ သူပါသွားတယ်။ ၆ လလောက် ကြာတော့ သူတို့သင်္ဘော ရန်သူ့ဗုံးထိလို့ နစ်ကြောင်း ကြားရပါတယ်။ မသေဘဲကျန်ရစ်တဲ့သူ စာရင်း မှာ သူ့ အမည်မပါဘူး။ ကျွန်မလည်း တစ်သက်အိမ်ထောင်မပြုတော့ဘူး၊ သီလရှင်ဝတ်တော့မယ်လို့ စိတ်ကူးပြီးသားပါ။

ကျွန်မအဖေနဲ့ အဒေါ်က မစ္စတာကိုမင်နဲ့ နေရာချပေးပါတယ်။ မစ္စတာကိုမင်က စစ်အတွင်းမှာ ကျွန်မကို ကူညီစောင့်ရှောက်ခဲ့သူပါ။ သူက အလုပ်ကြမ်းသမားကြီး ရေပြွန်၊ ရေပိုက်တွေ ဆက်တဲ့သူပါ။ ဂီတတို့၊ စာပေတို့ လုံးဝ ဝါသနာမပါဘူး။ ကျွန်မ သူ့ကို လုံးဝ မကြိုက်ပါဘူး။ စစ်အတွင်းက လူတွေ အတော်ဆင်းရဲတယ်။ လူတိုင်းစစ်အတွက် အလုပ်လုပ်ကြရတယ်။ ကျွန်မကတော့ စစ်ဝတ်စုံတွေ ချုပ်ပေးရတယ်။ မစ္စတာကိုမင်ကတော့ စစ် အတွက် အသုံးပြုတဲ့ ပိုက်လိုင်းတွေ သံကြိုးတွေ ဂဟေဆက် ပေးရတယ်။ အစားအသောက်ကလည်း ရာရှင်စနစ်နဲ့ ဗုံးတွေကလည်း နာရီ မဆိုင်းချ။ လူရမ်းကားတွေလည်း ပေါတယ်။ ဒီတော့ လူကြီးတွေက စစ်ကြီး ဘယ်တော့ ပြီးမယ် မသိဘူး။ အပျိုအရွယ်တန်မဲ့ ဝတ်စုံချုပ်တဲ့စက်ရုံက ညဉ့်နက်သန်းခေါင် သွားလာနေရတာ စိတ်မချဘူး။ မစ္စတာကိုမင်ကလည်း အကူအညီပေးနေတဲ့ လူငယ်တစ်ယောက်ပဲ။ သူကလည်း တောင်းရမ်းနေပြီ။ ဒါကြောင့် သူ့ကို လက်ခံဖို့ အတင်းတိုက်တွန်းကြပါတယ်။ ကျွန်မလည်း ဇွတ်အတင်း ငြင်းပေ

မယ့် မရလို့ မစ္စတာကိုမင်နဲ့ လက်ထပ်ခဲ့ရပါတယ်။ သူကတော့ ကျွန်မကို ချစ်ရှာပါတယ်။ ဒါပေမယ့် သူနဲ့ ကျွန်မ ဘယ်လိုမှ ဆက်စပ်မရပါဘူး။ စိတ်ဝင်စားမှုလည်း မတူပါဘူး။

ဒီလိုနဲ့ စစ်ကြီးပြီးသွားတော့ အဖေရော အဒေါ်ပါ ဆုံးပါးသွားကြပါတယ်။ ကျွန်မလည်း ရှိစုမဲ့စုလေးတွေသုံး၊ ရတဲ့အမွေကလေး ထုခွဲပြီး စားသောက်လိုက်တာ ကုန်ပါရော။ အမေ့စန္ဒရားတောင် ရောင်းလိုက်ရသေးတယ်။ စစ်ပြီးတော့လည်း ဒုက္ခရောက်တာပါပဲ။ အားလုံးအရှားချည်းပဲ။ စစ်သာတစ်လလောက်နောက်ကျပြီးရင် အင်္ဂလန်တော့ ငတ်သေမှာပဲ။ စစ်ပြီးတော့ အလုပ်လက်မဲ့တွေကပေါ၊ စစ်ပြန်တွေက စကောစက၊ မိန်းမတွေကျတော့ တစ်ခုလပ်မုဆိုးမတွေ၊ အပျိုကြီးတွေ ဖြစ်ကျန်ရစ်သူတွေကများတော့ ကျွန်မလည်း ဒီဂျူးသူဌေးဆီက ငွေချေးယူရင်း သူ့အိမ်ကို ကြည့်ရှုပေးရတဲ့ ဟောက်စ်ကီးပါး ဖြစ်လာရတာပါပဲ။ ကိုမင်ကို ကွာဖို့ စိတ်ကူးပါသေးတယ်။ ဒါပေမယ့် ကျွန်မ မတရားမလုပ်ချင်ဘူး။ မာရီယာကလေး မွေးလာတော့လည်း သံယောဇဉ်ကြိုးတည်းပြီး ဖြစ်လာတာပေါ့။ သူ့ကို မချစ်ပေမယ့် သနားတော့ သနားတယ်။ ကျွန်မတို့ဟာ အတူနေပေမယ့် တစ်ဦးနဲ့တစ်ဦး မတွေ့ကြုံရတာ လေးငါးနှစ်လောက်ရှိပြီ”

“ဘယ်လိုလဲဗျ၊ ကျွန်တော် နားမလည်ဘူး တစ်အိမ်တည်းနေတဲ့ လင်မယား၊ မတွေ့တာ လေးငါးနှစ်ဆိုတာ ဆန်းတယ်ဗျ”

“ဒီလိုပါ၊ သူက မနက်စောစော ၅ နာရီ အလုပ်သွားရပါတယ်။ ကျွန်မက နံနက် ၆ နာရီကစပြီး ရှင်တို့ကျွေးဖို့ နံနက်စာ ပြင်ရတယ်။ ၉ နာရီကျော်တော့ အိမ်ရှင်း၊ အိမ်သာတွေဆေး၊ ကျွန်မတို့စားဖို့ ချက်ပြုတ်၊ နေ့လည်ပိုင်းကျတော့ မာရီယာကျောင်းပို့၊ မီးဖိုမီးသွေးထည့်၊ ဈေးသွား အခန်းခတွေ၊ ဈေးစာရင်းတွေ စာရင်းလုပ်၊ ညနေပိုင်းကျတော့ သမီးကျောင်းကြိုသွား၊ အဝတ်လျှော်၊ မီးပူတိုက်၊ ညပိုင်းကျတော့ ညစာချက်၊ မစ္စတာကိုမင် ပြန်လာရင်စားဖို့ စားပွဲမှာ ပြင်ဆင်ထားပြီး ၉ နာရီခွဲမှာ ကျွန်မ အိပ်ရပါတယ်။ ကိုမင်က ၁၀ နာရီကျော် ၁၁ နာရီမှ ပြန်လာပါတယ်။ အဖော်ကောင်းရင် အရက်ဆိုင်မှာချည်းပဲ”

“စနေ၊ တနင်္ဂနွေတွေမှာ မဆုံမိကြဘူးလား”

"မဆုံမိပါဘူး။ စနေနေ့မှာ ကျွန်မရဲ့ အိမ်ရှင်ကြီးလာပါတယ်။ သူ့ဆီကို အပ်စရာငွေအပ် မီးခဲ၊ တယ်လီဖုန်းခ၊ ရေခ၊ မြူနီစပါယ်ခွန် စသည်တို့ကို ငွေရှင်းတမ်းတွေနဲ့ သူထံတင်ပြ၊ သူက စာရင်းစစ်ဆေး၊ ငွေထုတ်ပေး၊ အိမ်ပြင်စရာတွေပြော၊ ဒါနဲ့ပဲ အချိန်ကုန်သွားတယ်။ ကိုမင်ကတော့ အလုပ်သမားကလပ်မှာ အစည်းအဝေး ဆွေးနွေးပွဲ၊ မဲရွေးပွဲ၊ ဒါတွေတက်နေတယ်။ တနင်္ဂနွေနေ့ကျတော့ ကျွန်မက ဘုရင်ကို ဘာသာဝင်ဖြစ်လို့ ဘုရားရှိခိုးကျောင်းသွား၊ ဝတ်ပြုတရားနာတယ်။ ကိုမင်ကတော့ ဒီဌိပဲ။ ဘုရားရှိခိုးကျောင်းဘယ်တော့မှ မသွားဘူး။ တစ်နေကုန် အရက်ဆိုင်မှာပေါ့"

"ဒါဖြင့် ခင်ဗျားတို့ မိသားဖသားသုံးဦး အတူသွား၊ အတူလာ၊ အတူမလုပ်ရဘူးပေါ့၊ သွားကော သွားချင်ပါသေးလား"

"ဘယ်မသွားချင်ဘဲ နေပါ့မလဲရှင်။ သမီးကလေးက မာမီ၊ ဒက်ဒီတို့နဲ့ အတူ ဆပ်ကပ်သွားကြည့်ချင်တယ်လို့ ပူဆာနေတာ။ သူများ မိသားစုတွေ သွားတာမြင်တော့ ကျွန်မ ဝမ်းနည်းလွန်းလို့ မျက်ရည်ကျမိတယ်"

"ဒီလိုဆို ကျွန်တော် ကူညီပါရစေ"

"ရှင်... ဘယ်လိုကူညီမှာလဲ"

"ခင်ဗျားတို့သုံးယောက် အတူပွဲသွားနိုင်အောင် ကျွန်တော်ကူညီပေးမယ်လေ။ ခင်ဗျားတို့ပွဲသွားနေချိန်မှာ လုပ်ရမယ့်အလုပ်တွေ ကျွန်တော်က စောင့်လုပ်ပေးမယ်။ ဘာလုပ်ရမယ်ဆိုတာသာ ပြောထားပါ"

"ဟုတ်ပါမလား မစ္စတာညွန့်ရယ်။ ရှင်က ကျွန်မဇည့်သည်၊ အခန်းငှားနေသူ၊ ကျွန်မက ပြုစုရမယ့် အိမ်စောင့်မိန်းမပါ။

"ကျွန်တော် တကယ်ပြောတာပါ။ ခင်ဗျားကိုယ်စား အလုပ်တွေကို လုပ်ပေးပါ့မယ်။ ဒီညာ မစ္စတာကိုမင်လာအောင်စောင့်ပြီး ဆွေးနွေးကြရအောင်"

ထိုည ၁၀ နာရီခန့်တွင် ကိုမင်ရောက်လာသည်။ အကျိုးအကြောင်းပြောပြသောအခါ ပထမ သူက မယုံဘဲရယ်ပါသည်။ မာရီယာကလေးခမျာလည်း မအိပ်နိုင်သေးဘဲ သူ့အဖေကို ကူပြောပူဆာနေပါသည်။ နောက်ဆုံး သဘောတူပါသည်။ လာမည့် စနေနေ့ညပိုင်းတွင် မစ္စတာကိုမင်က အလုပ်ခွင်မှ ပြန်ခဲ့ပြီး ဇနီးနှင့်သမီးအတူ ဆပ်ကပ်သွားကြည့်မည်။ ယင်းအချိန် အိမ်ရှင်ဂျူးကြီး လာသောအခါ ငွေအပ်၊ ငွေချေစာရင်းကိစ္စများကို မစ္စစ်ကိုမင်အစား စာရေးသူက ဆောင်ရွက်ပေးရန်ဖြစ်သည်။ ပွဲကြည့်လက်မှတ်ကို

မစ္စစ်ကိုမင် နံနက်စောစော သွားဝယ်မည်။ ထိုအချိန်အတွင် နံနက်စာ ပြင်ဆင်ရေးကို စာရေးသူ၍ တာဝန်ယူလုပ်ပေးရမည်ဖြစ်၏။ ဤအစီအစဉ်အတိုင်း အားလုံး ဖြစ်မြောက်သွား၏။ သူတို့ သုံးဦး ဝမ်းသာမဆုံးပေ။

ဤသို့ သူတို့မိသားစု အပြင်ထွက်သွားလာ ပျော်ရွှင်နိုင်ရေးအတွက် စာရေးသူက မကြာခဏ ကူညီပေးတတ်ပါသည်။ သူတို့က ကျေးဇူးတင်မဆုံးကြပါ။ စာရေးသူ၏ အဝတ်အစားများ ဖွပ်လျှော် မီးပူတိုက်ပေးခြင်း၊ သူတို့နှင့် ညစာအတူစားကြရန် မကြာခဏ ဖိတ်ခေါ်ခြင်း တို့ပြန်ကြပါသည်။

တစ်ညနေတွင် မစ္စစ်ကိုမင်သည် ပန်းချီကားချပ်တစ်ချပ် ရင်ဝယ်ပိုက်ပြီး ဝမ်းသာအားရ ခုန်ပေါက်မြူးတူးကာ စာရေးသူအခန်းသို့ ပေါက်လာပါသည်။ ဝမ်းသာ၍ မျက်ရည်များလည်နေပါသည်။ ပန်းချီကားကိုပြရာ သူ့ယောကျ်ားဆွဲထားသော ရေဆေးပန်းချီ မစ္စစ်ကိုမင် ပုံတူကားချပ်ဖြစ်နေ၏။

"ခင်ဗျားယောကျ်ားက အနုပညာသမားပဲ။ ခင်ဗျားက လူကြမ်းကြီးဆို၊ သူရှိတဲ့ ပန်းချီဗီဇကို ဖော်ထုတ်ခွင့် မရခဲ့လို့ပါ။ ယခုတော့ ဖော်ထုတ်ခွင့်ရပြီပေါ့"

"မစ္စတာညွန့်. ကျွန်မဘဝဟာ အခုမှစတယ်လို့ ဆိုချင်ပါတယ်ရှင်၊ ဒီဘဝကိုလည်း ရှင်က ဖန်တီးပေးတာ ရှင့်ကျေးဇူး"

"အို... အသေးအဖွဲလေးပါ။ မြန်မာပြည်မှာဆိုရင် အိမ်နီးချင်းတွေက ကလေးတောင်ထိန်းပေးရတာ၊ တစ်ဦးမအားတဲ့အခါ တစ်ဦးက ကူတာပဲ"

"ဘယ်အသေးအဖွဲ ဟုတ်မလဲဗျ။ ကျုပ်တို့အတူနေပေမယ့် ကွဲနေတာကြာပါပြီ။ ယခုတော့ ခင်ဗျားကြောင့် ပြန်ပေါင်းထုတ်ကြရပြီလေ"

မစ္စတာကိုမင်က သူ့သမီးလေးကိုချီကာ နောက်မှလိုက်လာရင်း ပြောလိုက်ပါသည်။

ဟုတ်ပါသည်။ သူတို့ ပြန်ပေါင်းထုပ်ကြလေပြီ။

❐

အပျိုချောင်၏ ဒရဝမ် ကျွန်တော်

စာရေးသူတို့ ဘိလပ်ကျောင်းသားဘဝက ဘိလပ်တွင် မြန်မာ ပညာသင်ပေါင်းသုံးရာကျော်ခန့်ရှိပါသည်။

စစ်ဘက်၊ နယ်ဘက်က ကျောင်းသားများသည် ဘာသာရပ် အသီးသီးကို ယူကေ (ယူနိုက်တက် ကင်းဒမ်း) တခွင်ရှိ ကောလိပ်နှင့် ကျောင်းအသီးသီးတွင် ပညာသင်နေကြသည်။ ယင်းသို့ လူများသဖြင့် လူတူမရှား နာမည်တူမရှား ဖြစ်လာသည်။ လန်ဒန်မြို့တော်ရှိကောလိပ်များတွင် ပညာသင်နေသော မြန်မာကျောင်းသားထဲမှ သန်းထွန်းဘမည်နှင့်သုံးဦး၊ ကျော်မြင့်အမည်နှင့်နှစ်ဦး၊ လှမြင့်အမည်နှင့်နှစ်ဦး၊ ခင်မောင်ညွှန့်အမည်နှင့် လေးဦးရှိပါသည်။

သန်းထွန်းနှစ်ဦးသည် တစ်ဦးက ဝဝခန့်ခန့် အသက်ကြီးပြီး တစ်ဦးက အသက်ငယ်ငယ် အရပ်ပျပ်ပျပ်ဖြစ်၍ သန်းထွန်းကြီး၊ သန်းထွန်းကလေးဟု ခွဲပြီး ပေးလိုက်ကြပါသည်။ ကျော်မြင့်သုံးဦးသည် အရပ်အမောင်း အရွယ်အားဖြင့် မတိမ်းမယိမ်းဖြစ်နေ၍ အဏုမြူရူပဗေဒသင်ယူသော ကျော်မြင့်ကို အဏုမြူကျော်မြင့်၊ စာရင်းအင်းပညာသင်နေကြသော ကျော်မြင့်နှစ်ဦးကို ကွဲပြားစေရန် တစ်ဦးကို စီအေ ကျော်မြင့်နှင့် ကျန်တစ်ဦးကို ခွေးပြိုင်ပွဲသို့ ခဏခဏသွားတတ်သဖြင့် ခွေးပွဲကျော်မြင့် (နောင်အတိုကောက် ခွေး ကျော်မြင့်ဟု တွင်လေသည်) ဟု ခေါ်ကြ၏။ ရိုင်းရာကျသဖြင့် သူနေသော ရပ်ကွက်အမည်ကို တပ်ခေါ်ကြည့်ကြပြန်သည်။ (Chipswick) ချစ်စဝခ် အရပ်တွင်နေသဖြင့် သူ့ကို ချစ်စဝက်ခ်ကျော်မြင့်ဟု စခေါ်ကြည့်ရာ ကြာလာသော

အခါ ချီးစက်ကျော်မြင့် ဖြစ်လာပြန်သည်။ ခွေးကျော်မြင့်၏ အမည်ထက် ပိုပြီး ယဉ်ကျေးမလာတော့ပါ။

ခင်မောင်ညွန့်လေးဦးတွင် စာရင်းအင်းပညာသင်သော ခင်မောင်ညွန့်ကို စတက်ခင်မောင်ညွန့်၊ မကြာခဏ ဆိုကနေရသော စာရေးသူကို မင်းသား ခင်မောင်ညွန့်၊ ရေကြောင်းပညာသင်နေသော ခင်မောင်ညွန့်ကို နေဗီ ခင်မောင်ညွန့်နှင့် ဆေးပညာသင်နေသော ခင်မောင်ညွန့်ကို မယ်ဒီကယ် ခင်မောင်ညွန့်ဟု ဝိသေသပြုထားကြ၏။ တိရစ္ဆာန်ဆေးကု ပညာသင်နေသောလှမြင့်ကို တိရစ္ဆာန်လှမြင့် (ခွေးကျော်မြင့်နှင့် ဘဝတူသွားရှာသည်။) နှင့် မီးရထားပညာသင်သော လှမြင့်ကို ရထားလှမြင့်ဟု သမုတ်လေသည်။ ယင်း နာမည်များသည် နှုတ်ကျိုးလာခဲ့ရာ ယနေ့တိုင် အချင်းချင်းပြန်တွေ့သောအခါ ပါးစပ်မှလွတ်ခနဲ ယင်း နာမည်များကို ခေါ်မိနေကြသည်။

စာရေးသူနှင့် စတက်ခင်မောင်ညွန့်နှစ်ဦးကား လန်ဒန်တက္ကသိုလ်တွင် အတူရောက်ပြီး လန်ဒန်စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံကောလိပ် (London School of Economics and Political Science) တွင် ဒေါက်တာဘွဲ့ယူချင်းလည်းတူသဖြင့် မကြာခဏ မှားနေကြပါသည်။

သူ့စာများ စာရေးသူထံရောက်၊ စာရေးသူ စာများ သူ့ထံရောက်၊ လူကြုံပါးလိုက်သောပစ္စည်းများ အလွဲလွဲအမှားမှားဖြစ်၍ နှစ်ယောက်ဆုံရှင်းကြရသည်။ ထို့ထက်ပိုပြီး စိတ်ပျက်စရာကောင်းသည်မှာ ကျောင်းနားနီးသော ဘဏ်တွင် ငွေစာရင်းဖွင့်ထားကြရာ၊ ဘဏ်မန်နေဂျာက စာရေးသူ သွင်းလိုက်သော ပညာသင်စရိတ်ငွေကို သူ့စာရင်းတွင် သွင်းပေးပြီး သူ ချက်လက်မှတ်နှင့် ထုတ်ယူနေသောငွေများကို စာရေးသူ၏ ငွေစာရင်းမှ ထုတ်ပေးနေပါသည်။ သူမှာ ငွေကုန်သည်မရှိ၊ စာရေးသူအဖို့ လထက်ဝက်မရောက်မီ ငွေ မရှိတော့ပါ။ နှစ်ယောက်အတူ မန်နေဂျာထံသွားဆုံပြီး ရှင်းကြရ၏။

"ကျွန်တော် ဝမ်းနည်းပါတယ်။ ခင်ဗျားတို့က နာမည်အတူတူ လက်မှတ်ကလည်း မကွဲပြားဘူး။ ဒီတော့ တစ်ယောက်ယောက်က လက်မှတ်မတူအောင် ပြောင်းပေးပါ။ ဖြစ်နိုင်ရင် ဓာတ်ပုံတွေလည်း ယူခဲ့ပါ"

မန်နေဂျာသည် စာရေးသူတို့နှစ်ဦးကို ယင်းသို့ အကြံပြုပြီး သေချာစွာကြည့်ပြီး မှတ်နေပါသည်။ စာရေးသူက အသားလတ်လတ်၊ အရပ် ပျပ်ပျပ်၊

မျက်မှန်မပါ။ စကားပြောမြန်သည်။ စတက်ခင်မောင်ညွှန့်က အသားညိုညို ပိန်ပိန်ရှည်ရှည်၊ မျက်မှန်နှင့် စကားပြောနေးသည်။ ဤတွင် ပြဿနာတစ်ခု ပြီးသွား၏။ သို့သော်...

တစ်ညနေတွင် စာကြည့်တိုက်မှ မိုးချုပ်ချုပ်ပြန်လာရာ လင်းလေဒီက အိမ်ဝကနေ ပြူးကြောင်ကြောင် အကြည့်နှင့် ကြည့်ပြီး ဆီးပြောလိုက်သော စကားမှာ...

"အို မစ္စတာညွှန့်၊ နေကောင်းလာပြီလား၊ ဘယ်လိုဖြစ်လို့ လဲကျသွား ရသလဲ။ ကျွန်မလည်း ယခုပဲ ဆေးရုံလာမေးမလို့။ စာတွေ ညဉ့်နက်အောင် မကျက်နဲ့လို့ သတိပေးထားသားနဲ့"

"ဗျာ... ကျွန်တော် နေကောင်းပါတယ်။ မနက်ကပဲ ခင်ဗျားနဲ့စကား ပြောသေးတယ်။ ဘယ်က လဲကျရမှာလဲ။ ဆေးရုံလည်း မတက်ရပါဘူး။ မစ္စစ်ကိုမင် ဘာဖြစ်နေတာလဲ"

"မသိပါဘူး၊ နေ့လည်က ရှင့်ကျောင်းက ဖုန်းဆက်ပြောတယ်။ မစ္စတာညွှန့်ကျောင်းမှာ မူးလဲသွားလို့ စိန်ဂျော့ဆေးရုံ ပို့လိုက်ရတယ်ဆိုပြီး အခန်း နံပါတ်ပေးတယ်။ တစ်ပတ်လောက် ကြာမယ်ပြောတယ်။ ဒါကြောင့် ကျွန်မလည်း မြန်မာသံရုံးကို ဖုန်းဆက်အကြောင်းကြားထားတယ်"

"ဟိုက် မှားကုန်ပြီ... မှားကုန်ပြီ၊ မဟုတ်ဘူး"

"ဘာတွေ မှားရမှာလည်း၊ ရှင်မဟုတ်ဘဲ ကျောင်းက ဖုန်းဆက်ပါ့ မလား။ ရှင့်နာမည် အပြည့်အစုံ၊ လိပ်စာနဲ့ မှတ်ပုံတင်နံပါတ်နဲ့ပေးပြီးပြောတာ၊ အာယူအော်လ်ရိုက် (Are you all right Mr.Nyunt?)"

လင်းလေဒီ၏ နောက်ဆုံးမေးသော မေးခွန်းမှာ "မင်း စိတ်မှန်သေးရဲ့ လား" ဟူသော သဘောပါသော မေးခွန်းဖြစ်ပြီး သူမအကြည့်တွင်လည်း စာရေးသူ စိတ်ဖောက်ပြန်နေရှာပြီဟူသော အဓိပ္ပာယ်ပါနေသည်။

ထိုညက အခန်းထဲတွင် သော့ခတ်ပြီး ဘွဲ့ယူကျမ်းအတွက် ရေးနေရာ တဲ့ခါးခေါက်ပြီး လင်းလေဒီနှင့် ရပ်ကွက်ဆေးခန်းက စိတ်ရောဂါအထူးကု ဆရာဝန်တစ်ဦး ပေါက်လာကြပါသည်။ စာရေးသူလည်း အလွန်ဒေါသ ထွက်သွားပြီး...

"ဘာကိစ္စ လာနောက်ယှက်တာလဲ" ဟု ခပ်ရိုင်းရိုင်း မေးမိသွားသည်။ ဤတွင် သူတို့နှစ်ဦးက စာရေးသူကို စာကျက်လွန်းသဖြင့် စိတ်ဖောက်ပြန်နေသူအဖြစ် ပို၍ ထင်သွားကြပါသည်။

"ကျွန်မတို့က ရှင့်ကို ကူညီရအောင် လာတာပါ။ မစ္စတာညွန့်က လူကောင်းလေးမဟုတ်လား၊ ကျွန်မ ဖေးဘရိတ်ပဲ၊ စာမေးပွဲ မထိခိုက်စေချင်ဘူးလေ၊ ဒီလူက ဒေါက်တာတေလာဝေါက်ကားတဲ့။ အာရုကျောင်းသားတွေကို ဆေးကုတဲ့အတွေ့အကြုံတွေ..."

"အို...ကျွန်တော် ဘာဖြစ်နေလို့ ခင်ဗျားက ဆရာဝန်ကို ခေါ်လာရသလဲ"

ဒေါက်တာတေလာဝေါက်ကားသည် စိတ္တဇဝေဒနာရှင်များကို ကြည့်သော အကြည့်မျိုးနှင့် စာရေးသူကို ပြုံးစိစိ လှမ်းကြည့်နေပါသည်။ မဖြစ်တော့ပြီ ဤပြဿနာကို အလွယ်ဆုံး၊ အရှင်းဆုံးနည်းနှင့် ဖြေရှင်းမှ တော်ပေတော့မည်။

"မစ္စစ်ကိုမင်"

"ရှင် ကျွန်မ ဘာကူညီရမလဲ"

"ကျွန်တော့်ကျောင်းက ဖုန်းဆက်ပြောတော့၊ ခင်ဗျားကို ကျွန်တော် တက်နေရတဲ့ ဆေးရုံအမည်နဲ့ လူနာခုတင်နဲ့အခန်းနံပါတ် ပေးတယ်မဟုတ်လား"

ဟုတ်ပါတယ်။

"စိန်ဂျော့ဆေးရုံအခန်းနဲ့ ခုတင်နံပါတ်ကိုတော့ အောက်က ဒိုင်ယာရီမှာ မှတ်ထားတယ်"

"အဲဒီဆေးရုံကို ခင်ဗျားတို့ ဖုန်းပြန်ဆက်ပါ။ အဲဒီခုတင်မှာ လူနာရှိမရှိ၊ ရှိရင်လူနာရဲ့အမည်၊ မှတ်ပုံတင်၊ နေရပ်ကို မေးလိုက်ပေါ့။ ကျွန်တော် ဆေးရုံရောက်မရောက် ကိစ္စရှင်းသွားလိမ့်မယ်၊ ယခု ဆက်ကြည့်ပါလား။ ကျွန်တော် တောင်းပန်ပါတယ်"

မစ္စစ်ကိုမင်ရော ဒေါက်တာတေလာဝေါက်ကားပါ အခန်းမှထွက်သွားပြီး ဖုန်းဆီသို့ သွားကြ၏။ တအောင့်မျှကြာသောအခါ နှစ်ဦးစလုံး မျက်စိမျက်နှာပျက်လျက် စာရေးသူ၏ အခန်းသို့ လာတောင်းပန်ကြပါသည်။

"ကျွန်မတို့လွဲကုန်တာ အလွန်ဝမ်းနည်းပါတယ်။ မြန်မာနာမည်တွေမှာ ထပ်တူထပ်မျှတူတဲ့နာမည်တူတွေ ရှိသကိုး။

"ကျွန်တော်တို့ကတော့ နိုင်ငံခြားကျောင်းသားတွေရဲ့ ကိုယ်စိတ်နှစ်ပါးကျန်းမာရန်ကူညီဖို့ လူမှုဝန်ထမ်းဌာနက တာဝန်ပေးထားတဲ့ ဆရာဝန်တွေပါ။ ဒါကြောင့် ကုဖို့လာတာပါ။ ယခုလို မှားသွားတာတော့ တောင်းပန်ပါတယ်"

"ဒေါက်တာတို့ အမှားမဟုတ်ပါဘူး။ ကျွန်တော့်ကောလိပ်က မစ့စပ်မသေချာတာပါ"

စတက်ခင်မောင်ညွှန့်သည် စာကျက်လွန်ပြီး အားနည်းသောကြောင့် မူးလဲသွားရာ ဆေးရုံတစ်ပတ်ခန့် တက်ရသည်။ ကောလိပ်က နာမည်တူနှစ်ဦးရှိကြောင်း ဂရုစိုက်ခြင်းမရှိဘဲ စာရေးသူ၏လိပ်စာကို တန်းပြီးဖုန်းဆက်၍ အကြောင်းကြားခြင်း ဖြစ်ပါသည်။ ထိုမျှမကသေး၊ ကောလိပ်က ဒုတိယအကြိမ်အမှားတော်ပုံ ဖွင့်ပြန်ပါသည်။

စတက်ခင်မောင်ညွှန့်ရေးပြီး တင်သွင်းလိုက်သော ဘွဲ့ကျမ်း၏ပထမခန်း စာတမ်းကို ကောလိပ်စာဆက်သွယ်ရေးဌာနက စာရေးသူ၏ ပါမောက္ခထံသို့လွှဲမှားပြီး ပေးပို့လိုက်ပါသည်။ စာရေးသူ၏ပါမောက္ခက အရေးကြီးသောကိစ္စရှိလို့ လာတွေ့ရန်ချိန်းသဖြင့် ရောက်သွားရာ...

"မစ္စတာညွှန့် တို့ကောလိပ် တက္ကသိုလ်တွေမှာ ကျောင်းသား တစ်ယောက်ကို တစ်ချိန်တည်း ဘွဲ့နှစ်ခု၊ သုံးခုယူဖို့ ခွင့်မပြုဘူး။ ပြီးတော့လည်း မင်းဟာ ငါဘာသာရပ်ကို သင်ယူတာလား၊ စာရင်းအင်းဘာသာရပ်ကို သင်ယူနေတာလား၊ မင်း ဒါကြောင့်လည်း လွန်ခဲ့တဲ့လတုန်းက ဆေးရုံတက်လိုက်ရတဲ့ အခြေအနေ ရောက်သွားတာကိုး"

ယင်းသို့ပြောရင်း သူ့လက်ထဲက စတက်ခင်မောင်ညွှန့်တင်သွင်းသော စာတမ်းကို ကမ်းပေးပါသည်။

စာရေးသူသည် ကွန်ဒြေမဆည်နိုင်တော့ဘဲ ဟက်ဟက်ပက်ပက်ကြီးရယ်ချလိုက်ရာ ပါမောက္ခကြီးသည် စာရေးသူကို စိတ်မနှံ့သော ကျောင်းသားကလေးပါလားဟူ၍ သဘောပေါက်နေသောအကြည့်နှင့် ကြည့်နေပါသည်။ စာရေးသူသည် ကြာလေရှုပ်လေစိုးမှာဖြစ်သဖြင့် ဖြစ်ကြောင်းကုန်စင်ကို ချက်ချင်းနတ်သံပစ်၍ ပြောပြရတော့သည်။ ပါမောက္ခကြီးသည်လည်း

'ခင်မောင်ညွန့်နှစ်ဦး၏ မှားတော်ပုံ' ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဟက်ဟက်ပက်ပက် ရယ်တော့ရာ၊ စာရေးသူလည်း ဝင်ရယ်လေတော့သည်။ ဆရာတပည့်နှစ်ယောက်၏ နှစ်နှစ်ခြိုက်ခြိုက်ကြီး ရယ်နေသောအသံများကြောင့် အပြင်မှ ဘိုမကျောင်းသူကလေးများသည် ဆင်နာရွက်တံခါးကို အသာတွန်းပြီး အတွင်းသို့ ပြူးကြည့်ကြရင်း ခွိ ခွိ ခွိ ဖြစ်သွားကြလေသည်။

ဇာတ်လမ်းဤတွင် မပြီးသေးပါ။

နွေရာသီ၏ လှပသောနံနက်ခင်းတစ်ခု၌ လင်းလေဒီမစ္စစ်ကိုမင်သည် ပြုံးစိစိနှင့် စာရေးသူအခန်းသို့ လာပြီး...

"ညွန့်ရေ... မနေ့က ဖုန်းလာတယ်။ အီဒင်ဘာရာက ကျောင်းသူလေး 'အန်း'တဲ့၊ မင်းရဲ့ဂဲလ်ဖရင်း (Girl Friend) ဆိုပဲ၊ သူ လန်ဒန်ကို ရောက်နေတယ်တဲ့။ ကင်ဆင်တန်ဟိုတယ်အောက်ထပ် အခန်းရှစ်မှာ တည်းနေတယ်တဲ့။ မင်းနဲ့အတူ ဟောလီးဒေးသွားဖို့ ဒီနွေမှာ ချိန်းထားကြတယ်ဆို။

"မင်းနဲ့ မနှစ်က အီဒင်ဘာရာမှာတွေ့ပြီး မိတ်ဆွေဖြစ်တာတဲ့၊ ကြည့်စမ်း မင်းရည်းစားတွေ ရနေတာတောင် ငါ့မပြောဘူး။ ချောရဲ့လား၊ သြော်... နေဦး မနှစ်ကမင်းတို့ မြန်မာကျောင်းသားတွေ အီဒင်ဘာရာသွားကြတော့ မင်းနဲ့နာမည်တူ စတက်ခင်မောင်ညွန့် ပါသွားသေးလား။

"မပါဘူး၊ သူ စာကျက်နေရစ်တယ်"

"ဒီလိုဆိုရင် ခင်မောင်ညွန့်ပဲပေါ့"

"ဒီလိုလည်း မဟုတ်သေးဘူးဗျ"

"ဘယ်လိုဖြစ်ဦးမှာလဲ၊ ဒီတစ်ခါတော့ မင်းငါ့ကို တစ်ပတ်ရိုက်တော့မယ် ထင်တယ်"

စာရေးသူသည် ဘယ်လိုဇတ်လမ်းရှုပ်လာပြန်ပြီလဲဟု စဉ်းစားနေမိတယ်။ စတက်ခင်မောင်ညွန့်သည် မြာမပိုးသော စာဂျပိုးဖြစ်သည်။ သူ့မှာလည်း ဂဲလ်ဖရင်းမရှိတန်ရာ၊ စာရေးသူသည် အီဒင်ဘာရာသွားစဉ်က တွေ့ဖူးသော်၊ ဆုံခဲ့သော မိန်းမများကား ဆရာမကြီးများသာ၊ အဘွားကြီးများသာ ဖြစ်သည်။ မည်သူဖြစ်နိုင်သနည်း။ ကျန်သော ခင်မောင်ညွန့် (နေဗီ ခင်မောင်ညွန့်)သာ ဖြစ်နိုင်မည်။ သူသည် ရုပ်ဖြောင့်၊ အဝတ်အစား စမတ် ကျကျဝတ်သည်။ ဒန့်စ် (Dance) အလွန်ကသည်။ သူတက်နေရသော ရေကြောင်းပညာသင်ကျောင်း၊ သူနေသောအရပ်၊ သူ့စရိုက်ပုံပန်းနှင့် ဆင်ခြင်ကြည့်သော်၊ အဖြူ မဂဲလ်ဖရင်း

များ ရှိတန်ရာသည်။ ယင်းသို့ ဆိုပါကလည်း သူသည် အင်္ဂလန်မြောက်ပိုင်း၌ သာနေပါလျက် အဘယ့်ကြောင့် စာရေးသူ၏ လန်ဒန်လိပ်စာကို ပေးလိုက်သနည်း။

နောက်နေ့ 'အန်း' ကိုယ်တိုင်ပေါက်လာသောအခါမှ ဇာတ်ရည်လည်ပါတော့သည်။ မစ္စစ်ကိုမင်က စာရေးသူကိုလာခေါ်ပြီး ဧည့်ခန်းတွင် ထိုင်၍ စောင့်နေရှာသော စာရေးသူ၏ 'ဂဲလ်ဖရင်း'ကို တွေ့ပေးလိုက်တော့မှ နှစ်ယောက်သား...

"အိုး မိုင်ဂေါ့... နိုး နိုး နိုး"

အာမေဠိတ်များ ပါးစပ်မှထွက်သွားကြ၏။ အချင်းချင်း ရှင်းလိုက်ကြတော့မှ စာရေးသူထင်သည့်အတိုင်း သူမကို 'ဒိတ်ထုတ်' နေသူကာ နေဗီခင်မောင်ညွှန့် ဖြစ်ကြောင်းသိရ၏။ မောင်မင်းကြီးသားက သူလန်ဒန်အရင် ရောက်နေမည်။ သူတည်းမည့် ဟိုတယ်လိပ်စာကို မြန်မာသံရုံး မေးပါဟု ဆိုသဖြင့် အန်းကမေးရာ စာရေးသူ၏လိပ်စာကို လွဲမှားပေးလိုက်ကြခြင်း ဖြစ်သည်။

နေဗီ ခင်မောင်ညွှန့်သည် နောက်နှစ်ရက်နောက်ကျပြီးမှ လန်ဒန်သို့ ရောက်လာသည်။ သူ မရောက်မီ 'အန်း' သည်စာရေးသူကို အဖော်ပြု၍ နေရပါသည်။ ကလေးမလေးသည် စကော့တလန်လူမျိုး၊ အသက် (၁၈)နှစ် ကျော်းသူကလေးဖြစ်ပြီး အလွန်ချောသည်။ လန်ဒန်သို့တစ်ခေါက်မှ မရောက်ဘူးသဖြင့် သူမကို လန်ဒန်ကိုလိုက်ပြရင်း နေဗီခင်မောင်ညွှန့်ကို စောင့်နေရ၏။ စာရေးသူနှင့်သူတို့ နှစ်ဦးသားတွဲပြီး သွားလာနေသည်ကို မြင်နေသော မြန်မာ၊ အင်္ဂလိပ်မိတ်ဆွေအပေါင်းတို့က 'ဒီသတ္တဝါ အစကတော့ ခပ်ရိုးရိုးမှတ်ပါတယ်၊ အခုတော့ အပျိုဘော်ဝင်စကလေးကို ဒိတ်ထုတ်လို့'ဟု အတင်း ပြောနေကြ၏။

နေဗီခင်မောင်ညွှန့် ရောက်လာသောအခါ 'အန်း' ကို လက်လွှဲအပ်ရတော့၏။

"ဆောရီးပဲ သူငယ်ချင်း၊ ကိုယ့်အပြစ်ပါပဲ။ အန်းကို လိုက်ပြပြီးပြုစုနေရတဲ့ စရိတ်တွေကို ကိုယ်ကျခံပါ့မယ်"

"ဟာဗျာ ခင်ဗျားကျွန်တော့်ကို အထင်မသေးပါနဲ့၊ ဒီလောက်တော့ တတ်နိုင်ပါတယ်။ ကျွန်တော်သာ မစားရအညောင်ခံ အန်းရဲ့ ဒရဝမ်လုပ်နေရတာအောင့်တယ်"

"ကိုခင်မောင်ညွန့် ဟဲ...ဟဲ...ဟဲ၊ ခင်ဗျားရဲ့သိက္ခာကိုတော့ ကျွန်တော် လေးစားပါတယ်နော်။ ကျွန်တော်မရောက်ခင် ခင်ဗျားတို့နှစ်ယောက်တည်း ဆိုတော့"

"ဟော့လူ လန်ဒန်မြို့တော်ကြီးမှာ မရှားဘူး တောသားရဲ့။ သူများ စားခွက် မနှိုက်တတ်ဘူးဗျ"

ဘီလပ်မှ မြန်မာနိုင်ငံသို့ ပြန်ရောက်၊ အလုပ်ဝင်လုပ်၊ အိမ်ထောင် ကျခဲ့၍ ငါးနှစ်ခန့်ကြာသောအခါ (Danube) ဒင်းယုမြစ်အတွင်း၌ သင်္ဘော တစ်စင်းကို စမ်းသပ်ခုတ်မောင်းကြည့်ရင်း သင်္ဘောမှောက်၍ သင်္ဘောအရာရှိ တစ်ယောက် ရေနစ်သေဆုံးကြောင်း၊ ထိုသူ၏အမည်မှာ ဦးခင်မောင်ညွန့် ဖြစ်ကြောင်း သတင်းစာတစ်စောင်တွင် တွေ့ရပါသည်။ နေဇီခင်မောင်ညွန့် ပင်ဖြစ်မည်ဟု ထင်သည်။ သူ့ကို ယခုအထိ ပြန်မတွေ့ရတော့ပါ။

အကယ်၍သာ နေဇီခင်မောင်ညွန့် မြန်မာနိုင်ငံတွင် ရေနစ်ပါက စာရေးသူအိမ်သို့ လွမ်းသူပန်းခွေများ ရောက်လာဖွယ်ရှိသည်။

❐

အောင်နိုင်ခြင်းအတွက် အကောင်းဆုံးလက်နက်

၁၉၅၆ ခုနှစ် နွေအကုန်ဆောင်းအကူး သမယအခါတွင် စာရေးသူတို့ အခန်းဌာနေသော အာလ်စကုတ်စကွဲယားအိမ်သို့ အခန်းဌာနေရန် မျက်နှာဖြူ တစ်ယောက် ရောက်လာပါသည်။ အခန်းခကိုလည်း ပေးရန်သဘောတူသဖြင့် လင်းလေဒီ မစ္စစ်ကိုမင်က သူ့ကို လက်ခံလိုက်၏။ ထိုသူမှာ လေးဆယ်ကျော်အရွယ်၊ ရုပ်ရည်သန့်သန့်၊ ဟိတ်ဟန်ကောင်းကောင်းနှင့် ဘဝင်မြင့်နေသူဟု ထင်ရသော ပုဂ္ဂိုလ်ဖြစ်၏။ ဘီယာသောက်လွန်းသဖြင့် ဗိုက်ရွဲစပြုနေပြီး၊ လက်ထဲတွင် စာရွက်စာတမ်းများ၊ ဖိုင်တွဲများကို အမြဲပိုက်ထားတတ်သူဖြစ်သည်။ တောင်အာဖရိကတိုက်၊ ဂျိုဟန်နစ္စဘတ်မြို့မှ ပြဇာတ်ရေးဆရာမစ္စတာ 'ဘီယ်ဘရန်နီကန်' ဖြစ်ကြောင်း မစ္စစ်ကိုမင်က ပြောပြ၍သိရ၏။ မစ္စစ်ကိုမင်မှာ အိမ်မှလူပေါင်းများ ပြောင်းရွှေ့ထွက်ခွာသွားသော အခါသော်လည်းကောင်း၊ လူသစ်ရောက်လာသောအခါလည်းကောင်း စာရေးသူကို ပြောပြလေ့ရှိ၏။ အထူးသဖြင့် လူသစ်ရောက်လာလျှင် နံနက်စာ စားချိန် စားပွဲတွင် စာရေးသူကို လူသစ်နှင့် မိတ်ဖွဲ့ပေးလေ့ရှိပါသည်။

ဤတောင်အာဖရိကအမျိုးသားရောက်လာ၍ တစ်ပတ်ပင်ရှိပြီ မစ္စစ်ကိုမင်က မိတ်ဆက်မပေးသေးပါ။ သူ့ကွယ်ရာမှသာ သူမည်သူမည်ဝါ ဖြစ်ကြောင်းပြော၍ သိရပါသည်။ ယင်းသို့ မိတ်ဆက်မပေးဘဲနေသည်မှာ ထူးခြားသည်ဟုထင်မိသော်လည်း စာရေးသူက စပ်စုမေးမြန်းခြင်းမပြုမိပါ။ ဘာသိဘာသာနေခဲ့ပါသည်။ သတိထားမိသောအချက်မှာ ယင်းအမျိုးသားသည် နံနက်စာစားရန် အခြားအိမ်သားတွေထက် စော၍သော်လည်းကောင်း၊ နောက်ကျ၍

သော်လည်းကောင်း ထမင်းစားခန်းသို့ ဝင်လာတတ်ပါသည်။ တစ်နည်းဆိုရသော် သူ့တစ်ယောက်တည်းအတွက် သီးသန့်အချိန်ပေးရသလို ဖြစ်နေ၏။ တစ်ခါတစ်ရံ သူဝင်လာချိန်တွင် စားပွဲ၌ အိမ်နေအရှေ့တိုင်းသားများ စားသောက်နေဆဲနှင့်ကြုံလျှင် တံခါးဝမှ ချာခနဲ လှည့်ထွက်သွားတတ်ပါသည်။ အများက 'ဂွတ်မောနင်း' ဟု နှုတ်ဆက်ခြင်းကိုပင် မကြားဟန် ပြုတတ်ပါသည်။

တစ်နံနက်တွင် အိန္ဒိယကျောင်းသား ချောင်ဒရီးနှင့် စာရေးသူတို့သည် နံနက်စာစားရန် ထမင်းစားခန်းတွင်းသို့ ဝင်လာရာ၊ ဘသားချောသည် တစ်ကိုယ်တည်းထိုင်ကာစားဖို့ ဟန်ပြင်နေချိန်နှင့် တိုးမိကြပါသည်။ ယင်းအခြေအနေမျိုးတွင် သူ ထထွက်သွားလျှင် သူပင် နံနက်စာ ငတ်ပေမည်။ ဟန်လုပ်ပြီး စားပွဲကိုသာမဲကြည့်ကာ ကြက်ဥကြော်အလာကို စောင့်နေပါသည်။ ချောင်ဒရီးနှင့် စာရေးသူတို့က 'ဂွတ်မောနင်း' ဟု ဆိုလိုက်ရာ မီးဖိုခန်းထဲရှိ မစ္စစ်ကိုမင်က 'ဂွတ်မောနင်း' ဟု တုံ့ပြန်ပြောသော်လည်း သူက မကြားချင်ဟန်ပြုနေပါသည်။ သူထိုင်နေသောနေရာတွင် စားသောက်မည့် ပန်းကန်ခွက်ယောက်၊ ဇွန်း၊ ဓား အားလုံးခင်းကျင်းပြီး ဖြစ်၏။

ချောင်ဒရီးနှင့် စာရေးသူတို့ ထိုင်သောနေရာ စားပွဲပေါ်၌လည်း ယင်းကိရိယာများခင်းထားပြီး ဖြစ်သည်။ သို့သော် သူ့နေရာ၌ လည်းကောင်း၊ ချောင်ဒရီးနှင့် စာရေသူတို့ ထိုင်နေရာ စားပွဲပေါ်၌လည်းကောင်း ခက်ရင်းတစ်ချောင်းစီး လိုနေပါသည်။ မစ္စစ်ကိုမင်သည် ထိုနံနက်က အလုပ်များနေပြီး ခက်ရင်းများ မချမိ၍လည်းဖြစ်မည်။ သို့မဟုတ် ဆောင်းရာသီဝင်စဖြစ်သဖြင့် ပန်းကန်ခွက်ယောက် ဇွန်းခက်ရင်းစသော စားသောက်ကိရိယာများ ကိုင်တွယ်ရာတွင် နွေးစေရန် မီးဖိုပေါ်ရှိစင်တွင် ခက်ရင်းများကို တင်ထားပေးသောကြောင့်လည်း ဖြစ်မည်။ ချောင်ဒရီးသည် မီးဖိုခန်းနှင့် အနီးဆုံးထိုင်နေသဖြင့် ခက်ရင်းများကို မီးဖိုစင်ပေါ်မှသွားယူ၏။ မစ္စစ်ကိုမင်က...

"ဒီလို ကူညီတာ ကျေးဇူးပါပဲကွယ်" ဟု ပြောသံကို ကြားရ၏။

ချောင်ဒရီးက တောင်အာဖရိကသားထိုင်နေရာ စားပွဲပေါ်၌ ခက်ရင်းနေရာတွင် ခက်ရင်းတစ်ချောင်းကို ယဉ်ကျေးစွာချလိုက်ပါသည်။ 'သင့်ခယူ' (ကျေးဇူးတင်ပါတယ်) ဟု သူတို့အနောက်တိုင်းသားတို့ ယဉ်ကျေးမှုစကား

ကို ပြောရမည့်အစား တောင်အာဖရိကသားသည် ချောင်ဒရီးချလိုက်သော ခက်ရင်းကို မျက်နှာတင်းတင်းနှင့် ကောက်ယူလိုက်ပြီး စားပွဲအလယ်သို့ တွန်ပို့လိုက်ပါသည်။ ထို့နောက် သူ့ဘာသာသူထ၍ မီးဖိုချောင်တွင်းက ခက်ရင်းသစ်တစ်ချောင်း ယူလာပါသည်။

ချောင်ဒရီးမှာ အံ့အားသင့်သွားပြီး သူ့မျက်နှာတွင်လည်း ရုတ်တရက် ရှက်သွေးဖြာကာ နီးမြန်းသွား၏။ စာရေးသူလည်း ရင်ထဲတွင် နှင့်ခနဲ ဖြစ်သွားသည်။ သူလုပ်ပုံကိုလည်း မီးဖိုထဲမှထွက်လာသော မစ္စစ်ကိုမင်က မြင်လိုက်ရာ မျက်နှာပျက်သွားရှာပါသည်။ ချောင်ဒရီးခမျာမှာ နံနက်စာပင် ကောင်းစွာ မစားနိုင်တော့ဘဲ ပေါင်မုန့်တစ်ချပ် လက်ဖက်ရည်တစ်ခွက်သာ စားသောက်ပြီး အသာအယာ ထွက်သွားရှာပါသည်။ စာရေးသူလည်း ကြက်ဥကြော်ပင် မျိုမကျတော့ဘဲ ရင်တွင်း၌ ခံပြင်းစိတ်က ပြည့်ကျပ်နေပါတော့သည်။ လက်ဖက်ရည်ခွက်ကို ခွက်ဆင့်မော့ပြီး ကျောင်းသွားရန် မြေအောက်ဘူတာသို့ သုတ်ခြေတင်ခဲ့ပါသည်။ မီးရထားပေါ်တွင် အသားမည်း၊ အသားညို၊ အသားဝါ၊ အသားလတ်၊ အသားဖြူ၊ အသားကော်ဖီရောင် စသည့်ဖြင့် အသားရောင်ပေါင်းစုံကို မြင်တွေ့ရင်း စားပွဲမှအဖြစ်အပျက်နှင့် ဆက်တွေးကြည့်နေမိသည်။ 'တကယ်တော့ လူတွေဟာ မီးရထားပေါ်က ခရီးသည်တွေလိုပါပဲလား။ ခေတ္တဆုံကြရပြီး ကိုယ့်ဆင်းမယ့် ဘူတာကျတော့ ဆင်းသွားကြတယ်'

နောက်တစ်ပတ်လောက်အကြာတွင် အိမ်အတူနေ ဗီယက်နမ်ကျောင်းသားနှင့် အိမ်အပေါက်ဝ၌ ဝင်တိုးမိပါသည်။ သူက နှုတ်ဆက်ပြီး...

"မစ္စတာညွှန့်၊ ကျွန်တော်တို့ထဲမှာ လူထူးလူဆန်းတစ်ယောက် ရောက်နေတာ သတိထားမိသလား။ အိမ်ကလည်း အရင်လို ပျော်စရာ မကောင်းတော့ဘူးဗျ"

"တောင်အာဖရိကသားကို ပြောတာမဟုတ်လား။ သတိထားမိတယ်ဗျ"

"တော်တော် လူပါးဝတယ်။ သူ့အရပ်မှာ အသားအရောင်ခွဲခြားတဲ့ ဝါဒ လုပ်တာ အရေးမဟုတ်ဘူး။ ဒီလန်ဒန်မြို့ကြီးမှာ ဒါမျိုးလာလုပ်တာ မခံနိုင်ဘူးဗျ။ ပြီးခဲ့တဲ့စနေနေ့က ကျွန်တော်အိမ်ကထွက် သူက အိမ်ထဲကို အဝင် ကျွန်တော်က ယဉ်ကျေးတဲ့အနေနဲ့ တံခါးကိုပြန်မပိတ်ဘဲ ဖွင့်ပြီးကိုင်

ပေးထားတယ်။ ဒီတိရစ္ဆာန်က တံခါးကိုကိုင်ပြီး ဆောင့်ပိတ်လိုက်တယ်။ ပြီးတော့ ပြန်ဝင်သွားတယ်ဗျ"

"ခင်ဗျားက ဘာဟုတ်သေးလဲ၊ မစ္စတာချောင်ဒရီး ခံရတာကမှ ဒီထက်ဆိုးသေး"

စာရေးသူက အဖြစ်အပျက်ကို ရှင်းပြနေစဉ် ပါရှန်ကျောင်းသားက အိမ်ထဲမှ ထွက်အလာ...

"ဘာတွေများ လေပစ်နေကြတာလဲဗျ"

"ခွေးတိရစ္ဆာန်အကြောင်းပေါ့။ လူဖြစ်ပြီး ရိုင်းစိုင်းတဲ့ အာဖရိကသား အကြောင်းပါ"

ဗီယက်နမ်ကျောင်းသားက ပြန်ပြောလိုက်ပါသည်။

"ဟုတ်သဗျ၊ ကျုပ်က ဒီကောင့်အကြောင်း ခင်ဗျားတို့ကို ပြောမလို့ တနင်္ဂနွေနေ့က ကျုပ်မိန်းကလေးသူငယ်ချင်းဆီ ဖုံးဆက်တုန်း သူဆင်းလာပြီး...

"မင်းတို့ အသားရောင်စုံရှိတဲ့လူတွေ (Coloured People) ဟာ ဖုန်းဆက်တာကြာတယ်" လို့ လူမျိုးရေးထိခိုက်ပြီး ပြောတယ်ဗျ၊ ကျုပ်ကလည်း ခင်ဗျား ဖုန်းဆက်ချင်ရင် ကျုပ်ဖယ်ပေးမှာပေါ့။ ကျုပ်တို့ကို အသားရောင်ရှိတဲ့သူတွေဆိုတော့ ခင်ဗျားက အရောင်မရှိတဲ့ ထုတ်ချင်းပေါက် မြင်ရတဲ့လူပေါ့ (Colourless, transparent person) လို့ ပြန်ထုတ်လိုက်တော့ ငနဲကြီး အတော်အောင့်သွားတယ်"

"ဒီကောင်ကို ကျွန်တော် တစ်နေ့နေ့ ထိုးမိမယ်ဗျ"

ဗီယက်နမ်ကျောင်းသားက ဒေါသနှင့် ဆိုပါသည်။

"ကျုပ်ကတော့ အပြတ်ရှင်းပစ်ချင်တာ"

ပါကစ္စတန်ကျောင်းသားက သူ့ထက်ကဲသေးသည်။

"မလုပ်ကြပါနဲ့ဗျာ၊ အိမ်ရှင်အဘွားကြီးလည်း ဒီကိစ္စသိပါတယ်။ သူဘယ်လို စီစဉ်မယ် မသိသေးဘူး" စာရေးသူက ဖျောင်းဖျရပါသည်။

"ကျုပ်ကတော့ ကျုပ်တို့တစ်တွေစုပြီး အရေးဆိုချင်တယ်။ ဒီကောင်ကို အိမ်က နှင်ပေးရင်ပေး၊ မပေးရင်တော့ ရပ်ကွက်ကောင်စီကိုတိုင်မယ်။ ဒါမှမရရင် သံရုံးကနေပြီး ပြည်ထဲရေးဌာနကို ကန့်ကွက်စာတင်အောင် လုပ်မယ်"

ပါကစ္စတန်ကျောင်းသား ပြောပြန်၏။

"ဒီအထိလုပ်ဖို့ မလိုသေးဘူးထင်တယ်ဗျ"

စာရေးသူက ယင်းသို့ ပြောလိုက်စဉ် ချောင်ဒရီးသည် လက်ဆွဲအိတ် ဆွဲ၍ နားကြပ်ကိုင်ကာ ဆေးရုံမှပြန်အလာ စကားဝိုင်းထဲသို့ ဆွဲခေါ်လိုက်ကြပြီး ကိစ္စကို ပြောပြကြ၏။ ချောင်ဒရီးမှာ ဟိန္နူအမျိုးသားဖြစ်ပြီး စာရေးသူတို့အထဲတွင် အသက်အကြီးဆုံးဖြစ်၏။ အသက် ၄၀ ကျော်ခန့် ရှိပြီး ဆေးဘွဲ့လွန်သင်တန်း လာတက်နေသော ဆရာဝန်ဖြစ်ပါသည်။ စိတ်ရှည်၍ သည်းခံတရားနှင့်ပြည့်သူဖြစ်၏။

"သည်းခံကြပါဗျာ၊ ကျုပ်တို့ ဒီလိုတုံ့ပြန်တဲ့နည်းနဲ့ အရာမရောက်ပါဘူး။ ဒီကောင်ကို စိတ်ဓာတ်နည်းနဲ့ တိုက်မှကျွတ်မှာ။ သူနောင်တရအောင် လုပ်ဖို့ တစ်နေ့တော့ အခွင့်အလမ်း ပေါ်လာပါလိမ့်မယ်"

တစ်လခန့်ကြာသွားပြီး တောင်အာဖရိကသားသည် ပြဇာတ်ပညာသင်ကျောင်းတွင် ညနေသင်တန်း တက်နေသူဖြစ်၏။ သူကိုယ်တိုင် ပြဇာတ်တိုများရေးပြီး ကျောင်းတွင် သင်ပြနေသည်ဟု မစ္စစ်ကိုမင်ထံမှ တစ်ဆင့်သိရသည်။ တစ်ညတွင် သူရေးပြီး လက်ရေးမူများကို အရေးတကြီး လက်နှိပ်စက်ရိုက်ရန် လက်နှိပ်စက်တစ်လုံး လိုချင်လာသည်။ နောက် ၂ ရက်အတွင်း ယင်း ပြဇာတ်တိုများကို စာစစ်အဖွဲ့သို့ အချိန်မီ တင်ပြရမည်ဖြစ်သည်။ စာရေးသူတွင် လက်နှိပ်စက် ရှိကြောင်းသိ၏။ သူက ခေတ္တ ငှားလိုသည်။ သို့သော် သူလုပ်ခဲ့မိသော အပြုအမူများကြောင့် ကိုယ်တိုင်မလာရဲပါ။ မစ္စစ်ကိုမင်ထံ ချဉ်းကပ်ပြီး လက်နှိပ်စက် တစ်ည နှစ်ည ငှားရန် အပြောခိုင်းပါသည်။ သူ၏ ရိုင်းပျသောအပြုအမူကြောင့် မစ္စစ်ကိုမင်က သူခိုင်းသည်ကို ငြင်းသော်လည်း ကပ်ပြောနေသဖြင့် ဝတ်ကျေတမ်းကျေသဘောဖြင့် စာရေးသူထံ ရောက်လာပါသည်။ အမျိုးသားကမူ သူ့နောက်မှ လိုက်ပါလာပြီး မျက်နှာအောက်ချထားပါသည်။

"မစ္စတာညွှန့်၊ မစ္စတာဘရန်နီကန်က အကူအညီတစ်ခု ပေးပါလို့ မေတ္တာရပ်ခံချင်လို့တဲ့။ ရှင့်လက်နှိပ်စက်ကို တစ်ည၊ နှစ်ည ငှားပါတဲ့။ သူ့မှာလည်း အရေးတကြီး စက်ရိုက်ပြီး စာစစ်အဖွဲ့တင်ပြရမှာဖြစ်လို့တဲ့။ စာရေးမခိုင်းရင်လည်းကြာနေရင် အချိန်မမီမှာစိုးလို့ သူကိုယ်တိုင်ရိုက်မယ်။ ငှားခ

လည်း ပေးပါမယ်တဲ့။ ကျွန်မ ပြောရတာတော့ မရဲပါဘူး။ သူက ရှင်တို့နဲ့ အကျွမ်းတဝင်မနေဘဲ ခပ်စိမ်းစိမ်းလုပ်နေတဲ့သူ မဟုတ်လား"

စာရေးသူစိတ်ထဲတွင် ဤပုဂ္ဂိုလ်အပေါ် လက်စားချေရန် အကွက်ဆိုက်ပြီ၊ ကောင်းကောင်းကြီး တုံ့ပြန်လိုက်မည်။ သူလိုလူကို မည်သည့် ပစ္စည်းမျှ မငှားနိုင်ကြောင်း ပြောလိုက်မည်ဟု ဆုံးဖြတ်လိုက်မိ၏။ တစ်ဖန် စက္ကန့်ပိုင်းအတွင်း တစ်မျိုးတွေးမိပြန်သည်။ သူရိုင်းစိုင်းသည်ကား မှန်သည်။ သို့သော် သူ အလွန်အရေးကြီး၍ သူ့မာနကိုချပြီး အကူအညီတောင်းခြင်းဖြစ်သည်။ သူလည်း ကျောင်းသား တစ်ဦးဖြစ်သည်။ စာမေးပွဲအတွက် လုံးပန်းနေသည်။ ကူညီလိုက်မှ တော်မည်။

"အခကြေးငွေပေးဖို မလိုပါဘူး၊ ကျွန်တော်တို့တစ်တွေဟာ တစ်အိမ်တည်းနေ ကျောင်းသားတွေချည်းပဲ၊ တစ်ယောက်ကိုတစ်ယောက် ကူညီရတာပေါ့။ လက်နှိပ်စက်ကို ယူသွားပါ။ အားလုံးရိုက်ပြီးမှ ပြန်ပေးတာပေါ့"

"ကျေးဇူးတင်ပါတယ်ရှင်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

မစ္စစ်ကိုမင်နှင့် ဘရန်နီကန်တို့က တစ်ပြိုင်တည်း ပြောလိုက်ကြ၏။ တောင်အာဖရိကသားသည် လက်နှိပ်စက်ကို သူ့အခန်းသို့ သယ်သွားရင်း 'ကျေးဇူးတင်ပါတယ်ခင်ဗျာ' ဟူသော စကားကို ခြောက်ကြိမ်ထက်မနည်း ပြောသွား၏။

တစ်ပတ်အကြာတွင် လက်နှိပ်စက်နှင့်တကွ ကိတ်မျိုးစုံပါသောသေတ္တာတစ်လုံးပါ စာရေးသူအခန်းသို့ ပြန်ရောက်နေပါသည်။ သေတ္တာပေါ်တွင် 'ကူညီမှုကို အသိအမှတ်ပြုသောအားဖြင့်'ဟု ရေးထားပြီး တောင်အာဖရိကသား၏လက်မှတ် ထိုးထားသည်။ နောက်နေ့နံနက်စားပွဲတွင် ယင်းကိတ်မုန့်များကို တစ်အိမ်သားလုံးဝေကျွေးရန် မစ္စစ်ကိုမင် လက်သို့ အပ်လိုက်ပါသည်။ တောင်အာဖရိကသား၏ အမူအရာပြောင်လဲလာသည်ကို သတိထားမိပါသည်။

နောက်တစ်လခန့်ကြာသွား၏။ အင်္ဂလန်၏ဆောင်းရာသီသည် အဆစ်များကျင်လာအောင် ချမ်း၏။ ထိုနှစ်ကား အထူးအေးသောနှစ်ဟု ဆိုသည်။ တောင်အာဖရိကားသည် အအေးမိပြီး အိပ်ရာတွင် ဘုန်းဘုန်းလဲ ပါတော့သည်။ အဖျားတက်ပြီး ကယောင်ချောက်ချား ဖြစ်နေလေပြီ။ မစ္စစ်ကိုမင်က ဆေးရုံ

တင်ရန် ဖုန်းဆက်ပြီး လူနာတင်ကားခေါ်ထားသော်လည်း ရုတ်တရက် မလာသေး။ ထို့ကြောင့် ချောင်ဒရီးအခန်းလာခေါက်ပြီး တဆိတ်ကြည့်ပေးပါရန်ပြော၏။ ရိုင်းပြစွာအပြုခံထားရသော ချောင်ဒရီးမှာ အနည်းငယ်နောက်တွန့်နေသဖြင့်...

"ဒေါက်တာရယ်၊ လိုက်သာကြည့်ပေးပါ။ ဒီတစ်ခါ ဒင်းရိုင်းစိုင်းရင် တော့ ကျွန်မကိုယ်တိုင်ပါးချပြီး အိမ်ကပါနှင်ချပါမယ်။ သူလည်း ယခု စိတ်တွေပြောင်းလာပါပြီရှင်"

ချောင်ဒရီးသည် သူ့ဆေးသေတ္တာနှင့် နားကြပ်များကိုယူပြီး လိုက်သွား၏။ ဆေးထိုး၊ အဖျားကျဆေးတိုက်၊ ရင်ဘတ်တွင် ဆေးလိမ်းစသည်ဖြင့် အမျိုးစုံကုပေးရှာ၏။ တစ်နာရီကျော်ခန့်အတွင်း အဖျားကျပြီး စကားပြောနိုင်ဟန်ရှိလာသည်။ ဆေးရုံကားလာသောအခါ မလိုက်လိုကြောင်း ခေါင်းခါပြသဖြင့် ပြန်လွှတ်လိုက်ရ၏။ ချောင်ဒရီးကလည်း ဆေးရုံတင်ရန်မလို၊ သူ ကုပေးမည်ဟု ကတိပြု၏။ ချောင်ဒရီးအား သူစော်ကားမိသည်တို့ ခွင့်လွှတ်ပါရန် မျက်ရည်များလိမ့်ဆင်းလျက်ရှိသော မျက်လုံးအစုံနှင့် ကြည့်ခြင်းဖြင့် တောင်းပန်နေရှာလေပြီ။ သူ့အမှားကို ပါးစပ်မှ ဝန်မခံဝံ့၊ နှလုံးသားမှ ပြောနေလေပြီ။ အားလုံးကြားကြပါသည်။

ချောင်ဒရီးကား နံနက်တစ်ခေါက်၊ ညနေတစ်ခေါက်ကျ သူ့ထံသွား၍ ကုသပေးပါသည်။ ၁၅ ရက်ခန့် ကုသပေးရာ လုံးဝနာလန်ထလာပါတော့သည်။ သူ၏ အသားရောင်ခွဲခြားသော စိတ်သည်လည်း သူ့အဖျားရောဂါနှင့်အတူ တစ်ပြိုင်တည်း ပါသွားလေပြီ။

ထိုအချိန်မှစ၍ ဘရန်နီကန်သည် စာရေးသူတို့ အာရုံကျောင်းသားများအပေါ် ယဉ်ကျေးစွာ ဆက်ဆံလာရုံမက ဖက်လဲတကင်း ရင်းနှီးစွာပေါင်းသင်းလာပါသည်။ သူကပင် စတင်နှုတ်ဆက်၊ နေရာပေး၊ တံခါးဖွင့်ပေး၊ ခရီးဦးကြိုပြုစသော လောကဝတ်များ ပြုပါသည်။ တစ်နေ့ စကားစပ်မိသဖြင့် သူက တောင်အာဖရိကတွင် အသားအရောင်ခွဲခြားသော ဝါဒကြောင့် လူမျိုးရေး အဓိကရုဏ်းများ ဖြစ်ပေါ်နေကြောင်း ပြောပြပါသည်။ သူ့ဘဝ တစ်သက်တာတွင် လူမည်းထဲမှ လူကောင်းဆို၍ တစ်ခါမှမတွေ့ခဲ့ကြောင်း၊ သူတို့နိုင်ငံတွင် လူဖြူ၊ လူမည်း ခွဲခြားမှုကြောင့် အချင်းချင်း လက်စားချေနေကြ

ကြောင်း၊ ထို့ကြောင့် လူဖြူမဟုတ်သူများအပေါ် အာဃာတထားပြီး ရွံမုန်းမိခဲ့ကြောင်း ယခုမှ နောင်တရမိကြောင်း ဂျိုဟန်နစ္စဘတ်ပြန်လျှင် အသားအရောင်ခွဲခြားရေးဝါဒ (Apartheid) ပပျောက်ရေး လုပ်နေသော လူဖြူများဘက်မှ သူကိုယ်တိုင်ပါဝင်ပြီး တိုက်ပွဲဝင်မည်ဖြစ်ကြောင်း ပြောပြပါသည်။

သူပြန်သွားပြီးနောက် နှစ်စဉ် ခရစ်စမတ်အခါ ရောက်တိုင်း စာရေးသူနှင့် ချောင်ဒရီးတို့ထံ လက်ဆောင်နှင့် နူတ်ဆက်ကတ်ပြားများ ပို့ရပါသည်။ တစ်ညနေတွင် ဘီဘီစီအသံလွှင့်အစီအစဉ်မှ ပင်လယ်ရပ်ခြားသတင်းများကို အသံလွှင့်နေစဉ်တွင် တောင်အာဖရိကဌ အသားအရောင်ခွဲခြားရေးဝါဒ တိုက်ဖျက်နေကြသော လူဖြူခေါင်းဆောင်များ အမည်စာရင်းကို ဖတ်ပြရာတွင် 'မစ္စတာ ဘီလ်ဘရန်နီကန်' ဟူသော အမည်ကို ချောင်ဒရီးနှင့် စာရေးသူတို့ကြားလိုက်မိရာ နှစ်ယောက်သား နှစ်ထောင်းအားရသော အပြုံးနှင့် အချင်းချင်းကြည့်၍ ပြုံးမိကြပါသည်။

စာရေးသူ သတိပြုမိသည်ကား အောင်နိုင်ခြင်းအတွက် အကောင်းဆုံးသောလက်နက်မှာ မေတ္တာတရားပင် ဖြစ်ပါသည်။

❐

မောင်စံရှားစိတ် ပေါက်လာခြင်း

၁၉၅၇ ခုနှစ် ပူနွေးသောနွေ၏ တစ်နံနက်တွင် သွားနေကျ အိန္ဒိယ စာကြည့်တိုက်သို့ မြေအောက်မီးရထားဖြင့် စာရေးသူ ရောက်လာပါသည်။ အိန္ဒိယရုံးစာကြည့်တိုက်မှာ ဗြိတိသျှဝန်ကြီးချုပ်၏နေအိမ်နှင့် ရုံးရှိရာ ဒေါင်းနင်းလမ်းပေါ်ရှိ အစိုးရရုံး အဆောက်အအုံကြီးများနှင့် ကျောချင်းကပ်ရှိသော အိန္ဒိယရုံးအဆောက်အအုံကြီးတွင် ရှိ၏။ ဗြိတိသျှအင်ပါယာကြီး ဘုန်းမီးနေလ ထွန်းပချိန်က အိန္ဒိယရုံးဟုခေါ်ခဲ့သော်လည်း ယခု ထိုရုံးကြီးကို ဓနသဟာယဝင် နိုင်ငံများ ဆက်ဆံရေးဆိုင်ရာရုံးဟု အမည်သစ်ပေးထားပါသည်။ စာကြည့်တိုက်မှာ ယင်းအဆောက်အအုံကြီးရှိ အလယ်ထပ်တွင် ဖွင့်လှစ်ထားပါသည်။

ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီခေတ်က မှတ်တမ်းဖိုင်တွဲများ၊ ဗြိတိသျှ အစိုးရနှင့် ကုမ္ပဏီတို့ အပြန်အလှန်ပေးစာများ၊ ကုမ္ပဏီကိုယ်စားလှယ်များ တင်သွင်းသော အစီရင်ခံစာများ၊ အိန္ဒိယ၊ မြန်မာ သီဟိုဠ် (သီရိလင်္ကာ) မာလာယု စသော အင်္ဂလိပ်ကိုလိုနီဘဝ ကျရောက်ဖူးခဲ့သည့် အရှေ့တိုင်းနိုင်ငံများနှင့် ပတ်သက်သည့်စာအုပ် စာရွက်စာတမ်းများ သိမ်းဆည်းထားသော မော်ကွန်းဌာန ရှိပါသည်။ ယင်း မော်ကွန်းဌာနသို့ သုတေသီတို့ လာရောက် သုတေသနလုပ်ကြရင်းက တဖြည်းဖြည်း စာကြည့်တိုက်အဖြစ်သို့ ပြောင်းလဲပေးလိုက်သော စာကြည့်တိုက်ဖြစ်ပါသည်။ စာကြည့်တိုက်သို့ လာရောက် သူများအနက် သုတေသနလုပ်သော အရှေ့တိုင်းတက္ကသိုလ်ကျောင်းသားများက အများစုဖြစ်၏။

စာကြည့်တိုက်မှ လှမ်းကြည့်လိုက်ပါလျှင် ဗြိတိသျှပါလီမန်အဆောက်အအုံကြီးများ၊ နိုင်ငံခြားရေးရုံး၊ စိန့်ဂျိမ်းစ် ဥယျာဉ်ကြီး၊ စစ်ရုံးကြီး၊ ဝန်ကြီးချုပ်နေအိမ်ရုံးနှင့် စကော့တလန်ယာဒ် အဆောက်အအုံတို့ကို မြင်တွေ့ရပါသည်။ အားလုံးမှာ ၁၅ မိနစ်ခန့် လမ်းလျှောက်သွားလျှင် ရောက်နိုင်သော နေရာများဖြစ်၏။ စာရေးသူသည် နေ့ခင်း ၁၂ နာရီအထိ နေ့လည်စာ စားချိန်တွင် စားပြီးနောက် စာကြည့်တိုက် အနီးအနားပတ်ဝန်းကျင်သို့ လမ်းလျှောက်ထွက်လေ့ရှိသဖြင့် ယင်းအဆောက်အအုံများနှင့် အကျွမ်းတဝင် ဖြစ်နေပါသည်။

ထိုနေ့ကား ပူနွေးသောနွေ၏ သာယာသောနံနက်ခင်းဖြစ်သည်။ အနွေးထည်များ ဝတ်ရန်မလို၊ ပေါ့ပါးလွတ်လပ်စွာ နေနိုင်သောနေ့ဖြစ်သည်။ ကောင်းကင်သည် ကျီးဥရောင်ပြာလဲ့နေသည်။ ဥယျာဉ်များနှင့် အဆောက်အအုံ ပြတင်းဝများ၌ စိုက်ထားသော ကျူလစ်ခေါ် ဂမုန်းပန်းပွင့်များမှာ ရောင်စုံဖြာ၍ လှနေကြ၏။ ရာသီဥတုကောင်းသောနေ့ဖြစ်၍ ပြင်ပသို့ ထွက်လည်ကြသဖြင့် စာကြည့်တိုက် လူရှင်းနေခြင်းဖြစ်သည်။ နွေရာသီ၌ နေ့တာရှည်သောကြောင့် ည ၁၀ နာရီထိ နေရောင်မပျောက်ဘဲ ရှိနေတတ်၏။ ထို့ကြောင့် ခရီးထွက်လည်ပတ်ရန် ကောင်းသောအချိန်တွင် တွေ့လိုသူနှင့် ချိန်းတွေ့ကြပြီး လျှောက်လည်တတ်၏။

စာရေးသူအဖို့ကား ဤအချိန်မျိုးတွင် စာကြည့်တိုက်အလုပ်လုပ်ကောင်းသောအချိန်ဖြစ်၏။ လူရှင်းသောကြောင့် ထိုင်ခုံနေရာ ချောင်လည်သည်။ စာအုပ်ငှားချိန် အလှည့်စောင့်ဖို့မလို၊ အဘိဓာန်၊ စွယ်စုံကျမ်း စသော အမှီးကျမ်းများကို လွတ်လပ်လွယ်ကူစွာ ဆွဲယူအသုံးပြုနိုင်ပါသည်။

စားပွဲထိုင်ပြီး မှတ်တမ်းဖိုင်တစ်ခုဖွင့်ဖတ်၍ နာရီဝက်ခန့်မကြာမီ စာကြည့်တိုက်မှူး မစ္စစ်ဆက်တန်သည် စာရေးသူအနားသို့ ခြေဖော့နင်းလာပြီး ယဉ်ကျေစွာဖြင့်...

"မစ္စတာညွန့် တစ်ဆိတ်လောက်ရှင်၊ ၂ မိနစ်၊ ၃ မိနစ်လောက် ခွင့်ပြုပါ။ ရှင် စာကြည့်ပျက်သွားတာကိုတော့ ကျွန်မ ဝမ်းနည်းပါတယ်။ စကော့တလန်ယာဒ်က ရှင့်ကို စကားပြောချင်လို့တဲ့"

နှစ်ကိုယ်ကြားလေသံနှင့်ပြောလိုက်ရာ ကျွန်တော့်မှာ စကော့တလန်ယာဒ် ဆိုသော စကားလုံးပါလာသဖြင့် ရုတ်တရက် ထိတ်လန့်သွားပါသည်။

ငါ ဘာများ အပြစ်ကျူးလွန်းမိပါလိမ့်၊ ငါ့အိမ်က အိမ်ထိန်းအဒေါ်ကြီးနဲ့များ ပတ်သက်နေသလား၊ ငါ ပေါင်းသင်းနေတဲ့ သူငယ်ချင်းတစ်ယောက်ယောက်များ အမှုဖြစ်နေသလား။ သို့လော သို့လော တွေးမိရင်းက...

"ဟုတ်ကဲ့ခင်ဗျာ၊ ကိစ္စမရှိပါဘူး၊ ရပါတယ်၊ ကျွန်တော်က သွားတွေ့ရမှာလား၊ ဘာကိစ္စပါလိမ့်"

"ကျွန်မရဲ့ ရုံးခန်းထဲက ဖုန်းနဲ့စကားပြောပါဦး၊ သူတို့က ဖုန်းနဲ့ဆက်တာပါ။ အင်စပတော်က ဖုန်းကိုင်ထားတယ်။ ရှင့်ကို ခေါ်ခိုင်းလိုက်လို့ ကျွန်မ လာခေါ်တာ"

မစ္စစ်ဆက်တန်၏ ရုံးခန်းထဲအရောက် ဖုန်းကို ကောက်နားထောင်လိုက်စဉ် ခဲ့ညားတည်ကြည်သောအသံက...

"မြန်မာကျောင်းသား မစ္စတာညွှန့်မှတ်တယ်။ နေကောင်းရဲ့နော်။ ရာသီဥတုက သိပ်သာယာတာပဲ၊ ဘယ်မှမလည်ဘူးလား"

ကွဲကွာပြီးမှ ပြန်တွေ့ရသော မိတ်ဆွေဟောင်းတစ်ဦးက နှုတ်ဆက်သလို ပြောနေ၏။ အမှန်မှာ ဒီအသံကို လုံးဝမကြားဘူးပါ။ အတော်အံ့သြမိပြီ။ စာရေးသူ အာလာပသလ္လာပစကားကို ပြန်ဖြေပြီးနောက်...

"ဒါနဲ့... ကျွန်တော် ခင်ဗျားကို သိပါသလား။ မမှတ်မိရင်လည်း စိတ်မရှိပါနဲ့၊ ခင်ဗျားဘယ်သူလဲ"

"ကျွန်တော် စကော့တလန်ယာဒ်က အင်စပက်တော် သွန်မဆင်ပါ။ မစ္စတာညွှန့်ကို ကျွန်တော် သိပါတယ်။ ခင်ဗျားကတော့ ဘယ်သိမလဲ။ ဒါကတော့ စုံထောက်တို့ရဲ့ လုပ်ငန်းတွေပါ။ ဒါတွေ အသာထားပြီး ဒီနေ့ နေ့လည်စာလွတ်ချိန် ခင်ဗျားလမ်းထွက်လျှောက်ရင် ကျွန်တော့်ရုံးကို ဝင်ခဲ့ပါလို့ ပြောမလို့ပါ။ ခင်ဗျားထဲက ကျွန်တော်တို့ အကူအညီတောင်းမလို့ပါ။ ဖုန်းကနေ မပြောလိုပါဘူး"

"တော်ပါသေးရဲ့ဗျာ၊ ကျွန်တော်က ဘာအမှုများ လာပတ်သက်နေသလဲလို့ ထိတ်နေတာ၊ ကျွန်တော်တတ်နိုင်တာဆိုရင် ကူညီဖို့ အဆင်သင့်ပါ။ ကျွန်တော်လာခဲ့ပါ့မယ်။ ဒါပေမယ့် ကျွန်တော်ခင်ဗျားကိုလည်း မမြင်ဘူးတော့"

"လာသာလာခဲ့ပါ၊ ကျွန်တော် ရုံးရှေ့ကစောင့်နေပါမယ် ဘိုင်...ဘိုင်"

ယင်းသို့ ပြောပြီး ဖုန်းခွက်ကို ချလိုက်၏။

အင်စပက်တာ သွန်မဆင်သည် ရုံးပေါက်ဝတွင် ဆီးကြိုနေနှင့်သည်။ အသက် (၄၀) တစ်ဝိုက်၊ နူတ်ခမ်းမွေးပါးပါးနှင့် နှာတံပေါ်ပေါ် အပြာနုရောင် မျက်လုံးစုံ မေးရိုးကားနှင့် အလွန်ခံ့ညားဏ်။ အရပ်မှာ ၆ ပေ နီးပါးရှိမည် ထင်ရ၏။ ငယ်ငယ်တုန်းက ဖတ်ဖူးသောဝတ္ထုထဲမှ ရှာလော့ဟုမ်းဆိုတာ ဤလိုရုပ်မျိုးရှိမည်ဟု မှတ်ချက်ချမိသည်။ သူက ချိုသောမျက်နှာနှင့် လက်လှမ်းကာ လက်ဆွဲနှုတ်ဆက်ရင်း...

"ကျွန်တော် သွန်မဆင်ပါ၊ ခင်ဗျားလည်း နေ့လည်စာ မစားရသေးတော့ ကျွန်တော်နဲ့ နေ့လည်စာစားရင်း ကိစ္စကို ပြောကြတာပေါ့"

"ကျွန်တော် နေ့လည်စာ မစားရသေးတာ ခင်ဗျားကို ဘယ်သူပြောသလဲ"

စာရေးသူက အံ့သြစွာမေးလိုက်ပါသည်။

"ဘယ်သူပြောဖို့ လိုသေးသလဲ။ ခင်ဗျားတို့ စာကြည့်တိုက် ကန်တင်း (စားသောက်ဆိုင်) က နေ့လည်စာချိန် ၁၂ နာရီမှာ စဖွင့်တယ်။ ခင်ဗျား ကျွန်တော့်ဆီ ရောက်လာတာ ၁၂ နာရီ ၁၀ မိနစ်၊ အမြန်လျှောက်ရင် ၈ မိနစ်နဲ့ ရောက်တယ်။ ဒါပေမယ့် မှန်မှန်လျှောက်လာပြီး လမ်းကူးမျဉ်းကျား ဖြတ်ဖို့စောင့်ရင် ၂ မိနစ်လောက် ပိုကြာမယ်။ ဒီတော့ ခင်ဗျား နေ့လည်စာ မစားရသေးဘဲ ဒီကို တန်းလာတာ ဖြစ်ရမယ်"

စကားပြောရင်း သူ့ရုံးခန်းရှိရာ အပေါ်ဆုံးထပ်သို့ ဓာတ်လှေကားနှင့် ခေါ်သွားပါသည်။

"ကျွန်တော့်ကို သိနေတာ ဘယ်လိုလဲဗျ"

"ခင်ဗျား အမြဲလွယ်နေတဲ့ လွယ်အိတ်က ပြောတာပေါ့"

စာရေးသူမှာ ဘိလပ်လုပ် သားရေလက်ဆွဲအိတ်ကို မသုံး၊ မြန်မာ လွယ်အိတ်သာ သုံးပါသည်။ လွယ်အိတ်တွင် ရန်ကုန်–မြန်မာ ဟူသော အင်္ဂလိပ်စာလုံးများ ဖော်ထုတ်ထားသည်ကို သတိရမိ၏။

အလွန်သပ်ရပ်သော သူ့ရုံးခန်းသို့ ရောက်သွားကြပါသည်။ ကပ်လျက် ရှိသော ထမင်းစားခန်းသို့ ခေါ်သွားပြီး ထိုင်လိုက်ကြ၏။ ကျွန်တော့်ကို မီးနူး (ဟင်းလျာ စာရင်း) ကမ်းရင်း...

"ခင်ဗျား လန်ဒန်တက္ကသိုလ်မှာ အတော်ကြာဦးမှာလား။ အားလ်စကုတ်စကွဲယားမှာ နေရတာ အဆင်ပြေရဲ့နော်"

"အင်စပက်တော်ကြီးက ကျွန်တော့်အကြောင်း အားလုံးသိနေတာပဲ ကျွန်တော်တောင် ကျွန်တော့်အကြောင်း ခင်ဗျားလောက်သိမှာ မဟုတ်ဘူး"

"လူတိုင်းမှာ မျက်စိနှစ်လုံး ပါကြပါတယ်။ ဒီမျက်စိနှလုံးက မြင်ပြတာကို သိရတာထက် ကျွန်တော်ပိုမသိပါဘူး။ ကျွန်တော့် အသက်မွေးဝမ်းကျောင်းက စုံထောက်လုပ်ငန်းဆိုတော့ မျက်လုံးများက ဘာမဆို စူးစမ်းတတ် ကျက်မှတ်တတ် ဖြစ်နေတာပေါ့။ အလေ့အကျင့်ပေါ့ဗျာ။ ကျွန်တော်တို့ အလုပ်ကို ကူညီနိုင်တဲ့သူရှာဖို့ လန်ဒန်တက္ကသိုလ်ကို ဖုန်းဆက်ပါတယ်။ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာ ပြန်ပေးဖို့ မြန်မာတစ်ယောက်ရှာပေးပါလို့ တောင်းတယ်။ သူတို့ပေးတဲ့နာမည် သုံးလေးဦးထဲမှာ ခင်ဗျားနာမည်က ရှည်ပါတယ်။ ဘီဘီစီနဲ့ နိုင်ငံခြားရေးရုံးကခိုင်းလို့ ခင်ဗျားဘာသာပြန်ပေးဖူးတယ်လို့လည်း ပြောလိုက်တယ်။ ဒါနဲ့ ကျွန်တော် ခင်ဗျားအိမ် ဖုန်းဆက်တော့ စာကြည့်တိုက်မှာလို့ လင်းလေဒီက ပြောတယ်။ ကျွန်တော်မြင်ဖူးတဲ့ သူများဖြစ်မလားလို့ နိုင်ငံခြားသားမှတ်ပုံတင် ဖိုင်တွဲမှာရှာကြည့်တော့ ခင်ဗျား စာတ်ပုံနဲ့ နာမည်ကိုတွေ့တယ်။ ဒါကြောင့် ခင်ဗျားအကြောင်း ကြိုသိနေတာပါ။ ဒါတွေဟာ ဘာဆန်းသလဲဗျ။ ခင်ဗျားလည်း စူးစမ်းတတ်ရင် ဖြစ်တာပဲ"

"ကျွန်တော် ကူရမယ့် ကိစ္စကို ဆိုစမ်းပါဦး"

"ဘာသာပြန်ပေးဖို့ ကိစ္စပါ။ လူသတ်မှုကျူးလွန်တယ်လို့ သံသယဖြစ်ခံရတဲ့ မြန်မာသဘော်သားတစ်ဦးရဲ့ အိတ်ထဲက မြန်မာလိုရေးထားတဲ့ စာတစ်စောင်ကို မစ္စတာညွှန့်က အင်္ဂလိပ်လို ဘာသာပြန်ပေးဖို့ပါ။ ၁၉၅၇ ခုနှစ် ဒီဇင်ဘာလကုန်လောက်က ဟင်ဒါဆင်သဘော်ကုမ္ပဏီပိုင် လူစီးကုန်တင်သဘော် အက်စ်အက်စ်သံလွင်ဟာ ရန်ကုန်က လီဗာပူးလ်ကိုအလာ ဘင်္ဂလားပင်လယ်အော်ထဲအရောက် သဘော်သားအချင်းချင်းရန်ဖြစ်ပြီး တစ်ဦး အသတ်ခံရတယ်။ ဘယ်သူသတ်တယ်ဆိုတာ တပ်အပ်မပြောနိုင်ဘူး။ ရန်ဖြစ်တဲ့ အထဲမှာ ကုလားနဲ့မြန်မာသဘော်သား ငါးဦးထက်မနည်းပါတယ်။ မြန်မာသဘော်သား မောင်... ကိုတော့ ချုပ်ထားရပါတယ်။ သူ့အိတ်ထဲက မြန်မာလိုရေးထားတဲ့ စာတစ်စောင်ရထားတယ်"

"ဒီစာ ဘယ်မှာလဲ"

"ကျွန်တော့်ရုံးခန်းမှာ သိမ်းထားပါတယ်။ စာကို ဓာတ်ပုံရိုက်ထားတယ်။ ရေစာ၊ မှန်စာ၊ လျှို့ဝှက်စာတွေများ ပါလိုပါငြား၊ အားလုံးစစ်ဆေးပြီးပြီ။ ဒါပေမယ့် ခင်ဗျားက တဆိတ် ကြည့်ပြောပါဦး"

နေ့လည်စာ စားပြီးကြသဖြင့် လက်ဖက်ရည်ခွက် ကိုယ်စီကိုင်ကာ သူ့ရုံးခန်းသို့ လိုက်ပါသွားရပါသည်။ ရုံးခန်းတွင် သေချာစွာ သော့ပိတ်သိမ်းထားသော အာမခံသေတ္တာထဲမှစာကို ညှပ်နှင့်ညှပ်ယူပြီး ဆလိုက်မီးနှင့် အကြိမ်ကြိမ်ထိုးပြပါသည်။ လက်ရာများ၊ မင်စွန်း၊ မင်စများ၊ ဖောင်တိန်ဖျက်ရာများမှအပ မည်သည့်လျှို့ဝှက်စာကိုမျှ မတွေ့ရကြောင်း ပြောပြလိုက်၏။

"ဒါဖြင့် ဒီစာသားကိုလည်း နှစ်မျိုးပြန်ပေးပါ။ ဆိုလိုတာက တစ်လုံးမကျန် စာသားအတိုင်းပြန်ပေးဖို့ရယ်၊ စာတစ်စောင်လုံးရဲ့ သဘောသကာယကို ပြန်ပေးဖို့ရယ်ပါ။ တစ်ခုတော့ မေတ္တာရပ်ခံပါရစေ။ မစ္စတာညွန့်သိက္ခာကို လေးစားပါတယ်။ ဒါပေမယ့် တာဝန်အရပြောရတာပါ။ အပြစ်ရှိသူကို အပြစ်ပေးဖို့နဲ့ အပြစ်မဲ့သူကို အမှားမဖြစ်စေဖို့က တရားဥပဒေရဲ့ လုပ်ငန်းပါ။ ဒီတော့ ကိုယ့်မြန်မာအချင်းချင်း ရိုင်းပင်းပြီး အပြစ်လျော့အောင်သဘောနဲ့ ညာညာတာတာ ပြန်မပေးဖို့ပါ။ ဒီလို ပြောမိတာ စိတ်မရှိပါနဲ့နော်"

"မရှိပါဘူးခင်ဗျာ၊ ကျွန်တော်သဘောပေါက်ပါတယ်"

သူကမ်းလိုက်သောစာမှာ ညစ်ပေပြီး ကြေနေပါသည်။ လက်ရေးမှာ အလွန်သော့်ပြီး စာမတတ်လှသောသူ ရေးသော လက်ရေးဖြစ်၏။ ဖျက်ရာခြစ်ရာတွေများပြီး သတ်ပုံလည်းမမှန် နေ့စွဲလည်းမပါပါ။ စာသားမှာအောက်ပါအတိုင်းဖြစ်သည်။

"သင့်ခြင်း မောင်ဖိုးဟံ၊ ငါဒေါ် လူသပ်မှုနဲ့ အချုတ်ခံနေဒယ်၊ ဘယ်ဒေါ် လွတ်မယ်မသိဘူး။ မင်းငါ့ကို ကူစမ်းဘာ။ ငါ့မိမ်းမ အေမိတို့ အထုတ်နှထုတ် ရံဂုံက ယူခဲ့ဒယ်။ သင်းဘောပေါ်မှာ မင်းသွားယူပို့ပေးကွာ။ ငါ့မိမ်းမ ကလေးမွေးဂါနီဘီ၊ စိန်မေရီ ဆေးယုံမှာ သူငွေလိုရင် မင်းကပေးဘာ။ နောက် ငါပြန်ပေးမယ်။ သူမွေးရင် ဘာလေးမွေးဒယ်လို့ ငါ့ဆီ လာပြောဘာ။ ငါအဖမ်းခံရတာ သူဂိုမပြောနဲ့။

မင်း သင့်ခြင်း

မောင်...

အင်စပတ်တော်ခိုင်းသည့်အတိုင်း ဘာသာနှစ်မျိုးပြန်ပေးလိုက်ပါသည်။ လူသတ်မှုနှင့် လုံးဝပတ်သက်သော စာမဟုတ်ကြောင်း၊ ကိုယ်ရေးကိုယ်တာ ကိစ္စ၊ လူမှုရေးကိစ္စဖြစ်ကြောင်း၊ အဖမ်းခံရသူ၏မိန်းမ အင်္ဂလိပ်အမျိုးသမီး မီးဖွားတော့မည့်ကိစ္စဖြစ်ကြောင်းလည်း ရှင်းပြလိုက်ပါသည်။

နောက်သုံးပတ်ခန့်ကြာသွား၏။ တစ်ညနေတွင် စာရေးသူသည် ပြဇာတ်ကြည့်ပြီး အိမ်ပြန်လာရာ အိမ်ထိန်းမိန်းမကြီး မစ္စစ်ကိုမင်က ရေးကြီး သုတ်ပျာနှင့် ကျွန်တော့်ထံသို့ ချိပ်ပိတ်စာတစ်စောင် ယူလာပါသည်။ စကော့တလန်ယာဒ်တံဆိပ်နှင့် (O.H. M. S) ဆိုသော စာလုံးများသည် စာအိတ်အညိုရောင်ပေါ်တွင် ပါလာပါသည်။ ထို့ကြောင့် မစ္စစ်ကိုမင်က အထိတ်တလန့် ဖြစ်နေခြင်းဖြစ်ပါသည်။

"မစ္စတာညွှန့် စကော့တလန်ယာဒ်ကစာရှင့်၊ ချိပ်ပိတ်စာကြီး (On Her Majesty's Service) ဆိုတာလည်းပါတယ်"

"ဒီလောက်စိုးရိမ်မနေပါနဲ့ဗျာ၊ ကောင်းသတင်းဖြစ်မှာပါ"

သူ့ရှေ့တွင် စာအိတ်ကို ဖောက်ပြီး ဖတ်လိုက်ရာ စကော့တလန်ယာဒ် စစ်ဆေးနေသော ဆေးခြောက်မှုနှင့် လူသတ်မှုကိစ္စနှင့်ပတ်သက်၍ ဘာသာပြန်အကူအညီပေးသည့်အတွက် ဘုရင်မအစိုးရကိုယ်စားနှင့် စကော့တလန်ယာဒ်ကိုယ်စား ကျေးဇူးတင်ကြောင်း၊ ဤသို့ ကူညီလိုက်သည့်အတွက် အမှုအရှုပ်အထွေးအချို့ ရှင်းသွားကြောင်း။ ကျေးဇူးတုံ့ပြန်သည့်အနေနှင့် ဉာဏ်ပူဇော်ခငွေကို ဘာသာပြန် စကားလုံး တစ်လုံးလျှင် ၂ သျှီလင် ၆ ပဲနိကျနှုန်းနှုံ့စုစုပေါင်းငွေကို ချက်လက်မှတ်နှင့် ပေးပို့လိုက်ပါကြောင်း။ မည်သည့်ဘဏ်မည်သည့်စာတိုက်မဆို ယင်းချက်လက်မှတ်ကိုပြပြီး ငွေထုတ်နိုင်ပါကြောင်း။ နောင်အခါလည်း အကူအညီလိုပါက အကူအညီပေးမည်ဟု မျှော်လင့်မိပါကြောင်း ပါရှိလေသည်။

စာဖတ်ပြီး စာနှင့်အတူ ချက်လက်မှတ်ကို မစ္စစ်ကိုမင်သို့ ပေးဖတ်လိုက်ပါသည်။ မစ္စစ်ကိုမင်သည် ဖတ်ပြီး ဝမ်းသာလွန်း၍ ဂုဏ်ယူမိပါကြောင်း ပြောရှာ၏။ မိခင်က သားကို နမ်းသလို လာနမ်းပါသည်။ စာရေးသူသည် စကော့တလန်ယာဒ်အမှုကို တစ်စိတ်တစ်ပိုင်းက ပါဝင်စုံထောက်ပေးရသဖြင့် မောင်စံရွှားစိတ် အနည်းငယ်ပေါက်လာမိပါ၏။

❐

ထူးဆန်းထွေလာ စံဂေဟာ

၁၉၅၆ ခုနှစ်ကုန်တွင် စာရေးသူသည် 'ကိုမင်' မိသားစုနှင့် ကွေကွင်း ရပါသည်။ အိမ်ပိုင်ရှင် ဂျူးလူမျိုးမစ္စတာဂျေးကွပ်မစ်ချယ်က အိမ်ကိုရောင်းပြီး အစ္စရေးပြန်ရန် စီစဉ်ရပါသည်။ ထိုနှစ်တွင် အီဂျစ်၊ အစ္စရေး စစ်သဖြင့် စူးအက်တူးမြောင်း ပိတ်သွားရာ ဘိလပ်တွင် ကုန်ဈေးနှုန်းများတက်လာသည်။ ထို့ကြောင့် စားဝတ်နေရေးလည်းခက်၊ နေစရာအိမ်လည်း လက်လွှတ်ရမည် ဖြစ်သော အိမ်ထိန်း 'ကိုမင်' မိသားစုတို့သည် ဆွေးမျိုးရှိရာတောရွာသို့ ပြောင်းတော့မည်ဖြစ်ကြောင်း စာရေးသူ အိမ်ပြောင်းရပါတော့သည်။ ကံအား လျော်စွာ မျက်စောင်းထိုးအိမ်တွင် အခန်းရပါသည်။

အိမ်သစ်သို့ ရောက်လာသော်လည်း အိမ်ဟောင်းသို့ အောက်မေ့၊ ကိုမင် မိသားစုကိုလည်း လွမ်းနေမိ၍ မပျော်သလိုဖြစ်နေသည်။ မပျော်ရုံသာ မက စိတ်ထဲတွင် မသိုးမသန့် ဖြစ်နေပါသည်။ အိမ်သစ်ကြီးသည် ခမ်းနားသော်လည်း မှောင်၍ ကျက်သရေကင်းမဲ့သည်။ အိမ်ရှင်လင်မယား ဂျူးတို့မှာ ဝေလလူမျိုးများဖြစ်ပြီး ဝတ်ကျေတမ်းကျေသာ ဖော်ရွေကြသည်။ သူတို့ကြည့် ရသည်မှာ လျှို့ဝှက်သည့် သဘောဆောင်နေပြီး သူတို့အကြောင်း သူတစ်ပါး သိစေလိုဟန်မတူပါ။ စာရေးသူ၏အခန်းသည် အငယ်ဆုံး ဈေးအပေါဆုံး ဖြစ်သည်။ အခန်းကျယ်ကြီး သုံးခန်းကြားတွင် ရှိသည်။ ယင်းသုံးခန်းနှင့် စာရေးသူအခန်းတို့၌ ဝင်ပေါက်တံခါးများမှာ မျက်နှာချင်းလေးပွင့် ဆိုင်နေပြီး လူတစ်ယောက်လျှောက်ရုံသာကျယ်သော စင်္ကြံကြမ်းကို ကော်ဇောပြည့်

ခင်းထားသည်။ နံရံကပ်မီးထွန်းထားသော်လည်း နေ့ခင်းမှာပင် ခပ်မှိန်မှိန် ဖြစ်နေသည်။

အိမ်သစ်သို့ပြောင်းလာ၍ တစ်လကျော်လာသော်လည်း အခန်းနီချင်းတို့ မည်သူမည်ဝါဟု မသိရသေး။ သူတို့က မိတ်မဖွဲ့သောကြောင့် စာရေးသူသည် ဘိလပ်ယဉ်ကျေးမှုအရ၊ ကိုယ့်သိက္ခာနှင့်ကိုယ် နေလိုက်မိပါသည်။ ယာဘက်ခန်းကျယ်ကြီး၌ အလွန်ချောသော ပြင်သစ်သူတစ်ဦး တစ်ကိုယ်တည်း နေသည်ဟု ခန့်မှန်းရပါသည်။ သူ့ကိုကျောပိုင်းမှ ရိုးတိုးရိပ်တိပ် မြင်ဖူးသည်။ နေ့ခင်းတွင် အခန်းအောင်းနေပြီး အကာလညအခါ ညဉ့်နက် သန်းခေါင်တွင် အပြင်ထွက်ပြီး ခိုးကြောင်ခိုးဝှက်ပြန်လာတတ်သည်။ ခြေသံ မကြားအောင် ဝင်ထွက်တတ်သော်လည်း တစ်ကိုယ်လုံးလိမ်းကျံထားသော အမွှေးအကြိုင်တို့မှ ပျံ့ထွက်လာသော သူမ၏ဂန္ဓာရုံက သူမ၏အဝင်အထွက်လှုပ်ရှားမှုကို သာဓက ပြုနေသည်။ ဥစ္စာစောင့်မပေလား၊ဟုပင် စာရေးသူ ထင်မိသည်။ သူမအတွက် ရိက္ခာလာပို့သော အဘိုးကြီးတစ်ယောက်ကို မကြာခဏ တွေ့ရသော်လည်း မျက်မှန်မည်းတပ်ထား၍ မမှတ်မိပါ။ ဝဲဘက်ခန်းတွင် ဧနသူမှာ အာမက်ခေါ် ပါကစ္စတန်ကျောင်းသားဖြစ်သည်။ ဖုန်း အော်ပရေတာဖြစ်ပြီး ညဂျူတီကျ နေ၍ တစ်ညလုံးအခန်းမှာမရှိ။ နေ့ခင်းတွင် ပြန်အိပ်သည်။

သူ့အခန်းနှင့်ကပ်လျက်ရှိပြီး စာရေးသူအခန်းနှင့် ဓားလွယ်ခုတ်တွင် ရှိသော အခန်းကျယ်တွင် မစ္စတာသောမတ်ဆူးခေါ် ဟောင်ကောင်တရုတ် ကျောင်းသားတစ်ဦးနေပါသည်။ အရပ်ပျပ်ပျပ် ရုပ်ဖြောင့်ဖြောင့်၊ မြှားပွေပုံ ရသည်။ သူ့ထံ မိန်းမချော ဘိုမကလေးတစ်ဦး လာလေ့ရှိသည်။ မစ္စတာ ဆူးသည် စာရေးသူကိုတွေ့တိုင်း ဦးညွှတ်သော်လည်း စကားတစ်ခွန်းမှ ပြောလေ့မရှိပါ။ သူ့အခန်းဝ စာတန်းကတ်ပြားအရ သူ့ဇာတိနှင့် အမည်ကို သိရခြင်းဖြစ်သည်။

ချစ်၍ ရက်စက်ကြသူများ။ ။ အပေါ်ထပ်ကလူများကို ဂရုမပြုမိပါ။ မြေညီထပ်တွင် ဂျုံးတို့လင်မယားနေကြ၏။ သားသမီးများ ရှိဟန်မတူပါ။ သူတို့ထံ ဆွေမျိုးမိတ်သင်္ဂဟလာသည်ကိုလည်း မတွေ့ရ။ အိမ်နေ အခန်းငှားနေသူများနှင့် အရောတဝင်မရှိပါ။ အခန်းခပေးသောအခါမှ စကားပြော ဖူးသည်။ သူတို့ နေသောအပိုင်းကို သီးခြားကာရံထားရာ (Apartment)

ဖြစ်နေသည်။ ပြတင်းပေါက်များ၊ တံခါးဝများကိုလိုက်ကာနှင့် ကာထားသည်။ အကြောင်းရှိက ဆက်သွယ်ရန် လူခေါ်ခေါင်းလောင်းကို အဝင်တံခါးတွင် တပ်ထားသည်။ စာရေးသူအပေါ် သာမန်ခေါ်ထူးမေးပြောလောက်သာ ဆက်ဆံကြသည်။ ရင်းရင်းနှီးနှီး မရှိလှပါ။ ကိုမင်မိသားစုနှင့် ကွာလှပါဘိ။ ဤအိမ်ကြီးနှင့် အိမ်ရှင်တွေ အခန်းနီးချင်းတွေသည် အတော်ဆန်းသည်ဟု သာ အောက်မေ့နေခဲ့ရာ၊ တစ်ညတွင် ပြဇာတ်ကြည့်ပြီး ညဉ့်နက်ပြန်အလာ ဂျူးတို့လင်မယား၏ အခန်းရှေ့မှဖြတ်၍ လှေခါးပေါ်သို့ အတက်လိုက်...

"အိုး... ဒါလင်အချစ်ရယ်၊ ရိုက်သာရိုက်စမ်းပါ။ သွေးတွေစို့အောင် ရိုက်လိုက်ပါ။ မောင့်ကိုချစ်ရင် ရက်စက်လိုက်ပါကွယ်၊ ရက်စက်ပါ"

"ရွှမ်း... ရွှမ်း... ရွှမ်း"

"အို... သွေးတွေစို့ထွက်လာပြီး သွေးတွေ"

"ဟိုက်" စာရေးသူရင်တွင်း ထိတ်ခနဲဖြစ်သွားပြီး၊ ဂျူးတို့ လင်မယား ရန်ဖြစ်ကြပြီအထင်နှင့် ဖျန်ဖြေရန် တံခါးဆီသို့သွားသောအခါ အတွင်းမှ သော့ခတ်ပိတ်ထားသည်ကို တွေ့ရ၏။ ဤတွင် အပေါ်ထပ်ပြေးတက်ရာ မစ္စတာဆူး၏ အခန်းတံခါးပွင့်နေသည်ကို တွေ့ရသောကြောင့် အသာခေါက်လိုက်ရာ ဆူးထွက်လာပါသည်။

"မစ္စတာဆူး၊ အောက်မှာ ဂျူးတို့လင်မယား ရန်ဖြစ်ပြီး ရိုက်နေကြတယ်၊ တံခါးကြီးလည်းအတွင်းက ပိတ်ထားတယ်"

"ရှူးရှူး... တိုးတိုးဗျ၊ တိုးတိုး၊ ရန်ဖြစ်တာမဟုတ်ဘူး။ ချစ်နေကြတာဗျ၊ ချစ်နေကြတာ"

"အို... ဘယ်ဟုတ်မလဲ ကြာပွတ်နဲ့ရိုက်တဲ့အသံတွေ ကျုပ်နားနဲ့ကြားနေရတယ်။ ထပ်ရိုက်ပါဦးလို့လည်း ယောကျ်ားကပြောနေသံ ကြားရတယ်"

"ဟုတ်ပြီလေ၊ အဲဒါပေါ့။ ခင်ဗျား ဒီလိုထူးဆန်းတဲ့ ချစ်ပုံမျိုး မကြားဘူး၊ မကြုံဖူးသေးဘူးထင်တယ်"

ထိုအခိုက်၌ ဆူး၏အခန်းသို့လာနေကျ ဘိုမချော အသင့်ရောက်ရှိနေသဖြင့် ဆူးက ဘိုမဘက်သို့ လှည့်၍ ခေါ်လိုက်သည်။

"ဒေါက်တာ မာရီရေ၊ မင်းရဲ့ မျက်မြင်လေ့လာချက် (Observation) စပြီဗျို့။ ခြေသံမကြားအောင် ကျုပ်နောက်က လိုက်ခဲ့ပါ"

ဒေါက်တာမာရီသည် ဆူးခေါ်ရာနောက်သို့ ခြေဖွနင်းပြီး လိုက်သွား၏။

မစ္စတာဂျုံးကို သူ့ဇနီးက ကြာပွတ်နှင့် နေရာအနှံ့ရိုက်ပေးနေရာ၊ သွေးစင်းကြောင်းများ ကြာပွတ်ရာများ ပြည့်နေသည်။ မယားက လင့်ကိုယ် ပေါ်တွင် စိုထွက်နေသော သွေးတို့ကို လျှာနှင့် လျက်နေကြောင်း ပြောပြရာ၊ စာရေးသူ၏နှလုံးသွေးကြောများ ရပ်ဆိုင်းသွားသည်ဟု ထင်လိုက်ရ၏။

"ဟယ်... သွေးစုပ်ဖုတ်ကောင် လင်မယား: (Human Vampires) တွေများလားမသိပါဘူး" ဟု စာရေးသူက ထင်မြင်ချက်ပေးမိ၏။

"နိုး နိုး... ဒါက လျှို့ဝှက်ဆန်းကြယ်တဲ့ လင်မယားပေါင်းဖော်မှု တစ်မျိုးရှင့်၊ (Sadism) ဆက်ဒစ်ဇင်းလို့ခေါ်တယ်"

ဒေါက်တာမာရီက ရှင်းပြပါသည်။

"လန်ဒန်က ကမ္ဘာမြို့တော်ကြီးဆိုတော့ လူပေါင်းစုံတယ်။ ထူးဆန်း ထွေလာတွေလည်းပေါတယ်။ ခင်ဗျားက ဘိလပ်ရောက်စဆိုတော့ ဒါတွေ မသိသေးဘူး။ ကျွန်တော်က ဒီမှာနေတာကြာပြီဆိုတော့ အတော်အတန် သိနေပြီ။ ကျွန်တော့်သူငယ်ချင်းမ ဒေါက်တာမာရီက လိင်စိတ်၏ လျှို့ဝှက် ဆန်းကြယ်မှုနှင့် ထွေပြားမှု (Complexities and variations of sexual behaviorism) အကြောင်း ဆေးသုတေသနစာတမ်းတစ်စောင် တင်သွင်းဖို့ အချက်အလက်တွေ စုဆောင်းနေတာ။ လိင်ကိစ္စဆိုတာ ကိုယ်ရေးကိုယ်တာ ဖြစ်ပြီး လျှို့ဝှက်ကြလေတော့ အဖြစ်မှန်သိဖို့မလွယ်ဘူး။ ဒါကြောင့် ဒေါက်တာ မာရီအဖို့ လျှို့ဝှက်စုံစမ်းနည်း (Espionage) နဲ့ပဲ သုတေသနလုပ်ရတာ"

မကြာမီ ဒေါက်တာမာရီပြန်ရောက်လာပြီး ကုလားထိုင်တွင် ထိုင်ချ လိုက်ရင်း...

"အင်း... ကျွန်မကတော့ စာတမ်းအတွက် သာဓကတွေ အတော် ရလိုက်တာပဲ။ ဂျုံးတို့လင်မယားအဖြစ်က အတော်ဆန်းတယ်။ မယားက ဆက်ဒစ် (Sadist) လင်က မာဆိုကစ် (Masochist)"

"ဒီ ဆေးပညာဝေါဟာရတွေ ခင်ဗျားနားလည်မယ် မထင်ဘူး။ ဒေါက်တာ မာရီရေ တဆိတ်ရှင်းပြလိုက်ပါဦး"

"ဩော်... ဟုတ်သားပဲ၊ ရှင်းပြရတာပ။ 'ဆက်ဒစ်' ဆိုတာက သူတစ်ပါးကို နာအောင်လုပ်ရမှ ကာမဆန္ဒပြည့်ဝတဲ့သူကိုခေါ်တာ။ 'မာဆို

ကစ်' ဆိုတာကတော့ နာကျင်အောင်ပြုလုပ်ခြင်းခံရမှု ဆန္ဒပြည့်ဝတဲ့သူကို ဆိုလိုတာ၊ အက်တစ် (ပြုသူ) နဲ့ ပက်ဆစ် (အပြုခံရသူ) ပေါ့။ ဒီလင်မယား က တွဲမိနေတာပေါ့ရှင်။

ဒေါက်တာမာရီက ဆရာဝန်မလေသံနှင့် ပြန်ပြောပါသည်။ သည့်နောက် သူ၏ဆေးဝေါဟာရများကို ဆက်ရှင်းပြ၏။

"ဒါ ကိစ္စမရှိဘူး။ သူတစ်ပါးလျှို့ဝှက်မှုကို တိတ်တိတ်ချောင်းကြည့်ကြတာ လူမှုရေးကိုယ်ကျင့်တရား အရ မှန်ပါ့မလား။ ကျွန်တော်တို့အားလုံး "ပိပင်းတွမ် (Peeping Tom) တွေဖြစ်ကုန်ပြီ"

"ဒါကတော့ ဘယ်တတ်နိုင်မလဲရှင်၊ ကျွန်မတို့အဖျက်သဘော နောင့်ယှက်ဖို့ကြည့်တာမှ မဟုတ်ဘဲ။ ဆေးသုတေသနအတွက် (Observation) 'အော့ဘ်ဇာဗေးရှင်း' လုပ်တာပဲ။ ပြီးတော့ သူ့တို့ သိက္ခာမပျက်အောင် လျှို့ဝှက်ထားမှာပါ"

"လိင်စိတ်ဆိုတာ အတော်ဆန်းကြယ်တာ။ သူတို့ထက်ဆန်းတာတွေ ရှိသေးတယ်။ တချို့ဟာတွေဆိုရင် ရယ်စရာလည်းကောင်းရဲ့၊ ဥပမာ ဆိုရင် 'ဖက်တစ်ရှ်' (Fetish) တို့၊ 'အိပ်ဟစ်ဘစ်ရှင်းနစ်' (Exhibitionsts) တို့ပေါ့"

"ရှင်းစမ်းပါဦး ဒေါက်တာရယ်"

"(Fetish) ဆိုတာက ဆန့်ကျင်ဘက်လိင်တို့ရဲ့ အတွင်းခံအဝတ်အစားကို လိုက်ခိုးတဲ့သူပေါ့။ ဒီလိုခိုးရမှု သူ့ရဲ့ ဆန္ဒပြည့်ဝတယ်"

"အဲ... ဟုတ်ပြီ ဟုတ်ပြီ။ မနှစ်က (Evening Standard) (ညနေသတင်းစာ) မှာ အောက်စဖို့တက္ကသိုလ်က ပါမောက္ခကြီး ဒေါက်တာ... ဟာ အမျိုးသမီးဆောင်တက်လာပြီး ကျောင်းသူကလေးရဲ့ အတွင်းခံဘောင်းဘီတွေခိုးလို့ တရားစွဲဒဏ်တပ်ခံရတဲ့သတင်း ဖတ်လိုက်ရတယ်။ ဟား...ဟား... ဟား၊ ဒီအဘိုးကြီးနယ်ဗျာ ဘာကြောင်နေသလဲမသိဘူး၊ ကြဲကြဲဖန်ဖန်"

"ဟုတ်ပြီလေ၊ အဲဒါ လိင်စိတ်ရဲ့ ဆန်းပြားမှုတစ်ခုပေါ့။ (Fetish) လို့ ဆေးစကားနဲ့ခေါ်တယ်။ စိတ်ရောဂါတစ်မျိုးလို့ တချို့ကဆိုတယ်။ ကျွန်မတော့ လက်မခံဘူး။ သူ့ရဲ့သွေးသား ခန္ဓကိုယ်တည်ဆောက်ပုံ၊ ဦးနှောက်ကြော၊ လူမှုပတ်ဝန်းကျင်တို့နဲ့ သက်ဆိုင်မယ်ထင်တယ်။ ပြီးတော့ (Ex-

hibitionist) ဆိုတာကိုတော့ ကိုယ့်ရဲ့အင်္ဂါ အစိတ်အပိုင်းကို ဆန့်ကျင်ဘက်လိင်တို့ကို မြင်အောင်ပြတဲ့လူတွေ၊ ဒီလိုဟာမျိုးတွေကတော့ ယောကျ်ားတွေမှာ ပိုရှိတယ်။ ဒီလိုပြရမှ သူတို့အဖို အာသာပြေတယ်တဲ့။ ဒါမျိုးလူတွေကို ရေကူးကန်တို့ (Sea Beach) ပင်လယ်ကမ်းခြေ ရေချိုးဆိပ်တို့မှာ တွေ့ရတယ်ရှင့်"

"ပစ်ကယ်ဒလီဆားကပ် (Piccadilly Circus) က၊ ဝင်မီးလ် (Wind Mill) ကပွဲရုံကောဗျာ၊ ဒါလည်း (Exhibitionist) တွေပဲမဟုတ်လား၊ ပြီးတော့ (Night club) တွေက စထရစ်တီးစ် (Striptease show) ဖော် ကပွဲတွေကော၊ ဒါလည်း (Exhibitionist) တွေပဲမဟုတ်လား"

"ရှင်ပြောတာ မှန်ပါတယ်။ အဲဒါတွေကျတော့ ဥပဒေဘောင်အတွင်းက လုပ်နေကြလို့ 'ဖျော်ဖြေမှု' (Entertainment) စာရင်းဝင်ဖြစ်နေတယ်။ ပိုက်ဆံရလို့ လုပ်တယ်ဆိုပေမယ့် ဝါသနာပါလို့လည်း လုပ်တာပေါ့။ ကြည့်ယောကျ်ားတွေဟာလည်း လိင်စိတ်ထွေပြားမှုစာရင်းထဲပါတာပဲ။ လူတွေဟာ ကျပ်ပြည့် (Normal)၊ ကျပ်လွန် (Abnormal) ၊ ကျပ်လျော့ (Subnormal) လို့ တိတိကျကျ ခွဲမရပါဘူးရှင်။ အားလုံးဟာ (Relatively Odd) အနည်းအများ စိတ်အစွဲရှိနေကြတာချည်းပဲ"

"အတော် စိတ်ဝင်စားစရာ ကောင်းတာပဲနော်၊ တို့ဗုဒ္ဓဘာသာ တရားအရ ဆိုရင်တော့ ပုထုဇ္ဇနော ဉမ္မတ္တကော၊ အာသာဝေါ မကုန်သေးသူတွေဟာ အရူးတွေနဲ့တူတယ်လို့ ဆိုတယ်"

ယင်းသို့ ပြောနေစဉ် ထူးဆန်းသော ရေမွှေးနံ့သည် ဆွတ်ပျံ့လာသဖြင့်...

"ဟိုက်... ကျွန်တော့်အခန်းဘေးက အမျိုးသမီး ထွက်လာပြီထင်တယ်"

ယင်းသို့ပြောရင်း တံခါးကြားမှ ငဲ့ကြည့်လိုက်ရာ၊ သူမထံ ရိက္ခာပို့နေကျ အဘိုးကြီးခြေကြွပြီး ဖြတ်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရ၏။

"ဒေါက်တာမာရီ၊ ဒီမှာကြည့်စမ်း အဲဒီအမျိုးသမီး ပါသွားပြီထင်တယ်"

"ဒေါက်တာမာရီသည် တံခါးကြားမှ ချောင်းကြည့်လိုက်ပြီး...

"အို... ဟောတော့၊ လေဒီဘေးကွန်းဖီးပါလား"

အသံခပ်အုပ်အုပ်နှင့် အာမေဠိတ်ပြုပြီး စာရေးသူထံ လှမ်းပြောလိုက်ပါသည်။ သည်နောက် ပြန်ချောင်းပြန်ရာ ရေမွေးနံ့သင်းနေသော အငွေ့တစ်ခုသည် အခန်းရှေ့မှ တရိပ်ရိပ်ဖြတ်သွားသည်ကို အားလုံး ခံစားလိုက်ရ၏။ စိတ်ထဲတွင် မသိုးမသန့် အထိတ်တလန့် ဖြစ်မိပါသည်။

"သူ့မျက်နှာ မတွေ့လိုက်ရပေမယ့်၊ သူ့ဘော်ဒီနဲ့ လမ်းလျှောက်ပုံကို ကောင်းကောင်းမှတ်မိတယ်။ လေဒီဘောကွန်းဖီးမှ အစစ်ပဲရှင့်"

"ကျွန်တော်လည်း သူ့ကို ရိုးတိုးရိပ်တိပ် မြင်ဖူးတာ ၂ ခါ၊ ၃ ခါ ရှိပြီး။ ရေမွေးနံ့နဲ့အငွေ့ဓာတ်က အကာလညဉ်နက်မှာ ကျွန်ဟော့်အခန်းရှေ့က ဖြတ်သွားတာကိုလည်း ခံစားရတယ်။ ဒေါက်တာမာရီ သူ့ကို သိသလား"

"လူချင်းမသိပါဘူး။ ကျွန်မသူငယ်ချင်း မာဂရက်က ပြလို့ မြင်ဖူးတာပါ။ မာဂရက်က မက်တာဖီးဆစ် (Metaphysic) ဘာသာသုတေသနလုပ်နေတယ်။ လန်ဒန်တစ်ခွင်မှာရှိတဲ့ ဝိညာဉ်အသင်းတွေကို စူးစမ်းလေ့လာနေတယ်။ လန်ဒန်ဝိညာဉ်များဆိုင်ရာ အသင်းကြီး (London Royal Spiritual Society) ဆိုတာ ကြားဖူးမှာပေါ့။ တစ်နေ့တော့ အဲဒီအသင်းကြီးရဲ့ ဌာနချုပ်ဆီ သွားလေ့လာဖို့ ကျွန်မကို မာဂရက်က အဖော်ခေါ်တယ်။ ဒီအသင်းတွေဟာ သူစိမ်းလူမဝင်ရဘူး။ လျှို့ဝှက်တယ်။ သူတို့ အသင်းသားချည်း သီးသန့်ပဲ။ ဒီတော့ ကျွန်မတို့ နှစ်ယောက် စွန့်စွန့်စားစား သွားရတယ်။ သူတို့ အသင်းသားနဲ့တူအောင် တံဆိပ်တွေတပ်၊ သူတို့လို ဟန်ပန်အမူအရာတွေနဲ့ပေါ့။ အသင်းသားတွေအားလုံး မျက်နှာဖုံးစွပ်ရတယ်။ ဒါကြောင့် ကျွန်မတို့လည်း မျက်နှာဖုံးနဲ့ တက်တာပဲ။ အဲဒီအသင်းဌာနချုပ်မှာ လေဒီဘောကွန်းဖီးကိုတွေ့တာ၊ သူလည်း မျက်နှာဖုံးစွပ်နဲ့ပဲ။ မာဂရက်ကပြပြီး ဒီမိန်းမဟာ အသင်းသားထဲမှာ အသက်အငယ်ဆုံးပေမယ့် ဝိညာဉ်ပညာမှာတော့ ဝါအရင့်ဆုံးထဲကပဲတဲ့။ ကျွန်မတို့သွားတဲ့နေ့က သူက အစည်းအဝေး နာယကလူကြီးရှင့်။ သူတို့ ဝိညာဉ်ဘုံနဲ့ ဆက်သွယ်နေတဲ့လူတွေ။ ဝိညာဉ်တွေကိုခေါ်စကားပြော၊ အတိတ်အကြောင်းတွေမေး၊ ခိုင်းချင်တာ ခိုင်းပေါ့လေ။ အဲဒီနေ့က ရှေးဟောင်းအီဂျစ်ဘုရင်ကလေး ကျူတင့်ခါမွန်ရဲ့ ဆေးရည်စိမ် ရုပ်အလောင်း ဝိညာဉ်ကိုခေါ်ဖို့ ဆွေးနွေးကြတယ်။ သူ့သချိုင်းကို ၁၉၂၂ ခုနှစ်က တူးဖော်တုန်းက ကျိန်စာသင့်ပြီး သေကြတယ်ဆိုပဲ။ ယခု ဒီအလောင်းက ကိုင်ရှိ

ပြတိုက်မှာရှိတယ်။ ဒီအလောင်းကို ဗြိတိသျှ ပြတိုက်ယူလာပြဖို့ စီစဉ်တော့ စီစဉ်တဲ့လူတွေဖျားနာကြ၊ သေကြဖြစ်ပြန်လို့ ကျိန်စာသင့်ပြန်ပြီလို့ ပြောနေကြပြန်ပြီ။ ဒီ ဝိညာဉ်အသင်းကြီးက ဘုရင့်ဝိညာဉ်ကိုခေါ်မေးပြီး ကျိန်စာကို ရုပ်သိမ်းပေးဖို့ မေတ္တာရပ်ခံကြမယ်ဆိုပဲ။ ဒီတာဝန်ကို လေဒီဘေးကွန်းဖီးက တာဝန်ယူဆောင်ရွက်ရမှာတဲ့"

"နေပါဦးဒေါက်တာမာရိရဲ့၊ ဒီအိမ်ကြီးမှာ ဒီတစ်ညအတွင်း ထူးဆန်းတာ နှစ်ခုကြားရလို့ အိပ်မက်များ မက်နေသလားလို့ ထင်မိတယ်။ ခင်ဗျားတို့ဟာက ယုံတမ်းပုံပြင်တွေ ပြောနေကြတာလား"

"ရှင်ယုံချင်ယုံ မယုံချင်နေပေါ့။ ကျွန်မကိုယ်တွေ့သိတာတွေ ပြောပြတာပါ။ ဒီမိန်းမ ဒီအိမ်လာနေတယ်ဆိုတာ ယခုမှ ကျွန်မသိတယ်။ မာဂရက် ပြောလိုက်ဦးမယ်။ ဒါမှသူလည်း အော်ဘ်ဇာဗေးရှင်း လုပ်နိုင်မှာ"

"မစ္စတာဆူးရေ၊ ဒီအိမ်ကြီးဟာ ခေတ်မီဆေးသိပ္ပံ သုတေသနနဲ့ ရှေးဟောင်းဝိညာဉ်ပညာ သုတေသနတို့ဆုံစည်းရာ ဓာတ်ခွဲခန်းကြီးဖြစ်နေပြီပေါ့ဗျာ"

"ကျွန်တော်တော့ လေဒီဘေးကွန်းဖီးဟာ ညဉ့်ငှက်မဖြစ်ရင်လည်း ဖြစ်မယ်၊ စိတ်ဝေဒနာရှင်ရင်လည်း ဖြစ်မယ်။ ဒါမှမဟုတ် စီအိုင်အေအေးဂျင့်ရင်လည်း ဖြစ်မယ်။ ဝိညာဉ်အသင်းတို့ဘာတို့ဆိုတာက အကာအကွယ်ယူထားတာ ဖြစ်မယ်လို့ထင်တာပဲ" ဆူးက အထက်ပါအတိုင်း မှတ်ချက်ပြောလိုက်ရာ...

"ဟ... လုပ်ပြန်ပြီတစ်မျိုး၊ ကြာလေရှုပ်လေပါလား့ဗျို့၊ ကျုပ်တို့ပါပတ်သက်လာမှာစိုးတယ်"

"ရှင့်အခန်းက သူ့အခန်းနားကပ်နေတော့ မာဂရက်ကလာပြီး 'အော်ဘ်ဇာဘေးရှင်း' လုပ်ချင်ရင် လက်ခံနိုင်ပါ့မလား"

"ကောင်းပါ့မလား ဒေါက်တာမာရီရယ်၊ ကျွန်တော်က နိုင်ငံခြားကျောင်းသားဆိုတော့ ရှုပ်ရှုပ်ယှက်ယှက်တွေထဲ မပါချင်ဘူး။ ထူးဆန်းထွေလာဖြစ်ရပ်တွေနှင့် စူးစမ်းရတာကိုတော့ ဝါသနာပါပါတယ်။ ဒါပေမယ့် ကဲဗျာ... ခင်ဗျား ကျွန်တော့်အခန်းကို သုံးချင်ရင် ကျွန်တော်တခြားနေရာ ပြောင်းပေးမယ်"

ထိုညကအဖြစ်အပျက်များ နောက်ပိုင်းတွင် မစ္စတာဆူးနှင့် ဒေါက်တာမာရီတို့နှင့် နှစ်ကြိမ်ထပ်တွေ့ဆေးသည်။ ဒုတိယအကြိမ်တွင် ဒေါက်တာမာရီက သူငယ်ချင်းမ မာဂရက်နှင့် မိတ်ဆက်ပေးကြပါသည်။ မာရီနှင့် မာဂရက်တို့သည် စာရေးသူအခန်းမှ လေဒီဘေးကွန်းဖီး၏ လှို့ဝှက်လူပ်ရှားမှုများကို ချောင်းမြောင်း လေ့လာလိုကြောင်း စကားရိပ်ပြောကြရာ၊ စာရေးသူကလက်မခံဝံ့ကြောင်း ယဉ်ကျေးစွာ ငြင်းရပါသည်။

ကံအားလျော်စွာ တစ်လလောက်အကြာတွင် စာရေးသူသည် ဆွစ်ဇာလန်သို့ သွားစရာအကြောင်းပေါ်လာပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအသင်းများ၏ အဖွဲ့ချုပ်ကြီး (World Federation of the United Nations Associations) WFUNA ကြီးမှူးကျင်းပသော နိုင်ငံတကာကျောင်းသားများ၏ နှီးနှောဖလှယ်ပွဲကြီး (International Seminar) ကို ဂျနီဗာမြို့တော်တွင် သုံးပတ်ကြာ ကျင်းပမည်ဖြစ်၏။ လန်ဒန်မြန်မာသံရုံးကို မြန်မာကျောင်းသားကိုယ်စားလှယ်လွှတ်ရန် ဖိတ်ကြားရာ မြန်မာသံအမတ်ကြီး ဦးအောင်စိုးနှင့် သံမှူးဦးတင်မောင်ကြီးက စာရေးသူကို ရွေးချယ်၍ လွှတ်ပါသည်။

နှီးနှောဖလှယ်ပွဲပြီးလျှင် ဥရောပတစ်ခွင်သို့ လျှောက်လည်ရန် စိတ်ကူးမိရာ အနည်းဆုံး နွေကျောင်းပိတ်ရက် သုံးလစလုံး ကုန်သွားမည်ဖြစ်၏။ အခန်းကို သုံးလစလုံး ငှားမထားနိုင်ပါ။ တစ်ပတ် သုံးပေါင်ပေးရသော အခန်းကို သုံးလလုံးအတွက် ၃၆ ပေါင် ကြိုပေးခဲ့ရမည်။ ပညာတော်သင်ကျောင်းသားတစ်ဦးအတွက် ထိုအချိန်က ထောက်ပံ့ငွေမှာ တစ်လလျှင် ၃၃ ပေါင်သာရပါသည်။ အခန်းကို အသုံးချချင်သော မာဂရက်နှင့် မာရီတို့ကို လွှဲပြောင်းပေးခဲ့ရပါသည်။ စာရေးသူ၏ ပစ္စည်းများကိုမူ မိတ်ဆွေ ကိုကျော်မြင့်အိမ်သို့ ရွှေ့အပ်ထားခဲ့ရပါသည်။

သုံးလအကြာ ဆွစ်ဇာလန်နှင့် ဥရောပတစ်ခွင် ခြေဆန့်ခဲ့ပြီးနောက် လန်ဒန်သို့ ပြန်ရောက်သောအခါ နေရာသစ် ရှာရပြန်သည်။ ဈေးပေါပြီး သွားလာရေး၊ စားသောက်ရေးအဆင်ပြေသော ချဲလ်ဆီး (Chelsea) ရပ်ကွက်သို့ပြောင်းခဲ့ရပါသည်။ ထို့ကြောင့် ထူးဆန်းထွေလာ စံဇေဟာကြီးကို မေ့သလိုဖြစ်နေခဲ့ရာမှ တစ်ညနေ မြေအောက်ဘူတာမှ ဓာတ်လှေကားနှင့် တက်အလာ ဆူးနှင့်မာရီတို့အတွဲကို ရင်ဆိုင်တိုးမိပါသည်။

"ဟဲလို... ညွှန့်၊ ကျွန်မတို့ ရှင်နဲ့ တွေ့ချင်နေတယ်။ ရှင်လည်း ပျောက်သွားလိုက်တာ အကြာကြီးပဲ။ 'ကွန်တီနင့်'မှာပဲ အတွဲတွေ့ပြီး ခြေချုပ် ကျနေပြီလားလို့"

"ကျွန်တော်လည်း တွေ့ချင်နေတာပဲ။ နေရာသစ်ရှာရတာ မလွယ်ဘူး။ ဒါနဲ့နေပါဦး၊ ခင်ဗျားတို့ရဲ့ သုတေသနလုပ်ငန်းကြီးတွေ၊ လျှို့ဝှက် စုံစမ်းရေး တွေ ဘယ်စခန်းရောက်နေပြီလဲ"

"အဲဒါတွေ ပြောပြချင်လွန်းလို့ ကျွန်တော်တို့က ခင်ဗျားကို တွေ့ချင် နေတာပေါ့။ ခင်ဗျားအခန်း မာဂရက် ဝင်နေခွင့်ရတာကိုက ချည်ခင်ထွေးကြီး ဖြေဖို့ လမ်းစပေါ်လာတာပါပဲ"

"ဆိုစမ်းပါဦး ဆူးရယ်၊ ကြားချင်လှပြီ"

"ရှူး ရှူး... ဒီဘူတာရုံထဲမှာ ပြောလို့တော့ မဖြစ်ဘူး၊ လူရှင်းတဲ့ တစ်နေရာသွားရအောင်၊ ကူးလ်ဒေဆက် (Cul de sac) ကော်ဖီဆိုင် ဒီနား နီးတယ်။ အဲဒီ သွားစို့"

"ကူးလ်ဒေဆက်" ဆိုသည်မှာ ပြင်သစ်စကားဖြစ်ပြီး ဝက်ပါဟု အဓိပ္ပာယ်ရပါသည်။ မြေအောက်ထပ်တွင် ဖွင့်ထားသော နာမည်ကြီး ကော်ဖီ ဆိုင်တစ်ဆိုင်ဖြစ်သည်။ ဝက်ပါလို ကွေ့ကောက်သော လှေကားများ၊ လမ်း ကျဉ်း၊ အခန်းကျဉ်းများ၊ ရှေးဟောင်းပရိဘောဂများ၊ ကားချပ်များနှင့် ခင်းကျင်း ထားသည်။ ဓာတ်မီးမသုံး၊ ဖယောင်းတိုင်များသာ ထွန်းထား၍ ခပ်မှိန်မှိန် ဖြစ်နေသည်။ ကော်ဖီပန်းကန်များမှာလည်း အဟောင်းများဖြစ်သည်။ ခွက်နှင့် ပန်းကန် အရောင်ချင်းမတူ၊ ဇွန်းခက်ရင်းများမှာလည်း ဘက်စုံအညီများမဟုတ်၊ ခေတ်အဆက်ဆက်က စုဆောင်းရသမျှများကို တွဲသုံးခြင်းဖြစ်၏။ ရှေးအိမ် ထောင်ပရိဘောဂ ပြတိုက်နှင့်တူသဖြင့် တစ်မျိုးဆန်း၏။ အတွဲများ၊ သီးသန့် အပန်းဖြေလိုသူ၊ ယွတ်လပ်စွာ စကားပြောချင်သူများ ကျက်စားရာ ကော်ဖီဆိုင် ဖြစ်ပါသည်။ အိတ်စပ်ပရက်ဆို ကာဖေး (Expresso cafe) ခေါ် ခါးသက် သက်၊ နို့မလိုင်ဆိမ့်ဆိမ့်၊ အမြှုပ်ထထကော်ဖီပူကို ကြေးမတ်ခွက်နှင့် အလျှဲထည့် ရောင်းသည်။ စနက် (Snack) ခေါ် အဆာပြေ အစားအစာများလည်း ရောင်း၏။

ဆူး၊ ဒေါက်တာမာရီနှင့် စာရေးသူတို့သုံးယောက် ဆိုင်တွင်း ဆင်း ဝင်လာပြီး ကော်နာထောင့် အခန်းကလေးတွင် နေရာယူလိုက်ကြပါသည်။

အခြားအခန်းများရှိ စားပွဲများတွင် ဒွိယဒွိယအတွဲများ၊ တွတ်ထိုးသူထိုး၊'ကစ်' ပေးသူပေးနှင့် အချစ်နာလန်ထနေကြ၏။ စာရေးသူတို့ သုံးယောက်တွဲကို မြင်ကြသောအခါ အမျိုးမျိုး အဓိပ္ပာယ်ကောက်နေကြဟန်တူသည်။ မျက်နှာချင်းဆိုင်တွင် ထိုင်နေသောအတွဲမှ အမျိုးသားသည် သူ့ပတ်တနာ (Partner) ကောင်မလေးကိုပြန်ကြည့်ပြီး ပုခုံးကို စုံပင့်ပြလိုက်ပါသည်။ 'သုံးယောက်တွဲလည်း ရှိနိုင်တာပဲ'ဟု မှတ်ချက်ချသည့် သဘောဖြစ်၏။

ဆူးမှာလိုက်သော ကော်ဖီနှင့်စနက်ကို ရုပ်ချောချော စားပွဲထိုးကလေးမလေးက လာချပေးပါသည်။ စားပွဲထိုးကောင်ကလေး၊ ကောင်မလေးတွေသည် အရွယ်ကောင်း ရုပ်ချောချည်းဖြစ်ကြောင်း သတိပြုမိရင်း...

'ဒါကြောင့်လည်း ဒီကော်ဖီဆိုင် နာမည်ကြီးတာကိုး' ဟု စိတ်ထဲမှတ်ချက်ချမိပါသည်။ ကော်ဖီခါးကို အရသာခံရင်း ဆူးစကား စပါသည်။

"မာဂရက်ရဲ့ မက်တာဖီးဆစ် သုတေသနက ကျွန်တော့်ရဲ့ ထောက်လှမ်းရေးအတွက်ပဲဗျ"

"နေစမ်းပါဦး ဘာတွေဖြစ်လို့ ဘယ်ဆီရောက်ကုန်ကြပလဲ၊ ရှင်းပြဦးမှပေါ့"

"ပထမဆုံး ကျွန်မရဲ့ ဂျူးလင်မယားတို့ ဆက်ဒစ်ဇင်းအကြောင်းလေ့လာမှုကို ဖယ်ထုတ်ပစ်ရမယ်။ ဂျူးတို့လင်မယားအဖြစ်အပျက်က ကျွန်မဆေးသုတေသနစာတမ်းအတွက် ပင်ရင်းအထောက်အထား (Primary source) ပေါ့။ မျက်မြင်ကိုယ်တွေ့ (Eye witness) ပဲ။ သူတို့ သိက္ခာမထိခိုက်အောင် သူတို့အမည်နဲ့လိပ်စာကို ကျွန်မနဲ့ ပါမောက္ခနှစ်ဦးကသာသိစေရမယ်။ လျှို့ဝှက်ထားရမှာ။ သူတို့ရောဂါကို ကုစားဖို့ရာ စိတ်ရောဂါဆရာဝန်နဲ့ ဆိုင်သလား၊ ခွဲစိတ်ဆရာဝန်နဲ့ ဆိုင်သလား၊ လိင်ဘက်ဆိုင်ရာဆရာဝန်နဲ့ ဆိုင်သလားဆိုတာ ကျွန်မသုတေသနစာတမ်းကို စစ်ဆေးတဲ့ဘုတ်အဖွဲ့ကဆုံးဖြတ်မှာပါ။ ဂျူးတို့ရဲ့ကိစ္စက ဒါပါပဲ။ ကဲ... ဆူးရေ မာဂရက်နဲ့ ရှင်တို့ကိစ္စကို ပြောပြလိုက်ပါဦး"

"အဲ... အဲ... ဒီလိုဗျ၊ ခင်ဗျား အခန်းနီးချင်း လေဒီဘောကွန်းဖီးဟာ အစစ်မဟုတ်ဘူးဗျ။ စီအိုင်အေ အေးဂျင့်ဗျ။ ကျွန်တော် ထင်တဲ့အတိုင်းပဲ။ ရုပ်ချင်းတူတော့ လေဒီဘောကွန်းဖီး ဟန်ဆောင်ထားတဲ့ကောင်မ။ ဒီကောင်မက ဆိုဟို (Soho) တစ်ဝိုက်မှာ ကျက်စားနေတဲ့ ကြက်ပဲ (Call Girl)"

"ဟိုက်... တယ်လည်း ထူးဆန်း လျှို့ဝှက်မှုများတဲ့အိမ်ကြီးပဲ။ ကျွန်တော် စောစောပြောင်းပြေးတာ ကံကောင်းလိုက်လေဗျာ။ နေပါဦး လေဒီ ဘောကွန်းဖီး အစစ်မဟုတ်တာကို ဘယ်လိုသိကြသလဲ"

ဝိညာဉ်ခေါ်၍ နှုတ်သိမ်းခိုင်း

"ဒီလိုဗျ၊ မာဂရက်က သူ့မက်တာဖီးဆစ်သုတေသနအတွက် ဝိညာဉ် အသင်းသားဖြစ်တဲ့ လေဒီဘောကွန်းဖီးကို လျှို့ဝှက်အော်ဗဆာဗေးရှင်း လုပ်နေ တယ်လေ။ သူတို့ဝိညာဉ်အသင်းသားတွေဟာ ဝိညာဉ်တွေခေါ်ပြီး အပူးခံကြ တယ်။ ရှေ့ဖြစ်နောက်ဖြစ်တွေ မေးကြတယ်။ ခိုင်းချင်တာတွေ ခိုင်းကြတယ်။ ကျွန်တော်တို့ ဟိုညက ခင်ဗျားကိုပြောတဲ့အတိုင်းပဲ။ ရှေးဟောင်းဖာရိုးဘုရင် ကျူတင့်ခါမွန် ဆေးစိမ်အလောင်းနဲ့ ဂူသချိုင်းဟာ ကျိန်စာပါတယ်။ ဒီကျိန်စာ ကို သူ့ဝိညာဉ်ခေါ်ပြီး ပြန်နှုတ်သိမ်းခိုင်းကြမယ်လို့။ ဒီတာဝန်ကို လေဒီ ဘောကွန်းဖီးက လုပ်ရမှာလေ။ သူတို့ဝိညာဉ်တွေဟာ လိင်တူချင်း မပူးကြဘူး တဲ့။ ယောကျ်ားဝိညာဉ်ဆိုရင် မိန်းမပူးတယ်။ မိန်းမဝိညာဉ်ဆိုရင် ယောကျ်ားကို ပူးတယ်"

"ဒါနဲ့ မာဂရက်ကတော့ လေဒီဘောကွန်းဖီးအမှတ်နဲ့ ဒီမိန်းမဟာ ဝိညာဉ်တွေနဲ့ဘယ်လိုများ ဆက်သွယ်ပါလိမ့်လို့ စုံစမ်းချင်လို့ ခင်ဗျားအခန်း ပြောင်းလာပြီး ချောင်းလေ့လာနေတာ။ တစ်ညနေမှာ ဒီမိန်းမ လေဒီဘော ကွန်းဖီး မဟုတ်ဘဲ ရုပ်ချင်းတူ ဟန်ဆောင်မိန်းမဖြစ်ကြောင်း ဇာတ်လမ်းပေါ် တော့တာပဲ"

"အတုမှန်း ဘယ်လို စသိတာလဲဗျာ"

"ဒီလိုလေ၊ သူတို့ဝိညာဉ်အသင်းဝင် မိန်းမတွေဟာ ဝိညာဉ်အပူးခံရ ပြီးသားဖြစ်လို့ ယာဘက်ရင်သားမှာ ဝိညာဉ်ကထားတဲ့ အမှတ်ရာရှိကြသတဲ့"

"အဲဒီညနေက ဒီကောင်မ ဝတ်လစ်စလစ်နဲ့ ခြေပစ်လက်ပစ် အိပ်ရာ ပေါ်လဲနေတာ မာဂရက် ချောင်းကြည့်တာနဲ့ တိုးသွားတော့ သူ့ယာဘက် ရင်သားမှာ ဝိညာဉ်အပူးကပ်ခံရတဲ့ အမှတ်အသားလုံးဝမရှိ၊ ပကတိစင်းလုံး ချောကို တွေ့ရတော့မှ အတုမှန်းသိတာ"

"ဒါနဲ့ပဲ စိအိုင်အေအေးဂျင့် ဖြစ်ရရောလားဗျာ"

"ဒါက ဒီလိုဗျ၊ လေဒီကွန်ဖီးအစစ်ဟာ ပြန်ပြေးဆွဲခံရတယ်။ ပြန်ပေး

ဆွဲတာကလည်း သူ့နေရာမှာဝင်ပြီး ဟန်ဆောင်မယ့် ဒီကောင်မရဲ့ဂိုဏ်းက စီအိုင်အေတွေက ဆွဲတာ"

"နေပါဦး၊ စီအိုင်အေနဲ့ ဝိညာဉ်အသင်းနဲ့ ဘယ်လိုများ ပတ်သက်လို့လဲဗျာ၊ ရှုပ်လိုက်တာဗျာ"

"နိုင်ငံရေးဆိုတာ အတော်ဆန်းကြယ်တယ်ဗျ။ ခင်ဗျားသိတဲ့ နိုင်ငံရေးသိပ္ပံတို့၊ သမိုင်းတို့ဆိုတာက တက္ကသိုလ်ကောလိပ်တွေမှာ ဘာသာရပ်တစ်ခုအနေနဲ့ သင်ရတဲ့ဟာတွေပဲ။ ကျောင်းသုံးစာအုပ်ထဲ ပါတဲ့ဟာတွေပဲ။ တကယ်လက်တွေ့နိုင်ငံရေးတို့၊ သမိုင်းတို့ဆိုတာက ခင်ဗျားသင်ခန်းစာတွေထက် ဆန်းကြယ်တယ်ဗျ"

"ဆူးရယ်၊ ဒါကိုတော့ ကျွန်တော်ဝန်ခံပါတယ်။ ကမ္ဘာမှာ အကြောင်းအမျိုးမျိုးကြောင့် သိဝှက်ထားရ၊ မှတ်တမ်းမတင်ဘဲ ချန်ထားရတဲ့ နိုင်ငံရေးတွေ။ သမိုင်းဖြစ်ရပ်တွေ ဒုနဲ့ဒေးပေါ့။ ဒါပေမယ့် သမိုင်းသုတေသီတွေရှိနေသမျှ တစ်နေ့မဟုတ်တစ်နေ့တော့ ဒါတွေကို ရှာဖွေဖော်ထုတ်တင်ပြလာရမှာပဲဗျ"

"ကဲ... ဒီကိစ္စကို ခင်ဗျားဖွင့်မပြောမီ၊ ကျွန်တော်တို့ကို ကတိတစ်ခုပေးမလား၊ ဒီနေ့ကစပြီး နောက်ဆယ်နှစ်အတွင်းမှာ ယခု ကျွန်တော်ပြောပြမယ့်အကြောင်းတွေကို ဘယ်သူ့ကိုမှတစ်ဆင့် ဖောက်သည်မချရဘူး။ ဘယ်စာစောင်မှာမှလည်း မရေးပါဘူးလို့ ကတိပြုပါ။ ခင်ဗျားက ကလောင်သွေးနေတဲ့တဲ့လူဆိုတော့ အရေးအသားကိုပါ ချုပ်ချယ်ရတာပေါ့"

"အောင်မယ်... ခင်ဗျားပြောမှာတွေက ဒီလောက်တောင်ပဲ ထိပ်တန်းလျှို့ဝှက်လားဗျာ၊ ကျွန်တော်လေ့လာနေတဲ့ နိုင်ငံတကာဆက်ဆံရေး (International Relations) နဲ့ ဆိုင်မယ်ထင်ပါရဲ့။ ကဲဗျာ ကတိပေးပါတယ်။ ဗြိတိသျှပါလီမန်က နိုင်ငံရေးနဲ့သမိုင်းဆိုင်ရာ စာရွက်စာတမ်း စာချုပ်မှတ်တမ်းဖိုင်တွဲတွေကို သက်တမ်းတစ်ရာရှိမှ သမိုင်းသုတေသီတွေကို သုတေသနလုပ်ဖို့ဖွင့်ပေးတယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့ခေတ်မှာ လေဘာအစိုးရ တက်လာတော့ နှစ်ရာအထိ ပိတ်ထားတာကြာပါတယ်လို့ သုတေသီတို့က ဝိုင်းပြောကြလို့ နှစ်(၅၀) အထိလျှော့ချလိုက်ပြီ။ ယခု ခင်ဗျားက ဆယ်နှစ်ပဲ နူတ်ပိတ်နေရမယ်ဆိုတော့ သိပ်မကြာပါဘူးလေ။ သဘောတူတယ်၊ ကတိပြုပါတယ်"

"သဘောတူတာတောင် သမိုင်းနောက်ကြောင်းပြန်ကလေးနဲ့ သမိုင်းသမား ပီသပါပေ့ဗျ။ ဖြစ်လာပုံက ဒီလိုဗျ"

(စာဖတ်သူတို့ခင်ဗျား၊ ဆူးနဲ့ဒေါက်တာမာရီတို့ကို (၁၀) နှစ် နူတ်ပိတ်ကတိပေးတာဟာ ၁၉၅၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့က စရေတွက်ရင် ၁၉၇၅ ခုနှစ်၊ ဧပြီလ (၁၇) နှစ်ကျော် (၁၈) နှစ်ထဲ ရောက်နေပါပြီ။ ကတိသက်တမ်း ကုန်လွန်ပြီဖြစ်လို့ စာရေးသူ ထုတ်ဖော်ရေးနိုင်ပါပြီ)

"ဖြစ်ပုံက ဒီလိုဗျ"

ဆူးသည် လေသံတိုးပြီး ပြောမည့်ဟန်ပြင်ပြီးမှ ဆိုင်တွင်းဝဲယာသို့ ကျီးကန်းတောင်မှောက်ကြည့်ပြီး မပြောတော့ဘဲ၊ အိတ်ထဲမှ စက္ကူတစ်ရွက် ထုတ်ပြီး အောက်ပါအတိုင်းရေးချကာ စာရေးသူသို့ ထိုးပြပါသည်။

"ယခု ဗြိတိသျှ ကွန်ဆာဗေးတစ်အစိုးရထဲက ဝန်ကြီးတစ်ဦးဟာ ဝိညာဉ်အသင်းဝင်ဗျ။ ဘယ်ဝန်ကြီးလဲတော့ မပြောနိုင်သေးဘူး။ သူက အမျိုးသမီးချောတစ်ဦးနဲ့ ရှုပ်နေတယ်။ အဲဒီအမျိုးသမီးချောဟာ ဆိုဗီယက်စုံထောက်အဖွဲ့ ကေဂျီဘီရဲ့ တယ်တိန်ညင်မကလေးတဲ့။ ဒီကောင်မလေးက ဝန်ကြီးဆီက ဘာလျှို့ဝှက်ချက်တွေအရ မြှုယူပြီး သူ့ကေဂျီဘီဆရာကြီးတွေဆီ ပေးနေတယ်ဆိုတာ မပြောနိုင်ဘူးလေ။ စိအိုင်အေက အနံ့ရလို့ လိုက်နေတာ"

စာရေးသူဖတ်အပြီး ဆူးသည် ယင်းစာရွက်ကို လိပ်၍ စားပွဲပေါ်ရှိ ဖယောင်းတိုင်မှ မီးတို့ယူကာ စီးကရက်မီးညှိ ဖွာလိုက်ပါသည်။ ပြီးလျှင် စာရွက်တစ်ခုလုံး ပြာကျသည်အထိ ကိုင်ထားပြီး ပြာခွက်ထဲသို့ ချေချလိုက်ပါသည်။ စာရေးသူက...

"ကဲဗျာ... ညဉ့်နက်လို့ အေးလာပြီ။ ကျုပ်အခန်းသွား စကားပြောရအောင်"

လေဒီဘောကွန်းဖီး အတု

စာရေးသူ အခန်းရောက်သောအခါ သုံးယောက်သား ဘာလချောင်ကြော်၊ ပေါင်မုန့်ထောပတ်သုတ်နှင့် လက်ဖက်ရည်ကြမ်း စားသောက်ကြရင်း စကားဆက်ပြောကြပြန်၏။

News of the world သတင်းစာထဲမှာတော့ လန်ဒန်မှာ ယခုတလော သူလျှိနဲ့ တန်ပြန်သူလျှို (Spy and counter spy) လုပ်ငန်းတွေ ခြေရှုပ်

နေတယ်။ ထိပ်တန်းပုဂ္ဂိုလ်ကြီးများလည်း ပတ်သက်နေတယ်ဆိုတဲ့ သိုးသိုး သန့်သန့် သတင်းတွေဖတ်ရသားပဲ”

“အဲဒါတွေပေါ့၊ မဟုတ်ဘဲလည်းမကျော်၊ မပုပ်ဘဲလည်း မပေါ်ဆိုတာ။ ဝိညာဉ်အသင်းသားချင်းဆိုရင် စုံထောက်လို့လွယ်မယ်။ သူတို့အချင်းချင်း အမှန်ဖွင့်ပြောမယ်ထင်ပြီး စိအိုင်အေလေဒီဘောကွန်းဖီးအစစ်ကို (Kindapped) ပြန်ပေးဆွဲပြီး အတုကိုအစားသွင်းထားတာ။ ဒီအတုက အသင်းဝင်ဝန်ကြီးကို ရှာတွေ့.ဖို့ပဲ”

“နေပါဦး လေဒီဘောကွန်းဖီးအစစ်ကိုပဲ စုံစမ်းခိုင်းလို့ မဖြစ်ဘူးလား။

“မရဘူးဗျ၊ အသင်းသားအချင်းချင်းအပေါ် ရိုင်းပင်းတယ်။ သစ္စာရှိတယ်။ လျှို့ဝှက်ကြတယ်။ ဒါကြောင့် ဒီအယောင်ဆောင်မိန်းမကိုပဲ စုံစမ်းခိုင်းတာပေါ့။ ကျူတင့်ခါမွန် ဘုရင်လေးက ဖော်ကောင်လုပ်လိုက်တာ အတုမှန်း ပေါ်သွားပြီး”

“ဟိုက်... ခရစ်တော်မပေါ်မီ ရှေးနှစ်ပေါင်း ရှစ်ထောင်ကျော်လောက်က ကံကုန်ခဲ့ပြီဖြစ်တဲ့ ဒီဘုရင်က ခေတ်သစ်လျှို့ဝှက်စုံထောက်လုပ်ငန်းမှာလည်း ဝင်ပါသေးသကိုး၊ ဟား... ဟား... ဟား... ခင်ဗျား နတ်သမီးပုံပြင်ပြောနေသလား”

“မလှောင်ပါနဲ့လေ၊ အဆုံးထိနားထောင်ပါဦး၊ ကျုပ်လည်းခင်ဗျားလိုပဲ ဒါမျိုးတွေ မယုံပါဘူး”

“ရှင်တို့မပြောနဲ့ ကျွန်မတို့ မိန်းမသားတွေလည်း မယုံပါဘူး။ ဒါပေမယ့် တိုက်ဆိုင်မှုလို့ ဆိုရလောက်အောင် တိုက်ပဲ တိုက်ဆိုင်လွန်းတယ်။ မာဂရက် ချောင်းကြည့်တဲ့ညကပဲ စကော့တလန်ယာဒ်က ရဲသားတစ်ဦးဖြစ်တဲ့ အာဝင်ဆိုတဲ့လူဟာ ဗြိတိသျှတိုက်တစ်ဝိုက်မှာ တာဝန်အရ လှည့်နေတုန်း ညဉ့်နက်သန်းခေါင်ကျော်မှာ ပြတိုက်ထဲက ရှေးဟောင်းအီဂျစ် ဆေးရည်စိမ်အလောင်းပြခန်းဘက်ဆီ လူရိပ်တစ်ခု တရွေ့ရွေ့ သူ့ဆီလာပြီး သူ့ရှေ့ရောက်လာသတဲ့။ ကြည့်လိုက်တော့ မန်မီဆေးရည်စိမ်အလောင်းပဲတဲ့၊ မလှုပ်မယှက် အသေကောင်ပကတတိပဲတဲ့။ ဒါပေမယ့် ရဲသားရဲ့နားထဲမှာ ကြားလိုက်ရတာကတော့...

“ငါဟာ ကျူတင့်ခါမွန်ဘုရင်၊ ငါ့ဝိညာဉ်ကိုခေါ်မယ့် လေဒီဘောကွန်းဖီး

ဟာ ပြန်ပေးဆွဲခံရလို့ ဘယ်လ်ဖတ်စ်မြို့ ဒီဘဲရားရပ်ကွက်မှာ ရောက်နေတယ်။ ဝိညာဉ်အသင်းတော်မှာရှိတာ လေဒီဘောကွန်းဖီး မဟုတ်ဘူး”

အဲဒီလိုကြားရပြီးတော့ မန်မီအလောင်းကြီးလည်း လေထဲမှာပျောက်သွားသတဲ့။ ရဲသားလည်း အိပ်မက်လိုလို၊ တကယ်လိုလိုနဲ့ သူ့အဖော်တွေခေါ်ပြီး ပြတိုက်ပတ်လည် လိုက်ကြည့်သေးတယ်တဲ့။

“ဘာမှ မထူးခြားဘူး။ နောက်တစ်နေ့ တုန်တုန်ယင်ယင်နဲ့ သူ့အထက်အရာရှိ အက်စပက်တာဘရောင်းကို ပြောပြတော့၊ ဘရောင်းကလည်း အဲဒီညက သူ့ရုံးခန်းမှာ တစ်ယောက်တည်း စာထိုင်ရေးနေတုန်း၊ ညဉ့်နက်ချိန်မှာ အဲဒီလို လာဖြစ်သတဲ့။ သူကလည်း မယုံတယုံပေါ့။ ဆာဂျင်ဒေးဆိုသူကတော့ ဝိညာဉ်လောကကို ယုံတယ်။ ပြင်သစ်မှာဆိုရင် သိပ္ပံနည်းနဲ့ စုံထောက်လို့မပေါ်တဲ့ လူသတ်မှုတွေကို အသတ်ခံရတဲ့လူရဲ့ ဝိညာဉ်ကို ဖိတ်ခေါ်ပြီး သတ်သူ ဘယ်သူလဲလို့ စစ်မေးတာရှိသတဲ့။ ဒါကြောင့် ဘယ်ဖတ်စ်မြို့ကရဲကို အကြောင်းကြားလိုက်တော့ ယခု လေဒီဘောကွန်းဖီးအစစ်ဟာ ဒီဘဲရားအရပ်၊ အိမ်နံပါတ်... မှာ ပြန်တွေ့ရပြီတဲ့”

“ဒီလိုဆိုရင် ကေဂျီဘီ တည်တိန်ညင်မနဲ့ဆက်တဲ့ဝန်ကြီးဟာ ဘယ်သူလည်းဆိုတာ ဘယ်သိရတော့မလဲ၊ လမ်းဆုံးပြီးပေါ့”

“ဘယ်ဆုံးမလဲ၊ လေဒီဘောကွန်းဖီးအတုဟာ သတင်းအစအန ရသင့်သလောက် ရပြီးပြီ။ တစ်နေ့တော့ ပေါ်လာမှာပါ။ စီအိုင်အေဘက်က စကော့တလန်ယာဒ်ကလည်း ကူနေတယ်။ ခက်တာက ဗြိတိသျှဥပဒေမှာ ခိုင်လုံတဲ့သက်သေမရှိဘဲ လူတစ်ယောက်ကို စွဲချက်မတင်နိုင်ဘူး။ ပြီးတော့ ဒီကိစ္စမှာ အစိုးရအဖွဲ့ဝင် ထိပ်တန်းပုဂ္ဂိုလ်ကြီးတစ်ဦး ပါဝင်နေတယ်။ နိုင်ငံတော် သစ္စာဖောက်မှုကြီးဟာလည်း ဖြစ်နိုင်တယ်။ အတော် သတိထားရမယ်။ နောက်တော့ ဒီကိစ္စတွေဟာ တသီတတန်းကြီး ပေါ်လာမှာပေါ့။ နှစ်နဲ့ချီကြာရင်ကြာမယ်။ ဗြိတိသျှ ရာဇဝတ်မှုခင်းသမိုင်းမှာ မှတ်တမ်းတင်ရစ်ပါလိမ့်မယ်”

ထိုညက စာရေးသူတို့ သုံးဦး အတော်ညဉ့်နက်သည်အထိ စကားပြောကြပြီး သူတို့နှစ်ဦး ပြန်ကြပါသည်။ ထိုအချိန်ကစပြီး ကွဲသွားကြသည်မှာ ယနေ့အထိ ပြန်မတွေ့ကြတော့ပါ။ စာရေးသူသည် ချဲလ်ဆီးအရပ်

အိမ်သစ်သို့ ပြောင်းလာပြီးကတည်းက ထူးဆန်းထွေလာ စံဂေဟာကြီးဘက်သို့ မရောက်ဖြစ်တော့ပါ။ သို့သော် ထိုဂေဟာကြီးတွင်နေရစ်သော ပါကစ္စတန်ကျောင်းသား အာမက်နှင့်တွေ့၍ ပြောပြသည်မှာ မစ္စတာဆူး ဟောင်ကောင်သို့ ပြန်သွားကြောင်း၊ သူနှင့် ဒေါက်တာမာရီသည်လည်း တိုကျိုသို့ လိုက်ပါသွားကြောင်း၊ မာဂရက်မှာမူ သူမ၏ဆေးကျောင်းသို့ ပြန်သွားပြီဖြစ်ကြောင်း၊ ဂျူးတို့လင်မယားမှာ ဆွမ်ဆီးမြို့ဆေးရုံတွင် ဆေးကုသမှု ယူနေကြကြောင်း စံဂေဟာကြီးကို လန်ဒန်ကောင်စီက ရပ်ကွက်လူကြီးများအား စောင့်ရှောက်ထားစေကြောင်း၊ လေဒီဘောကွန်းဖီးအတုကား ပျောက်ခြင်းမလှ ပျောက်သွားပြီး သူမအခန်းကို သော့ပိတ်ထားကြောင်း သိရပါသည်။

ခရစ္စတီနှင့် ပရိုဖြူမို

နှစ်တွေပြောင်း၍ အချိန်တွေနောင်းခဲ့ပြီ။ စာရေးသူသည် ပါရဂူဘွဲ့ရပြီး၍ ၁၉၆၀ ပြည့်နှစ် ဇွန်လတွင် ရန်ကုန်သို့ ပြန်ရောက်လာခဲ့ပါသည်။ စံဂေဟာကြီးအကြောင်းကို မေ့နေလေပြီ။ ၁၉၆၃ ခုနှစ် မော်လမြိုင်ကောလိပ်တွင် အမှုထမ်းနေစဉ် ကောလိပ်စာကြည့်တိုက်သို့ ရောက်လာသောတိုင်းမဂ္ဂဇင်းတစ်အုပ်၌ ဗြိတိသျှကာကွယ်ရေးဝန်ကြီးနှင့် ပတ်သက်နေသော သူလျှိုမှုကြီးဟူသော ထိတ်လန့်တကြား သတင်းတစ်ရပ်ကို ဖတ်လိုက်ရ၏။ ကွန်ဆာဗေးတစ် အစိုးရအဖွဲ့ဝင်ဖြစ်သူ ကာကွယ်ရေးဝန်ကြီး မစ္စတာပရိုဖြူမို (Profumo) သည် ဆယ်ကျော်သက်အရွယ် မိန်းမချောကလေး ခရစ္စတီးကီလာ (Christie Keeler)နှင့် တိတ်တခိုး ချစ်ကြိုက်သွယ်နေကြောင်း၊ သို့သော် ဆယ်ကျော်သက်ကလေးမှာ ဗြိတိသျှကာကွယ်ရေး လျှို့ဝှက်ချက်များကို ထောက်လှမ်းစုံစမ်းနေသော သူလျှိုလုပ်ငန်းတွင် အသုံးပြုခံနေရသော တည်တိန်ညင်မလေးဖြစ်ကြောင်း၊ စကော့တလန်ယာဒ်က အချက်အလက်သက်သေသာဓကခိုင်မာစွာရထားပြီးဖြစ်ကြောင်း၊ ကာကွယ်ရေးဝန်ကြီးကို အကျင့်စာရိတ္တပျက်ပြားမှုနှင့် နိုင်ငံတော်သစ္စာဖောက်မှု ၂ မှုနှင့် စွဲချက်တင်ရန် စီစဉ်နေကြောင်း စသည်ဖြင့် သတင်းတွင် ဖော်ပြပါရှိပါသည်။

ထိုသတင်းကို ဖတ်မိရင်း၊ ဆူး၊ ဒေါက်တာမာရီ၊ မာဂရက်တို့နှင့် ထူးဆန်းထွေလာ စံဂေဟာကြီး၌ တွေ့ဆုံခဲ့ရပုံကို ပြန်ပြောင်း မြင်ယောင်လာ

ပါသည်။ ဆူး ကြိုတင်ပြောခဲ့သော ဟောကိန်းမှန်ပေပြီ။ စံဂေဟာကြီးက အဖြစ်အပျက်များနှင့် ဆက်စပ်နေမည်မှာ သေချာသည်။

ပရိဖြူမို–ကီလာတို့ အရှုပ်ဇာတ်လမ်းကြီးသည်ကား အင်္ဂလန်တွင် သာမက၊ ကမ္ဘာတစ်ဝန်း ဟိုးလေးတကျော် ဖြစ်သွားသည်။ စစ်ပြီးခေတ် ဗြိတိသျှမှုခင်းရာဇဝင်တွင် အဆိုးရွားဆုံး အမှုကြီးဖြစ်၏။ ကွန်ဆာဗေးတစ် အစိုးရတစ်ဖွဲ့လုံး ရာထူးမှထွက်ပေးရလောက်အောင် အခြေအနေဆိုးသွားသည်။ ယခုအခါ ယင်းအရှုပ်တော်ပုံကြီးအကြောင်းကို သတင်းဇာတ်လမ်း၊ ဝတ္ထုဇာတ်လမ်းများအဖြစ် ရေးသားထုတ်ဝေပြီးကြပြီး ဖြစ်သောကြောင့် စာရှု သူတို့ ဖတ်ပြီးကောင်း ပြီးကြပေမည်။ အချုပ်ပြန်ပြောရပါလျှင် ဗြိတိသျှ သမားတော်ကြီးအဖွဲ့ဝင် ဒေါက်တာစတီဖင်ဝဒ်ဆိုသူသည် ဆယ်ကျော်သက် အချောအလှ ကလေးမလေးများနှင့် ထောင်စားနေသော လူကြီးလူကောင်း ဒုစရိုက်သမားဖြစ်သည်။ ဆိုဟိုရပ်ကွက်တွင် ဒုစရိုက်သမကလေး မိန်းမချော ခရစ္စတီးကီလာကို ဒေါက်တာစတီဖင်ဝဒ်က တွေ့ရာကောက်ယူ 'မွေးစား'ပြီး သူထံတွင် ထားပါသည်။ မျက်နှာကြီး ပါတီတစ်ခုခု ဗြိတိသျှ ကာကွယ်ရေး ဝန်ကြီး ပရိဖြူမိုသည် ကီလာကို စတွေ့ရာမှ အငမ်းမရ စွဲမက်သွားသည်။ သူတို့နှစ်ဦး ဆက်သွယ်မိရာ၊ ဒေါက်တာစတီဖင်ဝဒ်အဖို့ ဝင်ငွေတိုးပြီး ငွေမိုး ရွာနေတော့သည်။

ထိုအချိန်က ဆိုဗီယက် ကေဂျီဘီသူလျှိုအဖွဲ့က အနောက်အုပ်စု နေတိုး စစ်ကာကွယ်ရေးအကြောင်း ထောက်လှမ်းနေချိန်ဖြစ်သည်။ ကာကွယ် ရေးဝန်ကြီး ပရိဖြူမိုသည် အီတာလျှံသွေးပါသည်။ 'ဝိုင်နှင့် ဂူးမင်း' အရက် နှင့် မိန်းမလိုက်စားတတ်သော စရိုက်ရှိသည်။ ကေဂျီဘီက ထိုစရိုက်ကို ချက်ကောင်းတစ်ခုအဖြစ် အသုံးချ၏။ ပရိဖြူမိုနှင့် ကီလာတို့ ဆက်ဆံရေးကို အတွင်းကျကျထောက်လှမ်းပြီး သက်သေသာဓက ခတ်ပုံ၊ ရုပ်ရှင်၊ ရုပ်သေများ ရိုက်ကူးယူထားသော ကေဂျီဘီက ပရိဖြူမိုထံမှ နေတိုး စစ်လျှို့ ဂုက်ချက်များ ကိုအရယူရန် ကီလာကို တည်တိန်ညင်မအဖြစ် အသုံးချပါသည်။

သူလျှိုလုပ်ငန်းတွင် မိန်းမချောကလေးများကို တည်တိန်ညင်မများ အဖြစ်အသုံးချရခြင်းမှာ မြွေပွေးရင်ဝယ်ပိုက်ရသလို ဖြစ်တတ်သည်။ ဒေါက်တာ စတီဖင်ဝဒ်က ကီလာကို ပရိဖြူထံမှ 'ဘော်ချက်'ယူရန်အတွက်သာ သူမကိုယ်

ခန္ဓာကို ရောင်းခိုင်းခြင်းဖြစ်သော်လည်း၊ ရုပ်ဖြောင့်ဖြောင့်၊ စကားကြွယ်ပြီး မ ကျမ်းကျေသော ပရိုဖြူအပေါ် မိုက်ခများ အသည်းနစ်အောင် စွဲချစ်မိရာသည်။ ထို့ကြောင့် ကေဂျီဘီအဖို့ ကီလာကို လွယ်လွယ်နှင့် ခိုင်း၍ရမည်မဟုတ်ကြောင်း သိသဖြင့် တစ်မျိုးစီစဉ်ပြန်သည်။ စိတ်ကစား၊ မျက်နှာများတတ်သော ဆယ်ကျော်သက် မိန်းကလေးတို့၏ 'ဆိုက်ကို'သဘောကို အသုံးချပြန်သည်။ ပရိုဖြူမိုထက် ရုပ်သာပြီးအသက်ငယ်သော ရုရှားလူငယ်တစ်ဦးကို ကောင်းစွာ လေ့ကျင့်ပေးပြီး ဆိုဗီယက်ရေတပ်ဆိုင်ရာ စစ်သံမှူးအဖြစ်ခန့်ကာ လန်ဒန်သို့ စေလွှတ်လိုက်၏။ သူ၏တာဝန်မှာ ကီလာ၏အချစ်ကို ဖမ်းစားယူပြီး ပရိုဖြူမိုထံမှ နေတိုးစစ်ကာကွယ်ရေးဆိုင်ရာ အချက်များကို အရယူခိုင်းရန်ဖြစ်သည်။ စာရေးသူ ဘိလပ်၌ ရှိစဉ်ကတည်းကပင် ယင်းကိစ္စများဖြစ်နေဟန်တူသည်။

ဤအရှုပ်တော်ပုံ၌ ကီလာသည် အဓိကဇာတ်ကောင်ဖြစ်လာပါသည်။ သူမသည်သာ အခရာ သော့ချက်ဖြစ်၏။ နေတိုး စစ်အုပ်စုဝင် နိုင်ငံတို့၏ လုံခြုံရေးသည် သူမအပေါ် လုံးဝတည်နေပေတော့သည်။ သို့သော် မိန်းမသည် မိန်းမသားသာဖြစ်သည်။ သူလျှို့လုပ်ငန်းတွင် နှလုံးသားနှင့်ဆိုင်သော အချစ်၊ မေတ္တာ၊ ကရုဏာစသည်တို့ကို သိပ်ပွစက်ယန္တရားများသဖွယ် ခလုတ်နှိပ်စေခိုင်း၍ မရပါ။ ကီလာအဖို့ မူလကျေးဇူးရှင် ဒေါက်တာစတီဖင်ဝဒ်ကို ကြင်နာမိသည်။ ဒုတိယချစ်သူ ပရိုဖြူမိုအပေါ် တွယ်တာမိသည်။ တတိယချစ်သူ ရေကြောင်းဆိုင်ရာစစ်သံမှူး ကိုလူချောမစ္စတာ... ကို ခွဲမရအောင် စွဲမိခဲ့သည်။ ငွေနှင့် မိန်းမကြိုက်ပစ္စည်း အလျှံပယ်အောင်ပေးနိုင်စွမ်းသော ထိုပုဂ္ဂိုလ်ကို ကီလာသည် အဘယ်မှာ မစွဲမက်ဘဲ ရှိနိုင်အံ့နည်း။ သူတို့သုံးဦး အကြား ဗျာများရလေပြီ။ သူမ ဘာလုပ်ရမည်နည်း။ နောက်ဆုံး ကီလာသည် အစိုးရ သက်သေ ဖော်ကောင်ဖြစ်သွားရာသည်။ သူမကြောင့် ပရိုဖြူမို အရှက်တကွဲ ဖြစ်ပြီး ရာထူးပြုတ်ရသည်။ သူမကြောင့် ဒေါက်တာစတီဖင်ဝဒ် သူ့ကိုယ်သူ အဆုံးစီရင်သွားရာသည်။ သူမကြောင့် ရေတပ်ဗိုလ် စစ်သံမှူး ပြည်နှင်ဒဏ် သင့်သွားသည်။ သို့သော် သူမကြောင့် အကျင့်ပျက်ဝန်ကြီးကို ဖော်ထုတ် ဖယ်ရှားနိုင်ခဲ့သည်။ သူမကြောင့် သူလျှိုလုပ်ငန်းကြီးပေါ်လာသည်။ သူမ ကြောင့် ဗြိတိသျှတစ်မျိုးသားလုံး၏ ကာကွယ်ရေး လျှို့ဝှက်ချက်များကို ရန်သူဘက်သို့မရောက်မိ လက်တစ်လုံးခြား တားနိုင်ခဲ့သည်။ ယနေ့ကီလာ

သည် ဗြိတိသျှအမျိုးသား မော်ကွန်းဝင်သူရဲကောင်းဖြစ်နေလေပြီ။ ထင်ရှားသော ပုဂ္ဂိုလ်ထူးကို ဖယောင်းရုပ်ထုပြီး ပြသထားသော လန်ဒန်မြို့၊ မဒမ် တူးဆော့ ဖယောင်းရုပ်ပြတိုက်တွင် ကီလာ၏ ပုံတူဖယောင်းရုပ် ရောက်နေလေပြီ။

ယင်းသတင်း ဇာတ်လမ်းများကို စာနယ်ဇင်းများ၌ တွေ့.မိ၍ ဖတ်မိတိုင်း ထူးဆန်းထွေလာစံဂေဟာကို ပြန်သတိရမိပါသည်။ စာရေးသူဆက်စပ်တွေးမိသည်မှာ မစွတာဆူးမှာ ဟောင်ကောင်ရှိ စီအိုင်အေဌာနခွဲက လွှတ်လိုက်သော အေးဂျင့်ဖြစ်ရမည်။ ဒေါက်တာမာရီမှာ စကော့တလန်ယာဒ်က ခိုင်းထားသော စုံထောက်ဆရာဝန်မဖြစ်ရမည်၊ ဂျုံးတို့လင်မယားတို့မှာကား သူတို့၏လိင်ဖောက်ပြန်မှုရောဂါ (ဆက်ဒစ်ဇင်း)ကို အကြောင်းပြုပြီး စီအိုင်အေ၏ အကျပ်ကိုင်ခံရရှာပြီး လေဒီကွန်းဖီး အတုကို သူတို့အိမ်၌ လက်ခံကြရသူများဖြစ်မည်။ ကိုယ့်အတွေးနှင့်ကိုယ် ဇာတ်လမ်းပေါင်းကြည့်ရာ အတော်ဟုတ်သလိုရှိ၏။ သို့သော် မာဂရက်နှင့် ဝိညာဉ်အသင်းဝင် လေဒီဘောကွန်းဖီး အစစ်တို့ကို ဇာတ်ကွက်ချမရအောင် ဖြစ်နေပါသည်။ ၁၉၇၁ ခုနှစ်၊ မေလ ရောက်တော့မှ သူတို့၏ ဇာတ်လမ်းပေါ်လာပါတော့သည်။

မြေ-ရေ-လေ-မီးဘေး ကျိန်စာသင့်သည်ဆိုသော ဖြစ်ရပ်

၁၉၇၁ ခုနှစ်၊ မေလကုန်လောက်က စာရေးသူသည် ပညာရေးတက္ကသိုလ်စာကြည့်တိုက်မှ စနေရီဗျူး (Saturday Review) ဂျာနယ်ဟောင်းများကို ငှားဖတ်ကြည့်လိုက်မိရာ မေလထုတ်အတွဲ၌ မျက်နှာဖုံးတွင် ကျူတင့်ခါမွန်ဘုရင်၏ ရွှေမျက်နှာဖုံးပုံနှင့်တကွ "ဘုရင်ကလေး၏ ကျန်စာမပြယ်သေးပါ" ဟူသော စာလုံးခေါင်းစဉ်ကို ဖတ်လိုက်မိပါသည်။ သည့်အလျင် လွန်ခဲ့သော တစ်ပတ်ကျော်ကလည်း တက္ကသိုလ်များ စာကြည့်တိုက်သို့ ရောက်သွားရာ၊ လန်ဒန်တိုင်းသတင်းစာဟောင်းများကို လှန်လှောကြည့်ရင်းက ဧပြီလထုတ် စာစောင်တွင် အီဂျစ်နှင့်ဗြိတိန်နှစ်နိုင်ငံ ယဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ်အရ၊ ကိုင်ရိုပြတိုက်မှ ရှေးဟောင်းအီဂျစ်ဘုရင် ကျူတင့်ခါမွန်၏ ဆေးရည်စိမ်ရုပ်အလောင်းနှင့် သူ့အသုံးအဆောင်ပစ္စည်းများကို လန်ဒန် ဗြိတိသျှပြတိုက်သို့ သယ်ယူပြသမည်ဖြစ်ပါကြောင်း သတင်းတစ်ပုဒ် ဖတ်လိုက်မိပါသည်။

ထို့ကြောင့်စာရေးသူ ကြုံခဲ့ရသော ထူးဆန်းထွေလာစံဂေဟာမှ မရှင်းသေးသော လေဒီကွန်းဖီးနှင့် ဝိညာဉ်အသင်းတို့၏ လျှို့ဝှက်ကွင်းဆက်တစ်ခု အကြောင်းသိရလိုငြား စနေရီဗျူးကို ချက်ချင်းလှန်ကာ သတင်းဆောင်းပါးကို အစအဆုံး ဖတ်ကြည့်မိပါသည်။ သတင်းဆောင်းပါးတစ်ပုဒ်လုံးတွင် ကျူတင့်ခါမွန်ဂူသချိုင်း၊ သူ့ရုပ်ကလာပ် ရွှေမျက်နှာဖုံး၊ ပြတိုက်တွင် ပြထားသောပစ္စည်းများနှင့် မကြာမီက ကျိန်စာမိသည်ဟု ထင်ရသော အသံလွှင့်ဆရာဒေးဗစ်ကလပ်ဂျုံးတို့၏ ဓာတ်ပုံများနှင့် ဝေဆာနေသည်။

သတင်း၏အချုပ်မှာ ကိုင်ရိုပြတိုက်မှသယ်လာသော ကျူတင့်ခါမွန်၏ ဆေးရည်စိမ်ရုပ်အလောင်းနှင့် သူ၏နန်းသုံးပစ္စည်းများကို ဗြိတိသျှ ပြတိုက်တွင် ပြထားကြောင်း၊ အလောင်းဆေးစိမ်ပညာနှင့် အနုပညာလက်ရာမြောက် ရှေးဟောင်းပစ္စည်းများကို လာကြည့်သူတို့ စိတ်ဝင်စားကြကြောင်း၊ အထူးစိတ်ဝင်စားစရာကောင်းပြီး အများပြည်သူတို့ အထူးအာရုံပြုသောကိစ္စမှာ ဤရုပ်အလောင်းတွင် ကျိန်စာရှိနေသေးသလားဟူသော လျှို့ဝှက်ဆန်းကြယ်သော ပြဿနာဖြစ်ကြောင်း၊ လွန်ခဲ့သော (၄၇) နှစ်ကျော်က ကမ္ဘာတစ်ခွင်၌ ယင်းပြဿနာသည် ဟိုးလေးတကျော် ဖြစ်ခဲ့ကြောင်း၊ လွန်ခဲ့သောစနေနေ့က ရုပ်မြင်သံကြားမှ ယင်းပြဿနာကို ဆွေးနွေးတင်ပြသော အသံလွှင့်ဆရာ မစ္စတာဒေးဗစ်ကလပ်ဂျုံးသည် စတူဒီယိုမှအပြန် ကားတိုက်ခံရပြီး လမ်းပေါ်သို့ လွင့်ကျအသွား အခြားကားတစ်စီးက သူ့ခေါင်းကို ကြိတ်မိရန် သီသီကလေးသာ လိုတော့သောကြောင့် ကျန်စာမှာ တကယ်မရှိ၊ ရှိပါလျှင်လည်း ယခုလောက်ကြာလျှင် ပျက်ပြယ်လောက်ပြီဟု အသံလွှင့်ခဲ့သော ဂျုံးသည် ယခု သူ့အယူအဆကို ပြင်ရတော့မည်ဖြစ်ကြောင်း ပါရှိ၏။

ယင်းသတင်းကိုဖတ်ရင်း ထူးဆန်းထွေလာစံဂေဟာကြီးကို ပြန်သတိရလာသည်။ အသံလွှင့်ဆရာ၏ ဓာတ်ပုံကိုကြည့်ရင်း စံဂေဟာကြီးက ဂျုံးလင်မယားကို မြင်ယောင်လာသည်။ ရုပ်ချင်းတူသဖြင့် ညီအစ်ကိုများ ဖြစ်နေမလား၊ ဆက်တွေးမိသည်မှာ ၁၉၄၈-၄၉ ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပစာ (က)တွင်သင်ရသော ရှေးဟောင်းအီဂျစ်သမိုင်းဖြစ်ပါသည်။ ထိုစဉ်က ကျူတင့်ခါမွန် ပစ်ရမစ်ဂူသချိုင်းကြီး တူးဖော်ပုံအကြောင်းဖတ်ဖူးသည်။ ရှေးဟောင်း အီဂျစ်သမိုင်းပညာရှင် 'ဟိုးဝပ်ကာတာ' နှင့် 'လော့တာရာနာဘွန်

တို့သည် သိုက်စာအညွှန်းအရ ကျူတင့်ခါမွန်ကြီးကို ရှာဖွေခဲ့ကြသည်။ အစု ရှယ်ယာများခေါ်ပြီး မတည်ငွေ စတာလင် ပေါင်သုံးသန်းနှင့် ခြောက်နှစ်ကြာ ယင်းဂူကြီးကို အီဂျစ်နိုင်းမြစ်ဝှမ်းတွင် ရှာဖွေခဲ့ရာ ငွေကုန်လူပန်း ဖြစ်လာပြီး မတွေ့သောကြောင့် လက်လျှော့ခဲ့ရသည်။ ၁၉၂၂ ခုနှစ်တွင် ခရီးတစ်ခေါက် ပြန်ခဲ့ကြရာ မြေတူးသမားတစ်ဦး ချော်လဲသွားရာမှ ဂူကြီးသို့ပေါက်သော လျှို့ဝှက်ဥမင်လေ့ကားဝကို မတော်တဆတွေ့သွားပြီး မြေအောက်ဂူသချိုင်း ကို တွေ့ခဲ့ကြရ၏။

လွန်ခဲ့သော နှစ်ပေါင်းလေးထောင်ကျော်နီးပါးက ဘုရင့်အလောင်း နှင့် သူ၏နန်းသုံးပစ္စည်းများနှင့် ကျေးကျွန်များမြှုပ်နှံခဲ့စဉ်ကအတိုင်း မပျက် မစီးအောင် အကောင်းပကတိရှိနေသော ဂူကြီးဖြစ်သည်။ မြေအောက်ဂူကြီး ဖြစ်ပြီး လူမသိအောင် တောတောင်သဲကန္တာရတို့အကြားတွင် လျှို့ဝှက်ဖျောက် ဖျက်ထားခဲ့သည်။

ဘုရင့်အလောင်းမြှုပ်နှံပြီး ဆယ်နှစ်ကြာအတွင်းက ဓာတ်သိ သူခိုး များသည် ပထမအခန်းကို ဝင်ရောက်ခိုးယူကြစဉ် တဲခါးပိတ်မိကာ စတေးပြီး ပြာဖြစ်သွားသည်။ ခိုးထုပ်ခိုးထည်များနှင့် ဌာပနာပြီးဖြစ်သော သူခိုးတို့၏ ရုပ်ကလာပ်များကို ပထမခန်းတွင် တူးဖော်သူတို့ တွေ့ရသည်။ အဆောင် ဆောင် အခန်းခန်းနှင့် ကျေးကျွန်နှင့် အိမ်မွေးတိရစ္ဆာန်များကိုပါ အရှင် လတ်လတ် ထည့်သွင်းစတေးထားသည်။

ဘုရင့်အလောင်း ပုံတူသုံးခုထားပြီး၊ အလောင်းအစစ်ကိုမူ ကျောက် အခေါင်းနှင့် လုံခြုံစွာ ပိတ်ထည့်ထားသည်။ အလောင်းမျက်နှာကို ရွှေနှင့် သွန်းထားသော ပုံတူမျက်နှာနှင့် ဖုံးထားရာ အလေးချိန် တစ်တန်စီးသည်။ အလောင်းခန်းကို ဖွင့်စဉ် ရှေးဟောင်းအီဂျစ်စာနှင့် ရေးထားသော ကျိန်စာကို နံရံတွင် တွေ့ရ၏။ ပညာရှင် ဟိုးဝပ်ကာတာက ဖတ်ကြည့်ရာ...

("ငါ၏ အလောင်းနှင့်ဂူကို နှောင့်ယှက်ဖျက်ဆီးသူသည် မြေ၊ ရေ၊ လေ၊ မီး၊ ဓာတ်ကြီးလေးပါး၏ ဘေးဒဏ် သင့်ပါစေသား")

ဟူသော ကျိန်စာဖြစ်ကြောင်း သိရ၏။

အစွဲအလမ်းရှိသော အီဂျစ်ရှင်း မြေတူးသမားတို့က ဆက်တူးရန် ငြင်းဆန်သော်လည်း ခြောက်နှစ်ကြာ ငွေကုန်လူပန်းခံပြီး ရှာရသောဂူကြီး

ဖြစ်သဖြင့် 'ဟိုးဝပ်ကာတာ' နှင့် လော့ကာရာနာဘွန်' တို့က ဆက်တူးခိုင်းပြီး အလောင်းနှင့် နန်းသုံးပစ္စည်းများကို သယ်ထုတ်ကြ၏။

ထိုအချိန်မှစပြီး ငါးနှစ်အတွင် မြေပိသေသူသေ၊ ရေနစ်သူနစ်၊ မီးလောင်သူလောင်၊ လေဖြတ်သူလေဖြတ်သေ ဖြစ်လာသောကြောင့် ကျန်စာသင့်ပြီဟု အစွဲအလမ်းဖြစ်လာသည်။ သေကြပုံမှာ မတော်တဆ တိုက်ဆိုင်မှုဟု ဆိုနိုင်သော်လည်း အံ့သြစရာကောင်းသော တိုက်ဆိုင်မှုများဖြစ်သည်။

အလောင်းကောင်သယ်ရာတွင် ကြီးကြပ်သောသူမှာ ဆေးတံ မီးညှိသောက်ရာမှ သူ့မုတ်ဆိတ်ကို မီးစွဲလောင်ပြီးသေရသည်။ နောက်တစ်ဦးမှာ အရက်မူးပြီး အရက်ခွက် မော့သောက်ရင်း နှာခေါင်းတွင်းသို့ အရက်ဝင်ပြီး မွန်းသေရသည်။ တူးရင်း မြေပိသူများ၊ လေသင်တုန်းဖြတ်သေသူများလည်း ရှိသည်။ ထို့ကြောင့် ကျိန်စာသင့်ပြီဟူသောအစွဲသည် ကမ္ဘာအဝန်း ကျော်သွား၏။ အလောင်းကို ကိုင်ရိုပြတိုက်မှာပင်ထားပြီး သုတေသီတို့ သုတေသန မလုပ်ဝံ့ပဲ ရှိနေကြ၏။

ဘိလပ်တွင် ဝိညာဉ်ပညာ (Spiritualism) ကို လိုက်စားသူတို့က ကျိန်စာကို ချွတ်လွှဲပစ်ရန် ကြိုးပမ်းကြသည်ဟု အဆိုရှိသည်။ ရှေ့ပိုင်းဆောင်းပါးများတွင် စာရေးသူတင်ပြခဲ့သော ဝိညာဉ်အသင်းတော်ဝင် လေဒီ ဘောကွန်းဖီးမှာ ကျူတင့်ခါမွန် ဝိညာဉ်ကိုခေါ်ယူပြီး သူ့အလောင်းမှ ကျိန်စာကို အနုတ်ခိုင်းရန်ဖြစ်သည်။ သို့သော် ဘယ်လ်ဖတ်စ်၌ ပြန်ပေးဆွဲခံရပြီး နောက်ပြန်လွတ်လာသည့်နောက်ပိုင်းတွင် သူမအကြောင်း ဘာမှ မကြားရတော့ပါ။

စာရေးသူသည် တိုင်းပြည်ပြန်ရောက်ကတည်းက ဘိလပ်နှင့် အဆက်အသွယ်ပြတ်နေခဲ့သည်။ မကြာသေးမီက ရှေးဟောင်း အီဂျစ်မှော်ပညာအကြောင်း ဆောင်းပါးတစ်ပုဒ်ဖတ်လိုက်ရပါသည်။ ဆောင်းပါးတွင် ရှေးဟောင်း ပစ်ရမစ်ဂူကြီးရှိ ဖာရိုးဘုရင်တို့၏ ဆေးစိမ်အလောင်းများကို ကာကွယ်စောင့်ရှောက်သော လျှို့ဝှက်ဂိုဏ်းရှိကြောင်း၊ ယင်းတို့မှာ ဖာရိုးဘုရင်များ လက်ထက်ကတည်းက ဘုရင့်အမိန့်တော်နှင့် ခန့်ခဲ့သော မင်းမှုထမ်းများ ဖြစ်ကြောင်း၊ မှော်ပညာနှင့် စီရင်သွားခဲ့သဖြင့် ယနေ့အထိ မသေဘဲ ရှိနေပြီး ဖာရိုးဘုရင်တို့၏ ရုပ်ကလာပ်များကို လိုက်လံစောင့်ရှောက်နေကြရကြောင်း၊ တိုင်းတစ်ပါးသို့ ရောက်သွားသော ရုပ်အလောင်းများကိုလည်း

လိုက်ပါစောင့်ရှောက်နေကြကြောင်း၊ အလောင်းကို ဖျက်မည့်သူကို သူတို့က အဆုံးစီရင်ကြကြောင်း စသည်ဖြင့် ပါရှိသည်။

စာရေးသူ ဘိလပ်မှမခွာမီလပိုင်းလောက်က အားလ်စကုတ်မြေအောက် ဘူတာ (Earl's Court Tube Station) တွင်း၌ ဖြစ်ပွားသော ထူးဆန်းသော လူသတ်မှု သတင်းတစ်ပုဒ်ကို ညနေသတင်းစာများတွင် ဖတ်ရပါသည်။ အသတ်ခံရသူ အမျိုးသမီး၏အမည်ကို မဖော်ပြသော်လည်း သူကောင်းမျိုးရိုးထဲမှဖြစ်ကြောင်း၊ ပစ်ရမစ်ခေတ် ရှေးဟောင်းအိုဂျစ်တို့သုံးသော ဓားကောက်ကြီးမျိုးနှင့် ထိုးသတ်ထားကြောင်း၊ လူသတ်သမား၏ သဲလွန်စကို လုံးဝရှာမတွေ့ရကြောင်း စသည်ဖြင့် သတင်းက ဆိုထားသည်။

အသတ်ခံရသူ သူကောင်းမျိုးနွယ်အမျိုးသမီးသည် လေဒီဘောကွန်းဖီးပေလား၊ သတ်သူမှာ ဖာရိုးတို့ အလောင်းစောင့်ရှောက်ရသော မင်းမှူထမ်းဂိုဏ်းသားပေလား၊ သို့မဟုတ် စီအိုင်အေလက်ချက်လား မည်သို့ရှိစေ၊ ကျူတင့်ခါမွန်ဆေးစိမ်အလောင်းမူကား ယနေ့အထိ အကောင်းပကတိ ရှိနေသေးသဖြင့် ကျိန်စာ၏အာနိသင်လည်း ပျက်ပြယ်သေးဟန်မတူပါ။

❐

အားလပ်ချိန်မှာ ဝင်ငွေရှာ

- ကျွန်တော် ကြော်ငြာမင်းသား
- ကျွန်တော် စာပို့လုလင်
- ကျွန်တော် ရုပ်ရှင်မင်းသား
- ဘီလပ်ရောက် တောသူကြီးကျွန်တော်
- ကောလိပ်ကျောင်းသား ဖိနပ်တိုက်သမား

ကျွန်တော် ကြော်ငြာမင်းသား

စာရေးသူတို့ လန်ဒန်တွင်နေစဉ်က မြန်မာထမင်းဆိုင်ဆို၍ ရှားရှားပါးပါး တစ်ဆိုင်သာရှိသည်။ လန်ဒန်မြို့လယ် လူစည်ကားသော ရပ်ကွက်တစ်ခု၏ အတွင်းကျကျ စိန့်ဂျိုင်းလမ်းပေါ်မှာ နယူးဘားမားရက်စတော့ရင့်မှာယင်းထမင်းဆိုင် ဖြစ်သည်။ လူငါးယောက်ဝိုင်း၊ စားပွဲဝိုင်းငါးဝိုင်း ခင်းထားနိုင်လောက်ရုံသာ ကျယ်လေသည်။ မြေအောက်ထပ်၊ မြေညီထပ်နှင့် အပေါ်သုံးထပ်ရှိသော တိုက်ဖြစ်သည်။ မြေအောက်ထပ်တွင် မြန်မာ၊ မြန်မာပြည်ဖွား၊ အိန္ဒိယ၊ တရုတ်၊ မြန်မာကပြားများ၏ အစားအသောက်များကို ချက်ပြုတ်ပြင်ဆင်ပေးသည်။ မြေညီထပ်တွင် စားသောက်ခန်းနှင့် မန်နေဂျာထိုင်သော ကောင်တာ၊ အပေါ်ထပ်တွင် ဆိုင်ရှင်နေသော အခန်းများရှိသည်။

ဘိလပ်ရောက်ကတည်းက မုန့်ဟင်းခါး စားချင်နေသည်။ မြန်မာထမင်းဟင်းများကို ကြိုက်ခဲ့ရ၏။ မုန့်ဟင်းခါးမှာ မုံန့်ဖတ်နှင့် ငှက်ပျောပင်စည်ဖတ်က ခက်နေသည်။ မိတ်ဆွေတစ်ဦး၏ သတင်းပေးချက်အရ အထက်ပါထမင်းဆိုင်သို့ တစ်ညနေတွင် မုန့်ဟင်းခါးစား ရောက်ခဲ့သည်။ စားပြီးငွေပေး၍ ပြန်ထွက်လည်မည်အလုပ် ဆိုင်တွင်းမှထွက်လာသော အသက် (၅၀) ကျော် အဒေါ်ကြီးက...

"ဘိလပ်ရောက်စ ကျောင်းသားလေးမှတ်တယ်။ ဘယ်နေလဲ"

ဖော်ရွေစွာ နှုတ်ဆက်သော အသံကြောင့် သူမအမေးကို ဖြေရာမှစပြီး စကားလက်ဆုံကျသွားရာ ဆိုင်ပိတ်တော့မှ ပြန်ဖြစ်ပါတော့သည်။ အဒေါ်ကြီးကား ဆိုင်ရှင် ဒေါ်မြစိန်ဖြစ်သည်။ ပုသိမ်သူ၊ စစ်မဖြစ်မီက ဘိလပ်ရောက်

လာရာ မြန်မာကျောင်းသားများအား မြန်မာထမင်းချက်ကျွေးရင်း ယခုလို ဆိုင်ဖွင့်ထားခြင်းဖြစ်သည်။ ထမင်းဆိုင်နှင့် စီးပွားဖြစ်ရုံမကသေး။ ကြော်ငြာနှင့် ရုပ်ရှင်ဇာတ်ဆောင်များ စုဆောင်းပေးသောလုပ်ငန်းလည်း လုပ်သေးသည်။ ရုပ်ရှင်ကုမ္ပဏီကြီးများက အရှေ့တိုင်းသားများကို ဇာတ်ရံအဖြစ် လိုချင်လျှင် ဒေါ်မြစိန်က ခေါ်ပေးသည်။ အရွေးခံရသူများထဲ သူတို့ရသော ဇာတ်ဆောင်ခ ငွေ၏ ၃၀ ရာခိုင်နှုန်း ကော်မရှင်ခယူသည်။ ကုမ္ပဏီကြီးများက သူမအား ဇာတ်ထုတ်တစ်ထုပ်အတွက် ဇာတ်ကောင်ရှာပေးခကို ပုတ်ပြတ်ပေးသည်။ ယင်းပြင် ကြော်ငြာလုပ်ငန်းလည်းရှိသေးသည်။ အရှေ့တိုင်းနိုင်ငံများအတွက် ပစ္စည်းကြော်ငြာလိုချင်လျှင် ကြော်ငြာဇာတ်လိုက်များကို ဒေါ်မြစိန်က ရှာပေးသည်။ အထက်ပါအတိုင်း သူမက ကော်မရှင်ယူသည်။ ထိုညနေက စာရေးသူအား ဒေါ်မြစိန်ကြော်ငြာမင်းသား ခန့်ပါတော့သည်။

"မင်းကြည့်ရတာ အသားဖြူစပ်စပ်နဲ့ တရုတ်နဲ့တူတယ်။ တို့မြန်မာ အသားလတ်တွေဟာ ဘိလပ်မှာဆိုရင် ဂျာမန်တို့၊ တရုတ်တို့နဲ့ အတော်မှားနိုင်တာ။ မင်းသွားတွေ စိုက်ထားတာလား၊ အစစ်တွေလား"

"အစစ်တွေပါ အန်တီ"

"ကဲ... သွားပေါ်အောင် သဘာဝကျကျ ပြုံးပြစမ်း။ အေး ဟုတ်ပြီ၊ ဒီလိုဆို ပိုက်ဆံလေးဘာလေးများ မလိုချင်ဘူးလား။ လိုချင်ရင် နက်ဖြန် ၁၀ နာရီမှာ လိပ်စာအတိုင်းသွားပါ။ မဒမ်စိန်က လွတ်လိုက်တာလို့ပြော။ မင်းသွားတွေ ဒီထက်ပိုလှအောင် ၂ ခါ ၃ ခါ တိုက်သွားဦး။ ဟိုရောက်ရင် သွားပေါ်အောင် သဘာဝကျကျ ပြုံးပြီး နှုတ်ဆက်နော်။ တိုက်ဝရောက်ရင် ကရင်ကျောင်းသားလေး စောဝင်းကိုနဲ့ တွေ့လိမ့်မယ်။ မင်းတို့နှစ်ယောက်စလုံး ဟောင်ကောင်က တရုတ်ကျောင်းသားတွေလို့ပြောနော်"

"ကျွန်တော်တို့က ဘာလုပ်ရမှာလဲဆိုတာ ပြောပြပါဦး"

"အေး... ဟုတ်သားပဲ၊ ငါလည်း စွတ်ပြောနေလိုက်တာ။ ကိုးလ်ဂိတ် သွားတိုက်ဆေး ကုမ္ပဏီက ဟောင်ကောင်ဈေးကွက်အတွက် သွားတိုက်ဆေး ကြော်ငြာသစ်လုပ်မလို့ ကြော်ငြာဖို့ တရုတ်လူငယ် ၂ ယောက် လိုချင်တယ်တဲ့။ ရုပ်ချော၊ သွားလှရမယ်တဲ့။ ငါကတော့ ပိုက်ဆံရခြင်းရရင် မြန်မာကျောင်းသားတွေ ရစေချင်တယ်။ စောဝင်းကိုနဲ့ မင်းတို့က အရုပ်ပျပ်ပျပ်၊ သွားလှလှ

ပြီးတော့ တရုတ်လို ဖြူစပ်စပ်ဆိုတော့ တရုတ်တု လုပ်ကြပေါ့ကွယ်။ သူတို့က ရုပ်ရှင်၊ ရုပ်သေ ကြိုက်သလိုရိုက်လိမ့်မယ်။ အိုက်တင် တွေဘာတွေ ကောင်းကောင်းလုပ်ပြနော်။ တော်တော်ကြာ ဟောလိဝုဒ်တောင် ရောက်နေမှာ ဟဲ... ဟဲ... ဟဲ"

ဒေါ်မြစိန်သည် မျိုးချစ်စိတ်ရှိသူဖြစ်သည်။ ပျော်တတ်သည်။ အရွှန်းပြောတတ်သည်။ လူငယ်များကို စိတ်မြူးအောင်လည်း ပြောတတ်သည်။ ထိုညက စာရေးသူ အိပ်မပျော်။ သွားတိုက်သည်မှာ သုံးခါပင်ရှိပြီ။ သွားဖုံးမှသွေးများပင် ထွက်လာပြီး နောက်တစ်နေ့တွင် ၂ ခါ ထပ်တိုက်ပြီး စမတ် ကျကျဝတ်ကာ လိပ်စာအတိုင်း မြေအောက်မီးရထားနှင့်လာခဲ့၏။ 'ချယားရင်း၊ ခရော့စ်' ရပ်ကွက် ကြော်ငြာ ကုမ္ပဏီများရှိရာလမ်းတွင် ခြောက်ထပ်တိုက်ကြီးတစ်ခုၭ 'ဘယိုင်းယင်စတုန်း၊ အပြည်ပြည်ဆိုင်ရာ ကြော်ငြာကုမ္ပဏီကြီး' ဟူသော ဆိုင်းဘုတ်ကြီးကို တွေ့ရသည်။ ဆင်ဝင်အောက်ၭ ခပ်ချောချော သူငယ်တစ်ဦး ရပ်နေရာ စောဝင်းကိုပင် ဖြစ်သည်။

အချင်းချင်းမိတ်ဖွဲ့ပြီး ဓာတ်လှေကားနှင့် အထက်ဆုံးထပ်သို့ တက်သွားကြရာ အင်တာဗျူးခန်းဝသို့ ရောက်သွားကြ၏။ ကိုယ်လုံးကိုယ်ပေါက်လှလှ အရွယ်ငယ်ငယ်၊ မျက်လုံးပြာပြာ၊ ခပ်ချောချော၊ နူတ်ခမ်းပါးပါး၊ ဆံပင် ရွှေဝါရောင်ပိုင်ရှင် ဧည့်ကြိုအင်္ဂလိပ်မကလေးက ဆီးကြိုပြီး နူတ်ဆက်ပါသည်။ သူမအား သွားပေါ်အောင် သဘာဝကျကျ နှစ်ယောက်သားပြုံးပြီး လက်ဆွဲနူတ်ဆက်လိုက်ရာ...

"ဟယ်... ရှင်တို့နှစ်ယောက်စလုံးက သွားသိပ်လှတာပဲ။ ကိုယ်ပိုင်သွားတွေလား။ ဒီလိုမေးတာ စိတ်မရှိနဲ့နော်"

"မရှိပါဘူးခင်ဗျာ။ ဂုဏ်တောင်ယူပါသေးတယ်။ ကျွန်တော်တို့ကိုယ်ပိုင်သွားတွေပါ"

"ရှင်တို့တော့ ကျွန်မ ဘော့စ်က ရွေးမှာပါ။ ပြီးတော့ လူချောတွေပဲ"

စောဝင်းကိုနှင့် စာရေးသူတို့သည် ဘိလပ်ပျိုဖြူ၏ ချီးမွမ်းမှုကို ခံရ၍ ရင်ထဲတွင် နွေးသွား၏။ သူမကိုလည်း ဘာကလိလို တစ်ပြိုင်တည်း ကြည့်မိကြသည်။ သူမက မန်နေဂျာအခန်းသို့ ခေါ်သွားပါသည်။ ခမ်းနားသောစားပွဲကြီးတွင် ထိပ်ပြောင်၊ အသက် (၅၀) ကျော်အရွယ် အင်္ဂလိပ်လူကြီး

တစ်ယောက်ကို တွေ့ရ၏။ ပါးစပ်တွင် ဆေးပြင်းလိပ်ကို ငွေစွပ်တံနှင့် စွပ်ကာ ခဲထားသည်။

"မဒမ်စိန်က လွတ်လိုက်တဲ့ ကြော်ငြာမင်းသား နှစ်ယောက်ပါရှင်"

"အို... ဟဲလို... ဂွတ်မောနင်း ကလက်တူ ဆီးယူ" (တွေ့ရတာ ဝမ်းသာ ပါတယ်)။

သူတို့ ယဉ်ကျေးမှုထုံးစံအတိုင်း ပြန်၍နှုတ်ဆက်ပြီး သွားအလှပေါ်အောင် နှစ်ယောက်စလုံး ပြုံးပြလိုက်ရာ...

"သွားတွေက လှလိုက်တာ၊ မင်းတို့သွားအစစ်တွေလား"

အင်္ဂလိပ်လူမျိုးများသည် ချောကလက်၊ ချိုချဉ်၊ သကြားမုန့်များ အစားများ၍ ငယ်စဉ်ကတည်းက သွားဝေဒနာ စွဲကပ်တတ်ကြသည်။ အသက် ၂၀၊ ၃၀ ရောက်လျှင် သွားတုစိုက်ထားကြရသည်က များသည်။ ထို့ကြောင့် သူများ၏သွားအလှကို မြင်လျှင် အတုလား၊ အစစ်လားဟု ချီးကျူးသော အမေးမျိုးမှာ မေးနေကြဖြစ်သည်။

မန်နေဂျာကြီးနှင့် အလုပ်စကားပြောပြီးနောက် စတူဒီယိုထဲတွင် ဟောင်ကောင်တိုက်ခန်းတစ်ခုပုံ၊ တရုတ်ကျောင်းသားတစ်ဦး၏ အိပ်ခန်း၊ အိပ်ရာ ပြင်ထားသည်။ အိပ်ရာခန်းထောင့်တွင် မျက်နှာသစ်ကြွေခွက်ရှိသည်။ ကင်မရာအကြီး၊ အသေး၊ မျက်နှာကျက်မှ တွဲလွဲဆွဲထားသော ကင်မရာ စသည်ဖြင့် ၅ လုံးခန့် ဆင်ထားသည်။ စာရေးသူက စွပ်ကျယ်လက်ပြတ်၊ အောက်ခံ တရုတ်ဘောင်းဘီတိုနှင့် အိပ်ရာထဲမှ အိပ်မှုန်စုံမွှား ထလာသည်။ စောဝင်းကိုက မျက်နှာသုတ်ပုဝါ ပုခုံးတင်၊ သွားတိုက်တံနှင့် ကိုးလ်ဂိတ် သွားတိုက်ဆေးဘူးကို လက်တွင်ကိုင်ထားပြီး အိပ်ခန်းသို့ဝင်လာသည်။ စာရေးသူကို တွေ့သောအခါ စာရေးသူက သူ့လက်မှ ကိုးလ်ဂိတ်သွားတိုက်ဆေးဘူးကိုယူပြီး နှစ်ယောက်သား သွားတိုက်ကြသည်။ ပလုတ်ဆေးပြီး သွားအလှပေါ်အောင် ပြုံးပြပြီးနောက် နှစ်ယောက်သား ကိုးလ်ဂိတ်သွားတိုက်ဆေးဘူးကိုကိုင်ပြီး မြွှောက်ပြကြရသည်။ စောဝင်းကိုက အင်္ဂျီမပါ တရုတ်ဘောင်းဘီတိုနှင့်ပင် လာရမည်ဖြစ်သည်။ အဝတ်ချွတ်၍ ဘော်ဒီဖော်ရမည်ကို နှစ်ယောက်သား နောက်တွန့်နေကြရာ...

"ဟေ့... ကလေးတို့ရေ၊ အဝတ်ချွတ်ရမှာ ရှက်မနေနဲ့။ ကာယဗလ ပြပွဲမဟုတ်ဘူး။ မင်းတို့ရဲ့ ကျောင်းသားသဘာဝ ဘော်ဒီကို လိုချင်တာ"

မန်နေဂျာကြီး လှမ်းပြောလိုက်မှ စာရေးသူတို့ အဝတ်လဲခန်းထဲဝင်ပါတော့သည်။ သူတို့ပေးထားသောအဝတ်ထဲမှ တော်သော စွပ်ကျယ်လက်ပြတ်တရုတ်ဘောင်းဘီတိုကလေးများ ဝတ်လိုက်ကြ၏။ မိန်းကလေးနှစ်ဦးက စာရေးသူတို့မျက်နှာကို မိတ်ကပ်ခြယ်ပေးပါသည်။ စာရေးသူတို့ နှစ်ယောက်စလုံး တရုတ်ကလေးများဖြစ်သွားကြပြီး စတူဒီယိုထဲတွင် အစမ်းအိုင်တင် ၄ ခါ အထိလုပ်ရသည်။ ကင်မရာများကလည်း စိတ်ကြိုက်ချိန်ယူပြီးမှ ရိုက်ယူပါသည်။

စာရေးသူတို့၏ ကြော်ငြာဇာတ်လမ်းကို ရုပ်ရှင်၊ ရုပ်သေ၊ နှစ်မျိုး ရိုက်ယူပါသည်။ ရိုက်ပြီး ရှင်ရှင်ကို နာရီဝက်အတွင်းဆေးပြီး ပိတ်ကားတွင် ပြရာ တကယ့်ဟောင်ကောင်တိုက်ခန်းတွင် တရုတ်ကျောင်းသားလူငယ်နှစ်ဦးက သဘောဝကျကျ သွားတိုက်ဆေးကြော်ငြာနေသည်ကို တွေ့ရပါသည်။ အားလုံးကျေနပ်သဖြင့် မန်နေဂျာကြီးက နောင်လိုအပ်လျှင် ခေါ်နိုင်ရန် စာရေးသူတို့ လိပ်စာကို ယူထားလိုက်၏။

စာရေးသူတို့ ရုပ်ရှင်၊ ရုပ်သေကြော်ငြာများကို ကြိုက်သလို အသုံးပြုရန် သဘောတူကြောင်း စာရေးသူတို့က လက်မှတ်ရေးထိုးပေးရပါသည်။ ကြော်ငြာခ တစ်ယောက်ကို ခြောက်ပေါင်ကျစီ၊ ခရီးစရိတ်အတွက် ဆယ်သျှီလင်ကျစီ ပေးပါသည်။ ထို့ပြင် ဇာတ်ဆောင်အဝတ်အစားများဖြစ်သော ဘောင်းဘီတိုနှင့် စွပ်ကျယ်လက်ပြတ်ကိုလည်း အမှတ်တရ ပေးလိုက်ပါသေးသည်။ ဒေါ်မြစိန်အား ကော်မရှင် ဆယ်သျှီလင်စီပေးကြရပါသည်။ စာရေးသူတို့မှာ ပျော်လိုက်သည်ဖြစ်ခြင်း၊ ပိုက်ဆံလည်းရ၊ ကြော်ငြာမင်းသားလည်းဖြစ်ရ။ သူတို့ဆီက စီးပွားရေးလုပ်ငန်းကိုလည်း တစ္ဆေတစောင်း ကြည့်ခွင့်ရသည်။ ယင်းကြော်ငြာကုမ္ပဏီက စာရေးသူတို့ကို နောက်ထပ်နှစ်ကြိမ်ခေါ်ပြီး ဖိနပ်ကြော်ငြာနှင့် ခေါင်းလိမ်းဆီကြော်ငြာအတွက် သုံးပါသေးသည်။

စောဝင်းကိုအဖို့ စာရေးသူထက်ပို၍ ပျော်လိမ့်မည်ထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူနှင့် ဧည့်ကြိုအင်္ဂလိပ်မလေးတို့ကို လက်တွဲလျက် ရုပ်ရှင်ရိုက်ကွင်းတွင် တွေ့လိုက်မိသောကြောင့် ဖြစ်ပါသည်။

❐

ကျွန်တော် စာပို့လုလင်

ဒီဇင်ဘာလကား ဘိလပ်ရိုကျောင်းများ ရက်ရှည်ပိတ်သောကာလ ဖြစ်၏။ စာရေးသူတို့နေသော ကောလိပ်သည် နာတာလူးပွဲအတွက် တစ်လ နှင့်ခြောက်ရက်ပိတ်ပါသည်။ နာတာလူးပွဲကား ခရစ်ယာန်ဘာသာဝင်များ အဖို့ ဘာသာရေးဆိုင်ရာ ပွဲတော်ကြီးဖြစ်သည်။ ခရစ်တော်မွေးနေ့ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် မိသားစုစုံလင်စွာနှင့် ဘုရားကျောင်းတက်၊ ညစာအတူစား ပွဲအတူသွားလေ့ရှိသည်။ မည်မျှကြာကွဲနေသော မိသားစုဆွေမျိုးများ ဖြစ်ပါစေ၊ မည်မျှဝေးလံသောအရပ်တွင် သွားရောက်နေထိုင် အလုပ်လုပ်နေရပါစေ၊ နာတာလူး ရက်ရှည်ပိတ်ချိန်တွင် ဧာတိရပ်ရွာသို့ ပြန်လာကြပြီး မိသားစုနှင့် ပြန်တွေ့၊ မိတ်ဟောင်းဆွေဟောင်း ငယ်ကျွမ်းတို့နှင့် ပြန်ဆုံကာပျော်နေတတ် ကြပါသည်။ ထို့ကြောင့် ကျောင်းသားများသည် နာတာလူးပွဲ ပိတ်ရက်မစ့မီ ကပင် အိမ်ပြန်ရေးအတွက် ပြင်ဆင်ကြ၏။

စာရေးသူတို့လို ခရစ်ယာန်ဘာသာဝင်မဟုတ်သော ရပ်ဝေး မြေခြားမှ ကျောင်းသားများအဖို့ သူငယ်ချင်းဖိတ်ဆွေများကဖိတ်လျှင် သူတို့ရပ်ရွာလိုက် လည်နိုင်သည်။ ခုခေတ် လူငယ်စကားဖြင့်ပြောလျှင် ဝက်ထောလျှင် ကိုယ် လည်ပတ်လိုသော အရပ်သို့ သွားနိုင်သည်။ သို့မဟုတ်က တစ်လကျော်နီးပါး အားနေတတ်သည်။ ထိုအားချိန်ကို တန်ဖိုးရှိအောင် ဘယ်လိုအသုံးချမည်နည်း။ ကျောင်းကြော်ငြာသင်ပုန်းများတွင် ကျောင်းပိတ်ရက်သွားလည် တည်းခိုနိုင် မည့် ဟိုတယ်များကို ကြော်ငြာထားသည်။ 'ပိုက်ဆံရှာလိုသလား' ဟူသော အမေးခေါင်းစဉ်နှင့် ကြော်ငြာများကိုလည်း တွေ့ရသည်။ အားလပ်ရက်တွင်

ယာယီကျပန်းအလုပ်များကို ကြော်ငြာခြင်း ဖြစ်သည်။ သယ်ယူပို့ဆောင်ရေး၊ စာပို့ကြေးနန်း၊ ဟိုတယ်စသော ရပ်နားပိတ်ထား၍မရသော ဌာနများတွင် အမြဲတမ်းအမှုထမ်းများ၊ ရပ်ရွာပြန်ကြသဖြင့် သူတို့နေရာ၌ ခေတ္တအစားဝင်လုပ်ရန် ယာယီအလုပ်များ ပေါ်တတ်သည်။ အများအားဖြင့် ယင်းအလုပ်များတွင် ကျောင်းသားများ ဝင်လုပ်ကြပြီး ငွေကြေးစုဆောင်းကြ၏။

၁၉၅၇ ခုနှစ်၊ ဆောင်းရာသီကား အလွန်အေးလှ၏။ စာရေးသူနှင့် ကျောင်းနေဖက် ဂရိလူမျိုး ဒမီးထရော့က ထိုနှစ်သူ့နိုင်ငံသို့ မပြန်ဘဲ လန်ဒန်တွင် အလုပ်ဝင်လုပ်မည်ဟု လာပြောပါသည်။

"ငါ့အလုပ်က ဆိုဟိုနိုက်ကလပ် (Soho Night Club) မှာ ငွေသိမ်းအလုပ်ကွ။ ရော့ဒီလိပ်စာ၊ ညလုံးပေါက်ကတယ်။ မင်းလာခဲ့ပါလား၊ နောက်ဖေးပေါက်က ငါသွင်းပေးမယ်။ ငါတော့ တစ်ပတ် ၁၀ ပေါင်တောင်ရမှာ"

ဒမီးထရော့ကား လူချောလူလည်၊ လန်ဒန်ကြမ်းပိုး၊ ကျောင်းသားဆိုလျှင် ဘိုင်ကျတတ်မှန်းသိ၍ စာရေးသူအား ရောင်းရင်းစိတ်နှင့်နိုက်ကလပ်ထဲကို လက်မှတ်မဝယ်ရဘဲ နောက်ဖေးပေါက်မှသွင်းပေးမည်ဟု ကျောင်းသားကျင့် ကျောင်းသားကြိုနှင့် ဖိတ်ခေါ်ခြင်းဖြစ်သည်။

"ငါ ဘယ်မှ မသွားနိုင်ဘူး၊ ပိုက်ဆံမှမရှိဘဲ။ လန်ဒန်မှာပဲ တစ်လကျော်လုံးလုံး ပျင်းအောင်နေရမှာ"

"မင်းအလုပ်တစ်ခုခု ဝင်လုပ်ပါလား"

"တို့က ဗြိတိသျှ ဓနသဟာယဝင် နိုင်ငံကမဟုတ်လို့ အလုပ်ပေးမယ် မထင်ပါဘူး"

"ဘယ်ဟုတ်မလဲကွ၊ ငါလည်း ဓနသဟာယဝင် နိုင်ငံသားမှ မဟုတ်တာ။ ယာယီအလုပ်တွေ တစ်ပုံကြီးရှိတာပဲ။ နေဦး နေဦး၊ မင်းနေတဲ့ ရပ်ကွက်က စာတိုက်မှာ ခရစ်စမတ်အချိန်ပိုင်း စာပို့လုလင်နေရာ လစ်လပ်နေတတ်တယ်။ ငါဝင်လုပ်ဖူးတယ်။ သွားမေးကြည့်ပါလား"

စာရေးသူသည် ဒမီးထရော့ ညွှန်သည့်အတိုင်း စုံစမ်းကြည့်ရာ အလုပ်ရပါသည်။

"အတော်ပဲ၊ ကျုပ်ကလည်း ကျုပ်ရွာပြန်ချင်နေတာ၊ အထက်လူကြီးက လူစားရမှ ပြန်လို့ ပြောတယ်။ အခု မင်းရောက်လာတာ ကျုပ်ပြန်ဖို့

ကဲကောင်းတာပေါ့၊ လာ...ကျုပ်တို့ စာတိုက်ဗိုလ်ဆီ သွားတွေ့ရအောင်" စာတိုက်ဗိုလ်က စာရေးသူ၏ ပုံပန်းကို အကဲခတ်ရင်း...

"မင်း ဒီအရပ်မှာနေတာ ကြာပြီလား"

"(၂) နှစ် ရှိပါပြီ"

"အရပ်တွေ လမ်းတွေကို အတော်ကျွမ်းဝင်နေပြီပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော်နေတဲ့ ၅ ရပ်ကွက်ကိုတော့ ကောင်းကောင်း နဲ့စပ်ပါတယ်"

"ကောင်းလိုက်လေကွာ၊ ဒါနဲ့ မင်းက ဘယ်နိုင်ငံကလဲ"

"မြန်မာပြည်ကပါ"

"မြန်မာပြည်က ဟုတ်လား၊ စစ်အတွင်းက ကျုပ်ရောက်ခဲ့တယ်။ အာမီထဲမှာ ကျုပ်က တပ်ကြပ်ကြီးပေါ့။ မြစ်ကြီးနား၊ မန္တလေး၊ ရန်ကုန် အားလုံး ရောက်ဖူးတယ်။ အတော်သာယာတယ်၊ အသီးအနှံတွေလည်း ပေါတယ်။ ကောင်းပြီလေ။ ဒီဇင်ဘာ ၂၂ ရက်နေ့ကစပြီး အလုပ်ဝင်ပေါ့။ ၂၈ ရက်နေ့အထိ တစ်ပတ်လုပ်ရမယ်။ ၅ ရပ်ကွက်အတွက် တာဝန်ယူပါ၊ တစ်ပတ်လုပ်ခအတွက် ပေါင် ၂၀ ရမယ်"

"ကောင်းပါပြီခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

စာရေးသူသည် ယာယီစာပို့လုလင်ဖြစ်သွားပြီ။ ယူနီဖောင်းမဝတ်ရသော်လည်း စာပို့လုလင်တံဆိပ် တပ်ရပါသည်။ စာအိတ်ကြီးကို ကျောပိုးပြီး ၅ ရပ်ကွက် လမ်းမကြီး နှစ်သွယ်နှင့် လမ်းမြောင်များရှိ အိမ်များသို့ စာနှင့် ပါဆယ်များကို ပို့ရပါသည်။ ခရစ်စမတ်ကတ်ပြားများနှင့် လက်ဆောင်ထုပ်များကို အများဆုံးပို့ပေးရပါသည်။ ပစ္စည်းများသောအခါ ကယ်ရီယာတွဲထားသော စက်ဘီးနှင့် သယ်ပို့ရသည်။

လန်ဒန်မြို့လမ်းများသည် အတော် ထူးဆန်း၏။ (High Street, Main Road, Crescent Square, Circus, Rise Heath, Hill, Lane, Walk, Alley Corner) ဟူ၍ အခေါ်အမျိုးမျိုးရှိသည်။ နာမည်တူသော်လည်း လမ်းမကြီး၊ လမ်းငယ်၊ လမ်းမြောင်၊ လမ်းကြိုကြား၊ လမ်းမြှောင်၊ ကုန်းတက်၊ လခြမ်း၊ စတုဂံ၊ တြိဂံသဏ္ဌာန်၊ စက်ဝန်းသဏ္ဌာန်လမ်း စသည်ဖြင့်အနေအထား လိုက်ကွဲသေးသည်။ သမိုင်းဝင် အမည်များရှိသောလမ်း၊ ဆွေမျိုးတော်သော

လမ်းများလည်း ရှိတတ်သည်။ ဥပမာ–အစ်မကြီးလမ်း (Great Sister Road) ဟုရှိလျှင် ညီမငယ်လမ်း (Little Sister Road) လည်း ရှိတတ်သည်။ အဆောက်အအုံများမှာလည်း အမျိုးမျိုး၊ စာရေးသူ တာဝန်ကျသော ၅ ရပ်ကွက်တွင် အနိမ့်ဆုံး ၂ ထပ် အမြင့်ဆုံး ၆ ထပ်ရှိသော အဆောက်အအုံများ ရှိသည်။ အိမ်နံပါတ်၊ အထပ်နံပါတ်၊ အခန်းနံပါတ်များ မမှားရအောင် သတိထားရပါသည်။ လက်ရေးမျိုးစုံနှင့် ရေးထားသော လိပ်စာများကို မှန်အောင်ဖတ်ရသေးသည်။ အိမ်မှာ၍ ဝင်မိ၊ စာမှားပေးမိသဖြင့် တောင်းပန်ရသည်လည်း ရှိသည်။ စာတိုက်မှပေးသော ရပ်ကွက်မြေပုံကြမ်းကို အကြိမ်ကြိမ် ထုတ်ပြီး မှီးရသည်။

လူမှုရေးအတွေ့အကြုံများကား အဖိုးတန်လှ၏။ လူမျိုးစရိုက် အချိန်အခါ ရာသီအလိုက် လူမှုဆက်ဆံရေး ဝင်ဆံ့ရန် 'ဂွတ်မောနင်း'၊ 'ဟက်ပီးခရစ္စမတ်'၊ 'သင့်ခယူ'၊ 'ဆောရီး' ဆိုသော စကားကလေးများကို ချက်ကျကျသုံးရ၏။ မြေအောက်ထပ်ရှိ အခန်းကျယ်ကြီး တစ်ခန်းသို့ ပါဆယ်ထုပ်တစ်ထုပ် သွားပို့ရာ၌ အသက် (၇၀) ကျော် အင်္ဂလိပ်အဘွားကြီးကို ထွေ့ရာ...

"ဂွတ်မောနင်း... ဘွားဘွား... နေကောင်းရဲ့လား၊ ဟက်ပီးခရစ္စမတ်၊ ဒီမှာ ဘွားဘွားအတွက် ပါဆယ်ထုပ်ကြီး"

"ဂွတ်မောနင်း နေကောင်းပါတယ်ကွယ်၊ မင်းက ငါ့ကို ဘွားဘွား ခေါ်တော့ ငါမြေးကို သတိရလိုက်တာ။ ဒီပါဆယ်ကလည်း ငါ့သားနဲ့ မြေးဆီက ဖြစ်မှာပဲ။ အထဲဝင်ပြီး လက်ဖက်ရည်ပူပူသောက်ပါဦး၊ မင်းလည်း နွေးသွားအောင်ပေါ့"

အဘွားကြီးကား တစ်ယောက်တည်းနေသူဖြစ်၏။ သားနှင့် မြေးတို့ကား သြစတြေးလျတွင်နေကြပြီး သုံးနှစ်တစ်ခါ သူ့ထံရောက်လာတတ်သည်။ နာတာလူးပွဲအမီ လက်ဆောင်ကို နှစ်စဉ်ပို့ကြ၏။ စာရေးသူ လက်ဖက်ရည်သောက်ရင်း သူ့သားနှင့် မြေးဓာတ်ပုံများကို ထုတ်ပြရင်း သူတို့မိသားစုအကြောင်း အဘွားကြီးက ဇာတ်စုံခင်းပြောပြသည်။

"ကြည့်စမ်း၊ ငါ့မြေးကလေးက မင်းအရွယ်ပဲ။ မင်းလိုပဲ ကောလိပ်ကျောင်းသားကွယ်၊ မင်းက ငါ့ကို ဘွားဘွားခေါ်တော့ ငါ့ရင်ထဲမှာ ပျော်လည်း ပျော် လွမ်းလည်းလွမ်းပေါ့။ ဘွားဘွားအခေါ်မခံရတာ သုံးနှစ်ရှိပြီ။ သူတို့ မလာကြတာ သုံးနှစ်ရှိမှကိုး"

"ကျွန်တော်တို့ မြန်မာပြည်မှာ အမျိုးမတော်ပေမယ့် အဘွားအရွယ် ဆိုရင် ဘွားဘွား၊ ဦးလေး၊ ဦးကြီးအရွယ်ဆိုရင် ဦးလေး၊ ဦးကြီး၊ အဒေါ် အရွယ်ဆိုရင် ဒေါ်ဒေါ်၊ အစ်မအရွယ်ဆိုရင် အစ်မကြီး၊ ညီမအရွယ်ဆိုရင် ညီမလေးလို့ ခေါ်ကြသည်။ နာမည်ကို သံပြတ်ကို မခေါ်ကြပါဘူး"

"အင်း... အင်း တယ်ကောင်းတဲ့ ယဉ်ကျေးမှုတစ်ရပ်ပဲနော်၊ ဒါကြောင့် ဒီခရစ္စမတ်မှာ ဘွားဘွားခေါ်တဲ့သူ မင်းရောက်လာတာ၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ပေါ့။ ဘုရားသခင်က မင်းကို စောင်မပါစေတော်"

ဆုတောင်းရင်း ပါဆယ်ထုပ်ကြီးကို ဖြေကြည့်ပါသည်။ အတွင်း၌ ဆောင်းရာသီဝတ် သိုးမွေးဝတ်စုံနှင့် ခြုံစောင် ၂ ထည်။ သားနှင့်မြေးမိသားစု ဓာတ်ပုံ၊ စာအုပ်တစ်အုပ်၊ ခရစစ်မတ်ကတ်ပြားနှင့် စာတစ်စောင်ပါသည်။ အဘွားကြီးက စာကိုဖတ်၊ ဓာတ်ပုံများကိုကြည့်၊ ဝတ်စုံကို သူကိုယ်နှင့် ကပ်ကြည့်ပါသည်။ ခြုံစောင်နှစ်ထည်ကိုလည်း ဖြန့်ကြည့်ပြီး...

"ရော့... ရော့ ဒီစောင်နှစ်ထည်ကို မင်းခြုံဖို့ ဘွားဘွားက လက်ဆောင် ပေးလိုက်မယ်"

"ဘွားဘွားမြေးက ဘွားဘွားခြုံဖို့ ပို့လိုက်တာပဲ"

"ငါ့မှာ စောင်တွေအများကြီးပဲ။ ပြီးတော့လည်း ဒီပါဆယ်ထုတ် မင်းယူလာတော့ မင်းလည်း ရှုယ်ယာရသင့်တာပေါ့၊ ငါ့ကို ဘွားဘွားခေါ်ထားတော့ ငါကလည်း မင်းကို မြေးသဘော ထားရတာပေါ့။"

စာရေးသူ၏ ရင်တွင်း တစ်ဆို့ဝင်လာပါသည်။ အဘွားကြီးခမျာ မြေးဆာနေရှာချိန် စာရေးသူက မြေးစာရင်းဝင်ရလေပြီ။ သူပေးသောစောင် မယူလျှင် ရိုင်းရာကျတော့မည်။ မေတ္တာအဟုန်ကား ကြီးမားလှပါဘိ။ အသားအရောင်ကွဲပြားမှု၊ လူမျိုးခြားနားမှုဟူသော တံတိုင်းကြီးများကို ဖောက်ထွင်းကျော်ဖြတ်နိုင်စွမ်း ရှိပါတကား။

အခြားလူမှုရေးအတွေ့အကြုံတစ်ခုမှာ အားလံစကုတ်ဟိုတယ်၌ တစ်ပတ်ကြာတည်းခိုသွားသော ညားခါစ မောင်နှံဖြစ်ပါသည်။ လင်က ပြင်သစ်အမျိုးသား၊ မယားက ပြင်သစ်–ဗီယက်နမ် ကပြားမဖြစ်ပြီး၊ ပါရီ၌ လက်ထပ်ခဲ့ကြ၍ လန်ဒန်သို့ ပျားရည်ဆမ်းခရီး ထွက်လာသူများဖြစ်၏။ သူတို့ ခရီးစဉ်၌ တည်းခိုမည့်ဟိုတယ်များ ကြိုတင်စီစဉ်ပြီး မိဘဆွေမျိုးများအား လိပ်စာ

များ ပေးခဲ့ကြသဖြင့် ရောက်လေရာသို့ နူတ်ဆက်ကတ်ပြား၊ ကြေးနန်းနှင့် ပါဆယ်ထုပ်များ ရောက်လာနေခြင်း ဖြစ်သည်။

စာရေးသူသည် ကြင်စဉ်း ဇနီးမောင်နှံတို့အတွက်စာ၊ ကြေးနန်းပါဆယ် တစ်ခုခုကို သွားပို့ရစမြဲဖြစ်၏၊ သုံးရက်လောက်ကြာသောအခါ သူတို့နှင့် မျက်မှန်းတန်းမိလာပါသည်။ စာရေးသူက တတ်သမျှသော ပြင်သစ်စကား နှင့် နူတ်ဆက်ရာ၊ ပါဆယ်ထုပ် သယ်လာတိုင်း သျှီလင်ပြား ၂ သျှီလင် ၆ ပဲနိပြားများကို တစ်ပေးတတ်ပါသည်။ ပါဆယ်ထုပ်ကြီးလျှင် တစ်ကြေးကြီး ပေးပါသည်။ သူတို့ ဟိုတယ်မှ ထွက်ခွာမည့်ရက်တွင် နှင်းဆီပွင့် ပန်းနုနှင့် အဖြူရောင်နှစ်ခိုင်ကို စာရေးသူကပေးပြီး နူတ်ဆက်ပါသည်။ သူတို့ထံမှ ရသော တစ်သည် တစ်ပတ်အတွင်း နှစ်ပေါင်နီးပါးရှိတော့မည်။ ထို့ကြောင့် စာရေးသူက နှင်းဆီပွင့်များနှင့် နူတ်ဆက်ခြင်းဖြင့် ကျေးဇူးတုံ့ပြန်နေခြင်းဖြစ်ရာ ဇနီးမောင်နှံတို့က မင်္ဂလာယူပြီး နှစ်သက်စွာလက်ခံကြပါသည်။

"ကျေးဇူးတင်လိုက်တာကွယ်၊ မင်းက ဘာလူမျိုးတုန်း"

"မြန်မာပါ"

"ဟင်... ကျွန်မတို့က ဗီယက်နမ် မှတ်နေတာ"

"အရှေ့တောင်အာရှကဆိုတော့ ရုပ်တွေက ခပ်ဆင်ဆင်ပဲ"

"ဒီမှာ တို့စုံတွဲက မင်းလို ပြုံးပြုံးရွှင်ရွှင်နဲ့ တာဝန်ကျတဲ့ စာပို့လုလင်ကို တွေ့ရလို့ ကျေနပ်နေတာ။ ဟောဒီမှာ မင်းဖို့ ခရစ္စမတ်ဘောက်ဆူး"

အမျိုးသားက ယင်းသို့ပြောရင်း စာအိတ်တစ်အိတ်ကို လှမ်းပေးရာ စာရေးသူက ကျေးဇူးတင်ကြောင်း ပြောရင်း ယူလိုက်ပါသည်။

သူတို့သည် စာရေးသူပေးသော နှင်းဆီနှစ်ပွင့်ကို ရင်တွင် ကိုယ်စီထိုးကာ အသင့်ရောက်နေသော တက္ကစီကားပေါ်သို့တက်သွားကြပြီး စာရေးသူအား နူတ်ဆက်ကာ ထွက်ခွာသွားကြပါသည်။ ပေးသွားသော စာအိတ်ကို ဖောက်လိုက်သောအခါ တစ်ပေါင်တန် ငွေစက္ကူ အသစ် ၂ ရွက် ထွက်လာပါသည်။

ဤလိုနှင့် တစ်ပတ်အတွင်း ယာယီစာပို့လုလင်ဘဝတွင် လူမှုရေးအတွေ့အကြုံမျိုးစုံ ရလိုက်ပါသည်။ တစ်ပတ်ပြီးလျှင် ဤတာဝန်ကုန်သောအခါ စာတိုက်ဗိုလ်က လုပ်ခအတွက် ပေါင် ၂၀ တန် ချက်လက်မှတ်ရေးပေး

ပါသည်။ ချက်လက်မှတ်ကို ငွေလဲလှယ်ရန် ဘဏ်တိုက်သို့အလာ အောက်ပါ အတိုင်း တွေးမိလာပါသည်။

"အင်း... သူတို့ကျောင်းသားတွေ ခပ်များများက ဒါကြောင့် ကိုယ့် စရိတ်နဲ့ကိုယ် ကျောင်းတက်နိုင်ကြတာကိုး။ ကလေးထိန်း၊ ဖိနပ်တိုက်၊ တံမြက်လှဲ၊ ပါဆယ်ပို့၊ ဂိတ်စောင့်၊ ပန်းကန်ဆေး၊ ဘာမဆို မရှက်မကြောက် လုပ်ကြလို့ပဲ။ အလုပ်ဟူသမျှ ဂုဏ်ရှိစွပါတကား။"

❐

ကျွန်တော် ရုပ်ရှင်မင်းသား

၁၉၅၈ ခုနှစ် အလွန်ချမ်းလှသော ဆောင်းတစ်ညနေတွင် စာကြည့်တိုက်မှပြန်အရောက်၊ လင်းလေဒီက မြန်မာထမင်းဆိုင်မှ မဒမ်စိန်က ဖုန်းဆက်ကြောင်း၊ နက်ဖြန်နေ့ခင်း သူထံလာရန်မှာကြောင်း ပြောပါသည်။

"တန်တော့ သွားတိုက်ဆေး ကြော်ငြာခိုင်းပြီးလို့ ခေါင်းလိမ်းဆီကြော်ငြာခိုင်းဦးမှာထင်တယ်" ဟု စာရေးသူက တွေးလိုက်မိ၏။ သို့သော် နောက်နေ့ သူထံ ရောက်သွားမှ 'ကျွန်တော် ကြော်ငြာမင်းသား' ဘဝမှ 'ကျွန်တော် ရုပ်ရှင်မင်းသား' အဖြစ်သို့ ရာထူးတိုးပေးမည့်အကြောင်း သိရပါတော့သည်။

"မင်းပုံပန်းက အရပ်ပျပ်ပျပ်၊ အသားဖြူစပ်ဖြူစပ်ဆိုတော့ ဂျပန်လုပ်လို့တော့ရတယ်။ မင်း ဂျပန်စကားတွေ မှတ်မိသေးလား"

"တစ်လုံးစ နှစ်လုံးစ ရပါသေးတယ်။ ဆဲတာတွေကတော့ မှတ်မိသေးတယ်"

"နိပ်ဟ အဲဒီဆဲတာတွေကိုက အသုံးကျမှာ။ ဂျပန်စစ်သားအဖြစ် ဘိုင်စကုတ်ထဲ ပါရမယ်ကွ။ ခိုင်ယာလော့ (စကားပြော) ပြောချင်လည်း ပြောရမယ်။ ဆိုင်းလင့် (Silent) နဲ့ ပြီးချင်လည်း ပြီးမယ်။ ဒါပေမယ့် ဒါရိုက်တာနဲ့တွေ့လို့မေးရင် ဂျပန်အသံနဲ့တူအောင် ရွတ်ပြ၊ ဆဲပြပေါ့ကွာ။ မြန်မာပြည်က ပြဇာတ်တွေမှာ ပါဖူးတယ်လို့ ဖြီးပေါ့။ အထင်ကြီးအောင်လည်း လိုမဲ့ထားမယ်။ မင်းလည်း ကြော်ငြာအိုက်တင် လုပ်ဖူးသားနဲ့"

"ကောင်းပါပြီ အန်တီ၊ မန်းနီး ရဦးမှာပေါ့"

"တစ်နေ့ ၆ ပေါင်တောင်ရမှာ၊ မင်းတို့ ငါ့ကို တင်းပါဆင့် (တစ်ဆယ် ရာခိုင်နှုန်း) ကော်မရှင်ပေးရမှာနော်။

"ဒါပေါ့ အန်တီရာ၊ အန်တီသွင်းပေးလို့ရတဲ့ အလုပ်ပဲ၊ ကျွန်တော် ဖြင့် ပျော်လိုက်တာ၊ ယခုတောင် အိုင်တင်လုပ်ချင်ပြီ"

"ယူ ဘလက်ဒီဖူး၊ ကဲကို ကဲတယ်"

ဒေါ်မြစိန်မှာ နောက်တတ်သူပီပီ အထက်ပါအတိုင်း ဘိုဆန်ဆန် အော်လိုက်ရာ၊ သူမွေးထားသော သာလိကာ 'လပ်ကီး' ကလည်း သူ့အသံ တုပြီး လိုက်အော်လိုက်ပါသည်။

ဟောင်ကောင်၊ စင်ကာပူ၊ တရုတ်၊ ဗီယက်နမ်၊ မလေး၊ ဖိလစ်ပိုင်နှင့် မြန်မာလူငယ်ပေါင်း ၄၀ ကျော်ကို ဒါရိုက်တာကြီးက တွေ့ဆုံစစ်မေးပါသည်။ ဒါရိုက်တာကြီးကား ဂျူးသူဌေးကြီးဖြစ်၏။ စိန်ရုပ်ကြွယ်သီး၊ လက်ကြွယ်သီး၊ စိန်လက်စွပ်၊ ရွှေကွပ်ဆေးတံကြီးခဲ၊ ရွှေကိုင်းမျက်မှန်နှင့် အတော် ရှိုးကောင်း သည်။ စာရေးသူတို့၏ မဒမ်စိန်ကလည်း ဘီးဆံပတ် စိန်ဆံထိုး၊ စိန်နားကပ်၊ ရွှေစတီးလက်ကောက်၊ ပုဝါခြုံ၍ စီးကရက်ခဲကာ ရှိုးထုတ်ထားသည်။ သူတို့ နှစ်ဦးအပြင် မှတ်တမ်းရေးသူနှင့် အကဲဖြတ်သူနှစ်ဦး အပါအဝင် လေးဦးက စာရေးသူအား အင်တာဗျူးလုပ်ပါသည်။

ကုလားရုပ်ပေါက်ပြီး အရပ်ရှည်လွန်းသော ငါးဦးမှအပ ကျန်အားလုံး ကို ပထမအဆင့် ရွေးလိုက်ပါသည်။ ထို့နောက် အရပ်ပျပ်ပျပ်၊ အသားဖြူဖြူ ဆယ်ဦးကို ထပ်ရွေးထုတ်လိုက်ရာ စာရေးသူလည်းပါလာသည်။ ယင်းဆယ်ဦး မှာ ဂျပန်စစ်ဗိုလ်များနောက်မှ ပါရပြီး၊ ဖိုးဂရောင် (Fore ground) ရှေ့တန်း ရိုက်ကွင်းများ၌ ပါဝင်ရိုက်ရန်၊ ကျန်လူတို့မှာ ဘက်ဂရောင်း (Back ground) မှသာ ပါဝင်ရိုက်ရန်ဖြစ်သည်။ ဆယ်ဦးအနက်မှ ဒိုင်ယာလော့ (စကားပြော ခန်း) မှ ပါသင့်သူသုံးဦးကို ထပ်ရွေးပြန်ပါသည်။ ဆယ်ဦးစလုံးကို တစ်ဦးစီ ဂျပန်စကားပြောနှင့် အိုက်တင်ကို စမ်းသပ်ပါသည်။ စာရေးသူအလှည့် ရောက်သောအခါ ဒါရိုက်တာရှေ့တွင် လက်ဖက်ရည်ပွဲ လာချချိန်နှင့် ကြုံ သွားသောအခါ ဒါရိုက်တာကြီးက လက်ဖက်ရည်ခွက်ကိုကိုင်ရင်း...

"ဂျပန်လို လက်ဖက်ရည်ရသလားလို့ မေးစမ်း"

"အောကျအာဒီမတ်စကား"

"ရတယ်လို့ ပြောစမ်း"

"အောကျအာဒီမတ်ဆင့်"

"ကောင်းလိုက်တာလို့ ပြောစမ်း"

"ယောရှော့ရှိ"

"ဂျပန်စစ်သားလို ဆဲပြစမ်း"

"အိုက်... ဘတ်ကေးဒိုး"

"ကောင်းလိုက်လေကွာ၊ တော်ပြီ သွားတော့"

စာရေးသူသည် ဒိုင်ယာလော့မှ ပါဝင်ရမည့် သုံးဦးနေရာအတွက် အရွေးမခံရပါ။ စာရေးသူထက် ဂျပန်ရုပ် ပိုပေါက်၍ ဂျပန်စကားပြော ကျင်လည်ပြီး၊ ရုပ်ရှင်အတွေ့အကြုံဝါရင့်သော မြန်မာကျောင်းသား ကိုမျိုးထွန်းလင်း၊ ယိုးဒယား၊ တရုတ်ကျောင်းသား ဂျွန်ချန်းနှင့် ဖိလစ်ပိုင်တရုတ်ကာလိုတန်းတို့ကိုရွေးပြီး စာရေးသူအပါအဝင် အပြားသုံးဦးကို အရံ (Stand By) အဖြစ် ရွေးပါသည်။ ဒိုင်ယာလော့အဖြစ် အရွေးခံရသော သုံးဦးကား...

(The Inn of Six Happiness, The Bridge on the River Kwei, The Tea-house of the August-Moon) စသော အရှေ့တိုင်း ဇာတ်လမ်းရုပ်ရှင်များတွင် စကားပြောခန်းကပင် ပါခဲ့ဖူးသူများဖြစ်၏။

"ကဲ မင်းတို့ကို ရွေးလိုက်ပြီ။ ဒီဇာတ်ကားမှာ မင်းတို့ပါမယ့်အခန်းတွေကိုတော့ ရိုက်ပြီးအထိ အလုပ်တာဝန်ကျေပါ့မယ်ဆိုတာ ဒီမှာ လက်မှတ်ထိုးပါ"

ဒါရိုက်တာကြီး ပြောသည့်အတိုင်း အားလုံး လက်မှတ်ထိုးကြပြီး နောက် အောက်ဖစ်တင်း (Outfitting Department) (ဇာတ်ဝတ်ဇာတ်စားနှင့် သရုပ်ဆောင်ပစ္စည်းဌာန) သို့ မြေအောက်မီးရထားနှင့် သွားရပါသည်။

ချိန်းထားသော ပထမနေ့တွင် နံနက် ၄ နာရီခွဲက ထသွားရပါသည်။ လက်စတာစကွဲယား မြေအောက်မီးရထားဘူတာရုံရှေ့သို့ စုရုံးလာစေပြီး ကုမ္ပဏီကားကြီးဖြင့် လန်ဒန်မြို့ပြင်ရှိ "ရှားပန်းတန်း" စတူဒီယို (Sherperton Studio) ကြီးဆီသို့ ခေါ်သွားပါသည်။ ဂိတ်ဝတွင် လူစစ်ရန် အမည်ခေါ်ပါသည်။ ဇာတ်လမ်းအရ မှည့်ထားသောအမည်နှင့် မူရင်းအမည်ကိုတွဲ၍ ခေါ်စစ်၏။ ဒါရိုက်တာကြီးက ဂျပန်စစ်သားအမည်များကို ကြိုက်ရာရွေးမှည့်ခွင့်

ပေးရာ၊ ဂျပန်ခေတ်ကို ကောင်းစွာမီကြသော စာရေးသူတို့အား လုံးသည် ဂျပန်အမည်ကို ကြိုက်ရာမှည့်ထားလိုက်ကြ၏။ စာရေးသူက 'ဝါကာဇူမီ' ဟူသောအမည်ကို ရွေးပါသည်။ စစ်အတွင်းက မင်းကွန်းတောရချောင်များသို့ စစ်ခိုလှုံစဉ်က မန်ကျည်းပင်ဝိုင်းစခန်း၌ တစ်လကြာ တွေ့ဆုံလိုက်ဖူးသော ဂျပန်စစ်ဗိုလ် ဝါကာဇူမီကို သတိရသောအားဖြင့် ယင်းအမည်ကို ယူလိုက်ခြင်းဖြစ်၏။

ဝါကာဇူမီကား ဖက်ဆစ်မဆန်သော ဖက်ဆစ်ဂျပန် စစ်သားဖြစ်၏။ စစ်ကို ရွံ့မုန်းသည်။ တာဝန်အရသာ စစ်သားဖြစ်နေရသူဖြစ်၏။ ထိုအချိန်က စာရေးသူမှာ (၁၄) နှစ်သားအရွယ်ဖြစ်ရာ၊ ဂျပန်၌ထားရစ်ခဲ့သော သူ့သားအကြီးနှင့် တူသည်ဟုဆိုပြီး စာရေးသူအား ကျောပိုး၊ နောက်ပြောင်၊ အတူကစား ဆော့ရင်း၊ ချစ်ခင်နေရှာသည်။ စစ်ရာရှင်မှ ငါးသေတ္တာ၊ ထောပတ်၊ ချိုချဉ်များ လာပေးသည်။ သူ့မိန်းမနှင့်သားကြီး ဓာတ်ပုံများပြရာ၊ စာရေးသူ ရုပ်ရည်မှာ သူ့သားနှင့် ခပ်ဆင်ဆင်တူနေသည်။ ယခု စာရေးသူသည် သူ့အမည်နှင့် ဂျပန်စစ်သားဇာတ်ဆောင်မင်းသား ဖြစ်နေသည်ကို သူသိရှာမည် မဟုတ်၊ သူကားတိုက်ပွဲတွင် ကျသွားခဲ့လေပြီ။

"ဝါကာဇူမီ ခေါ် မစ္စတာ ညွန့်"

"ပရဲဇင့် (ရိုပါတယ်ဗျာ)

အားလုံးအမည်များ ခေါ်ပြီးနောက်၊ စတူဒီယိုထဲ ဝင်လာကြပါသည်။ ကြီးကြပ်သူ (Overseer) က စာရေးသူတို့အား အဝတ်လဲခန်းသို့သွား၍ ဂျပန်စစ်သားဝတ်စုံလဲကြရန် ညွှန်ကြားရာ၊ အဝတ်လဲခန်းသို့ လာကြ၏။ အဝတ်လဲခန်းတွင် ကြည့်မှန်များ နံရံပတ်လည် တပ်ဆင်ထားပြီး မိမိအဝတ်များ သိမ်းထားရန် လော့ကား (Locker) (သော့တပ်ဗီရိုငယ်) တစ်လုံးစီ သုံးခွင့် ပြုထားသည်။ မှန်ကြည့်အဝတ်လဲရာတွင် အဝတ်အစား ဒါရိုက်တာ (Costume Director) က ပုံပန်းကျအောင် ပြင်ဝတ်ပေးပါသည်။ အားလုံး ချပ်ချပ်ရပ်ရပ်ဖြစ်၍ မှန်ကြည့် ကျေနပ်နေချိန်၌...

"ဂျပန်စစ်သားအဖြစ် သရုပ်ဆောင်မည့်သူများ အပေါ်ထပ်ရှိ မိတ်ကပ်ခန်းသို့ လာကြပါ။ သင့်ခယူ"

မျက်နှာကြက်ဆီမှ မိုက်ခွက်သံကြားရပါသည်။ စာရေးသူတို့ ရဲဘော်ဘစ်စု အပေါ်ထပ်သို့ တက်သွားကြ၏။ ညွှန်ထားသော မြားအတိုင်းလိုက်

သွားရာ၊ မိတ်ကပ်ခန်းဝမှ ဘိလပ်လှပျိုဖြူ သုံးလေးဦး ဆီးကြိုနေသည်ကို တွေ့ရ၏။

သူတို့ကား ဆယ်ကျော်သက်ရွယ်နှင့် နှစ်ဆယ်ဝန်းကျင်ရှိ အပျိုကလေးများဖြစ်ပြီး ဂျူတီကုတ် (အလုပ်ခွင်ဝတ်စုံ) ဝတ်ထားကြ၏။ အချို့ကား စုတ်တံနှင့် ဆေးခွက်များ ကိုင်ထားကြသည်။

"ဟဲလို၊ ဂွတ်မောနင်း လပ်ဗ် (Love)"

"ဂွတ်မောနင်း ဆွီးတီ (Sweety)"

"ဟောင်းအာယူ၊ ဟန်နီ (Honey)"

စာရေးသူတို့ ရဲဘော်လူရွှတ်များသည် ကောင်မလေးများအား နှုတ်ဆက်ကြရာတွင် 'အချစ်'၊ 'အချို့'၊ 'ပျားရည်'စသော ချစ်သူရည်းစား ခေါ်သောအခါသုံးသော အင်္ဂလိပ်ဝေါဟာရများ ထည့်သုံးလိုက်ကြရာ ကောင်မလေးများက ပြုံးဖြီးဖြီး ဖြစ်သွားကြပြီး...

"ဂွတ်မောနင်း ဘွိုင်းစ် (Boys)"

ဟု အားလုံးက သံပြိုင်တုံ့ပြန်လိုက်ကြ၏။ သူတို့ သုံးလိုက်သော 'ဘွိုင်းစ်' ဝေါဟာရကား နှစ်ခွ အဓိပ္ပာယ်ပါသည်။ ချစ်စနိုးခေါ်လိုက်ခြင်းလည်း ဖြစ်နိုင်သည်။ စာရေးသူတို့ တစ်သိုက်အား 'ချာတိတ်တွေ' ဟု အပေါ်စီးက ခေါ်လိုက်ခြင်းလည်း ဖြစ်နိုင်သည်။ နှစ်ခွ အဓိပ္ပာယ်ထွက်သော စကားများသုံး၍ ငေါ့ခြင်း၊ ထော့ခြင်း၊ နောက်ပြောင်ခြင်းမှာ အင်္ဂလိပ်တို့၏ ဝသီဖြစ်သည်။

ကလေးမများကား မိတ်ကပ်ပြင်ပေးသူများဖြစ်၏။ ဇာတ်လမ်းအရ ပုံပန်းတူအောင် ဆံပင်၊ မျက်နှာများကို သူတို့ ခြယ်သပေးကြသည်။ အခန်းတွင်း၌ အမျိုးသမီးဆံပင်ကောက်အလှပြင်ဆိုင်က ဆုံလည်ခုံမျိုး ရှစ်လုံးရှိသည်။ ဆံပင်ပုံသွင်းအုပ်ဆောင်းများ တပ်ဆင်ထား၏။ စာရေးသူတို့အား အလှည့်ကျ ခေါ်ပြီး ဂျပန်နှင့်တူအောင် မျက်နှာမိတ်ကပ်လိမ်း၊ ဆံပင်ကို ညှပ်ပေးပါသည်။ ရိုက်မည့်အခန်းမှာ ဂျပန်စစ်သားများ စခန်းချထားသော မြန်မာကျေးရွာတစ်ခုဆီသို့ မဟာမိတ်ထောက်လှမ်းရေးသမားတစ်ဦး လာရောက်ထောက်လှမ်းသည့်အခန်းဖြစ်သည်။ ရိက္ခာပြတ် စစ်ပမ်းကျနေသော ဂျပန်စစ်သားအသွင် မိတ်ကပ်ခြယ်ပေးရမည်ဖြစ်ပါသည်။ သူတို့ရှေ့တွင်ချထားသော ဂျပန်စစ်သားပုံ ဘလောက်များကို ကြည့်ရင်း စာရေးသူတို့မျက်နှာကို အမျိုးမျိုး ခြယ်သပေးကြပါသည်။

စာရေးသူအား မိတ်ကပ်ပြင်ပေးသူကလေး၏အမည်မှာ 'ပက်ထရစ်ရှာ' (Patricia) ခေါ် အင်္ဂလိပ်မ စစ်စစ်ကလေးဖြစ်သည်။ နှင်းပွင့်လိုဖြူနေသော အသား၊ ကြည်ပြာရောင်မျက်လုံး၊ ရွှေဝါရောင်ဆံပင်၊ နူတ်ခမ်းပါးပါးပိုင်ရှင် (၁၉) နှစ်အရွယ်ကလေးဖြစ်သည်။ သွက်လက်ဖျတ်လတ်ပြီး အရွှတ်အနောက်လည်း ပြောတတ်ရာ၊ စာရေးသူနှင့် လေပေးဖြောင့်၏။ "ရှင့်ကို အရင်က ဒီစတူဒီယိုမှာ မတွေ့ဘူးပေါင်"

"ကိုယ်က ဒီမှာတော့ လူသစ်ပဲ၊ ဒါပေမယ့် ရုပ်ရှင်နယ်ထဲမှာတော့ ဆိုက်ပတ်အဖြစ် ပါနေတာကြာပါပြီ"

စာရေးသူသည် ကောင်မလေး အထင်ကြီးစေရန် ဖြီးလိုက်ရပါသည်။ သူမမျက်နှာလေးမှာ ကော်ရပ်ကလေးနှင့်တူပြီး သွားလာလှုပ်ရှားပုံမှာ 'ဘဲလေး' ကချေသည်မလေးလားဟု ထင်ရသည်။ မိတ်ကပ်ခြယ်ပေးစဉ် စကားစမြည်ပြောရင်းက အတော်ကျွမ်းဝင်လာသည်။ စာရေးသူက သူမအား ရင်းနှီးသည့် သဘောဖြင့် 'ပက်တီ' ဟု ခေါ်ကြည့်ရာ သဘောကျဟန်တူသည်။

"ပက်တီ... မင်း ဘဲလေး ကဖူးတယ်ထင်တယ်၊ မင်းလှုပ်ရှားမှုတွေက ပျံမြူးနေတာပဲ၊ ပြီးတော့ မင်းဘော်ဒီကလည်း သိပ်လှတာပဲကွာ"

ကလေးမမျက်နှာသည် နှင်းဆီပန်းနုရောင်ဖြာသွား၏။ ချိုးမွမ်းမှုကြောင့် ဖိန်းရှိန်းသွားဟန်တူသည်။

"မောင်က စုံထောက်လုပ်ဖို့ကောင်းတယ်။ မောင်တွေးထင်တာ သိပ်မှန်တာပဲ။ ပက်တီ ဘဲလေးကျောင်းသူပါပဲ။ ယခု အားလပ်တုန်း ဝင့်ငွေကလေးရအောင် ဒီမှာ မိတ်ကပ်ပြင်အလုပ် ဝင်လုပ်နေတာပါ"

သူမကို 'ပက်တီ' ဟု ရင်းနှီးစွာခေါ်သောအခါ သူမက စာရေးသူအမည်ကိုလည်း ရှည်လွန်းလှ၍ အခေါ်ရခက်ကြောင်း အဖျားဆွတ်ခေါ်ချင်၍ မည်သို့ခေါ်ရမည်နည်းဟုမေးရာ စာရေးသူက ခင်မောင်ညွန့် စကားသုံးလုံးအနက် ကြိုက်ရာတစ်လုံးကို ရွေးခေါ်နိုင်ကြောင်းပြော၏။ သူမက အလယ်လုံး 'မောင်' ကိုမှ ရွေးခေါ်မိလျက်သားဖြစ်သွား၏။ ပထမတွင် 'မောင်း'ဟု အသံထွက်နေရာ သုံးလေးကြိမ်ပြင်ပေးမှ 'မောင်' ဖြစ်လာသည်။

"ဟေ့လူ ဘယ့်နယ့်လဲဗျ၊ တစ်မနက်ပဲတွေ့ရသေးတယ် 'မောင်' တွေဘာတွေ ခေါ်လို့ပါလား၊ ဟား...ဟား...ဟား...ဟား"

ဂျပန်စစ်သား ဇာတ်ဆောင်ဖြစ်သော မြန်မာကျောင်းသား ကိုတင်ဦးက ဝင်လာရင်း နောက်လိုက်ရာ သူ့ကို ရှင်းပြရ၏။

မိတ်ကပ်ပြီးသွား၍ မှန်ထဲကြည့်လိုက်ရာ လန့်သွားပါသည်။ ကိုယ့်ရုပ်ကိုယ် မယုံနိုင်အောင်ရှိသည်။ မျက်တွင်းခွက်ခွက်၊ ပါးချောင်ကျကျ မုတ်ဆိတ်ကျင်စွယ်နှင့် ဖြစ်နေရာ 'ဂျပန်နာ'၊ 'တရုတ်နာ' နှင့် တူလှ၏။ "တယ်တော်တဲ့ကောင်မလေးပဲ"

"ဒီပုံ သဘောကျလား 'မောင်'၊ ဒါမှ စစ်ပမ်းကျနေတဲ့ ဂျပန်စစ်သားနဲ့တူတာ"

"ဟာ သိပ်ကောင်း၊ သိပ်တူ၊ ပက်တီက မိတ်ကပ်မှာ သိပ်တော်တာပဲနော်၊ မင်းဟာ တကယ့် (Artist) အနုပညာရှင်လေးပဲ"

"ပက်တီတို့ ဘဲလေးအကဟာ ကတတ်ရုံမကဘူး၊ မိတ်ကပ်လည်း ခြယ်တတ်ရတယ်"

စာရေးသူ၏ ချီးမွမ်းချက်ကို နှစ်ခြိုက်စွာလက်ခံသည့် လက္ခဏာနှင့် ပက်တီက ယင်းသို့ ပြန်ပြောပါသည်။

"ကိုယ့် ဒီရုပ်ကို အမှတ်တရ ဓာတ်ပုံရိုက်ထားချင်လိုက်တာ။ ကင်မရာ မပါကြဘူးလား သူငယ်ချင်းတို့"

"အို... နိုး... နိုး မောင်၊ ကုမ္ပဏီက ဘယ်ခွင့်ပြုမလဲ၊ မောင်တို့ ရိုက်ချင်ရင် မိတ်ကပ်မလိမ်းခင် ရိုက်နိုင်တယ်။ လိမ်းပြီးမှတော့ ဇာတ်ဝင်ရတော့မယ်။ ကုမ္ပဏီမူပိုင်ဖြစ်ပြီ။ ရိုက်ခွင့်မပေးဘူး"

ပက်တီ ရုပ်ရှင်စည်းကမ်းကို လှမ်းပြောရာ 'ဂျပန်နာ' ပုံပန်းကို မှတ်တမ်း မတင်လိုက်ရတော့ပါ။ အားလုံးပြီးကြသောအခါ ဆက်တင် (Setting) ဆီသို့ သွားကြရပါသည်။

တောရိပ် တောင်ရိပ် ဝိုင်းနေသော မြန်မာကျေးရွာတစ်ခုကို ဆက်တင်လုပ်ထားရာ အလွန်သဘာဝကျ၏။ တောင်ကျရေတံခွန်နှင့် စမ်းချောင်းကလေးကိုလည်းဖန်တီးထားရာ ရေစီးသံကလေးပင် ကြားနေရသည်။ အားလုံး အင်ဒိုးရိုက်ကွင်း (Indoor Shooting) အတွက် ပြင်ဆင်ထားသော ဆက်တင်ဖြစ်သည်။ ကလေး ငိုသံ၊ ကြက်တွန်သံ၊ ခွေးဟောင်သံ၊ ကျေးငှက် ကျီးသံများကို နောက်ခံထား၏။ ကျောဘက် တဲအိမ်ကြား၊ သစ်ပင်ချုံကြားတွင်

ဖုံးကွယ်တပ်ဆင်ထားသော တိပ်ခွေများဖြင့် အသံလွှင့်ပေးထားရာ မြန်မာကျေးလက်တောရွာကလေး၏ အသံဗလံများပင်ဖြစ်သည်။ ဇာတ်ဆောင်များ နေရာယူရမည့် နေရာများကိုလည်း စနစ်တကျ အမှတ်အသားနှင့် ပြထားသည်။

စတူဒီယို၏ မျက်နှာကြက်ဆီတွင် မီးမောင်းကြီးများ၊ ကင်မရာမျိုးစုံ၊ မှန်ဆလိုက်များ တွဲလဲရှိကြပြီး ခလုတ်နှိပ်ရုံဖြင့် လိုအပ်သလို ရွှေ့လျားနိုင်သည်။ အနိမ့်အမြင့်လုပ်၍ ရ၏။ ကြမ်းပြင်တွင်လည်း ကင်မရာသုံးလေးခု အသင့်ရှိသည်။

ဒါရိုက်တာ၊ လက်ထောက်ဒါရိုက်တာ၊ ကင်မရာမင်း၊ ကားဆွဲသူ၊ မှတ်တမ်းရေးသူ၊ ဒိုင်ယာလော့ ထောက်ပေးမှုစသဖြင့် လုပ်သားပေါင်း ၃၀ ခန့်ရှိသည်။ ကင်မရာမင်းက ဇာတ်ဆောင်များယူထားသောနေရာနှင့် အကွာအဝေးကို ပေကြိုးနှင့် တိုင်ချိန်ပြီး ဇာတ်ဆောင်များ ရွှေ့လျားမှုနှင့် ဘီးတပ်ကင်မရာရွှေ့ရန် နှုန်းကိုချိန်ပါသည်။

မျက်နှာကြက်မှ တွဲလဲဆွဲ ကင်မရာနှင့် ဆလိုက်များကလည်း အလားတူ ချိန်ကြပါသည်။ ဇာတ်ဆောင်များက ကင်မရာအလိုက်ရ။ ကင်မရာများကသာ ဇာတ်ဆောင်များ ရွှေ့လျားမှုနောက်လိုက်ကြရပါသည်။

ထိုနေ့ရိုက်ကွက်မှာ ဆိုင်းလံ့ (အသံတိတ်) ချည်းဖြစ်၏။ ဒိုင်ယာလော့ (စကားပြောခန်း) တစ်ခွန်းမှ မပါပါ။ စစ်ပမ်းကျနေသော ဂျပန်စစ်သားများ မြန်မာကျေးရွာတစ်ခုတွင် ဝင်ခိုနေပုံကို ရိုက်ပါသည်။ လဲနေသူ၊ နာနေသူ၊ လက်နက်စစ်ဆေး တိုက်ခွတ်နေသူ၊ လက်ဖက်ရည်ကျိုသောက်နေသူ၊ စမ်းချောင်းဘေး အဝတ်လျှော်နေသူ၊ ဂျပန် လန့်ကွတ်တီနှင့် ရပ်နေသူပုံကို ရိုက်ပါသည်။ ဂျပန်ခေတ် မီလိုက်သူများဖြစ်၍ ဂျပန်စစ်သားများ၏ လှုပ်ရှားဟန်ကို သရုပ်ဆောင်ရန် စာရေးသူတို့အဖို့ မခက်ပါ။ သို့ပေမယ့် ရီဟာဇယ် (အစမ်းလေ့ကျင့်မှု) ကို သုံးကြိမ်လောက် အလုပ်ခိုင်းပါသည်။ လေ့ကျင့်ချိန်နှင့် ကားရိုက်ချိန်တွင် စတူဒီယိုတစ်ခုလုံး ငြိမ်နေပါသည်။ အသံဗလံ အနှောင့်အယှက်ကင်းရန် မီးနီပြ သတိပေးလိုက်၏။ ဒါရိုက်တာကြီးနှင့် ကင်မရာမင်းတို့ ကျေနပ်တော့မှ...

"ကဲ... ဒီတစ်ခါ ရိုက်တော့မယ်၊ အားလုံးသတိ၊ ကိုယ့်နေရာ ကိုယ်

ယူ၊ အိုက်တင်လုပ်တာတွေမမှားနဲ့၊ အိုကေ၊ ရယ်ဒီ၊ ဝမ်း၊ တူး၊ သရီး၊ အက်ရှင်ရိုက်"

ဒါရိုက်တာအမိန့် နောက်ကွယ်တွင် စာရေးသူတို့ ဂျပန်စစ်သား တစ်သိုက် ကိုယ့်နေရာနှင့် ကိုယ့်အိုက်တင်ကိုယ်လုပ်၊ ကလေးငိုသံ၊ ခွေးဟောင်သံ၊ ကြက်တွန်သံ၊ ကျီးအာသံ၊ ငှက်အော်သံတွေကလည်း အစီအရီပေါ်ထွက်လာသည်။ ကင်မရာများ၊ မီးမောင်းများကလည်း တရစပ်ထိုး တရစပ် ရိုက်လိုက်ကြရာ၊ ငါးမိနစ်ခန့်ကြာပါသည်။

နောက်ရိုက်ကွင်းမှာ မဟာမိတ်တပ်သားက စာရေးသူတို့ ဂျပန်စစ်သားများစခန်းသို့ လာချောင်းသောအခန်းဖြစ်၏။ သူ့အခန်းက ပိုခက်သည်။ ချုံတွေကြားမှ ခြေသံမကြားအောင် ပုန်းလျှိုကွယ်လျှို လာနေပုံ၊ ဇောချွေးတွေပြန်နေပုံ၊ ပုရွက်ဆိတ်၊ ခါချဉ်များကိုက်၍ အခံရခက်နေပုံ၊ သစ်ကိုင်းခြောက်ကျလာ၍ လန့်သွားနေပုံကို အဝေးအနီး ရိုက်ယူရပါသည်။ (Close up) (အနီးကပ်) ရိုက်သောအခါ ဇောချွေးပြန်နေပုံကို သရုပ်တူရန် ဇာတ်ဆောင်သော အင်္ဂလိပ်မျက်နှာနှင့် ကိုယ်ကိုဆီသုတ်ပေးခြင်း၊ ရေမှုတ်ကိရိယာဖြင့် ချွေးသီးလုံးကလေးများ နာဖူးတစ်ဝိုက် မှုတ်တင်ပေးခြင်းများပြု၏။ သူ့ရိုက်ကွင်းအပြီး နေ့လည်စာအတွက်နားသည်။

နေ့လည်စာစားပြီး အလုပ်ခွင်သို့ ပြန်ဝင်ရာ ရုပ်မြင်သံကြားခန်းသို့ သွားကြရပါသည်။ နံနက်က ရိုက်ပြီးသောအခန်းများကို ချက်ချင်းဆေးပြီး ရုပ်မြင်သံကြားတွင် အစမ်းကြည့်ကြရာ ဒါရိုက်တာနှင့် အဖွဲ့သားအားလုံးက ကျေနပ်ကြ၏။ စာရေးသူအဖို့ မယုံနိုင်အောင် ဂျပန်စစ်သားများနှင့် တူနေသည်ကိုတွေ့ရပြီး ဆက်တင်မှာလည်း တကယ့်တောရွာအသွင် ဆောင်နေပါသည်။ အကယ်၍ ဒါရိုက်တာက သဘောမကျလျှင် ထိုအခန်း ၂ ခန်းထိုနေ့ ညနေပိုင်း ပြန်ရိုက်ရန်ဖြစ်ပါသည်။

"ဒီနေ့ ရိုက်ကွင်းတွေအားလုံးက အိုကေ၊ မင်းတို့ ကူညီတာ ဝမ်းသာတယ်ကွာ။ ဒီနေ့တော့တော်ပြီ။ နောက်နေ့မှာ ဖိုက်တင်တွေ၊ ဒိုင်ယာလော့ တွေ ရိုက်ရမယ်။ မင်းတို့ပြန်နိုင်ပါပြီ။ သင့်ခယူ"

စာရေးသူတို့ ရဲဘော်တစ်စုသည် နောက်တစ်နေ့တွင် စတူဒီယိုသို့ ရောက်ရောက်ခြင်း ဂျပန်စစ်သား ဝတ်စုံဝတ်ပြီး လက်နက်ကိုယ်စီကိုင်ကာ

မိတ်ဆ်ပ်ခန်းသို့ သုတ်ခြေတင်ကြ၏။ မိုက်ခွက်မှ အခေါ်မစောင့်ကြတော့ပါ။ နောက်နေ့များမှာလည်း ဤနည်းနှင့် နှင်နှင်။ ပက်တီတို့၏ ဆွဲဆောင်မှုကြောင့် ထိုမျှ ဝီရိယကောင်းနေကြခြင်း ဖြစ်သည်ကား မငြင်းသာ။

"ဟဲလို ပက်တီ ဂွတ်မောနင်း"

"ဂွတ်မောနင်း မောင်၊ ချစ်စရာကောင်းတဲ့ ရာသီပဲနော်"

နေကလေးကသာ၊ တိမ်ကလေးက ပြာနေလျှင် ယင်းသို့ ရာသီဥတုကို စာဖွဲ့ချီးကျူးတတ်ကြ၏။ 'ဂွတ်မောနင်း' ကောင်းသောနံနက်ခင်းဟု နှုတ်ဆက်လေ့ရှိသော်လည်း နံနက်ခင်းတိုင်း မသာယာပါ။ မှုန်မှိုင်းနေတတ်သည်။ မြူတွေဆိုင်းနေတတ်သည်။ သို့မဟုတ် သွေးခဲအောင်အေးပြီး နှင်းတွေကျနေတတ်သည်။

"နေကလည်းသာ၊ တိမ်ကလည်းပြာနေတာ ပက်တီမျက်လုံးကလေးတွေလိုပဲကွယ်"

"မောင်ဟာ ကဗျာဆရာကြီး တင်နင်ဆန်လိုပဲ၊ အလှအပကို သိပ်မြင်တတ်တာ၊ ကဲ... လာလာ မိတ်ကပ်ပြင်ရအောင် ထိုင်ပါ"

တိမ်ပြာနှင့် သူမမျက်လုံးအလှကို နှိုင်းလိုက်၍ အတော်ကို ပီတိဖြစ်သွားသည်။ အဘယ်မိန်းမသည် မိမိအလှကို ချီးကျူးနေခြင်းကို မနှစ်သက်ဘဲ ရှိအံ့နည်း။

"ဗျို့ ကိုညွှန့် ခေါ် ဝါကာဇူမိရဲ့၊ တယ်လည်း 'ရိ' မနေနဲ့ဦးဗျ"

ကိုတင်ဦးက မြန်မာစကားနှင့် ဝင် 'တော' လိုက်ရာ ပက်တီက...

"မောင့်သူငယ်ချင်းက ဘာလှမ်းပြောလိုက်တာလဲ"

"ဩော်... ဒီလူက မိတ်ကပ်လိမ်းပြီးရင် ဆက်တင်ဆီသွားရအောင်၊ ဒီနေ့ရိုက်ကွက်တွေများမယ်လို့ လှမ်းပြောတာပါ"

စာရေးသူ စကားဖာလိုက်ရ၏။ စင်စစ် ကိုတင်ဦးလည်း သူ့အမျိုးသမီးနှင့် မိတ်ကပ်ပြင်ရင်း ပြေလည်နေကြပါသည်။ အခြားမလေးနှင့် ပေါက်ဖော် ကျောင်းသားများလည်း သူတို့မိတ်ကပ်လိမ်းပေးသူ ကောင်မလေးများနှင့် အသီးသီး အတော်ဟန်ကျနေကြ၏။ အလုပ်ခွင်ပျော်ရွှင်ရေးအတွက် ဖိုမ ဆွဲဆောင်မှုနှင့် ထိန်းထားသည်ဖြစ်ရာ အရင်းရှင်ကုမ္ပဏီကြီး ပီသပါပေသည်။

"အဆင့်သင့်ဖြစ်သော ဇာဘ်ဆောင်များ ဆက်တင်ဆီသို့ လာကြပါ"

မိုက်ခွက်မှခေါ်လေပြီ။ အားလုံးနီးပါး မိတ်ကပ်လိမ်းပြီးသဖြင့် တစ်ဦးပြီးတစ်ဦးထွက်သွားကြ၏။ လက်ပတ်နာရီ၊ ဖောင်တိန်၊ ပိုက်ဆံများကို မိတ်ကပ် လိမ်းပေးသော ကလေးမများထံ အသီးသီးအပ်ကြ၏။ အဝတ်လဲခန်းရှိ လော့ကာထဲ၌ ထားခဲ့နိုင်ပါသည်။ သို့သော် ကလေးမများနှင့် ရင်းနှီးချင်၍ ရွှေဘာဏ်တော်ကွန့်မြူး လိုက်ကြခြင်းဖြစ်သည်။ စာရေးသူလည်း ရဲဘော်များလမ်းအတိုင်း ပက်တီထံ နာရီနှင့်ဖောင်တိန်အပ်ရာ ပက်တီက...

"ဒီနေ့ အက်တင်လုပ်ရာမှာ ကဲကောင်းပါစေ" ဟု ဆုတောင်းလိုက်၏၊

ထိုနေ့က ရိုက်ကွင်းသုံးကွက်ရှိရာ ပထမရိုက်ကွင်းသာ ပထမနေ့ ရိုက်ကွက်နှင့် ဆက်စပ်မှုရှိပါသည်။ ကျန်ရိုက်ကွက် နှစ်ကွက်မှာ အဆင့်သင့် သလိုရိုက်သော ရိုက်ကွက်များဖြစ်သည်။ နောက်မှ ကားဆက်ယူခြင်းဖြစ်သည်။ ယမန်နေ့က မဟာမိတ်တပ်သားက ဂျပန်စစ်စခန်းချရာ လာချောင်းသော အခန်းအထိ ရိုက်ပြီးသွားသည်။ ယနေ့ ယင်းတပ်သားကို စာရေးသူနှင့် တွဲဖက်နေသော 'အောတ' က တွေ့သွားသဖြင့် သူတို့နှစ်ဦး ထိုးကြိတ်ကြပုံကို ရိုက်ပါသည်။ 'အောတ' လုပ်သူ ဂျွန်ချန်းသည် ထိုးကြိတ်ခန်း သရုပ်ဆောင်မှု၌ ဝါရင့်သူဖြစ်၏။ ဂျူဒိုကရာတေးကလည်း ခပ်လှလှကလေး ကစား ပြတတ်သူဖြစ်သည်။ မဟာမိတ်တပ်သားအဖြစ် သရုပ်ဆောင်သော စတီဗင် ကလည်း ညံ့သူမဟုတ်၊ စစ်ကားသုံးကား၌ ပါဖူးသည်။ သူတို့နှစ်ဦး ထိုးကြိတ်ခန်းရိုက်စဉ် ကြည့်နေသည်မှာ တကယ့်နပန်းပွဲ ကြည့်ရသလို ဘဝင်ဖိုစရာဖြစ်သည်။ နောက်ဆုံး မဟာမိတ်တပ်သားလဲကျပုံ သိပ်မလှဘူးဆိုပြီး ဒါရိုက်တာက အကြိမ်ကြိမ် အက်တင်ပြန်အလုပ်ခိုင်းပါသည်။ သည့်နောက် စာရေးသူနှင့် ကိုမျိုးထွန်းလင်းတို့ကပါ ရောက်လာပြီး မဟာမိတ်တပ်သားအား ခပ်ကြမ်းကြမ်း ခေါ်သွားပုံကို ရိုက်ပါသည်။

ဒုတိယရိုက်ကွင်းသည် အကြာဆုံးနှင့် ရယ်စရာအကောင်းဆုံး ဖြစ်၏။ ဇာတ်လမ်းအရ မဟာမိတ်စစ်ဗိုလ်နှင့် စစ်သားနှစ်ယောက်တို့ မြန်မာ့ကျေးရွာရှိ အိမ်တစ်အိမ်သို့ဝင်လာပြီး ဂျပန်စစ်တပ် အနီးအနားမှာရှိမရှိ စစ်မေးသော အခန်း ဖြစ်သည်။ ရွာရှိသားအဖသုံးဦး လုပ်သူများမှာ မလေး၊ တရုတ်နှင့် ဘိုကပြားမ သုံးဦးဖြစ်၏။ ဖအေလုပ်သူမှာ ရုပ်ရှင်ဝါရင့်သော မလေးအဘိုးကြီးဖြစ်၍ မြန်မာရွာသားအဘိုးကြီးနှင့်တော့တူပါသည်။ လုံချည်ဝတ်ပုံကို

ပြင်ဝတ်ပေးရသည်။ သားလုပ်သူမှာ ဟောင်ကောင်တရုတ်ဖြစ်၍ လုံချည်ဝတ်ပုံကို ပြပေးရပြန်သည်။ သမီးလုပ်သူ အင်္ဂလိပ်-မြန်မာကပြားမကို စာရေးသူ ရဲဘော်တစ်သိုက်က ကြည့်မရဖြစ်နေကြသည်။ သူမအမည်မှာ အက်ဒဝင် နာကာရီး (Edwina Carroll) ဖြစ်သည်။ ဤဇာတ်ကားတွင် အမျိုးသမီးဆို၍ တစ်ဦးတည်းသား ရှေ့တန်းကပါရပြီး ဇာတ်လိုက် စတိန်းဘတ်နှင့် တွဲရသဖြင့် ဘဝင်ခိုက်နေပုံရသည်။ ကိုတင်ဦး၊ ကိုမျိုးထွန်းလင်းနှင့် စာရေးသူတို့ မြန်မာလူငယ်များရှေ့၌ သူမက အသားယူနေပုံရသည်။ စာရေးသူတို့ကလည်း ပက်တီတို့ လူစုလောက် သူမကို သိပ်ဂရုမစိုက်ပါ။ သူမကလည်း ဇာတ်ဆောင် မင်းသမီးပီပီ ရှိုးထုတ်နေပါသည်။ စာရေးသူတို့လို ဆိုက်ပတ်ကို လှည့်၍ပင်မကြည့်။

သို့သော် မကြာမီ သူမအပေါ် နိုင်ကွက် ရပါတော့သည်။ ဇာတ်လမ်းအရ မဟာမိတ်စစ်ဗိုလ်က ရွာသား သားအဖသုံးယောက်ကို စစ်မေးပါသည်။ သူတို့ နားမလည်ဘူး၊ မသိဘူးဟုငြင်းရာ သားအဖကို နားရင်းရိုက်သော အခန်းဖြစ်၏။ စစ်ဗိုလ်က...

"မင်းနာမည် ဘယ်သူလဲ"

"အောင်ခင်ဘားအူး"

"အောင်ခင်ပါ" ဟု ပြောရမည့်အစား၊ ဒိုင်ယာလော့စာရွက်တွင် စက်ရိုက်မှားသွားသဖြင့် 'ဘားအူး' ဟု ဇာတ်ဆောင်သူ ဟောင်ကောင်ပေါက်ဖော်က အသံထွက်ပြောလိုက်ရာ စာရေးသူတို့ ရယ်မိကြ၏။ ကိုမျိုးထွန်းလင်းက မနေနိုင်တော့။ ဒါရိုက်တာနှင့်သူ အလွန်ရင်းနှီးသဖြင့် အသံထွက်မှားနေကြောင်း သွားပြောရာ ချက်ချင်း မြန်မာသံပီအောင် အပြင်ခိုင်းပါသည်။ 'အောင်ခင်' ကို မေးမရသဖြင့် စစ်သားနှစ်ယောက် ဆွဲထုတ်ခေါ်သွားသောအခါ နှမလုပ်သူက စစ်ဗိုလ်ကို မြန်မာမိန်းကလေးပီပီ ဆဲဆိုထုရိုက်ရသောအခန်းကို ဆက်ရိုက်ပါသည်။ မြန်မာတောသူဟန် ဝတ်ထားသော ကပြားမ အက်ဒဝင်နာသည် အလွန်အချိုးမကျဖြစ်နေပါသည်။ ဆံပင်ပုံလည်း မတူ၊ ထဘီကိုလည်း ဂါဝန်လိုလို ဝတ်ထားသည်။ ဒိုင်ယာလော့ ပြောသောအခါ ပို၍ပင် ရယ်စရာဖြစ်နေပါသည်။ သူ့မောင်ကိုလည်း ရိုက်ခေါ်သွား၊ ဖအေကိုလည်း ကြိုးတုပ်ကြသဖြင့် သူမက ဒေါကန်ကာစစ်ဗိုလ်ထံ ပြေးလာ၍ ဆဲဆိုထုရိုက်ရာတွင်...

"ဟဲ့ ကောင်၊ ခွီးမထား၊ တေနားကောင်... ထက်သွား"

ဘိလပ်မှာအနေကြာသဖြင့် မြန်မာစကားသံပင် မေ့နေရောသလား၊ သို့မဟုတ် စာရေးသူတို့ မြန်မာကလေးတွေရှေ့၊ အသားယူလို၍လား မပြောတတ်ပါ။ ယင်းကဲ့သို့ မြန်မာစကားကို ဘိုသံနှင့် မပီသကြ ပြောပါလေတော့သည်။

"သတ္တဝါမကိုတော့ နိုင်ကွက်ပေါ်လာပြီ၊ သူ့ဒိုင်ယာလော့ မြန်မာသံ မပီဘူးလို့ ကျုပ်ဒါရိုက်တာဆီ သွားတိုင်မယ်"

ကိုတင်ဦးက လာပြန်ချေပြီ။ သူကလည်း ရုပ်ရှင်ဝါရင့်တစ်ယောက် ဖြစ်ပြီး ဒါရိုက်တာနှင့် ခင်နေသူဖြစ်၏။ ပြောပြောဆိုဆို ဒါရိုက်တာထံ ပြေးပြောလေပြီ။

မကြာမီ ဒါရိုက်တာက ကပြားမအား စာရေးသူတို့ထံ လွှတ်လိုက်ရာ ကိုတင်ဦးက အက်ဒဝင်နာအား မြန်မာသံပီအောင် သင်ပေးရ၏။

"ကဲ...လိုက်ဆိုစမ်း၊ ဟဲ့ကောင်၊ ခွေးမသား၊ ဃနာကောင်ထွက်သွား"

ကပြားမက မိမိမှာ အင်ဂလိဘားမင်းဖြစ်သော်လည်း အဖေ ဘိုအစစ် မအေ ကပြားမကမွေးကြောင်း၊ ရန်ကုန်မှာမွေး၍ ကြီးခဲ့ရသော်လည်း မြန်မာစကား သိပ်မတတ်ကြောင်း၊ မြန်မာသံပီအောင် ပြောရခက်ကြောင်း စသည်ဖြင့် 'ဗူးရိ' တို့ ဝသီအတိုင်း ချေပနေသေးသည်။ မည်သို့ဆိုစေ၊ ဒါရိုက်တာအမိန့်အတိုင်း ကိုတင်ဦးက မြန်မာသံပီအောင် ဇွတ်သင်ပေးနေပါ တော့သည်း စာရေးသူကလည်း ဆံပင်ထုံးထားပုံနှင့် ထဘီဝတ်ပုံကို မြန်မာတောသူနှင့်တူအောင် ပြုပြင်ပေးရန် အကြံပေးလိုက်ပါသည်။ ကပြားမကတော့ အောင့်သက်သက် ဖြစ်နေရှာ၏။ မြန်မာသံပီသလိုရှိလာတော့မှ ဆက်ရိုက်ပါသည်။ သို့သော် ဇာတ်ကားပြ၍ သွားကြည့်သောအခါ မြန်မာသံ မပီမသ ဖြစ်နေသေးသည်ကို တွေ့ရပြန်သည်။

နောက်ရိုက်ကွင်းများမှ မဟာမိတ်စစ်ဗိုလ်နှင့် တပ်သားတို့ချည်း ပါသောအခန်းဖြစ်ရာ စာရေးသူတို့ ဂျပန်စစ်သားတစ်စု နားချိန်ရသဖြင့် ဆက်တင်မှ ထွက်လာပြီး ပက်တီတို့လူစုနှင့် လေပေါရင်း အကြည်ဆိုက်နေလိုက်ကြ၏။

ညနေအပြန် ကောင်တာမှာ နေ့စားခထုတ်ယူရာ၌ စာရေးသူတို့ မြန်မာရဲဘော်သုံးဦးသည် တစ်ဦးတစ်ပေါင်ကျစီ သူများထက်ပိုရကြသဖြင့်

အကြောင်းစုံစမ်းကြည့်သောအခါ မြန်မာသံပီအောင် သင်ပေးခြင်း၊ ဆင်ယင်ထုံးဖွဲ့မှုနှင့် ဝတ်စားဆင်ယင်မှု ပြုပြင်ပေးခြင်းတို့အတွက် တစ်ပေါင်စီချီးမြှင့်ကြောင်း သိရ၏။

"ဟေ့... ဘယ်ဆိုးလို့တုန်း ဇာတ်လိုက်မင်းသမီးကိုလည်း ဆရာလုပ်ရသေး၊ ပိုက်ဆံလည်း ပိုရသေးတယ်၊ နိပ်ပါလားဟ"

ကိုတင်ဦးက အငြိမ်မနေ'အာ'လိုက်ပါသည်။ ထိုနေ့ ညနေက တစ်ယောက် ၇ ပေါင်စီ ရကြသဖြင့် အတော် သဘောတွေ့သွားကြသည်။

စာရေးသူတို့သည် ရုက်ပါတန့်စတူဒီယိုတွင် ကားရိုက်နေခဲ့ကြသည်မှာ သုံးပတ်နီးပါးကြာလေပြီ။ တနင်္ဂနွေနေ့ကိုသာ ရက်အားထားပြီး တရစပ်ရိုက်ခဲ့ရာ အခန်းအတော်များများ ပြီးသွားပါသည်။ မိတ်ကပ်လိမ်းပေးသော အဖြူမလေးများနှင့် ဂျပန်စစ်သားဇာတ်ဆောင် ကျောင်းသားများမှာလည်း အတော်ရင်းနှီးရုံသာမက အလွန်အကြည်ဆိုက်နေကြလေပြီ။ တချို့ 'ဒိတ်' ထုတ်သော အဆင့်အထိပင် ရောက်နေကြလေပြီ။ ဒိတ်ထုတ်ဆိုသည်မှာ စာရေးသူတို့ ဘိလပ်ပညာသင်ကျောင်းသားတို့၏ ဝေါဟာရဖြစ်သည်။ အဖြူမကို ရက်ချိန်းပြီး အပြင်ခေါ်တွေ့ခြင်း (Dating to go out together) ကို ဆိုလိုသည်။ နေ့ခင်း စတူဒီယိုတွင် ရုပ်ရှင်ရိုက်ပြီး ညပိုင်း ကိုယ့်ဇာတ်လမ်းကိုယ် ခင်းကြခြင်းဖြစ်သည်။

စာရေးသူသည် ဒိတ်ထုတ်သောအဆင့် ရောက်နေသူများစာရင်းဝင်ဖြစ်ပါသည်။ အခြေအနေက ပေးလာသဖြင့် မြေစမ်းခရမ်းပျိုးဆိုသလို ပက်တီကို ဒိတ်ထုတ်လိုက်မိပါသည်။ အခြေအနေပေးပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ထိုနေ့ကား စနေနေ့ဖြစ်သည်။ မိတ်ကပ်လိမ်း၊ အဝတ်လဲပြီး ဆက်တင်မေါ်သို့ ရောက်ရောက်ချင်း ဒါရိုက်တာကြီးက "ဂျပန်စစ်သားတွေ ဒီနေ့မင်းတို့ ရိုက်ကွက်သိပ်မရှိဘူး။ တစ်မနက်နဲ့ ပြီးချင်ပြီးသွားမယ်။ ဒါပေမယ့် မင်းတို့ နည်းနည်းစွန့်စားရမယ့် အခန်းကလေးတွေပါတယ်" ယင်းသို့ပြောရင်း ခေတ္တရပ်ကာ ဖိုင်တွဲထဲမှ ဇာတ်ကွက်အခန်းတွေကို လှန်ကြည့်နေရာ စာရေးသူတို့ ဂျပန်စစ်သားတစ်စုအဖို့ ဘယ်လိုစွန့်စားမှုမျိုးပါလိမ့်ဟု တထင့်ထင့်ဖြစ်လာကြသည်။ တချို့က မီးလောင်သည့်အခန်း ရိုက်မှာဟု ပြောကြသည်။ ၁၅ မိနစ်ခန့်ကြာသောအခါ...

"လာကြပေ့ ဒီဘက်ကို၊ ဒီနေ့ ဗုံးကြဲခန်းရိုက်မှာ မဟာမိတ်လေယာဉ်တွေ လာဗုံးကြဲတော့ မင်းတို့ ဂျပန်စစ်သားတွေ အတုံးအရုံး လဲကျရမယ်။ တချို့လည်း ဒီစမ်းချောင်းထဲကို ဟိုကျောက်ဆောင်ပေါ်က ထိုးကျရမယ်"

ဒါရိုက်တာက စတူဒီယိုတွင် ဆင်ထားသော တသွင်သွင် စီးကျနေသည့် စမ်းချောင်းကို လက်နှင့်ပြရင်း ပြောလိုက်၏။ စာရေးသူတို့အားလုံး ပုခုံးတွန့် ကျောချမ်းသွားကြပါသည်။ အလွန်အေးသော ဆောင်းရာသီသွေးခဲလုအချိန်တွင် ရေထဲထိုးကျရမည်မှာ မတွေးဝံ့ပါ။

"ကဲ...ရေထဲကျဝံ့မယ့် ဂျပန်စစ်သား လေးငါးယောက် ထွက်ခဲ့ပါ။ အိုက်တင်လုပ်ရအောင် လာပါ"

"လာကြလေကွာ၊ မင်းတို့ ရေစိုမှာ ဒီလောက်ကြောက်ကြသလား။ ကောင်းပြီ၊ ရေထဲကျဝံ့သူအတွက် နေ့တွက်ခနှစ်ဆ တိုးပေးမယ်ကွာ။ ပြီးတော့ ဒီအခန်းရိုက်ပြီးပြီးချင်း ပြန်လွတ်လိုက်မယ်။ ကိုင်း...ဘယ့်နယ့်လည်း"

နှစ်ဆတိုးဆိုတော့ ၁၂ ပေါင်ရမှာ။ ပြီးတော့ ပြန်လွတ်လိုက်မယ်တဲ့၊ မဆိုးဘူးဟာ၊ ဘာပဲဖြစ်ဖြစ် စွန့်လိုက်ဦးမယ်။

ယင်းသို့တွေးရင်း စာရေးသူက အလျင်စထွက်ပါသည်။ နောက်တော့ ဂျွန်ချန်းနှင့် အခြားမလေး တရုတ် သုံးယောက်ပါလိုက်လာကြ၏။

"ဘဲရီးဂွတ်၊ ကဲ...မင်းတို့ငါးယောက် ဟောဒီက ရော်ဘာကိုယ်ကပ်ဝတ်စုံတွေ အောက်ခံဝတ်ချေ"

ရေမစိုစေရန် အသားကပ် ရော်ဘာဝတ်စုံများကို အောက်ခံဝတ်ကြပါသည်။ ရေမစိုသည့်အပြင် ကိုယ်ငွေ့လုံနေ၍ မချမ်းတော့ပါ။ အဆင့်သင့်ဖြစ်သည်နှင့် ဗုံးကြဲခန်းရိုက်ပါတော့သည်။ ကျောက်ဆောင်၊ ကျောက်တုံးများမှာ ရော်ဘာတုံးများနှင့် လုပ်ထားပြီး စမ်းချောင်းမှာလည်း ရော်ဘာပြားများ ခံလုပ်ထား၍ လိမ့်ကျသော်လည်း မနာပါ။ ထို့ပြင် ထိခိုက်ဒဏ်ရာရလျှင်လည်း ပြုစုကုသရန် သူနာပြုနှင့် ဆရာဝန်တစ်ဦးက အဆင့်သင့်ရှိပါသည်။ အစမ်းကျင့် အိုက်တင်လုပ်ရသည်မှာ မနာသော်လည်း နှာခေါင်းထဲရေဝင်၍ အခံရခက်၏။ ဒါရိုက်တာနှင့် ကင်မရာမင်းတို့ ကျေနပ်လောက်သောအခါ တကယ်ရိုက်ပါသည်။

မီးစိမ်းပြလိုက်သည်နှင့် မဟာမိတ် တိုက်လေယာဉ်များ အုပ်လိုက်

ပျံလာသံကြားရပြီး၊ ခေါင်းပေါ်ရောက်သောအခါ ဗုံးကြဲသံ၊ စက်သေနတ်သံများ တရစပ်ထွက်ပေါ်လာပါသည်။ စတူဒီယိုအတွင်း အသင့်ပြင်ထားသော နေရာများမှ ဗုံးပေါက်ကွဲပြီး မီးခိုးလုံးများထလာပါသည်။ စာရေးသူတို့ ဂျပန်စစ်သားများ အတုံးအရုံးလဲပြီး ကျောက်ဆောင်ပေါ်မှ စမ်းချောင်းထဲသို့ ထိုးကျသေကြေကုန်ကြ၏။ ကားရိုက်ချိန် အများဆုံး ၇ မိနစ်ခန့်ကြာသည်။ ကားရိုက်ပြီးသောအခါ မီးသတ်သမားများက မီးခိုးမီးတောက်များကို ငြိမ်းသတ်ကြ၏။ ဇာတ်ဆောင်သူများ ထိခိုက်ဒဏ်ရာရမှု ရှိမရှိ စစ်ဆေးပါသည်။ တစ်နာရီခန့် ရပ်နားပြီးနောက် ဒါရိုက်တာကြီးက...

"ဂျပန်စစ်သားတွေ ပြန်နိုင်ပြီ၊ မင်းတို့ နေ့လည်စာအတွက် ရေထဲလိမ့်ကျ သရုပ်ဆောင်သူငါးဦး တစ်ယောက် ၁၁ ပေါင်စီ ထုတ်ယူပါ"

စာရေးသူသည် ပက်တီဆီ ဝမ်းသာအားရ ပြေးသွားပြီး...

"ပက်တီရေ တို့အခန်းပြီးပြီ မောင်တော့ ၂ ဆ ရမှာ ရေထဲကျရလို့"

"ပက်တီတို့လည်း နေ့ဝက်ပြန်နိုင်တယ်"

"ဟာ ဒီလိုဆိုရင် ပက်တီမှာ အချိန်းမရှိဘူးဆိုရင် ဒီနေ့ကိုယ်တို့ လမ်းလျှောက်လည်ရအောင်ကွာ"

"တစ်နေရာရာကိုပေါ့"

"ပက်တီက နိုက်ကလပ်တွေ ဘာတွေကိုတော့ မသွားချင်ဘူး။ အောက်ဒိုး ထွက်ဖို့ကလည်း ချမ်းပါဘိနဲ့"

"ပစ်ချာသွားကြည့်ရအောင်လား"

"ဒါလည်း ကားဟောင်းတွေ ကြည့်ပြီးသားတွေပဲ"

"အချိန်ရှိသေးတယ်၊ စဉ်းစားပါဦး၊ သတင်းစာထဲ ဘာတွေထူးခြားသလဲ မသိဘူး"

ယင်းသို့ပြောရင်း လန်ဒန်တိုင်းသတင်းစာကို လှန်ကြည့်မိရာ...

"ပက်တီရေ မင်းရှေးဟောင်းတေးဂီတတွေ နားထောင်တတ်သလား"

"ဘာလဲမောင်"

"ရဟူဒီ၊ မနုဟန် (Yahudi Manuhan) ရဲ့ အော်ကတ်စတရာ (Orchestra) ဝိုင်းတော်ကြီးကို သွားနားထောင်ရအောင်လား"

"ပက်တီလည်း ဒါကိုပြောမလို့၊ မောင်နားထောင်တတ်ပါ့မလားလို့"

ကလပ်စိကယ်မျူးဇစ် (Classical Music) ဆိုသည်မှာ ဂန္ဓဝင်တေးဂီတများဖြစ်ပြီး လူငယ်ပိုင်းမှ နားထောင်တတ်သူရှားသည်။ စာရေးသူသည် ဘီလပ်ရောက်မှ ဘီဘီစီကလွှင့်သော ဂန္ဓဝင်တေးဂီတများနှင့် ရင်းနှီးကျွမ်းဝင်လာပြီး ဥရောပတေးဂီတပညာရှင်တို့အကြောင်း လေ့လာမိရာမှ နားလည်သလိုလိုရှိလာသည်။ ရဟူဒီမနုဟန်ကား ဂျူးလူမျိုးဖြစ်ပြီး ဂီတဝိုင်းတော်ကြီး ခေါင်းဆောင်အဖြစ် ကျော်ကြားနေသူဖြစ်၏။

"ပက်တီက ဘဲလေးကချောသည်ဖြစ်ဖို့ ကြိုးစားနေတော့ ကလပ်စိကယ်ကို နားထောင်တတ်မှာပေါ့။ ဒီညအတူ သွားနားထောင်တာပေါ့။ လက်မှတ် ဘွတ်ကင်လုပ်လိုက်မယ်။ လာကြိုမယ်နော်"

ထိုညနေတွင် စာရေးသူသည် ပေါင် ၂၀ တန် ညိုမှိုင်းမှိုင်း ဥရောပဝတ်စုံကို သပ်ရပ်စွာ ဝတ်ထားသည်။ ၁၉၅၇-၅၈ ခုလောက်က ပေါင် ၂၀ တန် ဝတ်စုံသည် အတော်အဆင့်အတန်း မြင့်မားသေးသည်။ လည်စည်းနီညိုရောင် ချော့ကလက်အစင်း၊ စတစ်ကော်လာ ဖြူဖြူတောင့်တောင့်၊ လက်ကိုင်ပုဝါဖြူ သုံးထောင့်ချိုးကို ကုတ်အင်္ကျီ အပေါ်အိတ်ထောင့်တွင် တစ်ဝက်ဖော်ပြီး ဆက်ဇုံဖိနပ်အနက် ဝတ်ဆင်ထားသည်။ ဆံပင်ကို ကြော့နေအောင်ဖီးပြီး၊ ဖဲထီးအနက်ကို ကျစ်လျစ်စွာလိပ်၍ လက်ကိုင်တုပ်ကဲ့သို့ ကိုင်ထားသည်။ အနွေးထည် အိုဗာကုတ်ကြီးကို အပေါ်က ထပ်ဝတ်လိုက်ပြန်ရာ အတော်ရှိုးကောင်းသွား၏။ ဤကား လန်ဒန်သား လူကြီးလူကောင်းတို့ ဝတ်လေ့ရှိသော ကွန်ဆာဗေးတစ် ဝတ်စားဟန်ဖြစ်၏။ ဆေးပြင်းလိပ်သို့မဟုတ် ဆေးတံခဲပြီး တော့ကက် (Top Cap) ဆောင်းလိုက်လျှင် လန်ဒန်အထက်တန်းလွှာဟန်အပြည့် ဖြစ်သွားပေမည်။ သို့သော် စာရေးသူမှာဆေးလိပ်မသောက်တတ်၊ ဦးထုပ်လည်း မဆောင်းတတ်ပါ။ ဇာတ်ဆောင်ခ ၁၂ ပေါင်ကို အိတ်ထဲထည့်ပြီး တက္ကစီငှားကာ ပက်တီအိမ်သို့ လာခဲ့ပါသည်။ ဘီလပ်တွင် အော်ပရာပြဇာတ်၊ ကွန်ဆပ်အော်ကတ်စတရာ စသော ပွဲကြီးများကား ဂုဏ်သရေရှိပွဲကြီးများ ဖြစ်သည်။ ဝတ်ကောင်းစားကောင်းလှနှင့် ရှိုးကျကျလာကြသည်။

ပက်တီသည် ဝတ်ကောင်းစားလှဝတ်ထားရာ ဒေါင်းမလေးလို ပျံနေသည်။ နီညိုရောင် ကတ္တီပါညနေဝတ်စုံ၊ ကြက်သွေးရောင် စပိတ်ရှောစောင်ရှေနှားကို ခြုံထားသည်။ လက်တွင် နိုင်လွန်းပိုး၊ ဇာလက်အိတ်ရှည်စွပ်ထား

ပြီး အလှကိုင်လက်ပွေ့အိတ်ကို ပိုက်ထားရာ တဖိတ်ဖိတ်တောက်နေ၏။ သူမသည် လည်တိုင်ဖြူဖြူဖွေးဖွေးတွင် ငွေဥပုလဲသွယ်သုံးသွယ် ဆင့်ဆွဲထားရာ သူမ၏ သွားကလေးများနှင့် အလှချင်းပြိုင်နေကြ၏။ ရင်တွင် နှင်းဆီဖြူအငုံတစ်ငုံကို ထိုးထားရာ ကတ္တီပါအနီနှင့် အလွန်လိုက်ဖက်၏။ နှုတ်ခမ်းဆေးရောင်နှင့် အင်္ကျီအရောင်ညီနေခြင်းကိုလည်း သတိပြုမိလိုက်ပါသည်။ တက္ကစီ ထိုးရပ်လိုက်သည်နှင့် ပက်တီလည်း တံခါးဝမှ ပြူထွက်လာသည်။ အင်္ဂလိပ်လူမျိုးတို့ကား အချိန်ကို အလွန်လေးစားကြသည်။ တက္ကစီတံခါးဖွင့်ပြီး လက်လှမ်းကာကြိုရင်း စာရေးသူက နှုတ်ဆက်ပါသည်။ သူမ၏ တောက်ပသော မျက်လုံးပြာတစ်စုံက စာရေးသူ၏ ဝတ်စားဆင်ယင်မှုကို ခြုံငုံသုံးသပ်လိုက်သည်။

"ပက်တီ မင်းဝတ်စားတာ ယဉ်ယဉ်ကလေးနဲ့ လှတယ်"

"မောင်လည်း သိပ်စမတ်ကျတာပဲ"

"သင့်ခရု"

ကားအထွက် အိမ်တံခါးမှ မျက်နှာတစ်ခုပေါ်လာပြီး ပက်တီကို လက်ဝှေ့ယမ်းပြရင်း...

"ဘိုင်ဘိုင်၊ ပျော်စရာကကောင်းတဲ့အချိန် ဖြစ်ပါစေကွယ်" နှုတ်ဆက်သံ ကြားရ၏။ တက္ကစီသည် ရွိုင်ရယ်ဖက်စတယ်ဗယ်ဟောကြီး (Royal Festival Hall) သို့ မောင်းနေသည်။

ပက်တီ၏ ရူပါရုံနှင့် သူမထံမှ ဆွတ်ပျံ့လာသော ရေမွှေး၊ ပေါင်ဒါဂန္ဓာရုံတို့တွင် မိန်းမောနေမိသော စာရေးသူအဖို့ ဇာတ်ထုပ်ရိုက်နေသလား။ အိမ်မက်မက်နေသလား ဝေခွဲမရတော့ပါ။

ရွိုင်ရယ် ဖက်စတယ်ဗယ်ပြဇာတ်ရုံကြီး၏ ပေါ်တီကို အောက်သို့ တက္ကစီ ထိုးရပ်လိုက်တော့မှ စာရေးသူသည် အတွေးနယ်မှ လန့်နိုးလာသည်။ လမ်းခရီးတစ်လျှောက် ပက်တီနှင့် လက်ထပ်ပြီး၍ ကလော၊ တောင်ကြီးဘက်သို့ ပျားရည်ဆမ်းခရီး ထွက်နေသည်ဟု စိတ်ကူးအိမ်မက် မက်နေမိပါသည်။ သပ်ရပ်သောယူနီဖောင်း ဝတ်ထားသောဂိတ်စောင့်က ရိုသေစွာ ကားတံခါးလာဖွင့်ပေးရာ စာရေးသူက အလျင်ဆင်းပြီး ပက်တီကို လက်ကမ်းပေးသည်။ ပက်တီသည် လက်ကိုလှမ်းပြီး တက္ကစီမှ ထွက်လာသည်။ စာရေးသူသည်

အသင့်ပြင်ထားသော ဆယ်သျှီလင်တန်ငွေစက္ကူကို တက္ကစီသမားအားပေးပြီး (Keep the change) ပြန်မအမ်းနဲ့တော့ဟု ရှိုးထုတ်၍ ပြောလိုက်မိသည်။ မီတာအရ ကျသင့်ငွေမှာ ၅ သျှီလင်ဖြစ်သည်။ 'တစ်' ပေးရန် တစ်သျှီလင်နှင့် ပေါင်းလျှင် ၆ သျှီလင် ပေးလျှင်ပြီးသည်။ သို့သော် လက်ထဲ ငွေရွှင်နေသည်ကတစ်ကြောင်း လှပျိုဖြူကို ဒိတ်ထုတ်လာရ၍ ကြည်လင်နေသည် တစ်ကြောင်းတို့ကြောင့် ထိုမျှရက်ရောလိုက်ခြင်းဖြစ်သည်။ တက္ကစီသမားသည် အလွန်ကျေးဇူးတင်စွာဖြင့် (Have a nice time sir) ပျော်စရာကောင်းတဲ့အချိန်ဖြစ်ပါစေဟု ဆုတောင်းနှုတ်ဆက်ပြီး ထွက်သွားပါသည်။

ဂိတ်စောင့်က စာရေးသူတို့အတွက် ပထမတန်းဂိတ်ပေါက်သို့ လိုက်ပို့ပါသည်။ ရုံအတွင်းသို့အရောက် လက်မှတ်သိမ်းအဖြူမလေးက လက်မှတ်ပေါ်ရှိ ခုံအမှတ်ကိုကြည့်ပြီး ထိုင်ခုံနေရာသို့ အရောက်ပို့ပါသည်။ အလယ်ကျကျတွင် ကတ္တီပါအနီ ရွေနားကွပ် ဆိုဖာခုံ ၂ ခုတွင် ဝင်ထိုင်ကြပါသည်။ စာရေးသူတို့အတွက် ဝင်လာသောအခါ ခုံတန်းတစ်ဝိုက်ရှိ ရွှေပွဲလာတို့က အဓိပ္ပာယ်အမျိုးမျိုးကောက်သော မျက်လုံးများနှင့် စာရေးသူတို့အား ကြည့်ကြ၏။ ပြဇာတ်ရုံကြီးကား ကြီးကျယ်ခမ်းနားလှပါဘိ။ ဝိတိုရိယဘုရင်မကြီးက သူ့ကြင်ရာမြောက်သား မင်းသားကြီးအယ်ဘတ်ကို လွမ်းဆွတ်အောက်မေ့သောအားဖြင့် ဆောက်သောရုံကြီးဖြစ်သည်။ ဝိတိရိယဘုရင်မ လက်ထက်သည်ကား ဗြိတိသျှအင်ပါယာကြီး ဘုန်းမီးနေလ တောက်ပချိန်ဖြစ်သည်။ ထို့ကြောင့် ပြဇာတ်ရုံကြီးကို ခြံကြည့်လျှင် ဗြိတိသျှတို့ ရွှေထီးဆောင်းခဲ့ရသောခေတ်ကို သရုပ်ဖော်နေသလိုရှိသည်။

"မောင် ဒီနေရာရအောင် လက်မှတ်ဝယ်နိုင်တာ အံ့သြမိတယ်။ ဒီနေရာတွေက သားစဉ်မြေးဆက် အပြီးအပိုင်ဝယ်ထားတဲ့နေရာတွေ။ အပြင်လူအတွက် မဟုတ်ဘူး"

ပြဇာတ်ရုံကြီးဆောက်စဉ်က ရန်ပုံငွေလိုသဖြင့် ခုံနေရာများကိုသားစဉ်မြေးဆက်ပိုင်ဆိုင်ခွင့်ပေးပြီး လေလံတင်ရောင်းချလာခဲ့ပါသည်။ ဝယ်ထားသူသည် ရုံကြီးဌာပြထားသော မည်သည့်ပွဲမဆို အချိန်မရွေး လာကြည့်နိုင်သည်။ မကြည့်လိုသောအခါ တစ်ဆင့်ပြန်ရောင်းနိုင်သည်။ ဘိုးစိန်၊ ရွှေမန်း၊ စိန်အောင်မင်းစသော ရုံပွဲ ဇာတ်ပွဲများတွင် ဖျာနေရာများကို ပွဲစဉ်အားလုံး

အတွက် မူပိုင်ဝယ်ထားကြသကဲ့သို့ပင် ဖြစ်သည်။ စာရေးသူတို့၏ လင်းလေဒီသည် သူမဘကြီးဘက်က အမွေရထားသော ပထမတန်းခုံ ၄ နေရာ ရှိရာ၊ သူမထံမှ ၂ နေရာကို တစ်ဆင့် ဝယ်ခဲ့ခြင်းဖြစ်သည်။ ခုံပိုင်ရှင်များသည် ထိုအတန်းတွင် အကြည့်များသဖြင့် စာရေးသူတို့ အတွဲကို ခုံနီးချင်းရွေ့ပွဲလာတို့ အထင်ကြီးနေကြသည်။ ပက်တီကလည်း ယင်းနှစ်နေရာကိုရအောင် ဘယ်လိုယူခဲ့ကြောင်း သိလိုဟန်တူသည်။

"မောင် လန်ဒန်အကြောင်း၊ အင်္ဂလိပ်အထက်တန်းလွှာတွေအကြောင်း အတော်အတန်တီးခေါက်မိတယ်"

ဤအဖြေကို ပက်တီနားလည်သွားဟန်တူသည်။ ထပ်မမေးတော့ပါ။

ကတ္တီပါ ကားလိပ်နီကြီးကား မီးရောင်တွင် ထည်ဝါလှသည်။ မျက်နှာကြက်ဆီမှ 'ချန်ဒါ လယား' ခေါ် မီးပန်းခိုင်ကြီးမား သွယ်ကျနေသည်။ နံရံတွင်ကပ်ထားသော မီးပွင့်ကလေးများသည် မှုန်ပျပျဖြစ်နေသည်။ ၇ နာရီတိတိအချိန်တွင် ဝိုင်းတော်ကြီးစပါသည်။ မီးစိမ်းပြလိုက်သည်နှင့် အထက်သို့ ကားလိုက်ကြီးသည် လှိုင်းဂယက်ကလေးများ တက်သွားသလို၊ အထက်သို့ လိပ်ခွေတက်သွားရာ လူတစ်ရာခန့်ပါဝင်သော ဝိုင်းတော်ကြီး ပေါ်လာပါသည်။ တူညီဝတ်စုံများ 'သပ်ရပ်စွာဝတ်ထားသော တူရိယာသမားများသည် ကြိုးတပ်တူရိယာ၊ လေမှုတ်တူရိယာ၊ တီးခတ်ရန် တူရိယာမျိုးစုံကို ကိုင်ဆောင်ကာ အသင့်ရှိနေကြသည်။ အော်ဂင်နှင့် သံပတ္တလားရှည်ကြီးများကိုလည်း တွေ့ရ၏။ ဇာတ်ခုံကျောဘက်နံရံ သုံးဖက်စလုံးတွင် ကြေးနီ။ နီကယ်၊ သတ္တုများနှင့် လုပ်ထားသော အသံထိန်းပိုက်လုံးကြီးများကို စနစ်တကျ တပ်ဆင်ထားသည်။ ဂီတသင်္ကေတ စာအုပ်ငယ်များတင်သော သုံးချောင်းထောက်များလည်း နေရာတကျရှိ၏။ ဝိုင်းတော်ကြီးခေါင်းဆောင်သော ရဟူဒီမနုဟန်သည် ရုပ်အင်္ကျီအဖြူနှင့် အနက်ဝတ်စုံဝတ်ထားပြီး ညာဘက်တွင် တုတ်တံအနက်တစ်ချောင်း ကိုင်ထားသည်။ မိနစ်ဝက်ခန့်ငြိမ်နေပြီး ပရိသတ်ဘက်သို့ လှည့်ကာ ဦးညွှတ်အလေးပြုပြီး ဝိုင်းတော်ကြီးဘက်သို့ မျက်နှာမူလိုက်သည်။ သူ့တုတ်တံကို ဟန်ပါပါ မြှောက်လိုက်သည်နှင့် "ဂေါ့ဆေးသယ်ကွင်း" (God save the Queen) ဗြိတိသျှ အမျိုးသား သီချင်းကို စတီးပါတော့သည်။ ပရိသတ်အားလုံး ညီညာစွာ မတ်တပ်ရပ် အလေးပြုကြ၏။

အလေးပြုသိချင်းပြီးသည်နှင့် "ရက်ပါးတွား (Repertoire) ခေါ်ပေးထားသော အစီအစဉ်စာရွက်ပါအတိုင်း တေးကြီးများကို တီးမှုတ်ပါတော့သည်။ အင်္ဂလိပ်တို့ကား အချိန်ကိုအလွန်လေးစားကြသည်။ မြန်မာဇာတ်သဘင်ပွဲလမ်းများကဲ့သို့ အချိန်ဆွဲခြင်း၊ လေပြေထိုးခြင်း၊ ဆာရားတွေ့ညှပ်သွင်းခြင်း၊ လေပေါခြင်းမရှိ။ ပရိသတ်ကို အလွန်လေးစားသည်။ ပထမပိုင်း အစီအစဉ်တွင် ဂျာမန်ဂီတပညာရှင်ကြီး၏ တေးကြီးများအနက်မှ ခပ်မြူးမြူးတေးများကို တီးပါသည်။ ထိန်ထိန်လင်းနေသောမီးများ တဖြည်းဖြည်းမှိန်၍ ပျောက်သွားပြီး ဝိုးတိုးဝါးတားမြင်ရရုံ အလင်းရောင်သာ ကျန်ရစ်၏။ ဇာတ်ခုံကြီးတစ်ခုလုံးတွင်ကား မီးဆလိုက်များသာလျှင် ကစားနေပါသည်။ တူရိယာသမားတို့ကိုသာ မီးမောင်းထိုးနေသည်။ ရဟူဒီမနုဟန်၏ ဂီတသင်္ကေတပြသော လက်နှင့်တုတ်တံတို့၏ လှုပ်ရှားမှုကိုကြည့်ပြီး တေးဂီတသည် မြန်ချည်၊ နိမ့်ချည်၊ တက်ချည်၊ ကျချည်၊ တိုးချည်၊ ကျယ်ချည်ဖြစ်နေရာ သောတရှင်တို့သည် ထေးဂီတလှိုင်းယာဉ်ကြောတွင် မျောပါနေ ကြလေပြီ။ စိတ်ကူးယဉ်နေမိသူများအဖို့ အိပ်မက်ကမ္ဘာထဲသို့ ရောက်သွားကြလေပြီ။

ပက်တီသည် ဂီတလှိုင်းဂယက်ကို ယီးလေးခိုစီးရင်း စာရေးသူဘက်သို့ကိုင်းညွှတ်လာပါသည်။ ကော့ပျံနေသော သူမ မျက်တောင်များသည် ငြိမ့်ညောင်းသော တယောသံနှင့်အတူ စင်း၍လာသည်။ ငွေဥပုလဲသွယ်ရစ်ပတ်ထားသော သူမလည်တိုင် ဖြူဖွေးဖွေးမှာလည်း စာရေးသူဘက်သို့ကိုင်းညွှတ်လာရာ၊ စာရေးသူက ညာပခုံးနှင့် ကျားကန်ပေးရင်းက စာရေးသူ၏ပခုံးပေါ်သို့ သူမခေါင်းတင်မိလျက်သား ဖြစ်သွား၏။

စာရေးသူတို့နှစ်ဦး စိတ်ကူးမည်မျှ လွင့်နေသည်မသိ။ ပထမပိုင်းတေးများပြီးသွားသဖြင့် ၁၅ မိနစ် အားလပ်ချိန်ပေးရန် မီးများ ပြန်ထိန်လာဆော့မှ ပက်တီသည် ခေါင်းကပျာကယာ ထူလိုက်ကာ နေရာပြင်ထိုင်လိုက်၏။ အားလပ်ချိန်တွင် ခြေဆန့်လက်ဆန့်လုပ်ရန် လောင့်ချ်ခေါ်အခန်း၊ အပေါ့အပါးသွားရန် အိမ်သာ၊ စားသောက်ခန်း၊ အရက်ဘားများရှိသည်။ ပက်တီသည် ဆလွန်းခန်း ခေတ္တဝင်ပြီး အလှအပပြင်ကာ ပြန်ထွက်လာသည်။

"ပက်ရေ... ဘာသောက်မလဲ ဝိုင်လား၊ ရှန်ပိန်လား၊ ဘာစားချင်သလဲ"

အရက်ဘားဘက်သို့ မေးငေါ့၍ မေးလိုက်မိပါသည်။

"အို... ပက်အရက် လုံးဝမသောက်ဘူး။ မောင်သောက်ရင်တော့ လိုက်ခဲ့မယ်။ ပက် လိမ္မော်ရည်ပဲသောက်မယ်"

"တကယ် မသောက်ဘူးလား၊ မောင်လည်း သောက်တယ်တော့ မဟုတ်ပါဘူး။ လူမှုရေးအရသောက်တာ၊ (Social drick) ပါ။ အနောက်တိုင်းသားတွေဆိုရင် သောက်ကြတာချည်းလို့ မောင်ထင်မိတယ်"

"ဘယ်ဟုတ်မလဲမောင်၊ အနောက်တိုင်းသားတွေထဲမှာ အရက်လုံးဝမသောက်သူတွေ၊ အသား လုံးဝမစားသူတွေ ရှိပါသေးတယ်။ ပက်ရဲ့ မိဘများက ဘာသာရေးကိုင်းရှိုင်းတဲ့ ကွေကားခရစ်ယာန်ဂိုဏ်းဝင်တွေပဲ။ အရက်၊ ဆေးလိပ်လုံးဝကင်းတယ်။ ဒက်ဒီဆိုရင် သက်သက်လွတ်သမားကြီး (Vegetarian) ပက်ကလည်း ဘဲလေးကချေသည်မ ဖြစ်ဖို့ကြိုးစားနေတော့ဆေးလိပ်၊ အရက်သေစာတွေရှောင်ရတဲ့အပြင် အသားငါး အဆီအဆိမ်တွေကို အတတ်နိုင်ဆုံး ရှောင်ရတယ်။ ဒါမှ ဘော်ဒီဖိဂါ (ခန္ဓာကိုယ်) အလှ မပျက်မှာပေါ့"

"ဟယ်... တယ်ဟုတ်ပါလား၊ မောင်တော့ တော်တော် အံ့သြတယ်ကွာ၊ ဒီလိုဆိုရင် ဒီဘားထဲသွားလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ အရက်ဘားထဲမှာ အရက်မဟုတ်တဲ့ သောက်စရာတွေ ရှိသားပဲ၊ ဒီအထဲရောက်ရင် အရက်သာသောက်ရမယ်လို့ ဥပဒေမရှိပါဘူး"

နှစ်ယောက်သား ဝင်ထိုင်မိသည်နှင့် ပက်တီက လိမ္မော်ရည်နှစ်ခွက်နှင့် ကြက်သားညှပ်ဆင်းဒဝိတ်ချိုများ မှာလိုက်၏။ အရက်ဘားတွင် သောက်တတ်သူများအုံနေပြီး မသောက်တတ်သူများသည် လက်ဖက်ရည်၊ ကော်ဖီ၊ နို့အေး၊ လိမ္မော်ရည်များကို သောက်နေကြသည်ကို တွေ့ရ၏။

"ပက်ကို မောင်တွေ့ရတာ အတော်ထူးဆန်းတာပဲ၊ ဗုဒ္ဓဘာသာဝင်မိန်းကလေးတစ်ယောက်လိုပဲ၊ ပက် ဗုဒ္ဓဘာသာတရားအကြောင်း ဖတ်ဖူးကြားဖူးသလား"

"ဟင့်အင်း၊ မကြားဖူးပါဘူး၊ ပက်ကိုယ့်ဇာတိရွာကလွဲလို့ လန်ဒန်သာ ရောက်ဖူးတယ်။ အရှေ့တိုင်းနိုင်ငံတွေဆိုတာ အိပ်မက်တောင် မမက်မိဘူး"

"အို... ဗုဒ္ဓဘာသာတရားနာဖို့ အရှေ့တိုင်းရောက်ဖို့ မလိုပါဘူး။ လန်ဒန်မှာပဲ နာနိုင်တယ်။ 'ဗုဒ္ဓဟာရ' ဆိုတဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်း လန်ဒန်မှာ ရှိတယ်။ အားတဲ့တစ်နေ့ မောင်နဲ့ လိုက်လည်ပါလား"

"ဘာလဲမောင်က ပက်ကို ဗုဒ္ဓဘာသာဝင်ဖြစ်အောင် လုပ်မလိုလား"

"မဟုတ်ပါဘူး၊ အပျင်းပြေလည်ရင်း ဗဟုသုတဖြစ်စေချင်လို့ပါ"

ပက်နှင့်စာရေးသူတို့ အချီအချ စကားပြောနေစဉ် အနားရှိ လူကုံထံများက မသိမသာခိုးကြည့်ကြရင်း အဓိပ္ပာယ်အမျိုးမျိုးကောက်နေကြဟန်တူသည်။ မကြာမီ အားလပ်ချိန်စေ့၍ ဒုတိယပိုင်း အစီအစဉ်စရန် အချက်ပေးခေါင်းလောင်းသံထွက်လာသဖြင့် ရုံတွင်းဝင်ခဲ့ကြ၏။ ဒုတိယပိုင်း အစီအစဉ်တွင် မိုးဇက်ဘေးသိုဘင်တို့၏ နက်နဲညက်ညောသော တေးကြီးများနှင့် ဖျော်ဖြေပါသည်။ တေးသံက နက်နဲလာကြ၏။ အားလပ်ချိန်က သောက်ထားသော ရှန်ပိန်နှင့် အခြားယမကာမျိုးစုံတို့၏ အာနိသင်ကြောင့် သူတို့သည် ဂီတလှိုင်းပေါ်သို့ ငြိမ့်ညောင်းစွာမျောရင်း စိတ်ကူးကမ္ဘာဆီသို့ လွင့်ပါးနေကြလေပြီ။ ဝိုင်းတော်ကြီးကလည်း အစွမ်းကုန်လက်စွမ်းပြကြ၏။ အထူးသဖြင့် တယောသမားတို့သည် ညှင်းညှင်းသွဲ့သွဲ့မှသည် တစ်ဟုန်ထိုးမြင့်တက်လာလိုက်၊ တဖြည်းဖြည်း လိမ့်ဆင်းသွားလိုက်နှင့် လေနုအေးမှ လေနီကြမ်းတိုက်လာသံ၊ လှိုင်းကြက်ခွပ် ဒီလှိုင်းကြီးဖြစ်လာသံ၊ ပျားပိတုန်းတို့ အုပ်လိုက်ပျံလာသံ၊ အမျိုးမျိုးထင်ရအောင် အသံအတက်အကျ၊ အတိုးအဆုတ်လုပ်၍ ထိုးကြ၏။

ပက်တီ၏ လည်တိုင်ဖြူကလေးသည် အပူရှိန်မိသော ဖယောင်းတိုင်ကဲ့သို့ ပျော့ခွေလာပြီး စာရေးသူပခုံးပေါ်သို့ တင်လာသည်။ သူ့ခေါင်းနှင့် မျက်နှာမှဂန္ဓာရုံသည် နှာဝသို့ ထုံသင်းလာသည်။ သူမ မျက်တောင်ကော့ကလေးများ စင်းလေးနေလေပြီ။ ဇာတ်ရုံကြီးများတစ်ခုလုံး ပိုးစုန်းကြူးအရောင် လောက်သာရှိသော မီးလုံးကလေးများကသာ အလင်းရောင်ပေးနေရာ၊ မထင်မရှား ဝိုးတိုးဝါးတားဖြစ်နေ၏။ မောင်နှံစုံအတွဲများအဖို့ အခွင့်ကောင်းတစ်ခုပေတကား။

ထိုအခြေအနေမျိုးတွင် စာရေးသူနှင့် ပက်တီတို့ မည်သို့ခရီးပေါက်နေကြပြီကို စာရှုသူတို့ သိလိုကြပေမည်။ ပက်တီမှာ ရှေ့နောက်ဆင်ခြင်တတ်သည့် မိန်းကလေးဖြစ်ပြီး စာရေးသူမှာလည်း အဖြူမနှင့်ရသော ပညာ

တော်သင်တို့၏အဖြစ်ကို ကိုယ်တွေ့မျက်မြင်ရှိနေ၍ ထိန်းထိန်းသိမ်းသိမ်း နေခဲ့ကြပါသည်။

ဤသို့ဘဝတစ်ကွေ့မှာ ခဏတွေ့သည့် အဖြစ်အပျက်များကို လေးလေးနက်နက်ထား၍ မဖြစ်ပေ။ စာရေးသူတို့ ပညာသင်ကျောင်းများသည် တိုင်းပြည်ငွေဖြင့် နိုင်ငံခြားသို့ ပညာဆည်းပူးရန် ရောက်နေသည်ကို မျက်ခြည်ပြတ်၍ မဖြစ်ပါ။ စာရေးသူ၏ သူငယ်ချင်းနှစ်ဦး၊ သုံးဦးမှာ အဖြူမလေးတွေ၏ စက်ကွင်းမိသွား၍ သားတွဲလောင်း၊ မယားတွဲလောင်းနှင့် ပညာသင်ထောက်ပံ့ကြေးလည်း ရပ်ဆိုင်း၊ မြန်မာပြည်က သူတို့မိဘတွေကလည်း လျော်ကြေးပေးရသည်။ သည်အထဲ ပညာတစ်ပိုင်းတစ်စနှင့် ဘီလပ်မှာ သောင်တင်နေရာ အလုပ်ကလည်း မည်မည်ရရ မရှိပေ။ မြန်မာပြည်ဆိုလျှင် အလုပ်မရှိသေးခင် မိဘဆွေမျိုးအိမ် ကပ်စားနေနိုင်သေးသည်။ သူတို့ဆီမှာ ကိုယ့်ဝမ်းကိုယ်ကျောင်း၊ ကိုယ်ထူကိုယ်ထဖြစ်၍ လင်မယားချင်းပင်ဖြစ်စေ၊ ကိုယ်လည်း ကိုယ့်စရိတ်၊ သူလည်း သူ့စရိတ်နှင့် သားသမီးလူပို့၊ အပို့ပေါက်ဖြစ်လာလျှင် တောက်တိုမည်ရ အလုပ်လုပ်ပြီး ဝင်ငွေရှာကြရသည်။

သူငယ်ချင်း မောင်... ဆိုလျှင် သားကလေးတစ်ယောက်လည်းရရော မိန်းမက နောက်ယောကျ်ားယူသွားသည်။ နောက်ဆုံးသားကလေးနှင့် မြန်မာပြည် ပြန်လာရပြီး မိဘပေးစားသည့် မြန်မာမိန်းကလေးပင် ပြန်ယူရတော့သည်။ နောက်သူငယ်ချင်းကမူ အဖြူမကို မြန်မာပြည်ခေါ်လာသည်။ မြန်မာပတ်ဝန်းကျင်ရာသီဥတုနှင့် ဝင်မဆန့်၍ လင်မယားနှစ်ယောက်စလုံး စိတ်ဆင်းရဲကြရသည်။

ထိုသို့ မျက်မြင်ကိုယ်တွေ့ဖြစ်၍ စာရေးသူမှာ ထိုဒုက္ခမျိုးမတွေ့တောင် သတိထားခဲ့ပါသည်။ ပက်တီကလည်း ဘဲလေးကချေသည်ဖြစ်ဖို့ ရည်ရွယ်ချက်ရှိသည့်အပြင် သူတို့တီးဝိုင်းက တယောဆရာကလေး သူ့ကိုချစ်ရေးဆိုထားသည်။ သူကလည်း ဘဝကြောင်ဖော်အဖြစ် ရွေးရမလားဟု စဉ်းစားဆဲပင်။ စာရေးသူကကြားဝင်ပြီး ဗီလိန် (Villain) လူကြမ်းအေးကြူ မလုပ်လိုတော့ပါ။ ထိုကြောင့် ခြောက်လလောက် ဆက်သွယ်နေကြပြီး၊ နှစ်ဦးသဘောတူ လမ်းခွဲလိုက်ကြပါသည်။ စာရေးသူ ဘီလပ်ရုပ်ရှင်နယ်ထဲ ဆက်ကျင်လည်နေသော်လည်း ပက်တီကိုမူ မတွေ့တော့ပါ။

သည့်နောက် "Never so few နှင့် The world of Suize Wong" နောက်တစ်ကားကတော့ ရုပ်မြင်သံကြား ဇာတ်လမ်းကလေးပါ။ နာမည်တော့ မေ့နေပြီ။ စူဇီဝေါင်းကားမှာတော့ ဟောင်ကောင်ဟိုတယ်က 'ကြက်ပွဲစား' အခန်းက ပါခွင့်ပြုသည်။ သို့ပေမယ့် အိုက်တင်လုပ်ရမှာက သဘော်သား တွေကို ဟိုတယ်ကမွေးထားသော တရုတ်မ 'ကြက်'ကလေးတွေနှင့် ဆက် သွယ်ပေးရသည့် အခန်းကဖြစ်၍ ရုက်မိသည်။ ရုပ်ဖျက်ထားပေးမည့် ဤကား ပြတိုင်း စာရေးသူကတော့ စိတ်လုံမှာ မဟုတ်ပေ။ ထို့ပြင် ကားရိုက်ပြီးသည် အထိ စာချုပ်နှင့် လုပ်ရမည်ဖြစ်ရာ စာရေးသူလည်း ဘွဲ့ရခါနီးမို့ မြန်မာပြည် လွမ်းလှပြီ ဘီလပ်မှာ ကြာကြာမနေချင်ပေ။ ထို့ကြောင့် စားပွဲထိုး အခန်းကပင် ပါခဲ့ပါသည်။

❐

လန်ဒန်ရောက် တောသူကြီးကျွန်တော်

စာရေးသူသည် ယာဉ်ကြိုစီး ခရီးကိုနှင် ဥရောပတစ်ခွင်မှ လန်ဒန်သို့ ပြန်ရောက်လာပြီးနောက် အခန်းခဈေးနှုန်းများ တက်လာသောကြောင့် လန်ဒန်မြို့လယ် ရပ်ကွက်များတွင် မနေနိုင်တော့ဘဲ ဈေးပေါသောအရပ်များသို့ တဖြည်းဖြည်းပြောင်းရွေ့လာခဲ့ရာ လန်ဒန်ဆင်ခြေဖုံး အရပ်များသို့ပင် ရောက်လာသည်။

ဟမ်းစတတ် (Hampstead) နယ်မြေ၊ ဘလ်ဆိုက် (Belsize)အရပ် ဈေးပေါသောအိမ်သို့ ပြောင်းခဲ့ရပါသည်။ ထိုအိမ်တွင် ကြီးကြပ်သူ (House Keeper) မရှိပါ။ အိမ်ရှင် (Landlord) မစ္စတာကလပ် (Mr. Clark) သည် နှစ်အိမ်ခြာတွင်နေသဖြင့် သူကိုယ်တိုင်ကြီးကြပ်နေသည်။ သို့သော် နေ့စဉ် အတိုအထွာကိစ္စကိုမူ ယင်းအိမ်ကြီးဌ အနေကြာသော မစ္စစ်ဖောက်စ် (Mrs . FOX) ခေါ် ရုရှားအဘွားကြီးက ဆောင်ရွက်ပေးနေသည်။ သူမသည် ဒေါ်စပ်စုကြီးဖြစ်၍ အရာခပ်သိမ်းပါချင်၊ ပြောချင်သည်၊ စွာလည်းစွာသည်။ မြှောက်ပင့်ပြောပါက အနစ်နာခံ၍ လုပ်ကိုင်ပေးတတ်သည်။ တစ်အိမ်လုံးက သူမကို ဆရာတင်ထားကြသည်။ အိမ်ရှင် မစ္စတာကလပ်ကလည်း လခမပေးရဘဲ အိမ်ကြီးကြပ်သူတစ်ယောက်ရသဖြင့် ကျေနပ်နေဟန်တူသည်။

ကျောင်းမှ ပြန်လာသော တစ်ညနေတွင် စာရေးသူအခန်းကို အဘွားကြီး တံခါးလာခေါက်ပြီး...

"စိန့်ဂျိုင်းလမ်းက မဒမ်စိန်ဆိုသူက မင်းကို ဖုန်းဆက်နေတာ ခဏခဏပဲ၊ သူ့ဆီ ပြန်ဆက်ပါတဲ့၊ ဖုန်းနံပါတ်က စာရွက်မှာ ငါရေးမှတ်ပေးထား

ဘယ်... ဒီကောင်လေး ဒီအိမ်ရောက်တာ မကြာသေးဘူး၊ ဟိုဖုန်းလာ ဒီဖုန်းလာနဲ့"

"အထင်မလွဲပါနဲ့ ဒေါ်ဒေါ်ရယ်၊ ရုပ်ရှင်ဇာတ်ကောင်များ စုဆောင်းရေးဌာနက ဆက်တာပါ"

သူမပေးသော ဖုန်းနံပါတ်ကို ကောက်ဆက်လိုက်သောအခါ မဒမ်စိန်နှင့် တွေ့ပါသည်။ မဒမ်စိန်ကား စာဖတ်သူတို့သိပြီး ဖြစ်ပါလိမ့်မည်။ စိန်ဂျိုင်းလမ်းတွင် မြန်မာထမင်းဆိုင်ဖွင့်ထားပြီး (Oriental Casting Agency) ခေါ် အရှေ့တိုင်း ရုပ်ရှင်ပြဇာတ်သရုပ်ဆောင်များ စုဆောင်းပေးရေးဌာနကိုလည်း တည်ထောင်ထားသော မြန်မာအမျိုးသမီးကြီး ဒေါ်မြစိန်ဖြစ်ပါသည်။

"မင်းလည်း ပျောက်နေလိုက်တာ အိတလိက ပြန်လာပါ့မလားလို့။ မင်းသွားနေတုန်း အလုပ်တွေလာလိုက်တာကွာ ဒါနဲ့ မင်းဘုန်းကြီး လုပ်နိုင်မလား"

"အန်တီက သင်္ကန်းဘယ်ကရမလဲ"

"ဒါကတော့ ကြံဖန်ရတာပေါ့။ ဒီလိုကွယ့် ဂျွန်ဘူးလ်မဂ္ဂဇင်း (John Bull Magazine) က ဖုန်းဆက်တယ်။ ဝတ္ထုဇာတ်လမ်းတစ်ခုအတွက် မြန်မာဘုန်းကြီးတစ်ပါးနဲ့ တောသူကြီးတစ်ယောက်၊ သရုပ်ဆောင်နိုင်သူ မြန်မာနှစ်ဦး အရှာခိုင်းတယ်။ မင်းသူငယ်ချင်းတစ်ယောက်ခေါ်လာပြီး ငါပေးမယ့် လိပ်စာကို ဆက်သွယ်ကြည့်ပါ။ မင်းတို့ နှစ်ယောက်လာမပ့်လို့ ငါ ပြောထားလိုက်မယ်"

မဒမ်စိန်ပေးသော လိပ်စာဆီသို့ စာရေးသူနှင့် ကိုကျော်မြင့်တို့ သွားကြပါသည်။ စာရေးသူသည် သင်္ကန်းရုံနည်းကိုမေ့နေပြီး ဆံပင်လည်းရှည်နေသောကြောင့် ကိုကျော်မြင့်မှာ ဆံပင်တိုနေပြီ သင်္ကန်းရုံနည်းကို ပို၍မှတ်မိသဖြင့် သူသည်ပင် ဘုန်းကြီးလုပ်မည်ဟု သဘောတူပါသည်။ မြန်မာဝတ်စုံတစ်စုံ၊ ညှပ်ဖိနပ်တစ်ရံကို လွယ်အိတ်တွင် ထည့်ယူလာခဲ့ပါသည်။ ရပ်ဆယ် စကွဲယား (Russelle Square) ခြောက်ထပ်တိုက်ကြီး၏ စတုတ္ထထပ်သို့ ဆိုက်ရောက်သွားကြပါသည်။ တံခါးဝတွင် ဘိုမချောချောလေးတစ်ယောက်က စာရေးသူတို့ကို ခပ်ပြုံးပြုံးမျက်နှာနှင့် ဆီးကြိုနေသည်။

အချင်းချင်း မိတ်ဆက်ကြပြီးနောက် သူသည် စာရေးသူတို့နှစ်ဦးကို မန်နေဂျာကြီးထံသို့ ခေါ်သွားပါသည်။ ထိပ်ပြောင်ပြောင် မျက်မှန်ထူထူ တပ်ထားပြီး တုတ်ခိုင်ခိုင် အင်္ကျီပိုကြီးသည် မျက်မှန်ကိုင်းကို ကျော်ပြီး စာရေးသူတို့နှစ်ဦးကို အကဲခတ် လှမ်းကြည့်၏။

"သရုပ်ဆောင်ကြမယ့် လူငယ်နှစ်ဦးမှတ်တယ်၊ အလျင်တုန်းက သရုပ်ဆောင်တို့၊ ကြော်ငြာတို့မှာ အတွေ့အကြုံရှိဖူးသလား:"

"ရှိဖူးပါတယ်ခင်ဗျာ၊ ကျွန်တော်ဆိုရင် ရုပ်ရှင်မှာရော၊ (T.V) တယ်လီဗစ်ရှင်းရော ဇာတ်ရံအဖြစ်ပါဖူးတယ်။ (Yesterday's enemy) (Never so few) ဆိုတဲ့ ဇာတ်ထုတ်တွေမှာလေ၊ မစ္စတာမြင့်ဆိုရင် ဆေးကြော်ငြာ၊ သွားတိုက်ဆေး၊ ခေါင်းလိမ်းဆီကြော်ငြာမှာပါခဲ့တယ်"

"ကောင်းပါပြီဗျာ၊ ယခု ကူညီရမှာကတော့ ကျွန်တော်တို့မဂ္ဂဇင်းမှာ အခန်းဆက်ပါနေတဲ့ ဒုတိယကမ္ဘာစစ်နောက်ခံနဲ့ ဝတ္ထုအတွက် သရုပ်ဆောင်ပေးဖို့ပါ။ ရေးသူဟာ မြန်မာပြည်မှာ စစ်တိုက်ခဲ့တဲ့ စစ်ပြန်ကြီးပေါ့။ နောက်လပါမယ့် အခန်းကတော့ ဒုတိယကမ္ဘာစစ် နောက်ပိုင်း အရှေ့တောင်အာရှ စစ်မျက်နှာမှာ မဟာမိတ်တွေ အရေးသာလာပြီး ဂျပန်တွေနောက်ဆုတ်ရတဲ့ အချိန်က ဖြစ်ရပ်ကလေးတစ်ကွက်ပါ"

"ဂျပန်ခေတ်က အဖြစ်အပျက်ဆွေကတော့ ကျွန်တော်တို့နှစ်ယောက် စလုံးကောင်းကောင်းသိမီကြပါတယ်။ ကျွန်တော်တို့ဆိုရင် (Yesterday's Enemy) ဇာတ်ထုပ်မှာ ဂျပန်စစ်သားအဖြစ် သရုပ်ဆောင်ခဲ့တာ မကြာသေးပါဘူး"

"ဒီဝတ္ထုမှာတော့ ဘုန်းကြီးနဲ့ သူကြီးလုပ်ရမှာ၊ မြန်မာလူငယ်နှစ်ဦး မြန်မာအကြောင်း သရုပ်ဆောင်ရမယ်ဆိုတော့ သဘာဝကျပါတယ်။ ခင်ဗျားတို့နဲ့ တွဲဖက်သရုပ်ဆောင်မယ့်သူကတော့ ဘရိုင်ယင်ရစ်ချတ်ဆင်ပဲ"

စာရေးသူတို့ အနားတွင်ထိုင်နေသော ဆံပင်နီနီနှင့် အင်္ကျီပိုတစ်ယောက်ကို ညွှန်ပြမိတ်ဆက်ပေးပါသည်။

သည်နောက် စတူဒီယိုထဲသို့ သွားကြရပါသည်။ ဆက်တင်ခုံပေါ်တွင် မြန်မာနိုင်ငံတော်ရွာ၏ လယ်ကွင်းရှုခင်းပုံ ပြင်ထားသည်။ စာရေးသူက တောသူကြီး၊ ကိုကျော်မြင့်က ဘုန်းကြီး၊ ဘရိုင်ယင်ရစ်ချတ်ဆင်က မဟာမိတ်

တပ်မှ လေထီးတပ်သားအသွင် ဝတ်စားဆင်ယင်ကြပါသည်။ မိတ်ကပ်လိမ်းပေးသော ဗိုလ်မကလေးများသည် မြန်မာကလေးနှစ်ယောက်၏ဆင်ယင်ဝတ်စားမှုကို အထူးအဆန်း ဝိုင်းကြည့်ကြ၏။ အထူးသဖြင့် ကိုကျော်မြင့် ဘုန်းကြီးသင်္ကန်းရုံပုံမှာ အလွန်ကြည့်ချင်စရာဖြစ်နေသည်။ အဝတ်စ အဝါရောင်ကို အုပ်လိုက်ချပေးသည်။ လိုသလောက်ဖြတ်ပြီး ဧကသီ၊ သင်းပိုင်၊ ဒုကုဋ္ဌအဖြစ် ဖြတ်စေပြီး ကိုကျော်မြင့်သည် ဝတ်ရုံလိုက်ရာ ခေါင်းမှတပါး ဘုန်းကြီးနှင့် တူသွားသည်။ ခေါင်းကို ခေါင်းတုံးဖြစ်အောင် ဓာတ်ပုံ၌ ပြုပြင်ယူမည်ဟု ပြောပါသည်။

ရီဟာဇယ်လ် အစမ်းသုံးကြိမ်လုပ်ရသည်။ မဟာမိတ်လေထီးတပ်သားသည် ညဥ့်ဦးက လေထီးနှင့် ခုန်ဆင်းသည်။ ရန်သူဂျပန်တို့ မတွေ့စေရန် စပါးကွင်းမှ ခင်တန်းတောအုပ်ကြီးတွင် ပုန်းအောင်းနေသည်။ အရဏ်တက်တွင် ဆွမ်းခံဘုန်းကြီးကတွေ့ရာ၊ သူခံလာသော ဆွမ်းများကို မေတ္တာတရားဖြင့် ကျွေးပြီး၊ သူ့ဒါယကာဖြစ်သော ရွာသူကြီးကို အကြောင်းကြားသဖြင့် သူကြီးနှင့် ဘုန်းကြီးတို့က ဒုက္ခရောက်နေသော လေထီးတပ်သားကို လာခေါ်သောအခန်း ဖြစ်ပါသည်။ အားလုံး အနေအထားကျသောအခါ Shooting ကားရိုက်ပါသည်။

ပြီးသွားသောအခါ မိမိ၏ ရုပ်ပုံများကို ဂျွန်ဘူးလ်မဂ္ဂဇင်းတွင် သုံးခြင်းကို သဘောတူကြောင်း လက်မှတ်ထိုးပြီး သရုပ်ဆောင်ခ တစ်ဦးလျှင် ၆ ပေါင်စီ၊ ခရီးစရိတ် ၂ သျှီလင်စီနှင့် စာရေးသူသည် တောသူကြီးမြန်မာဝတ်စုံယူလာသဖြင့် ဝတ်စုံငှားခအတွက် ၁၅ သျှီလင်ပေးပါသည်။ နောက်လတွင် စာရေးသူတို့ သရုပ်ဆောင်ပုံပါလာမည်ဟုလည်း ပြောလိုက်ပါသည်။ နောင်အလိုရှိပါက ဆက်သွယ်နိုင်ရန် လိပ်စာနှင့်ဖုန်းနံပါတ်များ ယူထားလိုက်၏။ အပြန်တွင် ဒေါ်မြစိန်ထံဝင်သွားပြီး ကော်မရှင်ခ ၁၀ ရာခိုင်နှုန်း ပေးခဲ့ပါသည်။ အဘွားကြီးက စာရေးသူတို့နှစ်ဦးကို မြန်မာထမင်း အဝကျွေးလိုက်ပါသည်။ နောက်လဆန်းတွင် ဂျွန်ဘူးလ် မဂ္ဂဇင်းတစ်စောင်နှင့်အတူ ကိုကျော်မြင့်ပေါက်လာပြီး စာရေးသူတို့ပုံကို ပြပါသည်။ ဝိုင်းကြည့်ပြီး ဝမ်းသာကြရ၏။ ယင်းဝတ္ထုဇာတ်လမ်း ဘယ်လိုဆုံးသွားသည်ကို သတိထားမဖတ်မိပါ ၁၉၅၉ ခုနှစ်က ပါဝင်ခဲ့သောကိစ္စဖြစ်ရာ ယခုဆိုလျှင် နှစ်ပေါင်း(၂၆) နှစ်

ရှိလေပြီ။ ဒေါ်မြစိန်လည်း သေဆုံးသွားပြီ။ ဂျွန်ဘူးလ် မဂ္ဂဇင်းတိုက်လည်း ဖျက်သိမ်းသွားပြီ။

ကိုကျော်မြင့် ပေးလာသော မဂ္ဂဇင်းပါ သရုပ်ဆောင်ပုံကို ကူးယူရန် ဓာတ်ပုံဆရာသို့အပ်ရာ ကူးပြီးသော ဓာတ်ပုံကို ရသော်လည်း မူရင်းမဂ္ဂဇင်းကိုမူ ဖျောက်ပစ်လိုက်၍ အလွန်စိတ်မကောင်းပါ။ သို့သော် လန်ဒန်မြို့ ဗြိတိသျှပြတိုက်၊ စာကြည့်တိုက်တွင်မူ ထိုနှစ် ထိုလထုတ် ဂျွန်ဘူးလ်မဂ္ဂဇင်းကိုမူ ထိုနှစ် ထိုလထုတ် ဂျွန်ဘူးလ်မဂ္ဂဇင်းကို အမွန့်ရှည်စွာ သိမ်းထားတန်ရာသည်။

❐

ကောလိပ်ကျောင်းသား ဖိနပ်တိုက်သမား

အင်္ဂလိပ်ပညာရေးသည် ကမ္ဘာတွင် အဆင့်မြင့်သလောက် တန်ဖိုးကြီးလှသည်။ အခမဲ့ပညာရေးဟူ၍ အင်္ဂလန်ပြည်တွင် မရှိပါ။ ပညာသင်စရိတ်ကလည်း ကြီးလှသည်။ ငွေတတ်နိုင်သည်ထားဦး၊ အဆင့် မမီပါက ဆက်လက်ပညာသင်ခွင့် မရနိုင်ပါ။

စာရေးသူနှင့် ကျောင်းနေဖက် အင်္ဂလိပ်ကျောင်းသား အများစုသည် သူဌေးသူကြွယ်၊ မင်းဆွေမင်းမျိုး၊ မြေပိုင်ရှင်ကြီးတို့၏ သားသမီးများနှင့် စက်မှုလုပ်ငန်းပိုင်ရှင်တို့၏ သားသမီးသာများသည်။ လူလတ်တန်းစား သားသမီး ဆိုပါက စကောလာရှစ် ရ၍သော်လည်းကောင်း၊ စတိုင်ပင်ရ၍ သော်လည်းကောင်း၊ သို့မဟုတ် ခရစ်ယာန်အသင်းတော်တို့၏ ထောက်ပံ့ကြေးရ၍ သော်လည်းကောင်း တက္ကသိုလ်သို့လာနိုင်သည်။

နောက်ကျောင်းသားဘဝ တစ်မျိုးရှိသေးသည်။ ကိုယ့်အားကိုယ်ကိုးပြီး ပညာသင်ကြသော 'လူရည်ချွန်' များဖြစ်သည်။ ဤကျောင်းသားများသည် ငယ်ရွယ်စဉ်ကပင် ဓနချို့တဲ့ကြ၏။ သို့သော် ကျပန်းအလုပ်လုပ်စဉ်က ညနေကျောင်းတက်သည်။ သို့သော် အလုပ်လုပ်ငွေစုပြီး ကျောင်းလာနေသည်။ စုထားသောငွေ ကုန်ပြန်သောအခါ ကျောင်းမှခွာပြီး အလုပ်ထွက်လုပ်ရပြန်သည်။ ငွေစုမိသောအခါ ကျောင်းပြန်လာနေပြန်သည်။ ဤသို့နှင့် ဘွဲ့ဒီဂရီရသွားကြ၏။ အချို့ကျောင်းသားများသည် မိမိစုထားသောငွေ နည်းလာသောအခါ သို့မဟုတ် ကျောင်းနေစရိတ်၊ စာအုပ်ဖိုးများ တက်လာသောအခါ

စာမေးပွဲကလည်း ကပ်နေသဖြင့် ကျောင်းမှထွက်၍ အလုပ်လုပ်ပြန်ပါက တစ်နှစ်ပုပ်သွားမည်စိုးသဖြင့် ဥပဒေဘောင်အတွင်းက ငွေရမည့် နည်းမျိုးစုံနှင့် ငွေရှာကြသည်။

လန်ဒန်တက္ကသိုလ် ဆီးနိပ်ဟောက်စ် (Senate House) မှ အထွက် လမ်းချိုးထောင့်နားတွင် ပေါ်လီတက်ကနစ် ကျောင်းသားတဲဆိပ်ပါသော ဘလေဇာကွက် အဟောင်းဝတ်ထားသည့် ဥပဓိရုပ်သန့်သန့် လူငယ်တစ်ဦးသည် ဖိနပ်တိုက်ဆေးတစ်ဘူး၊ ဘရွတ်တံသုံးချောင်း၊ အဝတ်စတစ်စ၊ ဖိနပ်တင်ခုံတစ်ခုရှေ့တွင်ချကာ ရပ်လိုက်၊ ထိုင်လိုက်လုပ်နေသည်။ သူ့ရှေ့တွင် သက္ကလပ်ဦးထုပ်ဟောင်းတစ်လုံးကို ပက်လက်လှန်ချထား၏။ ဦးထုပ်ထဲ၌ ပိုက်ဆံအကြွေများအပြင် ဆယ်သျှီလင်တန် စက္ကူများပင် တွေ့ရ၏။ စာရေးသူ လျှောက်လာသည်ကို မြင်လျှင်...

"ဂွတ်မောနင်း ဆာ၊ ဖိနပ် ပေါ်လစ်တိုက်မလား"

"Good morning sir, do you want shoe shine?"

ယဉ်ကျေးစွာဖြင့် လှမ်းမေးပါသည်။ စာရေးသူသည် စိတ်ဝင်စားသဖြင့် အနားသို့လျှောက်သွားပြီး ဖိနပ်ခုံပေါ်သို့ ခြေတစ်ဖက်တင်လိုက်သည်။ သူသည် လုပ်ငန်းကိုစပါတော့သည်။

"မင်းက ပေါ်လီတက်ကနစ် ကျောင်းသားလား"

"ဟုတ်ပါတယ်၊ ဒုတိယနှစ်ရောက်ပြီ"

"အရင် ဒီနားမှာ မင်းကို မတွေ့ပါလား"

"ဒီပြင် ကောလိပ်တွေမှာ လျှောက်လှည့်နေလို့ပါ"

လန်ဒန်တက္ကသိုလ်အောက်တွင် ကောလိပ်ပေါင်း လေးဆယ်ကျော်ရှိသည်။ ယခု သူရောက်လာသော ဧရိယာမှာ လန်ဒန်ကောလိပ်နှင့် အရှေ့တိုင်းနှင့် အာဖရိကနိုင်ငံများဆိုင်ရာ ကောလိပ်ဝင်များဖြစ်သည်။

"မင်း စတိုင်ပင် မရဘူးလား"

"ကျွန်တော်တို့ ကောင်တီနယ်က တစ်နှစ်စာပဲပေးတယ်၊ ရန်ပုံငွေ မလောက်ဘူး။ ကျန်တဲ့ ကျောင်းနေနှစ်တွေအတွက်တော့ ကျပန်းလုပ်ပြီး ငွေစုရတာပဲ။ ကျွန်တော်အလုပ်စုံပြီ၊ စားပွဲထိုး၊ ဂိတ်စောင့်၊ လက်မှတ်ရောင်း၊ ရုပ်ရှင်ရုံစောင့်၊ ဒီအလုပ်တွေက ပုံသေနေ့စားနှုန်း (Daily,wage) ပေးတာ

အချိန်လည်းကုန်တယ်၊ စာကျက်ချိန်လည်းမရဘူး၊ အတန်းလည်း မှန်မှန်မတက်နိုင်ဘူး။ ပြီးတော့ အလုပ်လုပ်ရမယ့်နေရာ ဝေးတယ်”

“ဖိနပ်တိုက်ပေးတာကတော့ ဝင်ငွေကောင်းသလား”

“ပုံသေ ဝင်ငွေမဟုတ်ဘူး၊ အလုပ်ချိန်လည်း သတ်မှတ်ချက် မရှိဘူး။ ကျောင်းတက်ကျောင်းဆင်း လာထိုင်ရုံပဲ၊ သဒ္ဓါသရွေ့ ပေးသွားကြတော့ တစ်ခါတစ်ခါဆိုရင် တစ်နေ့ ဆယ်ပေါင်ကျော်လောက်ရတော့ရသား၊ ဖိနပ်တိုက်ပြီးရင် သူတို့ကအိတ်ထဲ နှိုက်လိုက်တာပဲ၊ ပဲနိုပြားတွေ့, ပဲနိုပြား၊ ငွေဒင်္ဂါးတွေ့, ငွေဒင်္ဂါး၊ ဆယ်သျှီလင်တန်စက္ကူတွေ့လည်း ဆယ်သျှီလင်ကို ဦးထုပ်ထဲ ပစ်ချသွားတာပဲ။ တစ်ခါတိုက် ဘယ်လောက်နှုန်း သတ်မှတ်မထားတော့ သူတို့ပေးသွားတဲ့ပိုက်ဆံ ပြန်အမ်းဖို့ မလိုဘူးပေါ့”

“ပြောပါဦးကွ၊ မင်းအလုပ်က အတော်ဟန်ကျတာပဲ”

“ဟုတ်ကဲ့၊ တစ်ခါတုန်းကဆိုရင် တက္ကစီစီးလာတဲ့ အတွဲတစ်တွဲ ပါတီတက်မလို့ လှလှပပဝတ်လာကြတယ်။ ကားပေါ်ကအဆင်း သူတို့ ဖိနပ်တွေပေသွားလို့ ကျွန်တော်ကလည်း အနားမှာရှိတော့ ဖိနပ်လာတိုက်ကြတယ်။ သူတို့နှစ်ယောက်လုံး အကြွေပေးဖို့လည်း မရှိဘူး။ ငွေစက္ကူတွေမှာလည်း ဆယ်သျှီလင်တန်၊ ပေါင်တန်မပါဘူး။ ငါးပေါင်တန်တွေပဲ ရှိတယ်။ ကျွန်တော်က မပေးပါနဲ့လို့ ပြောပါတယ်။ ဒါပေမယ့် သူတို့ ဖိနပ်တွေ ဝင်းလက်သွားတာ အလွန်ကျေနပ်ရုံမက ကျွန်တော်ဟာ ကျောင်းသားမှန်းလည်းသိလို့ ငါးပေါင်တန်ကို ဦးထုပ်ထဲ ပစ်ချသွားကြတယ်”

“မင်း ဆောင်းတွင်းဆိုရင် အေးကအေးနဲ့ လုပ်နိုင်ပါ့မလား”

“နာရီပိုင်းနဲ့ ကလေးထိန်း လုပ်ကြည့်တယ်၊ ကျွန်တော်နဲ့ မကိုက်ဘူး၊ စိတ်မရှည်ဘူး။ ကလေးက တယ်ငိုတယ်။ သူ့အမေကလည်း သိပ်ဖိစီးကြောင်တယ်၊ ပိုက်ဆံရရင်လည်းနည်းတယ်။ မြေအောက်ဘူတာရုံတွေထဲ သွားပြီး၊ ဖိနပ်တိုက်တာပေါ့။ အချမ်း လုံပါတယ်။

ဖိနပ်နှစ်ဖက်စလုံး တိုက်ပြီးသွားလေပြီ။ ဘဝ ရုန်းကန်မှု ဇာတ်လမ်းတစ်ပုဒ်လည်းရပြီ။ သူ့ကို မှတ်တမ်းတင်ချင်လှ၏။

“မင်း ဒီအလုပ်လုပ်နေတာကို သဘောကျလို့ ဓာတ်ပုံရိုက်မယ်၊ ခွင့်ပြုမလား”

"ဘာကြောင့် ခွင့်မပြုနိုင်ရမှာလဲ။ ရိုက်ပါ၊ ကျွန်တော့်အလုပ်ကို ခင်ဗျားက ကြော်ငြာပေးတာပဲ" (Why not? You are advertising my trade)

အနားမှ ဖြတ်လျှောက်လာသူကို အကူအညီတောင်းကာ စာရေးသူ၏ ဖိနပ်ကို သူက တိုက်ပေးနေပုံ ဓာတ်ပုံအရိုက်ခိုင်းပါသည်။

အိတ်ထဲန့ိုက်လိုက်ရာ ဖလော်ရင့်ပြား (ထိုအချိန်က နှစ်သျှီလင်ပြား) နှင့် ဟဖ်ကရောင်းပြား (နှစ်သျှီလင် ခြောက်ပဲနိုပြား) တို့ကို တွေ့ရာ နှစ်ပြား စလုံးကို သူ့ဦးထုပ်ထဲသို့ ပစ်ချလိုက်မိပါသည်။

လမ်းလျှောက်လာရင်း တွေးနေမိသည်။

"ဒီလိုကောင်မျိုးပဲ နောင်တစ်ခေတ်မှာ အင်ဂျင်နီယာကြီး၊ သူဌေးကြီး၊ စက်ရုံပိုင်ရှင်ကြီးဖြစ်မှာ။ ဒါမှမဟုတ်ရင်လည်း နိုင်ငံရေးခေါင်းဆောင်ကြီး၊ ပါလီမန်အမတ် ဖြစ်မှာပဲ။ အင်း... ငါရုပ်ရှင်မင်းသားတို့၊ စာပို့လုလင်တို့ ဝင်လုပ်တာ ဘာဟုတ်သေးလဲ။ ဒီကောင်က ငါ့ထက်သာသွားပြီ။ အလုပ်ဟူက ဂုဏ်ရှိစွ"

❐

ဘိလပ်မြန်မာအသင်းနှင့် လူပ်ရှားမှုများ

- ❖ သမိုင်းဝင် ညစာစားပွဲကြီး
- ❖ ထီးကောက်နှင့်လမ်းလျှောက်နေသော ဘုရင်ခံမင်းကြီး
- ❖ အဂ္ဂမဟာသရေစည်သူရန့်စ်
- ❖ မြန်မာပြည်ကို လွမ်းအားပိုနေသော မစ္စတာကာမုတ်
- ❖ ဟောလစ်စက်ရုံနှင့် မြန်မာကျောင်းသားများ
- ❖ ဒိုးပတ်သံညံသောမြို့ လန်ဒန်၏ညတစ်ည
- ❖ ဘိလပ် မြန်မာအသင်းနှင့် ပညာရေးဆွေးနွေးပွဲများ

သမိုင်းဝင် ညစာစားပွဲကြီး

၁၉၅၇ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်နေ့အား အောင်ဆန်းအက်တလီ စာချုပ်သက်တမ်း ဆယ်နှစ်မြောက်သောနေ့ဖြစ်၏။ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီတွင် မြန်မာခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် မြန်မာလွတ်လပ်ရေးရရှိရေးကိစ္စကို အာဏာရဗြိတိသျှအစိုးရက မြန်မာတို့ကို တစ်နှစ်အတွင်း လွတ်လပ်ရေးပေးပါမည်ဟူသော ကတိဝန်ခံချက်ပေးသော စာချုပ်ကို ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ရေးသားချုပ်ဆိုရာ၊ မြန်မာခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှလေဘာအစိုးရ၏ နန်ရင်းဝန်ကြီး မစ္စတာ ကလီမင့်အက်တလီတို့က လက်မှတ်ရေးထိုးကြကာ၊ ထိုစာချုပ်ကို အောင်ဆန်းအီတလီစာချုပ်ဟု သမိုင်းတွင်လာပါသည်။ ၁၉၅၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ထိုစာချုပ်သက်တမ်း ဆယ်နှစ်ပြည့်ခဲ့သဖြင့် ဆယ်နှစ်မြောက် အခမ်းအနားတစ်ခု ကျင်းပရန် မြန်မာအစိုးရကလည်းကောင်း၊ လန်ဒန်ရှိ ဘိလပ်မြန်မာအသင်းကြီးကလည်းကောင်း ဆန္ဒရှိသည်နှင့် အစီအစဉ်များ လုပ်ကြ၏။

အယ်နီဗာဆယ်ရီ (Anniversary) နှစ်ပတ်လည်အခမ်းအနား ကျင်းပသောခလေ့သည် မြန်မာ့ယဉ်ကျေးမှုတွင်လည်းကောင်း၊ ကမ္ဘာယဉ်ကျေးမှုတွင်လည်းကောင်းရှိခဲ့သည်။ သို့သော် ဆယ်နှစ်မြောက်၊၂၅ နှစ်မြောက် (ငွေရတု)၊ နှစ် ၅၀ မြောက် (ရွှေရတု)၊ နှစ် ၇၅ မြောက် (စိန်ရတု) နှစ်တစ်ရာပြည့် (ရာပြည့်ရတု) စသည်ဖြင့် အထိမ်းအမှတ် ကျင်းပခြင်းသည် အထူးသဖြင့် အနောက်တိုင်း၌ ပို၍ခေတ်စားသည်။ သူတို့က လူတစ်ဦး၏ဘဝကို ငါးနှစ်တာနှင့် တိုင်းထွာသည်။ ငါးနှစ်အချိန်သည် ဘဝ၏တိုးတက်မှု၊ ဆုတ်ယုတ်မှုများ

နှင့် အပြောင်းအလဲများဖြစ်ပြီး နိုင်လောက်သောအချိန်ပိုင်းဖြစ်သည်။ အလားတူ နိုင်ငံ၏ဘဝကို ဆယ်နှစ်တာနှင့် တိုင်းထွာသည်။ အင်္ဂလိပ်ဝေါဟာရနှင့် ဒက်ကိတ် (Decade) မှာ ဆယ်နှစ်အစု (ဆယ်စု) ဖြစ်သည်။ ဆင်ကျူရီ (Century) မှာ နှစ်ပေါင်းတစ်ရာအစု (ရာစု) ဖြစ်၏။ ဆယ်နှစ်တာအချိန်သည် နိုင်ငံတစ်ခု၏တိုးတက်မှု၊ ဆုတ်ယုတ်မှုနှင့်အပြောင်းအလဲများဖြစ်ပြီးနိုင်လောက်သောအချိန်ပိုင်းဖြစ်သောကြောင့် နိုင်ငံ၏သမိုင်းကိုဆယ်စုနှင့်ပိုင်းသည်။ ထို့ထက်ကြာလျှင် ရာစုနှင့်ပိုင်းသည်။ ထို့ကြောင့် ဗြိတိသျှမြန်မာ ဆက်ဆံရေးနှင့် မြန်မာ့သမိုင်းတွင် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သော အောင်ဆန်းအက်တလီ စာချုပ်၏ ဆယ်နှစ်ပြည့်မြောက်သောနေ့ကို ဘိလပ်ရောက်မြန်မာတို့က ညစာစားပွဲကြီးနှင့် အထိမ်းအမှတ်ပြုရန် ဆုံးဖြတ်ကြ၏။

မြန်မာအစိုးရ၏ ညွှန်ကြားချက်အရ ဘိလပ်ရှိ မြန်မာသံရုံးက ယင်းအထိမ်းအမှတ် ညစာစားပွဲကြီးကို ဗြိတိသျှပါလီမန်၏ အောက်လွှတ်တော်ခန်းမကြီးအတွင်း၌ ကျင်းပနိုင်ရန် ဗြိတိသျှအစိုးရနှင့် စီစဉ်ပါသည်။ ဗြိတိသျှပါလီမန်တွင် အထက်လွှတ်တော် (House of Lords) နှင့် အောက်လွှတ်တော် (House of Commons) ဟူ၍ လွှတ်တော်နှစ်ရပ်ရှိရာ၊ မြန်မာတို့ကို လွှတ်လပ်ရေးပေးရန် အများဆုံး ထောက်ခံသူများမှာ အောက်လွှတ်တော်အမတ်များဖြစ်၍ အောက်လွှတ်တော်ခန်းမ၌ ကျင်းပရန် စီစဉ်ခြင်းမှာ နိုင်ငံရေးနှင့် သံတမန်ရေးအရ အလွန်လျော်ကန်လှသည်။ သို့သော် ဘိလပ်တွင် ညစာအခမ်းအနား ကျင်းပရသည်မှာ မလွယ်ကူပါ။ စရိတ်အလွန်ကြီးသည်။ ရက်၊ အချိန်၊ နေရာအရွေးရ ခက်သည်။ ထင်ရှားသော ပုဂ္ဂိုလ်ကြီးများကို ဖိတ်ရသည်မှာ ကရိကထများလှသည်။ ထို့ပြင် နိုင်ငံရေး၊ သံတမန်ရေးများအရ တည်ခင်းရသော အခမ်းအနားညစာဖြစ်၍ အဆောင်အယောင်အခမ်းအနားအရ ဓလေ့ထုံးစံ၊ အစဉ်အလာ၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာရသည်။ အထူးသဖြင့် ဗြိတိသျှလူမျိုးတို့သည် ဓလေ့ထုံးစံကိုရိုးစွဲကြသည်။ စည်းကမ်းကြီးကြသည်။ ထိုအချိန်က မက္ကမီလန် ခေါင်းဆောင်းသော ကွန်ဆာဗေးတစ်ပါတီအစိုးရ တက်နေချိန်ဖြစ်သဖြင့် ပို၍ပင် ကိန်းကြီးခန်းကြီး လုပ်ရမည့် ညစာစားပွဲ ဖြစ်သည်။

ဘိလပ်ရောက် မြန်မာကျောင်းသားများနှင့် ညစာတက်လိုသော မြန်မာတို့ကို ညစာလက်မှတ်တစ်စောင်လျှင် တစ်ဂိနီနှင့် ဝယ်စေပါသည်။ တစ်ဂိနီ

မှာ စတာလင်ပေါင် တစ်ပေါင်နှင့် တစ်သျှီလင်ဖြစ်သည်။ ထိုအချိန်က မြန်မာငွေနှင့် တရား၀င်တန်ဖိုး ၁၄ ကျပ် ကျော်ခန့်ကျသည်။ ဈေးအသက်သာဆုံး နှုန်းထားဖြစ်သော်လည်း တစ်လလျှင် စတာလင်ပေါင် ၃၃ ပေါင်သာ ရသောကျောင်းသားအဖို့ ဘတ်ဂျက်ထိသည်။ သို့သော် သမိုင်း၀င် ညစာစားပွဲကြီးလည်းဖြစ်၊ ဗြိတိသျှလွှတ်တော်တွင်လည်း ၀င်ရောက်လေ့လာခွင့်ရမည်ဖြစ်၍ စာရေးသူက လိုလိုချင်ချင် တစ်စောင်၀ယ်လိုက်ပါသည်။

ဖိတ်စာနှင့် နေ့စွဲ၊ အချိန်၊ နေရာ၊ ထိုင်ခုံနံပါတ်၊ လာရောက်ရမည့် ခရီးလမ်း၊ မြေပုံနှင့် ၀င်ရန်ဂိတ်ပေါက်မြေပုံကြမ်း၊ ၀တ်စားဆင်ယင်မှုတွင် စစ်ဘက်ကဖြစ်လျှင် စစ်၀တ်စုံနှင့် ဘွဲ့တံဆိပ်အပြည့်အစုံ၊ အရပ်သားဖြစ်လျှင် ရာထူးဆိုင်ရာ၀တ်စုံ သို့မဟုတ် ကမ္ဘာသုံး ညစာ၀တ်စုံ သို့မဟုတ် မြန်မာအမျိုးသား၀တ်စုံ (ခေါင်းပေါင်း၊ ပုဝါ) အပါအ၀င်ဟူ၍ တိတိကျကျ ဖော်ပြထားပါသည်။ ဖိတ်စာ၏ ဝဲဘက်အစွန်းတွင် အာ၇၊ အက်စ်၊ ဗီ၊ ပီ (R.S-V.P) စာလုံးများပါပြီး၊ ဘေးဌ ၁၉ (အေ) ချားလ်စ်လမ်း မြန်မာသံရုံးလိပ်စာနှင့် ဖုန်းနံပါတ် ပေးထား၏။ ပြင်သစ်စကားနှင့် 'ရီပွန်းဒေး၊ စီဗူးပလေး' (Repondez sil vous plait) ကျေးဇူးပြု၍ အကြောင်းပြန်ပါဟူသော စာကြောင်းကို အတိုကောက်ရေးထားခြင်းဖြစ်၏။ ညစာစားပွဲသို့ လာနိုင်မလာနိုင်ကို တစ်ဖက်ပါစာနှင့် ဖုန်းကို ဆက်သွယ်ပြောရန် ဖြစ်သည်။

တချို့ ဖိတ်စာတွင် အာရ်အက်စ်၊ ဗီ၊ ပီ စာလုံးဘေးဌ (Regrets only) (မလာနိုင်မှသာ အကြောင်းပြန်ပါ) ဟူသော စာကို ကွင်းပိတ်နှင့် ပါတတ်သည်။ အကြောင်းမပြန်လျှင် လာမည်ဟူသော သဘောဖြစ်၏။ သူတို့ဆီက ဧည့်ခံပွဲကြီးများတွင် အဆိုပါစာတန်းပါစမြဲဖြစ်ပြီး အဖိတ်ခံရသူက လာနိုင်၊ မလာနိုင် တိကျစွာ အကြောင်းပြန်ရသည်။ အစားအသောက် နေရာထိုင်ခင်း အပိုအလိုမရှိစေရ။ ကွက်တိ စီစဉ်ကြသည်။ မလာနိုင်ဟု အကြောင်းပြန်ပြီးသွားလျှင် ဧည့်စာရင်းဌ မပါ၀င်၍ ၀င်ခွင့်မပြု။ ထိုင်စရာလည်းမရှိ၊ အရှက်ကွဲမည်။ လာမည်အကြောင်းပြန်ပြီး၊ မသွားလျှင်လည်း ရိုင်းရာကျမည်။ မလွဲသာ၍ မသွားဖြစ်လျှင်၊ မလာဖြစ်၍ ဝမ်းနည်းကြောင်း ဆောင်းပန်စာပို့ရသည်။ စာရေးသူတို့ မြန်မာပြည် ယနေ့အထိ အလှူအတန်းအကျေးအမွေး၊ အခမ်းအနားများတွင် စည်းစနစ်မကျသေး။ အတိုင်းအထွာ

မလုပ်ရသေးပါ။ လူငါးရာဖိတ်မည်ဆိုလျှင် ခြောက်ရာစာပြင်ဆင်ထားရသည်။ မလာအလာမှာ အကြောင်းမဟုတ်ပါ။ မလောက်မငှ ဖြစ်မည်ကို စိုးရိမ်ရသည်။ ဇနီးမောင်နှံသာ ဖိတ်သော်လည်း တစ်အိမ်ထောင်လုံးလည်း လာတတ်သည်။ တစ်ယောက်မှ မလာဘဲလည်းနေတတ်သည်။ ဧည့်ခံချိန်လွန်မှလည်း ရောက်လာတတ်သေးသည်။ အလွန်မသေချာလှ။ 'အကြောင်းပြန်ပါ' ဟူသော စာတန်းကို ဖိတ်စာတွင်ထည့်ရိုက်ပါကလည်း မြန်မာယဉ်ကျေးမှု အစဉ်အလာနှင့် ဆန့်ကျင်နေမည်လား၊ စိတ်ငြိုငြင်၍ တစ်ယောက်မှမလာဘဲ သပိတ်မှောက်ကြမည်လား၊ သရုပ်ပျက်တေးတို့ ဝတ်စားဆင်ယင်မှုတို့ကို အတုယူမည့်အစား မလေမလွင့် အဟောသိက် မဖြစ်အောင် ထိန်းသိမ်းသောစနစ်စည်းကမ်းကို များစွာအတုယူသင့်သည်ဟု ထင်မိပါသည်။

အသားကပ် အင်္ကျီဘောင်းဘီနှင့် အမျိုးသားဝတ်စုံ၊ လာမည့်အကြောင်း ဖုန်းဆက်ပြောပြီးနောက် စာရေးသူသည် အဝတ်အစားပြင်ရ၏။ တစ်ပတ်အချိန်ရသေးသည်။ ညစာဝတ်စုံချုပ်လျှင် အနည်းဆုံး ပေါင် ၃၀ ကုန်မည်။ ဆိုင်မှဌားဝတ်လျှင် ကိုယ်တိုင်းနှင့် ချုပ်ခြင်းမဟုတ်သဖြင့် ပုံကျမည်မဟုတ်။ ကံအားလျော်စွာ မြန်မာပြည်က မောင့်ကျက်သရေခေါင်းပေါင်း အပါအဝင် မြန်မာဝတ်စုံတစ်စုံ ယူခဲ့၍ ယခုအသုံးချရတော့မည်။ မကြာမီ လပိုင်းအတွင်းက ဘီဘီစီမှ စစ်ကိုင်းသား ဆရာဦးတင်မောင်သည် မြန်မာပြည်သို့ ခေတ္တပြန်လာရင်း စာရေးသူ မိဘများက ပါးလိုက်သော လွန်းတစ်ရာချိတ် ပိုးလုံချည်ကို ယူလာခဲ့ရာ ရှိုးထုတ်ဖို့ အခွင့်ကောင်းပေါ်လေပြီ။ သို့သော် ဇနဝါရီလမှာ ဘိလပ်တွင် နှင်းခဲချိန်ဖြစ်သည်။ ညစာအခန်းကြီးကို အပူဓာတ်ပေးထားမည်ဖြစ်သော်လည်း အသွားတွင် အလွန်ချမ်းမည်။ ထို့ကြောင့် အောက်ခံအသားကပ်အင်္ကျီဘောင်းဘီအနွေးဝတ်စုံကို ဝယ်ရသည်။ ကတ္တီပါဖိနပ်စီးနိုင်အောင် သက္ကလပ်ခြေအိတ်ကို ဝယ်ရပြန်သည်။ ညစာ စားရေးအတွက် လက်မှတ်ဖိုးသာမက အပိုကုန်ရလေပြီ။

လင်းလေဒီ၏ ကျေးဇူး။ ။ အင်္ဂလိပ်တို့ကား မင်းခမ်းမင်းနား အဆောင်အယောင်ကို ကြိုက်ကြသည်။ အထက်တန်းလွှာများဆိုလျှင် လူတန်းစားခွဲခြားမှုရှိပြီး ဟိတ်ကြီးဟန်ကြီး လုပ်တတ်ကြသည်။ သူတို့ကိုယ်သူတို့ အထင်ကြီးသော ဘဝင်မြင့်စိတ် (Superiority Complex) ရှိပြီး အခြား

လူမျိုးများကို အပေါ်စီးမှ ကြည့်တတ်သူများဖြစ်သည်။ ထို့ကြောင့် မြန်မာတို့ကို အထင်မသေးစေရန် နေထိုင်ကျင့်ကြံ ဆက်ဆံပြောဆို ပြုမူနေရသည်မှာ ဘိလပ်ရောက် မြန်မာကျောင်းသားတိုင်း၏ တာဝန်တစ်ခုဖြစ်သည်။ စင်စစ် နိုင်ငံခြားရောက်နေသော မြန်မာတိုင်းသည် ကိုယ့်တိုင်းကိုယ့်ပြည် ကိုယ်စားပြုနေသူများဖြစ်၍ တိုင်းပြည်နှင့်လူမျိုး၏ ဂုဏ်သိက္ခာကို အဘက်ဘက်မှ ထိန်းသိမ်းရမည်သာ ဖြစ်သည်။ ညစာစားပွဲမှာ နိုင်ငံရေး၊ သံတမန်ရေးအရ အရေးပါသော သမိုင်းဝင်အခမ်းအနားတစ်ခုဖြစ်၍ မြန်မာ့ဂုဏ်ရောင်မည်စေရန် ညစာစားပွဲတက်မည့် မြန်မာကျောင်းသားတို့အဖို့ စားပွဲထိုင်ကျင့်ထုံးများ (Table manners) နှင့် ယဉ်ကျေးမှု အမူအရာများ (Etiquette) ကို နိုင်ငံတကာထုံးစံနှင့်အညီ လိုက်နာရန်လိုအပ်လာသည်။ စာရေးသူသည် ဘိလပ်မရောက်ခင်ကတည်းက ထိုကိစ္စများကို လေ့လာထားမိသည့်အပြင် ဘိလပ်ရောက်သောအခါ လင်းလေဒီမစွစ်ကိုမင်ထံမှလည်း တီးခေါက်ထားမိသည်။

သူတို့ထုံးစံ ဇွန်းခပ်နည်း။ ။ ဘိလပ်တွင် မြန်မာသံရုံးရှိ သံရုံးမှူး ဦးတင်မောင်ကြီး (ကွယ်လွန်)က စာရေးသူအား ထိုကျင့်ထုံးများကို ညစာစားပွဲတက်မည့် ဘိလပ်ရောက်စ မြန်မာကျောင်းသားတို့ကို လက်လှမ်းမီရာ ရှင်းပြပြောထားပါရန် တာဝန်ပေးပါသည်။ နိုင်ငံခြားပညာသင်သွားမည့် ကျောင်းသား၊ ကျောင်းသူတိုင်း ကြိုတင်သင်ယူထားအပ်သော ကမ္ဘာ့ယဉ်ကျေးမှုထုံးစံများ ဖြစ်သည်။ ဇွန်းနှင့်ခက်ရင်းကို သာမန်ကိုင်တွယ်တတ်ရုံနှင့် မလုံလောက်သေးပါ။ ဇွန်း၊ ခက်ရင်း အရွယ်အစားအမျိုးမျိုး၊ အသားလှီးဓား၊ ငါးစားဓား၊ ထောပတ်သုတ်ဓား၊ သစ်သီးလှီးဓား၊ ဟင်းချိုခတ်ဇွန်း၊ အချိုစားဇွန်း၊ သကြားဇွန်း၊ လက်ဖက်ရည်ဇွန်း စသည်ဖြင့် ကိရိယာမျိုးစုံလှသည်။ တည်ခင်းမည့်စားသောက်ဖွယ်ရာတို့ကို မီနူး (Menu) ခေါ် စာရင်းကပ်ပြားတွင် လှပသောစာလုံးများဖြင့် ရေးပြထားသည်။ ယင်းစာရင်းပါအတိုင်း အစီအစဉ်နှင့် တည်ခင်းရာ ကိရိယာများကိုလည်း ယင်းအစီအစဉ်အတိုင်း ချထားတတ်ရသည်။ မမှားအောင် သုံးတတ်ရုံမက စနစ်တကျနှင့်စတိုင်ပါပါ ကိုင်တွယ်တတ်ဖို့လည်း လိုသေးသည်။ ပုံစံမှာ မြန်မာတို့က ဟင်းချိုကို ခပ်သောက်

လျှင် ဌန်းကို ကိုယ့်ဘက်သို့ လှည့်ခပ်သည်။ သူတို့ထုံးစံက အပြင်ဘက်သို့ လှည့်ခပ်သည်။ ဌန်း၊ ခက်ရင်း ကိရိယာများကို စားပြီးသေးလျှင် ကြက်ခြေခတ် ချထားရပြီး၊ စားပြီးလျှင် စုံပူး၍ ချထားရသည်။ လက်သုတ်ပုဝါကို သုံးပြီးလျှင် ပြန်ခေါက်၍လိပ်ပြီး ငွေကွင်းထဲသို့ ပြန်ထည့်ခဲ့ရသည်။

အမျိုးသမီးသဘောတူလျှင် တွဲကနိုင်။ ။ အက်တိကက်ဆိုသော ယဉ်ကျေးမှုဟန်ပန်အမူအရာ အကျင့်တို့ကလည်း ကြိုတင်လေ့လာ မထားမိလျှင် မဖွယ်မရာဖြစ်တတ်သည်။ သူတို့ဆီတွင် အမျိုးသမီး ဦးစားပေးမှုကို သုံးသည်။ စကားပြောလျှင် ညင်သာစွာပြောပြီး ရယ်လျှင်လည်း အသံကို ခပ်အုပ်အုပ် ရယ်သည်။ အရှေ့တိုင်းသားများလို ပွင့်ပွင့်လင်းလင်း၊ ဟက်ဟက်ပက်ပက် ရယ်လေ့မရှိ။ စကားလက်ဆုံပြောလျှင် တစ်ဖက်သားကို အလှည့်ပေးပြောရပြီး၊ သူတစ်ပါးပြောနေတုန်း အတင်းဝင်ကြားဖြတ်မပြောရ။ ပြောလိုလွန်းလျှင် ခွင့်တောင်းပြီး ပြောရသည်။ ကပွဲပါလျှင် အမျိုးသမီးကို ခွင့်တောင်းပြီး သဘောတူမှ တွဲကနိုင်သည်။

ညစာမကျွေးမီ ဧည့်သည်များကို ခန်းမကြီးတွင် အဖျော်ယာမကာ မျိုးစုံနှင့် အမြည်းကို အကြိုဧည့်ခံတတ်သည်။ ဘီယာ၊ ဝိစကီ၊ ဘရန်ဒီ၊ ရှန်ပိန်၊ ကောညက်၊ ဂျင်၊ ဝိုင် စသည်ဖြင့် စုံလင်လှသည်။ အရက်မသောက်တတ်သူများအတွက် သံပုရာ၊ လိမ္မော်၊ နာနတ်၊ ခရမ်းချဉ်သီးစုံဖျော်ရည်တို့ကို ပေးသည်။ အာလူးကြော်၊ မြေပဲလှော်၊ ပေါက်ပေါက်၊ အသားလုံးကြော်တို့ကို အမြည်းပေးသည်။ အမြည်းကိုမစားမိဘဲ အဖျော်ယမကာသောက်မိလျှင် ရုတ်တရက် လေချဉ်တက်တတ်သည်။ ပါးစပ်ပိတ်၍ အသံမထွက်အောင် မျိုချနိုင်လျှင်တော်သေးသည်။ အသံမြည်သွားလျှင် သူတို့ ထုံးစံအရ အလွန်စက်ဆုပ်စရာကောင်းသော ရိုင်းစိုင်းမှုဖြစ်သည်။ ဝမ်းတွင်း၌ အစာခံမရှိလျှင် ဂျင်၊ ဝိစကီ၊ ဘရန်ဒီ စသော အရက်ပြင်းပြင်းများကို သောက်လေ့သောက်ထမရှိသူတစ်ဦး သောက်မိလျှင် ပုံလဲတတ်သည်။ သို့မဟုတ် အော့အန်တတ်သည်။ အာလူးကြော်ကဲ့သို့ ဆီကြော်အမြည်များများ စားပြီး ဘီယာများများ သောက်လျှင် အလွန်လေလည်တတ်သည်။ လူတောထဲတွင် အရှက်မကွဲအောင် တော်သင့်ရုံသာ စားသောက်သင့်သည်။ အရက် မသောက်တတ်လျှင် ဘေးအကင်းဆုံး ဖြစ်သည်။

ကျေးဇူးပါပဲ လုံမလေးရယ်။ ။ ညစာ ကျင်းပမည့်နေ့ကား ရောက်လာလေပြီ။ ညနေခြောက်နာရီခွဲ အရောက်သွားရသည်။ စာရေးသူနှင့် သူငယ်ချင်း ပေါင်းနှစ်ဦးတို့သည် မောင့်ကျက်သရေဆောင်ခေါင်းပေါင်း ပန်းနုရောင် တလူလူနှင့် မြန်မာပိုးထည်ဝတ်စုံကို ရှိုးကျကျဝတ်ကြပြီး တက္ကစီငှားကာ ပါလီမန်အဆောက်အအုံကြီးဆီသို့ လာခဲ့ကြ၏။ ဂိတ်ပေါက်တွင် ရဲများ ဂိတ်စောင့်များက ဆီးကြိုပြီး လမ်းပြကြပါသည်။ အောက်လွှတ်တော်ခန်းမ ကြီးအတွင်းသို့ မရောက်မီ မျက်နှာစာခန်းအတွင်းသို့ အလျှင်ရောက်လာကြသည်။ မီးပန်းဆိုင်းကြိုးများ ထိန်လင်းနေပြီး မွေးပွကတ္တီပါ ကော်အေကြိုးများ ခန်းလုံးပြည့်ခင်းထားသည်။ နံရံ၌ ဗြိတိသျှပါလီမန်သမိုင်းတွင် ထင်ရှားသော ပါလီမန်အမတ်များ၊ နန်းရင်းဝန်များ၏ ပုံတူပန်းချီကားများကို ခြယ်ထားသည်။ ဆာရောဘတ်ဝါလ်ပို၊ ဝီလျံပစ် စီနီယာနှင့် ဂျွန်နီယာ၊ နန်းရင်းဝန်ကြီး ဒစ်ဇရလီနှင့် ဂလက်စတုန်းတို့ပုံများ ခမ်းနားစွာတွေ့ရသည်။ ကြိုဆိုနေသူများကတော့ မြန်မာသံအမတ်ကြီး ဦးအောင်စိုးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ဟောင်း ဆာဂေါပုသ်နှင့် လေဒီဂေါပုသ်၊ စာရေးဆရာမကြီး ဒေါ်ရသိဝုဒ်မင်းနှင့် အခြားမြန်မာကို ခင်မင်သော အင်္ဂလိပ်များ ဖြစ်သည်။ ညစာလက်မှတ်ကတ်ပြားများ သိမ်းယူပြီး စားပွဲခုံနှင့် ထိုင်ခုံ နံပါတ်များကို ပေးပါသည်။

ပုဂ္ဂိုလ်ကြီးများကို ဝါစဉ်အလိုက် တစ်ဦးစီ လက်ဆွဲနှုတ်ဆက်ပြီး အဖျော်ယမကာမျိုးစုံနှင့် အမြည်းထည့်ထားသော လင်ပန်းကို လှပငယ်ရွယ်သော ဘိုမကလေးတစ်ဦးက ယဉ်ကျေးသိမ်မွေ့စွာ အနားသို့ ယူလာပါသည်။ အာလူးကြော်သုံးလေးခုကို ခက်ရင်းနှင့် ဟန်ပါပါ ယူဝါးလိုက်ပြီးနောက်မှ ယမကာခွက်ကို စတိုင်ကျကျ ကောက်ယူရင်း 'သင့်ခယူ၊ မစ်စ်' (ကျေးဇူးပါပဲ လုံမလေးရယ်) ဟု ပြောလိုက်ရာ သူမက 'သင့်ခယူ' ဆိုပြီး ဦးညွှတ်ကာ အခြားလူအုပ် တစ်ခုဆီသို့ လှည့်ထွက်သွားပါသည်။

ဗြိတိသျှ အိမ်ရှင်မတွေ တည်ထောင်သော အင်ပါယာကြီး။ ။ နာရီဝက်ခန့် ကြာလျှင် အခမ်းအနားမှူးက ညစာစားပွဲ စတင်ရန် အချိန်ကျပြီဖြစ်၍ မိမိတို့ ဆိုင်ရာစားပွဲတွင် နေရာယူကြရန် နှိုးဆော်ပါသည်။ မိနစ်အနည်းငယ်အတွင်း ကိုယ့်နေရာကိုယ် ထိုင်ပြီး ဖြစ်သွားသည်။ စာရေးသူတို့စားပွဲမှာ

ဗြိတိသျှနန်းရင်းဝန်ကြီး မက်မီလန်နှင့်တကွ မင်းညီမင်းသားတို့ ထိုင်သော စားပွဲရှည်ကြီးနှင့်ဝိုင်းသုံးဝိုင်းကျော်သာ ဝေးသည်။ စားပွဲရှည်ကြီး ကျောဘက်တွင် မြန်မာအလံနှစ်ခုကို ကြက်ခြေခတ်ထူထားသည်။ စာရေးသူ၏ ကုလားထိုင်သည် သူတို့နှင့်မျက်နှာချင်းဆိုင်ရှိနေသဖြင့် လှမ်းကြည့်၍ အားလုံးမြင်ရသည်။ မကြာမီ အခမ်းအနားမှူးက အစီအစဉ်များကို ဖတ်ကြားပြီး ညစာစားပွဲကြီး ဖွင့်လှစ်ကြောင်း ကြေညာလိုက်ရာ အားလုံးက လက်ခုပ်တီး၍ ကြိုဆိုကြပါသည်။

လက်ခုပ်သံများ ငြိမ်သွားသောအခါ ဒုတိယအစီအစဉ်ကို ဆက်၍ ဆောင်ရွက်ပါသည်။ မြန်မာအစိုးရက စေလွှတ်လိုက်သော သံအဖွဲ့ခေါင်းဆောင် ဦးချန်ထွန်း (ထိုအချိန်က တရားဝန်ကြီး) က "မြန်မာနိုင်ငံတော်သမ္မတကြီး၏ ကိုယ်စားလှယ်တော်အဖြစ် ရောက်လာကြောင်း၊ အောင်ဆန်းအက်တလီစာချုပ် ဆယ်နှစ်မြောက် အထိမ်းအမှတ် ကျင်းပသော သမိုင်းဝင်ညစာစားပွဲအတွက် မြန်မာနိုင်ငံတော်သမ္မတကြီး၏ သဝဏ်လွှာကို မိမိက ဖတ်ကြားရသည့်အတွက် အထူးဂုဏ်ယူမိကြောင်း" စသည်ဖြင့် ပဏာမချီပြီး သဝဏ်လွှာကို ဩဇာသံနှင့် ဖတ်ကြားလိုက်ပါသည်။

"မြန်မာနိုင်ငံတော် သမ္မတကြီးအနေနှင့် နှုတ်ခွန်းဆက်လိုက်ကြောင်း၊ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ ခရီးတစ်လျှောက်တွင် မြန်မာတို့ဘက်မှ ပါဝင်အကျိုးဆောင်ခဲ့ကြသော ဗြိတိသျှတို့မှာ မြန်မာ့မိတ်ဆွေများဖြစ်ကြောင်း၊ သူတို့ကို မြန်မာလူထုက ထာဝရ ကျေးဇူးတင်နေကြကြောင်း၊ မြန်မာတို့လွတ်လပ်ရေးရခဲ့သည်မှာ မြန်မာတိုင်းရင်းသားအားလုံး၏ချွေး၊ သွေး၊ အသက်အိုးအိမ်စည်းစိမ်တို့နှင့် ရင်းနှီးခဲ့ရသည့်အပြင်၊ မြန်မာ့မိတ်ဆွေ ဗြိတိသျှတို့၏ ရိုင်းပင်းမှုလည်းပါကြောင်း၊ ယခုလွတ်လပ်သော မြန်မာနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်မှာ ဆယ်နှစ်ကြာပြီဖြစ်ပြီး၊ မြန်မာတိုင်းရင်းသားတို့သည် လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်ထိန်းသိမ်းသွားကြမည်ဖြစ်ကြောင်း မြန်မာတို့က ဗြိတိသျှကိုလိုနီဝါဒနှင့် နယ်ချဲ့မှုကို ဆန့်ကျင်တိုက် ခိုက်ခဲ့ကြသော်လည်း ဗြိတိသျှနှင့် မြန်မာတို့မှာ မိတ်ဆွေများဖြစ်ကြောင်း၊ ဧရာဝတီမြစ်ရေအလျဉ်သည် အဆက်မပြတ် တသွင်သွင် စီးနေသကဲ့သို့ ဗြိတိန်–မြန်မာ ချစ်ကြည်ရေးသည်လည်း အဓွန့်ရှည်စွာ ရှင်သန်နေမည်ဖြစ်ကြောင်း" တို့ကို သေချာစွာ

ရွေးချယ်သုံးနှုန်းထားသော သံတမန်စကား၊ ဝါကျများနှင့် ရေးထားသော သဝဏ်လွှာဖြစ်ပါသည်။

ဖတ်အပြီး လက်ခုပ်သံများ စဲသွားသောအခါ ဦးချုန်ထွန်းက "ဗြိတိသျှ ဘုရင်မကြီး သက်တော်ရာကျော် ရှည်ပါစေ" ဟု ဆုတောင်းပတ္ထနာ ပြုရန် အဖျော်ယမကာများကို ခွက်ချင်းတေ့ သောက်ကြရန် အဆိုပြုပါသည်။ (Proposal for toast to the Queen) ဤတွင် ထိုထုံးစံကို ဆောင်ရွက်ပေးသူ Toast Master ခေါ် ပုဂ္ဂိုလ်သည် ရှေးအစဉ်အလာဝတ်စုံကို ဝတ်ဆင်ထားပြီး ဟန်ပါပါ ထွက်လာပါသည်။ စားပွဲထောင့်စွန်းဌ် တင်ထားသော သစ်သားတုံး ကလေးကို သူ့လက်တွင် ကိုင်ထားသော သစ်သားတူနှင့် ခပ်မြည်မြည် သုံးကြိမ်ခေါက်ပြီး (Silence please) 'ကျေးဇူးပြု၍ ငြိမ်ကြပါခင်ဗျာ'ဟု အော်ပါသည်။ ငြိမ်ကျသွားသောအခါ

My Lords, Your Excellencies, Right Honourable MPs, Ladies and Gentlemen ဟူ၍ ပရိသတ်အတွင်းရှိ ထင်ရှားသော ပုဂ္ဂိုလ်ကြီးတို့၏ ရာထူးဂုဏ်၊ မျိုးရိုးဇာတိဂုဏ်၊ ဘွဲ့ဂုဏ်တို့ကို ဝါစဉ်အလိုက် ထုံးစံအလိုက် အခေါ်အဝေါ်များနှင့် ခွန်းဆင့်လိုက်ပြီးနောက် "မြန်မာနိုင်ငံတော်သမ္မတကြီး၏ ကိုယ်စားလှယ်တော်ကြီး တရားရေးဝန်ကြီး ဦးချုန်ထွန်းက ဗြိတိသျှဘုရင်မကြီးအတွက် ဆုတောင်းပတ္ထာနာပို့သော အဖျော်ယမကာ ခွက်ချင်းတေ့သောက်ရန် အဆိုပြုပါကြောင်း" ဟု ဘီသိတ်ဆရာ၏အသံနှင့် ရွတ်လိုက်ရာ အရက်ခွက်ကိုယ်စီကိုင်ပြီး မတ်တပ်ရပ်ကြပါသည်။ အရက်မသောက်တတ်သူများက လိမ္မော်ရည်၊ သစ်သီးရည်၊ ဆိုဒါခွက်များကို ကိုင်ကြ၏။ Toast Master က To Her Britanic Majesty, The Queen ဟု ဆိုပြီး အရက်ခွက်ကို တစ်မော့တည်း သောက်ချလိုက်ကြ၏။ ပြန်ထိုင်လိုက်ကြပြီး လက်ခုပ်သံများ တခဲနက်ထွက်လာပါသည်။ ၅ မိနစ်ကြာသော အခါ Toast Master, က ထုံးစံအတိုင်း တူနှင့်ခေါက်၍ ငြိမ်ခိုင်းပြန်ပြီး၊ ဗြိတိသျှနန်းရင်းဝန်ကြီး မက်မိက မြန်မာနိုင်ငံတော်သမ္မတကြီးအတွက် ဆုတောင်း Toast လုပ်မည်အကြောင်းပြောပြီး ထုံးစံအတိုင်း နောက်တစ်ချီ ခွက်ချင်းမြှောက်တေ့ပြီး မော့လိုက်ကြပြန်သည်။ တတိယနှင့် စတုတ္ထအကြိမ်မှာ မြန်မာသံအမတ်ကြီးက ဗြိတိသျှနန်းရင်းဝင်ကြီးအတွက်နှင့် ဗြိတိသျှ

နန်ရင်းဝန်ကြီးက မြန်မာသံအမတ်ကြီးအတွက် အပြန်အလှန် ဆုတောင်းသော Toast များဖြစ်ပါသည်။

Toast မော့သော အစီအစဉ်ပြီးသောအခါ ညစာကျွေးပါတော့သည်။ အခမ်းအနားမျူးက ညစာသုံးဆောင်နိုင်ပြီဟု ဖိတ်ခေါ်လိုက်ပါသည်။ ညစာမှာ (Course dinner) ပွဲစုံခင်းသော ညစာဖြစ်သည်။ ပထမဦးဆုံး နွားမြီးနုနုကလေးများကို ထောပတ်နှင့် တို့ဝါးရင်း စွပ်ပြုတ်ကိုမြည်းကြ၏။ လက်သုတ်ပုဝါကို ခါးတွင်ညှပ်၊ ပေါင်ပေါ်သို့ ဖြန့်လွှမ်းပြီး ဟင်းချိုဖွန်းကို ဟန်ပါပါကိုင်ကာ သောက်ကြ၏။ အရက်ခွက်များကို စားပွဲထိုးက လိုက်ဖြည့်ပေးသည်။ စွပ်ပြုတ်မှာ အင်္ဂလိပ်ဆန်ဆန် ပြုတ်ထားသဖြင့် ဟင်းမွေးမဆလာ၊ ချင်း၊ ငရုတ်၊ ကြက်သွန်မပါ၊ ညှီစိုစို ဖြစ်နေသည်။ ငရုတ်ကောင်းမှုန့်နှင့် ဆားဘူးကို လှမ်းယူသုံးရသည်။ စာရေးသူသည် လော့ရီဒင်းနှင့် လေဒီရီဒင်း တို့အကြားရောက်နေသည်။ လေဒီရီဒင်းမှာ စားပွဲဝိုင်းတွင် ဦးဆောင်သူ ဖြစ်နေသည်။ သူ စစားမှ အားလုံးစားသည်။ သူကပင် စကားစပြောပါသည်။

"ဘိလပ်က မြန်မာပြည်လို မနွေးဘူးနော်၊ ဒီမှာ ဆောင်းရာသီဟာ သိပ်ဆိုးတာပဲ"

"ကျွန်တော့်တို့ဆီမှာ နွေဆိုရင် အလွန်ပူတာလိုပေါ့။ ဒါပေမယ့် ဒီမှာ နေသားကျသွားပါပြီ"

စွပ်ပြုတ်ပြီးလျှင် ငါးပွဲလာချသည်။ ငါး၊ ဒိန်ခဲ၊ ထောပတ်နှင့် လုပ်ထားသော (Fish Cake) ခေါ် ငါးကိတ်ခဲသုံးခု၊ အမြှောင်းလိုက် လှီးကြော်ထားသော အာလူးတို့ကို မတ်စတတ် (Mustard) ခေါ် အချဉ်အစပ်ရည် ပျစ်ပျစ်နှင့် ခရမ်းချဉ်သီးဆော့ (Tomato Sauce) နှင့် တို့စားရပါသည်။ ဘူးသီးကြော်ကို အချဉ်ရည်နှင့် တို့စားသော မြန်မာ့အစာနှင့် တူ၏။ လေဒီရီဒင်းက စကားဆက်သည်။

"အင်္ဂလိပ် အစားအစာကို ကြိုက်ရဲ့လား၊ အရသာတွေ့ရဲ့လား"

"လာခါစတုန်းက မစားတတ်ဘူး၊ ယခုတော့ အကျင့်ရသွားပြီ"

"မစ္စတာညွန့်က စကားတတ်တယ်၊ မကြိုက်ဘူး ကြိုက်တယ်လို့လည်း မပြောဘူး"

"ဒီလိုရှိပါတယ်ခင်ဗျား၊ ကျွန်တော် ငယ်ငယ်ကဖတ်ဖူးတဲ့ စာပိုဒ် ကလေးတစ်ခုကို သတိရမိတယ်"

"အို... ဘယ်လိုပါလိမ့်၊ နားထောင်ပါရစေလားရှင်"

"ဗြိတိသျှအင်ပါယာကြီး တည်ထောင်လာတာဟာ ဗြိတိသျှအစိုးရ အဆက်ဆက်တွေက နယ်ချဲ့လို့ မဟုတ်ဘူးတဲ့။ ဗြိတိသျှလူမျိုးတွေဟာ မူလက ကိုယ့်အိမ်ကိုယ့်ယာ ကိုယ့်အရပ်ကို အတော်ခင်ကြတယ်။ ရပ်ဝေးမြေခြား မသွားလိုဘူးတဲ့"

"ဒါဖြင့်ရင် အင်ပါယာကြီးကို ဘယ်လို ထူထောင်လာပါသတဲ့လဲ"

"ဗြိတိသျှ အိမ်ရှင်မတွေက တည်ထောင်တာဆိုပဲ၊ သူတို့ချက်ကျွေးတဲ့ အစားအစာတွေက သူတို့လင်ယောကျ်ားတွေကို ရပ်ဝေးမြေခြား တိုင်းတစ်ပါး ထွက်ခွာသွားအောင် မောင်းထုတ်ပစ်လိုက်တာတဲ့။ ဒီတော့ ရောက်ရာအရပ်မှာ ကိုလိုနီတွေ တည်ထောင်လာရင်း အင်ပါယာကြီး ဖြစ်လာတာပဲတဲ့"

စားပွဲဝိုင်းတစ်ခုလုံး 'ဝါး' ခနဲ ပွဲကျသွားပါသည်။ စာရေးသူ၏ စကားအကျကို လော့ရီဒင်းက ပြန်ကောက်ပြန်ပါ၏။

"ကျွန်တော်လည်း ငယ်ငယ်ကဖတ်ဖူးတဲ့ စာကြောင်းကလေးတစ်ခု ပြောချင်ပါတယ်။ အဲဒါကတော့ 'ဆွစ်ဇာလန်ပြည်မှာ နေထိုင်ပြီး၊ တရုတ်အစားအစာကိုစား၊ ဂျပန်မလေးတွေကို ယူထားရရင် လောကအရသာပဲတဲ့ (Living in Switzer Land, eating Chinese food, having a Japanese wife is paradise.)

"အံမယ်... တယ်ကောင်းတဲ့ စာကြောင်းကလေးပဲ၊ မှတ်ထားချင်လိုက်တာ"

"ဆွစ်ဇာလန်မှာတော့ ခဏခဏ သွားအနားယူဖူးတယ်။ တယ်ပြီး ငြိမ်းချမ်းသာယာပါတယ်။ တရုတ်အစားအစာဆိုရင်လည်း သံတမန်ဧည့်ခံပွဲမှာ စားရပေါင်းများပြီး အားလုံးကောင်းတယ်။ အဲဒီ စာကြောင်းလေးဟာ ကျွန်တော်လက်တွေ့အရ မှန်တယ်၊ ဒါပေမယ့်..."

"ဆက်ပြောပါဦး လော့ကြီးရယ်၊ ဂျပန်မကလေးကို ယူထားဆိုတဲ့ အပိုင်းကရော"

"အဲဒါကတော့ နောက်ကျပြီထင်ပါရဲ့ဗျာ၊ လက်တွေ့မစမ်းလိုက်ရဘူး"

လေဒီရီဒင်းဘက်သို့ မျက်စေ့စောင်းပြီး ခပ်ရွှန်းရွှန်းပြောလိုက်ရာ ဒုတိယအကြိမ်ပွဲကျသွားပြန်ပါသည်။

လေဒီရီဒင်း၏ မျက်နှာသည် ရုက်သွေးဖြန်းသွားသဖြင့် ပန်းနုရောင် သန်းသွားပြီး မဲ့ပြုံးပြုံးလိုက်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးပေးသူမှာ လေဘာအစိုးရ။

ငါးပွဲများ စားအပြီး၊ ရုန်ပိန်နှင့်ဝိုင်များကို ခွက်မော့သောက်လိုက် ကြပြန်သည်။ သည့်နောက် မိန်းဒစ်ရှ် (Main Dish) ဟင်းခွက်ကြီးကို တည်ခင်းပါသည်။ အမဲကင် (Roast Beef)၊ နွားနို့ ထောပတ်နှင့်လောင်း ထားသော အာလူးထောင်း (Mashed Potatoes) နှင့် ပူတင်းခဲများကို ပန်းကန်ပြားတွင် လှပစွာပြင်၍ ယူလာပါသည်။ ဂရေဗီခေါ် ဟင်းရည်အပျစ် ကို သီးခြားခွက်တွင် ထည့်ပေးသည်။ သဲလွင်ဆိသုတ်ပြီး ကင်ထားသော အမဲသားသည် မဆလာမပါ၊ ဆားမပါသဖြင့် မြန်မာ့လျှာနှင့် မတွေ့ပါ။ စားပွဲပေါ်ရှိ ငရုတ်ကောင်းမှုန့်၊ ဆားနှင့် ဟင်းရည်ကူပါမှ စားနိုင်ရုံရှိ၏။

"ဒါကတော့ အင်္ဂလိပ်အစားအစာ အစစ်ပဲဗျ"

အနားမှာရှိသော အင်္ဂလိပ်ကြီးတစ်ဦးက စကားစပြန်သည်။

"ဟုတ်ပါတယ်ခင်ဗျား၊ ကျွန်တော့် လင်းလေဒီက ဒီဟင်းမျိုးကို တစ်ပတ် သုံးခါလောက် ကျွေးနေတော့ သိနေတာပေါ့"

"ဒို့ပြင်ကော ဘယ်လိုအင်္ဂလိပ်အစာမျိုး သိသေးလဲ"

"ဖော်မြူလာ ဆန်ဆန်ပဲခင်ဗျာ၊ မနက်စာအတွက် ဖွဲနု၊ ယာဂု၊ ဝက်ပေါင်ခြောက်၊ ကြက်ဥပြုတ်၊ ပေါင်မုန့်မီးကင်၊ ထောပတ်သုတ်၊ လက်ဖက် ရည်ချို၊ သောကြာနေ့ဆိုရင် ငါးပြုတ်၊ ငါးကြော်ကင်၊ ငါးကြော်၊ အာလူး ကြော်၊ လင်းလေဒီက ဗရင်ဂျီဘာသာဝင်ကိုး၊ ညစာဆိုရင် ကြက်ဥကြော်၊ အာလူး၊ အမဲပြုတ်၊ အမဲကင်၊ ဟင်းရွက်ပြုတ်၊ အာလူးထောင်း သဲသရာလည် နေတာပါပဲ။ ဒါပေမယ့် ဟင်းခွက် အမည်ကလေးတွေက ကဗျာဆန်သဗျ၊ ပြင်သစ်အမည်လဲပါသေးတယ်"

"ဟား... ဟား... ဟား... ဒီလိုဆို မငြိုးငွေ့ဘူးလား၊ ကြက်၊ ဘဲ တို့များတော့ မချက်ဘူးလား"

"တစ်နှစ် တစ်ခါတော့ ကြုံရပါတယ်။ ခရစ္စမတ်နေ့ ညစာမှာပေါ့။ ကြက်ဆင်ကြီးတစ်ကောင်လုံး ကင်ကျွေးတယ်ဗျ။အရသာရှိလိုက်တာလွန်ရော"

"ကျုပ်တို့ အင်္ဂလိပ်တွေဟာ အစားကို ထွေထွေရာရာ မစားတတ်

ဘူးဗျ၊ စားမိရင်လည်း ဗိုက်နာတတ်တယ်"

"တစ်နည်းတော့ ကောင်းတယ်၊ အင်္ဂလိပ်မတွေဟာ ဒါကြောင့် ဘောဒီဖီဂါ (Body's Figure) ခန္ဓာကိုယ် အလှမပျက်တာ၊ အသက် ဘယ်လောက်ကြီးကြီး ဘုတ်ဆုံ ဖြစ်မသွားဘူး။ ဂစ်တာရှိတ်ပဲ"

"အို...ယူအာ ဗဲရီးကိုင်း (Oh! you are very kind. Thank you) အို ရှင်က သိပ်ပြီး ကြင်နာနှစ်သိမ့်တတ်တာပဲ။ ကျေးဇူးတင်လိုက်တာ" နေ့စဉ် လိမ္မော်ရည်နှင့် ပေါင်မုန့်တစ်ချပ်စားသော ဖက်ရှင်မယ်။ လေဒီရီဒင်းနှင့် အခြားအင်္ဂလိပ်မ နှစ်ဦးတို့သည် အထက်ပါ အာမေဠိတ်ကလေးနှင့် ပြောလိုက် ကြပြီး ရုက်သွေးဖြာသည်အထိ ကျေနပ်ကြည်နူးသွားကြ၏။ စာရေးသူသည် လုပ်ကြပြီး ချီးကျူးနေခြင်းမဟုတ်ပါ။ အင်္ဂလိပ်မများသည် အများအားဖြင့် ကိုယ်အလှမပျက်အောင် အစားဆင်ခြင်ကြသည်။ အီတာလျံ၊ ဂျာမန်၊ စပိန်၊ ရုရှားစသော အမျိုးသမီးများမှာ အရှေ့တိုင်းသားတို့ကဲ့သို့ အစားကိုမက်သည်။ အဆီအဆိမ်ကို ကြိုက်သည်။ ထို့ကြောင့် ၂၀ ကျော်လျှင် ဘုတ်ဆုံ ဖြစ်တာ များသည်။ လိမ္မော်ရည်နှင့် ပေါင်မုန့် တစ်ချပ်သာ နေ့တိုင်းစားပြီး အလှမပျက် အောင် ကြိုးစားသော အင်္ဂလိပ်ဖက်ရှင်မယ်တစ်ဦး အာဟာရဓာတ်ချို့တဲ့ပြီး ဝမ်းပေါက်ကာ သေဆုံးဖူးသည်။

ကော်ဖီမည်းနှင့် အထက်တန်းလွှာ အသိုင်းအဝိုင်း။ ။ ဟင်းခွက်ကြီးပြီး အချို့ပွဲရောက်လာပါသည်။ သစ်သီးမျိုးစုံကို ချယ်ရီနှင့် ဆိုက်ဒါခေါ် အရက်ချို၊ သကြားရည်နှင့် မလိုင်များနှင့် ရောထားသော သီးစုံသုပ်ဖြစ်သည်။ အချို့ ဧည့်သည်များက ရှန်ပိန်အနည်းငယ်ရောမွှေပြီး စားကြပါသည်။ သည့်နောက် ကော်ဖီ၊ လက်ဖက်ရည် ကြိုက်ရာရွေးသောက်ရသည်။ ကော်ဖီတွင် ကော်ဖီမည်း (ကာဖေးန္နား) တို့ အသောက်များသည်။ ကာဖေး =ကာဖီးန္နား အမည်းရောင် ဟူ၍ ပြင်သစ်လို ခေါ်ခြင်းဖြစ်သည်။ လက်ဖက်ရည်ကိုမူ တေးအိုလေး (တေးလက်ဖက်၊ အိုလေး-နွားနို့) ပြင်သစ်လိုခေါ်သော လက်ဖက်ရည် ချိုကို အသောက်များသည်။ ကော်ဖီမည်းသောက်ခြင်းသည် သံတမန်လောကနှင့် အထက်တန်းလွှာ အသိုင်းအဝိုင်းတွင် ဖက်ရှင်ဖြစ်နေသည်။ သံတမန် ဆက်ဆံရေး နှင့် ဥရောပယဉ်ကျေးမှုတွင် ပြင်သစ်စကားနှင့် ယဉ်ကျေးမှု စရိုက်များ လွှမ်းနေသည်။

အာဖရိကတိုက် ပြင်သစ်ကိုလိုနီများတွင်ရှိသော တိုင်းရင်းသား လူမည်းများထံမှ ကော်ဖီသောက်သော အကျင့်ကို ပြင်သစ်တို့က မူရင်းအတိုင်း ယူခဲ့ကြ၏။ ထို့ကြောင့် 'ကာဖေ' ဟူသော အသံထွက်မှန်အတိုင်း ခေါ်ပြီး သောက်သောအခါလည်း ကော်ဖီချည်းသက်သက် သောက်လာခဲ့ကြ၏။ ကင်းဝန်မင်းကြီး ပြင်သစ်သို့ရောက်စဉ်က ပြင်သစ်တို့အခေါ် (Cafe)ကာဖေကို အသံထွက်အတိုင်း မြန်မာလို ရေးခဲ့ပါသည်။ ကာလအကြာမှ 'ကာဖေ'မှာ 'ကာဖီ' ဖြစ်လာပြီး ယနေ့အထိ မြန်မာတို့က ခေါ်လျက်ရှိ၏။ အင်္ဂလိပ်တို့က ကော်ဖီ (Coffee) ဟု အင်္ဂလိပ်လက်ရောက်သည့် အချိန်မှစပြီး ဘိုဆန်သော် မြန်မာတို့က အင်္ဂလိပ်အသံထွက်ကို လိုက်ခေါ် ခဲ့ရာမှ 'ကာဖီ' မှ 'ကော်ဖီ' ဖြစ်လာရ၏။ တရုတ်စာစကားအရ လက်ဖက်ကို 'ချာ'ဟုခေါ်သည်။ တရုတ်ကမ်းရိုးတန်း ဖူကျင်ပြည်နယ်သားတို့က ဒေသန္တရစကားနှင့် 'တေ'ဟု ခေါ်သည်။ ယင်းနယ်သားတို့နှင့် ဆက်သွယ်မှုများသော ပြင်သစ်တို့က လက်ဖက်ကို 'တေ'ဟု မူရင်းအတိုင်း ခေါ်ခဲ့ ကြ၏။ တရုတ်ကုန်းတွင်းပိုင်း ပြည်နယ်များတွင် စာစကားပြောကြသည်။ ယင်းတို့နှင့် ဆက်သွယ်မှုများသော အိန္ဒိယသားတို့က 'ချာ'ဟူသော စာစကားအသံအတိုင်း ခံယူခဲ့၏။ သို့သော် ကာလကြာသဖြင့် လက်ဖက်ရည်ကို ကုလားတို့ 'ကြာ' ဟုခေါ်နေကြ၏။ စာရေးသူသည် 'တေ' ကို 'တီး' ဖြစ်အောင် အင်္ဂလိပ်မူပြုပြီးခေါ်ကြောင်း ဆွေးနွေးရင်း လက်ဖက်ရည်နှင့် ကော်ဖီဝေါဟာရတို့၏ သမိုင်းကြောင်း ဗဟုသုတများ ရနေသည်။

မက်မီလန်၏အပြော၊ အက်တလီ၏အထွေ။ ။ စားသောက်မှုပြီးသောအခါ ဗြိတိသျှနန်းရင်းဝန် မက်မီလန်၊ နန်းရင်းဝန်ဟောင်း လေဘာတီခေါင်းဆောင် မစ္စတာအက်တလီတို့ အချိအချ စကားပြောကြပါသည်။ မက်မီလန်က ဗြိတိသျှတို့သည် သဘောထားကြီးစွာနှင့် ကတိမပျက်ဘဲ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးခဲ့ကြောင်း၊ မြန်မာတို့က ဗြိတိသျှဓနသဟာယအဖွဲ့မှ ထွက်သွားခြင်းကိုပင် လိုက်လျောခဲ့ကြောင်း၊ ဓနသဟာယအဖွဲ့တွင် မနေသော်လည်း ဗြိတိသျှတို့က မြန်မာတို့နှင့်ချစ်ကြည်စွာ ဆက်ဆံခဲ့ကြောင်း၊ စီးပွားရေးနှင့်ပညာရေး အကူအညီများပေးလျက်ရှိကြောင်း စသည်ဖြင့် ပြောသွား၏။ အက်တလီအလှည့်သို့ ရောက်သောအခါ အတိုက်အခံနိုင်ငံရေး လုပ်ငန်း

များကို ခပ်ထေ့ထေ့ဝေဖန်ရင်း စကားပြောသည်။ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသူမှာ လေဘာအစိုးရဖြစ်ကြောင်း၊ စစ်ပြီးစအချိန်က ဗြိတိန်ရင်ဆိုင်ရသော ကိုလိုနီပြဿနာ၊ စီးပွားရေးအကျပ်အတည်း၊ လူမှုရေးပြဿနာ စစ်ဘေးဒဏ်တို့ကို လေဘာပါတီက အတတ်နိုင်ဆုံး ဖြေရှင်းပေးခဲ့ကြောင်း၊ အာကာသစူးစမ်းမှုဌာန နောက်ကျကျန်ရစ်နေကြောင်း၊ တိုင်းတစ်ပါးမှ ဂြိုလ်တုများ၊ ဗြိတိသျှအာကာသထဲဌာန တဂိဝိနှင့် ပျံသန်းနေပြီဖြစ်ကြောင်း ဟာသနှောပြောပြီး၊ ဗြိတိန် မြန်မာနှစ်နိုင်ငံ မိတ်ဝတ်မပျက် ဆက်ဆံရေး တည်မြဲစေရန် ဆန္ဒပြုပါသည်ဟူ၍ နိဂုံးချုပ်လိုက်ပါသည်။

သမိုင်းမှာ အကယ်၍သာ မရှိ။ ။ သူတို့နှစ်ဦး စကားပြောအပြီး၊ လေဒီရီဒင်းက စာရေးသူဘက်သို့လှည့်ပြီး…

"ဗိုလ်ချုပ်အောင်ဆန်းသာ လုပ်ကြံမခံရဘူးဆိုရင် မြန်မာပြည်ကို ဗြိတိသျှဓနသယာယထဲမှာနေဖို့ ဆုံးဖြတ်ချင်ဆုံးပြတ်မှာပဲလို့ ဆိုကြတယ်။ ဟုတ်နိုင်ပါ့မလားရှင့်"

"ဗိုလ်ချုပ်အောင်ဆန်းဟာ မြန်မာပြည်ရဲ့ခေါင်းဆောင်ကြီး ဖြစ်ပေမယ့် မြန်မာ့ကံကြမ္မာကို ဖန်တီးသူကတော့ မြန်မာတိုင်းရင်းသားလူထုသာ ဖြစ်ပါတယ်။ သမိုင်းမှာအကယ်၍သာ (If) ဆိုတဲ့ အဆိုမျိုးဟာ ဆန္ဒဒေါသပါတယ်။ ကျွန်တော်ဖတ်ဖူးတဲ့ 'အကယ်၍သာ နပိုလီယံဟာ ဝါတာလူး စစ်ပွဲကိုနိုင်ခဲ့ရင်' (Had Napolen Won the Battle of Waterloo) ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးရှည်ထဲကလို ဖြစ်နေပြီ"

"ဟုတ်တယ် ကျွန်မလည်း အဲဒီဆောင်းပါး ဖတ်ဖူးတယ်။ စာရေးဆရာမကြီး မက်ကော်လေးရေးတာ မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ သူကတော့ စိတ်ကူးကြည့်တာပါ။ စိတ်ကူးရင်းက သူ့ဆန္ဒဒေါသတွေ ပါလာတယ်။ နပိုလီယံဟာ ဝါတာလူးစစ်ပွဲကို နိုင်မှမနိုင်ဘဲ။ နိုင်တဲ့သူက ဗြိတိသျှစစ်ဗိုလ်ကြီး ဝဲလင်တန်ပဲ"

စားပွဲရှိဗြိတိသျှ မိတ်ဆွေများသည် သူတို့၏သမိုင်းဝင် စစ်ဟီးရိုးကြီးကို ချီးကျူးသဖြင့် သဘောကျသွားကြဟန်တူသည်။

"အဲဒီလိုပဲပေါ့၊ ဗိုလ်ချုပ်အောင်ဆန်းဟာလည်း လုပ်ကြံခံရတယ်။ သေရွာလိုက်ပြီးမေးလို့လည်း မဖြစ်ဘူး။ သမိုင်းဆိုတာ အမှန်ဖြစ်တဲ့ဖြစ်ရပ်

တွေ (True Facts) နဲ့သာဆိုင်တယ်။ ဖြစ်ချင်တာတွေ (Wishful Thinking) နဲ့ မဆိုင်ဘူး။ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးနောက် ပေါ်လာတဲ့ တကယ့်ဖြစ်ရပ်ကတော့ မြန်မာပြည်ဟာ ဓနသဟာယအဖွဲ့မှာမပါဘဲ လွတ်လပ်ရေးကို ယူခဲ့တာပဲ"

"ကျွန်မတို့အဖို့ သမိုင်းပါရဂူတစ်ယောက်နဲ့ ယခုလိုသမိုင်းကြောင်းကို ဆွေးနွေးရတာ အကျိုးရှိလှသရွင်"

"လေဒီရီဒင်းခင်ဗျား၊ ကျွန်တော်ဟာ ဒီချီးကျူးမှုကို မခံထိုက်သေးပါဘူး။ ကျောင်းသားပဲရှိသေးတယ်"

ည ၁၀ နာရီခွဲသာသာတွင် ညစာစားပွဲကြီး ပြီးပါသည်။ အသီးသီး နှုတ်ဆက်ပြီးပြန်ကြရာ လူစုကွဲသွားကြလေပြီ။ အပြင်ဘက်တွင် လန်ဒန်တစ်မြို့လုံး နှင်းဖုံးနေသည်။ လကလေးမှိန်မှိန် နှင်းတဖွေးဖွေး လမ်းများမှ တက္ကစီနှင့် ပြန်လာခဲ့ပါသည်။ ညစာစားပွဲတွင် ပြောဆိုဆွေးနွေးခဲ့ရသော အကြောင်းစုံကို အပြန်လမ်းတစ်လျှောက် စားမြို့ပြန်တွေးရင်း ကျေနပ်မိ၏။

❐

ထီးကောက်နှင့်လမ်းလျှောက်နေသော ဘုရင်ခံမင်းကြီး

မြန်မာနိုင်ငံ၏ နောက်ဆုံး ဗြိတိသျှဂါဗနာမင်းကြီးအဖြစ် အမှုထမ်းသွားသော အသက် ၇၅ နှစ်အရွယ်ရှိ ဆာဟူးဘတ်ရန့်စ်သည် ၁၉၇၄ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကွယ်လွန်သွားရှာလေပြီ။ သူ့သေဆုံးကြောင်းကို သတင်းစာတွင် ဖတ်မိသောအခါ စာရေးသူသည် လွန်ခဲ့သော ၁၂ နှစ်ကျော်က ဘိလပ်၌ သူနှင့် တွေ့ဆုံခဲ့ဖူးသည်ကို ပြန်သတိရမိပါသည်။

၁၉၅၇ ခုနှစ်၊ မေလ စနေ တစ်နေ့၏ ညနေခင်းတွင် စာရေးသူသည် လန်ဒန်မြေအောက်မီးရထားနှင့် ဂရင်းပတ် (Green Park) ဘူတာသို့ ထွက်လာခဲ့ပါသည်။ ဘိလပ်ပြန် မြန်မာအသင်းမိတ်ဆုံပွဲသို့တက်ရန် အိုဘာဆီးလီ (Over Sea League) ခန်းမကြီးဆီသို့လာခြင်း ဖြစ်သည်။ ရထားတွဲထဲ၌ မျက်နှာချင်းဆိုင်ထိုင်၍ လိုက်ပါလာသော အင်္ဂလိပ်ကြီးကို မြင်ဖူးပါသည်ဟု ထင်မိရင်း ဘယ်နေရာမှာ မြင်ဖူးကြောင်း စဉ်းစားနေမိသည်။ အရပ်အမောင်း ကောင်းကောင်း၊ ဥပမိရုပ် သန့်သန့်ခန့်ခန့်၊ နူတ်ခမ်းမွေးကားကား၊ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားပြီး လောင်ကွတ်ကြီးကို ရုံထားသည်။ ထီးနက်ကို ကျစ်လျစ်စွာလိပ်ပြီး၊ ဒူးနှာတွင် မှီထားသည်။ လက်တွင် လန်ဒန်တိုင်း သတင်းစာကို ကိုင်ပြီး မျက်မှန်ထူကြီးနှင့် အာရုံစိုက်ဖတ်နေသည်။ သို့သော် စာရေးသူက သူ့ကိုစိုက်ကြည့်နေကြောင်း ရိပ်မိဟန်တူသည်။ မျက်မှန်ဝိုင်းပေါ်မှ ကျော်ပြီး စာရေးသူကို လှမ်းကြည့်လိုက်ရာ အကြည့်ချင်းဆုံမိသွားသည်။

ဂရင်းပတ်ဘူတာရောက်၍ စာရေးသူဆင်းသောအခါ သူလည်းဆင်းလိုက်လာသည်။ မြေအောက်မှ ဓာတ်လှေကားနှင့် မြေပေါ်သို့ တက်လာသောအခါသူလည်း ပါလာသည်။ သို့နှင့် ဘူတာမှထွက်လာပြီး အိုဘာဆီးလိသို့ လျှောက်လာပြန်သောအခါ၊ သူလည်း ထပ်ကြပ်မကွာ လိုက်လာပြန်ပါသည်။ စာရေးသူသည် တစ်ခါသာ ရောက်ဖူးသေးသော အိုဘာဆီးလိသို့ လွယ်လွယ်မသွားတတ်သေးပါ။ မိတ်ဆွေဖွဲ့ပြီးလည်း ဖြစ်စေတော့၊ လမ်းလည်းသိစေတော့ဟု စိတ်ကူးမိပြီး အင်္ဂလိပ်ကြီးကို လှမ်းမေးလိုက်ပုံမှာ...

"တဆိတ်ကလေး လူကြီးမင်းခင်ဗျာ၊ အိုဘာဆီးလိကို ဘယ်လိုသွားရပါသလဲ"

"မဝေးပါဘူး၊ ဟောဟို ယာဉ်ထိန်းမီးတိုင်အလွန် ညာဘက်ချိုးရုံပဲ။ ကျွန်တော်လည်း အဲဒီသွားမလိုပဲ၊ ခင်များက မြန်မာအမျိုးသားထင်ပါရဲ့"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဘိလပ်မြေမာအသင်းရဲ့ မိတ်ဆုံပါတီသွားမလို့ပါ။ ဒါနဲ့ လူကြီးမင်းကို မြင်ဖူးတယ်ထင်ရဲ့။ ဒါကြောင့် ရထားထဲမှာတုန်းက လိုက်ကြည့်နေမိတာ၊ ရိုင်းတယ်လို့တော့ မထင်ပါနဲ့နော်"

"ဟယ်...ဟင်... ဟုတ်သားပဲ၊ မြင်ဖူးဆို ဓာတ်ပုံထဲ သတင်းစာထဲမှာ မြင်ဖူးခဲ့တာပါ။ ယခုတော့ လူကိုယ်တိုင်တွေ့ရလို့ ဝမ်းသာလိုက်တာဗျာ"

နှစ်ယောက်သား လက်ဆွဲ နှုတ်ဆက်ကြပါသည်။ စာရေးသူ၏ ဟယ်နှင့် ဟင်ဟူသော အာမေဠိတ်နှစ်ခုကို သူကောင်းစွာ သဘောပေါက်ဟန်တူသည်။ 'ဟယ်' ဆိုသည်မှာ မမျှော်လင့်ပဲ သမိုင်းဝင်ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို တွေ့လိုက်ရ၍ 'ဟယ်' လိုက်ခြင်းဖြစ်ပါသည်။

"ဟင်" ဆိုသည်မှာမူ သူ့လို ပုဂ္ဂိုလ်ကြီးတစ်ယောက် အခမ်းအနားမပါ၊ တစ်ဦးတည်း မြေအောက်ရထားနှင့်လာပြီး စာရေးသူတို့လို ထီးကောက်နှင့် လမ်းလျှောက်နေခြင်းကို အံ့သြမိ၍ 'ဟင်' သွားမိခြင်းဖြစ်သည်။ မြန်မာပြည်မှာဆိုလျှင် ဂါဇနာမင်းကြီးအနေနှင့် ဗြိတိသျှမင်းစိုးရာဇာများသာ စီးသော ရိုလ်စ်ရွိုက် (Rolls Royce) မှန်လုံကားကြီးစီးပြီး ရှေ့နောက်ကိုယ်ရံတော်တွေနှင့် သွားမည်။ စာရေးသူတို့လို ပါမွှားနှင့် တွေ့နိုင်ဖို့ဝေးစွ၊ သူစံမြန်းရာ ဂါဇနာမင်းကြီး၏ အိမ်တော်၏ ဂိတ်ပေါက်ဝသို့ပင် သွားခွင့်ရှိမည်မဟုတ်။ ယခုတော့ ဂါဇနာမင်းကြီးခမျာ ထီးထမ်း လမ်းလျှောက်ဘဝ ရောက်နေရှာ

ပေပြီ။ သခ်ါရ၊ သခ်ါရ၊ သို့သော် ရန့်စ်ကား လောကခံတရား၏ ရိုက်ခတ်သောလှိုင်းကို ကြံ့ကြံ့ခံထားသော ကျန်ခြေကို ဆောင်နေသည်။ ထွေရာလေးပါးပြောရင်း အိုဘာဆီးလိသို့ ရောက်လာကြသည်။

ဤကား... ရန့်စ်နှင့် တွေ့ကြုံသိကျွမ်းရသော အဖြစ်အပျက်ကလေးဖြစ်ပါသည်။ ထိုနေ့မှစ၍ မိတ်ဆွေဖြစ်ခဲ့ရာ ဘိလပ်-မြန်မာအသင်း၏ မိတ်ဆုံစားပွဲတိုင်း၊ လူပ်ရှားမှုတိုင်းတွင် သူနှင့်တွေ့နေကျ စကားပြောနေကျ ဖြစ်၏။ သူနှင့်မိတ်ဆွေဖြစ်ပြီးနောက် သူ့သမီးနှင့် မိတ်ဆွေဖြစ်ရန် အကြောင်းတိုက်ဆိုင်လာပြန်ပါသည်။ တနင်္ဂနွေနေ့တစ်နေ့တွင် စာရေးသူက စာရေးမကြီး ဒေါ်ရသီဝုဒ်မင်းကို ဖိတ်ပြီး မြန်မာထမင်းချက်ကျွေးရပါသည်။ ဒေါ်ရသီက ရန့်စ်၏ သမီးငယ် လေဒီရန့်စ်ပါခေါ်လာပြီး မိတ်ဖွဲ့ပေးပါသည်။ လေဒီရန့်စ်သည် မြန်မာလုပ် ပတ္တမြားလက်ကောက်နှင့် ပတ္တမြားဆွဲကြိုးဆွဲလာရာ သူ့အသားရောင် သူ့အရွယ်နှင့် အလွန်ပန်းရလှ၏။

ရန့်စ်၏ အသုဘသတင်းကို ဖတ်ရင်း အထက်ပါဖြစ်ရပ်များကို စားမြိုပြန်မိကာ သူ့ဘဝကို စပ်စုလိုသောစိတ် ဖြစ်လာပါသည်။ မြန်မာ့လွတ်လပ်ရေးသမိုင်းနှင့် ပတ်သက်နေသော ရန့်စ်လို ပုဂ္ဂိုလ်တစ်ယောက်၏အကြောင်းကို မြန်မာတို့သိသင့်သည်ဟု ထင်မိပါသည်။

❐

အဂ္ဂမဟာသရေစည်သူ ရန်စ်

မေဂျာဂျင်နယ် ဆာဟူးဘတ်ရန့်စ်ကို ၁၈၉၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင်မွေးဖွားသည်။ အမည်ရင်းမှာ ဟူးဘတ် အယ်လ်ဗင်ရန့်စ် ဖြစ်သည်။ သူ့ဖခင်မှာ ဖရက်ဒရိတ်ဟူးဘတ်ရန့်စ် ဖြစ်၏။ ဝင်ဘယ်လ်ဒမ် ကောလိပ်နှင့် ဆန်းဒတ် စစ်တက္ကသိုလ်များတွင် ပညာသင်ကြားခဲ့ပြီး၊ ၁၉၁၆ ခုနှစ်တွင် ဝပ်စတားရှားရဲဂျီးမင့်တပ်တွင် အမှုထမ်းရန် ကော်မရှင်ရခဲ့သည်။ ၁၉၁၄–၁၉၁၈ ခုနှစ်၊ ပထမကမ္ဘာစစ်အတွင်းက ဥရောပအနက် စစ်မျက်နှာတွင် ငါးလကြာစစ်မှုထမ်းခဲ့ရာ သုံးကြိမ်တိတိ ဒဏ်ရာရခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် ဘုရင့်တပ်မတော်၏ အချက်ပြ ́တပ်စိတ်သို့ ပြောင်းရွေ့ အမှုထမ်းခဲ့သည်။ သည့်နောက် ၁၉၃၉ ခုနှစ်တွင် ဘီအီးအက်ဖ်တပ်နှင့်အတူ ပြင်သစ်သို့ ပြောင်းရွေ့လာပြီး အချက်ပြဒီဝီဇံတပ်တွင် အုပ်စုစစ်ဗိုလ်အဖြစ် အမှုထမ်းသည်။ စစ်အရာရှိအဖွဲ့ဝင်ဖြစ်လာပြီး အိုဘီအီးဘွဲ့ ချီးမြှင့်ခံရကာ မော်ကွန်းဝင် ဖြစ်လာသည်။ ဒန်းကပ်တိုက်ပွဲ ပြီးသည့်နောက် ဗိုလ်မှူးချုပ်ရာထူးသို့ တိုးမြှင့်ခံရပြီး စစ်ရုံးတွင် ကျွမ်းကျင်မှုဆိုင်ရာ လေ့ကျင့်ရေးဌာန၏ ညွှန်ကြားရေးမှူး ဖြစ်လာသည်။

လန်ဒန်မြို့ရှိ ပြည်သူ့အုပ်ချုပ်ရေး အရာရှိလောင်းသင်တန်းတက်ခဲ့ရာ၌ သူ၏အလုပ်အကိုင်လမ်းကြောင်း ပြောင်းလဲစရာဖြစ်လာလေသည်။ ၁၉၄၅ ခုနှစ်တွင် မေဂျာဂျင်နရယ်ရာထူးနှင့် မြန်မာပြည်သို့ အပို့ခံရပြီး၊ ပြည်သူ့အုပ်ချုပ်ရေး ဒါရိုက်တာတာဝန်ကို ဆောင်ရွက်ရပြန်သည်။ မြန်မာ

ပြည် ရောက်လျှင်ရောက်ချင်း စစ်ဘေးဒဏ်ခံရသော မြန်မာပြည်၏ စီးပွားရေး၊ လူမှုရေးပြဿနာများကို ဝိရိယကြီးစွာနှင့် လေ့လာခဲ့သည်။ အနှံ့အပြားခရီးထွက်၍ မြန်မာလူထုအကြောင်း ကောင်းစွာသိအောင် ကြိုးစားသည်။ သူ့လက်အောက်အရာရှိများကိုလည်း အလားတူကြိုးပမ်းစေသည်။ စစ်ပြီးခေတ် အာရှတိုက်တွင် အမျိုးသားရေးနိုးကြားမှုဒီရေသည် အဟုန်ပြင်းစွာ တိုးတက်လျက်ရှိရာ၊ လော့ဒ်မောင့်ဘက်တန်က ယင်းဒီရေနှင့်အတူ မျောလိုက်ပါသော နိုင်ငံရေးဝါဒကို ကျင့်သုံးရန်လိုလားသည်။ ယင်းဝါဒ ကျင့်သုံးရန်မှာ အလွန်ခက်ခဲနက်နဲသိမ်မွေ့လှ၏။ သို့သော် ရန့်စ်သည် မောင့်ဘက်တန်ဘက်မှ ရပ်တည်ခဲ့ပြီး ယင်းဝါဒကို အပြည့်အဝ ထောက်ခံခဲ့သည်။

စစ်ပြီးခေတ် မြန်မာပြည်၏ ပြောင်းလဲလာသော အခြေအနေကို အရှိကိုအရှိတိုင်း၊ သုံးသပ်ဆင်ခြင်မိသော ထိပ်တန်းဗြိတိသျှ အာဏာပိုင်များအနက် ရန့်စ်လည်းတစ်ဦးအပါအဝင်ဖြစ်၏။ အုပ်ချုပ်ရေးတွင် ရန့်စ်သည် ဉာဏ်နှင့်ဝိရိယကိုသုံးရုံမက၊ ထက်မြက်မှုလည်းရှိသဖြင့် အောင်မြင်ခဲ့သူ ဖြစ်သည်။ မြန်မာလူထု၏ ယုံကြည် ကိုးစားမှုရမှသာ ဗြိတိသျှနှင့် မြန်မာတို့ ရှေ့အဖို့ဆက်၍ စခန်းသွားနိုင်မည်ဟု ယူဆသဖြင့် မြန်မာတို့နှင့် ချစ်ခင်စွာ ဆက်ခံခဲ့သည်။

ဆာရယ်ဂျီနယ်ဒေါ်မန်စမစ် ဦးဆောင်သော ဗြိတိသျှကိုလိုနီအစိုးရသည် အိန္ဒိယရှိစစ်ခိုလှုံရာ ဌာနချုပ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသောအခါ 'ဆင်းမလား စက္ကူစာတမ်း' ကိုပါ တစ်ပါတည်း ယူလာခဲ့သည်။ ယင်းစာတမ်းကား မြန်မာပြည်ကို စစ်မဖြစ်မီကအခြေအနေအတိုင်း ဗြိတိသျှတို့က ပြန်လည်အုပ်ချုပ်ရန် အစီအစဉ်ဖြစ်သည်။ တစ်နည်းပြောရလျှင် ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေး သက်ဆိုးရှည်ရန် ဖန်တီးလာခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် စစ်ဒဏ်ကို နှစ်ကျော့ခံလိုက်ရသဖြင့် များစွာပျက်စီး ဆုံးပါးနစ်နာခဲ့ရသည်။

ထို့ကြောင့် ပြန်လည်ထူထောင်ရေးကို အလျင်လုပ်ဆောင်ပြီးနောက်မှ ဗြိတိသျှ ဓနသဟာယအတွင်း မြန်မာနိုင်ငံကို ဒိုမီနီယံအဆင့်ပေးမည်ဟူသော စကားပရိယာယ်များနှင့် မြန်မာတို့ကို အချိုသတ်လှည့်စားကာ မြန်မာသမိုင်းနာရီလက်တံကို နောက်ပြန်ရွှေ့ဖို့ ကြိုးစားလာသည်။ ထို့ကြောင့်

ဆာဒေါမန်စမစ်သည် ဗြိတိသျှအလိုတော်ရိ များစွာပါဝင်သော ဘုရင်ခံအမှူ ဆောင် ကောင်စီဖွဲ့.ရန် ကြိုးစား၏။

ကက်စ်ဘီ Cas (B) (Civil Affairs Service Burma) အုပ်ချုပ်ရေး၏ ဒါရိုက်တာအဖြစ် ဆောင်ရွက်နေသော ရန့်စ်သည် ဒေါမန်စမစ် ရောက်လာပြီဖြစ်၍ ဘီလပ်သို့ ပြန်လာခဲ့ပြီး စစ်ဒေသနယ်တစ်ခုတွင် စီမံခန့်ခွဲရသော တာဝန်ကို ဆောင်ရွက်နေရသည်။ သို့သော် ကက်စ်ဘီအုပ်ချုပ်ရေး အချိန်က သူ့ဆောင်ရွက်ချက်များနှင့် အရည်အချင်းများကို မြန်မာတို့ အမှတ်ရ နေကြ၏။ မကြာမီမြန်မာနိုင်ငံသို့ ဘုရင်ခံမင်းကြီးအဖြစ် ပြန်ရောက်လာရန် အခြေအနေများက ဖန်တီးလာလေသည်။ ဒေါမန်စမစ်အဖို့ ဘေးကျပ် နံကျပ် ဖြစ်လာသည်။ သူ့.တာဝန်မှာ စက္ကူဖြူစာတမ်းအတိုင်းဆောင်ရွက်ရန်ဖြစ်သည်။

မြန်မာတို့.ကမူ လုံးဝလွတ်လပ်ရေးကိုသာ တောင်းဆိုနေကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့.ချုပ်ကြီးကလည်း မြန်မာ တို့.လိုလားသော လုံးဝလွတ်လပ်ရေးကို အရယူရန် သန္နိဋ္ဌာန်ချမှတ်ပြီး ဖြစ်၏။ ဤအကျပ်အတည်းကို ကျော်လွှားနိုင်ရန် ဒေါမန်စမစ်သည် နိုင်ငံရေးကုလား ဖန် အမျိုးမျိုးထိုးနေရင်း သူရောဂါဟောင်းဖြစ်သောဝမ်းကိုက်နာသည် ရုတ်တရက် ပေါ်လာသည်။ အလွန်ဆိုးဝါးလာသဖြင့် ဆရာဝန်၏အကြံပေး ချက်အရ အနားယူပြီး ရောဂါကုရန် ဘီလပ်သို့ ပြန်ခဲ့ရ၏။

ဒေါမန်စမစ် သဘော်နှင့်ဘီလပ်သို့ လာနေစဉ် လေဘာနန်းရင်းဝန်ကြီး အက်တလီက မြန်မာပြည်ဘုရင်ခံမင်းကြီး အသစ်ခန့်ရေးကိစ္စအတွက် လော့မောင့်ဘတ်တန်ကို ခေါ်ယူတိုင်ပင်ပြီး သင့်တော်သူတစ်ဦးကို ရွေးပေး ရန် ခိုင်း၏။ မြန်မာ့အခြေအနေမှန်နှင့် ရန့်စ်၏အရည်အချင်းကို ကောင်းစွာ သိသော လော့မောင့်ဘတ်တန်က ရန့်စ်ကို ခေါ်ယူတွေ့.ဆုံရန် အကြံပြုသည်။ ရန့်စ်ကား မြန်မာ့နိုင်ငံရေးကို ကောင်းစွာနားလည်သူဖြစ်ကြောင်း၊ ဗိုလ်ချုပ် အောင်ဆန်းကိုလည်း ကောင်းစွာသိကြောင်း၊ ရန့်စ်နှင့် ဗိုလ်ချုပ်အောင်ဆန်း တို့ကား တစ်ဦးအပေါ်တစ်ဦး ယုံကြည်လေးစားကြကြောင်း၊ ဘုရင်ခံမင်းကြီး ရာထူးမျိုးအတွက် ရန့်စ်ထက်ဝါရင့်သော ပုဂ္ဂိုလ်များစွာရှိသော်လည်း ရန့်စ် သည်သာ သင့်လျော်သူဖြစ်ကြောင်း၊ မောင့်ဘတ်တန်က ထောက်ခံပြောဆိုရာ အက်တလီက သဘောတူလက်ခံလိုက်၏။ အက်တလီက ရန့်စ်ကိုခေါ်ယူတွေ့.

ဆုံသောအခါ ရန့်စ်က ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာတို့၏ခေါင်းဆောင်ဖြစ်ပြီး သူ၏အကူအညီမပါဘဲ ကိစ္စပြီးနိုင်မည်မဟုတ်ကြောင်း၊ စက္ကူဖြူစာတမ်းမှာ အလုပ်လုပ်မရနိုင်အောင် ရှိသဖြင့် ဗိုလ်ချုပ်အောင်ဆန်း တစ်ပါတည်း ပါဝင်လာနိုင်သော ပေါ်လစီအသစ်တစ်ခု ချမှတ်သင့်ကြောင်း ရှင်းပြလိုက်၏။

ဒေါ်စမန့်စမစ် စီးလာသောသင်္ဘောသည် ၁၉၄၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် လီဗာပူးလ်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာချိန်တွင် ရန့်စ်ကို မြန်မာပြည်ဘုရင်ခံမင်းကြီးအဖြစ် ရွေးပြီးဖြစ်လေသည်။ သြဂုတ်လတွင် ရန်ကုန်သို့ ရန့်စ်ရောက်လာပြီး ရာထူးကိုလက်ခံရာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်ကြီးနှင့် နားလည်မှုရယူရန် အစီအစဉ်သစ်များ ပါလာသည်။ လုံးဝလွတ်လပ်ရေးရရန်အတွက် ဆန္ဒပြသော ပြည်လုံးကျွတ် သပိတ်မှောက်ချိန်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်ကြီးကို တစ်ခဲနက်ထောက်ခံသော လူထုအစည်းအဝေးကြီးများသည် သောသောညံအောင် ကျင်းပနေချိန်ဖြစ်သည်။ ထို့ကြောင့် ရန့်စ်က ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် အမှုဆောင်ကောင်စီအသစ် အမြန်ဆုံးဖွဲ့လိုက်၏။ ဒုဥက္ကဋ္ဌနှင့် ကာကွယ်ရေးဝန်ကြီးနေရာ၌ ဗိုလ်ချုပ်အောင်ဆန်းကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးနေရာကို ဦးတင်ထွဋ်အားလည်းကောင်း ခန့်၏။ အခြားခြောက်ယောက်နေရာတွင်လည်း ဖဆပလအဖွဲ့ချုပ်မှ အများဆုံးရွေးချယ်ခန့်သည့် အမှုဆောင်အဖွဲ့သစ်သည် အကြံပေးအဖွဲ့မျှသာ မဟုတ်တော့ဘဲ အုပ်ချုပ်ရေးပေါ်လစီကို ကိုင်နိုင်သော ကက်ဘိနက်အဖွဲ့ကြီး ဖြစ်လာလေသည်။

ထိုအချိန်ကစပြီး မြန်မာ့လွတ်လပ်ရေး လမ်းစ ပေါ်လာသည်။

မြန်မာပြည်ကို အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်ရန် ဆောင်ရွက်တော့မည့်အကြောင်းကို နိုဝင်ဘာလ ၈ ရက်နေ့တွင် အမှုဆောင်ကောင်စီသစ်က ကြေညာလိုက်၏။ ဗြိတိသျှအစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် မြန်မာကိုယ်စားလှယ်များကို ဘီလပ်သို့လာရန် ဒီဇင်ဘာ ၂၀ ရက်နေ့တွင် အက်တလီက ဖိတ်ခေါ်လိုက်သည်။ ယင်းဖိတ်ခေါ်ချက်သည်ပင် ဆင်းမလာဘက္ကူဖြူစာတမ်းကြီး ဇာတ်သိမ်းသွားစေတော့သည်။ သည့်နောက်ပိုင်း သမိုင်းဖြစ်ရပ်များကား ရုပ်ရှင်ကားသဖွယ်မြန်လှသည်။ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီ

လတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အက်တလီစာချုပ်ချုပ်ပြီး တစ်နှစ်အတွင်း မြန်မာ့လွတ်လပ်ရေးပေးရေးကို ကတိပြုသည်။ ဖေဖော်ဝါရီလဦးတွင် တောင်ပေါ်နေ တိုင်းရင်သားတို့နှင့် ဆွေးနွေးပြီး ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကြီးချုပ်ဆိုကြသည်။ ဧပြီလ ၇ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်ဖွဲ့ရေးအတွက် ရွေးကောက်ပွဲ ကျင်းပသည်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ကက်ဘိနက်အဖွဲ့ဝင် ၇ ဦး လုပ်ကြံခံရသည်။ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ဗြိတိသျှအစိုးရက မြန်မာပြည်ကို လွတ်လပ်ရေး အချုပ်အခြာအာဏာပိုင်အဖြစ် အသိအမှတ်ပြုသည်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်အာဏာကို မြန်မာတို့လက်သို့ အခမ်းအနားဖြင့် လွှဲပြောင်းပေးလိုက်ရာ မြန်မာနိုင်ငံလွတ်လပ်ရေးရလေသည်။

ထိုအခမ်းအနားကို စာရေးသူ မြင်ယောင်နေမိသည်။ ရန်ုန်နှင့်တကွ ထိပ်တန်းမြန်မာခေါင်ဆောင်းကြီးများသည် ယူနီယံဂျက်အလံ တဖြည်းဖြည်း ကျလာသည်ကို ငြိမ်သက်စွာ အလေးပြုနေကြသည်။ ထိုအချိန်တွင် ဗြိတိသျှအမျိုးသားသီချင်းကို ဖြည်းညင်းစွာ တီးနေသည်။ ပြည်ထောင်စုအလံ တဖြည်းဖြည်း တက်သွားပြန်သောအခါ မြန်မာအမျိုးသား သီချင်းကိုတီးသော ဂီတသံသည် မာန်ုဝင်စွာ ထွက်ပေါ်လာသည်။ ပွဲကြည့်လူအုပ်ကြားထဲတွင် ညပ်နေသော ၁၆ နှစ်သားအရွယ် စာရေးသူသည် အနီးအနားတစ်ဝိုက်ကို အကဲခတ်လိုက်ရာ မျက်နှာဖြူများ၊ ကပြားများ၊ တရုတ်၊ ကုလားနှင့် ဘိုဆန်သော မြန်မာတို့သည် ယူနီဂျက်အလံ ကျသည်ကိုကြည့်ရင်း ဖြေမဆည်နိုင်အောင် ဝမ်းနည်းနေကြသည်။ အခမ်းအနားပြီးသည်နှင့် ရန်ုန်သည် မြန်မာ ခေါင်းဆောင်ကြီးများကို လက်ဆွဲနှုတ်ဆက်ပြီး ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ကူးတို့သင်္ဘောပေါ်သို့ တစ်ချီးတည်းထွက်ခွာသွား၏။ စာရေးသူတို့ အနားမှ ဖြတ်သွားရာ သူ့မျက်နှာကို မြင်လိုက်ရသည်။ နီးမြန်းနေသော မျက်နှာဝယ် ဝမ်းနည်းမှုပေါ်တွင် ဂုဏ်ယူဝင့်ကြားမှုက အုပ်ဆိုင်းနေသည်။ မြန်မာတို့ လွတ်လပ်ရေးရသွားသည်မှာ သူ၏စွမ်းဆောင်မှုလည်း ပါသည်ဟု ပြောနေသောမျက်နှာပေးဖြစ်သည်။

မြန်မာတို့ကလည်း သူ့စွမ်းဆောင်မှုကို အသိအမှတ်ပြုကြပါသည်။

မြန်မာတို့၏ ဖိတ်ကြားချက်အရ ကိုးကြိမ်မြောက် လွတ်လပ်ရေးအခမ်းအနား သို့ ရန်ုစ်တို့ ဧနီးမောင်နှံသည် ဧည့်သည်တော်အဖြစ် တက်ရောက်လာရာ၊ မြန်မာသမ္မတကြီးက ရန်ုစ်ကို အဂ္ဂမဟာသရေစည်သူဘွဲ့ အုပ်နှင်းဂုဏ်ပြုလိုက်ပါသည်။ ရန်ုစ်ကဲ့သို့ ဂုဏ်ပြုခံသော အခြားဗြိတိသျှပဂ္ဂိုလ်ကြီးနှစ်ဦးမှာ လော့မောင့်ဘတ်တန်နှင့် လော့အုပ်မိုးတို့ ဖြစ်သည်။ လော့အုပ်မိုးသည် မြန်မာနိုင်ငံသို့ ဘွဲ့ယူမလာအားသဖြင့် ဘီလပ်ရှိ မြန်မာသံအမတ်ကြီး ဦးကြင်က ယင်းဘွဲ့ကို ၁၉၅၆ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့က အခမ်းအနားနှင့် လော့အုပ်မိုးအား အပ်နှင်းဂုဏ်ပြု၏။

မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းသွားခဲ့သော ရန်ုစ်ကား မရှိတော့ပြီ၊ သူ့ကို တွေ့ဖူး သိဖူးသော မြန်မာတစ်ယောက်အနေဖြင့် သူ့ကောင်းရာ သုဂတိလားပါစေဟု ဆုတောင်းလိုက်ရပါသည်။

❐

မြန်မာပြည်ကို လွမ်းအားပိုနေသော မစ္စတာကာမုတ်

"လွယ်အိတ်နဲ့ဆိုတော့ မြန်မာထင်ပါရဲ့။ ဘယ်သွားမလို့လဲဗျ၊ ဒီလို မေးတာ စိတ်မရှိနဲ့နော်"

မြန်မာသံပီပီနှင့် ပြောလိုက်သော အထက်ပါစကားကြောင့် နောက်လှည့်ကြည့်မိရာ မြန်မာနှင့်တူသူ တစ်ယောက်မှမတွေ့ရ။ အသက် ၅၀ ကျော် အင်္ဂလိပ်အဖိုးကြီး တစ်ယောက်၊ အရပ်အမောင်း ကောင်းကောင်း၊ တုတ်ခိုင်သောခန္ဓာကိုယ်၊ မျက်မှန်တပ်ထားသည်။ ပါးစောင်တွင် ဆေးတံခဲထားသည်။ အင်္ဂလိပ်အဘိုးကြီးကပဲ နူတ်ဆက်လိုက်တာများလာဟု စဉ်းစားနေစဉ်...

"ခုနကမေးလိုက်တာ ကျွန်တော်ပါ၊ ကျွန်တော်က စီဒဗလျူကာမုတ်ပါ။ ရန်ကုန်တက္ကသိုလ် သစ်တောဌာနက အငြိမ်းစားပါမောက္ခပေါ့။ ခင်ဗျားကို ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာ မြင်ဖူးပါတယ်။ ကျွန်တော်ကတော့ ပင်စင်ယူခဲ့ပြီ။ ယခုအရပ် ပြန်လာတာ၊ မြန်မာပြည်မှာ နှစ်ပေါင်း ၃၀ အမှုထမ်းခဲ့ပါတယ်"

သူ့အကြောင်း တစ်ဆက်တည်းပြောရင်း လက်ဆွဲနှုတ်ဆက်ပါသည်။ သူနှင့် ဆုံမိသောနေ့ရာမှာ ပီကယ်ဒလီ ဆပ်ကပ်တွင်ဖြစ်သည်။ တိရစ္ဆာန်နှင့်လူ ကျွမ်းဘားပြသော ဆပ်ကပ်မဟုတ်ပါ။ လန်ဒန်မြို့လယ် အစည်ကားဆုံး ရပ်ကွက်ဗဟိုတွင် စက်ဝိုင်းပုံစံရှိ မြေကွက်အဝိုင်းရှိသည်။ လမ်းကြီးလမ်းငယ်ကအဝိုင်းကို ဆုံလည်ပတ်သွားကြသည်။ အဝိုင်းအလယ်၌ ခေါမနတ်အိရောနတ်ရုပ်ပုံကို ကျောက်ခုံအမြင့်တွင် စိုက်တင်ထားသည်။ ရန်ကုန် ဦးဝိ

စာရအဝိုင်းနှင့်တူသည်။ အဝိုင်းအောက်တွင် မြေအောက်ဘူတာရုံရှိသည်။ အနက်ဆုံး ဥမင်တွင်းမှခုတ်သော မီးရထားလမ်းဖြစ်၍ ဓာတ်လှေကားသုံးဆင့် ဆင့်၍ဆင်းရသည်။ အောက်ဘူတာတွင် ဆိုင်ကနားများရှိသည်။ ယင်းဘူတာရုံအတွင်း၌ တွေ့ရခြင်းဖြစ်၏။ သူက စကားဆက်ပြောချင်သောကြောင့် နီးရာကော်ဖီဆိုင်သို့ခေါ်ပါသည်။

"ကျုပ်က ရန်ကုန်က ပြန်ရောက်လာတာ မကြာသေးဘူး။ ပျင်းလွန်းလို့ မြန်မာတွေနဲ့စကားပြောချင်နေတယ်။ ဒီမှာတော့ ကျုပ်အဖို့ အထူးအဆန်းချည်းပဲ။ ဗြိတိသျှလူမျိုးဖြစ်ပေမယ့် အနေကြာတော့ မြန်မာ့ပတ်ဝန်းကျင်နဲ့သာ ဝင်ဆံ့နေတယ်။ ဒီမှာ မိတ်ဆွေမရှိ ဘာမရှိနဲ့၊ အစက ပြင်ဦးလွင်တို့၊ ကလေးတို့မှာ ခြံနဲ့အိမ်ဝယ်ပြီး သေသည်အထိ မြန်မာပြည်မှာပဲနေတော့မယ်လို့ စိတ်ကူးတာ မိဘနဲ့ဘိုးဘွားတွေကို ပစ်မထားရက်လို့ ပြန်ခဲ့ရတာ"

သူက လူမျိုးအားဖြင့် ဗြိတိသျှလူမျိုး၊ စိတ်ဓာတ်နှင့် ယဉ်ကျေးမှုအရ မြန်မာဖြစ်နေသော အဖိုးကြီးပါတကား။ သူ့အရွယ်ကြီးနှင့် မိဘ ဘိုးဘွားများအကြောင်းပြောနေရာ၊ အလွန်ကြီးသော သက်ကြီးရွယ်အိုများ သူ့အိမ်တွင် ရှိရမည်။ ထို့နောက် မြန်မာပြည်မှ နောက်ဆုံးသတင်းများ၊ ရန်ကုန်တက္ကသိုလ်အကြောင်း၊ သူ့တပည့် သစ်တောကျောင်းသားများအကြောင်း ပြောပြန်သည်။ သူ့အဖို့ အင်္ဂလန်သည် တိုင်းတစ်ပါးဖြစ်နေသည်။ လူတွေ ခေတ်မီအဆောက်အအုံကြီးတွေ၊ ယာဉ်တွေ၊ ခေတ်ပေါ်တေးဂီတတွေ၊ ရုပ်ရှင်တွေသည် မျက်စိနောက်စရာဖြစ်နေသည်။ အိုးစည်၊ ဒိုးပတ်သံ၊ ဆီကြော်နံ့၊ ငါးပိတွေ၊ ဘုရားပွဲတွေ၊ သင်္ကြန်ပွဲတွေသည်သာ သူကြားနေကျ၊ ရူနေကျ၊ တွေ့နေကျဖြစ်၍ ကြားလို၊ ရူလို၊ တွေ့လိုနေရှာသည်။

"ကျုပ်က သစ်တောဌာနမှာ လုပ်တယ်ဆိုတော့ တောသားပဲ၊ တစ်ချိန်လုံး သစ်တောကျောင်းသားတွေနဲ့ သစ်တောကြိုးဝိုင်းတွေရှိရာ သွားနေရတယ်။ တစ်နှစ်တစ်ခါ အိန္ဒိယကိုတော့ သစ်တောသင်တန်းအတွက် ရောက်ပါတယ်။ ရန်ကုန်နေတော့လည်း တက္ကသိုလ်နယ်မြေမှာပဲ။ ဒီတော့ ဒီလိုလန်ဒန်နေထိုင်ပုံမျိုးကို မကြိုက်ဘူး။ နားဆူ၊ မျက်စိရှုပ်တယ်"

"ဆရာကြီးက လန်ဒန်သားပဲမဟုတ်လား"

"ဘယ်ကဟုတ်ရမှာလဲ၊ ကျုပ်ဇာတိက မန့်စ်ကျန်း (Manx) အင်္ဂလန်

ကျွန်းမကြီးပတ်လည်မှာ ကျွန်းငယ်တွေရှိတယ်။ ဒီအထဲက ကျွန်းတစ်ကျွန်း ပေါ့။ မန့်စ် စကားသပ်သပ်ရှိတယ်။ ကိုယ်ပိုင်အုပ်ချုပ်ရေးနဲ့နေတာ။ မင်း မရောက်ဖူးဘူးလား"

"လန်ဒန်ကလွဲရင် လရိုက်တန်ပဲ ရောက်ပါသေးတယ်"

"ဒါဖြင့် အတော်ပဲ။ နောက်လမှာ ကျုပ်တို့ရွာမှာ အပြည်ပြည်ဆိုင်ရာ မော်တော်ဆိုင်ကယ် အမြန်မောင်းပြိုင်ပွဲရှိတယ်။ လိုက်ကြည့်ပါလား။ ကျုပ် အိမ် တည်းပေါ့။ ခရီးစရိတ် အသွားအပြန် ကျုပ်ကပေးပါ့မယ်။ ကျုပ်သိပါ တယ်။ မင်းတို့ကျောင်းသားတွေ ဘိုက်ကျတယ်ဆိုတာ"

ထိုနေ့ညတွင် မစ္စတာကာမုတ်သည် စာရေးသူတို့နေအိမ်သို့ လိုက် လာပြီး မြန်မာထမင်းဟင်းများကို မြိန်ရှက်စွာ စားပါသည်။ အတူနေ ကရင် ကျောင်းသား စောဟန်ဆန်တာဒေါနှင့်လည်း မိတ်ဖွဲ့ပေးရာ သူကိုပါ လိုက် လည်ရန် ဖိတ်ခေါ်ပါသည်။

မန့်စ်မှာ မော်တော်ဆိုင်ကယ်ပြိုင်ပွဲ။ ။ မေလသည် အနောက်တိုင်းအဖို့ အလှဆုံးလဖြစ်သည်။ ပူနွေးသော ရာသီဥတု၊ ကြည်ပြာရောင်ကောင်းကင်၊ ရှည်လျားသောနေ့တာ၊ ပန်းမျိုးစုံပွင့်နေသော အချိန်ဖြစ်သည်။ အပျော်ခရီး ထွက်ခြင်း၊ အပန်းဖြေခြင်း၊ ပင်လယ်ရေချိုးဆိပ်သို့ ရေချိုး၊ နေလှန်းလုပ်သော ရာသီဖြစ်သည်။ မစ္စတာကာမုတ်၊ စောဟန်ဆန်တာဒေါ၊ စာရေးသူတို့ စီးလာ သောသင်္ဘောသည် ကမ်းမှခွာ၍ခဏကြာသော် သွက်သွက်ခါအောင်လှိုင်းပုတ်ခံ ရပါတော့သည်။ စာရေးသူသည် စားပြီးသားနံနက်စာများအား လုံး အန်ပစ်ပါ တော့သည်။ သင်္ဘောခရီး၏ ကြည်နူးဖွယ်မြင်ကွင်းများ ကို မမြင်လိုက်ရပါ။ အိပ်ရာထက်တွင် လဲလျောင်းနေရပါသည်။ သုံးနာရီကျော်ကြာခုတ်ရသော ခရီးဖြစ်သည်။ မန့်စ်ကျွန်းသို့ ခြောက်ခါနီးမှ လှိုင်းငြိမ်သွားသည်။ တစ်လမ်း လုံး မစ္စတာကာမုတ်နှင့် စောဟန်ဆန်တာဒေါတို့သည် ပုလင်းထောင်ပြီး တဝါးဝါး တဟားဟား အာစွတ်ရင်း အာရှင်နေကြပါသည်။

မန့်စ်ကျွန်းကား... နွေရာသီဆိုသော်လည်း ပင်လယ်လေကြောင့် စိမ့် ၍ ချမ်းလာသည်။ နေရောင်ခြည်အောက်တွင် အစိမ်းတစ်ကွက်၊ အဝါ တစ်ကွက်၊ အညိုတစ်ကွက်စသည်ဖြင့် လွင်ပြင်များ၊ စိုက်ခင်းများ၊ မြေလွတ် များတို့ကို တစ်မျှော်ကြီး တွေ့ရသည်။ လူနေကျပြီး ရှုးဆန်သောအိမ်များ၊

ယာတောများ၊ ဘုရားရှိခိုးကျောင်းများကို တွေ့ရသည်။ မော်တော်ဆိုင်ကယ် ပြိုင်ပွဲအတွက် ပြင်ဆင်ထားသော ဆိုင်းဘုတ်များကို တွေ့ရသည်။ ဤအချိန် တွင်သာ မန့်စ်ကျွန်း၌ လူအစည်ကားဆုံး အချိန်ဖြစ်သည်။ ကျွန်းသူကျွန်းသား များ၏ ဝတ်စားဆင်ယင်မှုမှာ တောဆန်ဆန်ဖြစ်၏။ မန့်စ် စကားပြောသည်။

မစ္စတာကာမုတ်က သူ့.ကျွန်းအကြောင်းပြောရသည်မှာ အမောသား။ နားထောင်နေရသူတို့မှာလည်း တစ်ဝတစ်လင်ကြီး။ သူ့စိတ်ထဲတွင် မြန်မာ ပြည် ပြန်ရောက်နေပြီး သစ်တောကျောင်းသားများကို လက်ချာပေးသလိုလို ထင်နေ ရှာဟန်တူသည်။ မြင်သမျှ သစ်ပင်၊ ပန်းပင်တွေအကြောင်းလည်း ပြောပါသည်။

မြန်မာပြည်က သကြိန်ပွဲသို့။ ။ "အဲ ဟိုပန်းဝါတွေ ကြည့်စမ်း။ ဒက်ဖော့ ဒေးလ်ပန်းတွေ၊ တို့မြန်မာပြည်က ငဝါနဲ့ အရောင်ချင်း တူတယ်နော်။ ဟောဒါက ဘလူးဘဲလ် (Blue Bell) တွေကွ။ မြန်မာပြည်မှာလည်းရှိတယ်။ ချင်းတောင်နဲ့ ရှမ်းပြည်နယ်မှာ တွေ့ဖူးတယ်"

ယင်းသို့ပြောရင် ကားတစ်စီးအပြည့် လူငယ်တစ်စုသည် ကြောင် ကြောင်ကျားကျားဝတ်စားပြီး ဂီတာတီးကာ ပါးစပ်မှ ပေါက်ကရသီဆိုလျက် ဖြတ်မောင်းသွား၏။

"အဲဒါ... အဲဒါ၊ တို့ သကြိန်ရေပက်အသင်းတွေနဲ့ မတူလားဟေ့။ ဒီကောင်လေးတွေက မော်တော်ဆိုင်ကယ်ပြိုင်ပွဲ သွားကြတာ"

"အောင်မလေးဟဲ့၊ ဆရာကြီးပြောတော့မှ မြန်မာပြည်ကို လွမ်းလာ ပြီ။ ခုတော့ သကြိန်ပြီးရောပေါ့။ ကဆုန်ညောင်ရေသွန်းပွဲတောင် ရောက်ရော့ မယ်။ ဆရာကြီးက မြန်မာပြည်ကိုလွမ်းတိုင်း သူများတွေကိုပါ အလွမ်းခိုင်း နေတာ"

မော်တော်ဆိုင်ကယ်ပြိုင်ပွဲကြည့်ရန် ထိုညက ဆိပ်ကမ်းဟိုတယ်ကြီး တွင် တည်းခိုကြပါသည်။ ပင်လယ်ပြင်နှင့် မျက်နှာချင်းဆိုင်၊ လေကတဟူး ဟူး၊ ရာသီဥတုကလည်း တစိမ့်စိမ့်၊ ညစာက တမြိန်မြိန်၊ မစ္စတာကာမုတ် နှင့် စောဟန်ဆန်တာဒေါတို့က ပုလင်းတထောင်ထောင်၊ ခေါင်းချလိုက်သည် နှင့် တသိုးသိုး။

နောက်နေ့ နံနက်စာစားပြီး မော်တော်ဆိုင်ကယ်ပြိုင်ပွဲကို ကြည့်ပါ သည်။ သက်စွန့်ကြိုးပမ်း စွန့်စားခန်းကို ရင်တဖိုဖိုနှင့် ကြည့်ရပါသည်။

မိနစ် ၂၀ အတွင်း မော်တော်ဆိုင်ကယ်သုံးစင်း မှောက်သည်။ နှစ်စင်း မီးလောင်းသည်။ သုံးယောက် ဆေးရုံခေါ်သွားရသည်။ အလွန်အသက်အန္တရာယ်ကြီးသော ပျော်ရွှင်ပွဲဖြစ်၏။ ကျော်ကြားလိုမှု၊ နာမည်ကြီးလိုမှု၊ ဆုလာဘ်ကြီးများစွာရလိုမှု စသော ဆန္ဒများက ပြိုင်ဆိုင်နေကြသော မောင်မယ်များအား သေရွာသို့ ပို့နေလေပြီ။ ညနေပိုင်းသတင်းတွင် ဆုရသူများ၊ ဓာတ်ပုံနှင့်တကွ မီးလောင်ခြင်း၊ ကျိုးကန်းခြင်း၊ သေဆုံးခြင်းသတင်းများ ပါလာပါသည်။ သူတို့အဖို့ ရိုးနေပြီ။ တစ်နှစ်တစ်ခါ ပျော်ပွဲဖြစ်၍ ထိုမျှလောက်လူသေခြင်းကား မဆန်းလှပါ။

အသက်ငါးဆယ်ကျော်သူက အဘိုးအဘွားရှိ။ ။ နောက်နေ့တွင် ကာမုတ်တို့ ရွာသို့ ကားနှင့်သွားကြပါသည်။ ရွာဆိုသော်လည်း ပြင်ဦးလွင်နီးပါးရှိသည်။ ခြံဥယျာဉ်များနှင့် နေကြသည်။ ဥယျာဉ်စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသည်။ ကာမုတ်မိဘများမှာ ၇၀ ဆယ်ကျော်အရွယ်များဖြစ်၏။ အင်္ဂလိပ်စကား လုံးဝမတတ်ကြ။ မန္တ်စကားသာ ပြောသည်။ နေ့လယ်စာနှင့် ဧည့်ခံပါသည်။ အိမ်လုပ် ထောပတ်၊ သစ်သီးယို၊ ကိတ်များမှာ စားကောင်းလှသည်။ သူတို့ကိုယ်တိုင်လုပ်သော စားစရာများ၊ စားကောင်းကြောင်း ချီးကျူးခံရဖြင့် သွားကျိုးများပေါ်အောင်ပြုး၍ ဝမ်းသာကြသည်။

နောက်နှစ်ခြိကြားတွင် ကာမုတ်၏ အဘိုးအဘွားများ နေကြသည်။ သူတို့ကား ၉၀ ကျော် ၁၀၀ နီးပါးရှိပြီ။ မျက်စိမကောင်းသော်လည်း နားပါးသေးသည်။ ဇရာအိုကြီးများကို မြင်ရသောအခါ မြန်မာအဘိုးကြီးအဘွားကြီးများနှင့်မခြား ဖြစ်နေသည်ကို တွေ့ရ၏။ စိတ်ထဲ၌ ကြည်ညိုသနား၊ မေတ္တာပွားလာရာ ဒူးတုပ်၍ ဦးသုံးကြိမ်ကန်တော့ဖြစ်သွားပါသည်။ သူတို့ကား မမြင်နိုင်၊ မြင်နိုင်သော်လည်း ကန်တော့ခြင်းကို နားလည်မည်မဟုတ်။ ကာမုတ်က ချက်ချင်းပင် သူတို့ကိုယ်စား မြန်မာလိုဆုတောင်းပေးပါသည်။ အဘိုးအဘွားတို့အား သူတို့မြေးက စာရေးသူရှိခိုးသော အကြောင်းအဓိပ္ပာယ်ကို ရှင်းပြောလိုက်ဟန်တူသည်။ စာရေးသူအား သူတို့အနားတိုးခိုင်းပြီး ခေါင်းပေါ်တွင် လက်တင်ကာ ပါးစပ်မှရေရွတ်သည်။ ကာမုတ် ပြောပြချက်အရ ဆုတောင်းမေတ္တာပေးခြင်း (Blessing) ဖြစ်နေသည်ဟု ထင်ရပါသည်။

ကြောင်မှန်လျှင်အမြီးမရှိ။ ။ မန္တ်စ်ကျန်းတွင် လည်ပတ်စရာမရှိပါ။ ရှေးရဲတိုက်ပျက်ကြီး၊ မီးပြတိုက်၊ ရေချိုးဆိပ်၊ စျေး၊ အားကစားကွင်း၊ ရုပ်ရှင်ရုံ၊

ယာခင်းစိုက်ခင်းများသာ ရှိသည်။ တွေ့ရသောထူးခြားချက်နှစ်ရပ်မှာ ကျွန်းပေါ်ရှိ ကြောင်များတွင် အမြီးလုံးဝမပါခြင်းနှင့် မြင်းနှင့်ဆွဲသော ဓာတ်ရထားတို့ဖြစ်သည်။ စာရေးသူ ကိုယ်တိုင်တွေ့သမျှ ကြောင်များကို ဖမ်းပြီးကြည့်သည်။ ဖြတ်ထား၍မဟုတ်။ မွေးကတည်းက အမြီးမပါခြင်းဖြစ်သည်။ ဓာတ်ရထားပေါ်တွင် ရထားတွဲငယ်ကို မြင်းတစ်ကောင်ကဆွဲသည်။ အပျော်စီးအဖြစ် အသုံးများသည်။ ကျွန်းသားအများစုမှာ စက်ဘီးအစီးများသည်။ ဆောင်းရာသီတွင် အလွန်ပျင်းရိဖွယ်ကောင်းမည်။ ဩကာသလောကကြီး တစ်ခုလုံး နှင်းဖုံး၍သာနေသည်။

အပြန်တွင် သဘော်ထွက်ခွာသည်အထိ မစ္စတာကာမုတ်က လိုက်ပို့ပါသည်။ သူ့ခမျာ စာရေးသူတို့ ပြန်သည့်အချိန်မှစပြီး အထီးကျန်ဖြစ်နေရှာလေပြီ။ စကားပြောဖော်မရှိ၊ လူငယ်ကျောင်းသား အထူးသဖြင့် မြန်မာကျောင်းသားမရှိ။ ဘိုးဘိုး၊ ဘွားဘွားတို့၏ သူငယ်ပြန်စကားတွေကိုသာနားထောင်ရင်း ပျင်းရှာပေတော့မည်။ သဘော်သည် လှိုင်းမူးစပြုပြီ။ ကာမုတ်တို့ရွာကို ရောက်ဖူးပြီ၊ သို့သော် မလွမ်းပါ။ မစ္စတာကာမုတ်ကြောင့် မြန်မာပြည်သာ လွမ်းလာပါသည်။ လှိုင်းမူးရင်း အိပ်ပျော်သွားရာ ရန်ကုန်ရောက်နေသည်ဟု အိပ်မက်မက်နေပါတော့သည်။

❐

ဟောလစ်စက်ရုံနှင့် မြန်မာကျောင်းသား

လန်ဒန်ရှိ ဘိလပ်–မြန်မာအသင်းသည် ဘိလပ်ရောက် မြန်မာများနှင့် မြန်မာပြည်သို့ရောက်ဖူးသော အင်္ဂလိပ်များကို တွေ့ဆုံပေးသောအသင်း ဖြစ်လေသည်။ မြန်မာ့အခါကြီး ရက်ကြီးများဖြစ်သော လွတ်လပ်ရေးနေ့၊ သင်္ကြန်ရက်များ၊ ဝါဆိုလပြည့်နေနှင့် သီတင်းကျွတ်လပြည့်နေ့များတွင် မြန်မာသံရုံးဌ ပွဲလမ်းသဘင်ကျင်းပသောအခါ မြန်မာပြည်ရောက်ဖူး၊ နေဖူး၊ အမှုထမ်းဖူးသော အင်္ဂလိပ်များကို ဖိတ်ကြားဧည့်ခံသည်။ အလားတူပင် အင်္ဂလိပ်မိတ်ဆွေများကလည်း ခရစ်စမတ်ပွဲတော်၊ နှစ်သစ်ကူးနေ့စသော သူတို့၏ဘာသာရေးနှင့် ယဉ်ကျေးမှုထုံးစံအရ ကျင်းပသောပွဲများသို့လည်း မြန်မာမိတ်ဆွေများကို ဖိတ်ကြားဧည့်ခံကြပါသည်။

မြန်မာရော အင်္ဂလိပ်ပါ ပူးပေါင်း၍ တွေ့ဆုံနိုင်သော အခွင့်အခါများကိုလည်း လစဉ်လိုလို ဖန်တီးပေးပါသည်။ မြန်မာနိုင်ငံနှင့် မြန်မာယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲများ ကျင်းပခြင်း၊ မြန်မာအဆိုအတီးအကများနှင့် ဖျော်ဖြေခြင်း၊ မြန်မာနိုင်ငံကို နောက်ခံပြုသော ရုပ်ရှင်များကို ပြသခြင်းဖြင့် မြန်မာအင်္ဂလိပ်မိတ်ဆွေတို့အား တွေ့ဆုံရင်းနှီးခွင့် ရစေပါသည်။

ယင်းလူမှုရေး လှုပ်ရှားမှုများတွင် အများအားဖြင့် လန်ဒန်မြို့တော်ဂရင်းပတ်ရပ်ကွက်ရှိ ပင်လယ်ရပ်ခြားကလပ် (Oversea Club) အဆောက်အအုံခန်းမတွင် ကျင်းပလေ့ရှိပါသည်။ လူများလျှင် ဂန္ဓိခန်းမဆောင်၊ ခရော့စဘီ ခန်းမဆောင်များတွင် ကျင်းပတတ်ပါသည်။ မောင့်ဘတ်တန်၊ ဆာဟူးဘတ်ရန့်စ်၊ မောရစ်–ကောလစ်၊ ဖူကာ၊ ဟာဗေး၊ လက်ဖရွိုင်စသော စစ်ဘက်

နယ်ဘက် အမှုထမ်းများ၊ စာရေးဆရာများနှင့် ကုန်သည်ကြီးများလာရောက်ပြီး မြန်မာတို့နှင့် ရှေးဟောင်းနှောင်းဖြစ်များ စားမြုံ့ပြန်တတ် ကြပါသည်။

၁၉၅၈ ခုနှစ်၊ နွေဦးပေါက်၊ တနင်္ဂနွေတစ်နေ့ ညပိုင်းတွင် ပင်လယ်ရပ်ခြားကလပ်၌ လန်ဒန်တက္ကသိုလ်၊ မြန်မာပါမောက္ခ ဒေါက်တာလှဖေက မြန်မာစာအကြောင်းကို အင်္ဂလိပ်လိုဟောသည်။ ဟောပြော၍အပြီး ကော်ဖီနှင့် ဧည့်ခံစဉ် ဒေါ်ရသီဝုဒ်မင်းက စာရေးသူအား မစွတာဂျွန်ဟောလစ်ဆိုသူနှင့် မိတ်ဆက်ပေးသည်။ စာရေးသူအပြင် ဆေးဘွဲ့လွန်စာမေးပွဲများ အောင်မြင်ပြီးစ မြန်မာဒေါက်တာ လေးငါးဦးနှင့်လည်း မိတ်ဆက်ပေးသည်။ မစွတာဟောလစ်က...

"ဟန်ကျလိုက်လေဗျာ၊ ကျွန်တော်မြန်မာပြည်က ပြန်ရောက်လာတာ ရက်ပိုင်းပဲရှိသေးတယ်။ အတော်သာယာတဲ့နိုင်ငံပဲ။ အရင်က နှစ်ခေါက် ရောက်ဖူးတယ်။ ရောက်တိုင်း အနှဲ့လည်ပစ်တာပဲ"

"ကျွန်တော်တို့လည်း ဘိလပ်ရောက်နေတာ သိပ်ပျင်းတာပဲ။ လန်ဒန်ကို သဘောကျတယ်။ ရောက်စကတော့ ပျင်းတယ်။ ယခုတော့ အင်္ဂလိပ်မိတ်ဆွေတွေက ဧည့်ခံကောင်းလို့ ထင်ပါရဲ့။ ပညာလည်းရ ဗဟုသုတလည်းပွားလို့ပေါ့"

"ဒီလို ကြားရတာ ဝမ်းသာသဗျာ။ ဩော်... ဒါနဲ့ ဒေါ်ရသီရေ ကျွန်တော်ကလည်း မြန်မာကျောင်းသားတွေ ဖိတ်ချင်တယ်။ ဒီဒေါက်တာတွေလည်း ခေါ်ခဲ့ပါ။ ခင်ဗျားပဲ ကြည့်စီစဉ်ပေးပါဗျာ။ လက်လှမ်းမီသရွေ့ ဖိတ်ပါ။ နေ့ရက်နဲ့ အစီအစဉ်ကို ကျွန်တော့်မန်နေဂျာတွေနဲ့ တိုင်ပင်လုပ်တာပေါ့"

"ကောင်းပါပြီရှင့်။ ကျွန်မတစ်ယောက်နဲ့ မပြီးသေးဘူး။ မြန်မာကျောင်းသားတွေကို ကြည့်ရှုတဲ့ မစ်စ်လက်စ်လီ ရှိသေးတယ်။ သူနဲ့စီစဉ်လိုက်ပါမယ်"

ဒေါ်ရသီက ပြန်ပြောလိုက်ပါသည်။

မစ်စ်လက်စလီဆိုသူမှာ မွန်မြန်မာအင်္ဂလိပ်ကပြား အပျိုကြီး ဖြစ်ပါသည်။ ရန်ကုန်တွင် ဆရာမလုပ်ခဲ့ပြီး စစ်အတွင်း အင်္ဂလန်ရောက်ခဲ့ရာ လန်ဒန်တွင် သောင်တင်နေခဲ့၏။ မြန်မာသံရုံးတွင် ဝင်ရောက်လုပ်ကိုင်ရင်း

မြန်မာ ကျောင်းသူ ကျောင်းသားကိစ္စများကို ဆောင်ရွက်ပေးနေသူဖြစ်သည်။ စိတ်ထားသဘောထားကောင်းပြီး မြန်မာကျောင်းသူ ကျောင်းသားများ၏ အနွံအတာ ခံသူဖြစ်၏။

မတ်လ ၂၆ ရက်နေ့တွင် မစ္စတာဂျွန်ဟောလစ်ထံမှ ဖိတ်စာရောက်လာပါသည်။ မြန်မာကျောင်းသူ ကျောင်းသားများအား ဟောလစ်ကုမ္ပဏီက နေ့ချင်းပြန် လေ့လာရေးခရီးတစ်ရပ် ပို့ပေးလိုပါသဖြင့် အောက်ပါအစီအစဉ် အတိုင်း လိုက်ပါရန် ဖိတ်ကြားကြောင်း ဖိတ်စာတွင်ပါရှိ၏။ အောက်တွင် ဂျွန်ဟောလစ်လက်မှတ်ထိုးထားပြီး ဘေးတွင်အစီအစဉ်များနှင့် အာရ်၊ အက်စ်၊ ဗီ၊ ပီ၊ R.S.V.P နှင့် ဖုန်းနံပါတ် တစ်ခုပါသည်။ ဆိုလိုသည်မှာ မလိုက်နိုင်ပါက အကြောင်းပြန်ကြားပါရန်ဟူသော ပြင်သစ်လိုရေးထုံးကို အတိုကောက် သုံးထားခြင်းဖြစ်၏။ ဖုန်းနံပါတ်မှာ မစ်စ်လက်စလီ၏ ရုံးဖုန်းဖြစ်သည်။ စာရေးသူသည် ဒိုင်ယာရီတွင် ထိုနေ့၌ အစီအစဉ်ရှိမရှိ ကြည့်ပြီး မရှိသောကြောင့် ဖိတ်စာပါအချိန်အစီအစဉ်များကို ရေးမှတ်ထားလိုက်ပါ၏။

ဧပြီလ ၂ ရက် တနင်္ဂနွေနေ့ဖြစ်ပါသည်။ ဖိတ်စာပါ အညွှန်းအတိုင်း လန်ဒန်မြို့လယ်၊ မာဘလ်အာချ်မြေအောက်ဘူတာမှအထွက် ကွက်လပ်တွင် လိုက်ပါကြမည့်ကျောင်းသားများ စုရုံးရောက်လာကြပါသည်။ မစ်စ်လက်စလီနှင့် သံရုံးအမှုထမ်း ဦးခင်မောင်မြင့် အပါအဝင် အားလုံးသုံးဆယ်ရှိသည်။ မြန်မာကျောင်းသားအများစုမှာ နွေရာသီ၌ လက်တွေ့သင်တန်းဆင်းခြင်း၊ အဝေးခရီးသွားနေခြင်းတို့ကြောင့် ၂၈ ယောက်သာ လိုက်ပါနိုင်ကြပါသည်။ မကြာမီ ဟောလစ်ကုမ္ပဏီ အမှတ်တံဆိပ်ပါသော ခရီးရှည်သွားကားကြီး တစ်စင်းရောက်လာပြီး စာရေးသူတို့အား တင်ဆောင်သွားသည်။ အစီအစဉ်အရ လန်ဒန်မြို့ပြင်ရှိ ဝင်ဆာရဲတိုက်ကြီးသို့ ခေါ်ဆောင်သွားပါသည်။ ရဲတိုက်အတွင်း၌ ၁၈၈၅ ခုနှစ် မန္တလေးမြို့ကို အင်္ဂလိပ်တို့ သိမ်းစဉ်က ယူသွားသော အမြောက်များ၊ ကြေးခေါင်းလောင်းကြီးများနှင့် ငွေဖလားများကို တွေ့ခဲ့ရပါသည်။ ရဲတိုက်ကြီးအကြောင်းကို အစောင့်ကရှင်းပြပြီးနောက် စိန်ဂျော့ဝတ်ပြုကျောင်းကို ဆက်လက်လေ့လာသည်။ ဤအဆောက်အအုံကြီးများမှာ ကမ္ဘာလှည့် ဧည့်သည်များလာတတ်၍ ပန်းခင်းမြက်ခင်းများနှင့် မွမ်းမံထားသည်။

ထို့နောက် ဟောလစ်လုပ်သော စက်ရုံရှိရာ ဘတ်ရှားနယ် စလော့မြို့သို့ ဆက်မောင်းခေါ်သွား၏။

စက်ရုံသို့ရောက်လျှင် ခမ်းနားသောခန်းမကြီးအတွင်း၌ သပ်ရပ်စွာ ပြင်ဆင်ထားသော စားပွဲကြီးများ၌ နေ့လယ်စာကျွေးပါသည်။ ဟောလစ် အရောင်းဌာန ဒါရိုက်တာ မစ္စတာဒဗလျူ၊ အာ၊ ဘိုင်ဒင်၊ ပင်လယ်ရပ်ခြား ဆိုင်ရာ ဒါရိုက်တာဂျွန်ဟောလစ်တို့နှင့်တကွ ဟောလစ်စက်ရုံ ဦးစီးမန်နေဂျာ များက ဆီးကြိုဧည့်ခံကြပါသည်။ ဒါရိုက်တာကြီး ဘိုဒင်က စာရေးသူတို့အား ကြိုဆိုနှုတ်ဆက်စကားပြောရာတွင် မစ္စတာဂျွန်ဟောလစ်မှာ မြန်မာပြည်သို့ သုံးကြိမ်ရောက်ဖူးကြောင်း၊ မိမိအနေနှင့်မူ တစ်ခေါက်သာရောက်ဖူးသေးပြီး နောက်ထပ်သွားချင်သေးကြောင်း စသည်ဖြင့် ပြောပါသည်။ သူတို့နှင့်အတူ နေ့လယ်စာကို မြိန်ရှက်စွာစားကြပြီး ဟောလစ်လုပ်သော စက်ရုံသို့လေ့လာ ရန် ခေါ်သွားပါသည်။

"ဟောလစ်" မှာ ဖော်စပ်သူ၏အမည်ကို မှည့်ထားခြင်းဖြစ်ပါသည်။ ၁၉၀၈ ခုနှစ်က ယင်းစက်ရုံ စတင်တည်ထောင်ခဲ့ရာ စာရေးသူတို့ ရောက် သော ၁၉၅၈ ခုနှစ်တွင် နှစ် ၅၀ မြောက်ပြီဖြစ်ရာ ရွှေရတုသဘင်အထိမ်းအမှတ် ကျင်းပသောနှစ်ဖြစ်၏။ ဟောလစ်ဖော်စပ်ရာတွင် ပါဝင်သော နွားနို့၊ ကြက်ဥ၊ ဂျုံ၊ ဘာလီ၊ သကြား၊ ဂလူးကိုစ် စသည်တို့ကို ကုမ္ပဏီကပင် ထုတ်လုပ်သည်။ ထည့်ရန်ဘူးများကိုလည်း ကုမ္ပဏီ၏ဌာနခွဲများက လုပ်ပေးသည်။ စက်ရုံ၏ တစ်ဖက်စွန်းမှစ၍ စတင်လေ့လာခဲ့ရာ။ ဘူးများကို ဟောလစ်အပြည့်ထည့်ပြီး တံဆိပ်ကပ် စက္ကူသေတ္တာတွင်ထည့်ပြီး တင်ပို့ရန် ကုန်တင်ကားပေါ်ရောက် သည်အထိ ဖြစ်သည်။ အော်တို စက်ယန္တရားများ တပ်ဆင်ထားသော်လည်း လူက စောင့်၍ ထိန်းပေးရသည်။ နှစ်နာရီကျော်ခန့် လေ့လာပြီးနောက် ဧည့်ခန်းမသို့ ပြန်ခေါ်သွားပါသည်။

ညနေ သုံးနာရီခွဲပြီဖြစ်ရာ လက်ဖက်ရည်သောက်ရန် ပြင်ဆင်ထားပြီး ဖြစ်သည်။ စာရေးသူတို့ ဝင်ထိုင်လိုက်ရာ ထိုင်ခုံဘေးတွင် ဟောလစ်ဘူး ဘစ်ဘူး၊ ဟောလစ်ဖျော်ရန် ကိရိယာတစ်စုံနှင့် ဟောလစ် ချောကလက်ပြား တစ်ဒါဇင်ပါသော လက်ဆောင်ထုပ်များ ချထားပြီးဖြစ်၏။ လက်ဖက်ရည် သောက်ပြီးလျှင် လက်ဆောင်ထုပ်ကိုယ်စီကိုင်၍ ပြန်ရန်ဖြစ်၏။ ထိုအခိုက် မစ်စ်လက်စ်လီက ထလိုက်ပြီး...

"အမျိုးသမီးများနှင့် လူကြီးမင်းများရှင့်၊ မြန်မာကျောင်းသားများ ကိုယ်စား မောင်ခင်မောင်ညွန့်က စကားအနည်းငယ် ပြောကြားပါလိမ့်မယ်"

စာရေးသူ ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားပါသည်။ စကားပြောရမည်ဟု ကြိုတင်ပြောမထား။ အစီအစဉ်တွင်လည်းမပါ၊ လက်တန်းချောက်တွန်းလိုက်လေပြီ။ ဘာပြောရမှန်းလည်း မသိ။ လက်ခုပ်သံများကား ဆူညံနေလေပြီ။ ဖြစ်သမျှအကြောင်းပဲဟု အံခဲပြီး ထရပ်ရပါသည်။ ထိုင်ရာမှ ထရပ်သော အချိန် စက္ကန့်ပိုင်းအတွင်း ဘာပြောရလျှင်သင့်မည်ကို လျှပ်တစ်ပြက် စဉ်းစားရင်း ငယ်စဉ်က မြင်နေကျ ဆိုင်းဘုတ်ကြီးနှစ်ခုကို မျက်စိထဲတွင် ပေါ်လာပါသည်။

"အမျိုးသမီးများနှင့် လူကြီးမင်းများခင်ဗျား၊ ယခုလို ဟောလစ်ကုမ္ပဏီကြီးက လေ့လာရေးခရီးဖိတ်ပြီး ဧည့်ခံပြုစုကျွေးမွေးတာ၊ ဟောလစ်စက်ရုံကြီးကို လေ့လာခွင့်ပြုတာကို မြန်မာကျောင်းသားများကိုယ်စား လှိုက်လဲစွာကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဟောလစ် လုပ်ပုံလုပ်နည်းကို စက်ရုံတာဝန်ခံတွေက ရှင်းပြလို့ ကျွန်တော်တို့ နားလည်ကြပါတယ်။ ကျွန်တော့် မိတ်ဆွေဆရာဝန်တွေက ပိုပြီး စိတ်ဝင်စားမှာ သေချာပါတယ်။ ကျွန်တော်တစ်ယောက်အနေနဲ့တော့ သိပ္ပံကျောင်းသားမဟုတ်လို့ ဟောလစ်မှာပါဝင်တဲ့ အာဟာရဓာတ်တွေအကြောင်း မသိပါဘူး။ ဒါပေမယ့် ဟောလစ်နဲ့ ပတ်သက်လို့ ငယ်ငယ်က အတွေ့အကြုံလေး ပြောပြလိုပါတယ်။

ကျွန်တော်တို့နေတဲ့မြို့ လူစည်ကားတဲ့နေရာမှာ ဆိုင်းဘုတ်ကြီးနှစ်ခုရှိတယ်။ တစ်ခုကတော့ 'သင့်ခွန်အားဖြည့်ရန် ဟောလစ်သောက်' ဆိုတဲ့ ဟောလစ်ကြော်ငြာပါ။ နောက်တစ်ခုကတော့ 'ကျော်နီဝါကား ဝီစကီ၊ သန်မာလျက်ပင်ရှိသေးသည်' **(Johnny Walkers Wisky still going strong)** ဆိုတဲ့ စာတန်းပါတဲ့ ဆိုင်းဘုတ်ကြီးပါ။ တက္ကသိုလ်ရောက်လို့ ဒုတိယနှစ်စာမေးပွဲဖြေရတော့ ညဉ့်နက်အထိ စာကျက်ရပါတယ်။ အိပ်ရေးပျက်လို့ နေထိုင်မကောင်းဖြစ်လာချင်လာတော့ ငယ်ငယ်က ဆိုင်းဘုတ်ကို သတိရမိတယ်။ ဒီတော့ ဟောလစ်ဝယ်သောက်လိုက်တာ အိပ်ပျော်ပြီး နေကောင်းသွားတယ်။ စာမေးပွဲလည်း အောင်သွားသဗျ။ ဒါကြောင့် ကျွန်တော့်မိတ်ဆွေများ မြန်မာကျောင်းသားတွေကို စာမေးပွဲနီးရင် အိပ်ပျက်ဒဏ်ခံအောင် ဟောလစ်သောက်အိပ်လို့ အကြံပေးချင်ပါတယ်ခင်ဗျာ"

ဝါးခနဲ ပွဲကျပြီး လက်ခုပ်သံများ ဆူညံသွားပါသည်။ မစ္စတာ ဂျွန် ဟောလစ်မှာ ပီတိဖြာသောမျက်နှာနှင့် စာရေးသူအား လှမ်းကြည့်ပြုံးပြသည်။

လက်ခုပ်သံများ စဲသွားသောအခါ ဂျွန်ဟောလစ်က ထပြီး စာရေးသူပြောသွားတာကို ကျေးဇူးတင်ကြောင်း၊ ကျော်နီဝါကားမှာ အရွယ်ရောက်သူများအတွက် သောက်ရန်ဖြစ်သော်လည်း၊ ဟောလစ်မှာမူ အရွယ်မရွေး သောက်နိုင်ကြောင်း စသည်ဖြင့် တုံ့ပြန်ပြောပြပါသည်။ ထို့နောက် ဧည့်ခံခန်းမရှေ့တွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြပါသည်။ ဂျွန်ဟောလစ်က စာရေးသူကိုလက်ဆွဲနှုတ်ဆက်သည်မှာ အကြိမ်များလှပါဘိ။

နောက်တစ်လလောက်ကြာသောအခါ စာရေးသူထံ ဟောလစ်ဘူးတစ်ဘူးနှင့် စာရေးသူတို့အဖွဲ့ လေ့လာရေးရောက်ကြောင်း၊ စာရေးသူက ပြောသောစကားနှင့် စုပေါင်းဓာတ်ပုံပါ ဖော်ပြရေးသားထားသော ဂေါစစ်ပါး (Gossiper) ခေါ် ဟောလစ်ရွှေရတုသဘင် စာစောင်တစ်အုပ်ပါ စာတိုက်မှ ပို့လိုက်ပါသည်။ ထိုအချိန်မှစ၍ စာရေးသူထံ ဟောလစ်ဘူးများပါဆယ်နှင့် မကြာခဏ ရောက်လာပါသည်။ စာရေးသူ မြန်မာပြည်ပြန်သောအခါ သင်္ဘော ပေါ်သောက်ရန် ဟောလစ်ဘူးကြီး တစ်ဘူး၊ ဟောလစ်ချောကလက် ၂ ဒါဇင်ကို ပါဆယ်နှင့် ပို့ပေးပါသေးသည်။ သူ့ပစ္စည်းကို ဟုတ်မှန်သည့်အတိုင်း ကြော်ငြာပေးမိသဖြင့် ကျေးဇူးတုံ့ပြန်နေခြင်း ဖြစ်ပါသည်။

❐

ဒိုးပတ်သံ ညံ့သော မြို့လန်ဒန်၏ ညတစ်ည

"အန်တီတို့ကို ကူပါဦးကွယ်။ ဒီပွဲက နိုင်ငံတကာ ယဉ်ကျေးမှု လဲလှယ်ရေးအသင်းကြီးက ကြီးမှူးတဲ့ပွဲကြီးကွဲ့။ မြန်မာမပါနိုင်ရင် မျက်နှာ ငယ်စရာကြီး"

ဘိလပ်ရှိ မြန်မာသံအမတ်ကြီး ဦးအောင်စိုး၏ဇနီးက စာရေးသူတို့ အား ထမင်းကျွေးရင်း ပြောနေပါသည်။ စာရေးသူတို့ဆိုရာတွင် ရူပဗေဒ ပညာသင်ကျောင်းသား ကိုကျော်မြင့်၊ ဘိလပ်–မြန်မာ စစ်သံမှူးရုံးမှ ဗိုလ်အုံး၊ ထိုရုံး၌အလုပ်လုပ်သူ ရန်ကုန်သား အင်္ဂလိပ်–မြန်မာ ကပြား အိုဝင်ဒေးဗွီးစ် နှင့် စာရေးသူတို့ ဖြစ်ပါသည်။ ဘိလပ်–မြန်မာသံရုံးတွင် သင်္ကြန်၊ ကဆုန်၊ ဝါဆိုလပြည့်၊ လွတ်လပ်ရေးနေ့နှင့် ပြည်ထောင်စုနေ့ စသောနေ့ကြီးများတွင် ပျော်ပွဲ၊ ရွှင်ပွဲလုပ်လျှင် တတ်သမျှ မှတ်သမျှ ဝင်ရောက်သီဆို တီးမှုတ်၊ ကခုန် တတ်ကြပါသည်။ ဤလေးဦးမှာ ကနေကျ ဆိုနေကျဖြစ်၍ သံအမတ် ကြီးနှင့်ဇနီးတို့က ရင်းနှီးစွာသိနေကြခြင်း ဖြစ်သည်။ မကြာမီ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုကပွဲကြီးအတွက် စာရေးသူတို့ မင်းသား လေးလက်ကို ပွဲဖျားနေခြင်း ဖြစ်ပါသည်။

"ဇာတ်ခုံပေါ် တက်ရမယ်ဆိုရင် မင်းသားအဝတ်အစားတွေ လိုမယ် အန်တီ"

ဒါတွေကို မစိုးရိမ်ပါနဲ့ကွယ်၊ ပုဆိုးကိုတော့ မင်းတို့အန်ကယ်ရဲ့ ချိတ်ပုဆိုးတွေ ဝတ်တာပေါ့။ ကျန်တာတွေကတော့ ချုပ်ကြတာပေါ့"

စာရေးသူတို့ အားရှိသွားပါသည်။ လန်ဒန်မြို့ကြီးမှာ နိုင်ငံတကာ အကတွေနှင့် မြန်မာအက ပြိုင်ကရမည်ဖြစ်၍ ဝမ်းသာနေပါသည်။ ကတတ် လွန်း၍ကား မဟုတ်ပါ။ မြန်မာ မပါနိုင်လျှင် မျက်နှာငယ်မည်ကို မလိုလား သောစိတ်ကြောင့်သာ ကကြမည် ဖြစ်ပါသည်။ ထိုအချိန်က ယခုခေတ်လို မြန်မာယဉ်ကျေးမှုကပွဲသဘင်သည် ဘိလပ်သို့လာမကဘူးပါ။ရွှေမန်းတင်မောင် နှင့် စိန်အောင်မင်းတို့နှစ်ယောက်သာ တိပ်ခွေသွင်းဆိုင်းနှင့် လန်ဒန်ဂန္ဓိဟော သို့ တစ်ခါက ကဖူးပါသည်။ အပြည်ပြည်ယဉ်ကျေးမှုဖလှယ်ရေး အစည်းအရုံး ကြီးက ကပွဲတွင် မြန်မာအကပါရန် ဖိတ်သောအခါ မြန်မာနိုင်ငံသို့ အကြောင်း ကြား စီစဉ်ရန် အချိန်လည်းမရ၊ စရိတ်လည်း ကုန်မည်။ မြန်မာသံရုံးက စီစဉ်ပြီး ပွဲထုတ်ရန်သာဖြစ်သည်။

စီစဉ်ရသည်မှာ မလွယ်လှ။ ဘိလပ်ရောက် မြန်မာများသည် နဂိုစိတ် ပျောက်ပြီး ဘိုစိတ်ပေါက်သွားတတ်ကြသည်။ မြန်မာအတီး၊ အဆို၊ အက များ ဆို၊ တီး၊ က ရမှာ ရှက်နေတတ်ကြသည်။ အနောက်တိုင်းသီချင်းဂီတ ကိုသာ အထင်ကြီးပြီး အနောက်တိုင်း ဖိုဖ အတွဲအကများကိုသာ ငွေကုန်ခံကာ သင်ယူနေတတ်ကြသည်။ ဒန့်စ် အကမျိုးစုံ ကတတ်သည်ဟု ဂုဏ်ယူ နေသော ကျောင်းသူ ကျောင်းသားများ ရှိသည်။ တချို့ကား နိုင်ငံတော်သီချင်းကိုပင် မေ့နေသဖြင့် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ အခမ်းအနားများတွင် သီချင်းစာသားကို စက်ရိုက်ပြီး ဝေရသည်အထိပင်။ အဖြစ်သည်းလွန်းသော 'ဗူးရိ'များပါပေ။ စာရေးသူတို့လို မြန်မာ့ပျော်ပွဲမှာ မြန်မာအက က၊ မြန်မာ သီချင်းဆို၊ မြန်မာ့တူရိယာ တီးသူများကို 'ဗူးရိ' တို့က 'ငပေါ၊ ငကြောင်တွေ' ဟု တီးတိုးပြောချင်ကြသေးသည်။ မည်သူတွေသာ 'ငပေါ၊ ငကြောင်' ဖြစ်မည်ဆိုတာကို မသိရှာပေသကိုး။

ကပွဲအတွက် ဇတ်တိုက်ရန် သုံးပတ် အချိန်ရပါသည်။ ဝတ်စား ဆင်ယင်မှုနှင့်အခမ်းအနားကို သံအမတ်ကတော်နှင့် ဦးတင်ဦးကြိုင်နှင့် ဇနီး တို့ကလည်းကောင်း၊ တီးဝိုင်းအတွက် အတိုင်ပင်ခံ သံအရာရှိကြီး၊ ဦးတင် မောင်ကြီးနှင့် စစ်သံရုံးအရာရှိ ဗိုလ်မှူးကျော်ဇောတို့ကလည်းကောင်း၊ အက အတွက် ဦးတက်ထွဋ်နှင့် ဦးတင်ဦးကြိုင်တို့ကလည်းကောင်း အသီးသီး တာဝန်ယူကြပါသည်။ စစ်ရုံးမှ ဗိုလ်အုံးက ဒိုးပတ်ဝိုင်းအကကရန်၊ ကိုကျော်

မြင့်နှင့် စာရေးသူတို့က မင်းသားလတ်ကနှင့် ကရန်၊ အိုဝင်ဒေးဗွိုးစ်က မင်းသားကြီးကနှင့် ကရန် စီစဉ်ပါသည်။ အစီအစဉ် အစအဆုံးကို ၃၅ မိနစ်နှင့် ပြီးရန် ဖြစ်ပါသည်။ ဒိုးပတ်အကကို ရိုးရာဒိုးပတ်သီချင်းနှင့် ကစေပြီး၊ မင်းသားကြီး၊ မင်းသားလတ်အကများကို မြို့မငြိမ်း၏ မြနန္ဒာသီချင်းနှင့် ကရန်ဖြစ်ပါသည်။ လန်ဒန်မြို့ ဟမ်းစတက်ရပ်ရှိ မြန်မာသံအမတ်ကြီးနေအိမ်တွင် ၆ ကြိမ် တိတိ ဇာတ်တိုက်ကြရပါသည်။ ဇာတ်သားများကို မုန့်ဟင်းခါး၊ မုန့်တီ၊ အုန်းနို့ခေါက်ဆွဲ၊ အုန်းထမင်း စသည်ဖြင့် အလဲလဲနှင့် သံအမတ်ကြီးဇနီးမောင်နှံက ကျွေးမွေးရာ မြန်မာအစားအစာငတ်သော ဘိလပ်ရောက်မြန်မာများအဖို့ နတ်သုဒ္ဓါပင်။ ဧည့်မြှောင်ကျောင်းသားများကလည်း လိုက်၍ စားလိုက်ကြသေးသည်။

ဇာတ်တိုက်၍ အသားကျသောအခါ အကဝတ်စုံနှင့် (Dress Rehearsal) လုပ်ရပြန်၏။ ကမည့်နေရာမှာ ကတ်စတန်ခန်းမကြီး ဇာတ်ခုံဖြစ်သည်။ အဟန့်ကောင်းရန် နောက်မှ လူများဝိုင်းပေးဖို့လိုသည်။ ထို့ပြင် သီချင်းဝိုင်းဆိုရန် ကျားသံ၊ မသံပါရန် ကျောင်းသူလေးဦးအား မင်းသမီးလို ဝတ်စေပြီး နောက်မှ သံပြိုင်ဆိုစေခြင်းဖြင့် ပို၍ စိုပြည်မြိုင်ဆိုင်လာအောင် လုပ်ရပါသည်။

၁၉၅၇ ခု၊ မေလ ၁၃ ရက်နေ့ ညနေခင်းသည်ကား အိုးစည်၊ ဒိုးပတ်သံညံသော မြို့လန်ဒန်၏ ညနေခင်းဖြစ်ပါသည်။ မြန်မာအကမှာ စတုတ္ထအစီအစဉ် ဖြစ်ပါသည်။ သီဟိုဠ်ကုလားမက တပင်တိုင် အေးအေးကလေး ကသွားရာ စည်တိုကလေးတီးဆော အတီးသမားတစ်ဦးသာပါသည်။ ပွဲကြည့်ပရိသတ်မှာ ငြိမ်ကျသွားပါသည်။ ထိုအကအပြီး မြန်မာအက အစီအစဉ်ကို ကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် ကားလိပ်မပင့်မီ ဒိုးပတ်တစ်ကျော့ ခပ်သွက်သွက်တီးလိုက်ရာ ရွှေပွဲလာပရိသတ်သည် လူပ်ရှားမြူးကြွလာပါသည်။ ကပွဲရုံကြီးတစ်ခုလုံး မြန်မာဒိုးပတ်ဟိန်းလေပြီ။ တစ်ကျော့တီး၍အဆုံး ကားလိပ်ပင့်လိုက်ရာ မြူးကြွနေသောပရိသတ်သည် ဇာတ်ခုံပေါ်မှာတွေ့ရသော မြင်ကွင်းကြောင့် ဝေခနဲ့ လက်ခုပ်သြဘာသံများ တစ်ခဲနက် ထွက်လာပါသည်။ နောက်ဆုံးတန်းတွင် တောက်ပြောင်လှသော မြန်မာဝတ်စုံများ ဝတ်ထားသည့် တီးဝိုင်းတော်သားများက ပန်းဖွားများနှင့် ပျံနေသော

တူရိယာကို ကိုင်လျက် ရပ်နေကြပါသည်။ သူတို့ဘေး တစ်ဖက်တစ်ချက်တွင် သံပြိုင်ဆိုကြမည့် မြန်မာကျောင်းသားလေးဦးနှင့် ကျောင်းသူလေးဦးတို့။ သူတို့ အဝတ်အစားများမှာလည်း ပိုး၊ ဖဲ၊ ရွှေချည်၊ ငွေချည် အချိတ်တွေ။ သူတို့ရှေ့မှာတော့ ဒိုးပတ်ကဟန်နှင့် ဗိုလ်အုံး၊ မင်းသားကြီးကကြိုးနှင့် အိုဝင်ဒေးဗွီးစ်၊ တစ်ဘက်တစ်ချက်တွင် မင်းသားလတ်ကပုံနှင့် ကိုကျော်မြင့်နှင့် စာရေးသူတို့၊ ဇာတ်ခုံ ယာဘက်စွန်းတွင် မိုက်ခွက်တွင် ရပ်နေသူကား ဘီးဆံပတ်တွင် ပန်းတွေဝေအောင်ပန်ထားပြီး စိန်ရွှေရတနာများနှင့် မွန်းထားသော သံအမတ်ကြီးကတော် မဒမ်အောင်စိုးဖြစ်ပါသည်။ ဇာတ်ခုံကြီးတစ်ခုလုံးအပြည့် ကိုယ့်ဟန်နှင့်ကိုယ် ကားလိပ်အပင့်တွင် ပေါ်လာသောမြင်ကွင်းကား ခမ်းနားထည်ဝါနေပါသည်။ ရှိုးကောင်းနေပါသည်။

မကြာမီ မိုက်ခွက်မှ သံအမတ်ကြီးကတော်၏ အသံသည် အင်္ဂလိပ်စကားနှင့် ကြည်လင်ပြတ်သွားစွာ ထွက်ပေါ်လာပါသည်။ မြန်မာအက အစီအစဉ်ကို ပရိသတ်နှင့် မိတ်ဆက်ပေးရာတွင် ယခုတင်ဆက်မည့်အကများမှာ ရိုးရာအကများဖြစ်ကြောင်း၊ မြန်မာအကအကြောင်း စာအုပ်ငယ်များ ဝေငှထားကြောင်း၊ ကပြမည့်သူများမှာ ကတတ်သမျှ ကြိုးစားကပြခြင်းဖြစ်ကြောင်း စသည်ဖြင့် အဖွင့်မိတ်ဆက်စကား ပြောပါသည်။ သည့်နောက် ပထမပိုင်းတွင် ဒိုးပတ်နှင့် အိုးစည်အကကို ဗိုလ်အုံးက မြူးမြူးကြွကြွကပါသည်။ ကကွက်များ မထပ်ရအောင် အဆတ်က၊ အခုန်က၊ ယိုင်က စသည်ဖြင့် ကြိုးစုံကပြ၏။ တူရိယာသံများကလည်း ပဲ့တင်ထပ်လျက် ကျားသံ၊ မသံ၊ သံပြိုင် သံချပ်များကလည်း မြိုင်လှ၏။ စောစောက သိဟိုဠ်ကုလားမလေး၏ ငြိမ့်ညောင်းသောအကနှင့် တခြားစီဖြစ်လေပြီ။

အိုးစည်၊ ဒိုးပတ်အပြီး မင်းသားကြီး အိုဝင်ဒေးဗွီးစ်က ဖိုးစိန်ကြီး၊ စိန်ကတုံးတို့ ကဟန်နှင့် ပွဲထွက်လာပါသည်။ တစ်ခေတ်က မြန်မာနိုင်ငံတွင် နာမည်ကြီးခဲ့သော သြစတြေးလျလူမျိုး မင်းသား 'အင်္ဂလန်စိန်' နှင့် တူသည်။ စင်စစ် အင်္ဂလန်စိန်မင်းသားဖြစ်ခဲ့သောအာသာမှာ လန်ဒန်၌ မြန်မာအမျိုးသမီးနှင့် အိမ်ထောင်ကျပြီးနေရာ အိုဝင်ဒေးဗွီးစ်က ဤပွဲအတွက် ကကွက်များကို သူ့ထံသွား၍ သင်သေးသည်ဟု သိရ၏။ အိုဝင်ဒေးဗွီးစ်က သီချင်းတစ်ကျော့ကုန်ကအပြီး ကိုကျော်မြင့်နှင့်စာရေးသူတို့က မင်းသားလတ်အကနှင့် ဝင်လာရပါသည်။ စည်းဝါးကျကျနှင့်ကရင်း ပရိသတ်ကို လှမ်းကြည့်မိရာ၊ သံတမန်

လောကမှပုဂ္ဂိုလ်ကြီးတွေ၊ မင်းဗိုးရာဇာတွေ၊ လော့ဒ်တွေ၊ လေဒီတွေကို တွေ့ရပါသည်။ သူတို့ကား စာရေးသူတို့ကို မျက်တောင်မခတ်၊ စူးစိုက်ကြည့်နေကြပါသည်။ ရှေ့တန်းတွင် ဆာဟူးဘတ်ရန့်စ်တို့ မိသားစု၊ ဆာဂေါပုတ်တို့ အိမ်ထောင်စု၊ ကင်စီမာတင်နှင့် ဒေါ်ရသီဝုဒ်မင်း၊ မောရစ်ကောလစ်၊ ဂျီအီးဟာဗေး၊ မစ္စတာစတီးဝပ်၊ မစ္စတာပန်း၊ ဒေါက်တာဟောလ်၊ မစ္စတာလက်ဖရိုင်း၊ မစ္စတာကာမုတ်စသော မြန်မာမိတ်ဆွေ ဦးအင်္ဂလိပ်၊ ဒေါ်အင်္ဂလိပ်ကြီးတို့ကို တသီကြီး လှမ်းမြင်လိုက်ရပါသည်။

"မြနန္ဒာ နေညိုညို ရစ်ခါသမ်းတယ်၊ ရွှေမန်းတောင်ရိပ်ခိုတယ် ဆိုတယ်ကို လူပျိုရယ်၊ ပျော်ခင်းလည်း သာပါဘိနယ်၊ အတိတ်ကောင်းယူတဲ့ နှစ်ဦးသကြိန်ခါတော်ဝယ်"

သီချင်လည်းဆုံး၊ အတီးလည်းရပ်၊ ကကြိုးလည်း ပြီးသွားရာ အားလုံး ဦးညွတ်အလေးပြုရင်း ကားလိပ်ချ၏ လက်ခုပ်သံများ သောသောညံထွက်လာပါသည်။ လက်ခုပ်သံမစဲသေးဘဲရှိရာ ကားလိပ်ပြန်ပင့်ရပြန်သဖြင့် ဒုတိယအကြိမ် ဦးညွတ်အလေးပြုကြရပြန်၏။ ဤလို ကားလိပ်သုံးချီပင့်၊ သုံးချီဦးညွတ်ရပါသည်။ အနောက်ယဉ်ကျေးမှု ထုံးစံအရ ရွှေပွဲလာပရိသတ်တို့၏ သြဘာသံမစဲမခြင်း ကားလိပ်ပင့်၍ ဦးညွတ်ရခြင်းဖြစ်ပါသည်။ ပရိသတ်မည်မျှကြိုက်သည်ကို ဘယ်နှစ်ကြိမ်ပင့်ပေးရသည်ဟူ၍ ပြောလေ့ရှိပါသည်။ စာရေးသူတို့အကမှာ ကားလိပ်သုံးချီပင့်ပေးရသော အကပါပေ။

လန်ဒန်မြို့လယ်မှာတောင် ဒိုးပတ်သံညံခဲ့သည်မဟုတ်သေး။ နောက်တစ်နေ့ ဘီဘီစီ မြန်မာပိုင်းမှလည်း ဦးတက်ထွဋ်က ထိုညက မြန်မာအက အကြောင်းကို အသံလွှင့်ဖောက်သည်ချလိုက်သေးရာ ကမ္ဘာလေလှိုင်းတွင် မြန်မာ့အိုးစည်၊ ဒိုးပတ်သံများ ဆူညံသွားပါတော့သည်။

"သောတရှင်များ၊ ခင်ဗျား၊ လွန်ခဲ့တဲ့ မေလ ၁၃ ရက်၊ တနလ်ာနေ့မှာ လန်ဒန်မြို့ အပြည်ပြည်ယဉ်ကျေးမှု ဖလှယ်ရေး အစည်းအရုံးကြီးက ကြပ်မတ်ပြီး ဆွီဒင်၊ မြန်မာ၊ ယိုးဒယား သီဟိုဠ် နိုင်ငံတို့၏အစဉ်အလာအတီးအမှုတ်၊ အဆိုအက ပွဲကြီးတစ်ရပ်ကို လန်ဒန်မြို့ ကတ်စတန်ခန်းမဆောင်ကြီးမှာ ခင်းကျင်းခဲ့ပါတယ်။ မြန်မာအကက အခြားအကတွေကို လွှမ်းသွားပါတယ်"

❐

ဘိလပ်မြန်မာအသင်းနှင့် ပညာရေးဆွေးနွေးပွဲများ

အင်္ဂလန်နွေရာသီကား မြန်မာတို့အဖို့ နေထိုင်ကောင်းရုံနွေးသည်။ လန်ဒန်လို လူနေသိပ်သည်းသော ဗြိတိန်တွင် အပူဒီဂရီ ၇၅ မှ ၈၀ ကျော် အထိ တက်လာတတ်သော်လည်း တောပိုင်းတွင် ၇၀ ဒီဂရီ တစ်ဝိုက်လောက်သာ ရှိသည်။ စပရင်း (Spring) ခေါ် နွေဦးပေါက်တွင် ဩကာသ လောက တစ်ခုလုံး ထွက်ပြူမြူးကြွလာ၏။ နှင်းဖုံးခဲ့သော မြေပထဝီတွင် မြေနုကလေးများ ပြူလာသဖြင့် မြစိမ်းကော်ဇောကြီး ခင်းစပြုလာသည်။ သစ်ခက်သစ်လက်များမှလည်း ပုရစ်ဖူးကလေးများ ပေါ်လာကြ၏။ သစ်ရိပ်ချုံပုတ်အောက်တွင်လည်း ရောင်စုံနှင်းပန်း ဒက်ဖောက်ဒေးလ်ခေါ် ဂမုန်းပန်းများနှင့် ခတ္တာပန်းမျိုးစုံတို့၏ ဥများမှ အစိုအညော်၊ အငေါက်အတွယ် အတောင့်များသည် ခြမကြီးအတွင်းမှ ဖောက်ထွက်လာကြ၏။ ဆောင်းရာသီအတွင်း ဘယ်ဆီသွား၍ ခိုအောင်းနေမှန်း မသိရသော ငှက်မျိုးစုံ၊ ရှဉ့်မျိုးစုံနှင့် ပိုးမွှားမျိုးစုံတို့လည်း ထွက်လာကြ၏။ ဩကာသ လောကကြီးတစ်ခုလုံး ထွက်ပြူလာကြသလို မနုဿလောကမှလည်း ထွက်ပြူလာကြသည်။ လေးလံထူထည်းသော အနွေးထည်များ ဝတ်နေရာမှ ပေါ့ပါးဖျတ်လတ်သော အဝတ်အစားများ ဝတ်လာကြပြီး မြူးကြွနေသော ဩကာသလောကကြီးနှင့်ပြိုင်ရန် လူတွေ ပြင်ပသို့ ထွက်လာကြသည်။

ထို့ကြောင့် ဤလိုရာသီကို သူတို့က စပရင်း 'ထွက်ပြူမြူးကြွသော ရာသီ' ဟု ခေါ်ခြင်းမှာ ခေါ်ထိုက်ပါသည်။ 'ထွက်ပြူမြူးကြွသောရာသီ' နောက်ကွယ်တွင် နွေးထွေးတောက်ပသော ရာသီ (ဝါ) နွေရာသီ ကပ်လိုက်

သာပါသည်။ နွေရာသီကား အင်္ဂလန်၏ လေးရာသီအနက် အကောင်းဆုံးရာသီဟု ဆိုနိုင်လောက်ပါသည်။ တိမ်သားကင်းသော ကျိုးဉရောင်ကောင်းကင်၊ ရွှေရောင်ဖြာနေသောနေမင်း၊ ငွားငွားစွင့်စွင့် ကားကားပွင့်နေသော ပန်းရောင်စုံ၊ မြရောင်ဆန်း၍ လန်းနေသောမြက်ခင်းများ၊ သဲစုံကျူး၍ မြူးနေသော ငှက်များ ဤလိုလှပနေသော သြကာသ လောကအတွင်းဝယ် လူသားတို့သည်လည်း လှပလာပါသည်။ အနွေးထည် ဝတ်ခြုံစရာမလို၊ နွေနေ၏ထွေးပိုက်မှုအောက်ဝယ် တောက်ပြောင်ပါးလွာသော ဖက်ရှင်ကျကျ အဝတ်အစားများနှင့် အင်္ဂလန်သားတို့ မြူးကြွလာလေပြီ။

အေးသော သူတို့နိုင်ငံအဖို့ အနွေးဓာတ်သည် အဖိုးတန်လှသည်။ ထို့ကြောင့် နွေရာသီတွင် အားလပ်ခွင့်ယူကြပြီး အပန်းဖြေကြသည်။ နွေ၏အနွေးကို အဝလှုံကြ၏။ အလုပ်ခွင်မှ ကြဉ်ကာ အပျော်ခရီးထွက်ကြသောရာသီ (၀၀) ဟောလီးဒေးဆီဇင်း ဖြစ်ပါသည်။

ဘီလပ်ရောက် မြန်မာကျောင်းသားများသည်လည်း ကာလဒေသနှင့်အညီဖြစ်လာကြသည်။ နွေရာသီကား ကျောင်းရက်ရှည်ပိတ်သဖြင့် ငွေကြေးရှိပါက ဥရောပနိုင်ငံတစ်ခုခုသို့လည်းကောင်း၊ စကော့တလန်၊ အိုင်ယာလန်သို့လည်းကောင်း၊ အင်္ဂလန်အတွင်းရှိသော တောလက်ကျေးရွာများသို့ လည်းကောင်း သို့မဟုတ် ပင်လယ်ကမ်း ရေချိုးဆိပ်များသို့လည်းကောင်း သွားနိုင်ပါသည်။ သို့သော် အများအားဖြင့် ငွေကြေးမပြည့်စုံရှာကြပါ။ မိမိနေထိုင်ရာမြို့မှ နေ့ချင်းပြန် သို့မဟုတ် စနေ၊ တနင်္ဂနွေ ညအိပ်လောက်သာ အနိုင်နိုင် သွားနိုင်ကြပါသည်။ ထို့ကြောင့် ကုသိုလ်လည်းရာ ဝမ်းလည်းဝ ဆိုသလို ပညာလည်းရ ဒေသန္တရဗဟုသုတလည်းဖြစ်၍ အပျော်ခရီးလည်းထွက်ပြီးဖြစ်စေရန် ဘီလပ်မြန်မာအသင်းက နွေရာသီရောက်တိုင်း 'ပညာရေးဆွေးနွေးပွဲများကို' စီစဉ်ပေးပါသည်။ အိုင်ယာလန်၊ စကော့တလန်၊ ဝေလနယ် သို့မဟုတ် အင်္ဂလန်အနီးတစ်ဝိုက်ရှိ ကျွန်းတစ်ခုခုသို့သွားရောက်၍ ရက်သတ္တနှစ်ပတ်ကြာခန့် ပညာရေးဆွေးနွေးပွဲ ကျင်းပပါသည်။

လိုက်ပါလိုသော ကျောင်းသားများအတွက် ကုန်ကျစရိတ်ကို မြန်မာနိုင်ငံသံရုံးပညာရေးဌာနမှ ကျခံသည်။ မိမိတို့ သင်ယူနေသော ဘာသာရပ်အကြောင်းကို အလှည့်ကျဟောပြောရပြီး နားထောင်နေသော ကျောင်းသားများ

ကဝိုင်း၍ မေးမြန်းဆွေးနွေးရပါသည်။ ထို့အပြင် ဒေသခံပညာရှိ ပုဂ္ဂိုလ်များကိုလည်း ဖိတ်ခေါ်၍ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများကို ဟောပြောစေခြင်း၊ လေ့လာရေးခရီး ထွက်ခြင်းများ ပြုလုပ်ကြသည်။ ဆွေးနွေးပွဲအပြီး စခန်းသိမ်းပွဲတွင် ညစာနှင့်ဧည့်ခံကာ တက်ရောက်လာသော မြန်မာကျောင်းသူကျောင်းသားများက အဆို အတီး အက များဖြင့် ဖျော်ဖြေကြပါသည်။

စာရေးသူတို့ ဘိလပ်မရောက်မီတစ်နှစ်က အိုင်ယာလန်တွင် ဘိလပ်မြန်မာအသင်း ပညာရေးဆွေးနွေးပွဲ ကျင်းပပြီးသွားကြောင်း သိရ၏။ စာရေးသူ ဘိလပ်ရောက်သော ၁၉၅၆ ခုနှစ်တွင်၊ ယင်းပညာရေးဆွေးနွေးပွဲကို ဝိုက်ကျွန်းတွင် ကျင်းပပါသည်။ ဝိုက်ကျွန်းဆိုသည်မှာ အင်္ဂလန်ကျွန်းမကြီးတစ်ဝိုက်တွင် ရဲလျက်ရှိသော ကျွန်းငယ်များအနက် တစ်ခုဖြစ်၏၊ အင်္ဂလန်ကျွန်းမကြီး၏ တောင်ဘက်ယွန်းယွန်းခန့်တွင်ရှိသည်။ သဘော်နှင့် သုံးနာရီခန့် သွားရ၏။ ထိုနှစ်က ကျောင်းသားတော်တော်များများ လိုက်ပါလာကြပါသည်။ စတည်းချသောနေရာမှာ အလယ်တန်းကျောင်း ဖြစ်ပါသည်။ ထိုနှစ် ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ၌ စာရေးသူလည်းပါသည်။ တစ်စုတစ်ရုံးတည်း သဘော်ဖြင့် ရောက်လာကြပြီး တစ်ဆောင်တည်း၌ တည်းခိုကြရပါသည်။ ကျောင်းအိပ်ကျောင်းစားထားသော အလယ်တန်းကျောင်းကြီးဖြစ်ရာ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသားများ ပြန်သွားပြီဖြစ်၍ စာရေးသူတို့ ဧည့်သည်တွေချည်း ဖြစ်နေပါသည်။ သို့သော် နောက်ချန်၍ ပြန်မည်သူ အားကစားအတွက် ကျန်ရစ်သူကျောင်းသူ ကျောင်းသား အနည်းအပါးကို တွေ့ရသည်။

ထိုနှစ် ပညာရေးဆွေးနွေးပွဲကို သံအမတ်ကြီး ဦးကြင် လာရောက်ပြီး အခမ်းအနားဖွင့်ပေးပါသည်။ သံမှူး ဦးတင်မောင်ကြီး၊ ပညာရေးမှူး ဦးစိန်နှင့် အခြားသံရုံး အမှုထမ်းများပါ စုံလင်စွာ တက်ရောက်ကြ၏။ သံအမတ်ကြီးက ကျောင်းသားနှင့် သံတမန်ပရိယာယ် (Students and Public Diplomacy) ဟူသော ခေါင်းစဉ်ကို အင်္ဂလိပ်ဘာသာနှင့် ဟောပြောပါသည်။ သံအမတ်တွေသာ သံတမန်လုပ်ငန်း လုပ်နေသည်မဟုတ်၊ ကျောင်းသားတိုင်းသည် သံတမန်ဖြစ်ကြောင်း၊ နိုင်ငံအချင်းချင်း၊ လူမျိုးအချင်းချင်း ချစ်ကြည်ရေး၊ မိတ်ဖြစ်ရေးတွင် ကျောင်းသားများလည်း အရေးပါကြောင်း သူတစ်ပါး

တိုင်းပြည်၌နေထိုင်စဉ် မိမိနိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာ မထိခိုက်အောင် နေထိုင်ကျင့်ကြံရန် ပညာကိုကြိုးစားသင်ပြီး အထွေထွေဗဟုသုတ ရှာမှီးရန်၊ ပညာရပြီးသောအခါ နိုင်ငံနှင့်လူမျိုးအတွက် ပြည်တော်ပြန်၍ တာဝန်ထမ်းဆောင်ကြရန် စသည်ဖြင့် စိတ်ဝင်စားစွာ ဆုံးမဟောပြောပါသည်။ သံအမတ်ဦးကြင်ကား အင်္ဂလိပ်မြန်မာ နှစ်ဘာသာစလုံး၌ စကားပြောကောင်းသူဖြစ်၏။ သူ့ဟောပြောချက်များကို နေရှင်းသတင်းစာတွင် ဖော်ပြရာ စာရေးသူက ဖြတ်သိမ်းထားပါသည်။ စာရေးသူအပါအဝင် ကျောင်းသားကျောင်းသူရှစ်ဦးက ဘာသာရပ်ဆိုင်ရာများကို အလှည့်ကျ ဟောပြောပြီးနောက် နားထောင်သူများက ဆွေးနွေးကြပါသည်။ အခြားအစီအစဉ်များမှာ တည်းခိုသော အလယ်တန်းကျောင်းအုပ်ကြီးက ဝိုက်ကျွန်းအကြောင်း သိကောင်းစရာ အရှေ့အလယ်ပိုင်း သမိုင်းပါမောက္ခက အရှေ့အလယ်ပိုင်း ပြဿနာအကြောင်းနှင့် သိပ္ပံကထိကက အာကာသသိပ္ပံအကြောင်းများကို လာရောက်ဟောပြောရာ နားထောင်သူများအတွက် ဗဟုသုတပွားစေသည်။ လေ့လာရေးခရီး စကားရည်လုပွဲများကို နောက်ဆုံးအစီအစဉ်အဖြစ် ကျင်းပပြီး ပညာရေးဆွေးနွေးပွဲကို စုပေါင်းညစာစားပွဲနှင့် အဆုံးသတ်သည်။

၁၉၅၇ ခုနှစ် ပညာရေးဆွေးနွေးပွဲကို ဝေလနယ်၊ ဆွမ်းဆီးမြို့ရှိ ဆွမ်းဆီးကောလိပ်တွင် ကျင်းပပါသည်။ ဝေလနယ်ကား အင်္ဂလန်ကျွန်းတောင်ပိုင်းတွင်ရှိသည်။ အင်္ဂလိပ်လူမျိုးနှင့် လုံးဝမတူသော ဝေလလူမျိုးများနေထိုင်ရာ ဇာတိဖြစ်သည်။ ကျောက်မီးသွေးတွင်း တူးသောလုပ်ငန်းကို အများဆုံး လုပ်ကိုင်၏။ ဝေလလူမျိုးတို့မှာ မြန်မာတို့ကဲ့သို့ပင် ပွင့်လင်းသည်။ ဖော်ရွေသည်။ 'လှဲ' 'လွ' 'လှ' 'လွေး' 'လျှဲ' ဟူသော အသံများစွာ ပါဝင်သောစကားကို ပြောကြပါသည်။ အယ်လ်နှစ်လုံးဆင့်လျှင် 'လှ' သံပေါက်သည်။ မြန်မာတို့က သူတို့၏ လဟထိုးသံကို ပီအောင် ဆိုနိုင်ခြင်းအတွက် အလွန်သဘောကျ၏။ အင်္ဂလိပ်အပါအဝင် မည်သည့်လူမျိုးမှ ယင်းအသံကို ပီသအောင် မဆိုနိုင်ဟု သူတို့ ထင်နေခဲ့ရာ မြန်မာကျောင်းသားများနှင့်တွေ့တော့မှ သူတို့အတွက် ချွင်းချက်ချထားရတော့မည်။

ဆွမ်းဆီးမြို့ကား သာယာလှ၏။ မြို့တော်ခန်းမပြတိုက်၊ တက္ကသိုလ်ရုံး၊ ရှေးဟောင်းရဲတိုက်များ၊ နန်းတော်ဟောင်းနှင့် စံအိမ်ကြီးများ၊ စာကြည့်တိုက်စသည်ဖြင့် လေ့လာစရာများပါသည်။ အင်္ဂလန် ကြူဒါမင်းမြို့တို့မှာ ဝေလ

နွယ်များဖြစ်ကြသဖြင့် သူတို့ မျိုးနွယ်များ၏ စံအိမ်များကို ပြတိုက်အဖြစ် သုံးထား၏။ အင်္ဂလန်နိုင်ငံ၏ နန်းမွေခံမင်းသား အိမ်ရှေ့စံကို ဝေလမင်းသား ဘွဲ့ပေးရိုးထုံးစံ အစဉ်အလာရှိခဲ့၏။ ဆွမ်းဆီးမြို့ကား ဝေလနယ်၏မြို့တော်ဖြစ်သည်နှင့်အညီ အိမ်ရှေ့စံမင်းသား ဝေလဘွဲ့ခံသော ဘိသိက်အခမ်းအနား ကျင်းပရာမြို့တော်လည်းဖြစ်၏။ စာရေးသူတို့ ဘိလပ်ရှိစဉ်က ချားလ်မင်းသား အရွယ်မရောက်သေးသဖြင့် ဝေလမင်းသားဘွဲ့ မခံရသေးပါ။

၁၉၅၇ ခုနှစ် ပညာရေးဆွေးနွေးပွဲကိုလည်း ယခင်နှစ်များအတိုင်း ကျင်းပပါသည်။ ပြင်ပမှလာရောက်ဟောပြောချက်များအနက် ဝေလဘာသာ စကားအကြောင်း ဟောပြောချက်မှာ စိတ်ဝင်စားစရာအကောင်းဆုံး ဖြစ်ပါသည်။ ဂျူးစ်၊ ဂျိမ်းစ်၊ အိုဝင်၊ အဲဝင်၊ လွဲလင်၊ လွိုက် ဆိုသော အမည်များမှာ ဝေလတို့၏ မှည့်နေကျ အမည်များဖြစ်ကြောင်း သိရသည်။ သူတို့၏ သီးခြားဘာသာစကားယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုကို ထိန်းသိမ်းထားကြကြောင်း ဝေလလူမျိုးထဲမှ မြန်မာပြည်ရောက်ဖူးကြပြီး ဗြိတိသျှအမှုကို ထမ်းဖူးကြောင်း သိရပါသည်။

၁၉၅၈ ခုနှစ် ပညာရေးဆွေးနွေးပွဲကို စကော့တလန်ပြည်နယ်၊ ဒန်ဒီမြို့ရှိ 'စိန့်အန်ဒရူး' တက္ကသိုလ်တွင် ကျင်းပပါသည်။ မြန်မာသံအမတ်ကြီး ဦးအောင်စိုးနှင့်ဇနီးတို့လည်း လိုက်ပါလာကြသည်။ စကော့တလန်ကား မြန်မာနိုင်ငံရှိ ရှမ်းပြည်နယ်ကဲ့သို့ ကုန်းမြင့်ဒေသဖြစ်၏။ စကော့တလန်လူမျိုးတို့၏ ဇာတိရွာဖြစ်သည်။ စကော့တလန်လူမျိုးတို့ကား တောင်တန်းဒေသ လူမျိုးများဖြစ်ပြီး သီးခြားဘာသာစကားနှင့် ယဉ်ကျေးမှုရှိကြသည်။ ပွင့်လင်းရိုးသားကြသည်။ အလုပ်ကိုကြိုးစားပမ်းစားလုပ်ပြီး ချွေတာစုဆောင်းကြသည်။ အင်္ဂလိပ်တို့က သူတို့ကို ကပ်စေးနည်းသော လူမျိုးဟု စွပ်စွဲပြောဆိုကြသော်လည်း စင်စစ်မိမိတို့ လုပ်အားမှရသော ချွေးနည်းစာကို ကျစ်လျစ်စွာသုံးစွဲခြင်းသာ ဖြစ်ပါသည်။ ဧည့်သည်များကို ကျွေးချင် မွေးချင် ရှိကြပါသည်။ စကော့မြေကို နင်းမိသည်နှင့် အနီ၊ အစိမ်း၊ အဝါ၊ အနက်၊ လေးထောင့်ကွက်စောင်များကို ခါးတွင်ဂါဝန်ကဲ့သို့ပတ်ပြီး ခေါင်းတွင် ခေါင်းပေါင်းပေါင်း၍ စောင်ခြုံသော စကော့အမျိုးသားတို့ကို တွေ့ရပါသည်။

လေးလေးတွဲ့တွဲ့နှင့် လွမ်းစရာကောင်းသော၊ အသံမြည်သော 'ဘက်ပိုက်' ခေါ် ကျော့တွင်ချိတ်၍ မှုတ်ရသော စကော့ပုလွေအသံကို

ကြားရပါသည်။ ဈေးအနီး ကွင်းပြင်ကွက်လပ်များတွင် ကျားမအတွဲလိုက် ရိုးရာအကများကို လူနှစ်ဆယ်၊ သုံးဆယ်ခန့် ကနေကြသည်။ ရိုးရာဝတ်စုံများ နှင့် ကနေကြသော သူတို့ကိုကြည့်ရင်း စာရေးသူသည် ပြည်ထောင်စုနေ့ ကပွဲများကို ပြန်သတိရနေမိပါသည်။

ပညာရေးဆွေးနွေးပွဲကို နှစ်စဉ် ထုံးစံအတိုင်းကျင်းပပါသည်။ စိန့်အန် ဒရူးတက္ကသိုလ်ကား စကော့တလန်တက္ကသိုလ်များတွင် နာမည်ကြီးသည့် အဆောက်အအုံများမှာ ရှေးဟောင်းအသွင် ဆောင်နေပါသည်။ ပြင်ပမှ လာ ရောက်ဟောပြောသော ပုဂ္ဂိုလ်များအနက် ထိုတက္ကသိုလ်၏ ပါမောက္ခချုပ်နှင့် သမိုင်းဆရာတို့၏ ဟောပြောချက်များကား စိတ်ဝင်စားစရာကောင်းသည်။ စကော့လူမျိုးတို့၏ သမိုင်းပုံပြင်များ စရိုက်သဘာဝများအကြောင်း သိရပါ သည်။ သောကြာနေ့တွင် တစ်မြို့သားလုံး အသားမစားကြပါ။ ငါးသာ စားပါသည်။ ဘာသာရေးထုံးစံဖြစ်၏။ စာရေးသူတို့ တည်းခိုရာရိပ်သာတွင် သောကြာနေ့၌ ညစာမကျွေးပါ။ ညနေလက်ဖက်ရည်တိုက်ချိန်တွင် ဟိုင်းတီး (High Tea) လက်ဖက်ရည်ကြီးသာ တိုက်ကျွေးပါသည်။ 'လက်ဖက်ရည်ကြီး' ဆိုသည်မှာ ငါး၊ ဒိန်ခဲ၊ ထောပတ်၊ နို့ခဲနှင့်ညှပ်ထားသော ပေါင်မုန့်၊ ဘိန်းမုန့် များ၊ အချိုဆမ်းကိန်မုန့်မျိုးစုံတို့နှင့် လက်ဖက်ရည်ကို တဝကြီးတိုက်ကျွေး ၍သာပွဲ ဖြစ်ပါသည်။ ညပိုင်းဆာလျှင် ကိုယ့်ဘာသာအပြင်ထွက်စားရပါသည်။

စာရေးသူသည် ပညာရေးဆွေးနွေးပွဲကို သုံးနှစ်ဆက်လိုက်ခဲ့သည်။ ၁၉၅၈ ခုနှစ်နောက်ပိုင်းတွင် ငွေကြေးကျပ်တည်းမှုကြောင့် မကျင်းပနိုင်တော့ ပါ။ လိုက်ပါခဲ့သမျှ ပညာလည်းရ၊ ဗဟုသုတလည်းပွားပြီး အပျော်ခရီးလည်း ထွက်ပြီးဖြစ်ပါသည်။ မှတ်တမ်းတင်ဓာတ်ပုံများရိုက်ခဲ့ရာ နှစ်များစွာကြာပြီဖြစ် သော်လည်း ယင်းဓာတ်ပုံများကိုကြည့်ရင်း အသစ်ပြန်ဖြစ်နေပါတော့သည်။

❐

“မစ္စတာမြန်မာ” ကို လူသိများခဲ့သော ဆင်မိနာကြီးဝယ်

- ကိုယ့်တိုင်းပြည်အကြောင်းသိဖို့လိုသေး
- ခေါင်းခဲရသော ဝတ်စုံကိစ္စ
- မြန်မာလိုပြောသော ဦးအင်္ဂလိပ်ကြီး
- ကိုလိုနီသမိုင်းဆရာကြီး နှစ်ဦးကြားက မြန်မာကျောင်းသားလေး
- ပါရီရောက်လာ ရီဝေစွာ
- ငြိမ်းချမ်းရေးမြို့တော်ကြီးသို့
- မြန်မာပြည်အကြောင်း ဝိုင်းမေးကြသည်
- ကိုယ့်တွေ့အပြည်ပြည်ကျောင်းသားစင်မြင့်
- အပြည်ပြည်ကျောင်းသားလက်ခုပ်သြဘာသံ
- ‘မစ္စတာမြန်မာ’ နှင့် အရောင်းစာရေး မိန်းမချောလေး
- ရင်ခုန်နေပြန်ချေတော့
- တောင်ရိုင်းပန်းဦးကာ
- ကျွန်တော် အစားထိုးဧည့်သည်
- စည်းစိမ်ရှင်လောကမှာ တစ်နေ့တာ
- သေခါနီးဆိတ်မကြီး၏ အမှာစကား
- ကျွန်တော်နှင့်ကပွကီ ၆ ယောက်
- ဖိုးသာအောင်နှင့် ကဗျာလွတ်

ကိုယ့်တိုင်းပြည်အကြောင်း သိဖို့လိုသေး

ကုလသမဂ္ဂအသင်း (United Nations Association) ဟူ၍ ကုလသမဂ္ဂဝင်နိုင်ငံများတွင် ဖွဲ့ထားကြသည်။ ယင်းအသင်းအားလုံးကို စုပေါင်းထားသော အသင်းချုပ်ကြီးရှိရာ၊ ကမ္ဘာလုံးဆိုင်ရာ ကုလသမဂ္ဂအသင်းဝင်များ၏ ဖယ်ဒရေးရှင်းဟု ခေါ်သည်။ (World Federation of the United Nations Associations W.F.U.N.A) ထိုဖယ်ရေးရှင်း၏ ဌာနချုပ်သည် လန်ဒန်မြို့ ချားလ်စ်လမ်းတွင်ရှိရာ ဘိလပ်မြန်မာသံရုံးနှင့်တစ်ရပ်တည်း ဖြစ်သည်။ ၁၉၅၇ ခုနှစ်၊ နွေရာသီဟောလီးဒေးအချိန်တွင် ထိုဖယ်ဒရေးရှင်း ဖလှယ်ပွဲကြီး (International Student's Seminar) တစ်ရပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တော်တွင် ကျင်းပပါသည်။ ထိုပွဲကြီးကို ဂျနီဗာ ဆင်မီနာဟု ခေါ်ကြသည်။

ကုလသမဂ္ဂအသင်းဝင်နိုင်ငံများမှ ကျောင်းသားကိုယ်စားလှယ်များကို ဖိတ်ပြီး စီးပွားရေး၊ လူမှုရေး၊ လူငယ်ရေး၊ ယဉ်ကျေးမှုများကို နှီးနှောကြ၊ စာတမ်းဖတ်ကြ၊ ဟောပြောကြသောပွဲကြီးဖြစ်ပါသည်။ ထိုဆင်မီနာသို့ မြန်မာနိုင်ငံကလည်း တက်ရောက်ရန် ဘိလပ်မြန်မာသံရုံးသို့ ဖိတ်စာရောက်လာပါသည်။

ထိုအချိန်က ဘိလပ်မြန်မာသံရုံးတွင် သံအမတ်ကြီး ဦးအောင်စိုးနှင့် သံမှူးဦးတင်မောင်ကြီးတို့ ရှိပါသည်။ ဖိတ်စာကို မြန်မာနိုင်ငံအထိပို့ရန် အချိန်ကြာနေမည်ကတစ်ကြောင်း၊ မြန်မာနိုင်ငံမှ ကျောင်းသားကိုယ်စားလှယ်

များရွေးပို့လျှင် စရိတ်ကြီးပြီး အချိန်မီရောက်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့်သဲ အမတ်ကြီးနှင့်သံမှူးတို့က ဘိလပ်ရှိ မြန်မာကျောင်းသားများထဲမှ ရွေးချယ်စေလွှတ်ရန် စီစဉ်ကြပါသည်။

ဆင်မီနာတွင် မြန်မာစီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအကြောင်း ဟောပြောရမည်ဟု ညွှန်ကြားချက်ပါရှိရာ သမိုင်း၊ ဘောဂဗေဒ၊ ဥပဒေပညာသင်ကျောင်းသားများနှင့် ဆီလျော်သဖြင့် ဦးတင်မောင်ကြီးက စာရေးသူကို ဖုန်းဆက်ခေါ်ပါသည်။ စာရေးသူသည် သူ့ရုံးခန်းသို့ ရောက်သွားသောအခါ သူက ဆီးကြိုပြီး...

"ခင်ဗျားခေါ်ရတာ လွယ်သားပဲ၊ အပြင် သိပ်မထွက်ဘူးထင်တယ်။ ပိုက်ဆံပြတ်လို့ မလည်နိုင်တာလား"

"မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော် သုတေသနကျမ်းအတွက် အချက်အလက်တွေ စုဆောင်းနေရလို့ စာကြည့်တိုက်၊ မော်ကွန်းတိုက်နဲ့ အိမ်ခန်းက လွဲပြီး ရုပ်ရှင်တောင်မကြည့်အားပါဘူး"

"ဒါဖြင့် ခင်ဗျားအနားယူဖို့ ကောင်းတယ်။ သိပ်လည်း စာချည်းဖိလုပ်မနေနဲ့၊ 'ဘရိန်း' ချောင်လို့ စိတ်ရောဂါကုဆေးရုံ ရောက်နေဦးမယ်၊ ကစားမစပ် ခင်ဗျား ကွန်တီနင့် ရောက်ဖူးသလား"

"စကော့တလန်၊ အိုင်ယာလန်၊ ဝိုက်ကျွန်း၊ မင်းကျွန်းတို့ကလွဲလို့ ဥရောပကို မရောက်သေးပါဘူး၊ စရိတ်မတတ်နိုင်ဘူး"

"ဒါဆိုရင် ခင်ဗျားဘက်က ပွိုင့်တစ်ခုရသွားပြီ။ ပတ်ဘလစ်စပီကင်း (Public Speaking) ကတော့ ခင်ဗျားပြောရဲဆိုရဲ ရှိတယ်ဆိုတာ သံရုံးညှိခံပွဲတွေမှာ တွေ့ဖူးပြီ။ ဇာတ်ခုံပေါ်တက်ပြီး၊ မင်းသားက ကပြီးပြီ။ ဒီတော့ နောက်ထပ် ပွိုင့်တစ်ခု ရပြန်ပြီ။ ခင်ဗျားသင်ယူနေတဲ့ ဘာသာက (International Relations) နိုင်ငံတကာ ဆက်ဆံရေးပညာဆိုတော့ ဆီလျော်တယ်၊ ကိုင်း... ဒီလိုဆိုတော့ ဒီစာဖတ်ကြည့်စမ်း"

သူကမ်းလိုက်သောစာမှာ လန်ဒန်၊ ဒဗလျူ၊ အက်ဖ်၊ ယူ၊ အင်၊ အေ၊ (W.F.U.N.A) ဌာနချုပ်က ညွှန်ကြားရေးဝန် မစ္စတာဂျက်ထဲမှ ဖိတ်စာဖြစ်ပါသည်။ ဂျနီဗာ ဆင်မီနာသို့ မြန်မာကျောင်းသား ကိုယ်စားလှယ်တက်ရန် ဆင်မီနာတွင် 'မြန်မာလွတ်လပ်ရေး ရပြီးခေတ် စီးပွားရေး၊ လူမှုရေး၊

တိုးတက်မှု' ဟူသောခေါင်းစဉ်နှင့် ဟောပြောဆွေးနွေးရန် စာတွင်ညွှန်ကြားထားပါသည်။

"ကဲ... ဂျနီဗာကို ကုလသမဂ္ဂစရိတ်နဲ့ အလည်သွား အနားယူနိုင်ပါ့မလား၊ အပျော်သက်သက်တော့ မဟုတ်ပါဘူးနော်၊ အဲဒီခေါင်းစဉ်နဲ့ စကားပြောရမှာ။ ပြီးတော့ ဆွေးနွေးရမယ်။ ခင်ဗျားမခေါ်ခင်က စီနီယာကျောင်းသားနှစ်ယောက် သုံးယောက်ခေါ်မေးတယ်။ အလည်သွားချင်ကြတယ်။ ဟောပြောရမယ်ဆိုတော့ နောက်တွန့်သွားကြတယ်။ အဲဒါ လက်ခံနိုင်ပါ့မလား"

"ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

"အချိန်သိပ်မရှိဘူး၊ ပြင်ဆင်ဖို့ တစ်ပတ်ပဲရတယ်။ ခင်ဗျား ဟောပြောမယ့်ခေါင်းစဉ်ကို ဖူးစကတ်စာမျက်နှာနဲ့ ဆယ်မျက်နှာလောက်ရေးပြီး သုံးလေးရက်အတွင်းလာပြပါ။ အချက်အလက်တွေအားလုံး မှန်ပေစေ၊ အထောက်အထားတွေလည်း ပါပါစေ။ လူပုံအလယ် ပညာရှင်တွေကြား အမှားမခံဘူး။ ဝိုင်းပြီးမေးကြ ဆွေးနွေးကြမှာ။ ခင်ဗျားကို ရွေးလိုက်တဲ့အကြောင်း မစွတာဂျက်ထံ စာပြန်လိုက်မယ်"

စာရေးသူသည် ဂျနီဗာလိုမြို့ကြီးကိုသွား၍ နိုင်ငံတကာကိုယ်စားလှယ်ကျောင်းသားများအလယ် ဟောပြောရမည့်တာဝန်ကို တွေးလေ ရင်လေးလေဖြစ်နေမိပါသည်။ လက်ခံမိပြီဖြစ်၍ ပွဲပြီးအောင် ဇာတ်ကရပေတော့မည်။ သုံးရက်တိတိ မနားမနေမအိပ်ဘဲ ဟောပြောချက်ကို ရေးရပါသည်။ အကိုးအကား အထောက်အထားများအတွက် ဗြိတိသျှပြတိုက်၊ မော်ကွန်းတိုက်များသံရုံးစာဖတ်ခန်းရှိ သတင်းစာများကို မွှေနှောက်ရသည်။ တကယ်တော့ ကိုယ့်တိုင်းပြည်အကြောင်းကိုသိဖို့ အတော်လိုပါသေးလားဟု နောင်တရမိသည်။

နိုင်ငံခြားပညာသင် ရောက်လာသော ကျောင်းသားများသည် ကိုယ့်နိုင်ငံအကြောင်း၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုအကြောင်း မေ့သွားတတ်ကြသည်။ နိုင်ငံခြားသားကမေးလျှင် ကြောင်အမ်းအမ်း ဖြစ်နေတတ်သည်။ ကိုယ့် တိုင်းပြည်အကြောင်း ဟောပြောရမည်ဆိုတော့ မလွယ်လှပါတကား။ **ရင်ထွေးခုန်၊ အသံထွေတုန်နေသည်။** ။ သုံးရက်မြောက်သောနေ့တွင် အင်္ဂလိပ်ဘာသာနှင့် ရေးထားသော ဆယ်မျက်နှာရှိ ဟောပြောချက်ကို စက်ရိုက်ပြီး

ကော်ပီသုံးစောင်နှင့် ဦးတင်မောင်ကြီးထံ ရောက်သွားပါသည်။ သူက သေသေ ချာချာဖတ်ကြည့်ပြီး ပြင်သင့်ပြင်၊ ဖြည့်စွက်သင့် ဖြည့်စွက်ပြီးနောက်...

"ကိုင်း... ကျွန်တော်က နားထောင်တဲ့ပရိသတ်ဆိုပါစို့။ ဒါက ဆင်မိနာခန်းမကြီးပေါ့။ ခင်ဗျားက ဟန်ပါပါနဲ့ ဒီဟောပြောချက်ကို ပြော ပြစမ်းပါ"

နိုင်ငံတကာကျောင်းသားများအလယ် မြန်မာကျောင်းသားများ မျက်နှာ မငယ်ရအောင်၊ အထင်သေးမခံရအောင် ဦးတင်မောင်ကြီးက စာရေးသူကို ရိုဟာဇယ် အလုပ်ခိုင်းပါသည်။ စာရေးသူသည် သူ့စေတနာကို လေးစား သောအားဖြင့် သူ့ခိုင်းသည့်အတိုင်း အစမ်းလေ့ကျင့်ပြရပါသည်။ စိတ်ထဲတွင် သူ့ကို နားထောင်ပရိသတ်ကြီးအဖြစ် ထင်သွားမိ၍ စကားပြောရာတွင် သုံး လေးမိနစ်အကြာ ရင်ခုန်ပြီး အသံတုန်နေပါသည်။ (Stage Fright) ဝင်လာ ပါသည်။ နောက်မှ ကိုယ့်ဘာသာအသံကို ထိန်းနိုင်လာသည်။ ဟောပြော ချက်တစ်ဝက်ကျော်လာသောအခါ...

"အိုကေ... အိုကေ တော်လောက်ပါပြီ၊ ကောင်းပါတယ်။ ခင်ဗျား နဂိုက စကားပြောရဲတဲ့လူပဲ။ အစပိုင်းမှာ အသံတုန်ချင်တယ်။ ဘာမှ မကြောက်နဲ့၊ သူတို့လည်း ကိုယ်လိုကျောင်းသားတွေပဲ။ မိုက်ခွက်နဲ့ကပ်ပြီး မပြောနဲ့၊ အသံဝါးတတ်တယ်၊ ပရိသတ်ရဲ့ ရီအက်ရှင်း (Reaction) တုံ့ပြန်မှု ကိုလည်း အကဲခတ်ပေါ့။ ကိုင်းဒီမှာခင်ဗျား ယူသွားရမယ့် စာရွက်စာတမ်း တွေ၊ ဗီဇာတွေ၊ သန်ဘက်ခါ ခရီးထွက်ပေတော့"

"မြန်လှချည်လား၊ အဝတ်အစားတောင် မရှိသေးဘူး"

"ပဲရစ်ကတစ်ဆင့် မီးရထားနဲ့ သွားရမှာ။ ကြိုရောက်တော့လည်း ခင်ဗျား လည်ပတ်ရတာပေါ့။ ကျွန်တော်ခရီးထွက်စရာရှိသေးတယ်။ အိုင်– ဝစ်ရှ်ယူး၊ ဘက်စ်အော့ဖ် လပ် (I wish you best of luck) အောင်မြင် ပါစေဗျာ"

စာရေးသူသည် သူကမ်းလိုက်သော စာရွက်စာတမ်းများကိုယူပြီး ပြန် လာခဲ့ပါသည်။ အခန်းရောက်၍ ကြည့်လိုက်သာအခါ မီးရထား ပထမတန်း အသွားအပြန် ခရီးဆောင်လက်မှတ်၊ ပြင်သစ်နှင့် ဆွစ်ဇာလန်ငွေများ၊ မိတ် ဆက်စာများ၊ စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်၊ တည်းခိုရမည့် နေရပ်

လိပ်စာ၊ တွေ့ဆုံရမည့်ပုဂ္ဂိုလ်များ၊ ဆင်မိနာနှင့်ဆိုင်သော သိအပ်စရာများ အားလုံး ပြည့်စုံနေပြီ။

သို့သော်စာရေးသူတွင် ဝတ်စုံမရှိသေးပါ။ ကျောင်းသားပီပီ တော်သလို ဝတ်နေခဲ့ရာ ကိုယ်စားလှယ်အဖြစ်သွားရမည်ဖြစ်၍ ဝတ်စုံနှင့်တက်မှ ဖြစ်မည်။ ချုပ်နေလျှင်လည်း အချိန်မရှိ။ ဘယ်လိုကြံရမည်နည်း။

❐

ခေါင်းခဲရသော ဝတ်စုံကိစ္စ

ဝတ်စုံပြဿနာ အဖြေရှာဖို့ စိတ်အိုက်နေစဉ် မိတ်ဆွေကြီးကိုကျော်မြင့်ထံက ဖုန်းလာပါသည်။

"ဟေ့လူ ပျောက်နေလိုက်တာ တစ်ပတ်ကြာပြီ။ ဘာတွေလုပ်နေတုန်း"

"အတော်ပဲ၊ ခင်ဗျားဆီ ဖုန်းဆက်မယ်လို့၊ ကျွန်တော် ဂျနီဗာသွားမလို့ သံရုံးက တာဝန်နဲ့ခိုင်းတာပါ၊ ဝတ်စုံမရှိလို့ ချုပ်ဖို့လည်း အချိန်မရဘူး"

သူ့ကို အကြောင်းစုံ ရှင်းပြလိုက်သောအခါ...

"ပွတာပဲ၊ ကျွန်တော်တောင် လိုက်ချင်သေးတယ်၊ ဝတ်စုံမရှိရင် အလွယ်လေးပဲ၊ ပိုက်ဆံပေးရင် လန်ဒန်တစ်မြို့လုံးတောင် ဝယ်လို့ရတယ်၊ ဘယ်လောက်မြန်မြန်လိုချင်သလဲ"

"ယခုပဲပေါ့၊ နက်ဖြန်သွားရတော့မယ်။ လိုက်ဝယ်ပေးနိုင်ပါ့မလား၊ အားတယ်မဟုတ်လား"

"... နေဦး ကျွန်တော် ဒိုင်ယာရီ ကြည့်လိုက်ဦးမယ်၊ ဖုန်းကိုင်းထားနော်..."

"... နေ့ခင်းအားတယ်ဗျို့ ၁၂ နာရီခွဲမှာ ခင်ဗျား ပစ်ကယ်ဒလီဆကပ် (Piccadilly Circus) ဘူတာကိုလာခဲ့ပါ။ ဟေးမာကက် (Hay Market) အပေါက်က စောင့်နေပါ"

ကိုကျော်မြင့်သည် ဘိလပ်မြန်မာကျောင်းသားထဲတွင် ဝါအရင့်ဆုံး တစ်ယောက်ဖြစ်ပြီး လန်ဒန်မြို့အကြောင်း အိတ်သွန်ဖာမှောက် သိသူဖြစ်သည်။

အိမ်ဌား၊ အခန်းဌား၊ ပစ္စည်းဝယ်၊ ပစ္စည်းရောင်း၊ နိုက်ကလပ်၊ အရက်ဘား၊ ရုပ်ရှင်၊ ပြဇာတ်ကပွဲ အားလုံးစုံအောင်သိသည်။ လန်ဒန်ဂျင် ဟုဆိုရလောက်သည်။ နောက်ပိုင်းတွင် စားရေးသူနှင့်သူသည် ဂျွန်ဘူလ် (John Bull Magazine) မဂ္ဂဇင်းပါ ဝတ္ထုအတွက်အတူ ဇာတ်ဆောင်ပေးဖူးသည်။ သူနှင့် စာရေးသူသည် ထို့နေ့က လန်ဒန်မြို့ရှိ အဝတ်အစားဆိုင်ကြီးများကို တစ်ဆိုင်ဆင်း၊ တစ်ဆိုင်တက်မွေကြသည်။ မက်ခ်အင်စပင်စာ (Mark and Spencer)၊ ဒရစ်အင်ဂျုံးစ် (Derrick and Jones)၊ ဟဲရော့ဒ်စ် (Harrods)၊ ဆယ်လ်ဖရစ်ဂျက် (Selfridges)၊ ရောဘင်ဆင် (Robinsons) စသော ကုန်ပဒေသာဆိုင်ကြီး၊ အောက်စဖို့ တေလာ (Oxford Tailors)၊ မောင်တေဂူ ဘာတန် တေလာ (Montagu Burton Tailors)၊ ပီတာဂျွန် တေလာ (Peter John Tailors) စသော ယောကျ်ားဝတ် အပ်ချုပ်ဆိုင်ကြီး များကို ရှာကြရာ၊ စာရေးသူအတွက် ချုပ်ပြီး အသင့်ဝတ်ရုန် ဝတ်စုံ၊ (Ready to wear suit) ကို စိတ်ကြိုက်မရနိုင်အောင် ရှိသည်။

မြန်မာကျောင်းသားများအဖို့ အဆင်သင့်ဝတ်ရုန်ဝတ်စုံ ရှာရေးမလွယ်ပါ။ စကောစက အရွယ်ဖြစ်နေပါသည်။ ပျမ်းမျှအရပ် ၅ ပေ ၅ လက်မခန့် ရှိကြသော မြန်မာကျောင်းသားများသည် ပျမ်းမျှ ၅ ပေ ၉ လက်မမှ ၆ ပေကျော်ရှိသော ဥရောပသားတို့အတွက် ချုပ်ထားသောဝတ်စုံများနှင့် မတော်ပါ။ (Boys Department) ကလေးသူငယ်များအတွက် အရောင်းဌာနသို့သွား ပြန်သောအခါ အရပ်တော်သော်လည်း ကိုယ်လုံးမတော်၊ ကိုယ်လုံးတော်သော်လည်း ခြေတံလက်တံရှည်နေပြန်သည်။ သို့ဖြင့်နှစ်ဦးသား အခက်ကြုံနေရာ ကိုကျော်မြင့်က...

"နေဦး... ခင်ဗျား ပိုက်ဆံ ဘယ်လောက်များများ အကုန်ခံနိုင်မလဲ။ အမြန်ချုပ်ဆိုင်တွေဆီသွားပြီး၊ လက်ခအတွက် နှစ်ဆ၊ သုံးဆ ပိုပေးရင် လိုချင်တဲ့အချိန် အပြီးချုပ်ပေးတယ်"

"သိပ်မတတ်နိုင်ဘူး။ ၁၅ ပေါင်လောက်ဆိုရင် အများဆုံးပဲ။ ကျွန်တော်တို့ရတဲ့ ထောက်ပံ့ငွေရဲ့ တစ်ဝက်ပဲဗျ"

"ကိုင်း ဒီလိုဆိုရင်၊ ကျွန်တော် တစ်ခါဝယ်ဖူးတဲ့ အမြန်ချုပ်ဆိုင်သွား ရအောင်၊ ကံကောင်းရင်လည်း ချုပ်ပြီးသားရချင်ရမယ်"

သူခေါ်သွားသောဆိုင်မှာ ယောကျ်ားအဝတ်အစားရောင်းသော ကုမ္ပဏီ လေးခုပေါင်းထားသော ကင်းစ်လာ အဝတ်အစားကုမ္ပဏီချုပ်ကြီး (Kingsland Clothes) ဖြစ်ပါသည်။ စမတ်ညီအစ်ကိုများ ကုမ္ပဏီ (Smart Brothers)၊ ဝက်စတင်ညီအစ်ကိုများ ကုမ္ပဏီ (Weston Brothers)၊ အန်ထော်ရီ ထရင့်ကုမ္ပဏီ (Anthony Trent) နှင့် ရောဘင်ဆင်ကုမ္ပဏီ (Robinsons) ကုမ္ပဏီလေးခုကို လက်ဝါးကြီးအုပ်အရင်းရှင်စနစ်အရ (Monopoly Capitalism) ပူးပေါင်းထားသော ကုမ္ပဏီကြီး (Amalgamated) ဖြစ်ပါသည်။ ကိုလိုနီခေတ်က မြန်မာဆန်စပါးသီးနှံများကို လက်ဝါးကြီးအုပ် ဝယ်ယူသော ဘူလင်ဂျာပူး (Bulinger Pool) ခေါ် ကုမ္ပဏီလေးခုပေါင်းအဖွဲ့ကြီးကို ရုတ်တရက် သတိရမိပါသည်။

ထိုကုမ္ပဏီအတွင်း၌ ဝတ်စုံပေါင်း ၂၀ ခန့်ကို မွေကြည့် ဝတ်စမ်းကြည့်ပါသည်။ အရောင်းစာရေးသည် အလွန်စိတ်ရှည်ပြီး ဝယ်သူကျေနပ်အောင် ကူညီသည်။ နောက်ဆုံးတွင် စိတ်ကြိုက်သုံးစုံရွေးထုတ်ပြီး၊ ယင်းတို့အနက်မှ အတော်ဆုံးနှင့် ပုံအကျဆုံး (Fit Size) ရွေးထုတ်ပြီး ဝတ်ကြည့်ပြန်သည်။ အရောင်းစာရေးနှင့် ကိုကျော်မြင့်တို့က ဖက်ရှင်ပြပွဲ အကဲဖြတ်လူကြီးများကဲ့သို့ စာရေးသူ ဒရက်စ်ရီဟာဇယ် (Dress Rehearsal) လုပ်နေသည်ကို ကြည့်ရှုစိစစ်ဝေဖန်ကြပါသည်။ ကိုယ်လုံးပေါ်မှန်များ မီးဆလိုက် များရှေ့တွင် ဝတ်စုံ အစမ်းဝတ်ကြည့်နေရသည်မှာ ခံစားမှုတစ်မျိုးဖြစ်လာသည်။

နောက်ဆုံးတွင် မီးခိုးရောင် သက္ကလတ်ဝတ်စုံကို ရွေးလိုက်၏။ သို့သော် ဖစ်တင် (Fitting) ချုပ်ချုပ်ရုပ်ရုပ်ရှိအောင် အနည်းငယ်ပြင်ရန် လိုသဖြင့် ကိုယ်လုံးထည် တိုင်းယူထားပြီး၊ ထိုညနေတွင် စာရေးသူထံ အရောက်ပို့ပေးမည်ဟု အရောင်းစာရေးက အာမခံသည်။ ထိုအချိန်က ယောကျ်ားဝတ်စုံမှာ ဖောင်တိန်ပုံ ဖြစ်ရသည်။ ခြေသလုံးတွင်ကျဉ်းပြီး ရှူးသွားရသည်။ ယခု ဖက်ရှင်ကား ခေါင်းလောင်းပုံ ဖြစ်နေလေပြီ။ နွေရာသီလျှော့ဈေး (Summer Sale) နှင့်ကြုံရုံမက၊ ကျောင်းသားအတွက် အခွန်လျှော့ကောက်သဖြင့် (Students Discount) ပေါင် ၂၀ တန် ထိုဝတ်စုံကို ၁၄ ပေါင်နှင့် ရောင်းပါသည်။ သို့သော် ထပ်ပြင်ခနှင့် အိမ်အရောက်လာပို့ခအတွက် ၁၅

သျှိလင်ထပ်ပေးရပါသည်။ ထိုညနေ ၄ နာရီခွဲတွင် ကတိအတိုင်း ဝတ်စုံကို အိမ်အရောက်လာပို့၏။

ဝတ်စုံဝယ်ပြီးနောက် ကိုကျော်မြင့်က ဖိနပ်ကောင်းစီးရမည်ဟု ဆိုသဖြင့် ပျွန်ဝိုက်နှင့် ဆက်ဇုံဖိနပ်ဆိုင်များသို့ ပြေးရပြန်သည်။ သူ့စီမံချက်အတိုင်း ဆက်ဇုံဖိနပ်အနက်တစ်စုံကို ၅ ပေါင်နှင့် ဝယ်လိုက်ရပြန်သည်။ သည့်နောက် ဝတ်စုံနှင့်လိုက်ဖက်မည့် ရှပ်၊ လည်စည်းခြေအိတ်များပါဝယ်လိုက်ရပြန်သည်။

နောက်နေ့နံနက် ၁၀ နာရီခွဲတွင် ကိုကျော်မြင့်ရောက်လာပြီး စာရေးသူကို ပြင်ဆင်ပေးပါ၏။ အဝတ်အစားထည့်ရန် (Suit case) ကိုလည်း သူ့အိတ်ကို ငှားလိုက်ပါသည်။ သူသည် ကွန်တီနင့်ကို ရောက်ဖူးသူပီပီ သူ၏ခရီးသွား အတွေ့အကြုံကို ပြောပြနေသည်။ အား‌လုံးအဆင်သင့် ဖြစ်သောအခါ တက္ကစီတစ်စီးနှင့် စာရေးသူတို့နှစ်ယောက်သည် ဝါတာလူးဘူတာ (Waterloo Station) သို့ ထွက်လာကြသည်။ ပြင်သစ်ကိုသွားမည့် ပူးလ်မန်းမီးရထား (Pullman Train) သည် အဆင့်သင့်စောင့်နေပါသည်။ မီးရထားထွက်ရန် မိနစ်ပိုင်းသာလိုတော့သည်။ ကိုကျော်မြင့်က အိတ်ကို တွဲပေါ်အထိလိုက်ပို့၊ စာရေးသူသည် နိုင်ငံခြားကူးမီးရထားကို ပထမဆုံးမြင်တွေ့ရသဖြင့် ခမ်းနားထည်ဝါမှုကို တစ်အံ့တသြဖြစ်နေရာ ကိုကျော်မြင့်က...

"ဟေ့လူ၊ ဝနေ ကျမနေစမ်းပါနဲ့၊ ရှိုးကျကျ ဟန်မပျက်နေစမ်း၊ ခင်ဗျား ဒိုဗာ (Dover) ဆိပ်ကမ်းကန္တာတာနဲ့ အင်္ဂလိပ်စကား တိုးမရတော့ဘူး။ ပြင်သစ်စကား ပြောတတ်ရဲ့လား"

"ဝီးဝီးမစ်ရဲ့၊ ချောက်ချီး ချောက်ချက်လောက်တော့ ရပါတယ်။ စကားပြောစာအုပ်လည်း ဆောင်ထားတယ်"

ရထားထွက်ရန် မီးစိမ်းပြ၍ ခေါင်းလောင်းထိုးရာ ကိုကျော်မြင့် အောက်ဆင်းရသည်။ ကိုကျော်မြင့်တွင် လက်ပတ်နာရီမရှိကြောင်း စာရေးသူသိ၏။ ဂျနီဗာရောက်လျှင် လက်ပက်နာရီတစ်လုံးလောက် ဝယ်မည်ဟု စိတ်ကူးထားရာ...

"ဗျို့ ပေါ်တာ (Poter) မစ္စတာမြင့်၊ ဒီနားတိုးစမ်းပါ။ ခင်ဗျားကို တစ်ပေးဦးမယ်"

မီးရထား ဘီးလိမ့်စပြုလေပြီး ဘိလပ်သို့သင်္ဘောနှင့်အလာ အေဒင် ဆိပ်ကမ်းက ဝယ်ပတ်ထားသော ရိုးမားနာရီကို ရုတ်တစ်ရက် ဖြုတ်ပြီး သူ့ အိတ်ထောင်ထဲသို့ ပစ်ထည့်လိုက်ရာ...

"ဟေ့... နေပါစေဗျာ၊ မဟုတ်တာဘဲ" မီးရထား အရှိန်ရနေ၍ ပြန်ပေးချိန်မရတော့ပါ"

"(Bon Voyage)(ကောင်းသောခရီးစဉ် ဖြစ်ပါစေ)" ပြင်သစ်စကား နှင့် ကိုကျော်မြင့်က လက်ပြနှုတ်ဆက်ရင်း ကျန်ရစ်၏။ မီးရထားလည်း ဝါတာလူးဘူတာမှ ထွက်ခွာလာပါတော့သည်။

ပူးလ်မန်းမီးရထားသည် အရှိန်နှင့် ခုတ်မောင်းနေရာ ပြတင်းပေါက်မှ တွေ့ရသော မြင်ကွင်းတို့သည် ရုပ်ရှင်ပိတ်ကားပေါ်တွင် ကြည့်ရသကဲ့သို့ တရိပ်ရိပ်ပြေးလွှားလျက်ရှိသည်။ စက်ရုံများ၊ လယ်ကွင်းများ၊ တူးမြောင်းများ၊ ဘုရားရှိခိုးကျောင်းများ၊ လှပသောဥယျာဉ်များနှင့် ဝိုင်းနေသော အင်္ဂလိပ် အိမ်ကုပ်ကလေးများကို ကြည့်ရင်း စက္ခုအာရုံ ခံစားနေမိသည်။

❐

မြန်မာလိုပြောသော ဦးအင်္ကလိပ်ကြီး

မီးရထားတွဲမှာ လေးယောက်တစ်ခန်းကျ (Apartment)ခေါ် သီးသန့် အခန်းများ ဖွဲ့ထားသည်။ ခရီးသည်တစ်ဦးအတွက် သီးခြားစင်မြင့်၊ မီးတိုင်၊ ခေါက်စားပွဲ၊ ဆေးလိပ်ပြာခွက် တစ်ခုကျစီပါသည်။ အပြင်ရှုခင်းတွေကို အရသာခံကြည့်နေသဖြင့် အခန်းတွင်းခရီးသည်များကို ဂရုမပြုမိသေးပါ။

Excuse me, sir what can I do for you?

"ခွင့်ပြုပါခင်ဗျား၊ ဆရာ့အတွက် ကျွန်တော်ဘာများဆောင်ရွက်ပေးရပါမလဲ"

မီးရထားလုပ်သား ယူနီဖောင်းဝတ်စုံနှင့် တွဲစောင့် လူရွယ်လူကောင်းကလေးဝင်လာပြီး အထက်ပါအတိုင်း မေးလိုက်တော့မှ ပြတင်းပေါက်မှ တွဲတွင်းသို့ လှည့်လာမိပါသည်။

"အထွေအထူး မရှိပါဘူးကွာ၊ ဘူတာက သတင်းစာ မဝယ်ခဲ့မိလို့ သတင်းစာများပါရင်တော့ ဝယ်ဖတ်ချင်တယ်"

"စားသောက်ခန်းကို ကြွပါလား။ အဲဒီမှာ သတင်းစာ၊ မဂ္ဂဇင်းတွေ စုံလို့၊ စားသောက်ရင်း ဖတ်နိုင်ပါတယ်"

တွဲစောင့်ကောင်ကလေးက ယင်းသို့ပြောပြီးထွက်အသွား၊ မျက်နှာချင်းဆိုင်ထိုင်နေသော အင်္ကလိပ်ကြီးသည် သူဖတ်နေသော လန်ဒန်တိုင်းသတင်းစာကို ခေါက်လိုက်ပြီး စာရေးသူကို သူမျက်မှန်အပေါ်က ကျော်ကြည့်ရင်း...

"ကျုပ်သတင်းစာကို ယူဖတ်ပါ၊ ကျုပ်ဖတ်ပြီးပါပြီး၊ အားမနာပါနဲ့"

မြန်မာစကားနှင့် ယင်းသို့ပြောရင်း သတင်းစာကို လက်ကမ်းပါသည်။ သစ်တောဌာနက ပါမောက္ခ မစ္စတာကာမုတ်လို မြန်မာသံမပီသော်လည်း

မြန်မာတစ်ယောက်နားလည်အောင် ပြောနိုင်ခြင်းကိုထောက်သော် မြန်မာပြည်မှာ အနေကြာသော ဦးအင်္ဂလိပ်ကြီးဖြစ်ရမည်။ ထို့ပြင် ဥရောပအဝတ်အစားဝတ်ထားသော စာရေးသူကို မြန်မာဖြစ်ကြောင်း တပ်အပ်သိသူဖြစ်ရာ မြန်မာတို့နှင့်လက်ပွန်းတီးနေခဲ့သူ ဖြစ်ဟန်တူသည်။ ဘိလပ်တွင် ဥရောပသားအဝတ်အစားဝတ်ထားပါက မြန်မာအချင်းချင်းပင် နှုတ်မဆက်ရဲကြ။ နှုတ်ဆက်လိုက်ပါက ယိုးဒယားဖြစ်ပြီး ဗီယက်နမ်လို ပြန်ဖြေသူဖြေ၊ ဂျပန်နှင့်တိုးလိုတိုးမိ၊ ဖိလစ်ပိုင်၊ မလေး၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ တရုတ်၊ လော၊ ကမ္ဘောဒီယား နောက်ဆုံးတိဗက်တို့ကို မှားနှုတ်ဆက်မိလို နှုတ်ဆက်မိ ဖြစ်ကုန်တတ်သည်။ ထို့ကြောင့် 'ခင်ဗျား မြန်မာလား'ဟု အင်္ဂလိပ်လို အလျင်မေးကြည့်ရသည်။ မြန်မာအချင်းချင်း မေးမိပြန်သောအခါ ဟားရပြန်သည်။

တချို့ကမူ မှားမှာစိုး၍ မေးရကြောင်းကို သဘောမပေါက်ပဲ ဘိလပ်ရောက်၍ လူးဝါးဝသည်ဟု ထင်ကြသည်။ အင်္ဂလိပ်ကြီးကား ဆန်းပဲဆန်းလှသည်။

"ခင်ဗျား... ကျွန်တော်ကို သိဖူးပါသလား။ ကျွန်တော်မေ့နေရင် သည်းခံပါနော်"

စာရေးသူက အင်္ဂလိပ်လို မေးလိုက်ပါသည်။

"အရင်က မသိဖူးပေမယ့် ယခုသိပြီပေါ့ဗျာ၊ ခင်ဗျားမမွေးခင်က ကျုပ်က မြန်မာပြည်မှာ အတော်ကြာနေခဲ့ပြီးပြီလေ"

မြန်မာဖြစ်သူ စာရေးသူက အင်္ဂလိပ်ကြီးကို အင်္ဂလိပ်လိုပြော အင်္ဂလိပ်ကြီးကစာရေးသူကို မြန်မာလိုပြောနှင့် အတော်သဘာဝကျနေပါသည်။ ဘေးထိုင်ခုံ နှစ်ခုံတွင်ပါသော ဘိုမသားအမိသည် စာရေးသူတို့နှစ်ဦးကို မသိမသာကြည့်ပြီး အထူးအဆန်းဖြစ်နေကြဟန်းတူပါသည်။ လေးငါးခွန်းလောက် ပြောပြီးနောက် စာရေးသူလည်း မြန်မာလိုပြောလာပါသည်။

"ကျွန်တော်က ဘိလပ်မြန်မာကျောင်းသား၊ အစိုးရပညာဆုတော်သင်ပါ။ ဂျနီဗာကျောင်းသား ဆင်မိနာတက်မလို့ ခရီးထွက်လာတာပါ။ လန်ဒန်တက္ကသိုလ် စီးပွားရေးကောလိပ်မှာ ဒေါက်တာဘွဲ့ယူမလို့ကျမ်းပြုနေပါတယ်။"

"ဩော်...ဩော်...ဝမ်းသာပါတယ်ဗျာ၊ ကွန်တီနင့် ရောက်ဖူးပြီလား"

"ဒါက ပထမဆုံးအခေါက်ပဲ၊ ဒါနဲ့ ခင်ဗျားကကော"

"ကျုပ်က ဟာဗေးပါ၊ ပဲရစ်ကိုသွားမလို့၊ သမိုင်းသုတေသန လုပ်နေပါတယ်။ ပြင်သစ်မှတ်တမ်းတွေ သွားဖတ်ကူးယူမလို့ပါ"

"ဗျာ... ခင်ဗျားဟာ ဟိုမြန်မာသမိုင်း (History of Burma) ရေးတဲ့ ဂျီအီးဟားဗေး (G.E Harvey) လား"

"ဟုတ်ပါတယ်၊ မြန်မာပြည်မှာ အတော်ကြာကြာ အမှုထမ်းခဲ့တာပေါ့။ ရှမ်းပြည်နယ်တို့၊ ဝနယ်တို့ဆိုတာ အနှံ့ရောပဲ"

"ဟာ ဝမ်းသာလိုက်တာခင်ဗျာ၊ အလယ်တန်းကျောင်းကတည်းက ခင်ဗျားရေးတဲ့ ကျောင်းသုံးသမိုင်းစာအုပ်ကို ဖတ်ရတယ်။ ကောလိပ်ရောက်တော့လည်း ခင်ဗျားရေးတဲ့ စာအုပ်ထူထူ မြန်မာသမိုင်းကျမ်းကြီးကို ဖတ်ရပြန်တယ်။ နာမည်သာကြားဖူးတာ လူမမြင်ဖူးဘူး။ ယခုတော့လည်း မီးရထားပေါ်မှာလာတွေ့ရတယ်"

"ဟုတ်တာပေါ့၊ ကံဆုံတယ်လို့ ဆိုရမှာပေါ့"

အလဲ့ အတော်လာတဲ့ အင်္ဂလိပ်အဘိုးကြီးပဲ၊ ဓမ္မစကြာများ ရွတ်ပြဦးမလားပဲဟု စာရေးသူစိတ်ထဲမှ ပြောလိုက်မိရာ ဟာဗေးရိပ်မိဟန်တူသည်။

"ကျုပ်က ရှမ်းပြည်နယ်ဘက်မှာ အတော်ကြာအောင် အမှုထမ်းခဲ့တာ။ တိုင်းရင်းသားလူမျိုးတွေရဲ့ ဓလေ့ထုံးစံတွေကို လက်ပွန်းတတီး လေ့လာဖူးတယ်။ ဝနယ်က ရိုးရာနတ်တွေ ယုံကြည်စွဲလန်းမှုတွေ၊ သမန်းကျားတွေ၊ စုန်းတွေအကြောင်း သိတာပေါ့ဗျာ၊ ဟိုတုန်းက အင်ပီရီရယ် ရဲအမှုထမ်း (Imperial Police Service) မှာပေါ့"

စာရေးသူက သူ့ကို မြန်မာလိုပြောပြန်တော့ သူက အင်္ဂလိပ်လို ပြောင်းပြောပြန်သည်။ အင်္ဂလိပ်တို့၏ ဟာသဉာဏ်ကလေးပင် (English Humour) ဖြစ်သည်။

"မစ္စတာဟာဗေး၊ ခင်ဗျားရေးခဲ့တဲ့ မြန်မာသမိုင်းစာအုပ် နှစ်အုပ်နဲ့ ပတ်သက်ပြီး မေးချင်မြန်းချင် ဆွေးနွေးချင်တယ်ဗျာ"

"ဒီလိုဆိုရင် စားသောက်ခန်းတွဲ (Restaurant Car) ကို သွားရအောင်။ ဒီမှာတော့ ဟိုသားအမိ နားငြီးနေမယ်"

သူက အထက်ပါအတိုင်း မြန်မာလိုပြောရင်း ထလိုက်ရာ စာရေးသူလည်း လိုက်ပါသွားရ၏။

❐

ကိုလိုနီသမိုင်းဆရာကြီး နှစ်ဦးကြားက မြန်မာကျောင်းသားလေး

စားသောက်တွဲရောက်သောအခါ အရက်ဘားတန်းဆီသို့ ခေါ်သွားပါသည်။

“ဘာသောက်မလဲ၊ ကျုပ်က ပြုစုပါရစေ”

“လိမ္မော်ရည်ဆိုရင် တော်ပါပြီ”

“အရက်သောက်ပါလား၊ အားမနာပါနဲ့”

“ကျွန်တော် မသောက်တတ်ပါဘူးခင်ဗျား”

“အရက်မဟုတ်ရင်လည်း ဘီယာတို့၊ ဝိုင်တို့ရော”

“လိမ္မော်ရည်နဲ့ ငါးကြော်၊ အာလူးကြော်”

“မင်း အတော်ရိုးသေးတာပဲ၊ ငါတော့ မြန်မာပြည်မှာတုန်းက ခေါင်ရည်တွေ၊ စိမ်ရည်တွေ၊ တောအရက်တွေ အဝသောက်ခဲ့တာ။ မန္တလေး ဘီယာတော့ မပြောနဲ့တော့”

ဟာဗေးသည် ‘မင်း’ ‘ငါ’ ပြောလာသည်အထိ စာရေးသူကို ခင်မင်ကျွမ်းဝင်သွားလေပြီ။ သူက ဘီယာစုပ်၊ စာရေးသူက အကြော်စား၊ လိမ္မော်ရည်မော့ရင်း...

“ကဲ ဆိုစမ်းပါဦး၊ ငါ့စာအုပ်တွေကို ဘယ်လို ဝေဖန်ချင်သလဲ”

“ဆရာကြီးတို့လို ပုဂ္ဂိုလ်မျိုးကို ဝေဖန်နိုင်လောက်အောင် ကျွန်တော့်မှာ ပညာမပြည့်စုံသေးပါဘူး။ ဒါပေမယ့် ကျောင်းသုံးနဲ့ ကောလိပ်ကျောင်းသုံး

စာအုပ်နှစ်အုပ်ဟာ မြန်မာ့သမိုင်းချင်းတူပေမယ့် အာဘော်ချင်း ကွဲနေတယ်လို့ ထင်မိလို့ပါ။

ဟာဗေးက စာရေးသူအမေးကို ဖြေရန်ဟန်ပြင်လိုက်စဉ် သူ့မိတ်ဆွေတစ်ယောက်ပေါက်လာပြီး သူ့ကို နှုတ်ဆက်ကာ ပြင်သစ်စကားနှင့် အချီအချဖြစ်နေပါတော့သည်။ ထိုမိတ်ဆွေက စာရေးသူဘက် လှည့်လာပြီး လက်ကမ်းရင်း...

"ဟဲလို... ဟဲလို... ပါလေဗူ ဖရန့်ဆေး"

"ပြင်သစ်စကား ပြောတတ်သလား" ဟု မေးခြင်းဖြစ်ရာ စာရေးသူက မတောက်တခေါက်လောက်သာ ပြောတတ်ကြောင်း ပြန်ဖြေသဖြင့် ထိုပုဂ္ဂိုလ်က...

"ဒီလိုဆို ခင်ဗျားရှေ့မှာ ကျုပ်တို့နှစ်ယောက်တည်း ပြင်သစ်လို မူတ်နေလို့ ဘယ်တရားမလဲ၊ အင်္ဂလိပ်လိုပဲ ပြောကြတာပ၊ ဟိုစားပွဲသွားရအောင်"

"ကျုပ်က မစွတာညွန့်မေးတာ ဖြေဦးမယ်။ သူကမြန်မာကျောင်းသားလေဗျ ကျုပ်ရေးဖူးတဲ့ သမိုင်းစာအုပ် နှစ်အုပ်နဲ့ ပတ်သက်ပြီး သူ့အမြင်ကို တင်ပြနေတယ်။ မောင်ညွန့်ရေ ဟောဒါက ကျုပ်ရဲ့လုပ်ဖော်ကိုင်ဖက် လွိပါ။ သူကတော့ အင်ဒိုချိုင်နား အကြောင်း သုတေသနလုပ်နေတယ်"

ဟာဗေးက စာရေးသူနှင့် လွိနှစ်ဦးစလုံးကို အပြန်အလှန် မိတ်ဆက်ပေးလိုက်ပါသည်။

"လက်စသတ်တော့ ကိုလိုနီသမိုင်းဆရာကြီးနှစ်ဦး လာဆုံနေတာကိုး"

စာရေးသူက မထေ့တထေ့ ပြောလိုက်ရာ လွိက...

"အင်း... ဗီယက်နာမ်ကျောင်းသားဖြစ်ဖြစ်၊ လောကျောင်းသားဖြစ်ဖြစ် ရောက်လာရင်၊ အင်ဂလို-ပြင်သစ်ကိုလိုနီနယ်ချဲ့ ဇာတ်လမ်းကြီးအတွက် ဇာတ်ကောင်တွေ ပိုစုံလာမှာပဲ" ဟု ထပ်ပြီး နောက်ပြန်သည်။

"ကဲ... ကျုပ်စာအုပ်တွေအကြောင်း ဆက်ပါရစေ။ နှစ်တွေကြာပေမယ့် မှတ်မိသေးတယ်။ (History of Burma) ရေးတုန်းက အကိုးအကားကျမ်းတွေ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင်လေ့လာပြီး ရေးပါတယ်။ ဒါပေမယ့်"

ဟာဗေးသည် ရုတ်တရက်စကားရပ်လိုက်ပြီး အရက်ခွက်ကိုတစ်ကျိုက်ငုံလိုက်ရာ နားထောင်နေသော စာရေးသူအဖို့ ဆန့်တင်ငင် ဖြစ်သွား၏။

"ဒါပေမယ့်ဆိုတာက စိတ်ဝင်စားစရာ ကောင်းလိုက်တာ၊ ကြာကြာ ရပ်မထားပါနဲ့၊ ကျုပ်တို့ နားထောင်ချင်လှပြီ" စာရေးသူမပြောမီ လွှိက အထက်ပါအတိုင်း နှုတ်ဦးသွားပါသည်။

"ဒါပေမယ့်ဆိုတာ ကျုပ်က အင်္ဂလိပ်ပဲ။ မြန်မာစာလည်း မတတ်၊ မြန်မာအကြောင်းလည်း ကောင်းကောင်းမသိသေးတော့ မြန်မာ့သမိုင်း အထောက်အထားကျမ်းတွေ မှတ်တမ်းတွေကို ရည်ရည်လည်လည် ဘယ်ဖတ်နိုင်ပါ့မလဲ၊ ရာဇဝင်၊ မဟာဝင်၊ သမိုင်းတွေ၊ မော်ကွန်းတွေကို မြန်မာမိတ်ဆွေတွေ အကူအညီနဲ့ ဘာသာပြန်ရတယ်။ မြန်မာစာတတ်တဲ့ မြန်မာတစ်ယောက်လိုတော့ ဘယ်နှစ်ပတ်သေချာမလဲ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ၁၉၂၅ ခုနှစ်က ထုတ်တဲ့ ခင်ဗျားရဲ့ (History of Burma) ကတော့ အတော်ခိုင်လုံအောင် အကိုးအကားနဲ့ ရေးထားတာပဲ။ ကိုးကားတဲ့ ကျမ်းစာရင်းမှာလည်း မြန်မာရော၊ နိုင်ငံခြားရော၊ ပင်ရင်းအထောက်အထားရော၊ တစ်ဆင့်ခံအထောက်အထားရော အတော်စုံပါတယ်။ ကျွန်တော်သဘောအကျဆုံးကတော့ နောက်ဆက်တွဲ မှတ်စုတွေပဲ။ အဲဒီထဲမှာပါတဲ့ ရှင်းလင်းချက်တွေ၊ အယူအဆတွေဟာ သုတေသနဆန်ပါတယ်။ စာအုပ်က စာသားထဲမှာပါတဲ့ အချက်တွေ၊ အယူအဆတွေကို တောင် သမိုင်းသုတေသီ ရှုထောင့်ကကြည့်ပြီး ပြန်လည် သုံးသပ်ပြထားတယ်"

"ဟုတ်ပါတယ်၊ ကျုပ်လည်း ဒီစာအုပ်ရေးပြီးတော့ ပုံမနှိပ်မီ ပြန်ဖတ်ရင်း အချို့အချက်အလက်တွေ အကျယ်ရှင်းလင်းသင့်တယ်ထင်ပြီး မှတ်စုရေးပြီး ထပ်ထည့် လိုက်တာပဲ"

"ဒါပေမယ့် ၁၉၂၆ ခုနှစ်က ထုတ်တဲ့ (Outline of Burma History) မှာတော့ အချက်တွေမစုံ၊ အယူအဆတွေဟာလည်း တစ်ဖက်သက်ကျသလိုပဲ။ မြန်မာတွေကို နှိမ်ပြောထားတယ်ထင်တယ်။ ဥပမာ–တတိယ အင်္ဂလိပ်မြန်မာ စစ်ဖြစ်ရတဲ့အကြောင်းအရင်းတစ်ခုက နန်းတော်ထဲ ရှူးဖိနပ်စီးဝင်ခွင့် မပြုလို့ ဆိုတာမျိုးရေးထည့်လိုက်တာပဲ"

"အေး... ဟုတ်ပြီ၊ မင်းဒီလိုထင်တာ ငါကျေးဇူးတင်တယ်။ ပထမစာအုပ် (History of Burma) ပုံနှိပ်စဉ်က ၁၉၂၅ ခုနှစ်ပေါ့။ အင်္ဂလိပ်လူမျိုးရေးတဲ့ မြန်မာသမိုင်းစာအုပ်တွေအနက် ဒုတိယမြောက်ပဲ။ ပထမဆုံးစာအုပ်

ကတော့ မင်းတို့ သိတဲ့အတိုင်းပဲ။ ၁၈၉၃ ခုနှစ် ပုံနှိပ်တဲ့ ဆာအာသာဖဲရာ ရေးတဲ့ (History of Burma) ပေါ့။ ကျုပ်စာအုပ်ရေးဖို့ ကြိုးစားနေတုန်း မှာပဲ အင်္ဂလိပ်လူမျိုးတစ်ယောက်နဲ့ မြန်မာသမိုင်း ရေးသင့်မရေးသင့် ဘဝင် မကျဖြစ်သေးတယ်။ ဒါကြောင့် ကျုပ်က ဘွဲ့ရမြန်မာပညာတတ် လူငယ် တွေကို မြန်မာသမိုင်းရေးသားရေးအတွက် ဟောပြော လှုံ့ဆော်ခဲ့ပါတယ်။

"ဟုတ်ပြီ၊ ဟုတ်ပြီ ခင်ဗျားဟောပြောချက်က ဖော်ပြထားတာဖတ် ဖူးတယ်။ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်မှာ မဟုတ်လား" (The Writing of Burma History by G.E Harvey J, B, R,S 1919 Vol 1X, I, PP 63-82)

"အေး... အေး၊ ဝမ်းသာတယ်ဗျာ။ မင်းလို လူငယ်တစ်ဦးက ဒီဂျာနယ် ဖတ်ပြီးပြီဆိုတော့ ကျုပ်မျှော်လင့်တာတွေ ဖြစ်လာမှာပဲပေါ့"

ထိုဂျာနယ်တွင် ဖော်ပြထားသော ဟာဗေး၏ဟောပြောချက်တွင် မြန်မာ့သမိုင်းသုတေသန ပြုနေသူများမှာ နိုင်ငံခြားသားများသာဖြစ်နေကြောင်း၊ သူလည်း အင်္ဂလိပ်လူမျိုး တစ်ယောက်အနေနှင့် မြန်မာ့သမိုင်းရေးနေခြင်းမှာ သဘာဝမကျကြောင်း၊ မြန်မာစာမတတ်၍ မြန်မာ့အထောက်အထားများကို ကောင်းစွာမသုံးသပ်နိုင်ကြောင်း၊ မြန်မာပညာတတ်တို့၊ မြန်မာ့သမိုင်း သုတေ သနတွင် စိတ်ဝင်စားကြစေချင်ကြောင်း၊ မြန်မာ့သမိုင်းပြုစုရေးတာဝန်သည် မြန်မာပညာတတ်တို့၏ တာဝန်ဖြစ်ကြောင်း စသည်ဖြင့် ၁၉၁၉ ခုနှစ်ထုတ် သုတေသနဂျာနယ်တွင် နှိုးဆော်ထားပါသည်။

"ဟိုတုန်းကတော့ ပညာတတ်ဘွဲ့ရတွေဟာ အိုင်စီအက်စ်ဖြစ်ဖို့၊ ရာထူးရာခံရဖို့သာ မျှော်မှန်းကြတာ၊ သုတေသနကို ဝါသနာမပါကြပြန်ဘူး"

"ဟုတ်ပါတယ်၊ ဒါ ကျွန်တော်ဝန်ခံပါတယ်။ ဝံသာနုလုပ်ရှားလာ ပြန်တော့လည်း အမျိုးသားရေး၊ လွတ်မြောက်ရေးဆိုတဲ့ နိုင်ငံရေးနယ်ပယ် ထဲမှာပဲ ကျင်လည်ခဲ့ကြရသလို သုတေသနဘက် အာရုံမပြုနိုင်အားခဲ့ကြ ပြန်ဘူး"

"အေး... ဟုတ်တယ်၊ ဟုတ်တယ်"

"ဒါတင်ဘယ်ကမလဲ မြန်မာစိတ်ပျောက်ပြီး၊ ဘိုစိတ်ပေါက်နေတဲ့ မြန်မာပညာတတ် တချို့ကျပြန်တော့ မြန်မာ့သမိုင်းဆိုတာ နတ်သမီးပုံပြင်ပဲ

လို့ ထင်ကြသေးတယ်"

"တို့ဗြိတိသျှကိုလိုနီပညာရေးရဲ့ စနက်ကြောင့် ဒီလိုဖြစ်လာရတာလို့ ဆိုရမှာပဲပေါ့"

"လွတ်လပ်ရေးရပြီးတဲ့ ဒီခေတ်မှာတောင် သမိုင်းဘာသာဆိုတာ မလိုပါဘူးလို့ ပြောသူတွေရှိသေးတယ်ခင်ဗျ"

"ဒါ အမြင်ကျဉ်းသူတွေ ဖြစ်မှာပေါ့ကွာ။ အတိတ်သမိုင်းကို မသိဘဲ မျက်မှောက်နိုင်ငံကို ဘယ်လိုတည်ဆောက်ပါ့မလဲ။ သူတို့နောက်တော့ အမြင်မှန်ရလာလိမ့်မယ်။ ကဲ–ကျုပ်ရဲ့ ဒုတိယစာအုပ်ကို ဆက်ပြောမယ်။ အဲဒီစာအုပ်က အလယ်တန်းအတွက်ရေးတဲ့ ကျောင်းသုံးဖတ်စာပဲ။ နောက်တော့ အထက်တန်းအထိ သုံးလာကြတယ်။ (Qutline) ဆိုတော့လည်း ပြည့်စုံအောင် မပါဘူးလေ။ ပြီးတော့လည်း ကျောင်းသုံးဆိုတော့ ဗြိတိသျှကိုလိုနီပညာရေးမူဝါဒနဲ့အညီကိုက်အောင် ရေးထားရတာပေါ့"

"ဩော်... ဩော်၊ ကျွန်တော် သဘောပေါက်ပါပြီ။ ဗြိတိသျှအင်ပါယာကြီး ဘုန်းမီးနေလ တောက်ပချိန်ကဆိုတော့လည်း အင်ပီရယ်ရဲ့ အယူအဆ (Imperial Idea) လောင်းရိပ်အောက်က ပေါ်လာရတဲ့ မြန်မာ့သမိုင်းဖတ်စာအုပ်ကလေး ပေါ့လေ"

"ဟား... ဟား... ဟား... ဟား"

သုံးယောက်သား တစ်ပြိုင်နက် ရယ်မိကြသည်။

ထိုအချိန်တုန်းက ပါရီသွား မီးရထားပေါ်၌ ဟာဗေးနှင့် ခေတ္တကြုံစဉ် အဖြစ်အပျက်များကို ဆောင်းပါးစဉ်၌ ဖော်ပြရင်း၊ လွန်ခဲ့သော တစ်နှစ်ကျော်က 'ရာမကရစ်ရှနာ' ခန်းမဆောင်၌ ဆရာကြီး ဒေါက်တာထင်အောင် အင်္ဂလိပ်ဘာသာဖြင့် ဟောကြားသွားသော 'နယ်ချဲ့သမိုင်းဆရာကြီးဟာဗေး' ဟူသော ဟောပြောချက်ကို သွားသတိရမိပါသည်။ ဒေါက်တာထင်အောင် မြန်မာ့သမိုင်းကို ဟာဗေးနယ်ချဲ့ဝါဒီရှုထောင့်မှရေးခဲ့ပုံကို ဟာဗေးရေးသော (History of Burma)မှ ကောက်နုတ်ချက်များနှင့် ဟောကြားသွားပါသည်။ သဘာပတိက နားထောင်သူပရိသတ်ထဲမှ မေးခွန်းမေးခွင့် မပြုသဖြင့် စာရေးသူ မမေးလိုက်ပါ။ စာရေးသူအမြင်ပြောရလျှင် ဟာဗေးသည် လူတစ်ကိုယ် စိတ်နှစ်ခွနှင့် မြန်မာ့သမိုင်းကို အရှိအတိုင်းရေးလိုသော စိတ်ကတစ်ပိုင်း၊ ဗြိတိသျှအစိုးရ၏

အမှုထမ်းတစ်ဦးအနေနှင့် (Imperial Idea) ကို ဗြိတိသျှ လက်နက်နိုင်ငံကြီး ဝါဒကို ရှေ့တန်းတင်၍ မြန်မာ့သမိုင်းဖတ်စာကို ရေးရသောစိတ်က တစ်ပိုင်း ဖြစ်ပါသည်။ ထို့ကြောင့် သမိုင်းဆရာ ဟာဗေး (Harvey the historian) နှင့် နယ်ချဲ့ဝါဒကြီးဟာဗေး (Imperialist) ဟူ၍ နှစ်ပိုင်းခွဲခြား မြင်သင့်သည် ဟု ထင်မိပါသည်။ ပြီးခဲ့သောကဏ္ဍတွင် ဖော်ပြခဲ့သော (The writing of Burmese history) ခေါ်သူရေးသားသော ဆောင်းပါးတွင် သူ့လိပ်ပြာသူ မလုံသဖြင့် မြန်မာ့သမိုင်းကို မြန်မာတို့သာ ရေးသင့်ကြောင်းဝန်ခံထားချက်ကို ထောက်ထားကြည့်နိုင်ပါသည်။

စာဖတ်သူမိတ်ဆွေကို မီးရထားပေါ်သို့ ပြန်ခေါ်သွားရပါမူ...

သုံးဦးသား ရယ်မောရင်း၊ မော့ရင်း၊ စားရင်း အချိန်ကုန်ကာ ညနေ စောင်းလာပါသည်။ သူတို့နှစ်ဦးသည် ရေချိန်မကိုက်သေး၍ ဆက်သောက် နေကြသဖြင့် စာရေးသူသည် တွဲများစကြိုတွင် လျှောက်ကြည့်နေမိသည်။ ညနေစောင်း ဗြိတိန်ကမ်းခြေကို သာယာစွာတွေ့ရသည်။ အဝေးကြည့် မှန်ပြောင်းနှင့် တစ်ဖက်ကမ်းသို့ လှမ်းကြည့်နေသော ခရီးသည်တစ်ဦးက သူ့ အဖော်ကိုဘက်သို့ လှမ်းပြီး...

"အဲဒါ ပြင်သစ်နိုင်ငံပေါ့။ ဟိုနားက စုစုလေးဟာ ကယ်လေဗြို့ပဲ"

❐

ပါရီရောက်လာ ရီဝေစွာ

စာရေးသူတို့ မီးရထားသည် ဒိုဘာမြို့ဘူတာသို့ ထိုးဆိုက်လိုက်ပါသည်။ ဤမီးရထားကား ဤဘူတာတွင် လမ်းဆုံးလေပြီ။ သို့သော် ဂျနီဗာခရီးကား မဆုံးသေးပါ။ ဗြိတိသျှရေလက်ကြားကို ကူးတို့နှင့်ကူးပြီး တစ်ဖက်ကမ်းသို့ရောက်လျှင် မီးရထား ဆက်စီးရဦးမယ်။ ဟာဗေးနှင့် ပြင်သစ်မိတ်ဆွေတို့သည် ဒိုဘာတွင်နှစ်ညအိပ်ပြီးမှ ပါရီသို့ သွားကြမည်ဖြစ်၍ ဆင်းနေရစ်ကြသည်။ စာရေးသူက ကူးတို့ဆီသို့ အသွား…

"မောင်ညွှန့်ရေ၊ မင်းဒီည ပါရီရောက်မယ်။ ည ၉ နာရီခွဲမှ ဂျနီဗာကို မီးရထားထွက်မှာ ပါရီရောက်လို့ လျှောက်လည်ရင် သတိထားနော်။ အရှုပ်အပွေတွေနဲ့ တွေ့နေဦးမယ်" ဟု ဟာဗေးက သတိပေးရှာသည်။ ထိုအကြိမ်သည် ဟာဗေးကို စာရေးသူပထမဆုံးနှင့်နောက်ဆုံး ကြုံတွေ့လိုက်ရခြင်းဖြစ်သည်။ နောက်ပိုင်းတွင် စာရေးသူပြုစုသောကျမ်းကို ပြင်ပစာစစ်သူ မစ္စတာဟတ်ဆနထံမှ ဆွဲယူဖတ်ကြည့်သည်ဟု သိရသော်လည်း သူနှင့်မဆုံမိတော့ပါ။ သူကား ၁၉၆၆ လောက်က ကွယ်လွန်သွားလေပြီ။

ကူးတို့ သဘော်ဆိုသော်လည်း အတော်ကြီးကျယ်ခမ်းနားပါသည်။ ညနေစောင်းဖြစ်၍ ရေလက်ကြားတွင် လှိုင်းထန်နေရာ သဘော်လူးလာသဖြင့် စာရေးသူလည်း လှိုင်းမူးလာပါသည်။ ကြာရှည်ဟန်မဆောင်နိုင်တော့၍ ရေချိုးခန်းသို့ပြေးဝင်ပြီး အန်ပါလေတော့သည်။ လဲလျောင်းနေနိုင်သော (Lounge) (လောင့်ဂျ်) အခန်းထဲ၌ လဲလျောင်းရင်း မှေးခနဲဖြစ်သွားရာမှ သဘော်စောင့်က တစ်ဖက်ကမ်းရောက်ပြီဖြစ်ကြောင်း လာနှိုး၍ပြောတော့မှ နိုးပါသည်။ ဂျနီဗာ

သွားမည့် ခရီးသည်များ ပလက်ဖောင်း ၄၊ မီးရထားအမှတ် ၆၊ တွဲ ၁၀ နှင့် ၁၁ သို့ တက်ရန် ပြင်သစ်ဘာသာဖြင့် မိုက်ခရက်မှ ပြောနေပါသည်။ စကားပြောမြန်သဖြင့် အားလုံးနားမလည်နိုင်သော်လည်း ခန့်မှန်းနိုင်ပါသည်။ အခြားခရီးဖော်များနှင့် ရောလိုက်ပါရင်း၊ မီးရထား ရောက်သောအခါ အနားရှိ ခရီးသည်တစ်ဦးအား မီးရထားကို လက်ညှိုးထိုးပြရင်း...

"ဂျနီဗာ–ဆွမ်ဇာ" ဟုမေးရာ

"ဝီး... ဝီး၊ မစ်စ်ရာ (ဟုတ်ပါတယ်ခင်ဗျာ) ဟု ပြန်ပြောသဖြင့် စိတ်ချလက်ချ တွဲ ၁၀ ပေါ်သို့တက်ကာ နေရာယူလိုက်၏။

ပြင်သစ်မီးရထားသည် အင်္ဂလိပ်မီးရထားလောက် သန့်ပြန့်မှုမရှိပါ။ သို့သော် ခရီးသည်တို့ လမ်းမမှားရအောင် မြေပုံများ၊ ဇယားများနှင့် ခရီးလမ်းညွှန် ကားချပ်များကို တွဲနံရံများတွင် ကပ်ပြထားသည်။ တွဲပေါ်ရောက်၍ ၁၅ မိနစ်ခန့်အကြာတွင် မီးရထားတစ်စင်းလုံး မီးတွေထိန်နေပြီး စကားပြောသံနှင့် ညံနေသည်။ ညစာချိန် ရောက်ပြီဖြစ်၍ စားသောက်တွဲမှ စားပွဲထိုးကလေးသည် မီးနူး (Menu) စားစရာ စာရင်းကတ်ကို လိုက်ပြနေသည်။ စာရေးသူက လှမ်းကြည့်လိုက်သောအခါ အအေးစာနှင့်အပူစာ ရွေးစရာနှစ်မျိုးပြထားသည်။ အအေးစာဆိုသည်မှာ အသားဘူး၊ စည်သွပ်ဘူး၊ ရေခဲစိမ်အသားများ၊ ဟင်းသီးဟင်းရွက်များချည်း ကျွေးသောအစာဖြစ်၏။ အပူစာဆိုသည်မှာ လတ်တလော ကြော်လှော်ချက်ပြုတ်ထားသော ပူပူနွေးနွေး အစာများဖြစ်သည်။ စားသောက်ခန်းတွင် လူကျပ်နေသဖြင့် တွဲသို့ ယူခဲ့ရန်မှာလိုက်၏။

ယူလာသောညစာမှာ သုံးမျိုးတစ်စုံ (Course) ဖြစ်သည်။ ပထမသိုးသားနှင့် ခရမ်းချဉ်းသီးကို ဟင်းမွေးမဆလာများဖြင့်ကြိုထားသော ဟင်းချိုနှင့်ပေါင်မုန့်ဝိုင်းနှင့် ထောပတ်ဒိန်ခဲ ဖြစ်သည်။ ပဏာမ စားရသောဟင်းခွက်ဖြစ်၏။ နောက်ရောက်လာသောပွဲမှာ မိန်းဒစ်ရှ် (Main dish) ဖြစ်သည်။ ဆိတ်သားစင်းကောနှင့် ဂေါဖီပွင့်ရောကြော်တစ်ပုံ၊ အာလူးပြုတ်ပါးပါးလှီးတစ်ပုံ၊ ဝက်အူချောင်း သုံးချောင်းပါသော ပွဲကြီးဖြစ်ပါသည်။ ဟင်းမွေးမဆလာ၊ ငရုတ်ရည်အချဉ်၊ ကြက်သွန်တို့နှင့် ပယ်ပယ်နယ်နယ် ရှိလှသဖြင့် မြန်မာလျှာနှင့် ကိုက်လှသည်။ တတိယယူလာသောပွဲမှာ ဖရုံကောက်တေးလ် (Fruit Cocktail) ခေါ် သစ်သီးမျိုးစုံကို နွားနို့၊ ရှန်ပိန်၊ ဝိုင်တို့နှင့် ရောသုပ်

ထားသော သီးစုံသုပ်နှင့် ကော်ဖီခါးတစ်ခွက်ဖြစ်ပါသည်။ ပုဝိုင်းဝိုင်းကြီးနှင့် ပတ်ထားသော ဝိုင်တစ်ပုလင်းမှာမူ စောစောကတည်းက ရှေ့တွင်လာချထားပြီဖြစ်သည်။ သောက်သည်ဖြစ်စေ၊ မသောက်သည်ဖြစ်စေ ယင်းဝိုင်ပုလင်းအတွက် ပေးရမည်ဟု သိရသဖြင့် အရှုံးမခံ၊ မြည်းစမ်းကြည့်လိုက်ရာ ချိုမြမြသင်းသင်းနှင့် ရှိန်းတိန်းတိန်း အရသာကို ရလိုက်သည်။

ပြင်သစ်တို့သည် ဝိုင်ချိုကို မွေးကင်းစကတည်းက သောက်လာသူများဖြစ်၍ စားသောက်ရာတွင် ဝိုင်ကိုပဲ သောက်ကြသည်။ ဝိုင်ချိုဆိုလျှင် ကလေးကြိုက်ဖြစ်သည်။ စာရေးသူတို့ကို အရွယ်မရောက်သေးသော ချာတိတ်ဟု ထင်ရော့သလား၊ ကလေးသောက်ဝိုင် ပေးပြီထင်သည်။ ချိုမွေးမွေးနှင့် သောက်ကောင်းရာ တစ်ပုလင်းကုန်သွားပါသည်။ စားပွဲထိုးကလေးက ဘီလ်လာပေးရာ၊ ငါးပေါင်တန်ထုတ်ပေးလိုက်၏။ သူပြန်ယူလာသောအမ်းငွေနှင့် ဘီလ်ကို မကြည့်နိုင်တော့ပါ။ ၂ သျှီလင် တစ်ပေးပြီး အမ်းငွေကို အိတ်ထဲပစ်ထည့်ကာ မှိန်းလာပါသည်။ မမူးဟုထင်သော ဝိုင်ချိုသည် အူစိမ်းသောစာရေးသူကို ရီဝေဝေဖြစ်လာစေပါသည်။ ၇ နာရီခွဲသာသာတွင် မီးရထားသည် ပါရီမြို့သို့ ရောက်လာသဖြင့် ခရီးသည်တို့ လှုပ်လှုပ်ရွရွ ဖြစ်လာ၍ မျက်လုံးဖွင့်ကြည့်မိရာ ပါရီမြို့တော်၏အလှကို တွေ့ရပါတော့သည်။

❐

နှစ်ပေါင်း ၃၀၀ကျော် စစ်ဘေးကင်းဝေးခဲ့သော ငြိမ်းချမ်းရေး မြို့တော်ကြီးသို့

ဥရောပနွေရာသီသည် နေ့တာရှည်သောကြောင့် ည၌ ၁၀ နာရီလောက် အထိ နေရောင်မပျောက်သေးပါ။

၆ နာရီကျော်ကျော်သာရှိသော ပါရီညနေခင်းသည် အလင်းချည်း ရှိသေးသည်။ စာရေးသူတို့ စီးလာသောတွဲကို ပါရီမှ ဂျနီဗာသို့ထွက်မည့် မီးရထားက ချိတ်ဆွဲသွားမည်ဖြစ်၏။ ရထားထွက်ရန် နှစ်နာရီခန့် ကျန်သေးသည်။

တွဲပေါ်မှာပင် ပစ္စည်းများထားရစ်ခဲ့ပြီး လည်နိုင်သေးသည်။ နိုင်ငံကူးလက်မှတ်ကို ဖွင့်ကြည့်လိုက်ရာ ပြင်သစ်ဗီဇာ(ပြည်ဝင်ခွင့်)ပါသဖြင့် တွဲစောင့်ကို ပစ္စည်းများထားရစ်ခဲ့ကြောင်း ပြောခဲ့ပြီး ဘူတာအပြင်ဘက် ထွက်လာခဲ့ပါသည်။

"ဆီးဗူးလေးမစ်ရဲ့၊ အော်တိုဘွတ်စ်၊ တက္ကစီ"

တက္ကစီသမားတို့၏ ဖိတ်ခေါ်သံများ ညံလာပါသည်။ စာရေးသူနောက်မှ လိုက်လာသော အင်္ဂလိပ်လင်မယားသည် ပြင်သစ်စကား ကောင်းစွာ တတ်ဟန်တူသည်။ တက္ကစီသမားတစ်ဦးနှင့် အပြန်အလှန်ပြောကြပြီး သူတို့သုံးဦးစလုံး စာရေးသူကို အမီလိုက်လာရင်း အင်္ဂလိပ်ကြီးက...

"မစ္စတာပလိစ်၊ ခင်ဗျား မြို့ထဲ ထွက်လည်မလို့လား။ ဒီ တက္ကစီသမားက လာစပ်နေတယ်။ မီးရထားမထွက်မီ ပါရီကို လျှောက်ပြမယ်တဲ့။

တစ်ယောက်ကို တစ်နာရီ ၁၅ သျှိလင်ပေးရမယ်တဲ့။ ကျုပ်တို့ သုံးယောက် စပ်ပြီးလည်ရအောင်ဗျာ"

*

"ကျွန်တော်လည်း လည်ချင်နေတာ၊ စရိတ်ကြီးမှာစိုးလို့။ အဖော်နဲ့ ဆိုရင်တော့ စိန်လိုက်၊ လိုက်ပါ့မယ်"

သို့နှင့် စာရေးသူတို့သည် တက္ကစီသမားခေါ်ဆောင်ရာသို့ ပါသွားကြသည်။ ပါရီသည် လန်ဒန်ထက် လူဦးရေကျပ်တည်းပြီး မော်တော်ယာဉ် မျိုးစုံလှသည်။ လက်ယာမောင်းဖြစ်၍ စာရေးသူတို့အဖို့ မျက်စိလည်သလို ဖြစ်နေသည်။

၁၈၀၆ ခုနှစ်က နပိုလီယံစတင်ခဲ့သော အောင်မြင်ရေးမုခ်ဦးကြီး (Arc de Triumphe) ဆီသို့ခေါ်သွားပါသည်။ မုခ်ဦးကြီးအောက်၌ အာဇာနည် မီးတောက်နှင့် အညတရစစ်သား၏ အလောင်းစင်ရှိသည်။ လမ်းကြီး ၁၂ သွယ်သည် ထိုမုခ်ဦးကြီးကို ဆုံလှည့်ကာ ပါရီတစ်ခွင်သို့ ဖြာထွက်သွားသည်။

ထိုလမ်းကြီးများအနက် ရွှမ်ဇော်လီဇေး (Champs Elysse) ခေါ် လမ်းမကြီးမှာ နာမည်ကျော်အလှဆုံးဖြစ်သည်။ ဘေးတစ်ဖက်တစ်ချက်တွင် အရိပ်ကောင်းသော သစ်ပင်လှများကို တန်းစီစိုက်ထားသော လမ်းကျယ်ကြီး ဖြစ်သည်။ ယင်းကဲ့သို့သော လမ်းကြီးမျိုးကို ပြင်သစ်လို 'ဘူးလေဗတ်' (Boulevard) ဟုခေါ်သည်။ ဦးဝိစာရလမ်းဆိုလျှင် ဘူးလေဗတ် စာရင်းဝင်ဖြစ်သည်။

ထိုလမ်းမကျယ်ကြီးမှ တစ်ဖန် ကမ္ဘာကျော် အက်ဖယ်တာဝါ ခေါ် သံမျှော်စင်ကြီးအောက်မှ ဖြတ်မောင်းလာရာ တက္ကစီကို ခေတ္တရပ်ခိုင်းပြီး စာရေးသူတို့သုံးဦးသည် မျှော်စင်ကို နောက်ခံပြုကာ အမှတ်တရ ဓာတ်ပုံ တလှည့်စီ ရိုက်ယူကြပါသည်။ ဆက်မောင်းလာရာ၊ ကားပေါ်မှ လှမ်းမြင်ရသော ခမ်းနားသောအဆောက်အအုံကြီးမှာ နေတိုးစစ်အုပ်စုကြီး၏ ဌာနချုပ်ရုံးဖြစ်သည်။

တက္ကစီသမားက ရပ်စောင့်ရလျှင် အခပိုတောင်းမည်ပြောသဖြင့် ကားပေါ်မှပင်ကြည့်ရပါသည်။ အချိန်လည်းမရသဖြင့် အပြန်မှ ပါရီဝင်ပြီး ကောင်းကောင်းလေ့လာမည်ဟု အားခဲလိုက်၏။ တက္ကစီသမား ခေါ်သွားသောနေရာ

များမှာ ရုပ်ရှင်ရုံ၊ ပြဇာတ်ရုံ၊ ခမ်းနားသော အော်ပရာပြဇာတ်ရုံကြီး၊ စိန်းမြစ်ကို တံတားမှဖြတ်မောင်းလာပြီး လေဟာပြင်စားသောက်ဆိုင်များနှင့် ကြည့်ချင်ပွဲတီးဝိုင်းများဖြစ်သည်။

တစ်နေရာအရောက် လက်ညှိုးထိုးပြရင်း 'နော်ထရီဒမ်' ဟုရွတ်လိုက်ရာ လှမ်းကြည့်မိရင်း (The Hunchback of Notre Dame)(ခါးကုန်းကြီး) ဝတ္ထုကို သတိရမိပါသည်။ ဤသို့ပင် တစ်နာရီနီးပါးရှိလာရာ တက္ကစီသမားသည် ဘူတာသို့ ဒုန်းစိုင်းမောင်းပါလေတော့သည်။ ကပွဲ၊ ချွတ်ပွဲ၊ ဗရုတ်ကျပွဲများကိုသွားချင်လျှင်လည်း လိုက်ပို့ပေးမည်ဟု ဆွယ်တရားပြောသော်လည်း စာရေးသူတို့သုံးဦးက ငြင်းလိုက်ကြပါသည်။ ကျသင့်ငွေယူပြီး နှုတ်ဆက်ပြန်သွား၏။

ကျန်သေးသော တစ်နာရီသာသာကို ဘူတာရုံကြီးအတွင်း၌ အချိန်ဖြုန်းရ၏။ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ အရက်ဘား၊ စာအုပ်ဆိုင်များ၊ ဆံပင်ညှပ်ဆိုင်များနှင့် စုံလှသည်။ ဘူတာအပြင်ဘက် ဈေးတန်းသို့လည်း တစ်ယောက်တည်း လျှောက်လာရင်း ဆိုင်မှန်လုံခန်းများအတွင်း ဝယ်ချင်စရာရှိုးပြထားသော ပစ္စည်းများကို လျှောက်ကြည့်နေမိသည်။ (Window Shopping)ခေါ် ပစ္စည်းများကို မဝယ်ဘဲ ကြည့်ရင်း စိတ်ကူးယဉ်သော အလေ့အထသည် သူတို့ဆီတွင် အချိန်ကုန်မှန်းမသိ ကုန်စေသောနည်း တစ်ခုဖြစ်သည်။

စာရေးသူသည် နာရီကို ကြည့်လိုက်၊ ပစ္စည်းများကို အာရုံခံစားလိုက်နှင့် နာရီဝက် ကုန်သွားသည်။ ကျန်နာရီဝက်ကို ဘူတာအတွင်းရှိ မီးရထားစားသောက်ဆိုင်အတွင်းရှိ မီးရထားအလုပ်ကြမ်းသမားတို့စားသော ဈေးပေါပေါ ဆိုင်သို့သွားကာ ကြက်စွပ်ပြုတ်နှင့် ပေါင်မုန့်ကြမ်းဝါးစားရင်း ရထားထွက်သည်အထိ စောင့်ပါသည်။

မီးရထားသည် ညလုံးပေါက်ခုတ်မောင်းသည်။ အနေးရထားဖြစ်၍ ဘူတာစဉ် ဆိုက်ပါသည်။ မန္တလေး–ပြင်ဦးလွင်ရထားကဲ့သို့ ဥမင်များကိုလည်း ဖြတ်ရသည်။ တောင်းစခန်းမြို့ကလေးများကိုလည်း ကျော်ရသည်။ တစ်ညလုံး ကြက်အိတ် ကြက်နီး လိုက်ပါသွားရာ၊ လင်းအားကြီးတွင် မှေးခနဲပျော်သွား၏။ တွဲစောင့်က လှုပ်နိုးမှ ဂျုနီဗာဘူတာရောက်ကြောင်း သိရတော့

သည်။ ခရီးသည်အတော်များများ ဆင်းသွားကြသည်။ တွဲစောင့်က 'ပရက်စတို–ပရက်စတို' (Presto) ဟု အစ်တာလျံစကားဖြင့် မြန်မြန် မြန်မြန် ဟု ဆင်းရန် သတိပေးသည်။

ဘူတာရုံအပြင်ဘက်ရောက်သောအခါ ဩကာသလောကကြီးတစ်ခုလုံး မှုန်ပြာရီဝေနေပါသည်။ ပိုးပဝါနုနု ကာထားသလိုဖြစ်နေရာ ဂျနီဗာဘူတာရုံကြီးကို ဓာတ်ပုံမရိုက်နိုင်ပါ။ နောက်နေ့ နေ့ခင်း နေသာမှသာ လာရိုက်ယူရပါသည်။ တက္ကစီတစ်စီးကို လှမ်းခေါ်လိုက်ရာ၊ အနားထိုင်ရပ်တော့မှ အမျိုးသမီးမောင်းလာကြောင်း သိရသဖြင့် အံ့ဩမိသည်။ သူတို့ဆီတွင် မိန်းမများပင် တက္ကစီမောင်းစားနေကြပေပြီ။

"ဘွန်းဂျူး၊ မစ်ရှဲ" (ဂွတ်တမောနင်း မစ္စတာ)

"ပါလေဒေနာဆာရွန်း" (Palai des Nations) (နိုင်ငံပေါင်းချုပ်အသင်းကြီး)။

"ဝီး... ဝီး (ဟုတ်ကဲ့ရှင့်၊ ဟုတ်ကဲ့)

"လာအဲဗ်ညူး၊ ဒေလာပဲ (La avenue des la paix) မာဇာယက်ဆင်တာ"

"ဝီး... ဝီး ထရေဖြန်း" (ဟုတ်ကဲ့ ကောင်းပါပြီရှင်)

အမျိုးသမီးသည် စာရေးသူလက်မှ သေတ္တာကို လှမ်းဆွဲယူကာ ကားပေါ်တင်ပြီး ကားတံခါးကိုဖွင့်၍ ခရီးကြိုပါသည်။ ကားပေါ်တက် အထိုင်လိုက် တက္ကစီသည် တစ်ဟုန်ထိုးထွက်လာပါသည်။ ငြိမ်းချမ်းရေးမြို့တော်ကြီးသို့ ရောက်ခဲ့ပေပြီ။ ၁၆၄၈ ခုနှစ်မှစ၍ စစ်ဘေးနှင့်ကင်းခဲ့သော ဆွစ်ဇာလန်နိုင်ငံသည် ကမ္ဘာ၏ချမ်းမြေ့ရိပ်မြုံကြီး ဖြစ်ခဲ့၏။ သန့်ရှင်းလတ်ဆတ်သော လေကို ရှူရင်း ဆွစ်ဇာလန်၏သမိုင်းအကြောင်းကို ပြန်ပြောင်း စားမြုံ့ပြန်ကာ လိုက်ပါသွားပါသည်။

တက္ကစီခေါ်ဆောင်သွားသောနေရာမှာ ပထမကမ္ဘာစစ်ကြီး ပြီးခါစ အမေရိကန်သမ္မတကြီးဝီလဆင် ကမကထပြု၍ တည်ထောင်ခဲ့သော (League of Nations) ခေါ် နိုင်ငံပေါင်းချုပ်အသင်းကြီး ရုံးစိုက်ခဲ့သော အဆောက်အအုံကြီးဖြစ်သည်။ လူသားတို့ကို ဒုက္ခပေးလှသောစစ်ကို တားဆီးရန်နှင့် ချမ်းသာသုခပေးမည့် ငြိမ်းချမ်းရေးရရှိရန်အတွက် ရည်ရွယ်၍ဖွဲ့သော အသင်း

ကြီးဖြစ်၏။ အဆောက်အအုံကြီးသည် တစ်ခုတည်းမဟုတ်ဘဲ ဆက်ထားသော အဆောက်အအုံ ဖြစ်သည်။

မြစိမ်းကမ္မလာနှင့်တူသော မြက်ခင်းပြင်များ၊ ဖူးငုံဝေဆာသော ပန်းချို ပန်းရုံများ၊ ပုံစံအမျိုးမျိုးသွင်းထားသော သစ်ပင်များ၊ အရိပ်ကောင်းပင်များ နှင့် သာယာနေသော ဝင်းကြီးအတွင်းသို့ တက္ကစီမောင်းလာပြီး၊ 'ငြိမ်းချမ်း သာယာရေးလမ်း' ဟု အဓိပ္ပာယ်ရသော 'လာအဲဗ်ညူး၊ ဒေလာပဲ' လမ်းသွယ် သို့ ဝင်လာပါသည်။ မကြာမီ 'မာဇာယတ်ဆင်တာ' ခေါ် စံအိမ်ကြီးရှေ့သို့ ထိုးရပ်လိုက်၏။ မာဇာယတ်ခေါ် ချက်ကိုစလိုဗက်ခေါင်းဆောင်ကြီး တစ်ဦး၏ မည်ကို ဂုဏ်ပြုသောအားဖြင့်ပေးသော အမည်ဖြစ်သည်။

❐

မြန်မာပြည်အကြောင်း ဝိုင်းမေးကြသည်

တက္ကစီဆိုက်လျှင်ဆိုက်ချင်း ဧည့်ကြိုဆွစ်အမျိုးသမီးနှစ်ဦးက ကားတံခါးဖွင့်ပြီး ကြိုဆိုပါသည်။ မြန်မာကျောင်းသားဖြစ်ကြောင်း စာရေးသူက ပြောလိုက်သောအခါ စံအိမ်ကြီး အပေါ်ထပ်သို့ ခေါ်သွားကာ အခန်းကျယ်ကြီး အလယ်အိပ်ရာတွင် နေရာချပေးပါသည်။ ဤစံအိမ်ကြီးကား စင်စစ် ဟိုတယ် မဟုတ်ပါ။ ဆွစ်လူမျိုးတစ်ဦး၏ အိမ်ဖြစ်သဖြင့် အောက်ထပ်သည် အုတ်နှင့် ဆောက်ပြီး၊ အပေါ်ထပ်မှာမူ ပျဉ်နှင့်လျှာထိုးဆောက်ထားသည်။ မြန်မာအိမ်ကြီးနှင့်တူသည်။ နိုင်ငံတကာကျောင်းသားတို့ ရင်းနှီးစေရေးအတွက် အခန်းကျယ်ကြီးများတွင် စုပေါင်းနေရာချပေးခြင်းဖြစ်သည်။

စာရေးသူသည် ဘက်မလိုက်နိုင်ငံဖြစ်သော၊ မြန်မာနိုင်ငံမှဖြစ်သောကြောင့်လားမသိ၊ အခန်းကျယ်ကြီး၏ အလယ်အိပ်ရာတွင် နေရာပေးပြီး ဝဲဘက်တွင် အရှေ့ဂျာမနီ ကျောင်းသားများနှင့် ယာဘက်တွင် အနောက်ဂျာမနီကျောင်းသားများကို နေရာချပေးပါသည်။ ထိုအချိန်က အရှေ့အနောက် အုပ်စုနှစ်စု စစ်အေးတိုက်ပွဲ ပြင်းထန်နေချိန်ဖြစ်သည်။ ဂျာမန်လူမျိုးချင်း တူသော်လည်း စစ်ဘေးဒဏ်ချက်ကြောင့် သူတို့ချင်း မခေါ်မပြောဖြစ်နေကြ၏။ စာရေးသူအဖို့မူ နှစ်ဖက်စလုံးနှင့် စကားပြောရသဖြင့် လက်မလည်အောင် ရှိသည်။

စာရေးသူနှင့် မရှေးမနှောင်း ရောက်လာသော ကျောင်းသားကိုယ်စားလှယ်များကား နိုင်ဂျီးရီးယား၊ ကင်းယားနှင့် ပြင်သစ်ကျောင်းသားများဖြစ်သည်။ သူတို့သည် အထက်နှင့်အောက်ထပ်ခန်းများတွင် မျှ၍ တည်းကြ

သည်။ ညနေပိုင်းတွင် ဗြိတိသျှကျောင်းသားတစ်ဦး စာရေးသူတို့အခန်းသို့ ထပ်ရောက်လာသည်။ သူကား အောက်စဖို့တက္ကသိုလ်မှ သချိ်ာဂုဏ်ထူးတန်း သမားဖြစ်၏။

နိုင်ငံတကာကျောင်းသားတို့နှင့် တွေ့ဆုံဆွေးနွေးရသည်မှာ စိတ်ဝင် စားစရာကောင်းသည်။ ပျော်လည်းပျော်စရာကောင်းသည်။ အင်္ဂလိပ်နှင့် ပြင်သစ်စကားမှာ အများစုနားလည်ကြပါသည်။ နားမလည်နိုင်သော အပိုင်း တွင် လက်ဟန်ခြေဟန်နှင့် ပြောကြပြန်ရာ တဝါးဝါးနှင့် ပွဲကျလှသည်။

တချို့ကျောင်းသားတို့ကမူ အက်စ်ပရန်တို (Espranto) ခေါ် နိုင်ငံ တကာစကားနှင့် ပြောစမ်းကြည့်ကြသည်။ လက်တင်၊ အင်္ဂလို၊ ဆက်ဆင်၊ ကျူတောနစ်နှင့် ဆလ်စသော အခြေခံဥရောပ ဘာသာစကားကြီး လေးငါး မျိုးပေါင်းစပ်ပြီး ထွင်ထားသောစကားဖြစ်သည်။ နိုင်ငံတကာဆက်ဆံရေး လွယ်ကူပြေပြစ်ရန် ရည်ရွယ်ပြီး၊ ကုလသမဂ္ဂယဉ်ကျေးမှု ဆက်သွယ်ရေးအစီ အစဉ်အရ ထွင်လိုက်သော စကားဖြစ်၏။ သို့သော်လက်တွေ့တွင် မတွင် ကျယ်လှပါ။ အင်္ဂလိပ်နှင့် ပြင်သစ်စကားတို့သာ လွှမ်းမိုးနေပါသည်။

မကြာမီ ခေါင်းလောင်းသံကြား၍ အားလုံးစားသောက်ခန်းသို့ ဆင်း သွားကြရာ ကော်ဖီသောက်ချိန် ဖြစ်ကြောင်းသိရသည်။ ကော်ဖီခါးခါး၊ပူပူ၊ ပျားရည်၊ ထောပတ်၊ သစ်သီးစုံယို၊ ဘိန်းမုန့်၊ ပေါင်မုန့်၊ ဘီစကွတ်၊ အသား ညှပ်ပေါင်မုန့်များကို အမြောက်အမြား တည်ခင်းထားပြီး ကြိုက်သလို ယူစား ရသည်။ ဗြိတိသျှ ကျောင်းသားများနှင့် စာရေးသူတို့အတွက် လက်ဖက်ရည် တစ်အိုး သီးခြားလာသည်။ စားရင်းသောက်ရင်း အိမ်ထိန်း (House Keeper) အမျိုးသမီးကြီးက စံအိမ်နောက်ကြောင်းရာဇဝင်၊ လှုဒါန်းသူ၏အကြောင်း၊ အိမ်၏အနေအထား၊ ရေချိုးခန်း၊ စာကြည့်ခန်း၊ ဧည့်ခန်းအသုံးချပုံ စားသောက် ချိန်များ အိမ်စေနှင့် အလုပ်သမားအကြောင်း သိကောင်းစရာများ၊ ယခင်က မည်သို့သော ပုဂ္ဂိုလ်ကြီးတို့ တည်းခိုသွားကြောင်းကို ရှင်းလင်းပြောပြပါသည်။ ဘေးကရပ်နေသော စကားပြန်နှစ်ဦးက အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကား များနှင့် ပြန်ပြောကြ၏။

ညနေ သုံးနာရီကျော် ရာသီဥတုသာယာသဖြင့် အနားပတ်ဝန်းကျင် တွင် လျှောက်ကြည့်ရန် အနောက်ဂျာမနီကျောင်းသား ဝုဂန်း (Wolfgang)

နှင့်အတူ စာရေးသူသည် အပြင်ထွက်လာပါသည်။ ပေါ်တိကိုအောက်တွင် ရပ်နေသော ပြင်သစ်ကျောင်းသား အန်ဒရေ (Andrea) နှင့် ဝေလကျောင်းသား အိုဝင် (Owen) တို့ကလည်း သူတို့လည်း လိုက်ဦးမည်ဆိုပြီး လိုက်လာရာ၊ တစ်လမ်းလုံး မြန်မာပြည်အကြောင်း ဝိုင်းမေးကြသဖြင့် ပြောပြရသည်။

ဂျနီဗာရှခင်းသည် အလွန်သာယာအေးချမ်းလှဘိသည်။ ပန်းနုံ၊ မြက်နုံ၊ ရေနုံ့များ သင်းနေပြီး၊ ထင်းရှူး၊ မိုးမခ၊ သစ်ချ သစ်အယ်ပင်ကြီးများက စိမ်းစိုလန်းဆန်းနေသည်။ နိုင်ငံပေါင်းချုပ်အသင်းကြီး တစ်ချိန်ကရုံးစိုက်ခဲ့သော အဆောက်အအုံကြီးများကလည်း တင့်တယ်ခန့်ညားပြီး နေခြည်နုနုအောက်တွင် ပုလဲရောင်ထနေသဖြင့် အပြစ်ကင်းစင်သည့်သဘောဆောင်နေပါသည်။ နှင်းဆီကျူးလစ်ခေါ် ခတ္တာပန်းရောင်စုံတို့ကို အကွက်မျိုးစုံဖော်၍ စိုက်ထားရာ အဝေးမှကြည့်လျှင် ရိပ်ပန်း၊ ဖော်ပန်း၊ ကြွပန်းရောင်စုံ ထိုးထားသော မြကတ္တိပါ ကော်ဇောကြီးနှင့် တူလှသည်။

အဆောက်အအုံများအတွင်းသို့ ဝင်ကြည့်မည်ဟု ရည်ရွယ်ပြီး စာရေးသူတို့တစ်သိုက်သည် ဂိတ်ပေါက်ဝကြီးအတွင်းသို့ လျှောက်အလာ ကင်မရာလွယ်ပြီး တစ်ကိုယ်တည်း ယောင်လည်လည် ဖြစ်နေသော မျက်မှန်နှင့်အဖြူမတစ်ယောက်ကို တိုးမိကြသည်။ ပြင်သစ်ကျောင်းသားအန်ဒရေသည် ဝမ်းသာအံ့သြစွာနှင့် သူမကို အော်ကျယ်ဟစ်ကျယ် လှမ်းနှုတ်ဆက်ရာ၊ အမျိုးသမီးသည် ပြေးလာပြီး သူတို့ယဉ်ကျေးမှု ထုံးစံအရ ဖက်လဲတကင်း နမ်းရှုံ့ကြသည်။ သည်နောက် စာရေးသူတို့ကို အန်ဒရေက အမျိုးသမီးနှင့် တစ်ဦးစီမိတ်ဆက်ပေးပါသည်။

အမျိုးသမီးကား ပြင်သစ်စကား ရေလည်စွာ ပြောတတ်သော်လည်း ပြင်သစ်သူကားမဟုတ်ပါ။ ဘူလ်ဂေးရီးယားသူ ဖြစ်ပါသည်။ စစ်အေးတိုက်ပွဲကြောင့် သူမနိုင်ငံကို စွန့်ခဲ့ပြီး ပြင်သစ်တွင် အလုပ်လုပ်ရင်း ကျောင်းနေသူ ဖြစ်သည်။ သူမအမည်ကို ပြောသော်လည်း အခေါ်ရခက်၊ အမှတ်ရမလွယ်၍ မေ့နေပါပြီ။

သူမက မြန်မာပြည်အကြောင်း ဆောင်းပါးများ၊ သတင်းများဖတ်ဖူး၍ စိတ်ဝင်စားကြောင်း၊ ယခုမှ မြန်မာနှင့်တွေ့ရ၍ ဝမ်းသာကြောင်း၊ သူမ

လည်း ဂျနီဗာဆင်မီနာလာတက်ကြောင်း ပြောပြပါသည်။ သို့နှင့် စာရေးသူတို့ ကျောင်းသားလေးဦးအဖွဲ့တွင် သူမလည်းပါဝင်လာပါသည်။ အင်္ဂလိပ်စကားလည်း မတောက်တစ်ခေါက် ပြောတတ်ရာ၊ ပြင်သစ်စကားနှင့် ရောထွေးပြောသဖြင့် တစ်မျိုးနားထောင်ကောင်းသည်။

သူငယ်ချင်း ငါးဦး အမှတ်တရ ဓာတ်ပုံရိုက်လိုသည်ဆိုပြီး ဂိတ်စောင့်ကြီးကို ကင်မရာပေး ဓာတ်ပုံရိုက်ခိုင်းပါသည်။ ထွေရာလေးပါးပြောရင်းက နောက်တစ်နေ့ ဆင်မီနာဖွင့်မည့်အကြောင်းကို ဂျာမန်ကျောင်းသားက စပြောရာ ပြင်သစ်ကျောင်းသားက...

"အင်း... ဆင်မီနာ တင်ပြဆွေးနွေးမယ့် အကြောင်းတွေကတော့ အတော်များတယ်။ ဆွေးနွေးကြတဲ့အခါမှာ အုပ်စုစိတ်ဓာတ်မပါဘဲ ဆွေးနွေးဖို့လိုတယ်။ **(cold war)** စစ်အေးဆင်နွှဲသလို ဆွေးနွေးကြရင်တော့ အဖြေမှန်ရမှာ မဟုတ်ဘူး"

❐

ကိုယ်တွေ့ အပြည်ပြည်ကျောင်းသားစင်မြင့်

နောက်တစ်နေ့တွင် အပြည်ပြည်ဆိုင်ရာ ကျောင်းသားများ ဆင်မိနာဖွင့်ပွဲအခမ်းအနားကြီးကို နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ရုံးတော်အဆောက်အအုံကြီးအတွင်းရှိ ခန်းမကြီးနံပါတ် (၉)တွင် ကျင်းပပါသည်။ ကိုယ်စားလှယ်တော် ကျောင်းသားများအတွက် ထိုင်ခုံများကို သူတို့နိုင်ငံများ၏ အမည်အက္ခရာစဉ်အလိုက် စဉ်ထားသည်။ စင်မြင့်ပေါ်တွင် နာယကထိုင်ရန် ကုလားထိုင်၊ အခမ်းအနားမှူးထိုင်ရန် ကုလားထိုင်၊ မှတ်တမ်းတင်သူနှစ်ဦးထိုင်ရန် ကုလားထိုင်နှစ်လုံးနှင့် ဘေးတွင် စကားပြောစင်ရှိသည်။ ကျောဘက်နံရံတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့၏ အလံများကို လှပစွာ စိုက်ထူထားသည်။ စားပွဲနှင့် စင်မြင့်တစ်ဝိုက်တွင် ပန်းအိုးများနှင့် ဆင်ယင်ထားရာ စက္ခုပသာဒဖြစ်လှသည်။

မိုက်ခွက်များမှာလည်း ပတ်ပတ်လည် တပ်ဆင်ထားရာ စုံလှသည်။

စင်မြင့်ကို သုံးဖက်သုံးတန် လခြမ်းသဏ္ဌာန် ဝိုင်းရံထားသည်ကတော့ ကိုယ်စားလှယ်တော်ကျောင်းသားတို့၏ ထိုင်ခုံများဖြစ်ပါသည်။ အခန်းကြီး၏ ဝဲဘက် နံရံပေါ်တွင် နံရံပြည့်ရေးခြယ်ထားသော နံရံပန်းချီ (Mural Painting) ရှိရာ လူသားတို့ ငြိမ်းချမ်းရေးတမ်းတမှုကို သရုပ်ဖော်ထားသည်။ ယာဘက်တွင် 'အင်တာပရက်တာ' (Interpreter) ခေါ် စကားပြန် ခြောက်ဦးတို့၏ ကက်ဘိနက် အခန်းငယ်ခြောက်ခန်းရှိသည်။ မှန်ကာခန်းများဖြစ်ပြီး၊ အသံဖမ်းကိရိယာများ တပ်ဆင်ထားသည်။ လှမ်းကြည့်လိုက်ရာ လေးခန်းတွင်း၌ အမျိုးသမီးအရွယ်ကောင်း လေးဦးနှင့် ကျန်နှစ်ခန်းတွင် အမျိုးသားနှစ်ဦးကို တွေ့ရသည်။

ကုလသမဂ္ဂတွင် (၁) လက်တင် စကားစု၊ (၂) ပြင်သစ်စကားစု၊ (၃) အင်္ဂလိပ်စကားစု၊ (၄) ဂျာမန်စကားစု၊ (၅) ဆလပ်စကားစု၊ (၆) တရုတ်စကားစုဟူ၍ အဓိက စကားစုကြီး ခြောက်ခုကို အသိအမှတ်ပြုထားသဖြင့် ယင်းဘာသာစကားကြီးတို့ကို ကုလရုံးသုံး ပြုထားသည်။ ထို့ကြောင့် စကားပြန် ခြောက်ဦးထားသည်။ ဆွေးနွေးဟောပြောသူက ယင်းစကားစု ခြောက်ခုအနက် မည်သည့်စကားနှင့် ပြောသည်ဖြစ်စေ စကားပြန်တို့က ကျန်ဘာသာစကားများနှင့် ပြန်ပြောပေးသည်။

ဆင်မိနာခန်းတွင် ကုလားထိုင်တိုင်း၌ နားကျပ်တစ်ခုစီရှိပြီး ၁ မှ ၆ အထိ ဂဏန်းထိုးထားသော ခလုတ်ခြောက်ခုလည်း တပ်ဆင်ထားသည်။ ဂဏန်းများအောက်တွင် လက်တင်၊ ပြင်သစ်၊ အင်္ဂလိပ် စသည်တို့ဖြင့် ရေးထားရာ မိမိနားလည်သော ဘာသာစကား၏ ဂဏန်းခလုတ်ကို နှိပ်ပြီး နားကျပ်ကို တပ်ဆင်လိုက်လျှင် စကားပြန်၏ ဘာသာပြန်ပြောသံကို ကြားရသည်။ (W. F. U. N. A) အသင်းချုပ်ကြီး၏ ဥက္ကဋ္ဌက ဆင်မိနာအဖွင့် မိန့်ခွန်းကို ပြင်သစ်စကားနှင့်ပြောသည်။ စာရေးသူသည် ဂဏန်း ၃ အင်္ဂလိပ် ခလုတ်ကို နှိပ်ပြီး နားကျပ်နှင့် နားထောင်လိုက်ရာ ဥက္ကဋ္ဌကြီး၏ မိန့်ခွန်းကို တစ်ပြိုင်တည်း အင်္ဂလိပ်လို ပြန်ပြောနေသော ဘာသာပြန်အမျိုးသမီး၏ အသံကို ကြားရ၏။

ဘာသာပြန်သူတို့သည် အလွန်ကျွမ်းကျင်ကြသည်။ ဟောပြောချက်ကို အချိန်မီပိုင်နိုင်စွာ ဘာသာပြန်ပေးနိုင်ရုံမက ဟောပြောသူ၏လေသံ၊ ဟန်ပန်၊ ဒေါမာန်လက်ဟန်၊ ခြေဟန်လက်ဟန်ကိုပါ အတုယူပြန်နိုင်ကြသည်။

၁၉၅၇ ခုနှစ်က ဆိုဗီယက်ခေါင်းဆောင်ကြီး ခရူးရှော့သည် ကုလသမဂ္ဂဌာနချုပ်သို့ အလည်ရောက်စဉ်က ကုလသမဂ္ဂညီလာခံခန်းမကြီးအတွင်း၌ ရုရှား ဘာသာပြန်စကားဖြင့်ပြောစဉ် ဒေါပါပါနှင့် ဖိနပ်ချွတ်၍ စကားပြောစင်ကို ရိုက်နှက်ပြောလိုက်ရာ စကားပြန်ငါးဦးတို့ကလည်း အလားတူ ဒေါပါပါ ပြန်ပြောရုံမက ဖိနပ်ချွတ်ပြီး သူတို့၏စားပွဲကို ထုနှက်ပြလိုက်သည်ဟုဆို၏။

တစ်ခါကလည်း ဖွဲ့ဖြိုးစနိုင်ငံတစ်ခု၏ ကိုယ်စားလှယ်ကြီးတစ်ဦးသည် စကားပြောရင်း သောက်ရေဖန်ချိုင့်ကို လက်နှင့်တိုက်ချလိုက်မိရာ၊ စကားပြန်

ကလည်း သူ့အနားရှိ ဖန်ခွက်ကို တိုက်ချခွဲပြလိုက်သည်ဟု ဆိုပါ၏။

ကုလသမဂ္ဂနှင့်အလားတူ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၌ စကားပြန်လုပ်သူတို့မှာ အများအားဖြင့် အမျိုးသမီးများက ပို၍ ကျွမ်းကျင်ကြသည်။ လခကောင်းပြီး အားလပ်ရက်များတွင် အထူးအခွင့်အရေးများ ရသည်။ သူတို့သည် ဖျတ်လတ်သွက်လက်ကြပြီး၊ နှစ်လိုဖွယ်ကောင်းသော ဥပဓိရုပ် ရှိကြသည်။ ဘာသာဗေဒကျွမ်းကျင်ကြသည်။ နိုင်ငံတကာဆက်သွယ်ရေး (International Relations)၊ လူမှုဆက်ဆံရေး (Public Relations) နှင့် သံတမန်ရေး (Diplomacy) ကို ကောင်းစွာဆောင်ရွက်နိုင်ကြသူများ ဖြစ်ကြသည်။ အလုပ်ခွင် အသံလုံသော အခန်းတွင်း၌ တစ်ဆက်တည်း ၂ နာရီထက်ပို၍ မလုပ်ကြရပါ။ ၂ နာရီတစ်ခါ လူလဲလုပ်ကြရသည်။ ၂ နာရီ ထက်ပိုလျှင် ဦးဇွေ့ညောင်းညာလာသဖြင့် ကျွမ်းကျင်ဖျတ်လတ်မှုကို ထိခိုက်မည်စိုးရသည်။

ဥက္ကဋ္ဌ၏ အဖွင့်မိန့်ခွန်းတွင် (W. F. U. N. A) အဖွဲ့ချုပ်ကြီး၏ သမိုင်းကြောင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြပါသည်။ အပြည်ပြည်ဆိုင်ရာ ကျောင်းသားများ ဆင်မိနာကျင်းပရသော ရည်ရွယ်ချက်များကိုလည်း ဖော်ပြပြီး၊ ဆင်မိနာကြီး အောင်မြင်ထမြောက်၍ ဆွေးနွေးချက်များမှာ နိုင်ငံတကာပြဿနာများအတွက် အဖြေထွက်လာမည်ဟု ဆန္ဒပြုကြောင်း စသည်ဖြင့် ပြောသွားသည်။

စာရေးသူသည် ဥက္ကဋ္ဌ၏ စကားပြောဟန်နှင့် စကားလုံးသုံးပုံ၊ ဝတ်စားဆင်ယင်မှုတို့ကို ကြည့်ပြီး သဘောကျနေမိသည်။ နိုင်ငံတကာ ဆက်သွယ်ရေး၌ အတွေ့အကြုံများပြီး၊ အကင်းပါး၊ အပါးဝနေသော ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း၊ အကဲခတ်မိရာ၊ ငါလည်း သူ့လိုဖြစ်လျှင် ကောင်းလေစွဟု အားကျနေမိသည်။ သူ့မိန့်ခွန်းပြီးသည့်နောက် ၁၅ မိနစ် ရပ်နား၍ လက်ဖက်ရည်၊ ကော်ဖီ တိုက်ပါသည်။

ရပ်နားချိန်တွင် ခန်းမကြီးနှင့် ကပ်လျက်ရှိသော လော်ဘီ (Lobby) ခေါ် အခန်းတွင် မတ်တပ်ရပ်ကာ လက်ဖက်ရည်၊ ကော်ဖီသောက်ရင်း ကိုယ်စားလှယ်များအချင်းချင်း စကားစမြည်ပြောကြ၊ အမြင်ချင်း ဖလှယ်ကြ၏။ မြန်မာကျောင်းသားဆို၍ စာရေးသူတစ်ဦးသာရှိသည်။ နိုင်ငံတကာ

ကျောင်းသားတို့နှင့် မိတ်ဆက် စကားပြောရသည်မှာလည်း လက်မလည်နိုင်အောင် ရှိသည်။ အီတလီ၊ နိုက်ဂျီးရီးယားနှင့် တောင်အာဖရိကကျောင်းသားတို့က မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာအမျိုးသမီးတို့၏ လွတ်လပ်မှုအကြောင်းကို အထူးစိတ်ဝင်စားစွာမေးကြ၏။ တစ်နေ့လုံး သူတို့နှင့် တွဲမိနေသည်။

ရပ်နားချိန်စေ့၍ ဆင်မိနာပြန်စသောအခါ၊ အိန္ဒိယကျောင်းသားများအဖွဲ့မှခေါင်းဆောင် စီ၊ အင်၊ လားလ်က "လွတ်လပ်ရေးရပြီးခေတ် အိန္ဒိယလူမှုရေး၊ စီးပွားရေးအခြေအနေ" ကို ဟောပြောပါသည်။ အိန္ဒိယလူမျိုးလည်းဖြစ်၊ ခေတ်ပညာလည်းတတ်၊ အမျိုးသားရေးစိတ်ကလည်း ပြင်းပြ၊ ကျောင်းသားလူငယ်လည်းဖြစ်၍ လားလ်သည် အင်္ဂလိပ်စကားနှင့် ကရားရေလွှတ် ပြောဟောပါသည်။

အာဝဇ္ဇန်းရွှင်ရွှင် ဟာသနှောနှော၊ ပြောင်မြောက်သော အင်္ဂလိပ်စကားလုံးများနှင့် လေရှည်ပါလေတော့သည်။ ၂ နာရီနီးပါး ကြာသော်လည်း နားထောင်ရသူတို့ မငြီးငွေ့ပါ။ ဗြိတိသျှကိုလိုနီနယ်ချဲ့ဝါဒနှင့် ကိုလိုနီအုပ်ချုပ်ရေးကို ခပ်ငေါ့ငေါ့ကလေး ဝေဖန်ပြသည်။ အိန္ဒိယလူပ်ရှားမှုအကြောင်းကို ခပ်များများလေး ကြွားပြသည်။ ကြားနေဝါဒ (Neutralism) မှန်ကြောင်းလည်း ဝါဒဖြန့်လိုက်သေးသည်။ ဘာသာပြန်အမျိုးသမီးတို့သည် သူ့ပြက်လုံးကလေးများကြောင့် သွားပေါ်သည်အထိ ပြုံးမိကြသည်။ သူဟောပြောပြီး တစ်ခန်းလုံးညံအောင် သြဘာပေးသံများ ထွက်လာသည်။ မေးခွန်း မေးလိုက်ကြသည်မှာလည်း ပလူပျံသလိုပင်။

❐

သီပေါမင်းနှင့် မဂိုကေရာဇ်တို့ကို သဂြိုဟ်ပုံပြောရာမှ ပေါ်လာသော

အပြည်ပြည်ကျောင်းသားလက်ခုပ်သြဘာသံ

သူပြောရာတွင် အိန္ဒိယအမျိုးသားရေး လှုပ်ရှားမှုအပိုင်း၌ မြန်မာတို့ ကိုပင် အိန္ဒိယလက်တွဲခေါ်သယောင်ယောင် ပြောသွားရာ စာရေးသူက ဤ အချက်ကိုတော့ ရှင်းလိုက်မှ ဖြစ်မည်ဟု ယူဆရင်း သဘာပတိထံသို့ ဆွေးနွေးခွင့်တောင်းရာ ခွင့်ပြုသဖြင့် စာရေးသူက...

"လေးစားအပ်သော သဘာပတိကြီးခင်ဗျား၊ ဆွေးနွေးခွင့် ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ လေးစားအပ်သော ရဲဘော်ကျောင်းသားများ ခင်ဗျား၊ ခုနကရဲဘော် မစ္စတာလားလ်ရဲ့ ဟောပြောချက်မှာ အလွန်အဖိုးတန်တဲ့ သိကောင်းစရာတွေ ပါတယ်ဆိုတာ ဘယ်လိုမှ ငြင်းပယ်မယ် မထင်ပါဘူး။ ဒါပေမယ့် မြန်မာနဲ့ပတ်သက်လို့ သူပြောသွားတဲ့ အချက်တစ်ချက်ကိုတော့ သမိုင်းအဖြစ်မှန် ရှုထောင့်ကနေပြီး ကျွန်တော်ဆွေးနွေးလိုပါတယ်။ ကျွန်တော်ဟာ တစ်ဦးတည်းသော မြန်မာကျောင်းသားကိုယ်စားလှယ် ခင်မောင်ညွှန့် ဖြစ်ပါတယ်။

"ကျွန်တော်ဟာ သမိုင်းဘာသာ မဟာဝိဇ္ဇာဘွဲ့ယူခဲ့ပြီး ယခုလန်ဒန် တက္ကသိုလ်စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံကောလိပ် (London School of Economics and Political Science) မှာ နိုင်ငံတကာဆက်သွယ်ရေး ဘာသာ (International Relations) မှာ ဘွဲ့လွန်သုတေသနပြုနေသူ ဖြစ်ပါတယ်။ မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုမှာ အိန္ဒိယ မြန်မာကို လက်တွဲ ခေါ်ခဲ့ရတယ်လို့ ရဲဘော်ကြီး မစ္စတာလားလ်က ပြောသွားတယ်လို့ ကျွန်တော် နားလည်လိုက်ပါတယ်။

"စင်စစ် ဒီလိုမဟုတ်ပါဘူးခင်ဗျား၊ ဗြိတိသျှနယ်ချဲ့တွေဟာ ၁၈၈၅ ခုနှစ်မှာ မြန်မာတစ်ပြည်လုံး သိမ်းပိုက်ပြီးတဲ့နောက်၊ စရိတ်သက်သာပြီး အုပ်ချုပ်ရေးလွယ်ကူအောင်လို့ မြန်မာတစ်ပြည်လုံးကို အိန္ဒိယပြည်နယ်တစ်ခု အဖြစ် အိန္ဒိယလက်အောက်မှာ တွဲထားလိုက်ပါတယ်။ ပထမနဲ့ ဒုတိယ အင်္ဂလိပ်မြန်မာစစ်ဖြစ်ပြီးကတည်းက ရခိုင်ပြည်နယ်ကို ဘင်္ဂလားပြည်နယ်နဲ့ ပေါင်းပြီး တနင်္သာရီတိုင်းကိုလည်း မလေးပြည်နဲ့ အုပ်ချုပ်ခဲ့ကြပါတယ်။ ဒါဟာ ဗြိတိသျှတွေရဲ့ (Divide and rule) သွေးခွဲအုပ်ချုပ်တဲ့ ဝါဒပေါ့။

"ကိုလိုနီကျွန်ဘဝရောက်ရတဲ့ အရှေ့တိုင်းသားတွေ ဇာတိမာန် ကြွမလာအောင်သုံးတဲ့ ပရိယာယ်တစ်မျိုးပါပဲ။ သေးနုပ်တဲ့သာဓကတစ်ခု တင်ပြရရင် မြန်မာဘုရင်သီပေါမင်းကို အိန္ဒိယရတနာဂီရိပို့တယ်။ သေဆုံးတော့ အိန္ဒိယမှာပဲ မြှုပ်နှံသင်္ဂြိဟ်စေတယ်။ အိန္ဒိယ မဂိဇကရာဇ်မင်းကိုတော့ မြန်မာပြည်ပို့ပြီးသေတော့ ရန်ကုန်မှာ သင်္ဂြိဟ်စေတယ်။ တမလွန်ဘဝ ရောက်သွားရှာတဲ့ ဘုရင်တွေဟာ တစ္ဆေလာချောက်မယ်လို့များ ဗြိတိသျှတို့ကစိုးရိမ်လို့လား မဆိုနိုင်ပါဘူး။ သူတို့ဇာတိနိုင်ငံမှာ သင်္ဂြိဟ်ခွင့် မပြုရဲဘူး"

ပရိသတ် ဝါးခနဲရယ်လိုက်ကြပြီး အချို့က လက်ခုပ်တီးကာ "ဟီးရား" "ဟီးရား" ဟု အော်ကြပါသည်။ စကားပြန်မလေးများပင် ပြုံးသွားသည်ကို လှမ်းမြင်လိုက်မိပါသည်။

"အဲဒီလိုနဲ့ အိန္ဒိယအောက် မြန်မာရောက်သွားခဲ့တာ မြန်မာတစ်မျိုးသားလုံးရဲ့ ဥပမိအသွင်အပြင် ပျောက်ပြီးလာခဲ့တယ်။ ကမ္ဘာက မြန်မာဆိုတာ ရှိမှန်းမသိတော့ဘူးခင်ဗျာ။ မြန်မာတွေကတော့တို့ဟာ သီးခြားလူမျိုးတစ်မျိုးပါ။ ထီးနဲ့ နန်းနဲ့ ကိုယ့်မင်းကိုယ့်ချင်း ရာဇဝင်နဲ့ ရှိခဲ့ပါတယ်ဆိုတာ အခွင့်ရတိုင်းနည်းမျိုးစုံနဲ့ ထုတ်ဖော်တင်ပြနေခဲ့ကြပါတယ်"

"ဒီနေရာမှာ စကားစပ်မိလို့ ကိုလိုနီခေတ်အစောပိုင်းက ဘိလပ်ရောက် မြန်မာကျောင်းသားကြီးတစ်ဦးရဲ့ အတွေ့အကြုံကိုပြောပြပါရစေ။ သူကတော့ ပါဠိဆရာကြီး ဦးဖေမောင်တင်တဲ့။ ၁၉၁၉ ခုနှစ်လောက်မှာ အောက်စဖို့ တက္ကသိုလ်မှာ ပညာတော်သင်အဖြစ် သူရောက်နေတယ်။ တစ်နေ့တော့ သူ့ပါမောက္ခက အိန္ဒိယကျောင်းသားများကို သူ့အိမ် လက်ဖက်ရည်သောက်လာဖို့ ဖိတ်သတဲ့။ သူက မြန်မာကျောင်းသားမို့ သူ့မဖိတ်လို့ မသွားဘူးပေါ့"

"နောက်တစ်နေ့တော့ ပါမောက္ခ 'မစ္စတာ ဖေမောင်တင်၊ မင်း ငါ့လက်ဖက်ရည်ပွဲကို ဘာကြောင့်မလာသလဲ' လို့ မေးသတဲ့။ 'ကျွန်တော့်ကို မဖိတ်ပါ'လို့ဖြေတော့ 'အိန္ဒိယကျောင်းသားအားလုံးကို ဖိတ်တာပဲ'လို့ ပြောသတဲ့။ ဒီတော့ 'ကျွန်တော်ဟာ အိန္ဒိယကျောင်းသားမဟုတ်ပါဘူး၊ မြန်မာကျောင်းသားပါ'လို့ ဦးဖေမောင် တင်က ပြန်ပြောပါသတဲ့၊ ပါမောက္ခကြီးက 'မြန်မာဆိုတာ မကြားဖူးပါဘူး၊ မင်းတို့တိုင်းပြည်က ဘယ်မှာလဲ'လို့ မေးပြန်တော့စက္ကူပေါ်မှာ မြန်မာပြည် မြေပုံကြမ်းကို ဆွဲပြလိုက်ရသတဲ့။ အောက်စဖို့တက္ကသိုလ်က ပါမောက္ခကြီးကို မြန်မာကျောင်းသားက ပထဝီဘာသာ သင်ပေးလိုက်ရတဲ့ အဖြစ်အပျက် ပေါ့ဗျာ"

ပရိသတ်သည် 'ဝါး' ခနဲ တစ်ချီပွဲကျသွားပြန်သည်။ ရှေ့တန်းတွင် ထိုင်နေသော အထူးဧည့်သည်တော်ကြီးများထဲတွင် သက်ကြီးရွယ်အို ပါမောက္ခကြီးများလည်း ပါဟန်တူသည်။ စကားပြန်တို့၏ ဘာသာပြန်ချက်ကို နားကျပ်မှ ကြားလိုက်ရတော့မှ သူတို့သည် တဟဲဟဲနှင့် ရယ်ကြပြန်သည်။

"အဲဒီလို ကမ္ဘာစာရင်းက မြန်မာပျောက်နေတာကြောင့် ၁၉၃၀ တစ်ဝိုက်လောက်မှာ မြန်မာတို့က မြန်မာပြည်ကို အိန္ဒိယလက်အောက်က ခွဲထုတ်ပြီး သီးခြားအုပ်ချုပ်ရေးပေးဖို့ အပြင်းအထန် တောင်းဆိုလာပါတယ်။ မြန်မာ့သမိုင်းမှာတော့ တွဲရေးခွဲရေးပြဿနာလို့ ခေါ်ပါတယ်။ မြန်မာအမျိုးသား ခေါင်းဆောင်ကြီးတွေဟာ အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီးတွေနဲ့ ချစ်ကြည်ကြပါတယ်၊ ဆက်သွယ်ကြပါတယ်၊ မိတ်ဆွေရင်းတွေပါ။ ဂန္ဒီတို့ နေရူး တို့ဆိုရင် မြန်မာတွေက လေးစားကြတယ်။ သမိုင်းတစ်လျှောက်မှာလည်း အိန္ဒိယနဲ့ မြန်မာဟာ ဘာသာရေး၊ ယဉ်ကျေးမှု ဆက်သွယ်ရေးများပြုခဲ့ကြရာမှာတော့ တစ်သီးတခြား ကိုယ်နည်းကိုယ်ဟန်နဲ့သာ ဆောင်ရွက်ခဲ့ကြပါတယ်။ ရေမြေသဘာဝ၊ သမိုင်းလွတ်မြောက်ရေး လှုပ်ရှားမှုမှာ အချင်းချင်း စိတ်ဓာတ်အားဖြင့် ထောက်ခံခဲ့ကြပါတယ်။ ဒါကြောင့် တွဲရေးခွဲရေးပြဿနာဟာ ဘိလပ်မှာ မျက်နှာစုံညီအစည်းအဝေးခေါ်ရသည့်အထိ ကြီးကျယ်သွားပါတယ်။ ဗြိတိသျှတို့ကလည်း မြန်မာပြည်ဟာ တစ်သီးတခြား တစ်ဘာသာဖြစ်မှန်းသိတော့ ၁၉၃၅ ခုနှစ်မှာ အက်ဥပဒေပြဋ္ဌာန်းပြီး မြန်မာပြည်ကို အိန္ဒိယမှ ခွဲထုတ်ပေးလိုက်ရပါတယ်။ ကျွန်တော့် စကားရှည်သွားတာ သည်းခံနားထောင်လို့ ကျေးဇူးတင်ပါတယ်"

စာရေးသူပြော၍အပြီးတွင် လားလ်က 'လေးစားအပ်သော သဘာပတိ ကြီး ခင်ဗျား၊ ယခုရဲဘော်ကြီး ပြောသွားတာ ဟုတ်ပါလိမ့်မယ်။ သူက သမိုင်းဘာသာကို အထူးလေ့လာသူဆိုတော့ အဖြစ်မှန်ကို သိမှာပေါ့။ ဒီလို ရှင်းပြတဲ့အတွက် ကျွန်တော်ကျေးဇူးတင်ပါတယ်' ဟု ပြန်ပြောကာ စာရေးသူ ဘက်သို့ လှည့်၍ ပြုံးပြပါသည်။ ဆွေးနွေးပွဲပြီးသောအခါ စာရေးသူထံလာ၍ လက်ဆွဲနှုတ်ဆက်ပါသည်။ နေ့ခင်းပိုင်းတွင် ယူနက်စကိုအဖွဲ့မှ ပုဂ္ဂိုလ်နှစ်ဦး က ပညာရေး၊ ယဉ်ကျေးမှုနှင့်ဆိုင်သော ကုလသမဂ္ဂ၏ သဘောထားနှင့် ဆောင်ရွက်ချက်များကို ဟောပြောရှင်းပြပါသည်။

ထိုညနေပိုင်းတွင် မြို့တွင်းသို့ လျှောက်လည်လိုပါက ညနေစာကို စောစောစီးစီး စား၍ထွက်နိုင်ရန် စီစဉ်ထားသဖြင့် စာရေးသူသည် ညနေစာ စားပြီး ကင်မရာယူကာ တစ်ယောက်တည်း ခြေဦးတည့်ရာ ထွက်လာပါသည်။ ကား မှတ်တိုင်ရောက်လာရာ ဘတ်စ်ကားအဆင်သင့် ဆိုက်လာသောကြောင့် တံခါးဖွင့် တက်စီးလာပါသည်။

သူတို့ဆီက ဘတ်စ်ကားများမှာ နောက်ပိုင်းမှဝင်ပြီး ရှေ့ပိုင်းမှ ဆင်း ရသည်။ နှစ်ပေါက်စလုံးတွင် မှန်ခေါက်တံခါးများ တပ်ဆင်ပြီး ခရီးသည်က ဆွဲဖွင့် ဆွဲပိတ်ပေးရပါသည်။ ကားနောက်ပိုင်းအတက် အဝတွင် အော်တိုစက် ဖြင့် လက်မှတ်ရောင်းသည်။ ဘယ်ခရီးသွားသွား ကားခပုံသေနှုန်းသာ ပေးရ သည်။ ထိုအချိန်က မြန်မာငွေ ၂၅ ပြားသာ ကျသည်။ စက်ပေါက်ထဲသို့ ပိုက်ဆံထည့်လိုက်သည်နှင့် လက်မှတ်ကျလာရာ ဆွဲယူရသည်။ ပြန်အမ်းငွေ ကိုလည်း စက်ကပင်တိကျစွာ ပြန်အမ်းသည်။

ကားဆိပ်တိုင်းတွင် ရပ်ပေးသဖြင့် အရေးပေါ်ကိစ္စအတွက်သာ ရပ်ရန် ခလုတ်နှိပ်ဖို့လိုသည်။ ရှေ့အပေါက်ဝတွင် ကားမှအဆင်း လက်မှတ်ကို ဆုတ်ပြီး ထည့်ခဲ့ရန် ပုံးထားသည်။ ကားမောင်းသူမှာ အသက် (၃၀) ခန့် အမျိုးသမီးဖြစ်သည်။ ကားမောင်းအလွန် ကျွမ်းကျင်သည်။ ကားကို ရိုသေ စွာ မောင်းသည်။ စီးချင်သလောက်စီး၊ ပုံသေနှုန်းကားခသာ ပေးရသဖြင့် မြို့တစ်ပတ် တဝကြီး လိုက်စီးမည်ဟု စိတ်ကူးပေါက်ကာ ကားခေါ်ရာသို့ ဝယ်ငေးကြည့်ရင်း လိုက်ပါသွားသည်။ မြို့ရွာခင်းများကို ကားပေါ်မှ စီးမြင် ရသည်မှာ ပီတိတစ်မျိုးပင်။

❐

မစ္စတာမြန်မာနှင့် အရောင်းစာရေးမိန်းမချောလေး

ကားသည် စည်ကားလှသော ဈေးတန်းကို ကျော်ပြီး ယာဘက်သို့ ကွေ့လိုက်သောအခါ လတ်ဆတ်သော လေညှင်းကလေး ဆွတ်ပျံ့လာသည်ကို ထိတွေ့လိုက်ရသဖြင့် လှမ်းကြည့်လိုက်ရာ နီလာရောင်ထိန်နေသော ရေပြင်ကျယ်ကြီးတစ်ခုကို တွေ့လိုက်ရပါသည်။ ထိုရေပြင်ကျယ်ကြီးကား ဂျနီဗာမြို့၏ ကျက်သရေဆောင် 'လာမ' ရေအိုင်ကြီးဖြစ်သည်။ အိုင်ဝန်းကျင်တွင် လှပခမ်းနားသော အပန်းဖြေစခန်းများ၊ ဟိုတယ်ကြီးများ၊ ရေကူးဆိပ်၊ လှေဆိပ်၊ ရေလျှောစီးဆိပ်များ စုံလှသည်။

ကောင်းကင်သည် တိမ်စင်ပြီး အပြာနုရောင်ထနေသဖြင့် အိုင်ရေသည်လည်း နီလာရောင်တောက်နေခြင်းဖြစ်သည်။ နေခြည်ရောင် ပျော့ပျော့အောက်တွင် ဩကာသလောကကြီးတစ်ခုလုံး တောက်ပနေသည်။ အိုင်၏ အလယ်ကျကျတွင် ဆွတ်ဆွတ်ဖွေးနေသော ရေပန်းပွားကြီးတစ်ခုသည် ထက်အာကာဆီသို့ ပန်းထွက်နေသည်။ လေသင့်ရာဘက်သို့ ရေပန်းကြီးဦးလှည့်နေရာ၊ တစ်ခါတစ်ရံ ရေမှုန်ရေမွှားကလေးများသည် စာရေးသူတို့ဘက်သို့ ခစားလာတတ်သည်။

ကားပေါ်မှ ဆင်းလိုက်ပြီး အိုင်စပ်လျှောက်ခဲ့ရာ ကွင်္ဘာရုံမြင်ကွင်းများတွင် မိန်းမောနေမိပါသည်။ ရေကူးဝတ်စုံရောင်စုံနှင့် ရေကူးနေသူများ၊ ပက်လက်ကုလားထိုင်တွင် လဲလျောင်းနေသူများ၊ သဲခုံသောင်ပြင်ပေါ်တွင် တုံးလုံးပက်လက် ဒူးထောင်ပေါင်ကား နေစာလှုံနေသူများ၊ ဘောလုံးကစားနေသောကလေးများ၊ ဝါးတားစကီး (Water Ski) ခေါ် ရေပြင်လျှောတိုက်

စီး ကစားခြင်းဖြင့် အပန်းဖြေရင်း ကာယအလှပြနေသူများ၊ ဘဲငန်းဖြူ၊ ဘဲငန်း မည်းများ စုံလှသည်။ ခပ်ဝေးဝေးတွင် ဆွစ်ဇာလန်တောင်တန်းများ အထပ် ထပ်ရံကာနေပြီး တောင်ပေါ်ရွာကလေးများကို ဟိုတစ်ကွက်၊ ဒီတစ်ကွက် တွေ့ရသဖြင့် ရှမ်းပြည်နယ်ကို လွမ်းနေမိတော့သည်။

"ဟဲလို... မစွတာမြန်မာ၊ တစ်ယောက်တည်း ထွက်လာသလား" လှမ်းမေးလိုက်သောအသံကြောင့် လှမ်းကြည့်လိုက်ရာ အရှေ့ဂျာမနီ ကျောင်းသားကို တွေ့ရ၏။ သူတို့က စာရေးသူအမည်ကို မမှတ်မိသောအခါ မစွတာမြန်မာ(မောင်မြန်မာ)ဟု လွယ်လွယ်ခေါ်ခြင်းဖြစ်သည်။ ဆင်မီနာသို့တက်သောမြန်မာကျောင်းသားမှာ စာရေးသူတစ်ဦးသာဖြစ်၍ သူတို့အဖို့ မမှားနိုင်တော့ပါ။

"ဟုတ်တယ်ဗျ၊ ပျင်းပျင်းရိတာနဲ့ ကားတက်စီးရင်း ဒီရောက်လာတာ။ ခင်ဗျားရော တစ်ယောက်တည်းလား"

"ဟုတ်တယ်၊ ရေကူးမလို့ ထွက်လာတာ။ လေတိုက်တော့ ချမ်းတာနဲ့ မကူးတော့ပါဘူး၊ ဓာတ်ပုံလျှောက်ရိုက်နေတယ်"

"ဒါဖြင့် အတော်ပဲ။ ကျုပ်လည်း ဓာတ်ပုံရိုက်ကွင်းတွေ ကြည့်နေတာ။ ကျုပ်လည်း ခင်ဗျားနဲ့အတူ ရောက်ရာပေါက်ရာ လျှောက်တာပေါ့"

သူသည် ဂျနီဗာသို့ ရောက်ဖူးသူဖြစ်ပြီး၊ ဆွစ် စကားလည်း တတ်သဖြင့် သူ့ကို ဆရာတင်ပြီး လမ်းလျှောက်လာကြသည်။ သူက ဆွစ်လူမျိုးတို့ ဝိရိယရှိပုံ၊ စီးပွားရေးလာဘ်မြင်ပုံ၊ ဈေးသည်ပီသပုံတို့ကို သူ့ကိုယ်တွေ့ပြောပြပါသည်။ လမ်းတစ်လမ်းအရောက် နာရီအရောင်းဆိုင်တစ်ဆိုင်သို့ စာရေးသူကို ခေါ်သွားပါသည်။ ဆိုင်တွင်းဝင်မိသည်နှင့် မိန်းမချော အရောင်းစာရေးမလေးတစ်ဦးက ပြုံးချိုသောမျက်နှာနှင့် ဆီး၍ နှုတ်ဆက်ကာ...

"ကျွန်မ... ဘာအကူအညီပေးရမလဲရှင်"

"နာရီတွေ လျှောက်ကြည့်ဖို့ ဝင်လာတာပါ"

"ကြည့်ပါ... ကြည့်ပါ ဝယ်တာမဝယ်တာ အကြောင်းမဟုတ်ပါဘူး။ လက်မှာပတ်ကြည့်ချင် ကြည့်ပါဦးလား၊ ပြင်စရာပါရင်လည်း ပြင်ပေးပါတယ်။ ရောင်းချင်လည်း ဝယ်ပါတယ်။ ငွေလိုက်ပေးပြီး အဟောင်းအသစ် လဲချင်လည်း ရတယ်။ ခဏပေါင်ချင်လည်း ဖြစ်ပါတယ်။ ကျွန်မတို့က ဧည့်သည်တွေကို စိတ်ချမ်းသာရေးအတွက် ကူညီဖို့တာဝန်ရှိပါတယ်"

"ဟယ်... တယ်ဟုတ်ပါလား၊ နာရီအရောင်းဆိုင်ကလည်း အမျိုးမျိုး ရသကိုး"

"ဒီဆိုင်မှာ ဈေးအကြီးဆုံးနာရီက ဈေးအပေါဆုံးနာရီအထိ ရတယ် ဗျ။ ဝယ်သူ မလန်အောင် ရောင်းတဲ့ဆိုင်"

"တယ်ဆိုတဲ့စာသားပါလား၊ ကျုပ်မေးစမ်းကြည့်ချင်လိုက်တာ"

"ကျွန်တော် လက်ပတ်နာရီကလေးတွေ ကြည့်ပါရစေ"

"ဟုတ်ကဲ့ရှင်၊ ဘယ်အမျိုးအစားနဲ့ ဘယ်လောက် တန်ဖိုးထဲကလဲ၊ ကက်တလောက်လည်း ကြည့်ပါဦး"

"အတော်အသင့်ထဲကပေါ့ဗျာ၊ ဈေးကြီး မဝယ်နိုင်ပါဘူး"

"ဒါဖြင့် ရှင်ငွေဘယ်လောက်သုံးမယ်ဆိုတာ သိပါရစေ"

"ဆိုလိုတာကတော့ဗျာ၊ ခင်ဗျားအိတ်ထဲမှာ ပိုက်ဆံဘယ်လောက်ပါ သလဲ၊ ပါသလောက်နဲ့ တန်တဲ့နာရီ ထုတ်ပေးနိုင်တယ်ပေါ့"

"ဒီလိုလားဗျာ၊ ကဲ ကျုပ်အိတ်ထဲမှာ အကြွေဆယ်သျှီလင်ပဲ ပါတယ် ဆိုပါစို့"

"ကောင်းပါပြီရှင်၊ ဟောဒီနာရီဟာ ကိုးသျှီလင်ပဲကျပါတယ်။ တစ်သျှီ လင်ကို ချန်ထားလိုက်တာကတော့၊ ရှင့်တည်းခိုရိပ်သာပြန်ဖို့ ဘတ်စ်ကားခ ပေါ့"

ထိုအချိန်က ကိုးသျှီလင်သည် မြန်မာငွေ ငါးကျပ်ခွဲလောက်သာ တန်သည်။ စာရေးသူ မယုံနိုင်အောင် ဖြစ်သွားသည်။

"ငါးသျှီလင်ပဲ အကုန်ခံနိုင်တယ်ဆိုရင်ကော၊ ရောင်းစရာ နာရီရှိပါ သေးသလား"

အမျိုးသမီးက ရုတ်ခနဲပြုံးပြီး၊ ဆိုင်းအတွင်းသို့ ခေတ္တဝင်သွား၍ နာရီ နှစ်လုံးကိုကိုင်ပြီး ထွက်လာပါသည်။

"ဒါက ရှင့်အတွက်နာရီ၊ ဟောဒါက ရှင့်ညီလေး၊ ညီမလေးရှိရင် သူ့အတွက် နာရီ၊ နှစ်လုံးပေါင်းမှ ၅ သျှီလင်ပဲ ကျတယ်"

"ဟိုက် ကျုပ်ထင်တာထက် ကဲသွားပြီ၊ ငါးသျှီလင်ထက်နည်းတဲ့ နာရီလည်း ရှိသေးသကိုး"

ပြောပြောဆိုဆို သူကမ်းလာသော နာရီနှစ်လုံးကို ယူကြည့်လိုက်ရာ

အပေါစား ပလတ်စတစ်နာရီ နှစ်လုံးဖြစ်ကြောင်း တွေ့ရသည်။ အားလုံး စက်သွားနေသည်။ တစ်လ အာမခံဟု ပြောပါသည်။ ဤမျှအထိ ဝယ်သူကို လိုက်လျောနေသော အရောင်းစာရေးမကို စာရေးသူ အားနာမိသဖြင့်၊ နာရီ တစ်လုံးဝယ်တော့မည်ဟု ဆုံးဖြတ်လိုက်မိပါသည်။ စင်စစ် လန်ဒန် ဝါတာလူး ဘူတာမှ ရထားအထွက် လိုက်ပို့သော ကိုကျော်မြင့်အား မြန်မာပြည်က ပတ်လာသော ရိုးမားနာရီကို ပစ်ပေးခဲ့ပြီပြီ။ ဂျနီဗာတွင် နာရီဝယ်မည်ဟု စဉ်းစားခဲ့ပြီး ဖြစ်၏။

"ကဲဗျာ... ခင်ဗျားဆိုင်မှာ လူတန်းစား အားလုံးအတွက် နာရီမျိုးစုံ ရနိုင်ကြောင်း သိရပါပြီ။ ကျွန်တော် အိုမီဂါတစ်လုံး လိုချင်တယ်။ ငွေရောင် နဲ့ သံမဏိကြိုးနဲ့ပေါ့။ စတာလင်ပေါင် တစ်ဆယ်၊ တစ်ဆယ့်ငါးပေါင် တန်ပေါ့"

"ကျွန်မထင်သားပဲ၊ ရှင့်လိုလူကတော့ အိုမီဂါလောက်တော့ အောက် ထစ်ဝယ်မှာပါလို့"

ပြောပြောဆိုဆို ရှိုးကေ့စ်ထဲမှ နာရီခြောက်လုံးကို စီပြပါသည်။ အဝိုင်း၊ အလျား၊ လေးထောင့်၊ ရှစ်မြွှောင့် အရွယ်အစားအမျိုးမျိုးကို တစ်လုံးစီ ပတ်ကြည့်ရင်း ၁၂ ပေါင်တန် အိုမီဂါ စတီးကြိုးတစ်လုံးကို ရွေးဝယ်လိုက် ပါသည်။ အရောင်းစားရေးမလေးသည် အလွန်ကျေးဇူးတင်ဟန်နှင့်...

"ရှင်တို့ကျောင်းသားတွေအတွက်ဆိုရင် ဒစ်စကောင့် ရပါတယ်။ ပြီးတော့လည်း အခွန်လွတ်မယ်၊ ဒီမှာရှိနေတုန်း မပတ်နဲ့ပေါ့"

သူတွက်ချက်ပေးလိုက်သောအခါ ကျောင်းသားနှုန်းနှင့် အခွန်လွတ် ခွင့်များ လျှော့လိုက်သဖြင့် ဆယ်ပေါင်နှင့် ငါးသျှီလင်သာ ကျပါသည်။

"အဲဒီ ပလတ်စတစ်နာရီနှစ်လုံးထဲက တစ်လုံးကိုတော့ ရှင့်ညီကလေး အတွက် လက်ဆောင်ပေးပါတယ်ရှင်"

"ကျေးဇူးတင်ပါတယ်ဗျာ"

စာရေးသူက ခရီးဆောင်ချက်လက်မှတ် (Traveller's Cheque) နှင့် ငွေချေပြီး ချက်လက်မှတ်ကျောဘက်တွင် နာမည်နှင့်လိပ်စာ နိုင်ငံကူး လက်မှတ်နံပါတ်များ ရေးလိုက်သောအခါ...

"သြော်... ဂျနီဗာ ဆင်မိနာ လာတက်တဲ့ မြန်မာကျောင်းသား မစ္စတာညဲ့ ဆိုတာကိုး"

"အလို ခင်ဗျားက ကျွန်တော့်အကြောင်းသိနေပြီကိုး။ ညဲ့မဟုတ်ဘူး ညွန့် အသံထွက်တယ်ဗျ"

"ဟုတ်ကဲ့ရှင့်၊ ကျွန်မတို့ ပိအောင် မခေါ်တတ်ပါဘူး။ ရှင်တို့ ဆင်မိနာ အကြောင်း နေ့ခင်းအသံလွှင့်သတင်းမှာ ကြားလိုက်ရပြီး ရှင့်အကြောင်းလည်း ပါလို့ နာမည်သိနေတာ။ နောင်အလိုရှိတာခိုင်းပါ။ တစ်နှစ်အတွင်း နာရီ တစ်စုံတစ်ရာ ချွတ်ယွင်းရင် မြို့ကြီးတိုင်းမှာရှိတဲ့ ကျွန်မတို့ဆိုင်ခွဲမှာ အခမဲ့ ပြင်နိုင်ပါတယ်။ ဒီ ဂရန်တီ စာရွက်ပြပါ"

"ကောင်းပါပြီဗျာ"

❐

အပွဲပွဲနဲ့လာပြီး မြန်မာတို့အကြောင်းပြောခါမှ ရင်ခုန်နေပြန်ချေတော့

ထိုညနေက နာရီဆိုင်အရောင်းစာရေးမ မိန်းမချောလေး၏ရောင်းဝယ်မှု ကျွမ်းကျင်ပုံကို စိတ်ထဲက ချီးကျူးမကုန် ဖြစ်နေမိသည်။ ညဦးပိုင်း တည်းခို ရိပ်သာ ပြန်ရောက်၍ နောက်တစ်နေ့တွင် ဆင်မိနာအစီအစဉ် ပရိဂရမ်ကို ဖတ်လိုက်မိတော့မှ စာရေးသူ ဟောပြောရမည့်အချိန်ရောက်ကြောင်း သိရတော့သည်။

တတိယနေ့မြောက် နံနက်ပိုင်းအစီအစဉ်တွင် ရှေ့ဆုံးကဖြစ်၍ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပါသည်။ စာရေးသူသည် ငယ်စဉ် ဟိုက်စကူး ကျောင်းသားဘဝကတည်းက ပရိသတ်ရှေ့ စကားပြောအလေ့အကျင့် ရှိခဲ့သည်။ တက္ကသိုလ်ရောက်လာပြန်သောအခါတွင်လည်း အသင်းအပင်းများတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး စသည်ဖြင့် အမှုဆောင်နေရာ တာဝန်ယူကာ စကားပြောရသော အလုပ်များလုပ်ဖူးပြီး၊ တက္ကသိုလ်ကျောင်းဆရာ ဖြစ်လာသောအခါ ဆိုဖွယ်ရာ မရှိပြီ။ ကျောင်းဆောင် ကျူတာ ဝါဒင်လည်း လုပ်ဖူးသည်။ ထို့ကြောင့် (Public Speaking) လူထုရှေ့ စကားပြောခြင်းကို မကြောက်ဟု မိမိကိုယ်မိမိ အတော်အားကိုး ယုံကြည်ထားသူ ဖြစ်သည်။

သို့သော် ထိုနေ့ည တစ်ညလုံး ဘာကြောင့်ရယ်မသိပါ။ ဘဝင်မကျ အိပ်မပျော် ဖြစ်နေသည်။ လန်ဒန်မှ မထွက်မီ သံမှူးဦးတင်မောင်ကြီးက သူ့ရုံးခန်းထဲတွင် ရီဟာဇယ် (Rehearsal) လုပ်ကြည့်ခဲ့ပြီးပြီ။ ယခုကျမှ

ပွဲနီးလာလေ ရင်ခုန်လေ ဖြစ်နေသည်။ စာရေးသူ အလျင်ဟောပြောဆွေးနွေးသွားကြသော နိုင်ငံပေါင်းစုံမှ ကျောင်းသားများကို အားကျလေလေ၊ သူတို့လို ငါပြောတာဟောတာတွေ နားထောင်ကောင်းပါ့မလား။ အိန္ဒိယကျောင်းသားလားလ်လောက်မှ အချက်ကျကျ၊ ပွဲကျကျ ဖြစ်ပါ့မလား။ သူတို့မေးတဲ့မေးခွန်းတွေမှ လိပ်ပတ်လည်အောင်ဖြေနိုင်ပါ့မလား။ ငါ့မှာလည်း ဒီဆင်မိနာ လာတက်ရတာ တိုင်ပင်ဖော်တိုင်ပင်ဖက်မရှိ၊ တစ်ကောင်ကြွက်၊ အားပေးမယ့် မြန်မာအဖော်မမြင်။ သို့လောသို့လော တွေးရင်း အိပ်မပျော်ဖြစ်နေသည်။ နောက်ဆုံးတွင် 'ငါလည်း တက္ကသိုလ်ဆရာ လုပ်လာတဲ့သူပဲလေ၊ ဒီလောက်လည်း စိုးရိမ်မနေနဲ့' ဟု ကိုယ့်ဘာသာကိုယ် အားတင်းလိုက်ရင်း အိပ်မောကျသွားပါသည်။

ဘေးချင်ယှဉ် ခုတင်မှ အီတလီကျောင်းသား ကာလို (Corlo) က နှိုးတော့မှနိုးသည်။ ကိုယ်လက်မျက်နှာသန့်စင်ပြီး စမတ်ကျကျ ဝတ်စားဆင်ယင်ကာ ဟောပြောမည့် စာရွက်စာတမ်းများကိုပိုက်၍ လက်ဖက်ရည်သောက်ခန်းထဲသို့ ဆင်းလာပါသည်။ စာရေးသူ၏ ရောင်းရင်းများဖြစ်သော ဂျာမန်၊ အိန္ဒိယ၊ ပြင်သစ်ကျောင်းသားတို့က လက်ခုပ်တီးကြိုဆိုပါသည်။ ထိုနေ့နံနက် စာရေးသူ ပထမဆုံးဟောပြောမည်ဖြစ်သဖြင့် ကျောင်းသားပီပီ ဝိုင်းနောက်ကြခြင်းဖြစ်သည်။ သူတို့ လက်ခုပ်တီးလိုက်တော့မှ ညပိုင်းက ရင်ခုန်မှု ပြန်ပေါ်လာတော့သည်။

နံနက် ၈ နာရီခွဲအချိန်တိတိတွင် ဆင်မိနာခန်းမကြီး၌ လူစုံနေလေပြီ။ ချန်ဒီလီယားခေါ် မီးဆိုင်းကြီးများလည်း လင်းထိန်နေပြီ။ စကားပြန်အမျိုးသမီးတို့လည်း နားကြပ်များ၊ ခလုတ်များ အဆင်သင့်တပ်ဆင်၍ အသင့်စောင့်နေကြလေပြီ။ သဘာပတိစားပွဲပေါ်တွင် ကြွေပန်းအိုးထဲ၌ နှင်းဆီပွင့်အဖြူကြီးများက စာရေးသူကိုဆီး၍ နှုတ်ဆက်အားပေးနေသယောင်ရှိသည်။ မီးစိမ်းကလေး လင်းလာသည်နှင့် တစ်ပြိုင်နက်...

"ကြွရောက်လာကြသော ဧည့်သည်တော်ကြီးများနှင့် နိုင်ငံတကာကျောင်းတော်သူ၊ ကျောင်းတော်သားများ ခင်ဗျား။ ယနေ့အစီအစဉ်အရ နံနက် ပိုင်း ပထမဆုံးဟောပြော ဆွေးနွေးမည့် ပုဂ္ဂိုလ်ကတော့ မြန်မာကျောင်းသား မစ္စတာ ကေအမ်ည့ ဖြစ်ပါတယ်။ သူဟာ လန်ဒန်တက္ကသိုလ်မှာ ဘွဲ့လွန် သင်တန်း သုတေသနပြုနေသူပါ"

သဘာပတိကြီးက အင်္ဂလိပ်ဘာသာဖြင့် ပီပြင်ပြတ်သားစွာ အထက်ပါ အတိုင်း နိဒါန်းပျိုးရုံသာမက စာရေးသူအကြောင်း အကျဉ်းချုပ်ကို ပြောပါသည်။ ထို့ပြင် အရင်တစ်နေ့က အိန္ဒိယကျောင်းသား လားလ်ကို ပြန်ချေပ ပြောခြင်းကိုပါ ပြန်းနူးလိုက်၏။

"သူ့ကို အထူးမိတ်ဆက်ပေးဖို့ လိုမယ်မထင်ပါဘူး။ တစ်နေ့က မစွတာ လားလ်နဲ့ ဆွေးနွေးစဉ်ကတည်းက မစွတာညံ့ရဲ့ အပြောအဟော အာဘော်သမိုင်း ဗဟုသုတနဲ့ မျိုးချစ်စိတ်ကို ခန့်မှန်းနိုင်လောက်ပါပြီ။ ဒါကြောင့် အချိန်ဆွဲမနေတော့ဘဲ မြန်မာပြည်အကြောင်း သိကောင်းစရာများကို ကြားပါရစေလို့ မစွတာညံ့ကို တောင်းပန်ပါတယ်"

စာရေးသူသည် ရင်ခုန်နေပြီဖြစ်ရာ သဘာပတိက သွေးမြှောက်လိုက်ပြန်သဖြင့် နားရွက်တွေပူသွားသည်။ စိတ်ထဲတွင် ရတနာသုံးပါးနှင့် မိဘဆရာတို့ကို အာရုံပြုကန်တော့လိုက်မိသည်။ နောက်တစ်ဖန် ဂုဏ်တော်ကိုးပါးကို ရွတ်မိပြန်ပါသည်။ စာရေးသူ ထိုင်နေရာမှ စင်မြင့်ပေါ်သို့ လျှောက်လာသောအချိန်သည် အများဆုံးရှိလျင် စက္ကန့်လေးဆယ်ခန့်သာကြာမည်။ သို့သော် စိတ်တန်ခိုးအာနိသင်သည် ကြီးပါဘိ။ ထိုတိုတောင်းလှသော အချိန်အတွင်း မှတ်မိသမျှ ဂါထာ၊ ဂုဏ်တော်တို့ကို ရွတ်ပြီးဖြစ်သွား၏။

စာရွက်စာတမ်းများကို စင်ခုံပေါ်တွင် အသာချပြီး ပရိသတ်ကြီးကို လှမ်းကြည့်လိုက်သည်။ ပရိသတ်အားလုံးကို စာသင်ခန်းထဲက ကျောင်းသားတပည့်များအဖြစ် မြင်အောင်ထပ်ကြည့်လိုက်၍ အားတင်းလိုက်သည်။ ထို့နောက် သဘာပတိကြီးဘက်သို့ ဦးညွှတ်လိုက်ပြီး...

"လေးစားအပ်သော သဘာပတိကြီးနှင့် ရဲဘော်ကျောင်းသား၊ ကျောင်းသူများ ခင်ဗျား။ နိုင်ငံတကာ ကုသလသမဂ္ဂအသင်းများ၏ အဖွဲ့ချုပ်ကြီးက နှစ်စဉ်ကြီးမှူးကျင်းပတဲ့ ဤ (၁၁) ကြိမ်မြောက် နိုင်ငံတကာကျောင်းသားများ၏ ဆင်မိနာကြီးသို့ ကျွန်တော်တို့ တက်ခွင့်ရလို့ များစွာဂုဏ်ယူမိပါတယ်"

"ဤလို ဆင်မိနာမျိုးမှာ မြန်မာကျောင်းသားဆိုလို့ ဤအကြိမ်ဟာ ပထမဆုံး တက်ရောက်ခြင်းဖြစ်တယ်လို့ ခုနက သဘာပတိကြီး ပြောတာကြားလိုက်ရပြန်တော့ ကျွန်တော့်အဖို့ စိတ်လှုပ်ရှားသွားသည်အထိ ခံစားလိုက်ရပြန်ပါတယ်"

"ကျွန်တော်တို့ နိုင်ငံအကြောင်းကို ပြောရဦးမယ်ဆိုပြန်တော့ ဝမ်းသာလိုက်တာဟာ၊ ဘယ်လိုတောင် ဖော်ပြရမှန်း မသိတော့ပါဘူး။ မြန်မာကို ကမ္ဘာက အသိနည်းနေလို့၊ သိအောင်ပြောချင်လွန်းလို့ ခွင့်ရတဲ့ ၄၅ မိနစ် အချိန်အတွင်းမှာ ကျွန်တော်ပြောချင်တာတွေ ကုန်မယ်မထင်ဘူး။ ဒါကြောင့် ရဲဘော်ကျောင်းသားတို့ သိလိုတဲ့အချက်များကို ဆွေးနွေးပွဲအချိန်မှာ ဆက်ပြီး ဆွေးနွေးမေးမြန်းပါလို့ ဖိတ်ခေါ်ပါတယ်"

ယင်းကဲ့သို့ နိဒါန်းပျိုးလိုက်ပါသည်။ စကားစပြောစဉ် အနည်းငယ် တုန်သလိုထင်မိသည်။ သို့သော် စိတ်ကို ထိန်းနိုင်လာပြီး တည်ငြိမ်လာပါသည်။ အရှိန်ရလာသည်နှင့် စာသင်ခန်းတွင် လက်ချာပေးနေသလိုပင်...။

ထိုနံနက်က စာရေးသူသည် မြန်မာနိုင်ငံ၊ မြန်မာတိုင်းရင်းသားတို့နှင့် ပတ်သက်သော အခြေခံအချက်အလက်များ၊ သမိုင်းနောက်ခံနှင့် ကိုလိုနီလွတ်မြောက်ရေး၊ အမျိုးသားရေးလှုပ်ရှားမှု၊ ဖက်ဆစ်တော်လှန်ရေးတို့ကို လွတ်လပ်ရေးရသည်အထိ ခြုံငုံ၍ ပြောဟောပစ်လိုက်ရာ အချိန်စေ့သွားပါသည်။ ထို့ကြောင့် စစ်ပြီးခေတ် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအခြေအနေကို ပြောဟောရန် အချိန်မရလိုက်တော့ပါ။ အချိန်စေ့၍ နိဂုံးချုပ်လိုက်သောအခါ နားထောင်သူပရိသတ်က သောင်းသောင်းဖျဖျ ညဘာပေးကြပါသည်။

သဘာပတိကြီးက ထလာပြီး...

"ကျောင်းဆရာတစ်ယောက် စာသင်ခန်းလာပြီး လက်ချာပေးနေသလားလို့ ထင်ရတယ်။ ၄၅ မိနစ်အတွင်း ကျွန်တော်တို့အားလုံးဟာ မြန်မာသမိုင်းကျောင်းသားလေးတွေ ဖြစ်သွားတယ်။ သူဟောပြောပုံထောက်တော့ ကျောင်းဆရာများ လုပ်ခဲ့ဖူးသလားမသိ။ ကဲ... ကဲ ဆွေးနွေးဖို့ မိနစ် ၄၀ ရပါတယ်။ မေးခွန်းများလည်း ဖိတ်ခေါ်ပါတယ်" ဟု ပြောပါသည်။

ထိုနံနက်က ကျောင်းသားလေးဦးနှင့် ကျောင်းသူနှစ်ဦးက မေးခွန်းမေးမြန်းခြင်း၊ ဆွေးနွေးခြင်းပြုသဖြင့် တစ်နာရီခန့်ကြာသွား၏။ သူတို့မေးခွန်းမှာ စိတ်ဝင်စားစရာကောင်းသည်။ မြန်မာတိုင်းရင်းသားတို့အပေါ် ဗုဒ္ဓဘာသာ၏ သြဇာလွှမ်းမိုးမှု၊ မြန်မာ့ရိုးရာ၊ စီးပွားရေးစနစ်၊ မြန်မာအမျိုးသမီးတို့၏ အဆင့်အတန်း၊ မြန်မာ့လူမှုရေးစနစ်တွင် ဇာတ်နိမ့်၊ ဇာတ်မြင့် ခွဲခြားမှုရှိမရှိ၊ မြန်မာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ဂီတနှင့် အကများအကြောင်း ဖြစ်ပါသည်။

နေ့ခင်းပိုင်းအစီအစဉ်တွင် အီဂျစ်နှင့် နိုင်ဂျီးရီးယား ကျောင်းသားနှင့် ကျောင်းသူတို့အလှည့်ဖြစ်သည်။ သူတို့လည်း စကားပြောပိုင်သူများဖြစ်သည်။ နိုင်ဂျီးရီးယားကျောင်းသားသည် ဒေါမာန်များသဖြင့် ဟားကွက်ဖြစ်နေသည်။ ထိုညနေတွင် စာရေးသူသည် အီတလီကျောင်းသား နှစ်ဦး၊ ဘူးလ်ဂေးရီးယား ကျောင်းသူတစ်ဦး၊ ဂျာမန် ကျောင်းသူတစ်ဦးနှင့် ဓာတ်ပုံရိုက် ထွက်လာရာ ကုလသမဂ္ဂသရုပ်ဖော် ကြေးနီကမ္ဘာလုံးပုံကြီးနှင့် ရေပန်းအိုင်ဘေးတွင် အမှတ်တရ ဓာတ်ပုံရိုက်ကြပါသည်။ ဤစာအုပ်ရှေ့ပိုင်းတွင် ဖော်ပြထားပါသည်။

ဂျနီဗာမြေပြင်မှ ပြင်သစ်တောင်ထိပ်သို့။ ။ စာရေးသူဟောပြောပြီး နောက်ပိုင်းတွင် အာဂျင်တီးနားကျောင်းသူ၊ အစ်တာလျံကျောင်းသား၊ တောင်အာဖရိက ကျောင်းသား၊ သီဟိုဠ် (သီရိလင်္ကာ) ကျောင်းသား၊ နိုင်ဂျီးရီးယား ကျောင်းသားတို့ အလှည့်ကျဟောပြောကြပါသည်။ သူတို့လည်း အပြောကောင်း၊ အဟောကောင်းများဖြစ်ကြ၏။ ပြင်သစ်နှင့် ဂျာမန်စကားကို ကျွမ်းကျင်စွာ တတ်ကြသောကြောင့် စာရေးသူအလွန် အားကျမိပါသည်။

ထိုအချိန်က ဂျာကာတာမြို့တော်၌ ဘန်ဒေါင်းညီလာခံကြီးကို ကျင်းပပြီးစအခါ ဖြစ်သောကြောင့် ကမ္ဘာတခွင်၌ အာရှ၊ အာဖရိကသားတို့ စန်းပွင့်နေကြသည်။ အာရှ၊ အာဖရိက၊ လက်တင်အမေရိက ကျောင်းသား၊ ကျောင်းသူ တို့ ဟောပြောတိုင်း ဆင်မိနာခန်းမကြီးမှာ လေ့လာသူများ၊ အကဲခတ်သူများ၊ သတင်းထောက်များ၊ တက္ကသိုလ်ပါမောက္ခကြီးများ၊ နိုင်ငံရေးပါရဂူများနှင့် ပြည့်လျှံနေသည်။

ပုဂ္ဂိုလ်ကြီးများက စိတ်ဝင်စားမှု အပြည့်နှင့်။ ။ သူတို့သည် ဝါရင့်သမ္ဘာရင့် ပုဂ္ဂိုလ်ကြီးများ ဖြစ်လင့်ကစား လူငယ်ကျောင်းသားတို့၏ အာဘော်ကို လေးစားစွာ စိတ်ဝင်စားမှုအပြည့်နှင့် နားထောင်ကြသည်။

စာရေးသူသည် အပြည်ပြည်ဆိုင်ရာ ရဲဘော်ကျောင်းသား၊ ကျောင်းသူများ ဟောပြောဆွေးနွေးကြပုံကိုကြည့်ရင်း ဤကျောင်းသား ဆင်မိနာကြီးကား နောင်တစ်ခေတ်တွင် လူတစ်လုံး၊ သူတစ်လုံး ဖြစ်လာကြမည့် လူငယ်များကို အရည်အသွေးပြည့်ရန် လေ့ကျင့်ပေးရာ ဌာနကြီးတစ်ခုပါလားဟု မြင်လာမိပါသည်။ သူတို့ အတော်များများမှာ နိုင်ငံခြားအတွေ့အကြုံနှင့် ဆင်မိနာဗဟုသုတ ကြွယ်ဝနေကြပြီး ဖြစ်သည်။

ဂျနီဗာဆင်မီနာ ပထမပတ်တွင် ဟောပြောပွဲ၊ ဆွေးနွေးပွဲများ အလွန်များသလောက်၊ ဒုတိယပတ်တွင် လေ့လာရေးအတွက် အချိန်အားများ ပေးထားသည်။ နံနက်ပိုင်းတွင် နေ့ ၁၂ နာရီခွဲအထိသာ ဟောပြောဆွေးနွေးမှုအစီအစဉ်များရှိပြီး နေ့စာပြီးသည်မှစ၍ အုပ်စုလိုက် ခရီးထွက်လေ့လာမှုကိုယ်ပိုင်အချိန်လွတ်များ၊ ကစားခုန်စားပြုခြင်း၊ တေးဂီတစသည်ဖြင့် လူငယ်တို့ မငြီးငွေ့စေရန် ပညာလည်းရ၊ မိတ်ဆွေလည်းဖြစ်၊ ပျော်ရွှင်မှုလည်း ရှိသော အစီအစဉ်များ လုပ်ပေးထားပါသည်။

နိုင်ငံအပေါင်းတို့၏ နန်းတော်ကြီး။ ။ စာရေးသူသည် ရေကူး ဝါသနာပါသော်လည်း ရေခဲရေလို အေးနေသောကန်တွင် မကူးဝံ့သဖြင့် လေ့လာရေး ခရီးထွက်သောအဖွဲ့နှင့် လိုက်ပါသွားပါသည်။ ပထမဆုံးလေ့လာသောနေရာမှာ ဆင်မီနာကျင်းပသော နိုင်ငံပေါင်းချုပ်အသင်းကြီး၏ အဆောက်အအုံများနှင့် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်ကြီး (အိုင်၊ အယ်၊ အို) အဆောက်အအုံကြီးတို့ ဖြစ်ပါသည်။

ပထမကမ္ဘာစစ်ပြီးစက စစ်ဟန့်တားရေးနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းရေးအတွက် ဖွဲ့စည်းခဲ့သော နိုင်ငံပေါင်းချုပ်အသင်းကြီးသည် အရင်းရှင်နိုင်ငံအချင်းချင်း အဝေမတည့်မှုနှင့် ဖက်ဆစ်နှင့် နာဇီတို့ ကျူးကျော်မှုဒဏ်ကြောင့် ပျက်စီးသွားရပြီး ဒုတိယကမ္ဘာစစ်ဖြစ်ခဲ့သည်။ သို့သော် ယင်းအသင်းကြီး၏ ဌာနချုပ်တည်ရာ ရုံးအဆောက်အအုံများကို ယနေ့တိုင် ဂျနီဗာမြို့တွင် မပျက်မစီးရအောင် ထိန်းသိမ်းထားသဖြင့် နောင်လာနောင်သားများ လေ့လာခွင့်ရနေသည်။

ပြင်သစ်စကားနှင့် ပါလေဒေနာဆယွန်း (Palais Des Nations) ဟု ခေါ်ရာ နိုင်ငံအပေါင်းတို့၏ နန်းတော်ကြီးဟု အဓိပ္ပာယ်ရသည်။ အမည်နှင့် လိုက်ဖက်အောင် ကမ္ဘာနန်းတော်ကြီးလို ခမ်းနားလှပ လှပါပေသည်။ အသင်းကြီးအဖွဲ့ဝင်နိုင်ငံတို့မှ ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများ လှူဒါန်းထားသဖြင့် အဆောက်အအုံကြီးရှိ အဆောင်ဆောင် အခန်းခန်းတို့၌ ယင်းပစ္စည်းများနှင့် မွမ်းမံခြယ်လှယ်ထား၏။

စစ်မဲ့ကမ္ဘာသရုပ်ဖော် နံရံပြည့် ပန်းချီ။ ။ အထူးသဖြင့် တရုတ်နှင့် ဂျပန်တို့ လှူထားသော ကြွေထည် ကြွေအိုးကြီးများ၊ ပန်းချီယင်းလိပ်များ၊ စားပွဲကုလားထိုင်၊ မီးအိမ်များသည် လွန်စွာအဖိုးတန်၍ အနုပညာလက်ရာမြောက်လှ၏။

အခန်းတိုင်းတွင်လည်း နံရံပြည့်ပန်းချီများကို တွေ့ရသည်။ ကမ္ဘာ့လက်ရာ ကျော် ပန်းချီဆရာကြီးတို့က ထာဝရငြိမ်းချမ်းရေးနှင့် စစ်မဲ့ကမ္ဘာ တည်ဆောက် ရေးကို ရှေးရှုသရုပ်ဖော်သော ကားများကို ဆွဲထားကြသည်။

အထွေထွေ ညီလာခံ ခန်းမကြီးထဲသို့ ရောက်သောအခါ စာရေးသူ သည် သမိုင်းသင်ခန်းစာကို ပြေးသတိရမိသည်။ ဟစ်တလာ၊ မိုဆိုလိုနီ စသော အာဏာရှင်တို့က အိမ်နီးချင်းနိုင်ငံတို့ကို ကျူးကျော်ရန်စချိန်က ဤအခန်းကြီးထဲ၌ အသင်းဝင်နိုင်ငံတို့ အကြိတ်အနယ် ဆွေးနွေးခဲ့ကြပေ လိမ့်မည်။

ကျွန်တော့်ဆုတောင်း။ ။ အလားတူ ၁၉၃၀–၃၂ ဂျပန်က မန်ချူးရီးယား ကို ဝင်ရောက်သောအခါ တရုတ်ကိုယ်စားလှယ်က ဤအခန်းကြီးထဲတွင် ဂျပန်ကျူးကျော်မှုကို နိုင်ငံပေါင်းချုပ်အသင်းကြီးထံ တိုင်တန်းခဲ့ပေလိမ့်မည်။ သို့သော် အသင်းကြီးသည် အင်အားကြီးနိုင်ငံတို့၏ အရှိန်အဝါကို မလွန်ဆန် နိုင်သဖြင့် ကျူးကျော်သောနိုင်ငံများအပေါ် ထိရောက်စွာအရေးယူ အပြစ်ပေး မှု မပြုနိုင်ခဲ့သဖြင့် ကမ္ဘာစစ်ကြီး ဒုတိယအကြိမ် ပေါက်ကွဲခဲ့ရလေသည်။

ယနေ့ ကုလသမဂ္ဂသည်လည်း ထိုအသင်းကြီးကဲ့သို့ ဇာတ်သိမ်းမသွား ပါစေနှင့်ဟု စိတ်ထဲက ဆုတောင်းနေမိသည်။

စာရေးသူတို့အုပ်စုသည် လိုက်ပြသော (Tourist Guide) ဧည့်လမ်း ပြ အမျိုးသမီး၏ ကျွမ်းကျင်မှုကြောင့် အဆောက်အအုံကြီးတစ်ခုလုံးကို နှံ့စပ်အောင် ကြည့်ကြရပြီးနောက် အပေါ်ဆုံးခေါင်မိုးပေါ်ရှိ စားသောက် ဆိုင်သို့ ရောက်လာကြပါသည်။ ခေါင်မိုးပေါ်တွင် ရှေးဟောင်းဘေဘီလိုနီး ယား မိုးပျံဥယျာဉ် (Hanging Gardens) ကဲ့သို့ လှပသောပန်းအိုး၊ ပန်းခုံး များနှင့် ပြင်ဆင်ထားသော အပန်းဖြေခန်းရှိသည်။ အရက်ဘားနှင့် အပူ အအေးစားသောက်ဆိုင်ရှိရာ နှစ်သက်ရာဝယ်စားသောက်ရင်း မြို့ဂျနီဗာ၏ သာယာသော ရှုခင်းများကို အပေါ်စီးမှ ကြည့်ကြသည်။

တောင်ထိပ်တက်ရန် လက်မထောင်ကြခြင်း။ ။ တောင်များ အထပ်ထပ် ရံနေသော ဂျနီဗာမြို့ကို ဝေဟင်မှ မြေပြင်သို့လှမ်းမြင်ရသလို မြင်ရသည်။ ခပ်လှမ်းလှမ်းရှိ တောင်တန်းကို ပြင်သစ်ကျောင်းသားက လက်ညှိုးထိုးပြပြီး ယင်းတောင်ထိပ်သို့ ညနေစောင်းသွားကြည့်ရန် အဆိုပြုရာ စာရေးသူက

သဘောတူသဖြင့် အားလုံးကလည်း လက်မထောင်ကြပါသည်။ ထိုစဉ်က ဥရောပကျောင်းသားလောကတွင် လက်မထောင်ပြသည်မှာ လုံးဝသဘောတူသည့် လက္ခဏာဖြစ်၏။

နေ့စာ စားပြီးနောက် စာရေးသူတို့လူစုသည် မြို့စွန်းတစ်နေရာရှိ ဓာတ်လှေကားစခန်းသို့ ရောက်နေကြလေပြီ။ သာယာသည့်ညနေချမ်း၊ လွမ်းစဖွယ်ရာသီ၊ နေကလေးကနီနီ ငါးနာရီအချိန်ခန့် ဖြစ်သည်။ တောင်ထိပ်တောင်စောင်း၊ တောင်ခါးပန်းများပေါ်တွင် နှင်းဖြူဖြူဖွေးဖွေးများ မေးတင်ကျန်နေသဖြင့် နေခြည်ရောင်အောက်တွင် တလက်လက် ငွေရောင်တောက်နေသည်။ တောင်ယာများတွင် ရာသီပန်းများ၊ သစ်သီးဝလံနှင့် ဟင်းရွက်များ စိုက်ထားရာ ပန်းကော်ဇော ခင်းထားသလို ထင်ရသည်။ ဓာတ်လှေကားစခန်းတွင် လူများတန်းစီနေကြသည်။ ဂျနီဗာပိုင် မြေပြင်မှ ပြင်သစ်ပိုင်တောင်တန်းထိပ်ပေါ်သို့ ဓာတ်လှေကားနှင့် တက်ကြရန် ဖြစ်သည်။

ဓာတ်လှေကားကို တယ်လီဂရပ်ဖ်ဟု သူတို့ ခေါ်ကြသည်။ လူငါးယောက် မတ်တပ်ရပ်ရုံရှိသော မှန်လုံလှောင်ချိုင့်ကို ဝိုင်ယာကြိုးတန်းပေါ်တွင် စက်သီးနှင့်ချိတ်ဆွဲထားပြီး လျှပ်စစ်ဓာတ်အားနှင့် လှိမ့်တင်ပေးသည်။ အလားတူ တောင်ထိပ်မှ ပြန်ဆင်းလာသော လှောင်ချိုင့်ကို တစ်ချိန်တည်း ဆင်းလာစေသည်။ အတက်နှင့်အဆင်း ခလုတ်တစ်ခုတည်းနှင့်မောင်းသဖြင့် လမ်းခရီးလေထုအတွင်း၌ ဆုံမိကြရာဝယ် တစ်ဖက်နှင့်တစ်ဖက် အော်ဟစ်နှုတ်ဆက်ခြင်း၊ လက်ဝှေ့ယမ်းခြင်း၊ ဖလိုင်းယင်းကစ်စ် (Flying Kiss) ပေးခြင်း ပြုလုပ်ကြသည်မှာ ပျော်စရာကောင်းသည်။

မြောက်အတက်၊ လန့်ဖက်၍ ပွဲကျသွားခြင်း။ ။ စာရေးသူတို့ အပေါင်းအသင်းငါးဦးသည် တောင်ပေါ်အတက် လှောင်ချိုင့်ထဲမဝင်မီ၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး တက်လာကြသည်။ လှောင်ချိုင့်သည် မြေပြင်မှခွာပြီး လေထုထဲတွင် တွဲရရွဲ မြောက်တက်ပါသွားသောအခါ အသည်းထဲတွင် စိမ့်ခနဲ အေးသွားသည်။

ဘူလ်ဂေးရီးယား ကျောင်းသူက စီခနဲနေအောင် စူးရှလန်အောင် အော်လိုက်ပြီး ဂျာမန်ကျောင်းသားကို လှမ်းဖက်လိုက်ရာ ဂျာမန်ကျောင်းသားကလည်း ဆီးဖက်ထားလိုက်၏။ အားလုံးဝါးခနဲ ပွဲကျသွားသည်။ သူတို့ဆီ

တွင် ကျား–မ လက်ပွန်းတတီး နေတတ်ကြသဖြင့် ကျောင်းသား၊ ကျောင်းသူ အချင်းချင်း လက်တွဲတာ၊ ဖက်တာလောက်တော့ဖြင့် မဆန်းပြီ။

ဘုရားထီးတင်သောအခါ ထီးကို ရထားပျဉ်တွင်တင်ပြီး စက်ကြိုးဖြင့် စေတီထိပ်သို့ ဆွဲတင်သည့်ပုံစံမျိုးပင်။ လွန်ခဲ့သောသုံးလေးနှစ်က အမေရိကန် ရုပ်ရှင်မင်းသား ယူးလ်ဘရိုင်းနာ နှစ်ကိုယ်ခွဲပါသော (Double Man) ရုပ်ရှင်ပြရာ၊ နှင်းဖုံးသော ဆွစ်ဇာလန် တောင်ခါးပန်းများမှ ရေခဲလျှောစီး ဆင်းကြပုံ၊ လူဆိုးရှာကြပုံ၊ တောင်ထိပ်ပေါ်တက်သော ဓာတ်လှေကား စီးကြပုံကို ကြည့်ရသောအခါ စာရေးသူသည် ဂျနီဗာကို ပြေးသတိရမိပြီး လွမ်းမိသေးတော့သည်။

❐

တောရိုင်းပန်း ဦးကာ

စာရေးသူတို့ စီးနင်းလိုက်ပါသော 'ဝေဟင်ယဲစက်ရထား' သည် ပြင်သစ်တောင်ထိပ်ပေါ်သို့ အရှိန်နှင့် ထိုးဆိုက်လိုက်ပါသည်။ ရထားတဲခါးက ငြိမ့်ညောင်းညင်သာစွာ ပွင့်လာ၏။ စာရေးသူတို့အုပ်စု တန်းစီထွက်လာရာ လေနအေးက ဆီးကြိုနှုတ်ဆက်သဖြင့် အသည်းစိမ့်သွား၏။ လေနအေးနှင့်အတူပါလာသော တောရိုင်းပန်းရနံ့များကလည်း နှာဝသို့လာမြူသည်။

"လတ်ဆတ်လိုက်တဲ့ တောနံ့တောင်နံ့နယ်၊ ဒီအနံ့နဲ့ပဲ ဒီတောင်ထိပ်လာရတာ တန်ပါပြီ၊ ကျွန်တော်နေတဲ့အရပ်ကတော့ နေ့ရောညပါ အောက်ဆိုဒ် (OXIDE) အနံ့ဆိုးပဲ ရှူနေရတာဗျာ၊ လောကငရဲပါပဲ။ စက်ရုံတွေရှိတဲ့ အရပ်လေ။ ကျောင်းသားဆိုတော့လည်း ဈေးပေါတဲ့အရပ် နေရတယ်မဟုတ်လား။ ဒါကြောင့် နွေရာသီရောက်တိုင်း ကျေးလက်တောရွာတို့၊ ပင်လယ်ကမ်းခြေတို့ ခရီးထွက်ရမယ့်အခွင့်ကြုံတိုင်း လက်မလွတ်တမ်း ယူရတယ်။ ကျောင်းပြန်ဖွင့်ရင် ဒီစက်ရုံက အနံ့ဆိုးတွေ ရှူရဦးတော့မယ်"

ပြင်သစ်ကျောင်းသားသည် တောရိုင်းပန်းနံ့ကို တဝကြီး ရှူလိုက်ပြီး အထက်ပါမှတ်ချက်ကို ချလိုက်ပါသည်။

"ကျွန်တော်လည်း လန်ဒန်မှာ ဒီလို အနံ့ဆိုးနဲ့ ကြုံနေရတာပဲဗျ၊ ဆောင်းတွင်းမှာ စမော့ (Smog) ဆိုတဲ့ နှင်းမြူနဲ့ စက်ရုံကျပ်ခိုးနဲ့ ဓာတ်ငွေ့တွေပေါင်းပြီးထွက်လာတဲ့အခါ တစ်နေရာရွှေ့မသွားဘဲ လေထုတွင် ဟီးလေးခိုးနေကြတယ်။ ဒီတော့ အသက်ရှူကျပ်လာတယ်။ တစ်တောင်အတွင်း ဘာမျှ

မမြင်ရအောင် ပိန်းပိတ်နေတယ်။ မီးရောင်လည်း မတိုးဘူး”

စာရေးသူက လန်ဒန်အတွေ့အကြုံကို ပြောပြမိသည်။

“ကျွန်မရဲ့ ဇာတိရွာကလေးကတော့ စက်ရုံဆိုလို့တစ်ခုမှ မရှိဘူး။ စိုက်ပျိုးရေး၊ မွေးမြူရေးပဲ လုပ်တယ်။ တောတောင်ရေမြေ သဘာဝအနှံနဲ့ကြက်၊ ဘဲ၊ နွား အနှံပဲ ရှိတယ်။ ရေထု၊ လေထု၊ ညစ်ကျယ်မှု (Pollution) မရှိသေးဘူး။ ဘုရားသခင် ဖန်ဆင်းတဲ့အတိုင်းပဲ”

ဂျာမန်သူကလေးက သဘာဝအလှ မြတ်နိုးသူပီပီ၊ သူ့ဇာတိရပ်ရွာသာယာပုံကို ထောမနာပြုလိုက်ပါသည်။

“ဟုတ်တယ်ရှင့်၊ ဒီစက်မှုလုပ်ငန်းတွေ ထွန်းကားလာတာ၊ စက်မှုတော်လှန်ရေးဖြစ်လာတာကြောင့် လူ့အကျိုးပြုမှုတွေများတယ်ဆိုတာကတော့ အမှန်ပါပဲ။ ဒါပေမယ့် မရည်ရွယ်ဘဲ သက်ရောက်လာတဲ့ ဆိုးကျိုးတရားတွေဟာ ကမ္ဘာကြီးပျက်လောက်အောင် ဖြစ်လာနိုင်တယ်။ သဘာဝသယံဇာတတွေ ထုတ်နုတ်သုံးစွဲလွန်းတော့ မြေတွေပြို၊ တောတွေပြုန်း၊ တောင်တွေပဲကျ၊ စက်ရုံဓာတ်အားပေးရုံ၊ ဓာတုဗေဒပစ္စည်းတွေ ထုတ်တဲ့လုပ်ငန်းတွေကြောင့် ရေတွေ၊ လေတွေ၊ ပတ်ဝန်းကျင်တွေ ညစ်ကျယ်ကုန်တယ်။ တချို့စက်ရုံတွေမှာဆိုရင် သစ်ပင်လုံးဝမပေါက်တော့ဘူး။ ကျေးငှက်တိရစ္ဆာန်လေးတွေဟာလည်း မြို့ပတ်ဝန်းကျင်မှာ နေမဖြစ်လို့ ပြောင်းသွားကြပြီ။ ဒါကြောင့် အနာဂတ်ကိုအမွေဆက်ခံမယ့် ကျွန်မတို့ကျောင်းသားတွေက လူ့ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လှပတဲ့ သဘာဝထိန်းသိမ်းရေး လုပ်ကြရမယ်။ တို့လူငယ်တွေ စုပေါင်းလှုပ်ရှားကြဖို့ ဒီ ဆင်မိနာမှာတောင် အဆိုတင်သွင်းချင်သေးတယ်”

ဘူလ်ဂေးရီယန်းမက စိတ်အားထက်သန်စွာ ဝင်ပြောပါသည်။

ထိုအခိုက် ပြင်သစ်ကျောင်းသားသည် တောင်ခါးပန်းတစ်ဝိုက် အလေ့အကျ ပေါက်နေသော တောရိုင်းပန်းများကို လက်ညှိုးထိုးပြရင်း...

“ဟိုပန်းရိုင်းတွေရဲ့ အမည်အားလုံးကို ဘယ်သူပြောနိုင်သလဲ။ ခင်ဗျားတို့က သဘာဝထိန်းသိမ်းရေး ဆွေးနွေးနေကြတယ်။ သဘာဝကို ဘယ်လောက် စိတ်ဝင်စားသလဲ သိရအောင်။ ကိုင်း ပြောစမ်း”

“ကျွန်မကတော့ မြို့သူမို့ နှင်းဆီတို့၊ ကာနေရှင်းတို့ ဒေလီယာတို့ကိုသာသိတယ်။ ဒီတော့ ပန်းရိုင်းတွေတော့ အမှုမဲ့ အမှတ်မဲ့ပဲ”

မြို့ကြီးသူ ဘူလ်ဂေးရီးယားမက ခပ်ရှောင်ရှောင်ပြောသည်။

စာရေးသူသည် ဘိလပ်ရောက်ကတည်းက တောလက်ကျေးရွာသို့ မကြာခဏ ရောက်ဖူးသည်။ ထို့ပြင် လန်ဒန်အနီး ကျူပန်းဥယျာဉ် (Kew Gardens) သို့ မြန်မာဧည့်သည်များကို လိုက်ပို့ရတတ်သည်။ နှစ်စဉ်နွေဦး ပေါက်ချိန်တွင် ကျင်းပလေ့ရှိသော ချားလ်ဆီးပန်းပြပွဲ (Chelsea Flower Show) သို့လည်း မှန်မှန်ရောက်သည်။ ငယ်စဉ်ကတည်းက အင်္ဂလိပ်ပုံပြင်များ၊ ကဗျာများ ဖတ်ရာတွင် အင်္ဂလိပ်တောရိုင်းပန်းအကြောင်း တီးမိခေါက်မိထားသည်။ ထို့ကြောင့် မောင်ပြင်သစ်က စိန်ခေါ်လိုက်သည်ကို ဝင့်စားစွာ လက်ခံလိုက်မိသည်။

"အားလုံးတော့ မသိဘူးဗျာ၊ အတော်များများတော့ ကျုပ်အင်္ဂလိပ်နာမည်နဲ့ သိတယ်။ ဟောဟို ဝါဝါအပွင့်တွေက 'ဒင်ဒိုလိုင်း' ခေါ်တယ်။ ခင်ဗျားတို့ ပြင်သစ်ကတော့ 'ဒင့်လီယွန်း' လို့ အသံထွက်တယ် မဟုတ်လား။ ဒင့်ဆိုတာက သွား၊ လီယွန်က ခြေသုံ့၊ ခြေသုံ့သွားပေါ့။ သူ့အရွက်က ခြေသုံ့သွားလို အချွန်အစွယ်ပုံ ဖြစ်နေတယ်လေ။ ဒီနားက ပြာပြာတွဲလောင်း၊ ကလေးတွေကတော့ ခေါင်းလောင်းပြာပန်း (Blue Bell) ဘလူးဘဲလ် မဟုတ်လား၊ ဒီရှေ့နားကတော့ ပရင်းရို့စ် (Primrose) နှင်းဆီရိုင်းတွေပါ။ မြက်တွေနဲ့ ရောပေါက်နေတဲ့ ဖြူဖြူတွေက (Daisy) ဒေစီပန်းတွေပါ။ နွားကြိုက်တဲ့ပန်းပဲ။ ကျောက်တုံးနားတစ်ဝိုက်မှာ ချဲ့ထွေနေတာကတော့ ဝိုင်အိုလက် (Violet) ပန်း မဟုတ်လား"

"ဟေ့လူ တယ်ဟုတ်ပါလား၊ ခင်ဗျား သစ်ပင်ပန်းပင် အတော်မြတ်နိုးပြီး လေ့လာဖူးတယ် မှတ်တယ်"

"ကျွန်တော်တို့ မြန်မာပြည်ဟာ သဘာဝအလှအပများတဲ့ နိုင်ငံတစ်ခုပါ။ သဘာဝပေါက်ပင်တွေ ပေါတယ်ဗျ။ သဲကန္တာရ မရှိဘူး။ အပူပိုင်း၊ အအေးပိုင်း၊ မိုးများ၊ မိုးနည်းပိုင်းလောက်သာရှိတယ်။ ၁၂ လစလုံး သဘာဝအပင်တွေဟာ ဖူးပွင့်သီးနေကြတာပဲ။ မိုးရေနဲ့ နေစွမ်းအင်ကြောင့် အရောင်အဆင်း အနံ့အရသာလည်း ကောင်းတယ်။ စိုက်ပျိုးရေးနိုင်ငံဖြစ်လို့ စက်မှုလုပ်ငန်းတွေကတော့ မများသေးဘူး။ ဒါကြောင့်လည်း စက်မှုတော်လှန်ရေးရဲ့ အနိဋ္ဌာန်ရုံတွေ သိပ်မတွေ့ရသေးဘူးပေါ့။ ရေထု၊ လေထု၊ ညစ်ကျယ်မှု မဖြစ်သေးဘူး။ မြစ်ချောင်းအင်းအိုင်ထဲက ရေကို ခပ်ယူသောက်သုံးလို့ ရသေး

တယ်။ ငှက်သံ၊ ကျီးသံတွေ ကြားရသေးတယ်။ ရှဉ့်တို့၊ တောက်တဲ့တို့ကို မြင်ရသေးတယ်။ ပြီးတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာယဉ်ကျေးမှုမှာ ကျောင်းကန် ဓရုပ်မဆောက်နိုင်တောင် အရိပ်ရတဲ့ သစ်ပင်စိုက်ရင် ကျောင်းကန် ဓရုပ်ဆောက်သလို ကုသိုလ်ရတယ်လို့ ဆိုထားတယ်။ ဆင်းရဲတဲ့သူဟာ ယုတ်စွအဆုံး အရိပ်ရတဲ့ သစ်ပင်တော့ စိုက်လေ့ရှိကြတတယ်။ ကျွန်တော် ငယ်စဉ်ကတည်းက အိမ်ရှိဘုရားစင်ပေါ်က ညောင်ရေအိုး ပန်းထိုးပန်းလဲ တာဝန်လုပ်ခဲ့ဖူးလို့ ပန်းမန်အကြောင်း သိနေတာလည်း တစ်ကြောင်းပါတယ် ပေါ့"

"အေးဗျာ... ခင်ဗျားတို့ နိုင်ငံမှာတော့ မိုးလည်းကောင်း၊ အပူဓာတ်လည်းရ၊ ဘာသာရေးနဲ့ ယဉ်ကျေးမှုလည်း အထောက်အကူပြုသကိုး။ ကျုပ်တို့ အနောက်နိုင်ငံတွေမှာ စက်မှုထွန်းကားလွန်းလှလို့ ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှု (Material Civilization) ကို အားကိုးလွန်းတယ်။ ဒါကြောင့်လည်း ပညာတတ် လူငယ်တွေဟာ အသင်းအဖွဲ့တွေဖွဲ့ပြီး တောတောင်ရေမြေ သဘာဝထိန်းသိမ်းကာကွယ်ဖို့ ကြိုးစားနေကြရတာ။ ဥပမာ– ဆီရာကလပ် (Sierra Club)၊ ဥယျာဉ်ဝါသနာအသင်း (Gardening Club)၊ တောမီးကာကွယ်ရေးအဖွဲ့ (Fire Watch)၊ ပတ်ဝန်းကျင်သိပ္ပံအသင်း (Ecology Society) တို့ ပေါ့ဗျာ။ အောက်စဖို့မှာဆိုရင် အရုပ်ဆိုးမှု ဆန့်ကျင်ရေးလှုပ်ရှားမှု (Anti Ugly Campaing) ဆိုတဲ့ ဂိုဏ်းဟာ သဘာဝအလှကို ပျက်စီးစေမယ့် စက်ရုံဆောက်ခြင်း၊ အဆောက်အအုံဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ ဆိုင်းဘုတ်၊ ပိုစတာ၊ ဓာတ်တိုင်စိုက်ခြင်းကို ပြင်းပြင်းထန်ထန် ကန့်ကွက်သတဲ့"

ပြင်သစ်ကျောင်းသားသည် အထက်ပါအတိုင်း လူ့ပတ်ဝန်းကျင်သန့်ရှင်းရေးလက်ချာကို အားရပါးရပြောသည်ကို စာရေးသူတို့ နားထောင်ရင်း၊ ဆွေးနွေးရင်း လျှောက်လာကြရာ တောင်ပေါ်တစ်နေရာရှိ မိုးလေဝသစခန်းနှင့် နက္ခတ်ကြည့်မျှော်စင်ကို ရောက်လာကြသည်။ တက်ကြည့်ပြီး တစ်ဖန် ဆက်လျှောက်ကြည့်ရာ 'နေနာရီ' ထွင်းထားသော ကျောက်တုံးကြီးကို တွေ့ရ၍ အမှတ်တရ ဓာတ်ပုံရိုက်ယူသည်။

တောင်ပေါ်တွင် ၂ နာရီနီးပါး ဆွေးနွေးလိုက်၊ စားသောက်လိုက်၊

နောက်ပြောင်လိုက်လုပ်နေကြပြီး နေအစောင်း အအေးဓာတ်ဝင်လာသဖြင့် 'တစ်ထောက်စခန်းက အဘောက်တန်း' လှည့်ပြန်ခဲ့ကြပါသည်။

အဆင်းတွင် ဓာတ်လှေကားက လှောင်ချိုင့်အတွင်း၌ အတွေးကိုယ်စီနှင့် ငြိမ်လာကြသည်။ စာရေးသူ၏ စိတ်အာရုံသည် စစ်အတွင်းက စစ်ခိုလှုံခဲ့သော မန္တလေးတစ်ဖက်ကမ်း မင်းကွန်းတောင်ရိုး တောရချောင်များဆီသို့ ရောက်သွားပါသည်။ ထိုစဉ်က ထင်းခုတ်၊ ရေခပ်၊ မျှစ်ချိုး၊ မန်ကျည်းသီး၊ ဆီးသီးကောက်ရင်း စကား၊ တောစံပယ်၊ ရင်ခတ်၊ ဒဟတ်၊ ယင်းမာ၊ လက်ထုတ်၊ ပိတောက်၊ ဗီဇင်၊ နဘူးနွယ်စသော တောရိုင်းပန်းများကို ကဝကြီး နမ်း၊ တစ်ပွေ့ကြီးချိုး၍ ဘုရားတင်ခဲ့သည်ကို မြင်ယောင်နေမိသည်။

ရုတ်တရက် သင်းပျံ့သောရနံ့ရ၍ တောစံပယ်အထင်နှင့် လှမ်းနမ်းတော့မည်အပြု။ အနားကပ်၍ ရပ်ပါလာသော ဂျာမန်မက နှုတ်ခမ်းဆိုးဆေးတောင့် ထုတ်၍ ဆိုးနေသည်ကို မြင်တော့မှ သူမထံမှ အမွှေးနံ့ဖြစ်ကြောင်း သိရတော့သဖြင့် စာရေးသူ၏ စိတ်အာရုံသည် မင်းကွန်းတောင်ရိုးမှ ပြင်သစ်တောင်ခါးပန်းသို့ ပြန်ရောက်လာပါတော့သည်။

❐

လူပျိုအမေ တည်ခင်းထားတဲ့ နေ့လည်စာ စားပွဲဝယ် ကျွန်တော် အစားထိုး ည့်သည်

ပြင်သစ်တောင်ထိပ်သို့ အလည်ရောက်ပြီး နောက်တစ်နေ့သည် တနင်္ဂနွေနေ့ဖြစ်၍ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ လုံးဝမရှိပါ။ ဘုရားရှိခိုးကျောင်းတက်သူများက တက်ပြီး၊ ခရစ်ယာန်မဟုတ်သော ကျောင်းသားများသည် နံနက်လင်းကတည်းက ကြက်ပျောက်၊ ငှက်ပျောက်၊ ပျောက်သွားကြလေပြီ။ စာရေးသူ၏ အခန်းဖော် ဂျာမန်ကျောင်းသားသည် စာရေးသူကို အဖော်ခေါ်လေ့ရှိသော်လည်း ထိုနေ့က သူတစ်ယောက်တည်း လစ်သွားပြီ။

စာရေးသူသာ အိပ်ရာထနောက်ကျသဖြင့် ထမင်းစားခန်းတွင် တစ်ယောက်တည်း ကော်ဖီခါးနှင့် စားစရာများကိုစားရင်း ကျန်ရစ်သည်။ စားပွဲထိုးသူ ဆွစ်ဇာလန်မလေးသည် လှပသောအေပရွန် (Apron)ဇာခါး စည်းစကို စည်းလျက် ပေါင်မုန့်အသားညှပ်နှင့် ကြက်ဥကြော်များကို စာရေးသူစားပွဲသို့ လာချ၏။

"ဘွန်ဂျူး၊ မစ်ရဲ့ (မင်္ဂလာရှိသော နံနက်ခင်းပါရှင်) အားလုံးထွက်ကုန်ကြပြီ ရှင်တစ်ယောက်တည်း ကျန်နေတာ။ ဒီနေ့ ကျွန်မတို့ မီးဖိုချောင်အလုပ်သမားတွေအားလုံး နေ့အားယူကြမယ်။ ဒါကြောင့် ရှင်တို့ နေ့လည်စာ၊ ညနေစာနှင့် ညစာကို အပြင်မှာပဲ စားကြရမယ်"

"ဩော်... ဟုတ်လား၊ ကောင်းပါပြီခင်ဗျား၊ ဒါကြောင့် ကျောင်းသားတွေစောစော အပြင်ထွက်ကုန်တာထင်တယ်"

"ရှင်ကော... ထွက်မလည်ဘူးလား။ ကျွန်မတော့ ကျွန်မဆွေမျိုးတွေရှိတဲ့ တောင်ပေါ်ရွာကိုသွားမယ်။ ဒီည အဲဒီမှာပဲ အိပ်မယ်။ မနက်ဖြန်မှ ပြန်လာမယ်။ ဒါနဲ့ စကားမစပ် ရှင့်အတွက် ပို့စကတ်တစ်ခုရောက်လာတယ်၊ လန်ဒန်ကရှင့်"

သူမသည် နောက်ခန်းထဲဝင်သွားပြီး ပြန်ထွက်အလာ ပို့စကတ်လေးတစ်ခုကို စာရေးသူအားပေးပါသည်။ ကိုကျော်မြင့် လန်ဒန်မှ ထည့်လိုက်သော ပို့စကတ်ဖြစ်သည်။ သတိရကြောင်းနှင့် အရာခပ်သိမ်းချောမောစေရန် ဆုတောင်းကြောင်း ရေးထားသည်။ ဖော်မပါ မြန်မာတစ်ယောက်တည်း တက်ရသော ဆင်မီနာတွင် မြန်မာတစ်ယောက်ထဲမှ ပို့စကတ် ရောက်လာသည်မှာ အဖော်ရောက်လာဘိသကဲ့သို့ အားတက်သွားသည်။

စာရေးသူသည် တစ်ယောက်တည်း ခြေဦးတည့်ရာထွက်မည်ဟု စိတ်ကူးဖြင့် ကင်မရာနှင့် လွယ်အိတ်ကိုလွယ်ကာ တံခါးဝမှ ထွက်မည်အပြု ဖိယက်ကားဖြူကလေးတစ်စီးသည် ဆင်ဝင်အောက်သို့ ထိုးဆိုက်လိုက်ပြီး နဖူးပြောင်ပြောင် နေကာမျက်မှန်မည်း တပ်ထားပြီး အဖိုးတန်ဝတ်စုံကို သေသပ်စွာ ဝတ်ထားသော ဥရောပသားတစ်ယောက် ရှိုးအပြည့်နှင့် ထွက်လာကာ ပြင်သစ်စကားနှင့် စာရေးသူကို လှမ်းမေးပါသည်။ စာရေးသူက အင်္ဂလိပ်လို တတ်လျင် ပြောပါရန် မေတ္တာရပ်ခံတော့မှ...

"ကျွန်တော့် အင်္ဂလိပ်စကားက မတောက်တခေါက်ပါ။ ဒီမှာ ကိုလုံးမြို့က ကျောင်းသားတစ်ယောက် မလာဘူးလား။ သူ့အမည်က ရီကာဒိုတဲ့။ ကျွန်တော့်တူတော်တယ်။ ဆင်မီနာဖွင့်တဲ့နေ့က လာတွေ့ဖို့ပါပဲ။ ကျွန်တော် အလုပ်များနေလို့"

"ကဲယားတိတကား (Caretaker)အိမ်စောင့်ကို မေးကြည့်ပါလား" ကျွန်တော်တော့ မကြားမိဘူး"

သူသည် အပေါက်ဝရှိ အိမ်စောင့်ကို ခေါ်သော ခလုတ်နှိပ်လိုက်ရာ အိမ်စောင့်အဖွားကြီး ထွက်လာပါသည်။ သူနှင့် အဘွားကြီး အချီအချေပြောပြီးနောက် အဘွားကြီးသည် အခန်းတွင်းမှ ကြေးနန်းစာတမ်းတစ်စောင်ကိုယူပြီး သူ့ကို လှမ်းပေးသည်။ သူ့တူ ကျောင်းသား ရီကာဒိုက ဆင်မီနာမတက်ဖြစ်ကြောင်း၊ အီတလီဘက်ကို သူငယ်ချင်းနှင့် အလည်လိုက်သွား

ကြောင်း၊ ခရစ်စမတ်ရောက်မှ ဦးလေးနှင့်အဘွားတို့ထံ လာတော့မည်ဖြစ်ကြောင်း၊ ကြေးနန်းစာဖြစ်ကြောင်း သူက ပြန်ပြော၍ သိရ၏။

"အင်း... ဒီလိုဆိုရင် အဘွားကြီးတော့ နေ့လည်စားပွဲနဲ့ စောင့်နေတော့မှာပဲ သူ့မြေးကို သိပ်ချစ်တာ။ ဒိန်ခဲ၊ ပူတင်းတို့ကိုလည်း သူမကိုယ်တိုင် လုပ်ထားတာ၊ စားစေချင်မှာပဲ။ တော်တော်ခက်တဲ့ ကောင်းလေပဲ လာမယ်ဆို လာတာမဟုတ်ဘူး"

သူသည် ယင်းသို့ ညည်းလိုက်ပြီး စာရေးသူဘက်သို့ လှည့်ကာ...

"ခင်ဗျား တရုတ်လား၊ ဂျပန်လား၊ ယိုးဒယားလား၊ ဆင်မိနာ လာတက်တာမှတ်တယ်"

"မြန်မာကျောင်းသားပါ၊ လန်ဒန်ကလာပြီး ဆင်မီနာလာ စကားပြောပါတယ်"

"မြန်မာကျောင်းသား ဟုတ်လား၊ ဒီမှာ မြန်မာဆိုလို့ တွေ့ရခဲတယ်။ မြန်မာပြည် အကြောင်းဆိုတာလည်း ကျွန်တော်တို့အဖို့ ကြားရခဲတယ်။ တစ်ခါတစ်ခါတော့ တယ်လီဗေးရှင်းမှာ သတင်းကား ပါလာတတ်ရဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"တွေ့ရတာ ဝမ်းသာပါတယ်။ ခင်ဗျားတူ မလာဖြစ်တာတော့ ဝမ်းနည်းစရာပဲ။ လာဖြစ်ရင် ကျွန်တော်နဲ့ မိတ်ဆွေဖြစ်ချင်ဖြစ်သွားဦးမှာ၊ ဒီမှာ ဇရပ်အိမ်ကြီးမှာတည်းတဲ့ ကျောင်းသားတွေကတော့ နိုင်ငံစုံတယ်။ ရင်းလည်း ရင်းနှီးကြတယ်။ ကဲ...ကျွန်တော့်ကို ခွင့်ပြုပါဦးနော်။"

စာရေးသူသည် ပြောပြောဆို နှုတ်ဆက်ပြီး ထွက်လာခဲ့ပါသည်။ တစ်ဖာလုံလောက် လျှောက်မိသောအခါ ကားဖြူသည်နောက်မှ ဝူးခနဲ ထိုးဆိုက်လိုက်ပြီး နေကာမျက်မှန်တပ်သူ ဆင်းလာကာ...

"တစ်ဆိတ်ကလေးခင်ဗျား၊ စပ်စုတယ်လို့တော့ မထင်ပါနဲ့။ ဘယ်သွားမလို့လဲ"

"အစီအစဉ်မရှိပါဘူး၊ ခြေဦးတည့်ရာ လျှောက်မယ်လို့၊ ညမှပဲ ပြန်ရမယ်၊ ဆန်းဒေးဆိုတော့ အပြင်မှာ စားကြရမှာပါ"

"ဒါဖြင့် ကျွန်တော်က ဧည့်ဝတ်ပြုပါရစေလား၊ ကျွန်တော့်အမေကြီးကလည်း နေ့လည်စာခင်းပြီး စောင့်နေတယ်။ သူ့မြေး မပါလာလို့ စိတ်

ကောင်းမှာ မဟုတ်ဘူး။ ဒီတော့ ခင်ဗျားပဲ ကျွန်တော်တို့နဲ့ နေ့လည်စာ လိုက်စားပါ။ ကျွန်တော့်တူကလည်း ခင်ဗျား အရွယ်ပဲ။ ပြီးတော့လည်း ဂျနီဗာတစ်ဝိုက် ကားနဲ့ လိုက်ပြပါ့မယ်။ ဒီနေ့အဖို့ ခင်ဗျားဟာ ကျွန်တော်တို့ သားအမိရဲ့ ဧည့်သည်ပေါ့၊ လက်ခံနိုင်ပါ့မလား"

စာရေးသူသည် ရုတ်တရက် အံ့အားသင့်မိသည်။ လူကောင်းလား၊ လူဆိုးလား အကဲခတ်သလိုဖြစ်နေရာ သူက အိတ်ထဲက သူ့လိပ်စာကတ်ပြားနှင့် မှတ်ပုံတင် ကတ်ပြားကို ထုတ်ပြပြီး...

"ကျွန်တော့်ကို ဂျနီဗာတစ်မြို့လုံးက သိပါတယ်။ သွားစိုက်ဆရာဝန်ပါ။ ပိအဲဒူရီဆင့်လို့ ခေါ်တယ်။ ဂျနီဗာကို ရောက်လာတဲ့ နိုင်ငံခေါင်းဆောင်ကြီးတွေ သွားနာရောဂါထလာရင် ကျွန်တော့်ဆီပဲ လာကြပါတယ်"

စာရေးသူသည် အတော်အားနာသွားသည်။ လူကောင်းသူကောင်းက စေတနာနှင့် ဖိတ်မှန်းသိလာသည်။ ထို့ပြင် သူတို့ဆီက သက်ရှယ်ကြီးသူတို့သည် စကားပြောဖော်ရွှတတ်သည်။ သူတို့ နေ့လည်စာ စားပွဲတွင် သူ့အမေ၏မြေး၊ သူ၏ တူနေရာတွင် စာရေးသူအား အစားထိုးလိုသော သဘောလည်းရှိသည်။ တစ်ရပ်တစ်ကျေးက ကျောင်းသားဖြစ်၍လည်း စိတ်ဝင်စားဟန်တူသည်။ ထို့ကြောင့် သူ့ဖိတ်ခေါ်မှုကို လက်ခံကာ ကားပေါ်သို့ အငြိမ့်သား ပါသွားပါသည်။

'ပီအဲ' သည် သူ့ ကားကို စတိုင်ပါပါ ကျွမ်းကျင်စွာ မောင်းရင်း စီးကရက်ဘူးထုတ်၍ စာရေးသူကို ကမ်းသည်။ မသောက်တတ်ကြောင်း ပြောသောအခါ...

"ခင်ဗျားက ကျွန်တော်ထင်သလိုပဲ အတော်ရိုးတာပဲ" ဟု ပြန်ပြောပြီး၊ သူ့ဘာသာ တစ်လိပ်ကိုဖွာရင်း သူနှင့် သူ့အမေအကြောင်း ပြောပြပါသည်။

သူ့အမေမှာ အသက် (၇၀) ကျော် အဘွားကြီးဖြစ်ပြီး သားအကြီးက မွေးသော မြေးဦး ရီကာဒိုကို အလွန်ချစ်ကြောင်း၊ သို့သော် သားငယ်ဖြစ်သူ သူ့ကိုမူ အလွန်အားကိုး၍ သူနှင့်သာ အတူနေခဲ့ကြောင်း၊ ဖခင်ဖြစ်သူမှာ တောင်စောင်း နှင်းကျချိန် စကိတ်လျှောစီးရင်း လိမ့်ကျသေဆုံးခဲ့ပြီဖြစ်ကြောင်း၊ သူ့အစ်ကိုမှာ ကိုလွန်မြို့တွင် နာရီဆိုင်ဖွင့်ပြီး ကြီးပွားနေကြောင်း၊ သူ့မှာမူ

အသက် (၃၆) နှစ်ရှိပြီး လူပျိုကြီးဖြစ်ကြောင်း၊ သွားဆရာဝန်ပညာသင်ပြီး ဆေးခန်းဖွင့်ထားရာ အတော်ကြီးပွားလာကြောင်း၊ မိခင်ကို ငဲ့၍ မိန်းမယူရေး၊ နှောင့်နှေးနေကြောင်း၊ သူ့အကြိုက်၊ မိခင်အကြိုက် ဘက်စုံသောမိန်းမရရန် မလွယ်ကြောင်း၊ မိခင်ကြီးတစ်သက်တွင် ယူဖြစ်တော့မည် မဟုတ်ကြောင်း ပြောပြရှာသည်။

ခုမှတွေ့သော်လည်း မိတ်ဆွေဟောင်း ပြန်တွေ့ရသလို အကြောင်းစုံ ဇာတ်ခင်းနေသည်ကို စာရေးသူ အံ့သြမိသည်။ လူတို့ မည်သည် မိမိတို့ ကျိတ်၍ ခံစားချက်ကို ပုံစံအမျိုးမျိုးနှင့် ဖော်ထုတ်တတ်သည်။ ပန်းချီ၊ ပန်းပု၊ ကဗျာ၊ လက်ာ၊ ဝတ္ထု၊ စာပေ၊ တေးဂီတ စသည်တို့နှင့် ဖော်တတ်သည်။ ယခု ပီအဲသည် သူ့ခံစားချက်ကို စကားနှင့် ဖော်ထုတ်နေခြင်းဖြစ်၏။

"ခက်တာက ကျွန်ဆော်က မိခင်ကြီးကို ချစ်ရုံမကဘူး။ ကြင်နာတယ်၊ သနားတယ်၊ သူ့ခင်ဗျာ အိုချိန်မှာ အဖော်မဲ့သွားတာကိုး။ ကျွန်တော်မိန်းမယူရင် သူ့ကို ဂရုမစိုက်တော့မှာ စိုးရိမ်ရှာတယ်။ ပြီးတော့ ကျွန်တော်ရတဲ့ မိန်းမက သူ့လောက် ဟင်းထမင်း ကောင်းကောင်းချက်ပြီး ကျွန်တော့်ကို ကျေးတတ်ပါ့မလားလို့ ပူပင်သေးတယ်"

❐

စည်းစိမ်ရှင်လောကမှာ တစ်နေ့တာ

ကားသည် လမ်းကွေ့ လမ်းကောက်များအတိုင်းလာရင်း တောင်ခါးပန်းတစ်ခုသို့ တက်လာသည်။ လေအေးကလေး သုတ်ဖြူးလာရာ၊ အမြင့်သို့ ရောက်လာကြောင်း သတိပြုမိသည်။ မကြာမီ လှပသာယာသော ဥယျာဉ်ကလေးအတွင်းသို့ ဝင်လာပြီး ဆင်ဝင်အောက်သို့ ထိုးရပ်လိုက်ရာ အယ်လ်ဇေးရှင်း ခွေးကြီးက ပတက်ရပ်ပြီး ဆီးနှုတ်ဆက်သည်။

ခွေးကြီးကိုမြင်လျင်မြင်ချင်း စာရေးသူ ကြက်သီးထမိသည်။ ပီအဲက ပြင်သစ်စကားနှင့် လှမ်းပြောရာ ခွေးကြီးသည် စာရေးသူထံ အမြီးနှဲ့လာပြီး လက်ပေးသည်။ စာရေးသူကာ ကိုင်ဝံ့ဖို့ဝေးစွ ကားထဲမှပင် မထရဲဖြစ်နေပါသည်။

ပီအဲကိုယ်တိုင် တံခါးဖွင့်ပြီး စာရေးသူကို လက်ဆွဲခေါ်လာပါသည်။ ကားသံနှင့် ခွေးသံကြားကတည်းက ပီအဲအမေသည် တံခါးဖွင့်စောင့်နေသည်။ အသက် (၇၀) ကျော် အဘွားအို‌ဖြစ်သော်လည်း အရွယ်တင်ပြီး အလှပြုပြင်ထားသူဖြစ်၍ (၅၀) ကျော်ခန့်ထင်ရသည်။ ကျန်းမာရေးကောင်းပြီး အထက်တန်းလွှာတို့၏ စည်းစိမ်အပြည့်အဝရသော အဘွားကြီးဖြစ်ကြောင်း မြင်ရုံနှင့် သိသာသည်။ ပီအဲသည် ဆွစ်ဘာသာနှင့် လှမ်းပြောလိုက်ရာ စာရေးသူကို လက်ဆွဲနှုတ်ဆက်ပြီး ကြိုဆိုပါသည်။

ပီအဲတို့ သားအမိနေသောတိုက်အိမ်မှာ တောင်ခါးပန်းကို ထွင်းဆောက်ထားသည်။ အလွန်လှသည်။ အိမ်တွင်း၌လည်း အလှအပ အနုပညာလက်ရာပစ္စည်းများနှင့် ဆင်ယင်ထားရာ စာရေးသူအဖို့ ပြတိုက်ထဲရောက်

လာရသလားဟု ထင်မိသည်။ ဧည့်ခန်းရှိ မွေးပွကော်ဇောကြီးမှာ ပတ္တမြား ရောင်ထနေသည်။ တရုတ်ကြွေအိုးကြီးထဲမှ ကျူးလစ် (Tulip) ပန်းမျိုးစုံတို့ သည်။ ပြောင်လက်နေသော အောက်ခံ မဟောဂနီစားပွဲ၌ ရောင်ပြန်ဟပ်နေ သည်။ ထောင့်တွင် စန္ဒရားကြီးတစ်လုံးနှင့် နောက်ပိုင်းတွင် ခေါမနတ် မိသောကြာ (Venus) ကိုယ်လုံးတီးနတ်ရုပ်က စီးကြည့်နေသည်။ အစ်တာလျံ မာဘယ်လ်ကျောက်သားနှင့် ထုထားသဖြင့် ဖွေးနေသည်။ စားပွဲပေါ်တွင် ဝိုင်ချို၊ ဝိုင်ခါးမျိုးစုံထည့်ထားသော ဖန်ဘူးကြီးများနှင့် ဝိုင်ခွက်များ၊ စီးကရက် ဘူးတို့ကို တွေ့ရသည်။

ဧည့်ခန်းတွင် သုံးဦးသားရင်ဆိုင်ထိုင်မိသောအခါ စာရေးသူနှင့် အဘွားကြီးတို့ နှစ်ဦးကြား ပီအဲက စကားပြန်လုပ်ပေးသည်။ အဘွားကြီး သည် စာရေးသူကို အကဲခတ်ကြည့်ရင်း ခင်မင်လာဟန်တူပါသည်။ မြန်မာ ပြည်နှင့် မြန်မာလူမျိုးအကြောင်း မြန်မာအမျိုးသမီး ဝတ်ဆင်ပုံ၊ မိုးကုတ် ပတ္တမြားအကြောင်း၊ ကျွန်းနှင့် ဆင်စွယ်လက်ရာများအကြောင်း စုံနေအောင် မေးသည်။

"ကျွန်တော့် အမေက အိမ်တွင်းကအိမ်ပြင်ထွက်ခဲတယ်။ ဒါပေမယ့် ဒေါ်စပ်စုကြီးဗျ၊ စာဖတ်၊ တယ်လီဗေးရှင်းကြည့်နဲ့ ကမ္ဘာအကြောင်း ကျွန်တော့် ထက် ပိုသိတယ်။ စကားလည်း အလွန်ပြောချင်တယ်။ တစ်နေ့တစ်နေ့ စကားပြောဖက်သာ မျှော်နေတယ်။ မိတ်ဆွေလာရင် သူပဲ စီးပြီး စကားပြော တာပဲ"

"လူကြီးဆိုတာ ဒီလိုပါပဲ၊ ဘိလပ်မှာ သက်ကြီးရွယ်အိုတွေနဲ့ ကျွန်တော် တွေ့ကြုံဖူးပါတယ်။ ကျွန်တော် လေပေး ဖြောင့်တတ်ပါတယ်"

"ကောင်းပါတယ်ဗျာ၊ ဝမ်းသာပါတယ်၊ ဒါဖြင့် ကျွန်တော့်ကို ခဏ ခွင့်ပြုဦး၊ နေ့လည်စာ အဆင့်သင့်ဖြစ်ပြီလား လို့ ကြည့်လိုက်ဦးမယ်"

ထိုအခိုက် အိမ်တွင်းမှ စားပွဲထိုးတစ်ဦးထွက်လာပြီး၊ ဦးညွှတ်ကာ အဘွားကြီးကို လှမ်းပြောပါသည်။ နေ့လည်စာ အဆင့်သင့်ဖြစ်ကြောင်း ပြောဟန်တူသည်။

"ကဲ...လာ...မစ္စတာညွှန့်၊ စားလိုက်ကြဦးစို့၊ ကျွန်တော့်အမေ စီစဉ် ထားတဲ့ နေ့လည်စာပဲ (Pot Luck) ကဲကောင်းရင် ခံတွင်းတွေ့မယ်ပေါ့"

စာရေးသူကို ရီကာဒို ထိုင်နေကျ ကုလားထိုင်တွင် ထိုင်ခိုင်းသည်။ ကုလားထိုင် ကျောဘက်နံရံတွင် ရီကာဒို၏ ပုံတူပန်းချီကား ချိတ်ထားသည်။ အဘွားကြီးက လက်ညှိုးထိုးပြီး...။

"အဲဒါ ငါ့မြေး ရီကာဒိုပေါ့၊ မင်းအသက်လောက်ပဲ၊ ဒါပေမယ့် ကောင်လေးက အရပ်အမောင်းထွားတယ်"

ဆံပင်ကောက်ကောက်၊ မျက်လုံးပြာပြာ၊ ရုပ်ချောချော၊ နူတ်ခမ်းပါးပါး လူပျိုကလေးပုံတူကို တွေ့ရသည်။ အဘွားကြီး၏ အသည်းကျော် အချစ်တုံးဖြစ်မည်ကား မဆန်းလှပါ။

မကြာမီ စားပွဲထိုးက ခရမ်းချဉ်သီး ချဉ်ရည်ခွက်ချလာသည်။ ပေါင်မုန့်ညှို၊ ဒိန်ခဲ၊ ထောပတ်တို့မှာ စားပွဲအလယ်တွင် ငွေခွက်နှင့် ထည့်ပုံထားသည်။ ဝိုင်ခွက်ထဲတွင် ဝိုင်ဖြူ၊ ဝိုင်နီ တစ်ခွက်စီပြည့်နေသည်။ အဘွားကြီးကစပြီး...

"ကိုင်း... စ စားကြပါကွယ်။ ဘွန်းအက်ပီတိ (Bon Appetite) အရသာ တွေ့ကြပါစေ။ အဲဒီ ဒိန်ခဲနဲ့ ဝိုင်ဖြူမြည်းကြည့်စမ်း၊ ငါလုပ်တဲ့ ဒိန်ခဲကွယ်၊ ရီကာဒိုအကြိုက်ပေါ့။ မင်းလည်း အဝစားစမ်း"

မြေးအစားထိုးဘဝ ရောက်နေသော စာရေးသူသည် အဘွားကြီး ကမ်းပေးသော ဒိန်ခဲကို စားကြည့်ရာ အလွန်နူးညံ့ပြီး ဆိမ့်လှသည်။ နည်းနည်းညှိနှံ့ရ၍ ဝိုင်ဖြူနှင့် ကျိုက်ချရသည်။ အအေးစာ (Cold Food) များဆက်ရောက်လာသည်။ မန္တရာသီတွင် ဥရောပသားတို့သည် ရေခဲစိမ်သားငါး၊ ဟင်းသီးဟင်းရွက်များကို အအေးစာအဖြစ် စားကြသည်။ ရေခဲစိမ်ငါးချဉ်တုံးနှင့် ဟင်းရွက်များသည့်နောက် ဟဲမ်ခေါ် ဝက်ပေါင်ခြောက်၊ ပုစွန်၊ ပဲသီး၊ ဘဲဥပြုတ်၊ ကြက်သွန်အချဉ်စိမ်၊ ဂေါဖီပန်း၊ ခရမ်းချဉ်ဆော့နှင့် မတ်စတတ် (Mustard) ခေါ် တို့စရာ ကြက်သွန်ဖြူထောပတ်ဖျော်ရည်တစ်မျိုး ကျွေးပါသည်။ နောက်ဆုံးတွင် သီးစုံဝိုင်ချိုနှင့် ရေခဲမုန့်တို့ကို အချိုပွဲအဖြစ်ပေးသည်။ စာရေးသူသည် ဆာဆာနဲ့ ဗိုက်ကားအောင် စားလိုက်မိသည်။ အဘွားကြီးငဲ့ပေးသော ဝိုင်နှင့် ကမ်းသော ဒိန်ခဲများကို အားနာပါးနာစားမိရာ ရီတိတိအစ်တစ်တစ်ဖြစ်လာပါသည်။

"ကဲ... လာ ခြံထဲဆင်းလျှောက်ရအောင်၊ ပြီးတော့ လက်ဖက်ရည်ဆောင်ထဲမှာ အဝသောက်ကြတာပေါ့"

ပီအဲက ခေါင်းဆောင်ခေါ်သဖြင့် လိုက်ပါသွားသည်။ လှပသော မြက်ခင်းနှင့် ပန်းရံကလေးများ၊ ခိုအိမ်အလေးများနှင့် ခိုပျံဇနီးမောင်နှံ၊ ရေသူမ ပုံကြွေးရုပ်ကလေး၏ ပါးစပ်မှ ရေပန်းပွားကလေး ပန်းထွက်နေသည်ကို တွေ့ရသည်။

ပီအဲတို့သားအမိ ဤမျှပြည့်စုံနေသည်ကို အားကျမိသည်။ သူတို့ဘဝကား၊ သာယာလှပါဘိဟု အောက်မေ့ရင်း...

"ခင်ဗျားတို့ အိမ်ရောက်ရတာ စိတ်ချမ်းသာလိုက်တာ၊ ဂျနီဗာလို ငြိမ်းချမ်းရေးမြို့ကြီးမှာ မြို့ပြင်တောင်ခါးပမ်းမှာ ခုလိုအိမ်လှလှ၊ ခြံလှလှလေးနဲ့ နေရတာ လောက စည်းစိမ်ပဲပေါ့ ပီအဲရယ်"

"ခင်ဗျားအဖို့တော့ ဟုတ်ပါလိမ့်မယ်၊ ကျွန်တော့်အဖို့တော့ ပျင်းစရာကြီး၊ နွေရာသီဧည့်စုံလာချိန် (Tourist Season) သာ ပျော်စရာလိုလို ဖြစ်တာပါ။ ဆောင်းဆိုရင် နှင်းဖုံးပြီး တစပြင်လို ငြိမ်ဆိတ်နေတာ၊ ငြီးငွေ့ရုံသာမက၊ စိတ်ချောက်ချားစရာကြီး၊ ကျွန်တော့်အဖို့တော့ ဒီအမေ၊ ဒီအိမ်နဲ့ပဲ အရိုးထုတ်ရမှာပါ"

ယင်းသို့ပြောရင်း၊ ပီအဲ၏ ရင်တွင်းခံစားမှုသည် သူ့မျက်နှာပေါ်ဝယ် ယှက်သန်းလာသည်။ သူ့တွင် ပညာ၊ ဥစ္စာဓန ပြည့်စုံပါသည်။ သို့သော် မိခင်၏ လွန်ကဲလှသော ချစ်မှုတွယ်တာမှု၊ ပိုင်ဆိုင်မှုလောင်းရိပ်မိနေသည်။ သူ့ကို မိခင်က ရင်ခွင်ပိုက် သားကလေးအဖြစ်သာ မြင်နေသေးသည်။ ချစ်လွန်းသဖြင့် တစ်ကိုယ်ကောင်းဆန်သော ပိုင်ဆိုင်မှုဘက် ရောက်နေဟန် တူသည်။ မျက်စေ့အောက်မှ အပျောက်မခံဖြစ်နေသည်။ ပီအဲသည် သူ့အပေါ် စုပြုံနေသော မိခင်၏အချစ်ကို သူ့တူ ရီကာဒိုအား မျှယူခံစေချင်သည်။ ရီကာဒိုသာ သူတို့နှင့် လာနေပါက မိခင်၏ အချစ်ဒဏ်ပိုမှုသည် ရီကာဒိုအပေါ် သို့ ပြောင်းသွားဖွယ်ရှိသည်။ အနည်းဆုံး တူဝရီးနှစ်ဦး မျှခံရလျှင် သူသက်သာပေမည်။ သို့သော် ရီကာဒိုကား ခေတ်လူငယ်လေးပီပီ၊ မည်သူ၏ ပိုင်ဆိုင်မှုညွှတ်ကွင်းထဲမှ မကျဆင်းလို၊ လူလွတ် စိတ်လွတ်နေလိုသည်။

သုံးဦးသားလျှောက်လာရင်း လက်ဖက်ရည်ဆောင် အတွင်းသို့ ဝင်လာကြသည်။ စားပွဲပေါ်၌ အသင့်ပြင်ပေးထားသော ကော်ဖီခါးပူပူကို ယူမော့ရင်း ပီအဲက...

"ခင်ဗျား ဆင်မိနာပြီးရင် ပြန်တော့မှာလား၊ အစီအစဉ်မရှိရင် နှစ်ပတ်လောက် ဒီမှာလာနေပါလား ကျုပ်တို့ဧည့်သည်ပေါ့"

"ဟုတ်သားပဲ၊ ရိကာဒို အိပ်တဲ့အခန်းပေးမယ်၊ ငါနဲ့လည်း စကားပြောဖော်ရတာပေါ့"

"ခင်ဗျားနေမယ်ဆိုရင် ကျွန်တော်လည်း ပါရီကို ခဏလစ်သွား နိုင်တယ်"

"ခင်ဗျားတို့ ဖိတ်ခေါ်တာကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဝမ်းနည်းစွာနဲ့ ငြင်းရပါမယ်။ ကျွန်တော် သတ်မှတ်ထားတဲ့အချိန်မှာ လန်ဒန် ပြန်ရောက်ရမှာပါ"

ထိုနေ့ တစ်နေ့လုံးနီးပါး၊ စာရေးသူကို အဘွားကြီး ဧည့်ခံရှာသည်။ အိမ်တွင်းအိမ်ပြင် လိုက်ပြသည်။ မိသားစု ဓာတ်ပုံ အယ်လ်ဘမ်များ ပေးကြည့်သည်။ သူမ ငယ်စဉ်ကပုံများ၊ လက်ထပ်စဉ်က ပုံများကိုပြသည်။ စန္ဒရားတီးပြသည်။ ဒိန်ခဲလုပ်ထားသော အိုးများကို ပြသည်။ ပထမ စိတ်ဝင်စားသော်လည်း ကြာလာသောအခါ ငြီးငွေ့ငိုက်မြည်းလာသည်။ ပီအဲ၏ ခံစားမှုကို နားလည်စာနာမိသည်။

စာရေးသူနှင့် အဘွားကြီး စကားလက်ဆုံကျနေခိုက် သူသည် ကားနှင့် အပြင်လစ်သွားပြီး ပြန်လာရာ နှင်းဆီပန်းတစ်စည်းပါလာသည်။ သူ့မိခင် အိပ်ခန်းတွင်းရှိ ပန်းအိုးတွင် ပန်းလဲစိုက်ထိုးပေးလိုက်သည်။

"မစ္စတာညွန့်၊ အပြင်ထွက်လည်ကြစို့။ နေစောင်းပြီ၊ ညစာတော့ လေယာဉ်ကွင်းက ဆိုင်မှာစားမယ်၊ ဖုန်းဆက်ပြီး ရိဇတ်လုပ်ထားပြီ"

သူ့မိခင်ကိုလည်း ဆွစ်စကားနှင့် ပြောရာ အဘွားကြီးသည် ကျေနပ်ဟန် မရှိသော်လည်း သားကိုချစ်၍ ခေါင်းညိတ်သည်။

❐

သေခါနီးဆိတ်မကြီး၏ အမှာစကား

ပီအဲနှင့် စာရေးသူသည် ကားတစ်စီးနှင့် ဂျနီဗာတစ်ခွင် ပြိုပြစင်အောင် လည်ကြပါသည်။ ခေါ်ရာပါနေသော စာရေးသူအဖို့ မြင်သမျှတွေကို ပါးစပ် အဟောင်းသားနှင့်သာ အံ့သြနေရသည်။ ပီအဲသည် တောသားကို မြို့ပေါ် ခေါ်ပြရသော မြို့သားကဲ့သို့ ပျော်နေသည်။ ကာဆီနို (Casino)ခေါ် အရက်သောက်ပြီး လောင်းကစား လုပ်သောနေရာ ခေါ်သွားပြန်ရာ၊ သောက်စား ကစားနေသူတွေကို မြင်ရ၍ ထူးဆန်းနေသည်။ ပီအဲက စာရေးသူကို ကြည့်ပြီး ရယ်လိုက်ကာ...

"ကျွန်တော် ခင်ဗျားကို ကြည့်ရယ်တာ လှောင်တာမဟုတ်ပါဘူး။ ခင်ဗျားပုံပန်း (Reaction)ကို သဘောကျလို့ပါ။ ကဲ... အချိန်လည်း နောင်းနေပြီ၊ လေယာဉ်ကွင်း စားသောက်ဆိုင်သွားကြစို့"

ပီအဲ ခေါ်လာသော ရက်စတောရန့် စားသောက်ဆိုင်မှာ ပတ်ပတ်လည် မှန်ကာထားသော ဆိုင်ဖြစ်သည်။ အပြင်ကမြင်ကွင်းကို အတွင်းက ဒိုးယို ပေါက်မြင်ရသလို၊ အပြင်မှလည်း ဆိုင်အတွင်းသို့ လိုက်ကာချမထားပါက ထုတ်ချင်းပေါက် မြင်ရသည်။ စာရေးသူတို့ကဲ့သို့ မြို့ပြင်ထွက်၍ ရှုခင်းသာကို ကြည့်ရင်း လာရောက် စားသောက်ကြသူများနှင့် ပြည့်နေသည်။ ပီအဲနှင့် စာရေးသူတို့သည် ဧည့်ကြို 'အပ်ရာ' (Usher) ခေါ်ရာသို့ လိုက်သွားရာ၊ နှစ်ယောက်ထိုင်စားပွဲသို့ ရောက်သွားသည်။ စားပွဲလယ်တွင် လှပသော ဖယောင်းတိုင်စိုက်ခွက်နှင့် ဖယောင်းတိုင်ရှိရာ စားပွဲထိုးက မီးထွန်းလိုက်ပြီး မီးနှူး (Menu) ခေါ် ဟင်းလျာစာရင်းကို ပီအဲလက်သို့ ကမ်းသည်။

"ခင်ဗျား အစားအသောက်နဲ့ ပတ်သက်လို့ ရှောင်တာများ ရှိသလား"

"မရှိပါဘူး၊ တွေ့ရာစားပါတယ်"

"ဒီလိုဆို တောင်ဒရယ်သားကျွေးရမယ်။ ဒီမှာတော့ အထူးဟင်းလျာ တစ်ခွက်ပဲ၊ အလွန်နူးညံ့ပြီး ဆိမ့်ချိုတယ်"

ပီအဲပြောသော တောင်ဒရယ်သားဟင်းခွက် ရောက်လာရာ ဟင်းလျာနဲ့ သင်းလှသဖြင့် စားချင်စိတ်ပေါက်လာသည်။ ပီအဲသည် သားလှီးဓားနှင့် ခက်ရင်းကို ကျွမ်းကျင်စွာကိုင်ပြီး အသားတုံးကို မွန်းလှီးလိုက်ရာ သွေးနီများ ထွက်လာသဖြင့် စာရေးသူ တွန့်သွားမိသည်။ စာရေးသူ မူပျက်သွားသည်ကို သူက အကဲခတ်မိလေပြီ။ စာရေးသူကလည်း သူ့လို အသားတုံးကို လှီးလိုက်ရာ သွေးများ ယိုစီးထွက်လာသဖြင့် တန့်သွားသည်။

"ဒီအသားမျိုးကို ဒီလိုပဲ မကျက်တကျက် (Underdone) စားလေ့ရှိကြတယ်။ ဒါပေမယ့် ခင်ဗျားမစားနိုင်ရင် သံလွင်ဆီနဲ့ ကြော်ပေးပါ့မယ်"

"ကျွန်တော် ဒီသွေးတွေမြင်တော့ တောင်ဒရယ်လေးကို မြင်ယောင်လာတယ်။ ဒီတော့ သွေးစိမ်းရှင်ရှင်ထွက်နေတဲ့ သူ့အသားကို ကျွန်တော့် ပါးစပ်ထဲမှာ ဘယ်လိုမျိုး ချရမလဲ မသိဘူး"

"ဟား...ဟား...ဟား၊ ခင်ဗျားက သိပ်ကြင်နာတတ်တာကိုး၊ ဗုဒ္ဓဘာသာ တစ်ယောက် ပီသပါပေတယ်"

"ဒီလောက်အထိလည်း အထင်မကြီးနဲ့ဦး၊ ဗုဒ္ဓဘာသာပီသရင် အနည်းဆုံး ငါးပါးသီလတော့ လုံခြုံတယ်၊ တချို့ သက်သတ်လွတ်စားကြတယ်"

ပီအဲသည် စားပွဲထိုးအားလှမ်း၍ တစ်စုံတစ်ရာပြောလိုက်ရာ ဓာတ်ငွေ့မီးဖို၊ ဒယ်အိုး၊ ဘူးခွက်များကို ယူလာသည်။ ပီအဲသည် မီးဖိုပေါ် ဒယ်အိုးများတင်ပြီး၊ သံလွင်ဆီတွင် စာရေးသူပန်းကန်ထဲမှ တောင်ဒရယ်သားတုံးများကို ထည့်လိုက်သည်။ ရှန်ပိန်အရက်နှင့် ငရုတ်ကောင်းများကိုလည်း အသားတုံးများပေါ် လောင်းထည့်လိုက်သေးသည်။ ဂေါ်ဖြာနှင့် ကျင်လည်စွာမွှေပြီး အသားတုံးများကို အိုးကင်းပူတိုက်သည်။ ပြီးလျှင် စာရေးသူ ပန်းကန်ထဲသို့ထည့်ကာ အစားခိုင်းပါသည်။ သူ့ပန်းကန်ထဲမှ အသားတုံးများကိုလည်း အလားတူကြော်ပြန်သည်။

"ကျွန်တော့်ကြောင့် ခင်ဗျားအသားတုံးတွေကို မကြော်ပါနဲ့။ ခင်ဗျားကြိုက်သလို စားပါ"

"မဟုတ်ဘူး၊ ကျွန်တော်လည်း ခင်ဗျားလိုပဲ။ တောင်ဒရယ်လေးကို မျက်စိထဲမှာ မြင်လာတယ်။ မျက်ရည်တွေဝိုင်းလို့ပဲ။ ဒီတော့ ဒီသွေးတွေနဲ့ တော့ မျိုကျမှာမဟုတ်ဘူး။ ခင်ဗျားက စပြောတော့ ကျွန်တော့် အဖေပြောတဲ့ အဖြစ်အပျက်ကလေး သွားသတိရမိတယ်"

"ဘယ်လိုပါလိမ့်ဗျာ"

"ပထမကမ္ဘာစစ် မဖြစ်မီကလေးကတဲ့။ ဆွစ်လူမျိုးနဲ့ ဩစတြေးယန်းလူမျိုး တောင်တက်သမားခြောက်ဦးဟာ အိန္ဒိယမြောက်ဘက်စွန်းရှိ ဟိမဝန္တာတောင်တန်းတွေဆီ တောင်တက်ဖို့ ရောက်သွားကြသတဲ့။ သူတို့အထဲမှာ ဆွစ်လူမျိုးအရစ်ဆိုတဲ့သူဟာ တောင်တက်ရုံမကဘူး၊ နာမည်ကျော် မုဆိုးကြီးဆိုပဲ။ အာဖရိက၊ ဆာဟာရီတောနက်ကြီးတွေမှာတောင် သွားပြီး ပြောင်ကြီးတွေ ပစ်ခတ်၊ အစွယ်တွေယူနိုင်အောင် စွမ်းသတဲ့ဗျာ။ သူ့အိမ်မှာဆိုရင် သူပစ်တဲ့ တောရိုင်းသတ္တဝါတွေရဲ့ ခေါင်းတွေ၊ ချိုတွေ၊ အစွယ်တွေ၊ ဆေးစိမ် အစာသွင်းရုပ်တွေ စုံနေတာပဲတဲ့။ သူ့ကို ဘွဲ့တံဆိပ်တွေ ချီးမြှင့်ရတာ ခဏခဏပဲတဲ့ဗျာ။ အဲဒီတောင်တက်အဖွဲ့ဟာ သူ့အားကိုးပြီး အသားဘူး၊ ရိက္ခာတောင် များများမယူသွားဘူးတဲ့။ ခရီးစဉ်တစ်လျှောက်လုံး အီရစ်ပစ်ခတ်ပေးတဲ့ တောသားကောင်တွေ မီးကင်ပြီး အရက်နဲ့စားလာခဲ့ကြသတဲ့။

ဒါနဲ့ သူတို့အဖွဲ့ဟာ သုံးလလောက်ကြတော့ တောကျွဲလာပြီး လူစုကွဲသွားသတဲ့။ အီရစ်ပါတဲ့ လေးယောက်အစုဟာ ဟိမဝန္တာတောင်ရိုး အလိုက်လိုက်လာပြီး တောင်ထွတ်တစ်ခုကို ကျော်ကြဖို့ တက်လာတာ နှင်းမုန်တိုင်းမိလို့ တောင်စွယ်တစ်ခုမှာ ကွန်းခိုနေကြရင်း သုံးညလောက် ကြာသွားသတဲ့။ အသားငါးရိက္ခာလည်း ပြတ်လာပြီး ပေါင်မုန့်ခြောက်၊ ဘီစကွတ်တွေသာ ကျန်တော့သတဲ့။ ဒါကြောင့် အီရစ်က သားကောင်ရဖို့ ငါတာဝန်ထားလိုက်၊ မင်းတို့က သားကောင်ကင်ဖို့သာ မီးဖိုထားလိုက်၊ နာရီဝက်အတွင်းသားကောင်ထမ်းပြန်ခဲ့မယ်လို့ပြောပြီး သေနတ်လွယ်ကာ ထွက်သွားသတဲ့။"

"ဒါနဲ့သူပြောသလို သားကောင်မရဘဲ လမ်းပျောက် ဒုက္ခရောက်ရောလား"

"နေပါဦးလေ... စကားဆုံးအောင် ပြောပါရစေဦး"

"ဆောရီး ဆောရီး၊ ကြားချင်လွန်းလို့ မေးမိတာပါ"

"အဲဒါနဲ့ ဟုတ်တာပေါ့၊ သားကောင်ကို တွေ့တာပဲတဲ့၊ ဝါရင့် မုဆိုးမို့ သားကောင်ကို အနံ့ခံပြီး ရှာတတ်သတဲ့ဗျာ။ နေခြည်ရောင်လေး ဖြာချိန် ကျောက်စွယ်ကလေးတစ်ခုပေါ်မှာ တောင်ဆိတ်မကြီးနဲ့ သားငယ်လေးနှစ်ကောင် တွေ့သတဲ့။ ဆိတ်မကြီးက တောင်စောင်းပေါ် ပေါက်နေတဲ့ မြက်နုနုကလေးတွေကို လှမ်းပြီးစား နေစဉ် သားငယ်ကလေးကတော့ ဆိတ်မကြီးနို့ကို ချိုမြိန်စွာ စို့နေသတဲ့။ ဆိတ်မကြီးက မကြာမကြာ သူ့သားငယ်ကို လှမ်းလှမ်းပြီး လျှာနဲ့လျက် အယားဖျောက်ပေးနေသတဲ့။

အိရစ်က ဒီဆိတ်မကြီးကတော့ နှစ်နပ်စာအတွက် ကောင်းကောင်း လုံလောက်ပြီ၊ ပေါင်သားတွေကို မီးကင်ပြီး အရက်နဲ့ မြည်းမယ်လို့ စိတ်ကူးပြီး ချုံကွယ်ကနေ သေနတ်နဲ့လည်မျိုတည့်တည့် ချိန်သတဲ့။ ဆိတ်မကြီးခမျာမှာတော့ မြက်ကလေးတွေစားလိုက်၊ သားငယ် နို့စို့ကလေးကို လျက်လိုက်၊ လောကကြီးတစ်ခုလုံးကို ကြည်နူးမှုမေတ္တာအပြည့်နဲ့ ကြည့်လိုက်နဲ့ပေါ့။ သေဘေးနီးလာတာကို မသိရှာဘူး။ ဆိတ်မကြီး လှုပ်ရှားနေလို့ လည်မျိုကို တည့်အောင် အချိန်ယူပြီး ချိန်နေရသတဲ့။ ပစ်ကွင်းထဲဝင်တာနဲ့ တစ်ပြိုင်နက် မောင်းဖြုတ်လိုက်တော့..."

"ချလွှမ်"

သေနတ်ပစ်သံမဟုတ်ပါ။ ဝိုင်ခွက်တွေယူလာသော စားပွဲထိုးကလေးသည် အင်္ဂလိပ်စကားနှာလည်သဖြင့် ပီအဲပြောနေသောစကားကို နားထောင်ရင်း အာရုံစိုက်နေမိရာမှ 'မောင်းဖြုတ်လိုက်တော့' ဆိုတော့ စကားနှင့်အတူ လန့်ပြီး သူ့လက်မှ ဝိုင်ခွက်များ လွတ်ကျ ကွဲသွားသော အသံဖြစ်သည်။

စားသောက်ဆိုင်ထဲမှ လူများလန့်သွားပြီး လှမ်းကြည့်ကြသည်။ စားပွဲထိုးကလေးသည် မျက်စိမျက်နှာပျက်ပြီး အကြိမ်ကြိမ်တောင်းပန်ရှာသည်။ ဖန်ခွက်ကွဲစများကို ကောက်ယူရှင်းလိုက်ပြီး နောက်ထပ်ဖန်ခွက်သစ်များ ယူလာသည်။

"ပီအဲ ခင်ဗျား ဘယ်လောက်စကားပြော ကောင်းသလဲဆိုရင် ဝိုင်ခွက်တွေ ကျကွဲတာသာကြည့်တော့၊ ကဲ... ဆက်ပါဦး"

"မောင်းဖြုတ်လိုက်တော့ ကျည်ဆန်တာ ဆိတ်မကြီးလည်မျိုကို တည့်တည့်ကြီး ဝင်သွားတာပေါ့။ ဆိတ်မကြီးလည်း သွေးစိမ်းရှင်ရှင်ထွက်ပြီး

ဗုန်းဗုန်းလဲရှာရောတဲ့။ ဆိတ်ကလေးခမျာတော့ ခဏလန့်သွားပေမယ့် လဲနေတဲ့ အမေကြီးရဲ့ နို့ကိုစို့မြိုစို့နေတုန်းတဲ့။ အီရစ်လည်း ဝမ်းသာအားရနဲ့ ဆိတ်မကြီးကို ထမ်းယူဖို့အသွားမှာ သူမြင်လိုက်ရတဲ့မြင်ကွင်းကြောင့် ရင်တွင်းမှာ အလုံးဆို့ပြီး အကြောတွေဆိုင်းသလို ဖြစ်သွားသတဲ့"

"ဘာတွေမြင်လိုက်လို့လဲဗျ"

"ဆိတ်မကြီးဟာ မသေသေးဘူးတဲ့။ အသက်ပြင်းပြင်းရှူရင်း အီရစ်ကို မျက်ရည်အပြည့်နဲ့ကြည့်လိုက် သူ့သားငယ်ကို ကြည့်လိုက်နဲ့တဲ့ အပြစ်မဲ့တဲ့ ကျွန်မတို့ သားအမိကို ပစ်ရက်လေခြင်း ကျွန်မ မသေမီ သားကလေးကိုတော့ နို့ချိုဝဝတိုက် သွားပါရစေဦး။ ကျွန်မကို သတ်ပေမယ့် ကျွန်မ သားကလေးကိုတော့ ချမ်းသာပေးလိုက်ပါ။ ကျွန်မအသွေးအသားကို စားသုံးပါ။ သားငယ်ကလေးအပေါ်ကိုတော့ မေတ္တာထားပါလို့ ပြောနေသလိုပဲတဲ့။ ဆိတ်မကြီးဟာ လူစကားမပြောနိုင်၊ အသံပင် မမြည်နိုင်တော့ပေမယ့် မျက်လုံးနဲ့ ပြောနေသတဲ့။ နို့စို့ဆိတ်ကလေးကတော့ အီရစ်ကို ကြောက်ရမှန်းတောင် မသိဘူး။ အသက်ငင်နေတဲ့ မိခင်ဆိတ်မကြီးနို့ကို ငုံနေတုန်းပဲတဲ့"

အီရစ်လည်း ဆိတ်မကြီးကိုဖက်ပြီး ချုံးချငိုသတဲ့။ ပြီးတော့ ကပျာကယာထတဲ့ပြီး သူ့သေနတ်ကို အပိုင်းပိုင်းချိုး၊ ကျောက်တုံးနဲ့ ထုနှက်ဖျက်ဆီးလိုက်သတဲ့။ ဒီလို လုပ်နေတုန်းမှာပဲ ဆိတ်မကြီး အသက်ထွက်သွားရှာသတဲ့။ မုဆိုးဘဝကို လုံးဝစွန့်လွှတ်လိုက်ပါပြီလို့ အီရစ်က အဓိဋ္ဌာန်ပြုပြီး ဆိတ်မကြီးအလောင်းကို သစ်ပင်ရင်းတစ်ခုမှာ သူ့သေနတ်အကျိုးတွေနဲ့ရောပြီး ကျောက်တုံး၊ ကျောက်ခဲ သစ်ပင်ရွက်တွေနဲ့ ဖုံးအုပ်ထားရစ်ခဲ့သတဲ့။ နို့စို့ဆိတ်ကလေးကို ပွေ့ချီပြီး ကွန်းခိုစခန်းကို ပြန်ရှာသတဲ့။

"ဟိုရောက်တော့ 'ဟေ့ မုဆိုးကြီး၊ နာရီဝက်မက ကြာလှချည်လား၊ ဒီဆိတ်ပေါက်စလေး အရှင်ဖမ်းလာတာ မင်း တစ်ခါစားတောင် မရှိဘူး။ ပြီးတော့ နို့စော်နံလှသဗျာ'လို့ လှမ်းနောက်ပြောင်ကြသတဲ့။ ဒီတော့ 'ဟေ့ကောင်တွေ တိတ်ကြစမ်း၊ ဒီဆိတ်ကလေးကို မထိကြနဲ့၊ ငါမွေးဖို့ယူလာတာ။ သူ့အမေ ကြီးက ငါ့ကိုအပ်သွားပြီ။ ငါပြန်တော့မယ်၊ ငါမုဆိုးလည်း မလုပ်တော့ဘူး။ တောင်တက်ခရီးစဉ်ကိုလည်း မလိုက်တော့ဘူး'လို့ ပြောသတဲ့။ အဖြစ်အပျက် ကို မသိကြရတဲ့ ခရီးဖော်တွေကတော့ အီရစ်ကြီးကို ရူးသွားပြီလို့ ထင်ကြသတဲ့။

ဆွစ်ဇာလန် ပြန်ရောက်တော့ မုဆိုးကြီးအိရစ်ဟာ ဘယ်သူနှင့်မှ မရောတော့ဘူး။ သူ့ဆိတ်သားငယ်ကလေးနဲ့သာ နေတော့သတဲ့။ အသားငါးလည်း မစားတော့ဘူးတဲ့။ သူဆိတ်သားငယ်ကလေးကြီးလာတော့ တိရစ္ဆာန်ရုံကိုသာ လှူသွားသတဲ့။ ဒီနောက်တော့ သူ့အိမ်ကိုရောင်းပြီး ဘယ်ထွက်သွားလည်း မသိတော့ဘူးတဲ့ဗျာ။ တစ်ခါတည်း ဇာတ်မြုပ်သွားတာပဲတဲ့။ ကဲကဲ အေးကုန်မယ်၊ စားလိုက်ကြဦးစို့"

ပီအဲရော စာရေးသူပါ ဆီကြော် တောင်ဒရယ်သားတုံးကို ခက်ရင်းဖြင့် ထိုးယူလိုက်သော်လည်း ပါးစပ်အတွင်းသို့ ထည့်ရန် လက်နှေးနေကြပါသည်။

"မစ္စတာညွန့်ရေ၊ ဟင်းသီးဟင်းရွက်ကိုပဲ မှာလိုက်ကြစို့ပါဗျာ။ ဟော့ဘွိုင်ရေ ဒါတွေ မင်းစားဖို့ ယူသွားပါ။ ဟင်းသီးဟင်းရွက်နဲ့ ဒိန်ခဲယူခဲ့ကွာ"

စာရေးသူနှင့် ပီအဲတို့သည် ထိုညက သက်သတ်လွတ် စားမီလိုက်ကြပြီး ကိုယ့်အတွေးတွင် ကိုယ်နစ်မျောရင်း ကားနှင့် ပြန်ခဲ့ကြပါသည်။

❐

ကျွန်တော်နှင့် ကပ္ပလီခြောက်ယောက်

စာရေးသူသည် ပီအဲတို့သား၊အမိနှင့် တစ်ပတ်နီးပါး ရင်းနှီးခွင့်ရခဲ့ပြီး ခွဲခွာရပါတော့သည်။ ဂျနီဗာဆင်မီနာကြီး ပြီးဆုံး၍ နှုတ်ဆက်ညစာ (Fare well dinner) အတွက် ဖိတ်စာပင်ရလေပြီ။ ဖိတ်စာရ၍ ဝမ်းသာရမည့် အစား၊ စိတ်မကောင်းစရာ ဒေါသထွက်စရာ ဖြစ်လာပါသည်။ အကြောင်းကတော့ အသေးအဖွဲ့ကိစ္စဆိုပေမည့် နိုင်ငံကို ကိုယ်စားပြုနေသောကျောင်းသားတစ်ဦးအနေနှင့် ငုံ့ခံနေမည်ဆိုပါက မိမိနိုင်ငံသိက္ခာကျစရာ ဖြစ်လာနိုင်သည်ဟု ယူဆမိ၏။

ဖြစ်ပုံက ညစာစားပွဲတွင် ထိုင်ရမည့် ခုံနံပါတ် ချမှတ်ပေးရာတွင် အင်အားကြီးနိုင်ငံတို့ သဘောကျ စီစဉ်ထားသလို ဖြစ်နေပါသည်။ အရှေ့အနောက်အုပ်စု အင်အားကြီးနိုင်ငံတို့မှ ကျောင်းသား ကိုယ်စားလှယ်များအတွက် စားပွဲထိပ်တန်း နေရာကောင်းများကို ပေးထားပြီး၊ အုပ်စုဝင်နိုင်ငံများမှ ကျောင်းသား ကိုယ်စားလှယ်များက ဒုတိယဦးစားပေးနေရာကောင်းများ ပေးထားသည်။ ဘက်လိုက်နိုင်ငံများ၊ ဖွံ့ဖြိုးစနိုင်ငံများမှ ကျောင်းသားများအတွက်မူ အခန်းထောင့် ချောင်ကျသောနေရာများ၊ နောက်တန်းများတွင် ချပေးသည်။ ဗြိတိသျှ ဓနသဟာယ အဖွဲ့ဝင်နိုင်ငံများမှာမူ နိုင်ငံကြီးငယ်မဟူ သူတို့အတွက် သီးခြားစားပွဲတွင် စုထားသည်။

စာရေးသူအတွက် နေရာမှာ တတိယစားပွဲတန်း၏ ထောင့်ထိုင်ခုံဖြစ်ပါသည်။ စိတ်ထဲတွင် ခံပြင်းလာသည်။ ဂျနီဗာဆင်မီနာသို့ မြန်မာကျောင်းသားဆို၍ စာရေးသူတစ်ဦးတည်းသာရှိသဖြင့် တိုင်ပင်ဖော်တိုင်ပင်ဖက် မရှိပါ။

ထို့ကြောင့် စာရေးသူသည် ဤကိစ္စကို အချိန်ရှိတုန်း ကန့်ကွက်ရလျှင် ကောင်းမည်ဟု အကြံရ၍ အာဖရိက ကျောင်းသားများနေသော အခန်းဘက်သို့ ကူးလာခဲ့ သည်။ သူတို့သည် လူမည်းများဖြစ်၍တစ်ကြောင်း၊ လွတ်လပ်ရေး တိုက်ပွဲဝင်နေသော ဒေသများမှ လာသူများဖြစ်၍တစ်ကြောင်း၊ စာရေးသူတို့ ထက် နောက်တန်းကျကျ နေရာများကို အပေးခံကြရသည်။

"ရဲဘော် ညစာဖိတ်စာကြပြီလား"

"အခုပဲ လာပေးသွားတယ်။ တကယ်ဆိုတော့ ရင်းနှီးအောင် ဘူဖေး (Buffet) (စားစရာများ ကြိုက်သလိုယူပြီး ထိုင်ချင်ရာထိုင်စားရသော စနစ်) လုပ်ဖို့ကောင်းတယ်"

"ခင်ဗျားက အဓိပ္ပာယ်မရိပ်မိပဲကိုး။ ဒီအစီအစဉ်မှာ နိုင်ငံကြီးဝါဒ၊ အုပ်စုဝါဒရဲ့ ရောင်ပြန်ဟပ်မှုပေါ့ဗျာ။ နေရာထိုင်ခင်း စီစဉ်ထားပုံက သူ့အုပ်စု ကိုယ့်အုပ်စု လုပ်ထားကြတာလေ"

"ဟုတ်တယ်ဗျ၊ ကျုပ်တို့ ခင်ဗျားတို့ကတော့ နောက်တန်းမှာ ပို့ထားတယ်"

"အကြောင်းမထူးပါဘူးလေ၊ ဘယ်နေရာထိုင်ရ ထိုင်ရ၊ စားရသောက်ရတာသာ လိုရင်းပေါ့"

"ထူးပြီလားဗျာ၊ ဒီလိုကိစ္စမျိုးဟာ ကျုပ်တို့က ခေါင်းငုံ့ခံမနေသင့်ဘူး။ ကျုပ်တို့ကို ဂရုမစိုက်တာ အကြောင်းမဟုတ်ဘူး။ ကျုပ်တို့ ကိုယ်စားပြုတဲ့ ကျုပ်တို့နိုင်ငံတွေရဲ့ ဂုဏ်တော့ အကျမခံသင့်ဘူး"

"ဟုတ်တယ် ဟုတ်တယ်။ ခင်ဗျားပြောတာ ပွဲငှဲ့ကျတယ်။ ခင်ဗျားတို့က တော်သေးတယ်။ ကျုပ်တို့နေရာက ပိုပြီးနောက်ဆုံးကျသေးတယ်"

ယင်းကဲ့သို့ ကပွလီကျောင်းသားတို့နှင့် ဆွေးနွေးရင်း သွေးစည်းရပါသည်။ သူတို့သည် လူဖြူလူမည်းခွဲခြားသော ဝါဒဆိုးဒဏ်ကိုခံရသော တောင်အာဖရိက၊ နိုက်ဂျီးရီးယား၊ ရိုဒီးရှား စသော ဒေသများမှ လာသူများဖြစ်သည်။ ထို့ကြောင့် စာရေးသူသည် ထိုဝါဒဆိုးကို ဖော်ထုတ်ပေးလိုက်ပါသည်။

"ဒီလိုနေရာချထားမှုမှာ ခွဲခြားထားတာဟာ အပါးသိုက်ဝါဒပေါ့ဗျာ၊ ကြည့် ခင်ဗျားတို့စားပွဲမှာ လူဖြူကျောင်းသား တစ်ယောက်မှပါရဲ့လား"

"ဟုတ်တယ် ဟုတ်တယ် ကျုပ်တို့ ဒီအစီအစဉ်ကို ကန့်ကွက်ရမယ်"

ကပ္ပလီကျောင်းသား သုံးလေးဦးသည် သွေးဆူလာ၍ အထက်ပါ အတိုင်း ပြောလာကြသည်။

"လူဖြူတွေဟာ သူတို့အချင်းချင်းလည်း ခေါင်းဆောင်မှု လုနေကြတာ၊ ဒုတိယကမ္ဘာစစ်ပြီးခါနီးအချိန်မှာ အတ္တလန်တိတ် စာချုပ်ချုပ်ဖို့ အင်္ဂလိပ် နန်းရင်းဝန်ကြီး ချာချီ၊ အမေရိကန်သမ္မတကြီး ရူးစဗဲ့၊ ရုရှားခေါင်းဆောင်ကြီး စတာလင်တို့ဟာ စစ်သဘင်္ဂပေါ်မှာ ဆုံကြသတဲ့။ စစ်သဘင်္ဂကတော့ အတ္တလန်တိတ် သမုဒ္ဒရာအတွင်းမှာပေါ့။ ဆွေးနွေးဖို့ စားပွဲကြီးရှိရာ အခန်းထဲကို သူအလျင်ဝင်မယ်၊ ငါအလျင် ဝင်မယ် အငြင်းပွားနေကြသတဲ့။ ဘယ်သူ့နိုင်ငံက အင်အားအကြီးဆုံး ခေါင်းဆောင်နိုင်ငံကြီးဖြစ်တယ်ဆိုတာ ပြချင်လိုပေါ့။ နောက်ဆုံး ကံအားလျော်စွာ အခန်းမှာလည်း တံခါးပေါက် သုံးပေါက် ရှိလို့ အခမ်းအနားမှူးက ခေါင်းဆောင်သုံးဦးကို တံခါးပေါက်တစ်ခုစီမှာ အရပ်ခိုင်းပြီး ခေါင်းလောင်းတီးလိုက်ရင် သုံးဦးစလုံးတစ်ပြိုင်နက် အခန်းထဲဝင်ခိုင်းလိုက်တော့မှ ဒီကိစ္စပြေလည်သွားဆိုပဲ"

"ဟား...ဟား...ဟား အင်း ဟုတ်ပြီ။ သူတို့လိုပုဂ္ဂိုလ်ကြီးတွေကောင် နိုင်ငံဂုဏ်သိက္ခာအတွက် ဒီလောက်အဖြစ်သည်းရင် ကျုပ်တို့ကလည်း ဒီနေရာ ချထားရေး အစီအစဉ်ကို ဝိုင်းကန့်ကွက်သင့်တာပေါ့"

"ဟုတ်ပြီ ဟုတ်ပြီ။ စိန်လိုက်"

"ဒီလို လုပ်ကြရအောင်၊ ယခုတစ်ရက်လုံးလုံး အချိန်ရသေးတယ်။ ဆင်မိနာကြီးရဲ့ သဘာပတိကြီး မစ္စတာဂျပ်ထဲသွားပြီး ဒီကိစ္စပြောကြမယ်ဗျာ"

"ကောင်းပြီလေ၊ လာကြဗျာ အခုသွားမယ်၊ သူ့ရုံးခန်းမှာ ရှိမှာပေါ့"

စာရေးသူနှင့် ကပ္ပလီ ၆ ယောက်တို့သည် မစ္စတာဂျပ်အား အကျိုး အကြောင်း ပြောပြကြရာ မစ္စတာဂျပ်သည် မျက်နှာပျက်သွားသည်။ ဟောင်းပန်သောအမူအရာနှင့်

"ယခု ဖိတ်စာတွေလည်း ဝေပြီးပြီ။ ပြင်လို့ လွတ်မယ်မထင်ဘူး၊ နောင်တော့ ဒီလိုမဖြစ်အောင် ကြိုးစားရမှာပေါ့"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ မစ္စတာဂျပ်ရဲ့၊ တစ်ရက်လုံး အချိန်ရှိသေးတာပဲ။ ဒီလိုအစီအစဉ်မျိုး မပြုပြင်လက်လွတ်ပေးလိုက်ရင် ကုလသမဂ္ဂ

ပဋိညာဉ်စာချုပ်ကို စော်ကားရာကျမှာပေါ့။ ဆင်မိနာကြီးရဲ့ ရည်ရွယ်ချက်က နိုင်ငံကြီးငယ် မခွဲခြား၊ အသားအရောင်မခွဲခြား၊ နိုင်ငံတကာကျောင်းသားများ အချင်းချင်း တန်းတူညီတူဆက်ဆံရေး၊ ချစ်ကြည်ရေး၊ ရင်းနှီးခင်မင်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးအတွက်ဆို။ ယခုတော့ ဒီထိုင်ခုံအစီအစဉ် အသုံးမကျလို့၊ ဒီရည်မှန်းချက်ကြီးတွေ ဖျက်ဆီးရတော့မှာလား"

"ကျွန်တော်ကတော့ ဒါဟာ အပါးသိုက်ဝါဒဆိုးကြီးပဲလို့မြင်တယ်။ ဒီထိုင်ခုံ အစီအစဉ်မပြင်ရင်တော့ ဒီညစာစားပွဲကို ဘွိုင့်ကောက်လုပ်ရလိမ့်မယ်။ ကျုပ်တို့ လူမည်းကျောင်းသားတွေအားလုံး ညစာပွဲမတက်ဘူး။ သတင်းစာရှင်းလင်းပွဲလုပ်မယ်"

"နေကြပါဦး၊ ဒီလောက်လည်း အဆုံးအဖြတ် မမြန်ကြပါနဲ့လေ၊ ဒီလိုရှိတယ်။ ခင်ဗျားတို့ပြောသလို အချိန်ရှိလို့ ပြင်စေချင်ရင် ဘယ်လိုပြင်မလဲ၊ ဘယ်မှနဲ့နေရာချထားမေးမလဲ၊ ဘူးဖေးလုပ်လိုက်ရင် မကောင်းဘူးလား"

"ယခုတော့ ဘူဖေးလုပ်ပါနဲ့၊ ဒါကတော့ ဝန်ရှောင်သလိုဖြစ်မယ်၊ ဧည့်သည်တွေရဲ့ နာမည်အလိုက် အက္ခရာဝလိအတိုင်း ရှေ့နောက်စဉ်ပြီး နေရာချပါလား"

"ဟာ... ဒါကတော့ မဖြစ်နိုင်ဘူးထင်တယ်။ အချို့နာမည်တွေဟာ ရှည်တယ်။ လေးငါးလုံးရှိတော့ အစစာလုံးကို ယူရမလား၊ အဆုံးစာလုံးကို ယူရမလား၊ အလယ်စာလုံးကို ယူရမလားမသိ၊ ခက်တယ်ဗျ"

စာရေးသူလည်း နာမည်လိုက်စဉ်ခြင်းကို သဘောမကျသဖြင့် ကြားဝင်ကာ...

"နိုင်ငံအမည်လိုက်အက္ခရာစဉ်ပြီး နေရာချရင် ပိုပြီးလွယ်ကူမယ်။ တရားမျှတရာ ကျမယ်ဗျာ"

"အဲ... ဟုတ်ပြီ၊ ဒါကို ကျေနပ်တယ်။ ဒီအစီအစဉ်အတိုင်း လုပ်ပါ၊ မစ္စတာဂျပ် လက်ခံတယ်မဟုတ်လား"

"ကောင်းပါပြီဗျာ၊ ကျုပ်အတတ်နိုင်ဆုံး ကြိုးစားပြီး အခမ်းအနားမျူးကို ခိုင်းပါ့မယ်။ နိုင်ငံတွေအမည်ကိုတော့ ကျွန်တော့်ဆီမှာရှိတဲ့ စာရင်းအရ ပေါ့နော်"

စာရေးသူနှင့် ကပ္ပလီခြောက်ယောက်သည် ရွှင်လန်းအောင်မြင်သောအပြုံးကိုယ်စီနှင့် သူ့ရုံးခန်းမှထွက်လာကြကာ...

"ကွန်ဂရက် ကျူလေးရှင်း"

ဓာတ်ပုံရိုက်သူကရိုက်၊ ဩဘာပေးသူကပေး။ ။ နှုတ်ဆက်ညစာစားပွဲကြီး ကျင်းပမည့် ညနေပိုင်းရောက်ခဲ့ပါပြီ။ မစ္စတာဂျပ်နှင့် အရေးဆို၍ အောင်မြင်မှုရခဲ့သော စာရေးသူနှင့် ရဲဘော်ရောင်းရင်းတို့သည် စိတ်လှုပ်ရှားနေကြသည်။ စာရေးသူတို့တစ်စု အဆိုပြုထားသော အစီအစဉ် အတိုင်းသာ ထိုင်ခုံနေရာချထားမည်ဆိုလျှင် အင်အားကြီးနိုင်ငံများ၊ အုပ်စုဝင် နိုင်ငံများမှ ကိုယ်စားလှယ်များသည် နောက်တန်းသို့ ရောက်သွားမည်ဖြစ်၍ တွေးပြီး ဝမ်းသာ နေကြသည်။

အာဖရိကကျောင်းသား မောင်လူမည်းတို့သည် အမျိုးသားဝတ်စုံများ ဝတ်ထားရာ၊ ဖားဖားလျားလျားဖြစ်နေသည်။ စာရေးသူလည်း အားကျမခံ ဖြစ်လာသည်။ မြန်မာဝတ်စုံကို စုကေ့စ် (Suit Case)တွင် ထည့်ယူခဲ့သဖြင့် ဝတ်ဖို့ အခွင့်ကောင်း ပေါ်လာလေပြီ၊ ရေမိုးချိုးပြီး လန်းဆန်းစွာ မြန်မာဝတ်စုံကို အချိုးကျကျ ရှိုးပြပြီး ဝတ်ပြလိုက်ပါသည်။ မန္တလေးကြိုးကြီးချိတ်ပိုးလုံချည်၊ စတစ်ကော်လာရှပ်ဖြူလက်ရှည်၊ အယ်လ်ပတ်ကာ၊ တိုက်ပုံအနက်၊ မောင့်ကျက်သရေခေါင်းပေါင်း ထုံးခြောက်ရောင်၊ မန္တလေးစောင်းကောက် ကတ္တီပါဖိနပ်၊ တိုက်ပုံအင်္ကျီပေါ် အိတ်ထောင့်တွင် လက်ကိုင်ပဝါ သုံးထောင့်ချိုး ကော်တောင့်တောင့်ကို တစ်ဝက်ဖော်ထည့်ပါသည်။ နေ့ခင်းက ပီအဲတို့ ခြံထဲက ခူးခဲ့သော ကာနေရှင်း ကြက်သွေးရောင် ပန်းတစ်ပွင့်ကို တိုက်ပုံ ကြယ်သီးကွင်းတွင် ထိုးလိုက်ပါသည်။

ဝတ်ဆင်နေစဉ် အခန်းထဲနေ ဂျာမန်ကျောင်းသားတို့ ဝိုင်းကြည့်နေကြသည်။ ဓာတ်ပုံရိုက်သူက ရိုက်ယူသည်။ လက်ခုပ်တီးသြဘာပေးသူက ပေးသည်။

စာရေးသူတို့တစ်သိုက်သည် ညစာတည်ခင်းရာ နိုင်ငံပေါင်းချုပ်အသင်းကြီး အဆောက်အအုံသို့ လမ်းလျှောက်လာခဲ့ကြသည်။ အခြားကျောင်းသားတို့လည်း အလားတူ လမ်းလျှောက်လာကြရာ ပွဲတော်ကြီးလို စည်ကားလှသည်။ အာဖရိကကျောင်းသားတို့ ဝတ်စုံဖားဖားကြားတွင် စာရေးသူဝတ်ထားသော အချိတ်လုံချည်မှ အရောင်စုံတို့သည် တောက်ပနေသည်။

လောဘီ (Lobby) ခေါ် ခန်းမကြီးတွင် ပရိသတ်စုံနေလေပြီ။ အရက်ခွက်ကိုယ်စီနှင့် ဟိုတစ်စု၊ ဒီတစ်စုစကားပြောကြ ရယ်ကြမောကြဖြစ်နေရာ စာရေးသူတို့ ဝင်လာသောအခါ ရုတ်တရက်ရပ်သွားပြီး ကြည့်ကြသည်။ အမျိုးသားဝတ်စုံဝတ်ထားသော ကျောင်းသားအတော်များများ တွေ့ရသဖြင့် အားတက်မိသည်။ ရူမေနီးယန်း ကျောင်းသားတို့သည် ပုတီးစေ့များ စီချယ်ထားသော အိတ်များကိုယ်စီလွယ်လာသည်ကို တွေ့ရသဖြင့် စာရေးသူသည် စက္ကူနှင့်ပတ်၍ ကိုင်လာသော ငွေချူဆွဲကချင်လွယ်အိတ်ကို ထုတ်၍ လွယ်လိုက်ရာ အနားတစ်ဝိုက်ရှိသည့်လူများသည် 'ဟာ' ခနဲ ဖြစ်သွားကြ၏။ အချို့ခွင့်တောင်း၍ လာကိုင်ကြည့်ကြ၊ မိတ်ဆွေဖွဲ့ကြသည်။

နာရီဝက်ခန့်ကြာသောအခါ အခန်းအနားမှူးက ညစာအစီအစဉ်စတော့မည်ဖြစ်၍ နေရာယူကြရန် ကြေညာပါသည်။ ပထမတွင် ဆင်မိနာဖြစ်မြောက်ရေး ကော်မတီဝင်များ စ၍ ဝင်ရောက်နေရာယူကြရန် ဖိတ်ခေါ်ပါသည်။ သူတို့သည် ရာထူး ဝါစဉ်လိုက်၍ ဝင်သွားကြပြီးနောက် အခမ်းအနားမှူးက...

"ကိုယ်စားလှယ်တော်များ နေရာယူကြရန်ဖြစ်ပါတယ်။ သို့သော်လည်း မူလဖိတ်စာပါ ထိုင်ခုံအစီအစဉ်အတိုင်း မဟုတ်တော့ပါ၊ မိမိတို့ ကိုယ်စားပြုတဲ့ နိုင်ငံတွေ အမည်များကို အက္ခရာဝလီ စီထားပြီး ယင်းအစီအစဉ်အတိုင်း ဝင်ရောက်နေရာယူရန် ဖြစ်ပါတယ်။ ဤအစီအစဉ်ဟာ တရားမျှတပါတယ်။ အခု ကျွန်တော်က ဆင်မိနာလာတက်တဲ့ နိုင်ငံအမည်များ အက္ခရာဝလီအတိုင်း ခေါ်ယူလိုက်ပါ့မယ်။

"အာဂျင်တီးနားနိုင်ငံမှ ကျောင်းသားကိုယ်စားလှယ်အဖွဲ့ကြွပါခင်ဗျား" အေဘီစီအက္ခရာအစဉ်လိုက် 'အေ' နှင့်စသော အာဂျင်တီးနားကျောင်းသားအဖွဲ့ထိပ်ဆုံးနေရာရသွားကြ၏။ သည့်နောက် ဘီနှင့်စသောနိုင်ငံ ဘော်လီဗိုးယားကျောင်းသားအဖွဲ့ကို ခေါ်ပါသည်။ သူတို့အဖွဲ့နှစ်ဖွဲ့စလုံးသည် ခြောက်ဦးအဖွဲ့များဖြစ်သည်။ ထိပ်စားပွဲ ၁၂ နေရာယူသွားကြပြီ။ စာရေးသူ ရင်ထိတ်လာပါသည်။ နောက် ဘူလ်ဂေးရီးယားခေါ်ရာ စာရေးသူ၏မိတ်ဆွေ ဘူလ်ဂေးရီးယန်း အမျိုးသမီးကြီး လိုက်သွားပါသည်။ သူတို့အဖွဲ့မှာ သုံးဦးပါသည်။ ကိုယ့်အလှည့်ရောက်လုနီးပြီဟု ထင်သည့်အတိုင်း အခမ်းအနားမှူးက...

"မြန်မာကိုယ်စားလှယ်အဖွဲ့ ကြွပါခင်ဗျား"

ဟု ခေါ်လိုက်ရာ စာရေးသူဝမ်းသာအားရ မင်းလမ်းပေါ်မှ လျှောက်လာပါသည်။ အရေးဆိုဖော်ဆိုဖက် အာဖရိကကျောင်းသားအုပ်စုနှင့် အခန်းဖော် ဂျာမနီကျောင်းသားတို့က စ၍ လက်ခုပ်တီးညြဘာပေးရာ အားလုံးဝိုင်း၍ လက်ခုပ်တီးကြပါသည်။ မြေပြင်ပေါ် ခြေတင်လျှောက်လာသည်ဟု မထင်၊ တိမ်တိုက်ထဲတွင် လေဟုန်စီးနေသလားဟု ထင်မိသည်။ ဟန်ပါပါ စတိုင်ကျကျ လမ်းလျှောက်လာရင်း ကချင်လွယ်အိတ်က ငွေချေကလေးများကိုလည်း မြည်စေရန် မသိမသာလှုပ်ပေးပါသည်။ ဤသို့ဖြင့် တစ်ကိုယ်တည်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘူလ်ဂေးရီးယန်းကျောင်းသားအဖွဲ့အနားတွင် နေရာယူလိုက်ရာ သူငယ်ချင်းမ ဘူလ်ဂေးရီးယန်းအမျိုးသမီးနှင့် ခုံချင်းကပ်ဖြစ်သွားသည်။ သူမက ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်ပါသည်။

ဤသို့ဖြင့် စာရေးသူနောက်တွင် 'စီ' နှင့် စသော ကနေဒါ၊ ချီလီ၊ ချက်ကိုစလိုဗက်ကီးယားနိုင်ငံ ကိုယ်စားလှယ်ကျောင်းသားများ ဝင်လာကြပါသည်။ နောက်ဆုံးတွင် အင်အားကြီးနိုင်ငံများမှ ကိုယ်စားလှယ်များသည် အလယ်တန်းနှင့် နောက်ဆုံးခုံတန်းများသို့ ရောက်သွားကြ၏။ ယူနိုက်တက် ကင်းဒမ်း၊ ယူအက်အေ၊ ယူအော၊ ယူအက်စ်အက်စ်အာ စသည်ဖြင့် 'ယူ' အက္ခရာနှင့် စသောနိုင်ငံများဖြစ်၍ နောက်ရောက်သွားကြခြင်းဖြစ်သည်။ စာရေးသူတို့ အရေးဆိုချက် အောင်မြင်သွား၍ ဝမ်းသာရင်း ကြံဖော်ကြံဖက် အာဖရိကန်သားတို့ကို လှမ်းကြည့်လိုက်ရာ သူတို့လည်း ရှေ့တန်းမှာတချို့၊ အလယ်တန်းမှာတချို့ တွေ့ရသည်။

ညစာစားပွဲတွင် ဆင်မိနာဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ကုလသမဂ္ဂအသင်းများ ကွန်ဂရက်၏ နာယကတို့နှစ်ဦးစကားပြောပြီး ညစာစကျွေးပါသည်။ ဖော်မယ်လီတီ (Formality) နှင့် အက်တီကက် (Eti quette) ဟန်ပန်မလုပ်၊ ညစာစား ပွဲအစဉ်အလာ ထုံးတမ်းမပါဘဲ မြိန်ယှက်စွာ စားကြရန် အခမ်းအနားမှူးက ဖွင့်ပေးသဖြင့်၊ တဖျော်တပါး စားသောက်ကြ၊ ရယ်ကြ၊ စကားကျယ်လောင်စွာ ပြောကြဖြစ်လာသည်။

❐

ဖိုးသာအောင်နှင့် ကဗျာလွတ်

စားသောက်စရာများ ကုန်လုနီးသောအခါ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့၊ အလှည်ကျစီ အဆို၊ အက၊ အတီး၊ အပြော၊ ဟန်အမူအရာတစ်ခုခု လုပ်ဆောင်ပြရမည့် အစီအစဉ် ရောက်လာပါသည်။ တူရိယာတီးပြသူက ပြသည်။ အချို့အဖွဲ့ကမူ ရိုးရာအက ကပြသည်။ အချို့ကိုယ်စားလှယ်တို့က အော်ပရာသီချင်းဆိုပြသည်။ အချို့ကျောင်းသူတို့ကမူ ဇာတ်ဟန်အမူအရာ လုပ်ပြကြသည်။ အားလုံးတော်ကြပါသည်။ အာဖရိကကျောင်းသားထဲမှ ဟာသပြက်လုံးပြောသူ၊ အသံတု ပြောသူများလည်းရှိသည်။

စာရေးသူအဖို့ တစ်ယောက်တည်းဖြစ်၍ ဘာလုပ်ရမှန်းမသိ၊ အကြိုအိုက်နေခိုက် အလှည့်ဆိုက်လာရာ၊ ထိုအချိန်က မြန်မာပြည်တွင် ခေတ်စားနေသော 'ဖိုးသာအောင်' သီချင်းကိုဆိုပြီး အဓိပ္ပာယ်ရှင်းပြလိုက်ပါသည်။ ထို့နောက်ကဗျာလွတ်သုံး လေးကွက်ကို ကပြလိုက်ရာ အားလုံးပွဲကျသွားပါသည်။

စာရေးသူထံပါးသို့ အဖြူကျောင်းသူမလေးများ ဝိုင်းအုံလာပြီး အော်တို (Autograph) ရေးခိုင်းကြ၊ လိပ်စာမေးကြ၊ လုံချည်ခေါင်းပေါင်း လွယ်အိတ်တို့ကို ကိုင်ကြည့်ကြနှင့် စာရေးသူမှာ ဝိုင်းဝိုင်းလည်နေပေတော့သည်။ သူတို့အထဲမှ ဆံပင်နက်နက်နှာတံပေါ် အဖြူမလေးက စာရေးသူ၏အချိတ်လုံချည်ရောင်းလျှင် ဝယ်ပါရစေ၊ ဂါဝန်ချုပ်ဝတ်ချင်သည်ဟု ပြောလာရာအနားရှိ ဂျာမန်ကျောင်းသားက လေလံပစ်သူ၏အသံနှင့် ဖရုန့်ငွေတစ်ရာ၊ နှစ်ရာ၊ သုံးရာဟု နောက်ပြောင်လိုက်ရာ 'ဝါး' ခနဲ ပွဲကျသွားပါသည်။

ထို့နောက် အားလုံးလက်တွဲ၍ ဝိုင်းကြီးပတ်ပတ်လည် ကကြပြန်သည်။ ထိုအချိန်က ဥရောပတွင် နာမည်ကြီးနေသော အမေရိကန်အဆိုကျော်ကပွလီ မအာသာကစ် သီဆိုသော (Under the bridges of Pairs with you) (ပါရီတံတား တွေအောက်ဝယ် မင်းနဲ့ကိုယ်နဲ့ကွယ်) ဟူသော သီချင်းကို စာရေးသူကဆိုပြီး ဘူးဂေးလ်ရီးယန်ကျောင်းသူက ဘာဂျာဆွဲသည်။ ဂျာမန်ကျောင်းသားက ဂစ်တာခေါက်သည်။ ဤသုံးပွင့်ဆိုင်ဖြဖျော်မှုသည် နောက်ဆုံးဖြစ်၏။ ထိုသီချင်းနှစ်ပတ်ကြော့ဆို၍ မဆုံးမီမှာပင် လူစုကွဲသွားလေပြီ။ အချိန်ကား ၁၂ နာရီကျော်လေပြီ။

အခန်းပြန်ရောက်၍ အဝတ်လဲပြီး အိပ်ရာပေါ် ခြေပစ်လက်ပစ်လှဲလိုက်ရာ ခေါင်းအုံးပေါ်တွင် ခိုးလိုခုလုတစ်ခုခုကို ခေါင်းဖြင့်ဖိမိ၍ ကြည့်လိုက်ရာ ပီအဲထံမှ နှုတ်ဆက်လက်ဆောင် (Parting gift) သေတ္တာကလေးဖြစ်နေပါသည်။ ဆွစ်ဇာလန် တောင်ကုန်းပေါ်တွင်ပေါက်သော ထင်းရှူးပင်တစ်မျိုး၏အနှစ်ဖြင့် ထွင်းထားသော လက်ရာမြောက် ပစ္စည်းကလေးဖြစ်သည်။ ဖွင့်ရန်မလွယ်။ လျှို့ဝှက်ခလုတ်ပါသည်။ နက်ဖြန်နံနက်လာပြီး ခလုတ်ဖွင့်ပုံကို ပြမည်ဖြစ်ကြောင်း ဂျနီဗာမှမထွက်မီ သူ့မိခင်ကြီးကိုတော့ လာတွေ့နှုတ်ဆက်ရန် သူက စာရေးထားခဲ့ပါသည်။ ဂျနီဗာဆင်မိနာကြီးကား နိဋ္ဌိတံလေပြီ။ စာရေးသူလည်း အိပ်မောကျသွားပါတော့သည်။

❐

ကြုံတောင့်ကြုံခဲဖြစ်ရပ်စုံ

- စာရေးသူတို့ခုနစ်ဦး ကုလပဋိညာဉ် စာချုပ်ကြီးကို ဖတ်ခဲ့စဉ်က
- ကျွန်တော့်ကိုယ်ကို ဆေးဖြူသုတ်ရတော့မလိုလို
- ဘိလပ်က ကြောင်အသုဘ
- မေတ္တာငတ်နေရှာသော ဘိုးဘိုးဘွားဘွားများ
- လန်ဒန် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများ
- ဘိလပ်ပြန် မြန်မာပန်းချီကား
- သဲလွန်စ မရသော ရွှေဦးထုပ်
- ရှိတ်စပီးယား နှုတ်ခမ်းမွေးသုတေသန
- ဘိလပ်ရောက် မြန်မာအမွေအနှစ်များ
- ဗိုလ်မင်းသားကြီး အင်္ဂလန်စိန်
- ဂိုင်ဖောက်စ်အရပ်ကြီးနှင့် မီးပွဲတော်
- ကျွန်တော် ဘိလပ်ဘိသိက်ဆရာ

စာရေးသူတို့ခုနစ်ဦး
ကုလပဋိညာဉ် စာချုပ်ကြီးကို ဖတ်ခဲ့ကြစဉ်က

စာရေးသူသည် ဂျနီဗာ ဆင်မိနာတက်ခဲ့ပြီး ဥရောပတစ်ခွင် ယာဉ်ကြုံစီးကာ လည်ခဲ့ပြီးနောက်ပိုင်းတွင် ကုလသမဂ္ဂအသင်းနှင့် အဆက်အသွယ်ဖြစ်နေပါသည်။ ပါရီမှပြန်ရောက်၍ တစ်ပတ်မျှပင်မရှိသေးပါ။ အခန်းခတိုးတောင်းလာသဖြင့် ဈေးပေါသောနေရာကို ရှာရပါတော့သည်။ လန်ဒန်ရည်ဝေနေသော ကိုကျော်မြင့်က ကူညီရှာပေးပါသည်။ နှစ်ရက်လောက်ရှာမိသောအခါ သိမ်းမြစ်၏ ကမ်းနားလမ်းပေါ်ရှိ မင်းရှင်းဟောက်စ် (Mansion House) ခေါ် အိမ်ကြီး၏ မြေအောက်ထပ်ရှိ တော်သင့်ရုံ ကျယ်သော တစ်ယောက်ခန်းကို တစ်ပတ်စတာလင် နှစ်ပေါင်ခွဲနှင့် ဈေးတည့်၍ ပြောင်းလာခဲ့ပါသည်။ အပေါ်ထပ်တွင် ဘဲလ်ဟေဗင်: (Bel Haven) ခေါ် အရက်ဆိုင်ရှိပြီး ဆိုင်ကို တာဝန်ယူရောင်းပေးသော ဆိုင်ထိုင်က သူနေသောအောက်ထပ်မှ အခန်းအားကို ထပ်ဆင့်ငှားခြင်းဖြစ်သည်။ သူ့ဇနီးနှင့် ကွဲနေပြီး သားသမီးများကို ယောကျ်ားမများက ခေါ်ထားသဖြင့် တစ်ယောက်တည်းနေသူဖြစ်သည်။ တစ်နေကုန် အခန်းကပ်သူမဟုတ်ဘဲ ညအချိန် အရက်ဆိုင်တွင် ထိုင်ရသူဖြစ်ရာ ညဥ့်နက် သန်းခေါင်ကျော်အထိဖြစ်၏။ သူကား အင်္ဂလိပ်ပီသသော အင်္ဂလိပ်လူမျိုး မစ္စတာဘာရိုး: (Burrows) ဖြစ်ပြီး သူ့ကို တိုနီဟုခေါ်စေချင်သည်။ ခွေးမကြီးတစ်ကောင်မွေးထားရာ မစ္စဖီဘီဟု အမည်ပေးထားသည်။

စာရေးသူသည် ထိုနေရာသစ်တွင် အလွန်လွတ်လပ်သည်။ တိုနီ၏ခွေးမကြီးကိုပင် တာဝန်ယူပြီး အစာကျွေးရသဖြင့် မစ္စဖီဘီနှင့် မိတ်ဆွေဖြစ်

သွားသည်။ တိုနီသည် အပြင်ထွက်နေလေ့ရှိသဖြင့် စာရေးသူသည် အောက်ထပ်တစ်ခုလုံး ကိုယ်ပိုင်အိမ်ဖြစ်နေလေပြီ။ မြန်မာထမင်းကို စိတ်တိုင်းကျချက်စားသည်။ ငါးပိကြော်၊ ငါးခြောက်ဖုတ်၊ ငရုတ်သီးလှော်၊ ညှော်အမျိုးမျိုး လုပ်နေသည်။ မြစ်နှင့်မျက်နှာချင်းဆိုင် အိမ်ဖြစ်သောကြောင့် မြစ်ဘက်မှ လေအေးလေသန့်က ညှော်နံ့ငါးပိနံ့များကို သယ်ဆောင်သွားသည်။

တစ်ညနေတွင် မစ္စတာဘာရီးက ကုလသမဂ္ဂတံဆိပ်ကြီးနှင့် စာတစ်စောင် လာပေးပါသည်။

"မင်းက ကုလသမဂ္ဂမှာ အလုပ်ရလို့လား"

"မဟုတ်ပါဘူး တိုနီ၊ ကျွန်တော်က ယခုမှ ကျောင်းသားပဲရှိသေးတာ။ ပြီးတော့လည်း အစိုးရပညာသင်ဆိုတော့ အစိုးရခွင့်ပြုချက်မတောင်းဘဲ အလုပ်မလုပ်နိုင်ပါဘူး"

စာအိတ်ကို ဖွင့်ဖောက်လိုက်သောအခါ ကုလသမဂ္ဂနေ့ကျင်းပရာတွင် အခမ်းအနားသို့ မြန်မာဝတ်စုံနှင့် တက်ရောက်ရန်နှင့် ကုလသမဂ္ဂပဋိညာဉ် စာချုပ်ကြီးဖတ်ရာတွင် ပါဝင်ရန်ဖိတ်ကြားသော စာဖြစ်ကြောင်းသိရ၏။ စာကို တိုနီလက်သို့ ကမ်းလိုက်ပါသည်။ စာဖတ်ပြီး စာရေးသူအပေါ် အတော်အထင်ကြီးသွားသော တိုနီသည်...

"ကွန်ဂရက်ကျူလေးရှင်း။ မင်းကတော့ ဗွီအိုင်ပီ ဖြစ်လာမှာပါ။ ငါလည်း ငါ့အခန်းလာနေတဲ့လူအပေါ် ဂုဏ်ယူပါတယ်"

စာရေးသူသည် ဖိတ်စာရကြောင်းနှင့် တက်ရောက်ပါမည့် အကြောင်းစာ ပြန်လိုက်ပါသည်။

အချိန်ကား ၁၉၅၈ ခု၊ အောက်တိုဘာ ၂၄ ရက်နေ့။ နေရာကား လန်ဒန် ၂၊ ဟမ်းစတက်ရပ် (Hampstead)၊ ဟမ်းစဘက်မြို့နယ်၏ မြို့တော်ခန်းမကြီး ကုလသမဂ္ဂနေ့ကျင်းပမည့်နေရာ ဖြစ်သည်။ စာရေးသူသည် ရာပြည့်အချိတ်လုံချည်၊ တိုက်ပုံအင်္ကျီအနက်၊ မောင့်ကျက်သရေခေါင်းပေါင်းထုံးခြောက်ရောင်၊ ကတ္တီပါဖိနပ်စီးပြီး ရှိုးကျကျထွက်လာသည်။ တိုနီနှင့်အတူ အိမ်နားနီးချင်းတို့က ဝိုင်းကြည့်နေကြသည်။ စာရေးသူအတွက် တက္ကစီကို တိုနီက ကြိုတင်ဖုန်းဆက်ခေါ်ထားသဖြင့် အသင်စောင့်နေသော တက္ကစီပေါ်သို့ အတက် Good Luck ဂွတ်လပ်ဟု နှုတ်ဆက်ကြပါသည်။ ၁၅ မိနစ်ခန့်သာ

မောင်းရသည်။ မြို့တော်ခန်းမသို့ ရောက်လာပါသည်။ ခရီးကြိုတို့က ဆီး၍ တံခါးဖွင့်ရသည်။ အိတ်ထဲမှာ ငါးသျှီလင်ထုတ်ပြီး တက္ကစီသမား ပေးလိုက်ရာ ကျေးဇူးတင်စကားပြောပြီး ထွက်သွားပါသည်။

မြို့တော်ခန်းမကြီးကား ဂိုလ်ဟောလ် (Guild Hall) ကြီးဖြစ်သည်။ ကုန်သည်ကြီးများ မတည်ဆောက်လုပ်ထားသော အခန်းကြီးဖြစ်၍ အလွန်ခမ်းနားသည်။ စင်မြင့်ပေါ်တွင် ရွှေချထားသော ရှေး ကုလားထိုင်ကြီးများ ခင်းထားပြီး၊ ကျောဘက်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့၏ အလံများကို အကွာရာစဉ်အလိုက် လှပခမ်းနားစွာ စိုက်ထူထားရာ ဘီအကွာရာနေရာတွင် မြန်မာနိုင်ငံ၏အလံကို မြင်လိုက်ရသဖြင့် စာရေးသူသည် ကြက်သီးထသွားသည်အထိ ဝမ်းသာပီတိဖြစ်မိပါသည်။

အသီးသီးနေရာယူပြီးသည်နောက် မြို့တော်တီးဝိုင်းက အခမ်းအနားဖွင့်တေးနှင့် စတင်ဖွင့်ပါသည်။ သဘာပတိလုပ်သူမှာ မြို့နယ်ကောင်စီ (Country Council) ဝင်ဖြစ်သူ အမျိုးသမီးကြီးမစ္စစ်ဘာဘရာ ဘရွတ်ဖြစ်ပါသည်။ သဘာပတိမိန့်ခွန်းပြောပြီးနောက် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာဟမ်းမားရှိုးထံမှ သဝဏ်လွှာကို အဆိုတော် ဘဲလေးမင်းသမီးကြီးဒမ်းပက်ဂီအက်ရှ်ခရောဖ်က သံနေသံထားနှင့် ဖတ်ကြားပါသည်။ ထို့နောက် ဟမ်းစတက်မြို့နယ် ကုလသမဂ္ဂ၏စွမ်းဆောင်ချက်များကို ထုတ်ဖော်ချီးကျူးစကားပြောကြားပါသည်။ ထိုစဉ်က ဗြိတိသျှ နိုင်ငံရေး လောကတွင် ထင်ရှားသော ပါလီမန်အမတ်ကြီး ဆာရက်ဖ်ရစ်ချတ်ဆန်နှင့် လေဘာတီခေါင်းဆောင် မစ္စတာဟူးဂိတ်စကယ်တို့ထံမှ သဝဏ်လွှာများ ရောက်လာရာ သဘာပတိကြီးက ဖတ်ပြပါသည်။

ပထမအစီအစဉ်များ ပြီးသည့်နောက် အမျိုးသားဝတ်စုံ ဝတ်ထားသော နိုင်ငံပေါင်း ၃၀ မှ လူငယ်များက စင်မြင့်ပေါ်သို့တက်ကာ လမ်းလျှောက်ပြရပါသည်။ တီးဝိုင်းက အချက်ကျကျတီးပေးရာ စာရေးသူအပါအဝင် မိမိတို့ဆိုင်ရာ အမျိုးသားဝတ်စုံဝတ်လူငယ်တို့သည် မိမိနိုင်ငံ၏ အလံကိုင်ကာ ဂုဏ်ယူဝင့်ကြွားစွာနှင့် လျှောက်လာကြပါသည်။ ပရိသတ်သည် တစ်ခဲနက် သြဘာပေးကြပါသည်။ ခေါက်တုံ့ခေါက်ပြန် နှစ်ချီလျှောက်ပြီးနောက် ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးမှ ဥယျောဧ့ (Preamble) ကို တစ်ပုဒ်စီဖတ်ပြရန်

ခုနစ်ဦးကို ရွေးချယ်တာဝန်ပေးရာ စာရေးသူကိုပါ ရွေးပါသည်။ ယင်းတို့မှာ ပင်လယ်ရေကြောင်း လူငယ်တို့နိ ကတ်လိတ်၊ ဂါနာအမျိုးသမီးမစ္စနာရာခရိတ်၊ လူငယ်စကောက်မှ အဲရစ်မူလ်ဟိုလင်၊ မြန်မာကျောင်းသား ခင်မောင်ညွှန့်(စာရေးသူ)၊ ဂျပန်ကျောင်းသူမလေး အာကီတာကာရှိ၊ ဟော်လန်နိုင်ငံမှ အမျိုးသမီး ပင်းကင်ဘဲနှင့် ဘဲလေးမင်းသမီးကြီး ဒမ်း မက်ဂီအက်ရှ်ခရော့ဖ်တို့ ဖြစ်သည်။ စာရေးသူတို့ခုနစ်ဦးသည် ဥယျောဇဉ်စာလိပ်ကြီး ကိုစင်မြင့်ပေါ်သို့ ပူးပေါင်းသယ်ယူလာကြပြီ၊ ဝဲမှယာသို့ အလှည့်ကျ တစ်ပုဒ်စီ သံနေသံထားနှင့် ဖတ်ပြကြရပါသည်။ စာရေးသူဖတ်ရမည့် စာပိုဒ်ကို ၃-၄ ရက်ကပင် ကြိုတင်လေ့ကျင့် ဖတ်ထားသဖြင့် အထစ်အငေါ့မရှိ ဖတ်နိုင်ပါသည်။ နောက်ဆုံးအပိုဒ်ကို အဆိုကျော်မင်းသမီးကြီး မက်ဂီအက်ရှ်ခရော့ဖ်က သံနေသံထားနှင့် ဖတ်ပြီး အဆုံးသတ်ပါသည်။

သဘာပတိ နိဂုံးစကားပြော၍ အခမ်းအနား ပြီးဆုံးသွားသောအခါ ပရိသတ်သည် စာရေးသူတို့ခုနစ်ဦးကို ဝိုင်းအုံနှုတ်ဆက်ကြ၊ လိပ်စာတောင်းကြ၊ အော်တိုရေးခိုင်းကြ၊ ပန်းစည်းပေးခြင်းနှင့် အချိန်အတော်ကြာသွားသည်။ အခန်းပြန်ရောက် ပြန်တော့လည်း တိုနီတို့အဖွဲ့က ဆီးကြိုကြပြန်သည်။ စာရေးသူအဖို့ အမိနိုင်ငံကို ကိုယ်စားပြုခဲ့ရသဖြင့် ဝမ်းသာမဆုံးဖြစ်မိပါတော့သည်။

❐

ကျွန်တော့်ကိုယ်ကို ဆေးဖြူသုတ်ရတော့မလိုလို
(ဘီလပ်က လူဖြူလူမည်း ပြဿနာ)

စာရေးသူသည် ဘီလပ်ရောက်ကတည်းက အိမ်ပြောင်းရသော ဒုက္ခကို ရင်ဆိုင်ရသည်။ အခြားကျောင်းသားများလည်း အလားတူပင်၊ အခန်းခန္ဓနှ်း သက်သာလျှင် ကျောင်းနှင့်ဝေးပြန်သည်။ ကျောင်းနှင့်နီးပါက အခန်းခန္ဓနှ်း ကြီးသည်။ စာကြည့်တိုက်၊ ပြတိုက်၊ ကျောင်းနှင့်မလှမ်းမကမ်း နေရာမျိုးတွင် နေရန် အတော်ဒုက္ခခံရသည်။ နှစ်ယောက်ခန်းတွင် သူတစ်ပါးနှင့်ရောနေပြန်လျှင် စရိုက်ချင်းမတူ၍ မလွယ်ပါ။ တစ်ယောက်ခန်းလည်းဖြစ်ပြီး ချက်ပြုတ်စားနိုင်ရန် ခွင့်ပြုသောအခန်းမျိုး၊ သို့မဟုတ် အများသုံးနိုင်သော မီးဖိုခန်းရှိမှသာ အဆင်ပြေပါသည်။

လန်ဒန်ရွှေမြို့တော်တွင် ကုန်ဈေးနှုန်းများ တက်လာသည်နှင့်အမျှ ဘတ်စ် ကားခ၊ မြေအောက်မီးရထားခများလည်း တက်လာသည်။ မီးဖိုး၊ ရေဖိုး၊ တယ်လီဖုန်းဖိုးများလည်း အချိုးကျလိုက် တက်လာပြန်သည်။ ထိုအခါ အလုပ်သမားခများ၊ စားသောက်စရိတ်၊ အဝတ်အစား အားလုံးကလည်း အမီလိုက်လာလေပြီ။ ဖုန်းတစ်ခါဆက်လျှင် နှစ်ပဲနိမှ သုံးပဲနိ၊ ထိုမှ တစ်ဆင့် လေးပဲနိအထိ ရောက်လာပြီ။ ဤတွင် ချယ်လ်ဆီးအရပ် စာရေးသူနေသော နေအိမ်က အိမ်ရှင် မစ္စတာဘာရိုးက တံခါးလာခေါက်ပြီ...

"မစ္စတာညွန့်ရေ၊ ရှေ့လကစပြီး အခန်းကို တစ်ပေါင်ကျ စ, တိုးပြီး တောင်းရမယ်။ ကုန်ဈေးနှုန်းတွေ တက်လာတာ မင်းအသိပဲ မဟုတ်လား။ အိမ်ရှင်းပေးတဲ့ အိမ်ဖော်မကိုလည်း လခတိုးပေးရမယ်လေ"

သူ၏ ရာဇသံကို ကြားလိုက်သည်နှင့် စာရေးသူအဖို့ ပြောင်းဖို့ ပြင်ရလေပြီ။ စကောလားရှစ် လစာငွေမှာ တစ်လလျှင် ပေါင် ၃၃ ပေါင်သာ ဖြစ်သည်။ ကုန်ဈေးနှုန်း ဘယ်လောက်တက်တက် ပုံသေစရိတ်ဖြစ်သောကြောင့် ကိုယ့်နည်းကိုယ့်ဟန်နှင့်လောက်အောင် သုံးရပေလိမ့်မည်။ ထို့ကြောင့် ကိုယ် ရသော လစာနှင့်လောက်မည့် အခန်းမျိုးရရန် ဆင်ခြေဖုံး ရပ်ကွက်များသို့ အခန်းရှာထွက်ရပါသည်။

ဆူပါမားကတ် (Super Market) ဈေးကြီးများ၊ ကုန်ပဒေသာ ဆိုင်ကြီးများစ (Departmental Stores)။ စာတိုက်၊ ဘူတာရုံ၊ ရုပ်ရှင်ရုံ၊ စားသောက်ဆိုင်ကြီးများတွင် ကြော်ငြာသင်ပုန်းများ၌ လက်ရေးနှင့်တစ်မျိုး၊ စက်ရိုက်၍တစ်ဖုံ၊ အခန်းငှားရန်ရှိကြောင်း ကြော်ငြာများကို လိုက်၍ ဖတ်ရ၏။ ဤတွင် လူဖြူလူမည်း ခွဲခြားသော သဘောကို သိရပါသည်။ ကြော်ငြာတွင် ထိပ်ဆုံးကပင် လူဖြူလူမည်း ခွဲခြားသောသဘောကို သိရပါသည်။ ကြော်ငြာတွင် ထိပ်ဆုံးကပင် အဖြူများအတွက်သာ (White only) ဟုရေးပြီးမှ အခန်းငှားမည့် ကြော်ငြာများကိုတွေ့ရသည်။ တစ်ခါတစ်ရံ ထိပ်က ဘာမှမရေးဘဲ အောက်နားတွင်မှ အရောင်ရှိသူများအတွက်မဟုတ်ပါ (No coloured) ဟုသာ တစ်ကြောင်းတည်း ရေးထားပြန်သည်။ ဘာမျှမရေးဘဲ ကြော်ငြာထား၍ လိပ်စာရှိရာသို့ရောက်သွားတော့မှ...

"ဝမ်းနည်းပါတယ်။ အဖြူတွေအတွက် အခန်းငှားတာ၊ အရောင်တွေအတွက် မဟုတ်ဘူး" ဟု ဆီးပြီး ခပ်တည်တည်ပြောပြီး စိတ်ပျက်လက်ပျက် ရှိလှသဖြင့်

"နေပါဦး၊ ခင်ဗျားတို့က ကျွန်တော်တို့ကိုတော့ အရောင်တွေ (coloured) လို့ဆိုတယ်။ ခင်ဗျားတို့ကတော့ ဘယ်လိုထင်သလဲ"

"တို့ ဥရောပသားတွေက ဝိုက် (White) အဖြူတွေပဲ"

"အဖြူကတော့ အရောင်မဟုတ်ဘူးလား။ တကယ်တော့ ခင်ဗျားတို့က ကျုပ်တို့ [illegible] (coloured) လို့ခေါ်ရင် ခင်ဗျားတို့က အရောင်အဆင်း ကင်းမဲ့သူတွေ (colour iess people) ဖြစ်မှာပေါ့။ ဒါမှ အဓိပ္ပာယ်ရှိတယ်။ အဖြူဆိုတာက အရောင်တွေထဲမှာ တစ်ခုအပါအဝင်ပဲ။ ဒါကြောင့် ခင်ဗျားတို့လည်း အရောင်တွေ (coloured people) ထဲကပါပဲ၊ မထူးပါဘူး"

စာရေးသူသည် စိတ်ခံပြင်းလွန်း၍ ပြန်ပက်နေမိသည်။ သို့သော် အိမ်ရှင် အင်္ဂလိပ်သည် စိတ်မဆိုးဘဲ လေချိုချိုနှင့်...

"ဒါကတော့ ခင်ဗျားရဲ့ အယူအဆပေါ့လေ။ ကျွန်တော် ဘာမှ မပြောလိုဘူး။ ကျွန်တော့်မှာ အခန်းငှားရန်မရှိပါ။ တစ်နေရာမှာ သွားရှာပေါ့" ဟု ပြောပြီး တံခါးပိတ်လိုက်ပါသည်။

စာရေးသူသည် စိတ်ဆိုးမပြေဘဲ လျှောက်လာပါသည်။ ရုပ်ရှင်ရုံဘေး သင်ပုန်းတွေ့၍ ကြည့်လိုက်ရာ အဖြူများသာဟု ကြော်ငြာထိပ်တွင် ရေးထား ပြီးမှ အောက်နားတွင် အာရှတိုက်သားများ လာစုံစမ်းနိုင်သည်။ (Asians may come try) ဟု ရေးထားသည်ကို တွေ့ရသဖြင့် လိပ်စာညွှန်းရာသို့ ဝမ်းသာအားရ ရောက်သွား၏။ ခေါင်းလောင်းနှိပ်မည်ဟု ဟန်ပြင်ခါရှိသေး၊ အတွင်းမှ တံခါးဖွင့်ပြီး ကျက်သရေရှိသော ဘိုမအဘွားကြီးထွက်လာရာ၊ စာရေးသူကပင် ပြုံးပြရင်း...

"ဂွတ်မောနင်း ဘွားဘွား၊ နေကောင်းတယ်နော်။ ကျွန်တော်က မြန်မာ လူမျိုး ကျောင်းသားပါ"

"ညော်... ဂွတ်မောနင်း၊ နေကောင်းပါတယ်ကွယ်။ ကျေးဇူးတင် ပါတယ်။ အခန်းငှား လာတာထင်ပါရဲ့"

"ဟုတ်ပါတယ် ဘွားဘွား။ အဖြူတွေအတွက်လို့ဆိုပြီး အာရှသား တွေလည်း လာစုံစမ်းဆိုလို့ပါ"

"အေးကွယ်။ ယခုပဲ မလေးကျောင်းသားကို ငှားလိုက်ပြီ။ မင်းလို ရည်ရည်မွန်မွန်ပဲကွဲ့"

"ဘွားဘွားတို့က အသားအရောင် မခွဲခြားဘူးပေါ့"

"ဒီလိုပါ၊ မင်းတို့က အသားဝါလူမျိုးပဲ (Yellow race)။ တို့က အမည်းတွေ (Black) ကို ကာလာ (coloured) လို့ ခွဲခြားတာပါ။ ဒီ ရပ်ကွက် တစ်ခြားအိမ်တွေ ရှာကြည့်ဦးလေ"

ဤတွင်ကာလာအသားအရောင် ခွဲခြားမှုတစ်မျိုးကို သိရပြန်လေပြီ။ နောက်တစ်နေ့ နေ့ခင်းပိုင်းတွင် အခန်းရှာပုံတော်ထွက်လာရာ ဟမ်းစတက် (Ham pstead) အရပ် ရောက်လာသည်။ အဖြူများအတွက်သာဟု ခဲနီသား ပြီး ကြော်ငြာထားပါလျက် အရွဲ့တိုက်ပြီး ဘွားကပ်ဘိုးကပ် ပြောဦးမည်ဟု

အကြောနှင့် ဘယ်လ်ဆိုက် (Belisze park) အရပ်တိုက်နံပါတ် (၂၅) သို့ ရောက်သွား၏။ ခေါင်းလောင်းတီးလိုက်ရာ အင်္ဂလိပ်တစ်ယောက် တံခါးလာဖွင့်ပါသည်။

"ဂွတ်ဒေး မစ္စတာလင်းလော့ ကျွန်တော်က မြန်မာကျောင်းသားပါ၊ လန်ဒန် တက္ကသိုလ်တက်ပါတယ်။ သုတေသနလုပ်နေလို့ ဆိတ်ငြိမ်ရပ်ကွက် အခန်းလာရှာတာပဲ။ ဈေးကြီးရင်တော့ မတတ်နိုင်ဘူးပေါ့။ တစ်ယောက်ခန်း ဘယ်အထပ်မှာရရ၊ အခန်းလည်း အနေမများပါဘူး။ ကျောင်းမှာပဲ အချိန်ကုန်တယ်။ ခင်ဗျားကြော်ငြာမှာ အဖြူများသာလို့ ရေးထားတယ်လေ။ ကျွန်တော့် အသားလည်းဖြူတယ် မဟုတ်လား။ ဒါထက်ဖြူစေချင်ရင် ဆေးဖြူသုတ်ပြီး နေပါ့မယ်"

"ဟား...ဟား...ဟား မင်းအတော်စကားပြောတာပဲ၊ ငါပြန်ပြီး ပြောဖို့ တောင် အချိန်မရဘူး၊ မင်းဆေးလိပ်သောက်တတ်သလား၊ ညဉ့်နက်အပြင် ထွက်တတ်သလား၊ ကောင်မတွေ ခေါ်လာတတ်သလား၊ သူငယ်ချင်းတွေနဲ့ စကားကျယ်ကျယ် ပြောတတ်သလား၊ အရက်သောက်လွန်းသလား"

"ခဏကလေး ကျွန်တော့်ကို ဖြေခွင့်ပြုပါ။ ကျွန်တော် အရက် မသောက်၊ ဆေးလိပ်မသောက်၊ မ မလိုက်တတ်ပါဘူး၊ သူငယ်ချင်းတွေနဲ့ ဝေးဝေးနေမှ ကျွန်တော် စာကျက်နိုင်မှာမို့ ဒီအရပ်လာ အခန်းငှားတာပါပဲဗျ"

"ကောင်းပြီလေ၊ မင်းကိုယ်ကို ဆေးဖြူသုတ်ဖို့ မလိုပါဘူး၊ နှစ်ပတ် လောက် မင်းကို အစမ်းငှားမယ်။ သဘောကျရင် ဆက်နေပေါ့"

အိမ်ရှင်မှာ မစ္စတာကလပ် (Mr. Clark) ဖြစ်ပြီး အင်္ဂလိပ်ပီသသော အင်္ဂလိပ်ဖြစ်၏။ စည်းကမ်းကြီးသည်။ ဟာသပြောတတ်သည်။ သူ့အိမ်သူ အမြဲသနေတတ်သူဖြစ်သည်။ စာရေးသူသည် အလိုက်သိသူဖြစ်သဖြင့် ကိုယ့် အခန်းကိုယ် ပြုပြင်မွမ်းမံပြီးနေသည်။ ဧည့်ခန်းတွင်းရှိ အလှပန်းအိုးကိုပင် ကူညီပြုပြင် ပန်းစိုက်ထိုးပေးသည်။ အမှိုက်ပစ်ရာမှအစ မီးခလုတ်၊ ရေခလုတ် များ ဖွင့်ပိတ်ခြင်း၊ တံခါးပြတင်း ဖွင့်ပိတ်ခြင်း၊ ဖုန်းလက်ခံပြောခြင်း၊ ရေအိမ်သာ၊ ရေချိုးခွက်သုံးခြင်းအဆုံးအထိ၊ နွားနို့ပုလင်းခွံကို ရေစင်အောင် ဆေးပြီးမှ ပြန်ပို့ခိုင်းခြင်း အပါအဝင် စည်းကမ်းတကျ သေသပ်စွာ ပြုလုပ် နေတတ်သဖြင့် နှစ်ပတ်ပြည့်သောနေ့၌ မစ္စတာကလပ်လာပြီး...

"မစ္စတာညွှန့် ဆက်နေနိုင်ပါတယ်၊ အစမ်းငှားနှစ်ပတ် အခန်းခငွေ မယူပါဘူး။ မင်းကိုယ်ကိုတော့ ဆေးဖြူသုတ်ချင်ရင် ငါ့ဆီမှာ သင်္ဘောဆေးဖြူ ဘူးရှိတယ် ဟဲ... ဟဲ... ဟဲ"

"ခင်ဗျားအိမ်က အဖြူလူမျိုးအတွက်သာဆို၊ ကျွန်တော်က အဝါ ဆိုတော့..."

"တို့အင်္ဂလိပ်တွေဟာ အသားအရောင်ခွဲခြားတယ်ဆိုတာ တစ်ယောက် တစ်မျိုးစီ သဘောထားရှိတယ်။ ကာလာလို့ခေါ်တာက အမည်းတွေ၊ ကပွလီ တွေကို ဆိုလိုတာများတယ်။ သူတို့က တစ်ချိန်တုန်းက ငွေဝယ်ကျွန်တွေ ပဲ၊ အာရှသားတွေကတော့ အညို၊ အဝါတွေပေါ့ (Brown race, Yellow race)။ သူတို့ကိုတော့ တို့လိုနေထိုင်မှုချင်း၊ စရိုက်ချင်းတူရင် အတူနေလို့ ဖြစ်ပါတယ်။ အချို့က အနေအထိုင် ပက်စက်တယ်၊ တို့က စည်းကမ်းနဲ့ ဆိုတော့ မဖြစ်လို့ လက်မခံတာပါ။ အမည်းတွေတောင် စည်းကမ်းနဲ့ နေတတ်ရင် တို့က မငြင်းပါဘူး"

"ဩော်... နားလည်ပါပြီ။ စည်းကမ်းမရှိတဲ့ အဖြူတွေဆိုရင်ကော အသားဖြူလို့ လက်ခံမှာပဲလား"

"ဘယ်ဟုတ်မလဲကွ၊ ဖြူသောမည်းသော မဟုတ်ပါဘူး။ စည်းကမ်းမဲ့ နေရင်တော့ လက်မခံဘူး။ မင်းမလာခင်က အဖြူကျောင်းသားတစ်ယောက် အရက်မူးမှန်ခွဲလို့ နှင်ထုတ်လိုက်ပြီ"

စာရေးသူသည် မစ္စတာကလပ်အိမ်တွင် ပြည်တော်ပြန်လာသည်အထိ နေခဲ့ရပြီး အခန်းခငွေများကိုပင် သူ့ကိုယ်စားကောက်ခံပေးခဲ့ရသေးသည်။

❐

ဘီလပ်က ကြောင်အသုဘ
ကျွန်တော်ပို့ခဲ့စဉ်က

မြန်မာစကားတွင် "အလုပ်မရှိ ကြောင်ရေချိုး" ဟူသော စကားရှိသည်။ အဓိပ္ပာယ်မှာ ရေးကြီးခွင်ကျယ် လုပ်ရမည့်ကိစ္စ မဟုတ်သည်ကို လုပ်ခြင်းကို ဆိုလိုသည်။ ကြောင်တို့သည် ရေကြောက်သည်။ ကြောင်ကို ရေချိုးပေးရန်မလို။ သူတို့ အလိုအလျောက် သန့်ရှင်းရေးလုပ်တတ်ကြသည်။ ကြောင်ကို ရေချိုးပါက အလုပ်မရှိ အလုပ်ရှာခြင်းသာဖြစ်သည်။ ဤကား မြန်မာတို့ အယူအဆဖြစ်၏။ ဘီလပ်တွင် ဤအဓိပ္ပာယ် မမှန်လေပြီ။

အင်္ဂလိပ်တို့သည် ကြောင်ကို ရေချိုးသောအလုပ်သာ မကပါ၊ ကြောင်မသာပင် ချလိုက်သေးသည်ကို စာရေးသူကိုယ်တွေ့ကြုံခဲ့ရလေသည်။

တစ်ညနေတွင် စာရေးဆရာမကြီး ဒေါ်ရသီဝုဒ်မင်း (Dorothy Woodman) က စာရေးသူထံ ဖုန်းဆက်ပြီး ဝမ်းနည်းသံနှင့် အမင်္ဂလာသတင်းကို ပြောပါသည်။

"ကျွန်မ တော်မီကလေး ဆုံးရှာပြီ။ ဒီမနက်သေနေတာကို တွေ့ရတာပဲ"

"ဘာရောဂါနဲ့လဲ၊ အလက်ဘယ်လောက်ရှိပြီလဲ"

"ညကပဲ အကောင်းကြီးရှိသေးတာ။ အစာအဆိပ်ဖြစ်တာလည်း မဖြစ်နိုင်ဘူး။ ကျွန်မကိုယ်တိုင် ချက်ကျွေးနေတာပဲ၊ စည်သွပ်ဘူးတောင် မကျွေးခဲ့ပါဘူး။ သူအသက် ထွက်သွားတာတောင် မမြင်လိုက်ရပါဘူးရှင့်"

"ဘယ်အရွယ်ရှိပြီလဲ"

"(၁၄) နှစ်ကျော်လာပြီ၊ ဆရာဝန်ကတော့ ကျန်းမာပါသေးတယ်ပြော တာပဲ"

ဘေးနားမှ နားထောင်နေသော မိတ်ဆွေ မြန်မာကျောင်းသားကမူ သူ့သား (သို့မဟုတ်) တပည့် အိမ်ဖော်တစ်ယောက် သေသည်ဟု ထင်နေသည်။ စာရေးသူက...

"(၁၄) နှစ်ဆိုတော့လည်း လူကြီးရောဂါနဲ့ သေတာဖြစ်မှာပေါ့"

"ဟေ့လူ၊ သွားနောက်မနေနဲ့လေ အသက် (၁၄) နှစ်မှာ ဘယ်က လူကြီးရောဂါနဲ့ သေရမှာလဲဗျ"

မိတ်ဆွေ မြန်မာကျောင်းသားက စာရေးသူကိုလှမ်း၍ ဘရိတ်အုပ် ပြောလိုက်ရာ စာရေးသူသည် ဖုန်းခွက်ကို လက်နှင့်ပိတ်ပြီး...

"အို... ခင်ဗျားမသိပါဘူး။ တော်မီဆိုတာ လူမဟုတ်ဘူးဗျ။ ကြောင် ကြောင် အဘွားကြီးမွေးထားတဲ့ ကြောင်ကြီး။ ကြောင်ဆိုတာက ၁၄ နှစ် အရွယ်ရှိလာပြီဆိုတော့ အိုရောပေါ့။ ဒါကြောင့် လူကြီးရောဂါ အဲလေ ကြောင်ကြီးရောဂါနဲ့ သေနိုင်တာကို ပြောတာ"

"ဟောဗျာ ဒီလိုလား"

သည့်နောက် ဖုန်းခွက်မှ လက်ကိုခွာလိုက်ပြီး...

"မစ်စ်ဝုဒ်မင်း၊ ကျွန်တော် အလွန်ဝမ်းနည်းပါတယ်။ တော်မီဟာ ကျွန်တော့်ကိုလည်း ခင်တယ်။ ကျွန်တော်လာတဲ့အခါ ပွေ့ချီနေကျပေါ့။ ယခု အမှိုက်ပုံးထဲ ပစ်လိုက်ပြီလား"

"ဟဲ့... ဘယ်လိုပြောတာလဲ ယခု သူ့အသုဘစီစဉ်နေတာ။ တော်မီနဲ့ မိတ်ဆွေဖြစ်ဖူးတဲ့ လူတွေကို ဖုန်းဆက် အသိပေးနေတာ။ ရှင့်ကိုလည်း အကြောင်းကြားတာပေါ့။ နောက်နေ့ နေ့ခင်းတစ်နာရီမှာ အသုဘချမယ်"

"ဟင်... ကြောင်ကို အသုဘချမယ်ဟုတ်လား။ ကျွန်တော် တစ်ခါမှ မကြားဖူးဘူး။ မကြုံဖူးပါဘူးဗျာ။ သချိုင်းက ဘယ်မှာလဲ"

"အဲဒါကြောင့်ပေါ့ လိုက်ပို့နိုင်ရင်ပို့ပါ။ ကိစ္စအားလုံးကို လန်ဒန် ကြောင်အသင်း The Feline Society, London က တာဝန်ယူ ဆောင်ရွက် ပေးမယ်။ တော်မီရဲ့နာရေးကို လာဖြစ်အောင်လာပါနော်"

စာရေးသူသည် မစ်စ်ဝုဒ်မင်းကို ခင်မင်ခြင်းက တစ်ကြောင်း၊ သူ့

ကြောင် တော်မီကြီးကိုလည်း သနားခြင်းကတစ်ကြောင်း၊ ဘိလပ်က ကြောင် မသာအကြောင်း လေ့လာလိုသည်က တစ်ကြောင်းတို့ကြောင့် မသာ ပို့မည်ဟု ကတိပေးလိုက်ပါသည်။

နောက်နေ့ ၁၂ နာရီတွင် ဒေါ်ရသီဝုဒ်မင်း နေထိုင်ရာ နံပါတ် (၁) ရောဘတ်လမ်းသို့ ရောက်သွားပါသည်။ ကြောင်အသုဘအိမ်သည် အတော် အတန် လူစည်ကားသည်။ သူမကဲ့သို့ ကြောင်ချစ်တတ်သော မိတ်ဆွေများမှာ ရောက်လာကြပြီး တော်မီအလောင်းကို လာကြည့်ကြသည်။

တော်မီသည် ထင်းရှူးသေတ္တာအခေါင်းတွင် ခပ်ကွေးကွေးသေနေရာ သည်။ အခေါင်းပတ်လည်တွင် သူ၏ စားခွက်၊ ရေခွက်၊ သူကစားခဲ့သော အရုပ်ကလေးများ၊ ဆောင်းရာသီဝတ်ခဲ့သော အနွေးစောင်များ စီရီစွာ ထည့် ပေးထားသည်။ ခေါင်းရင်းပိုင်းတွင် သူ့ဓာတ်ပုံနှင့်ဒေါ်ရသီက ပွေ့ချီထားသော ဓာတ်ပုံများ ထောင်ထားသည်။

"တိရစ္ဆာန်ဆေးကုဆရာဝန်ကတော့ တော်မီဟာ အသက်ကြီးလာလို့ နှလုံးလေအေးမိပြီး ဆုံးသွားတာလို့ပြောပါတယ်"

ဒေါ်ရသီဝုဒ်မင်းက မသာလာသူတို့ကို ပြောပြနေရှာပါသည်။ စာရေး ဆရာကြီးတစ်ယောက်ကမူ သူမ၏ကြောင်မမှာ (၁၇) နှစ်ပင် ရှိလာပြီဖြစ်သော် လည်း ကျန်းမာသေးကြောင်း သားသမီးမြေးမြစ်များ ၂၁ ကောင်ရှိကြောင်း ကြွားပြောနေပြန်သည်။

အချိန်စေ့သောအခါ လန်ဒန်ကြောင်အသင်း (ကြောင်ချစ်သူများ အသင်း) မှ အင်္ဂလိပ်မကြီးတို့သည် တော်မီ၏ အခေါင်းသေတ္တာကလေးကို ပိတ်လိုက်ပြီး ယူထုတ်သွားကြ၏။

တိုက်အောက်ထပ်တွင် ရပ်ထားသော တက္ကစီတစ်စီးဖြင့် တော်မီ၏ အလောင်းကို ယူသွားကြရာ လိုက်ပို့သူများမှာ ကားသုံးလေးစီးခန့်ရှိသည်။ ဒေါ်ရသီဝုဒ်မင်းသည် အဝတ်အစား အနက်ရောင်ကို ဝတ်ထားသည်။ အတန် ကြာ မောင်းသွားကြရာတွင် လန်ဒန်မြို့ပြင်တောင်ပိုင်း ဟတ်ဘရစ်ချ် (Huck bridge) အရပ်တွင်းရှိ တိရစ္ဆာန်သုသာန်သို့ ရောက်ကြပါသည်။ မိမိတို့ ချစ်မြတ်နိုးစွာ မွေးထားကြသော ကြောင်၊ ခွေး၊ ကြက်၊ ငှက် အိမ်မွေးသတ္တဝါ (Pet) မြှုပ်နှံရန် နေရာဖြစ်ကြောင်းသိရသည်။

လူသချိုင်းကဲ့သို့ပင် စနစ်တကျ သေသေသပ်သပ်ရှိသည်။ အမှတ်အသားတိုင်ကလေးများပင် စိုက်ထားကြသည်။ အချို့ပုံတူရုပ်တု၊ ကျောက်များနှင့် ထူပြီးစိုက်ထားကြသေးသည်။ သတိရစာတန်းများ ထိုးထားကြသူများလည်း ရှိသည်။ တော်မိုအလောင်းနှင့်အတူ သူနှင့်ဆိုင်သော ပစ္စည်းများကိုပါ မြှုပ်နှံသင်္ဂြိုဟ်လိုက်၏။ ထို့နောက် စာတန်းနှင့် တိုင်စိုက်ရန်ကိုပါ စီစဉ်ထားခဲ့သည်။

ဤမျှ အိမ်မွေးသတ္တဝါတိရစ္ဆာန်အပေါ် သံယောဇဉ်ကြီးကြသော အင်္ဂလိပ်တို့ကို အံ့သြမိသည်။ အမှိုက်ပုံးထဲ ပစ်ပြီးပြီးလားဟု မေးမိသည်ကို အားနာ နေမိပါသည်။ စာရေးသူတို့ဆီတွင် တစ်ခါတစ်ရံ အမှိုက်ပုံးထဲသို့ပင် မပစ်ဘဲ လမ်းဘေးစွန့်ထားသော ခွေး၊ ကြောင် အသေများကို ယင်တလောင်းလောင်းနှင့် တွေ့နေရတတ်သည်။

လန်ဒန်တွင် ကြောင်ချစ်သူများအသင်းအပြင် ခွေးချစ်သူများအသင်း (The Canine Soceity, London) လည်း ရှိသေးကြောင်း သိရ၏။ အင်္ဂလိပ်လူမျိုးတို့သည် ခွေး၊ ကြောင်ကို ချစ်ကြသည်။ ကြောင်ကိုချစ်ကြသည်မှာ ကဲလွန်းသည်းလွန်းသည်ဟု ထင်မိပါသည်။ ကုန်ပဒေသာဆိုင်ကြီးများ (Departmental Stores) တွင် ကြောင်စားရန် စည်သွပ်ဘူးအမျိုးမျိုး အပြင် ပူစီကလေးများ ဆော့ကစားရန် ကြက်ရုပ်၊ ငှက်ရုပ်ကလေးများ၊ စားခွက် သောက်ခွက်များ၊ ဆောင်းရာသီအတွက် အဝတ်ခြုံထည်စောင်များ၊ အလှဆွဲရန်ခြူကလေးများ၊ လမ်းလျှောက်ထွက်သောအခါ သုံးရန် ကြောင်လည်ပတ်ကလေးများ၊ မွေးစကြောင်ကလေးများထိန်းရန် တွန်းလှည်းများ၊ ကြောင်အကြောင်း စာအုပ်၊ ကာတွန်း၊ ပန်းချီ၊ ကြောင်လိမ္မာဝတ္ထု၊ ကဗျာစာအုပ်များ ရောင်းချကြသည်။ မကြာခဏ ခွေးအလှ၊ ကြောင်အလှပြိုင်ပွဲများလည်း ကျင်းပကြသည်။

စာရေးသူနေခဲ့သော ပထမဆုံးနေအိမ်က လင်းလေဒီအဘွားကြီး၏ မြေးမကလေး မာရီယာသည် ကြောင်တစ်ကောင်ကို မြင်၍ Pussy Cat, Pussy Cat, where have you been? I have been to London to see the Queen.

ဟု ကဗျာတိုကလေး ရွတ်နေသည်ကို ကြားယောင်နေမိပါသည်။

❐

မေတ္တာငတ်နေရာသော ဘိုးဘိုး ဘွားဘွားများ

လူမှုရေးကိစ္စကို အစိုးရအနေနှင့်သော်လည်းကောင်း၊ အသင်းအဖွဲ့အစည်းအနေနဲ့ သော်လည်းကောင်း၊ ပုဂ္ဂလိက စေတနာရှင်များအနေနှင့် သော်လည်းကောင်း အဘက်ဘက်က ဆောင်ရွက်မှု အများဆုံးလုပ်သော အနောက်နိုင်ငံများအနက် အင်္ဂလန်သည် ထိပ်တန်းတွင်ရှိသည်ဟု ဆိုနိုင်ကောင်းသည်။

ကိုယ်ဝန်ဆောင်မိန်းမများ၊ မွေးကင်းစကလေးများမှစပြီး ဇရာအိုများအထိ ထိန်းသိမ်းစောင့်ရှောက် ပြုစုပေးသည်ကားမှန်၏။ အခမဲ့ဆေးကုသခွင့်၊ သားဖွားခွင့်၊ ကလေးခြောက်လသားအထိ နို့မှုန့် အခမဲ့ရရှိခွင့်များရှိသည်။ အလားတူ ဇရာအိုတို့အတွက် ဘိုးဘွားရိပ်သာများ၊ နာလန်ထ စခန်းများ၊ လူအိုဂေဟာများ၊ ပင်စင်စားကြီးတို့၏ ရိပ်မြုံများ စသည်ဖြင့် တည်ထောင်ကာ အတတ်နိုင်ဆုံး ကျွေးမွေးပြုစုထားသည်ကား မှန်၏။ သို့သော် ဘိလပ်က ဘိုးဘိုးဘွားဘွားတို့၏ ဘဝတွင် တစ်ခုလိုနေရှာသည်။ ယင်းသည်ကား လူသား၏ မေတ္တာပင်တည်း။

ဆိုလိုသည်မှာ ရုပ်ပိုင်းဆိုင်ရာဖြစ်သော စားစရာ၊ နေစရာ၊ အာဟာရ၊ ဆေးဝါး၊ အဝတ်အစားများကား ဖူလုံပါသည်။ ကြည့်ရှု၊ ပြုစု၊ ကုသမည့် သူတွေလည်း ရှိပါသည်။ သို့သော် အင်္ဂလိပ်စကား (Human Touch) ကို တိုက်ရိုက်ပြန်ဆိုရသော် လူသားဆန်ဆန် ထိတွေ့မှု၊ စာရေးသူတို့ နားလည်သလို ပြန်ဆိုရသော် လူ့မေတ္တာတရား မပါဘဲဖြစ်နေသည်။ ထို့ကြောင့်

ဘိုးဘိုးဘွားဘွားတို့သည် 'ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်' ဘဝ ရောက် နေရာတော့သည်။

တောအရပ်ဒေသများတွင် မိသားစုကြီးကြီးနှင့် ဘိုးဘိုးဘွားဘွားတို့ သည် မြေးမြစ်များနှင့် အတူနေခြင်း၊ (သို့မဟုတ်) တစ်ရပ်တစ်ရွာတည်းမှာ ပင် နေခြင်းရှိသေးသော်လည်း လန်ဒန်၊ ဂလပ်စဂို၊ မန်ချက်စတာ စသည့် စက်မှုထွန်းကားလှသော မြို့ပြကြီးများတွင် နေကြရသော ဘိုးဘိုးဘွားဘွား တို့သည် ဘိုးဘွားရိပ်သာတွင် နေသည်ဖြစ်စေ၊ မိမိဘာသာနေသည်ဖြစ်စေ၊ အိုရွယ်ထားခြင်း ခံရသော 'အိုပယ်' ဘဝသို့သာ ရောက်ကြလေသည်။

သူတို့သည် သားသမီး မြေးမြစ်များရှိသော်လည်း တစ်ရပ်တစ်ကျေး တွင် တစ်ကွဲတစ်ပြားနေကြသည်။ တစ်မြို့တည်းမှာ ရှိသော်လည်း အိမ်ထောင် ခွဲနေကြသည်။ ခွေးကလေး၊ ကြောင်ကလေး၊ ငှက်ကလေးများ မွေးထားပြီး အဖော်ပြုသူက ပြုသည်။ အချို့ကား ပန်းဥယျာဉ်များ၊ ဇောတ်ရုံကြီးများ၊ ဘုရားရှိခိုးကျောင်းများ၊ ပြတိုက်များဆီသို့ နေ့စဉ်ရောက်လာပြီး ထိုင်ခုံတွင် ထိုင်ကာ စကားပြောဖော်ကို ရှာကြသည်။ မတွေ့ပါက တစ်ယောက်တည်း တစ်နေကုန်ထိုင်ပြီး တွေးချင်ရာ တွေးနေတတ်သည်။ မိမိနေသော အခန်းတွင် သေဆုံးနေသော်လည်း မသိကြ။ နွားနို့ပို့လာ သူ၊ သတင်းစာ ယူလာသူတို့က နွားနို့ပုလင်းများ၊ သတင်းစာများ စုပုံနေသဖြင့် အိမ်ရှင်ကို တိုင်ကြားသော အခါမှ သော့တူနှင့် ဖွင့်ကြည့်ရာ အိပ်ရာတွင် အသက်ပျောက်နေသည်ကို တွေ့ရတတ်သည်။

စာရေးသူ သူတို့ဘဝကို လေ့လာမိသည်။ တစ်ခါက ရီးဂျင့်ပတ်ခေါ် ဥယျာဉ်သို့ လမ်းလျှောက်အလာ မျဉ်းကြားမှဖြတ်ကူးနေသော ဘွားဘွားကြီး တစ်ယောက်သည် တုန်တုန်ချည်ချည်နှင့် လမ်းလယ်တွင် လဲသွားပါသည်။ သူ့ဆွဲခြင်းထဲမှ စားစရာများ ဖိတ်စဉ်ကျသွား၏။ ရုံးတက်ချိန်ဖြစ်၍ လမ်းသွားများ အပြေးအလွှား ဖြစ်နေသည်။ စာရေးသူက ယာဉ်များကို လက်ပြတားထားရပြီး အဘွားကြီးကိုထူ၊ ကျသွားသော ပစ္စည်းများကို ကောက် ထည့်ကာ ဆွဲခေါ်လာခဲ့သည်။

"အဘွားကို ဘယ်ပို့ရမလဲ"

"ဥယျာဉ်ထဲက ထိုင်ခုံကို"

သူညွှန်သော နေရာအထိ လိုက်ပို့ပါသည်။

ကျေးဇူးအများကြီး တင်ပါတယ်ကွယ်။ ဘုရားသခင် စောင့်ရှောက်ပါစေ။ မင်းက တရုတ်လား၊ ဂျပန်လား၊ ယိုးဒယားလား၊ မလေးလား"

"မြန်မာပါ၊ ရန်ကုန် – ရန်ကုန်"

"ဩော်... မြန်မာ ဟုတ်လား၊ သိပါတယ်။ ငါတို့ဦးလေး စစ်မှုထမ်းတဲ့ နေရာပေါ့ ကြားဖူးပါတယ်၊ ငါ့ခြင်းထဲမှာ သကြားလုံးပါတယ်။ ရော့ စားဦး"

"နေပါစေ အဘွားရယ်၊ အဘွား ဒီကို နေ့တိုင်းလာသလား။ လိုက်ပို့မယ့်သူ မရှိဘူးလား"

"နွေရာသီဆိုရင် ဒီလာပြီးနေတယ်။ ငါနေတာက ဒီလမ်းရဲ့ထိပ်က ဒုတိယထပ်မှာ။ လိုက်ပို့မယ်သူလည်း မရှိဘူး။ စကားပြောမယ့်သူလည်း မရှိဘူး။ ငါတို့က ရုစ်ဆယ်ကျော်တွေပဲ လူရာမဝင်တော့ဘူးပေါ့ကွယ်"

"အဘွားဆွေမျိုးသားချင်းတွေကော"

"သား‌က ကနေဒါပြောင်းသွားပြီ၊ သမီးက ဂျမေကာမှာ အိမ်ထောင်ကျတယ်။ ငါ့ယောကျ်ားကတော့ ဒုတိယကမ္ဘာစစ်မှာ ကျဆုံးတယ်။ မြေးယောကျ်ားကလေး လာနေပေမယ့် ယခုစစ်မှုထမ်းဖို့ ပါသွားပြီ။ ပြန်လာရင်လည်း လက်ထပ်ပြီး ခွဲနေမှာပါ"

"အဘွား ဒီလိုဆို တစ်ယောက်တည်း နေရမှာပေါ့"

"ဒီလိုမနေချင်ရင် ဘိုးဘွားဂေဟာသွားရမယ်။ အဲဒါကို အဘွား အမုန်းဆုံးပဲ။ ဒီဂေဟာတွေက အားလုံးကောင်းပါတယ်။ ဒါပေမယ့်လို့ ရုံးဆန်ဆန် ဖြစ်နေတယ်။ အဘွားက လူဆန်ဆန်၊ အိမ်ထောင်စုဆန်ဆန် နေချင်တာ"

"ကျွန်တော်တို့ မြန်မာပြည်မှာလည်း ဘိုးဘွားရိပ်သာတွေ ရှိပါတယ်။ ဒါပေမယ့် ဆင်းရဲတဲ့ ဘိုးဘွား၊ ဆွေမျိုးမရှိတဲ့ ဘိုးဘွားတွေသာနေတယ်။ ကျန်တဲ့ ဘိုးဘွားတွေကတော့ သူတို့သားသမီးမြေးမြစ်တွေနဲ့ နေလေ့ရှိပါတယ်"

"ဟေး... တယ်ကောင်းပါကလား၊ သားသမီးတွေက ကျေနပ်ရဲ့လား"

"ကျေနပ်တာပေါ့။ ဘိုးဘိုး၊ ဘွားဘွားတွေရှိရင် အိမ်လုံတယ်။ မြေးကလေးတွေကို စောင့်ရှောက်ပေးတယ်၊ ပုံပြင်တွေပြောပြ ထိန်းပေးကြတယ်။ အဖော်ရတယ်"

"ဟုတ်တာပေါ့ကွယ်။ ဘွားဘွားလေ ပုံပြင်တွေ၊ သီချင်းတွေ၊ ပြောစရာတွေ အများကြီးပဲ နားထောင်မယ့်သူ မရှိဘူးကွယ်။ တစ်ခါတစ်ခါ ကိုယ့်ဘာသာကိုယ် ပြောပြနေတယ်၊ သီချင်းဆိုနေတယ်။ အဲဒီလိုကလေးတွေနဲ့ နေချင်လိုက်တာ"

စာရေးသူသည် အဘွားကြီး၏ စကားကြောတွင် မျောပါနေသည်။ သူကျွေးသော ပန်းသီးကို စားမိနေသည်။

အဘွားကြီးက...

"ငါတော့ ဒီနေ့ အလွန်ကံကောင်းတယ်။ တွဲထူပေးတဲ့ မြေးတစ်ယောက် လမ်းပေါ်မှာတွေ့ခဲ့ရပြီ။ စကားပြောရင်း အနားက သစ်သီးစားပြီး နားထောင်နေတဲ့ မြေးလည်းရပြီ။ အို... ငါ ပျော်လိုက်တာ"

သူ့လိပ်စာပေးပြီး လာလည်ရန် မှာရှာသေးသည်။

စာရေးသူသည် ထိုကဲ့သို့ပင် ဘိလပ်ဘိုးဘိုး၊ ဘွားဘွားတို့ကိုမကြာခဏတွေ့ကြုံတိုင်း ကူညီဖူးသည်။ အာလူးတောင်းထမ်းလာသော ဘိုးဘိုးကြီး၊ မျက်စိသိနေ၍ စာတိုက်ပုံးထဲ စာထည့်ရန် ခဲယဉ်းနေသော ဘွားဘွားကြီး၊ ကြောင်လွတ်သွား၍ လိုက်ဖမ်းနေသော အဘွားအို၊ ညနှင်းကျချိန် မျက်စိလည်နေသော ဇရာအိုလင်မယား၊ နာလန်ထစေ အဒေါ်ကြီး သူတို့အားလုံးတွင် တူညီနေသော လိုအပ်ချက် (၀၊) တောင့်တမှုကား လူသား၏ မေတ္တာတရားပင်တည်း။

❐

လန်ဒန်မြို့ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများ

စာရေးသူသည် ဘိလပ်မရောက်မီက ဗုဒ္ဓဘာသာသည် အရှေ့တိုင်းနိုင်ငံများ၌သာ ထွန်းကားခဲ့သည်ဟု ထင်ခဲ့သည်။ အင်္ဂလိပ် ဥရောပသားတို့ကား ခရစ်ယာန်ဘာသာဝင်တွေချည်းဖြစ်ပြီး သူတို့သည် ရပ်ဝေးမြေခြားတိုင်းတစ်ပါးသို့ နယ်ချဲ့ကာ အင်ပါယာများ တည်ထောင်ကြသည်။ သူတို့လက်အောက်ကျရောက်သော တိုင်းပြည်များတွင် သူတို့ယဉ်ကျေးမှုနှင့် ယုံကြည်ကိုးကွယ်မှုများ ပျံ့ပွားခဲ့သည်။ ထို့ကြောင့် ခရစ်ယာန်ဘာသာသည် အရှေ့တိုင်းနိုင်ငံများသို့ ပျံ့လာခဲ့ပြီး ဗုဒ္ဓဘာသာမှာမူ အနောက်နိုင်ငံများသို့ မပေါက်မရောက်ခဲ့ဟု ယူဆနေမိပါသည်။ ရုန်ကုန်တက္ကသိုလ် ကျောင်းသားဘဝ ရှေးဟောင်းခေါမသမိုင်း သင်ကြားရစဉ်က မဟာလယ်လီဇန်းဒါးစစ်ဘုရင်က အိန္ဒိယအရောက် စစ်ချီလာခဲ့ပြီး သူပြန်သွားသောအခါ ဗုဒ္ဓဘာသာနှင့် ကျမ်းဂန်၊ ဆင်းတုတော်များကို ခေါမသို့ သယ်ယူသွားကြောင်း သိရသည်။ သူ့ဆရာအယ်ရစ်စတိုတယ်ထံ ပေးပို့ရန် သယ်သွားခြင်းဖြစ်၏။ သို့သော် ဗုဒ္ဓဘာသာသည် ခေါမ၌ ထွန်းကားလာမလာကို မသင်ခဲ့ရပါ။

ဘိလပ်သို့ ပညာတော်သင်အဖြစ် ရောက်လာပြီး (၂) နှစ်ခန့်ရှိတော့မှ ဗုဒ္ဓဘာသာသည် အင်္ဂလိပ်တို့၏ ဇာတိမြေပေါ်၌ အတော်အတန် ထွန်းကားနေကြောင်း တွေ့ရပါသည်။ ယင်းသို့တွေ့ရပုံမှာ ကိုယ်တိုင်ရူးစမ်းလေ့လာ၍ကား မဟုတ်၊ စာရေးသူ၏ မိတ်ဆွေ မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်၊ ပါဠိဌာနပါမောက္ခဦးတင့်လွင်နှင့် မြန်မာသံအမတ်ကြီး ဦးကြင်တို့၏ ကျေးဇူး

ကြောင့် သိခွင့်ရခြင်းဖြစ်ပါသည်။ ထိုအချိန်က ဦးတင့်လွင်သည် ဘီဘီစီ အသံလွှင့်ဌာန၌ မြန်မာပိုင်းအသံလွှင့်နေသူဖြစ်ပြီး လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကရေးရာကောလိပ် (School of Oriental and African Studies) ၌ ပါဠိဘာသာ မဟာဝိဇ္ဇာတန်းတက်နေသူ ဖြစ်ပါသည်။ ဘီဘီစီ မြန်မာပိုင်းတွင် အသံလွှင့်ရင်း သူနှင့် သိကျွမ်းလာခဲ့ရာမှ တစ်နေ့တွင် သူက...

"နက်ဖြန်ခါ တန်ဆောင်မုန်းလပြည့်နေ့ဗျ။ ဘုန်းကြီးကျောင်း သွားပြီး ဥပုသ်စောင့်မယ်၊ ကျွန်တော့်ဆီ ဖုန်းမဆက်နဲ့"

"ကျွန်တော်တော့ ဘိလပ်ရောက်ကတည်းက အဖိတ်၊ ဥပုသ်တို့၊ ဝါဝင်၊ ဝါထွက်တို့တောင် မေ့တော့တော့ဖြစ်နေပြီ။ ဒီလန်ဒန်မြို့ကြီးမှာ ဘယ်က ဘုန်းကြီးကျောင်း ရှိလို့တုံး"

"ရှိပါ့ဗျာ၊ ရှိသမှ တစ်ကျောင်းတောင် မကဘူး၊ ကျွန်တော် သိသလောက် သုံးကျောင်းတောင်ပဲ။ အနောက်ဂျာမနီမှာလည်း ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းရှိသတဲ့"

"ကျွန်တော် လန်ဒန်ရောက်နေတာ ခင်ဗျားထက် အရင်ကျပေမယ့် ဗုဒ္ဓဘာသာ လန်ဒန်မှာ ထွန်းကားနေတာ သတိမပြုမိဘူး။ ခင်ဗျားက ပါဠိဘာသာယူတော့လည်း ပိုပြီးနီးစပ်တာပေါ့။ ဒီဘုန်းကြီးကျောင်းကို လိုက်ကြည့်ချင်လိုက်တာ"

အင်္ဂလိပ်လူမျိုး ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ။ ■ ဦးတင့်လွင် ခေါ်သွားသော ဘုန်းကြီးကျောင်းမှာ လန်ဒန်မြို့ အနောက်မြောက်ရပ်ကွက်၊ ရပ်ကွက်အမှတ် (၈)၊ အယ်လီဇန်းဒါးလမ်း အမှတ် (၅၀) ဖြစ်ပါသည်။ လန်ဒန်ရှိ ဗုဒ္ဓဘာသာကျောင်းများအနက် ဝါအနုဆုံးကျောင်းဖြစ်ပြီး အင်္ဂလိပ်လူမျိုး ဗုဒ္ဓဘာသာဘုန်းကြီးများ၏ အသင်းကျောင်းဖြစ်၏။ မြန်မာပြည်မှ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းနှင့် မတူပါ။ သာမန် အဆောက်အအုံဖြစ်သည်။ သို့သော် ကျောင်းရှိ ဘုန်းကြီးများကား အားလုံး အင်္ဂလိပ်များဖြစ်ပြီး အကျင့်သီလနှင့် ပြည့်စုံစွာ ဩဇာခြိမ့်စွာ နေကြပုံရသည်။ ဦးပညာဘွဲ့နှင့် အင်္ဂလိပ်ဘုန်းကြီးကျောင်းတွင် အသင်းအုပ်ဖြစ်သည်။ ယိုးဒယား ရဟန်းဝတ်ခဲ့သူဖြစ်၏။ ယခင်က ဤကျောင်းတွင် ဂျာမန်အမျိုးသမီးနောင် ရဟန်း၂ ပါးလည်း သီတင်း

သုံးခဲ့ဖူးသည်ဟုသိရ၏။ ကျောင်းပရိဘောဂ ပြည့်စုံစွာမရှိပါ။ ဗုဒ္ဓဟူးနေ့ကို တရားကျင့်သောနေ့ဟု သတ်မှတ်ထားပြီး သောကြာနေ့တိုင်းတွင် ဝိတိုရိယ ရပ်ကွက်၊ လန်ကက်စတာခန်းမ၌ တရားပွဲကျင်းပသည်။ ဝိပဿနာကို အင်္ဂလိပ်လို ဟောသည်။ 'သံဃ' အမည်နှင့် လစဉ်စာစောင်တစ်ခုကို လည်း ထုတ်ဝေပါသည်။ ဤကျောင်းကို 'အင်္ဂလိပ် သံဃအသင်း' ဟု အခေါ်များသည်။

လန်ဒန် ဗုဒ္ဓဘာသာအသင်းကြီး။ ။ ဦးတင့်လွင် ခေါ်သွားသော နောက် ဗုဒ္ဓဘာသာကျောင်းတစ်ခုမှာ ဘိလပ်တွင် ဝါအရင်ဆုံးနှင့် ရှေးအကျဆုံး ဗုဒ္ဓဘာသာအသင်းဖြစ်၏။ လန်ဒန်မြို့အနောက်တောင်ရပ်ကွက်၊ အကွက် အမှတ်(၁)၊ အက်ကလက်စတန်စကွဲယား အမှတ် (၅၈) တွင်ရှိသည်။ လန်ဒန် ဗုဒ္ဓဘာသာ အသင်းကြီးဟု တွင်သည်။ စနစ်တကျ ဖွဲ့စည်းထားသော အသင်း ဖြစ်၍ အမှုဆောင်အဖွဲ့လည်းရှိသည်။ ဥက္ကဋ္ဌလုပ်သူကား ဗုဒ္ဓဘာသာအကြောင်း အင်္ဂလိပ်လို စာအုပ် ရေးသားသော ခရစ္စမတ် ဟန်ဖရေ့ဖြစ်၏။ ထိုစဉ်ကပင် အသင်းဝင်ပေါင်းငါးထောင်နီးပါးရှိရာ ယခုဆိုလျှင် ထို့ထက် တိုးပွားနေတော့ မည်။ တရားပွဲများ၊ ဝိပဿနာသင်တန်းများကို အပတ်စဉ် နှစ်ကြိမ်ကျ ဟောကြားပို့ချပေးသည်။ ထို့ပြင် တရားအားထုတ်ရန်လည်း အစီအစဉ် လုပ်ပေးသည်။ ဇင်ဗုဒ္ဓဘာသာ (Zen Buddhism) သင်တန်းများလည်း ဖွင့်ပေးသေးသည်။ ဗုဒ္ဓဘာသာနှင့်ဆိုင်သော စာအုပ်မျိုးစုံရှိသော အသင်း စာကြည့်တိုက်ကြီးရှိ၏။ သုံးလတစ်ကြိမ်ထုတ်သော 'မဇ္ဈိမ ပဋိပဒါ' ခေါ် စာစောင်ကိုလည်း မှန်မှန်ထုတ်ဝေလျက်ရှိသည်။

တတိယကျောင်းကိုမူ သံအမတ်ကြီးဦးကြင်၏ ဖိတ်ကြားချက်အရ ရောက်သွားခြင်းဖြစ်ပါသည်။ ၁၉၅၆ ခု၊ မေလ ၂၈ ရက်နေ့တွင် ဗုဒ္ဓသာသနာ တော် ၂၅၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနားကို လန်ဒန်ရှိ ဗုဒ္ဓဘာသာဝင် တို့ စုပေါင်းကျင်းပ၏။ ထိုအခမ်းအနား၌ မြန်မာသံအမတ်ကြီး ဦးကြင်က (Buddha Jayanti) အကြောင်း မိန့်ခွန်းပြောရပါသည်။ ထိုအခမ်းအနားသို့ တက်ရန် ဦးတင့်လွင်နှင့် စာရေးသူတို့ကို ဖိတ်၍ ရောက်သွားခြင်းဖြစ်သည်။ ကျင်းပသောနေရာမှာ လန်ဒန်ဗုဒ္ဓဝိဟာရအသင်းခေါ်သော သီဟိုဠ်ဘုန်းကြီး ကျောင်း (Ceylon House) ဖြစ်သည်။ လန်ဒန်မြို့အနောက်တောင်ရပ်ကွက်၊

အကွက်အမှတ် (၃)၊ အိုဗင်တန်ဂါးဒင်းလမ်း၊ အမှတ် (၁၀)ရှိ ငါးထပ်တိုက်ကြီး ဖြစ်သည်။ သီဟိုဠ်ဘုန်းကြီး အရှင်သဒ္ဓါတိဿကမှာ ကျောင်းထိုင်ဖြစ်သည်။ သီဟိုဠ်ဗုဒ္ဓဘာသာဝင်တို့က ထောက်ပံ့ပေးသော ကျောင်းဖြစ်သော်လည်း ဘိလပ်ရောက် ဗုဒ္ဓဘာသာဝင်တို့က အမြဲတစေပစ္စည်းလေးပါးနှင့် ငွေကြေးများ လာရောက်လှူဒါန်းကြပါသည်။ ထေရဝါဒဘုန်းကြီးကျောင်းဖြစ်၍ သီဟိုဠ်၊ မြန်မာ၊ ယိုးဒယား ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးဆိုင်ရာ ဓလေ့ထုံးစံများလုပ်လိုလျှင် ဤကျောင်းမှာပင် လုပ်ကြသည်။ အသင်းဟု ခေါ်သော်လည်း အသင်းမဟုတ်ပါ။ ဘုန်းကြီးကျောင်းသာ ဖြစ်သည်။ တနလ်းနေ့တိုင်း တရားဟောသည်။

လန်ဒန်ရှိ မြန်မာဗုဒ္ဓဘာသာဝင်များနှင့် သာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ်။ ။ သာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနားနေ့က တစ်ကျောင်းလုံးပြည့်အောင် လူစည်ကားသည်။ လန်ဒန်ရှိ ဗုဒ္ဓဘာသာဝင် နိုင်ငံများ၊ သံရုံးများမှ သံအမတ်ကြီးများ၊ စာရေးဆရာ၊ သတင်းစာ ဆရာကြီးများလည်း တက်ရောက်ကြပါသည်။ အခမ်းအနားကို ရတနာသုံးပါး ရှိခိုး၍ ငါးပါးသီလခံပြီး ဖွင့်သည်။ ကျောင်းထိုင်ကိုယ်တော်က အင်္ဂလိပ်ဘာသာဖြင့် အဖွင့်မိန့်ခွန်းပြောပြီး လှူဖွယ်ပစ္စည်းများကို ကြွလာသော သံဃာတော်တို့အား ဆက်ကပ်လှူဒါန်းပါသည်။ ထို့နောက် သံအမတ်ကြီးဦးကြင်က သာသနာတော် ၂၅၀၀ ပြည့် အထိမ်းအမှတ် ကျင်းပရခြင်းအကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် မိန့်ခွန်းပြောပါသည်။ ဦးကြင်မှာ မြန်မာ–အင်္ဂလိပ် နှစ်ဘာသာစလုံး ကျွမ်းကျင်ပြီး စကားပြောကောင်းသူဖြစ်၍ ရဟန်းရှင်လူ ပရိသတ်က ငြိမ်သက်၍ စိတ်ဝင်စားစွာ နားထောင်ကြ၏။ မိန့်ခွန်းအပြီးတွင် ဩဘာသံ တစ်ခဲနက် ထွက်ပေါ်လာပါသည်။ ထို့နောက် သီဟိုဠ်ဘာသာနှင့် ပုံနှိပ်ထားသော **(Buddha Jayanti)** သာသနာတော် ၂၅၀၀ ပြည့် စာအုပ်များကို ဧည့်သည်များသို့ ကမ်းပါသည်။

ထိုနေ့က ဝမ်းသာဝမ်းနည်း ခံစားမှုနှစ်ရပ်ကို တစ်ပြိုင်တည်းရောပြွမ်းခံစားရင်း နေအိမ်သို့ပြန်လာခဲ့ပါသည်။ ဝမ်းသာမိခြင်းမှာ လန်ဒန်၌ ထိုမျှ ဗုဒ္ဓဘာသာ ထွန်းကားနေကြောင်း လက်တွေ့သိခဲ့ရသဖြင့် ပီတိဖြစ်ကာ ဝမ်းသာရခြင်းဖြစ်၏။ ဝမ်းနည်းမိသည်မှာ ဘိုးဘွားစဉ်ဆက်ကတည်းက ဗုဒ္ဓ

ဘာသာဝင်ဖြစ်ခဲ့သော စာရေးသူတို့လို ဘိလပ်ရောက် မြန်မာလူငယ်တို့သည် ခေတ်ပညာကိုသာ အာရုံပြု ဆည်းပူးနေကြရပြီး ဝိပဿနာတရားဘက်သို့ လိုက်ဖို့ဝေးစွ၊ ဘုရားရှိခိုးကိုပင် မေ့သူမေ့ ဖြစ်နေကြသည့်အဖြစ်ကို နောင်တ ရမိ၍ ဝမ်းနည်းမိခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာ၊ သာသနာ၊ ရောင်ဝါနေသို့ ထွန်းစေသောဝ်။

❐

နှစ် (၉၀) ကျော်က မြန်မာပန်းချီဆရာ၏ လက်ရာ ဘိလပ်ပြန် မြန်မာပန်းချီကား

အင်္ဂလန်သည် ကမ္ဘာတွင် အကြီးအကျယ်ဆုံး အင်ပါယာကြီး ပိုင်စိုးခဲ့ဖူးသဖြင့် အတိုင်းတိုင်းအပြည်ပြည်မှ ရှေးဟောင်းပစ္စည်းများ၊ အနုပညာလက်ရာမြောက် ပစ္စည်းများ၊ အထူးအဆန်းပစ္စည်းများ စုဝေးရောက်ရှိရာ နိုင်ငံဖြစ်သည်။

မြို့တိုင်းရွာတိုင်း၌ ကျူရီယိုခေါ် ထူးဆန်းသောပစ္စည်းများ ရောင်းသော ဆိုင်နှင့် အန်းတိခ် (Antique) ခေါ် ရှေးဟောင်းပစ္စည်းများ ရောင်းသော ဆိုင်များရှိသည်။ လန်ဒန်မြို့တော်ကြီး၌မူ လမ်းတိုင်း အရပ်တိုင်းတွင် အန်တိခ်ဆိုင်ရှိသည်။ စာရေးသူနေသော ကောလိပ်ကျောဘက်လမ်းကြားထဲမှာပင် စာရေးဆရာကြီး ချားလ်ဒစ်ကင်းက သူ့ဝတ္ထုတွင် ဖော်ပြခဲ့သော (Old Curiousity Shop) ခေါ် ထူးဆန်းပစ္စည်းများရောင်းသော ဆိုင်ကလေးကို ရှေးမူမပျက် တွေ့ရသေးသည်။

စာရေးသူ ပြောင်းလာခဲ့သော နေရာသစ်သည် ချဲယ်လ်ဆီး (Chelsea) ရပ်ကွက် နှင့် နီးသဖြင့် ယင်းရပ်ကွက်သည် အနုပညာရှင်၊ သဘင်ပညာရှင် တို့ အများဆုံးနေကြသည်။ အင်ပါယာအနှံ့ စစ်မှုထမ်းခဲ့သော ဘုရင့်ကြည်း၊ ရေ၊ လေတပ်များမှ စစ်ပြန်ကြီးတို့ အငြိမ်းစားနေထိုင်သော အိမ်များလည်းရှိ၏။ စာရေးသူ နံနက်တိုင်း ကျောင်းသွားကျောင်းပြန် စီးရသော ဘတ်စ်ကားဆိပ်အနီးတွင် အိုရီရင့်တယ် အန်းတိခ်ခေါ် အရှေ့တိုင်းရှေးဟောင်း ပစ္စည်းဆိုင် တစ်ဆိုင်ရှိပါသည်။ ဘတ်စ်ကား စောင့်ရင်း အပြင်မှ

လည်းကောင်း၊ အတွင်းသို့ ဝင်၍လည်းကောင်း ဆိုင်တွင် ခင်းထားသော အရှေ့တိုင်းနိုင်ငံ အသီးသီးမှ ပရိဘောဂတို့ကို ကြည့်၍ ကြည်နူးနေမိသည်။

တစ်နေ့ညနေခင်းတွင် ဆိုင်တွင်းရှိ ပန်းချီကားချပ်တစ်ခုကို သတိပြုမိသည်။ ဆိုင်အတွင်း ဝင်လာပြီး တရုတ်ကြွေအိုး ကြွေထည်များ၊ ကုလားကြေးလင်းဗန်းများ၊ ကုလားထိုင် စားပွဲဟောင်းတို့ကို ကျော်လွှားပြီး ပန်းချီကားရှေ့သို့ရောက်လာ မော့ကြည့်လိုက်သောအခါ မြန်မာပန်းချီကား အစစ်ဖြစ်နေကြောင်း တွေ့ရပါတော့သည်။ အလျား သုံးပေကျော်၊ အနံ နှစ်ပေ၊ ရွှေဘောင်ခတ်၊ ရွက်ဖျင်ပေါ်တွင် မြန်မာရေဆေးနှင့် ဆွဲထားသော ပုံဖြစ်သည်။ ဘဲဥပုံ အနားသတ်ထားသော ယင်းကားချပ်၌ မင်းစိုးရာဇာတို့၏ အိမ်ကြီးတစ်ဆောင်၊ ထုံးဖြူသုတ် အုတ်လှေကားသုံးစင်းတပ်၊ လယ်ပေါ်ကပြင်၊ အဖီချများ ပါသည်။

အဖီအောက်တွင် ခေါင်းပေါင်းပန်းပြောက်ပေါင်း၊ ရင်ဖုံးအင်္ကျီအညို၊ ပုဆိုးတောင်ရှည်၊ ရွှေဖိနပ်စီးထားသော နွှတ်ခမ်းမွေးနှင့် မြန်မာလူကြီးလူကောင်းနှစ်ယောက် ကုလားထိုင်တွင်ထိုင်ကာ စကားပြောနေကြသည်။ အဖီကို ထောက်ထားသော တိုင်များတွင် လက်နက်အပြည့်ကိုင်ထားသော ပန်ချာပေါင်းထုပ်နှင့် စစ်ဗာရီကုလားစစ်သားသုံးဦး ရပ်စောင့်နေသည်။ အိမ်ဆောင်အနီးတွင် ဝိတိုရိယခေတ် မှန်အိမ်မီးတိုင်တစ်ခု၊ ခပ်ကွာကွာတွင် မှန်အိမ်မီးတိုင်တစ်ခုရှိသည်။ အိမ်ဥပစာအဖီ မိုးထားသော နေရာတိုင်းတွင် မြန်မာအိမ်ကြီးအိမ်ကောင်းတို့၌ အလှစိုက်လေ့ရှိသော ရွက်လှပန်း၊ ဂဠုန်လက်သည်းပန်း၊ ဦးဆောက်ပန်းများ စိုက်ထားသော ပန်းအိုးကိုးလုံး ထုံးဖြူသုတ်ချထားသည်။

အိမ်ကြီးရှေ့ပလက်ဖောင်းပေါ်တွင် သဲကြိုးဝိုက်ထားသော တိုင်ခြောက်တိုင် ရံထားသော မြက်ခင်းဝိုင်းအလယ်၌ စိုက်ထားသော ယူနီယံဂျက်အလံတိုင် တွေ့ရသည်။

အိမ်ကြီးနှင့်အကွာ လမ်းပေါ်တွင် ကွမ်းသီးဖက်ဆေးလိပ်ကြီးကို ဟန်ပါပါကိုင်ပြီး နန်းဝတ်နန်းစားနှင့် မိန်းမရွယ်တစ်ဦး လမ်းလျှောက်လာဟန်ပုံကို တွေ့ရသည်။ ရတနာပုံခေတ် ဘီးဆံပတ်ဗျာပါဆံကောက်၊ လက်ဝတ်လက်စားအပြည့် ပတ်ထားသည်။ အချိတ်ထဘီ၊ ထိုင်မသိမ်းအင်္ကျီ ငါးတောင်ပြည့်

ပုဝါစိမ်း၊ ကတ္တီပါပုံတော်ဖိနပ် စီးထားသော အသက် (၂၅) နှစ်နှင့် (၃၀) အတွင်းရှိ မြန်မာအမျိုးသမီးချောကြီး၏ ပုံဖြစ်သည်။ မဟာနဖူး၊ မျက်လုံးမျက်ခုံးကောင်း၊ နှာတံပေါ်ပြီး အနားရှိ စစ်ဗာရီတို့ကို လည်းကောင်း၊ မြန်မာလူကြီးနှစ်ဦးကိုလည်းကောင်း လုံးဝဂရုမပြု ကုက္ကို၊ သရက်ပင်များဟု ယူဆရသော အပင်များနှင့် ယင်းတို့ကြားမှ တစ်စိတ်တစ်ပိုင်း ပေါ်ထွက်နေသော မုခ်ဖွေးဖွေးတစ်ခုကို တွေ့ရသည်။

စာရေးသူသည် ဆိုင်ရှင်နှင့် အချိအချ ဈေးဆစ်ပါသည်။ သူက သူ့ပစ္စည်းကို အမွမ်းတင်ပြောသည်။ ပန်းချီကားကို ဖြုတ်ယူပြီး ကျောဘက်တွင် တပ်ထားသော လက်ရေးစာကလေးကို ညွှန်ပြရင်း...

"ဒီကားဟာ အင်္ဂလိပ်စစ်ဗိုလ်ချုပ်ကြီး ဆာဖရက်ဒရိတ် ရောဘတ်စ် (Sir Fredrick Roberts) ရဲ့ ကားပေါ့။ အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းယူပြီးနောက် မင်္ဂိမ်မသက်ဖြစ်နေလို့ ကုလားပြည်က စစ်ဗာရီတွေ ထပ်ခေါ်ပြီး ဗိုလ်ချုပ်ကြီး ရောဘတ်စ်ကို စေလွှတ်အနှိမ်ခိုင်းရတာပေါ့။ ဒီကားထဲက အိမ်ကြီးဟာ မန္တလေးနန်းမြို့တွင်းက မိဖုရားတစ်ပါးရဲ့ အိမ်ကြီးကို ဗိုလ်ချုပ်ရောဘတ်စ်က သူ့ရဲ့ဌာနချုပ်အဖြစ် လုပ်ထားတာ။ ဒီအချိန်ဟာ မန္တလေးနန်းတော်သိမ်းပြီးစ ၁၈၈၆ ခုနှစ်ကပဲ။ အဲဒီတုန်းက နာမည်ကြီးတဲ့ ပန်းချီဆရာကြီးက ဆွဲပေးတဲ့ပုံဖြစ်တယ်။ ယခုဆာဖရက်ဒရိတ်ရောဘတ်စ်ရဲ့ မိသားစုတွေက အမေရိက၊ ဩစတြေးလျရောက်သွားကြလို့ သူတို့ပိုင်ပစ္စည်းတွေ ထုခွဲလိုက်တာ ဒီပန်းချီကားဟာ ကျွန်တော့်ဆိုင်ရောက်လာပဲ"

သူညွှန်ပြသော လက်ရေးစာသည် ဗိုလ်ချုပ်ကြီး၏ လက်ရေးမူရင်းဟု ဆိုပါသည်။

Painting by a Burmese artist of General Frederick Robert's house in the palace at Mandalay, Burma, during the operations resulted in the annexation of Burma 1885 - 87.

"၁၈၈၅ ခုနှစ်၊ ၁၈၈၇ ခုနှစ်များအတွင်းက မြန်မာနိုင်ငံကို သိမ်းပိုက်ရန် စစ်ကြောင်းများချီစဉ်က မြန်မာနိုင်ငံ၊ မန္တလေးမြို့တော် နန်းတော်တွင်းရှိ ဗိုလ်ချုပ်ကြီး ဖရက်ဒရိတ် ရောဘတ်စ် နေထိုင်ခဲ့သော စံအိမ်တော်ကို မြန်မာပန်းချီဆရာကြီး ရေးဆွဲထားသော ပန်းချီကား" ဟု စာတန်းတွင် တွေ့ရသည်။

မြန်မာပန်းချီကားကို မြန်မာလက်သို့ ပြန်ရောက်သင့်ပါသည်ဟူသော အရေးဆိုချက်ကြောင့် ဆိုင်ရှင်အင်္ဂလိပ်ကြီးသည် ပေါင်သုံးဆယ်မှ ၁၅ ပေါင် အထိ လျှော့ချပြီး လစဉ် ၅ ပေါင် အရစ်ကျပေးသွင်းရန် သဘောတူကာ အရောင်းအဝယ် ဖြစ်သွားသည်။ သုံးလပြည့်၍ ငွေပြေသွားသောအခါ ဆိုင်ရှင်က ရောင်းပြီးဟူသော ကတိစာချုပ်နှင့် ရှေးဟောင်းပစ္စည်း သယ်ယူထုတ်သွားခွင့် လက်မှတ်ကိုပါ ပေးလိုက်ရှာပါသည်။

ထိုစဉ်က ပြင်သစ်နိုင်ငံ၊ ပါရီမြို့၊ မြန်မာသံရုံး၊ မြန်မာသံအမတ်ကြီး ဖြစ်သော ဦးဗမ်ကိုဟောက ဆယ်ပေါင်အမြတ်ပေး၍ စာရေးသူထံမှ ဝယ်သော်လည်း မရောင်းရက်ဘဲ စာရေးသူနှင့်အတူ မြန်မာနိုင်ငံသို့ ပြန်ရောက်လာခဲ့သည်။ နှစ်ပေါင်း (၉၄) နှစ်ရှိသော ဤကားသည် ဇရာထောင်းလာသည်။ ဆေးမှုန်များ ကွာကျလာသည်။ ၁၉၇၇ ခုနှစ်က ယူနက်စကိုမှ ရှေးဟောင်းပန်းချီ ထိန်းသိမ်းသော ပညာရှင် မစ္စတာပစ်ချတ်က ပန်းချီဆရာ ဦးလွန်းကြွယ်နှင့် ပူးပေါင်း၍ ဤကားကို ပြုပြင်ထိန်းသိမ်းပေးခဲ့ပါသည်။ ပန်းချီသုတေသီ တချို့က ဆရာခြုံ၏ လက်ရာဟု ဆိုကြပါသည်။ စာရေးသူအဖို့မှာမူ မြန်မာ့သမိုင်းဝင် ပန်းချီကားတစ်ချပ်ကို ခြိုးခြံစွာ စုဆောင်းပြီး ဝယ်ကာ မြန်မာနိုင်ငံသို့ ပြန်ယူလာနိုင်ခြင်းကိုပင် ပီတိဖြစ်နေရပါတော့သည်။

❐

သဲလွန်စ မရသော ရွှေဦးထုပ်

လန်ဒန်တက္ကသိုလ် အနီးအနားတစ်ဝိုက်တွင် ပြတိုက်အတော်များများ ရှိပါသည်။ ဗြိတိသျှ၊ အင်ပီးရီးရယ်ကောလိပ် သိပ္ပံပြတိုက်၊ စက်မှုသမိုင်းပြတိုက်၊ သဘာဝသမိုင်းပြတိုက်၊ ဝိတိုရိယနှင့် အယ်လ်ဘတ်ပြတိုက်တို့ကား ကမ္ဘာကျော်ပြတိုက်ကြီးများဖြစ်၏။ စာရေးသူနှင့် ကိုလေမျိုးရွှစ်ဆယ်တို့သည် နေ့စဉ်ကျောင်းတက်ရင်း ပြတိုက်ကြီးများရှေ့မှ ဖြတ်သွားနေကြသော်လည်း ဝင်မကြည့်မိကြသေးပါ။ ပူနွေးသော တနင်္ဂနွေ တစ်နံနက်တွင် နှစ်ယောက်သား ပြတိုက်တစ်ခုခုသို့ သွားအချိန်ဖြုန်းရန် ဆုံးဖြတ်ကြပါသည်။

"ဆရာညွှန့် ဘယ်ပြတိုက်သွားမလဲ"

"ဗြိတိသျှပြတိုက်ကတော့ ခင်ဗျားရော ကျွန်တော်ရော မရောက်မဖြစ် ရောက်ရမှာပါ။ စာကြည့်တိုက်အပိုင်းကိုတော့ ကျွန်တော်တစ်ကြိမ် ရောက်ပြီးပြီ။ ခင်ဗျား ကျောင်းက ပြတိုက်ကိုလည်း ခင်ဗျား တစ်နေ့တော့ မသွားမဖြစ် သွားရမှာပဲ။ ဒီတော့ ကပ်ပြီး ကျော်သွားမိမယ့်ပြတိုက် ရွေးကြရအောင်။ ဒါဆိုရင် သဘာဝသမိုင်းပြတိုက်၊ ဝိတိုရိယပြတိုက်၊ စက်မှုသမိုင်းပြတိုက်၊ မနုဿဗေဒပြတိုက်"

"ကျွန်တော်ကတော့ ဆရာညွှန့်သွားရာ လိုက်မယ်"

ကျွန်တော်တို့သည် မြန်မာပြည်က ခွာခဲ့သည်မှာ တစ်နှစ်နီးပါးရှိပြီ။ မြန်မာပြည်ကို လွမ်းပြီ။ မြန်မာပတ်ဝန်းကျင် မြန်မာ့ပစ္စည်းကို မြင်ချင်နေပြီ။ ငယ်စဉ်က ဘိလပ်ရောက် မြန်မာတို့ ရေးခဲ့သော ဆောင်းပါးများ ဖတ်ဖူးသည်။ မြန်မာ့သမိုင်းဝင်ပစ္စည်းများ ဘိလပ်ရောက်နေကြောင်း၊ ပြတိုက်

များတွင် သေချာစွာပြထားကြောင်း သိရဖူးသည်။ မကြာမီက ဗြိတိန်မြန်မာ အသင်းဧည့်ခံပွဲတွင် စာရေးဆရာကြီး မောရစ်ကောလစ်နှင့် တွေ့စဉ်က 'မြန်မာ့ အနုပညာပစ္စည်း အတော်များများ ဝိတိုရိယပြတိုက်တွင် ရှိလေရဲ့'ဟု တစ်ပေးသွားသည်ကို သတိရ၍ ယင်းပြတိုက်သို့ သွားကြပါသည်။

ဗြိတိသျှအင်ပါယာကြီးကို ဘုန်းမီးနေလ တန်ခိုးကြွကြွနှင့် အုပ်ချုပ်ခဲ့သော ဧကရီဘုရင်မကြီး ဝိတိုရိယနှင့် ကြင်ရာမြောက်သားတော် မင်းသားကြီး အဲလ်ဘတ်တို့ကို ဂုဏ်ပြု၍ ဆောက်ထားသော ပြတိုက်ကြီးဖြစ်သည်။ တစ်နည်းပြောရပါလျှင် ဗြိတိသျှလက်အောက်ခံ ဖြစ်သွားရသော တိုင်းနိုင်ငံအသီးသီးမှ နန်းစဉ်ရတနာများ၊ မင်းမြောက်တန်ဆာများ၊ အနုပညာလက်ရာမြောက် ပစ္စည်းများကို စနစ်တကျ အပိုင်းခွဲ၍ အဆောင်ဆောင်အခန်းခန်းတွင် ပြထားသော ပြတိုက်ကြီးဖြစ်ပါသည်။ အများစု အရှေ့နှင့် အရှေ့တောင်အာရှနိုင်ငံများမှ ပစ္စည်းများ၊ ပစ္စည်းများ၏အကြောင်း အသေးစိတ်နှင့် နောက်ခံသမိုင်းတန်ဖိုး၊ အနုပညာ၏ အရည်အသွေးတို့ကိုပါ ပစ္စည်းများ အောက်ခြေတွင် စာတန်းနှင့် ဖော်ပြထား၏။

စာရေးသူတို့နှစ်ဦးသည် အခြားနိုင်ငံများ၏ အနုပညာပြခန်းတို့ကို ခပ်သွက်သွက်ကြည့်သွားပြီး မြန်မာပြခန်းများဆီသို့ အရောက်လာကြပါသည်။ မြန်မာပြခန်းများဆီ ရောက်လာသည်နှင့် တစ်ပြိုင်နက် မြန်မာနိုင်ငံသို့ ပြန်ရောက်လာရသည့်အလား ခံစားရ၏။ မြန်မာနန်းတွင်းပစ္စည်းများက စာရေးသူတို့ကို ရတနာပုံနေပြည်တော်ဆီသို့ ပြန်ပို့လိုက်သလို ဖြစ်သွားပါသည်။

သီဟာသနပလ္လင်၊ မင်းခမ်းတော်များနှင့် နန်းဝတ်နန်းစားများ၊ ပရိဘောဂများကား ရန်ကုန်ပန်းဆိုးတန်း အမျိုးသားပြတိုက်တွင် ရောက်ရှိနေပြီး နေ့စဉ်ပြသလျက်ရှိသဖြင့် ဖော်ပြရန်မလိုတော့ပါ။ သို့သော် ဝိတိုရိယပြတိုက်တွင် ကျန်ရစ်သေးသော ပစ္စည်းများအကြောင်း အကျဉ်းချုပ်ဖော်ပြရပါမူ အရေအတွက်ပေါင်း ရာနှင့်ချီ၍ ရှိသေးသည့် အလွန်ထင်ရှားသော ပစ္စည်းများကို ပြတိုက်ကြီး၏ လျှို့ဝှက်အလုံခန်းထဲတွင် သေချာစွာ သိမ်းဆည်းထား၏။ သုတေသနလုပ်လိုသော ပညာရှင်များက လေ့လာခွင့်ပြုရန် စာရေးလျှောက်ထားပါက အထူးအမိန့်နှင့် ခွင့်ပြုပါသည်။

စာရေးသူတို့ရောက်စဉ်က ပြသလျက်ရှိသော ပစ္စည်းများမှာ–

၁။ ဘာသာရေးဆိုင်ရာ လက်ရာမြောက်ပစ္စည်းများ၊ ယင်းတို့အထဲတွင် ဗုဒ္ဓဆင်းတုတော်များ ပါဝင်သည်။
၂။ ထီးသုံးနန်းသုံးပစ္စည်းများ၊
၃။ မှူးမတ်သူဌေးသူကြွယ်တို့၏ နေ့စဉ်သုံးပစ္စည်းများ၊
၄။ မြန်မာ့တူရိယာပစ္စည်းများနှင့်
၅။ မြန်မာ့ရုပ်သေးရုပ်များ ဖြစ်ပါသည်။

တစ်ဖန် ယင်းပစ္စည်းများကိုပင် ပြုလုပ်သောပစ္စည်းနှင့် အနုပညာလက်ရာ အမျိုးအစားလိုက်၍ ခွဲခြားပြသထားသည်။

၁။ ရွှေငွေကျောက်မျက်ရတနာများ၊
၂။ မှန်စီရွှေချ၊
၃။ ကျောက်ဆစ်၊
၄။ သစ်ပန်းပု၊
၅။ ယွန်း၊
၆။ ပန်းတဉ်း(ကြေး)၊
၇။ ငွေထည်၊
၈။ ဆင်စွယ်ပန်းပု၊
၉။ ရွှေချည်ထိုး၊
၁၀။ အချိတ်ထည်၊
၁၁။ မြန်မာ့ပန်းချီ၊
၁၂။ မြေအိုးအလှများ ဟူ၍ ခွဲခြားပြသထားသည်။

ကျွန်တော်တို့နှစ်ယောက်သည် မြန်မာပစ္စည်းတို့ကို တအံ့တသြ ကြည့်ကြပါသည်။ ကိုယ့်နိုင်ငံမှာပင် ဤမျှလောက် လက်ရာမြောက်လှသော ပစ္စည်းတို့ကို တစ်စုတစ်စည်းတည်း စုံလင်အောင် မတွေ့ဘူးပါ။ မြန်မာနိုင်ငံအနှံ့ အပြားဌ စေတီပုထိုး၊ ဘုရားကျောင်းကန်၊ ဘုန်းကြီးကျောင်း ဇရပ်များတွင် လက်ရာမြောက် အနုပညာပစ္စည်းများ လှူဒါန်းထားသဖြင့် လွယ်ကူစွာ တွေ့မြင်နိုင်သည်။ သို့သော် ထိန်းသိမ်းနိုင်စွမ်းမရှိခြင်း၊ စနစ်တကျ ပြသခြင်း မဟုတ်သည့်အပြင် ကျွန်တော်တို့၏ အမှုမဲ့အမှတ်မဲ့ နေတတ်ကြခြင်းတို့ကြောင့် သတိမမူ ဂူမမြင် ဖြစ်ရလေသည်။

"ဆရာညွန့်၊ ဒီစဉ်ညောင်ရေအိုးတွေဟာ ကျွန်တော်တို့အညာမှာတော့ ဘုရားဇရပ်တွေမှာ ပစ်ထားတာပဲ။ ဒီမှာတော့ မှန်သေတ္တာနဲ့ တခမ်းတနား ပြထားတယ်။ ဒီတော့လည်း လှလိုက်တာနော်"

"ဒါ ဘာဟုတ်သေးလဲ။ ဒီဘက် ငွေဖလားတွေကြည့်စမ်း၊ ဟာ ရုပ်စုံတွေ အပြည့်ဗျ။ ဆယ့်နှစ်ရာသီဖလားလည်း ပါတယ်။ ကျွန်တော်တို့ မြန်မာအိမ်မှာ ဆင်းရဲတယ်ဆိုပေမယ့် ငွေဖလားတစ်လုံးလောက်တော့ရှိတယ်။ ရှင်ပြုနားသ၊ ဆွမ်းကျွေးတွေမှာ သုံးကြတယ်။ မင်္ဂလာဆောင် လက်ဖွဲ့တတ်တယ်"

တစ်ယောက်နှင့်တစ်ယောက် စကားပြောကြရင်း တို့ဘိုးဘွား အမွေအနှစ်များ အဝေးရောက်နေပုံကို ဝမ်းနည်းလာမိသည်။ တွေ့ရသော ပစ္စည်းများအနက် ထူးခြားသော ပစ္စည်းတစ်ခုမှာ ၁၈၅၅ ခုနှစ်က ရွှေတိဂုံဘုရားအနီး တူးဖော်ရရှိသော ကျောက်မျက်များ စီခြယ်ထားသည့် ရွှေဦးထုပ်ဖြစ်ပါသည်။ မြန်မာ့ရာဇဝင်မှာသော်လည်းကောင်း၊ မင်းခမ်းတော်မှာသော်လည်းကောင်း မတွေ့ဖူးသော ဦးထုပ်ပုံမျိုး ဖြစ်ပါသည်။ ရှေးဟောင်းဂူကျောင်းဘုရားနံရံများရှိ ပန်းချီပန်းပုများတွင် ဤသို့သော အဆင်တန်ဆာမျိုး မတွေ့ရသေးပါ။ သျှောင်ထုံးပေါ်တွင် ခေါင်းပေါင်းပေါင်းထားသော ပုံစံအတိုင်း သွန်းလုပ်ထားသော ရွှေဦးထုပ်ဖြစ်သည်။

တွေ့စဉ်ကစပြီး ယနေ့အထိ မည်သည့်ခေတ်၌ မည်သူသုံးခဲ့သော ရွှေဦးထုပ်ဟူ၍ သဲလွန်စ မရသေးကြောင်း၊ မူလက ရှင်စောပု၏ ခေါင်းဆောင်း (သို့မဟုတ်) ရာဇဓိရာဇ်လက်ထက်က မင်းသုံးပစ္စည်းဟု ကြံဆကြည့်ခဲ့ကြကြောင်း၊ တစ်ချိန်က မြန်မာမင်းတို့ သုံးခဲ့ပြီး ဤပုံစံမျိုးမသုံးဘဲ ကြာခဲ့၍ ခြေရာကောက် မရနိုင်ကြောင်း၊ ယခုအရွယ်မှာ ကလေးအရွယ် ဆောင်းသော အရွယ်ဖြစ်နေရာ အခမ်းအနားအခါမှသာ ဦးခေါင်းထိပ်တွင် တင်ထားသော ဦးထုပ်ဖြစ်လေမည်လား စသည်ဖြင့် စာတန်း ရေးထိုးထားပါသည်။ နောက်တစ်ခုမှာ မင်းတုန်းမင်းက အန်ဂလီကန် ခရစ်ယာန်ဂိုဏ်းအုပ် ရောဘတ်မိလ်မန်သို့ လျူသော ရွှေသားတွင် ပတ္တမြားစီထားသည့် လက်ဝါးကပ်တိုင်ဖြစ်ပါသည်။

ပိုးဖဲ၊ ကတ္တီပါအနက် (သို့မဟုတ်) နက်ပြာပေါ်တွင် မှန်၊ ဖန်၊ ကျောက်များ၊ ဘော်ကြယ်များနှင့် အနုစိတ်အောင် ထိုးထားသော တင်းတိမ်၊ ကြာချည်လိုက်ကာကြီးများကိုလည်း တအံ့တသြ တွေ့ခဲ့ရသည်။ ဇာတ်တော်ကြီး ဆယ်ဘွဲ့မှ အခန်းများ၊ ရာမ၊ ဒွေးမယ်နော် ဇာတ်လမ်းများကို ပီပြင်စွာ ခြယ်သပန်းထိုးထားသည်။ နိုင်ငံခြားသား အတော်များများ ဝိုင်းကြည့်နေကြသည်ကို တွေ့ရ၏။

ပြတိုက်မှူး ဂျွန်လော်ရီ (John Lowry) က ယင်းပြတိုက်ရှိ မြန်မာ့ပစ္စည်းများအကြောင်းကို ဓာတ်ပုံပေါင်း ၅၀ နှင့် သရုပ်ဖော်ပြီး၊ (Burmese art) ခေါ် မြန်မာအနုပညာစာအုပ်ငယ် ရေးသားပြုစုပြီး ဗြိတိသျှအစိုးရက ၁၉၄၇ ခုနှစ်က စ၍ ပုံနှိပ်ရောင်းချပါသည်။ မြန်မာ့အနုပညာအကြောင်းကို သုတေသီအမြင်နှင့် သုံးသပ်တင်ပြထားလေသည်။

❐

ရိုတ်စပီးယား နှုတ်ခမ်းမွှေးသုတေသန

လား:လ်နှင့် ဝုဖ်ဂန် (Lal and Wolfgang) တို့ကား စာရေးသူနှင့် တစ်ကောလိပ်တည်းနေသော အင်္ဂလိပ်စာပေအထူးလေ့လာနေသည့် ကျောင်းသားများ ဖြစ်ကြပါသည်။ လား:လ်ကား စာပေကျမ်းဂန်သမား ဟိန္နူလူမျိုး ဖြစ်ပြီး ဝုဖ်ဂန်မှာ ဂျာမန်လူမျိုး ပြဇာတ်ဆရာပေါက်စဖြစ်သည်။ ဘွဲ့လွန်သင်တန်းသားတို့ စုဝေးရာ ကျောင်းအပေါ်ဆုံး ခြောက်ထပ်ရှိ ကွန်မွန်ရွမ်း (Common Room) ၌ သူတို့နှစ်ယောက်နှင့် တွေ့ဆုံတိုင်း စာအကြောင်း၊ ဂဃအကြောင်း ဇာတ်သဘင်အကြောင်းတို့ကို ဆွေးနွေးမိကြသည်။ တစ်နေ့တွင် လား:လ်က...

"ခင်ဗျားတို့ မသိဘူးလား၊ အင်္ဂလိပ်ပြဇာတ်ဆရာကြီး ရိုတ်စပီးယားဟာ ကုလားလူမျိုးဗျ။ နာမည်ကြီးလာတော့မှ အင်္ဂလိပ်တွေက မွေးစားလိုက်တာ။ အင်္ဂလန်က စာပေ၊ သိပ္ပံ၊ အနုပညာ၊ နိုင်ငံရေး အဘက်ဘက်မှာ ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေဟာ အင်္ဂလိပ်လူမျိုးစင်စစ်တွေ မဟုတ်ဘူး။ မစ္စတာညွှန့်က သမိုင်းဆရာဆိုတော့ သိမှာပေါ့"

"ဒီလိုပြောကြစတမ်းဆိုရင် ဗြိတိသျှမင်းမျိုးတွေဟာ ဂျာမန်မင်းဘက်က ဆင်းတာတွေပေါ့၊ လော့ဒ်မောင့်ဘက်တန်ဆိုတာက ဂျာမန်ပဲ မဟုတ်လား"

"ဒါတွေကတော့ ဟုတ်ပြီ၊ ရိုတ်စပီးယားက ကုလားလူမျိုးဆိုတာကိုတော့ ယခုမှကြားဖူးသဗျာ၊ ကျုပ်က သမိုင်းဆရာဆိုတော့ အထောက်အထား မရှိဘဲ လက်မခံဘူး။ No document no history"

"အထောက်အထား ရှိပါပြီကောဗျာ။ ကျုပ်ရဲ့ ဒေါက်တာဘွဲ့ယူကျမ်းမှာ တင်ပြမလို့ စုထားတဲ့ အထောက်အထားတွေ တစ်ပုံကြီး။ ယခု ခင်ဗျားတို့ကို သာဓကနှစ်ခုပဲပြမယ်။ တစ်ခုကတော့ ရှိတ်စပီးယားပြဇာတ်တွေရဲ့ ဇာတ်လမ်းအတော်များများဟာ အိန္ဒိယစာပေမှာလည်း တွေ့ရတယ်။ သူနဲ့ ခေတ်ပြိုင်စာပေမှာတွေ့ရတာ။ နောက်သာဓကကတော့ ရှိတ်စပီးယားရဲ့ နှုတ်ခမ်းမွေးကိုကြည့်စမ်း။ အဲဒီလို နှုတ်ခမ်းမွေးဟာ အဲဒီခေတ်က အင်္ဂလိပ်တွေ မထားကြဘူး။ ကျွန်တော်တို့ ကုလားပြည်က စာပေသမားတွေ ထားတဲ့ နှုတ်ခမ်းမွေးပုံစံဗျ"

"ဟား...ဟား...ဟား လားလ်ရယ်၊ မင်းရဲ့ ဒုတိယ အထောက်အထားက ရယ်စရာဖြစ်နေပါကလား။ တိုက်ဆိုင်မှုဖြစ်နေရင်ကော ဘယ့်နယ်ပြောမလဲ"

"ဒီအပြင် အချက်တွေ ရှိသေးတယ်။ သက်သေသာဓက ဆိုတာက တစ်ခုစီကောက်ကြည့်လို့မဖြစ်ဘူး။ ဆက်စပ် ဆင်ခြင်ကြည့်ရတယ်။ (Related Facts and Evidences) တွေပေါ့။ ကျွန်တော့် ဘွဲ့ယူကျမ်း (Thesis) မှာ အပြည့်အစုံပါတယ်"

ယင်းသို့ သူငယ်ချင်းသုံးယောက် ငြင်းခုံကြရာမှ ရှိတ်စပီးယား၏ မွေးရပ်ဌာနေ စထရတ်ဖို့ဒ် အပွန်အောဘွန်း (Stratford Upon Avon) မြို့သို့ ရှိတ်စပီးယားပြဇာတ်ကြည့်ရန် ရောက်သွားကြပါသည်။ စာရှုသူတို့သည် အင်္ဂလန်နိုင်ငံ၏ ပထဝီနှင့် သမိုင်းကို မယဉ်ပါးပါက ယင်းမြို့အမည် ဆန်းနေကောင်း ဆန်းနေမည်။ အဓိပ္ပာယ်မှာ အေးဘွန်းမြစ်ကမ်းပေါ်ရှိသော စထရက်ဖို့ဒ်မြို့ဟု သိရသည်။ အလားတူ မြစ်အမည်ပါ ထည့်ခေါ်သော မြို့များစွာ ရှိသေးသည်။

သူတို့ဆီတွင် ကမ္ဘာလှည့် ဧည့်ကြို ဧည့်ခံလုပ်ငန်းသည် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် အလွန်ထွန်းကားနေသည်။ ရှိတ်စပီးယား တိုးရစ်ဌာန (Tourist Bureau of Shakespeare Studies) က အသွားအပြန် ခရီးစရိတ်တည်းခိုးစားသောက်ခနှင့် ပြဇာတ်လက်မှတ်ဖိုး အပါအဝင် အားလုံးကို ကျောင်းသားနှုန်း လျှော့ဈေးနှင့် စီစဉ်ပေးပါသည်။

စာရေးသူတို့ သုံးဦးသည် လန်ဒန်မှ နံနက်အမြန်ရထားနှင့် လာခဲ့ကြရာ ထိုမြို့သို့ နေ့လယ်စာအမီ ရောက်ကြပါသည်။ တစ်မြို့လုံးသည် ရှိတ်စပီးယား

ကို အကြောင်းပြု၍ စီးပွားဖြစ်နေကြ၏။ နွေရာသီ ကမ္ဘာအရပ်ရပ်မှ လာကြသော ကျောင်းသားများ၊ သုတေသီများ၊ စာရေးဆရာများ၊ ပြဇာတ်သမားများနှင့် စည်ကားလှသည်။ ရှိတ်စပီးယားအမည်၊ သူ့ဇနီးအမည်၊ သူရေးခဲ့သော ပြဇာတ်များအမည်၊ ထိုပြဇာတ်ထဲမှ ထင်ရှားသော ဇာတ်ကောင်တို့အမည်များ တပ်ထားသော ဟိုတယ်များ၊ စားသောက်ဆိုင်၊ ဈေးဆိုင်များချည်း ဖြစ်၏။

စာရေးသူတို့ တည်းခိုသော ဟိုတယ်ကလေးကား ကင်းလီယာ (King Lear) ဟု ခေါ်သည်။ ရှိတ်စပီးယား၏ လက်ရာမွန်ပြဇာတ်တစ်ပုဒ်၏အမည်ဖြစ်၏။ လူနှစ်ဆယ်သာဆံ့ပြီး မြို့စွန်တွင်ရှိသည်။ ဈေးသက်သာသည်။ ၁၇ ရာစုလောက်က ရွေးအိမ်တစ်အိမ်ဖြစ်ပြီး ပိုင်ရှင်က ဟိုတယ်ဖွင့်ထားခြင်းဖြစ်၏။ အထပ်ခိုးပါသော ကော့တိတ် (Cottage) ဖြစ်သည်။ အမိုးမှာ ကောက်ရိုးကို သေချာစွာရက်ထားပြီး သပ်ရပ်စွာဖြတ်ထားသော အမိုးဖြစ်သည်။ ကြမ်းများမှာ လက်လုပ်ပျဉ်ပြားကြီးများ ခင်းထားပြီး မည်မည်ရရှိသည့်အပြင် နင်းသွားပါက တကျိကျိမြည်သည်။ ရှေးဟောင်းအိမ်သဘောကို ဆောင်ထားဟန်တူသည်။

နေ့လယ်စာ စားပြီးနောက် လက်မှတ်ကိုယ်စီကိုင်ကာ ပြဇာတ်ရုံရှိရာသို့ လျှောက်သွားကြပါသည်။ အဘွန်းမြစ်ကား စမ်းချောင်းသာသာလောက်သာ ရှိသည်။ မြို့ကို ဖြတ်စီးနေသည်။ အကွေ့ကမ်းနဖူးပေါ်တွင် အများဆုံးလူခုနှစ်ရာလောက်သာ ဆံ့သော ဇာတ်ရုံကို တွေ့ရပါသည်။ ပတ်ဝန်းကျင်ကို သာယာစိုပြည်အောင် ဖန်တီးထားသည်။ ဘဲငန်းအဖြူ၊ အမည်းတို့သည် ဟန်ပါပါနှင့် ပြဇာတ်ရုံတစ်ဝိုက်နှင့် မြစ်တွင်း၌ ရေကူးနေကြသည်။ ရွှေပွဲလာပရိသတ်တို့သည် ပွဲပြချိန်ကို စောင့်ရင်း အနားတစ်ဝိုက်ရှိ ဆိုင်ကလေးများမှ အမှတ်တရပစ္စည်းကလေးများ (Souvenir) ကို ဝယ်ကြ၏။

နေ့ ၂ နာရီတွင် ပွဲစပါသည်။ ရှိတ်စပီးယားခေတ်က ခင်းသည့်ပုံစံအတိုင်း ပြဇာတ်ကို ကပြပါသည်။ ပထမ ပဏာမဧည့်ခံ ဂီတသံပေါ်လာပြီး 'ဘုရင်မကို ဘုရားသခင်စောင့်ရှောက်ပါစေ' (God Save the Queen) သီချင်းဂီတကို တီးရာ ပွဲကြည့်ပရိသတ်က မတ်တပ်ရပ် အရိုအသေပြုကြ၏။ သည့်နောက် ကားလိပ်ကြားမှ ကွက်စိပ်ဆရာနှစ်ဦး (Chroniclers) ဝဲနှင့်ယာမှ ထွက်လာပြီး မည်သည့်ဇာတ်ကို ကမည်၊ ထိုဇာတ်ကို

ရှိတ်စပီးယား ဘယ်နှစ်က ရေးခဲ့ပြီး ဘယ်ဇာတ်ရုံမှာ ပွဲဦးထွက်ခဲ့သည်။ ဘယ်မျှအောင်မြင်ကြောင်း၊ အခန်းဘယ်နှစ်ခန်းနှင့် ကမည်္ဘာအကြောင်း ပြောပြီး ဝင်သွားကြပါသည်။

စာရေးသူတို့သည် ကြည့်ခဲ့ရသောပြဇာတ်မှ ကျောင်းတွင် အလယ်တန်း ကတည်းက သင်ခဲ့ရပြီး ကောလိပ်ရောက်သောအခါလည်း သင်ခဲ့ရပြီးသော 'ဗဲနစ်မြို့က ကုန်သည်' (The Merchant of Venice) ခေါ် အသောအရွှန်း ပြဇာတ်ဖြစ်သည်။ အခန်းငါးခန်းရှိပြီး အခန်းတစ်ခန်းတိုင်း ပြည်ဖုံးကားချ ကာ ၁၀ မိနစ် အားလပ်ချိန်ပေးပါသည်။ ပြဇာတ်စာအုပ်ထဲမှ ဇာတ်စကား များကို တစ်လုံးတစ်ပါဒမကျန် ဇာတ်ကောင်တို့က အသံနေအသံထားနှင့် ရွတ်ဆိုကပြ သရုပ်ဆောင်ကြသည်။ မူရင်းဇာတ်ထဲမှ ပုံစံအတိုင်း ရေးမူမပျက် ရွတ်ဆိုကပြ သရုပ်ဆောင်ထားသဖြင့် နေ့ခင်း ၂ နာရီခွဲမှ ည ၉ နာရီကျော် ကျော်လောက်အထိ အချိန်ကြာပါသည်။

ရှိတ်စပီးယားပြဇာတ်များသည် အလွမ်း (Tragedy) နှင့် အရွှန်း (Comedy) ဟု အကြမ်းအားဖြင့် နှစ်မျိုးရှိသည်။ အရွှန်းပြဇာတ်များအနက် အကောင်းဆုံးဖြစ်သော ဇာတ်မှာ 'ဗဲနစ်မြို့က ကုန်သည်' ဖြစ်၏။ ဟာသ၊ အချစ်၊ အဆွေး၊ အလွမ်း၊ သဲဖိုရင်ဖို၊ သို့လော သို့လော တွေးတောစရာနှင့် တရားခွင် အချေအတင် လျှောက်လဲသော ရှေ့နေစကားတို့၏ ရသများနှင့် ပြည့်စုံသော ဇာတ်ကောင်ဖြစ်၍ လူကြိုက်များသည်။

သို့သော် ခေတ်လူငယ်များအနေနှင့် ပညာရပ်သဘော၊ လေ့လာရေး သဘော၊ ကျောင်းစာမေးပွဲအတွက် သဘောသာ ကြည့်ကြသည်။ ၁၆–၁၇ ရာစုများက ထွန်းကားခဲ့သော ပြဇာတ်မျိုးကို ၂၀ ရာစု လူငယ်တို့က ရသ မခံစားနိုင်သည်မှာ အပြစ်တင်စရာ မဟုတ်ပါ။

အားလပ်ချိန်နှင့်အပြီး၌ လားလ်သည် စာရေးသူနှင့် ဝုဖ်ဂန်ကို ခေါ်ပြီး ရုံအဝန်ရုံတွင် ချိတ်ထားသော ရှိတ်စပီးယား အရုပ်ကားကြီးကို လက်ညှိုးထိုးပြီး သူ့နှုတ်ခမ်းမွေးပုံစံသည် ၁၆ ရာစု အိန္ဒိယသားတို့၏ နှုတ်ခမ်းပုံစံဖြစ်ကြောင်း အကိုးအကားနှင့် ရှင်းပြရာ ရွှေပွဲလာပရိသတ်ထဲမှ စိတ်ဝင်စားသူတို့ကလည်း လာနားထောင်ကြသဖြင့် စည်စည်ကားကား ဖြစ်နေသည်။ ပြဇာတ်ရုံ မန်နေဂျာ ကြီး ကိုယ်တိုင်ဆင်းလာပြီး နားထောင်ပါသည်။ နောက်နေ့ မီးရထားနှင့် ပြန်ခဲ့ကြရာ လားလ်က ရှိတ်စပီးယားနှုတ်ခမ်းမွေး သုတေသနဆက်လုပ်ရန်

ရှိသည်ဟုပြောပြီး နေရစ်၏။ စာရေးသူနှင့် ဝုဖ်ဂန်တို့သည် လားလ်၏ ဖွဲ့ကောင်းပုံ၊ စကားပြောကောင်းပုံတို့ကို ချီးကျူးရင်း လန်ဒန်သို့ ပြန်ခဲ့ကြပါသည်။

❐

ဘိလပ်ရောက် မြန်မာ့အမွေအနှစ်များ

ရွှေမြို့တော် လန်ဒန်သည် ကမ္ဘာမြို့တော် (Cosmopolitan) ဖြစ်သောကြောင့် အဘက်ဘက်မှ စုံလှသည်။ မကောင်းမှု ဒုစရိုက်များရှိသလို ကောင်းမှု သုစရိုက်များလည်းရှိသည်။ လူတို့အတွက် ပျက်စီးရာပျက်စီးကြောင်း လမ်းများ ရှိသလို၊ ကြီးပွားရာ ကြီးပွားကြောင်း အခွင့်အလမ်းများလည်းရှိသည်။ ထူးထူးဆန်းဆန်း သစ်သစ်လွင်လွင်များ ပေါသလို၊ ဟောင်းဟောင်းနွမ်းနွမ်း ဆွေးဆွေးမြည့်မြည့်တွေလည်း ကြွယ်လှသည်။ ဣဒ္ဓာရုံအနိဋ္ဌာရုံ အဟောင်းအသစ်၊ အတိတ်ပစ္စုပ္ပန်တို့ ပေါင်းစပ်ရာ မြို့တော်ကြီးပေတကား။

အဟောင်းအနွမ်း အဆွေးအမြည့်များအနက် ထင်ရှားသောအရာမှာ စာအုပ်ဟောင်းရောင်းသော ဆိုင်များဖြစ်ပါသည်။ လမ်းတိုင်း၌ စာအုပ်ဟောင်းဆိုင်များ ရှိရုံမက ပလက်ဖောင်းပေါ်တွင် ခင်းရောင်းသောဆိုင်များ၊ တွန်းလှည်းမြင်းလှည်းတို့နှင့် ရောင်းသောဆိုင်များ၊ လေလံဆိုင်များ၊ ရှားဟောင်းပစ္စည်းရောင်းသောဆိုင်များနှင့် တွဲရောင်းဆိုင်များအပြင် လက်ဝါးကြီးမူပိုင်ခံ ရောင်းသောစာအုပ်ဟောင်းရောင်းသည့် ကုမ္ပဏီကြီးများလည်းရှိသေးသည်။ အနုပညာရှင်များ၊ စာပေသမားများ၊ စုဝေးရာမြို့တော်ကြီး။ ။ လန်ဒန်မှာ ကမ္ဘာမြို့တော်ကြီးတစ်ခုဖြစ်၍ အရပ်ရပ်မှ လူစုရောက်လာနေထိုင်ကြသည်။ လွတ်လပ်စွာ ရေးသားခွင့်၊ ပုံနှိပ်ခွင့်၊ စည်းရုံးဖွဲ့စည်းခွင့်၊ ဟောပြောခွင့်ရှိသည်။ နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေး၊ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာ မြို့တော်ကြီးဖြစ်သည်။ တက္ကသိုလ် ကောလိပ်ကြီးများ၊ ပညာသင် ဌာနများ၊ သုတေသနဌာနများ၊ ပိဋကတ်တိုက်ကြီးများ၊ စာပေ

သမားများ စုဝေးရာ၊ နီးနှောရာ မြို့တော်ကြီးလည်းဖြစ်၏။ ထို့ကြောင့် အတိုင်းတိုင်းအပြည်ပြည်မှ စာအုပ်စာပေတို့ ဆုံပြုရောက်လာရာ စာအုပ်ဟောင်း ရောင်းဝယ်ရေး လုပ်ငန်းကြီးလည်း စတင်ကြီးပွားလာရခြင်းဖြစ်သည်။

ကျောင်းသားနှင့်စာအုပ်အဟောင်းဆိုင်။ ။ လန်ဒန်ရှိ ကမ္ဘာကျော်စာအုပ်ဟောင်း ရောင်းဝယ်ရေး ကုမ္ပဏီကြီးတစ်ခုကား ဖွိုင်းလ်စ် (Foyles) ဖြစ်သည်။ မြို့လယ် ချယ်ရင်း ခရော့စ် (Charing Cross) လမ်းရှိ တိုက်ကြီးဖြစ်ပါသည်။ လန်ဒန်တက္ကသိုလ်ကျောင်းသားကိုင် အိတ်ဆောင်ဒိုင်ယာရီ စာအုပ်ကျောဘက်တွင် 'စာအုပ်ဟောင်းများ ဝယ်သည်၊ ရောင်းသည်' ဟူသော ကြော်ငြာကို ဖတ်မိရာ ယင်းဆိုင်ကြီးသို့ ရောက်လာခဲ့ခြင်းဖြစ်၏။ ကျောင်းသုံးစာအုပ်ဟောင်းများကို အသစ်ဈေးထက် သုံးချိုးတစ်ချိုး လျှော့ရောင်းသည်။ ကျန်စာအုပ်များကို စာအုပ်အခြေအနေလိုက်၍ လျှော့ရောင်း၏။ အင်္ဂလိပ်ကျောင်းသားတို့သည် ကျောင်းသုံးစာအုပ်သစ်များ ဝယ်လေ့မရှိ၊ လက်ဟောင်းများကိုသာ ဝယ်ကြပြီး အတန်းတက်သွားလျှင် အဟောင်းဆိုင်မှာ ပြန်ရောင်းကြသည်။ ကမ္ဘာအရပ်ရပ်မှ လက်ဟောင်းစာအုပ်အမျိုးမျိုးကို ဖွိုင်းလ်စ်က ဒိုင်ခံဝယ်ပြီး ပြန်ရောင်း၏။ စာအုပ်ဟောင်း ရောင်းဝယ်ရေးကို မူပိုင်ယူထားသော ကုမ္ပဏီကြီးဖြစ်ပါသည်။

သူတို့ဆီလည်း အလစ်သုတ်သမားရှိ။ ။ ရှေးဟောင်းစာအုပ်များ (Antique Books) နှင့် ရှားပါးစာအုပ် (Rare Books) များကိုမူ၊ ရှေးဟောင်းပစ္စည်းများ ရောင်းသော ဆိုင်များ၌လည်းကောင်း၊ လမ်းဘေးပလက်ဖောင်းဆိုင်များ၌လည်းကောင်း၊ လေလံဆိုင်များ၌လည်းကောင်း တွေ့ရတတ်သည်။ ယင်းစာအုပ်များကို မူရင်းဈေးထက်မလျှော့သည့်အပြင် သုံးလေးဆ ပို၍ပင် ပေးဝယ်ရသည်။ ရှေးဟောင်းဖြစ်၍ တစ်ကြောင်း၊ ရှားပါးမှုကြောင့်တစ်ကြောင်း ဈေးတင်ထားရာ ရောင်းသူနှင့် ဝယ်သူ ဈေးတည့်ရန် စေ့စပ်ယူရသည်။ ဝါသနာအလျောက် ရှေးဟောင်းစာအုပ်စာပေတို့ကို ဝယ်ယူစုဆောင်းသူများရှိသည်။ သူတို့ကို (Bibliophile) စာအုပ်ချစ်သူများဟု ခေါ်သည်။ ရှေးကျ၍ ရှားပါးသော စာအုပ်များကို အဖိုးတန်ကျောက်မျက်ရတနာများကဲ့သို့ လေလံတင်ရောင်းတတ်ရာ စာချစ်သူတို့က ရာ၊ ထောင်၊ သောင်းနှင့် ချီ၍ ဝယ်ယူစုဆောင်းတတ်သည်။ စုဆောင်းသော စာအုပ်များကို ပြပွဲများတွင် ပြခြင်း၊

ဆောင်းပါးရေးခြင်း၊ ဝါသနာအိုးများ အချင်းချင်း လဲလှယ်ဖတ်ခြင်းပြုတတ်သည်။ စာရေးသူတို့လို ကျောင်းသားများအဖို့ တန်ဖိုးကြီးလှသော ရှေးဟောင်းစာအုပ်များကို လက်မလှမ်းနိုင်ပါ။

ငွေကြေးမတတ်နိုင်သော စာအုပ်ချစ်သူများအတွက် စာအုပ်အဟောင်းစုဆောင်းနိုင်သော နေရာကား လမ်းဘေးပလက်ဖောင်းပေါ်တွင် စုပုံရောင်းသော ဆိုင်များသာဖြစ်သည်။ ဆိုဟို (Soho)၊ ပက်တီးကုတ်လိမ်း (Petticoat Lane)၊ ပေါ်တိုဘယ်လိုလမ်း (Poto Bello Road) စသော လမ်းများ၌မူ ရှေးဟောင်းနှင့် ရှားပါးစာအုပ်များကို တော်ရုံသင့်ရုံဈေးနှင့် ဝယ်ရတတ်သည်။ သူဌေးသူကြွယ်၊ မင်းစိုးရာဇာ၊ မြေပိုင်ရှင်အိမ်ထောင်စုကြီးများ အမွေခွဲခြင်း၊ တိုင်းတစ်ပါးသို့ ထွက်ခွာသွားခြင်းကြောင့် ရှေးဟောင်းစာအုပ်ကြီးများကို ဈေးပေါပေါနှင့် ရောင်းချတတ်သည်။ သတင်းစာဟောင်းကောက်သူများ၊ အမှိုက်ကျုံးသူများ ရှောင်တခင်ရသော ရှေးဟောင်းစာအုပ်များကို ရသမျှနှင့် အစွဲထုတ်တတ်သည်။ စာကြည့်တိုက်ကြီးများမှ အလစ်သုတ်လာပြီး အရက်ဖိုး၊ ထမင်းဖိုးရရုံနှင့် ရောင်းသည်လည်းရှိသည်။ ထို့ကြောင့် ယင်းလမ်းများပေါ်ရှိ ဈေးတန်းကို သူခိုးဈေးတန်းဟုလည်း ခေါ်သည်။ တစ်ဆင့်ပွဲစားမရှိ၊ ရောင်းသူနှင့် ဝယ်ယူသူတို့ တိုက်ရိုက်ဆက်သွယ်နိုင်သည်။

မြန်မာ့အကြောင်း ကမ္ဘာ့လှည့်စာအုပ်။ ။ စာရေးသူသည် မြန်မာနိုင်ငံအကြောင်းပါသော ရှေးဟောင်းစာအုပ်များကို လက်လှမ်းမီသလို စုဆောင်းတတ်ရာ ထိုလမ်းများသို့ မကြာခဏရောက်သွားတတ်သည်။ ရောက်သွားတိုင်း တစ်အုပ်စ၊ နှစ်အုပ်စ ရတတ်သည်။ ၁၈၅၅ ခုနှစ်က မင်းတုန်းမင်းထံရောက်လာသော ဗြိတိသျှသံအဖွဲ့နှင့် လိုက်ပါလာသော ဆာဟင်နရီဟူဒလ် ရေးသည့် အင်းဝရွှေပြည်သို့ စေလွှတ်သော သံအဖွဲ့အကြောင်း (Mission to the Court of Ava) စာအုပ်၊ ဘိုးတော်ဘုရားလက်ထက် မြန်မာပြည်၌ ခရစ်ယာန်သာသနာပြုနေသော ဟာသာဆန်ဂါမန်နိရေး 'မြန်မာ့အင်ပါယာ' (Burmese Empire) ခေါ် စာအုပ်ကိုလည်းကောင်း၊ မင်းတုန်းမင်းနှင့် ကရင်နီနယ်ကိစ္စဖြေရှင်းရန် ရောက်လာသော ဗြိတိသျှသံအမတ် ဆာအာသာဖိုက်ချ် ရေး 'မြန်မာပြည်အတိတ်နှင့် ပစ္စုပ္ပန်' (Burma Past and Present) ခေါ် နှစ်အုပ်တွဲကိုလည်းကောင်း၊ ပေါ်တိုဘယ်လို လမ်းဘေးဆိုင်များမှ ဝယ်ရခဲ့သည်။ ပထမပုံနှိပ်မူများဖြစ်၍ တန်ဖိုးရှိသည်။

ပက်တီးကတ်လိန်းနှင့် ဆိုဟိုလမ်းဘေးမှ ဝယ်ရခဲ့သော စာအုပ်များမှာ ရွှေရိုးအမည်ခံ ဂျေဂျီစကော့ ရေး 'မြန်မာတို့၏ ဘဝနှင့် အတွေးအခေါ်' (The Burman; His Life and Notions) အမည်ရှိ စာအုပ်၊ ပန်းချီဆရာ ကြီး တယ်ရော့ကယ်လီ ရေး 'မြန်မာပြည်' (Burma) ခေါ် မြန်မာပြည် အရပ်ရပ် ရှုခင်းသာများကို သူကိုယ်တိုင်ရေးဆွဲသော ပန်းချီဘလောက်များ ပါသော ခရီးသွားဆောင်းပါးစာအုပ်တို့ ဖြစ်ပါသည်။ အတွင်းဖုံးပေါ်တွင် ရေးထိုးထားသော ပိုင်ရှင်တို့၏ အမည်၊ လက်မှတ်၊ လိပ်စာများကား များစွာ စိတ်ဝင်စားစရာကောင်းသည်။ ဂျေဂျီစကော့ ရေးသော စာအုပ်ဆိုလျှင် မူလ ပိုင်ရှင်က ရန်ကုန်မှဖြစ်သည်။ ဒုတိယပိုင်ရှင်က ဘုံဘေမှ၊ တတိယပိုင်ရှင်က ဟောင်ကောင်မှ၊ စတုတ္ထပိုင်ရှင်က စင်ကာပူမှ၊ ထိုမှတစ်ဆင့် လစ်ဗာပူးလ်သို့ ရောက်သွားပြီး လန်ဒန်ဈေးကွက်သို့ ဝင်အလာ၊ ရွှေမြန်မာစာရေးသူနှင့် တွေ့၍ မြန်မာပြည်သို့ ပြန်ရောက်လာရသော စာအုပ်ဖြစ်သည်။ ကမ္ဘာ တစ်ပတ်ပတ်ခဲ့ပြီးသော ယင်းစာအုပ်ကို ကြည့်ရင်း စာရေးသူ သေလျှင် ယင်းစာအုပ် ဘယ်ဆီရောက်ဦးမည်နည်းဟု တွေးနေမိသည်။

မကြင်ရမောင့်ကို။ ။ ဗြိတိသျှပြတိုက်နားရှိ ဆိုင်များမှာ ဈေးအကြီးဆုံး ဖြစ်သည်။ တစ်ခါတုန်းက ထိုဆိုင်များတွင်းသို့ ဝင်မွှေဖွေးသည်။ ဆာရစ်ချတ် ဟင်ပယ် ရေး ၃၇ မင်းနတ်အကြောင်း စာအုပ်ထူကြီးကိုတွေ့၍ ဈေးမေးကြည့် ရာ ၃၅ ပေါင် တောင်းပါသည်။ တစ်လ လစာ ၃၃ ပေါင်သာရသော ကျောင်းသားအနေနှင့် ထိုစာအုပ်ကြီးကို မြင်သာမြင်ရ၊ မကြင်ရသောမောင့်ကို ဖြစ်ခဲ့ရပါသည်။ နောက်တစ်ပတ်အကြာ သွားကြည့်သောအခါ ကမ္ဘာလှည့် ဧည့်သည်တစ်ယောက် ဝယ်သွားကြောင်း ကြားခဲ့ရပါသည်။

အခြားစာအုပ်ဟောင်း ရောင်းသောဆိုင်များမှာ လန်ဒန်မြေအောက် ဘူတာအဝင်ဝတိုင်း၌ရှိသော ဒဗလျူစမစ်၊ အင်၊ ဆန်း စာအုပ်ဆိုင်များ ဖြစ်ပါသည်။ စာရေးကိရိယာ စက္ကူများရောင်းသော ဆိုင်များဖြစ်သော်လည်း စာအုပ်များကို တစ်အုပ် ၂ ပဲနီကျနှင့် ငှားသည်။ အသုံးများ၍ ဟောင်းလာ သော စာအုပ်များကို တစ်သျှီလင်နှုန်းနှင့် ပြန်ရောင်းထုတ်ပစ်သည်။ ဟာဗေး ရေးသော 'မြန်မာ့သမိုင်း စာအုပ်'၊ ဂျေအယ်လ်ခရစ်ဘရန် ရေးသော 'မြန်မာ နှင့် ဂျပန် ကျူးကျော်သူ' ခေါ် စာအုပ်နှင့် မောရစ်ကောလစ်ရေး မြန်မာ

အကြောင်းများပါသော စာအုပ်များကို တစ်သျှိုလင်စီနှင့် ထိုဆိုင်များမှ ရလိုက်သည်။

❐

ဘိလပ်က ဘိုမင်းသားကြီး အင်္ဂလန်စိန်

၁၉၅၇ ခုနှစ်၊ နွေရာသီ အပြည်ပြည်ဆိုင်ရာ ကပွဲကြီးတစ်ရပ်ကို လန်ဒန်မြို့၊ ဝိတိုရိယအရပ်၊ ကတ်စတန်ခန်းမကြီးတွင် ကျင်းပရန်ရှိသည်။ ပါဝင်မည့်သူများမှာ သဲရုံးအသီးသီးမှဖြစ်ပြီး ဘိလပ်ရောက် ကျောင်းသား ကျောင်းသူတို့ကပါ ကပြကြမည်ဖြစ်သည်။

မြန်မာသဲရုံးကိုလည်း ဖိတ်သဖြင့် မြန်မာသဲအမတ်ကြီးက စာရေးသူ အပါအဝင် ကျောင်းသားကျောင်းသူများနှင့် သဲရုံးနှင့် စစ်သဲမှူးရုံးမှ ဝန်ထမ်းများ စုပေါင်း၍ အိုးစည်ဒိုးပတ်ဝိုင်းနှင့် မင်းသားလတ်အကများ ဇာတ်တိုက်ကြပါသည်။ မင်းသား လတ်အက လက်ချိုး၊ ခြေထိုးနှင့် မင်းသားတို့၏ ပုဆိုးဝတ်ပုံနှင့် ခါးတောင်းကျိုက်ပုံ အနေအထားမှန်ရန် လိုနေသဖြင့် ဘဝင်မကျ ဖြစ်နေစဉ် မြန်မာ–အင်္ဂလိပ်ကပြား အိုဝင်ဒေးဗီးစ်က...

"ဘိုမင်းသားကြီးတစ်ယောက် ရှိတယ်ဗျ။ သူ့ဇာတ်နာမည်က အင်္ဂလန်စိန် တဲ့။ သူနဲ့ ကျွန်တော် ခင်ပါတယ်။ သူ့ဆီသွားသင်ရမယ်ဆိုရင် ကောင်းတယ်။ လန်ဒန်မှာပဲ ရှိပါတယ်"

ဤသို့ဖြင့် စာရေးသူသည် စစ်ကြိုခေတ်က နာမည်ကျော် 'အင်္ဂလန်စိန်' မင်းသားကြီးကို တွေ့ခဲ့ရပါသည်။ အဆိုပါ ကပွဲကြီးအကြောင်းကို မဂ္ဂဇင်းတွင် ဓာတ်ပုံများဖြင့် ဖော်ပြပြီးပါပြီ။ ထိုစဉ်က အင်္ဂလန်စိန် မင်းသား အကြောင်း အလျဉ်းသင့်သောအခါ ဖော်ပြရန် အစပျိုးခဲ့ပါသည်။ သို့သော် အကြောင်း မတိုက်ဆိုင်ခဲ့သေးချေ။ ကံတရားကား ဆန်းကြယ်လှသည်။

၁၉၈၂ ခု၊ ဖေဖော်ဝါရီလအတွင်းက မင်းသားကြီး၏ဇနီး ဒေါမမကြီးကို စမ်းချောင်းရပ်တွင် မမျှော်လင့်ဘဲ တွေ့ခဲ့ရသည်။ သူ့ယောကျ်ား၏ ဆန္ဒအရ မြန်မာနိုင်ငံသို့ ပြန်လာပြီး ဆွေမျိုးမိတ်ဆွေဟောင်းများနှင့် တွေ့၊ လျှောက်လည်နေသည်မှာ လေးနှစ်ပင်ရှိပြီဖြစ်ကြောင်း၊ မင်းသားကြီးဦးအင်္ဂလန်စိန်မှာ ၁၉၇၇ ခုနှစ်က ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရ၏။ ဤတွင် စာရေးသူအနေနှင့် သူ့အကြောင်း မရေးရသေးသည်ကို သတိရမိပါသည်။ စနေတစ်နေ့တွင် ဒေါမမကြီးကို မြို့ရှည်ဖိတ်ကျွေးပြီး ရေးဟောင်းနှောင်းဖြစ်များ စားမြို့ပြန်ကြ၏။ ဤတွင် အင်္ဂလန်စိန်အကြောင်း ပို၍ ပြည့်စုံသော အချက်များ ထပ်ရခဲ့ရုံမက သူနာမည်ကျော် မင်းသားချောဘဝက ရိုက်ကူးသော ရုပ်ပါးဓာတ်ပုံကိုပါ ဒေါမမကြီးက စာရေးသူအား ပေးသွားပါသည်။

အိုဝင် ခေါသွားသောနေရာမှာ လန်ဒန်မြို့လယ် ဘေကာလမ်း၊ တတိယအထပ်ဖြစ်သည်။ (Baker Street) ဘေကာလမ်းကား နှယ်နယ် ရရမဟုတ်။ (Sir Arthur Conan Doyle) ကိုနင်္ဂါရေးသော ရှာလော့ဟုမ်း၏ စုံထောက်ဝတ္ထုများမှ အဓိကဇာတ်ကောင်ကြီး စုံထောက်ကြီး ဦးစံရှား (ဝါ) ရှာလော့ဟုမ်းနေသော လမ်းမကြီးဖြစ်သည်။ ဆီးကြိုနေသူမှာ အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး အသက်ငါးဆယ်ကျော်တစ်ဝိုက် အင်္ဂလိပ်ကြီးဖြစ်သည်။ မျက်နှာသွယ်သွယ်၊ ခြေတံလက်တံ သွယ်သွယ်နှင့် တစ်ချိန်က ဘိုလူချောကြီး တစ်ယောက်ဖြစ်ခဲ့ကြောင်း မြင်ရုံနှင့် သိရသည်။

"လာပါ... လာပါ၊ ကိုခင်မောင်ညွှန့် ထိုင်ပါ။ ခင်ဗျားလည်း ကတတ် တယ်လို့ အိုဝင်က ပြောတယ်"

အလွန်ပီသော မြန်မာစကားနှင့် ဆီးနှုတ်ဆက်ပါသည်။ စာရေးသူကလည်း အတော်ဝမ်းသာသွားသည်။ အိုဝင်က အင်္ဂလိပ်စကားနှင့် မိတ်ဆက်ပေးပါသည်။ စာရေးသူက လာရသောအကြောင်းကို ရှင်းပြသည်။

"သံအမတ်ကြီးက တာဝန်ပေးပြန်တော့လည်း ကိုယ့်နိုင်ငံ ဂုဏ်မငယ်ရအောင် ဝင်ကရတာပေါ့။ ကတတ်လိုတော့ မဟုတ်ပါဘူး။ ဒါကြောင့် ခင်ဗျားဆီ လာသင်တာ။ ပုဆိုး ခါးတောင်းကျိုက်တာကစပြီး သင်ပေးနော်"

သူသည် ပုဆိုးဝတ်ပုံ၊ ဇာတ်ခုံပေါ်ဟန်နှင့် လျှောက်ရပုံ၊ ရပ်ပုံ၊ လက်ချိုးခြေထိုး ခါးတောင်းကျိုက်ပုံ၊ မျက်နှာပေး၊ ကကြိုးအပြီး လှလှလေး ထိုင်ချ

ပုံ၊ သနပ်ခါး လိမ်းပုံတို့ကိုပါ ပြသပေးပါသည်။ စာရေးသူတို့နှစ်ယောက်သည် သူ့ထံ နှစ်ရက်သုံးရက်ခန့် ဆက်တိုက်သွားသင်ကြသည်။

"ကျွန်တော်တို့ခေတ်တုန်းကတော့ ယခုလို မိတ်ကပ်တွေ မရှိပါဘူး။ စွန်လယ်ပျံ မျက်နှာချေလိမ်းရတယ်။ တရုတ်လုပ်တဲ့ ဆန့်မှုန့်ပေါင်ဒါကို ပျားရည်နည်းနည်းထည့်ပြီးလည်း လိမ်းတယ်။ ချွေးထွက်ရင် မကွက်အောင်ပေါ့။ ကျွန်တော့်အသားကဖြူတော့ နနွင်းနည်းနည်းထည့်ပြီး လိမ်းရတယ်။ ဒါမှ အောက်လင်းမီးအိမ်က မီးရောင်နဲ့ မီးစားမယ်"

သူ၏အမည်မှာ မစ္စတာအာသာအိတ်ချ်ဟတ် (Mr. Arthur H. Hard) ဖြစ်သည်။ သူ့ဘိုးဘွားများမှာ သြစတေးလျနိုင်ငံသားများဖြစ်၏။ ဖခင်သည် မြင်းစီကောင်းကျော်ကီဖြစ်ရာ ကိုလိုနီခေတ် ရန်ကုန်မြင်းပွဲများ ခေတ်စားချိန်က ကျော်ကီအဖြစ် အသက်မွေးသည်။ အာသာ မြန်မာအက တတ်လာပုံမှာ ဆန်းလှသည်။

"ကျွန်တော်ငယ်ငယ်က မြန်မာအမျိုးသမီးကြီးက နာနီ (ကလေးထိန်း) ပေါ့၊ ဒယ်ဒီနဲ့ မာမီတို့ ပါတီသွားကြ၊ အောက်ဒိုးလမ်းများကြတယ်။ ကျွန်တော်က နာနီနဲ့ ကြီးခဲ့ရတာ။ နာနီက မြန်မာသီချင်းနဲ့ ချော့သိပ်တယ်။ မြန်မာပွဲတွေ၊ အရပ်ပွဲ၊ ဘုရားပွဲတွေ ခေါ်သွားကြည့်တယ်။ ဒီတော့ ငယ်ငယ်ကတည်းက မြန်မာ့ယဉ်ကျေးမှု၊ မြန်မာအကတွေနဲ့ ယဉ်ပါးနေပြီ။ ကျွန်တော်ဟာ လူမျိုးကတော့ အင်္ဂလိပ်ပေါ့၊ ယဉ်ကျေးမှုအရတော့ မြန်မာဖြစ်လာတာပေါ့"

အာသာသည် သူငယ်စဉ်ဘဝကို ပြောပြရှာသည်။

"၆ နှစ်၊ ၇ နှစ်သားမှာ ကျွန်တော် ချည်လုံချည်ကို ပုဆိုးလုပ်ပြီး ကနေပြီ။ စိန်ပေါလ်ကျောင်းမှာ နေတယ်။ ကျောင်းပွဲတွေမှာလည်း မင်္ဂလာလုပ် ကရတယ်။ အင်္ဂလိပ်စစ်က မြန်မာမင်းသားလိုကတော့ ဘိုမင်းသား ဘိုမင်းသားနဲ့ ပေါ်ပြူလာဖြစ်နေတာပေါ့။ ကျွန်တော် ၁၄ နှစ်သားအရွယ်မှာ ဒယ်ဒီနဲ့ မာမီကွဲသွားပါတယ်။ ကျွန်တော်လည်း အကဝါသနာပါလွန်းတော့ ကျောင်းစာဘက်က မတော်ပါဘူး။ ရေကျော်မှာ 'ရာမ' ကတယ်။ ၄-၅ ညတောင် ကြာတယ်။ တစ်ညမှ မပြတ်ဘူး၊ ညလုံးပေါက်သွားကြည့်တာပဲ။

ကျွန်တော်တို့ခေတ်က ဦးဖိုးစိန်နဲ့ ဦးစိန်ကတုံးတို့က အပြိုင်ဗျ။ ဦးဖိုးစိန်က ဘိုကပြားမလေးတွေကို ယိမ်းကခိုင်းတယ်။ မင်းပေါက်စိုးပေါက်

ဆိုတော့ နာမည်က အလွန်ကြီးတယ်။ ကျွန်တော့်ဒယ်ဒီက ကျွန်တော့်ကို ဦးစိန်ကတုံးထဲ အပ်ပေးပါတယ်။ ကျွန်တော့်ဆရာဟာ ဦးစိန်ကတုံးပဲ။ ကျွန်တော့် ကကြိုးတွေဟာ သူ့ထံက သင်ယူလာတာ"

အာသာသည် ပြောရင်း ဦးစိန်ကတုံး၏ အမဲခြောက်ဖုတ်အကကို ကပြပါသည်။ ထို့နောက် သူကဆက်ပြီး...

"ကတတ်လာတော့ ဦးစိန်ကတုံး ကဇာတ်အဖွဲ့နဲ့လိုက်ပြီး တစ်ပင်တိုင်၊ မင်းသားလတ်၊ နှစ်ပါးသွားအကတွေ ဝင်ကပါတယ်။ မူလက ဘိုအစစ်က မင်းသား က,လို့ ဘိုစိန်လို့ ခေါ်လာကြပါတယ်။ ဒါပေမယ့် ဦးစိန်ကတုံးက ဦးဘိုးစိန် ကပြားမတွေ သုံးတာ၊ ငါက ဘိုအစစ်ကို မင်းသားကခိုင်းတာ။ ဒါကြောင့် မင်းကို ဘိလပ်သား အစစ်မှန်းသိအောင် အင်္ဂလန်စိန် England Sein လို့ ပြောင်းမယ်ဆိုပြီး ပြောင်းခေါ်ပါသည်။ ကျွန်တော်ဇာတ်သရုပ်ဆောင် ဘက်ကတော့ မရပါဘူး။ ရှေ့ပိုင်းထွက်တဲ့အလှက မင်းသားပါ။ ဟိုတုန်းက ဇာတ်မင်းသားတွေကို အထက်တန်းမိန်းမတွေက နောက်ပိုးတဲ့ခေတ်ဗျ။ ကျွန်တော့်မှာ မိတ်ဆက်စာတွေ၊ ထမင်းစားဖိတ်သူတွေ၊ လက်ဆောင်တွေ အများကြီးရတယ်။ ကပြီးရင် ဇာတ်ခုံနောက်လာကြည့်တဲ့ ကတော်ကြီးတွေ ကလည်း အများကြီးပဲ။ ကျွန်တော်နဲ့ နှစ်ပါးသွားတွဲကတဲ့ မင်းသမီးတွေထဲက မကြည်ဆိုတဲ့မိန်းမက ကျွန်တော့်အရပ်နဲ့ အလိုက်ဆုံးပဲ။ ကျွန်တော် ခြေထိုး အကတွေလည်း ကရတယ်"

"Very interesting, Arthur. Please carry on."

"အာသာရေ သိပ်စိတ်ဝင်စားစရာ ကောင်းတယ်။ ဆက်ပြောပါဦး"

"ဦးစိန်ကတုံး ဆုံးသွားတော့ ကျွန်တော် ဇာတ်ထောင်သေးတယ်။ မြောင်းမြ-ပုသိမ်မြစ်ဝကျွန်းပေါ်တွေမှာ အကများတယ်။ ကျွန်တော်ကတော့ ရှေ့ပိုင်းထွက် မင်းသားပေါ့။ စစ်ဖြစ်လာတော့ အင်္ဂလိပ်စစ်တပ်နဲ့အတူ အိန္ဒိယကို ခြေကျင်လျှောက်ပြီး စစ်ထွက်ခဲ့ကြတယ်။ စစ်ပြီးတော့ ရွှေဘိုနဲ့မန္တလေးမှာ မဟာမိတ်တွေနဲ့အတူပဲ။ စစ်တပ်တွေ ဖျက်သိမ်းလိုက်တော့ ကျွန်တော် ရန်ကုန်ရောက်လာပြီး အင်္ဂလိပ်ကုမ္ပဏီတွေမှာ ဝင်လုပ်နေတယ်"

"ဇာတ်ပြန်မကတော့ဘူးပေါ့"

"အစကတော့ စိတ်ကူးမိသေးတယ်။ ဒါပေမယ့် ခေတ်ပြောင်းသွားပြီ

ဗျ။ နောက်ပေါက်တွေ အများကြီးဆိုတော့ မကဖြစ်တော့ပါဘူး။ လွတ်လပ်ရေး ရပြီးအထိ ကျွန်တော် ရန်ကုန်မှာရှိတယ်။ ၁၉၅၀ ပြည့်နှစ်မှာ မမကြီးနဲ့ အိမ်ထောင်ကျပါတယ်။ စင်ကာပူမှာရှိတဲ့ မိတ်ဆွေတွေက ခေါ်တာနဲ့ ၁၉၅၃ ခုနှစ်မှာ ကျွန်တော်တို့ စင်ကာပူရောက်သွားတယ်။ အဲဒီကတစ်ဆင့် ဘီလပ် ရောက်လာကြတာပါ"

ဦးအင်္ဂလန်စိန်တွင် အမေအိုနှင့် အိမ်ထောင်သည် ညီမရှိသည်။ ဒေါ်မမကြီးကား မြန်မာစစ်၊ သူကား ဘိုစစ်။ သို့သော် ဒေါ်မမကြီး အလွန် ဘိုဆန်သလောက် သူက မြန်မာဆန်သည်။ ဒေါ်မမကြီးက အင်္ဂလိပ်လိုသာ ပြောသည်။ အာသာက မြန်မာလိုသာ ပြောသည်။ သူတို့တွင် သားသမီးမရပါ။ ဘီလပ်ရောက် မြန်မာတို့ကိုတွေ့တိုင်း လိုက်ခေါ်ကူညီသည်။ အာသာသည် မြန်မာနိုင်ငံသို့ မသေမီ တစ်ခေါက်လာကြည့်ချင်ကြောင်း ပြောရာသည်။ သူသည် ဒေါ်မမကြီးကို ယူခြင်းမှာ သူမကို ချစ်ရုံသာမက မြန်မာနိုင်ငံကို သံယောဇဉ်ရှိသူဖြစ်၍ ယူခြင်းလည်းဖြစ်ကြောင်း ဒေါ်မမကြီးက ပြောပြသည်။

သူတို့လင်မယား မြန်မာနိုင်ငံသို့ ခေတ္တလာလည်ရန် ကြိုးစားနေစဉ် အာသာ အဆုတ်ကင်ဆာဖြစ်လာပါသည်။ အားအလွန်နည်းပြီး ကခဲ့သော ဒဏ်ကြောင့် အဆစ်များ ကိုက်ခဲနေသည်။ နမိုးနိုးယားအဖျား ဝင်လာပြန်သဖြင့် ဆေးရုံတက်ရ၏။ သုံးပတ်လောက်ကြာသောအခါ သက်သာလာသော်လည်း အားနည်းလွန်း၍ ဆေးထိုးရ၏။ သို့သော် ဝေဒနာ၏ဒဏ်ကို မခုခံနိုင်ရှာတော့ချေ။ ၁၉၇၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဘိုမင်းသားကြီး အင်္ဂလန်စိန်သည် အသက် ၇၂ နှစ်တွင် သေဆုံးသွားသည်။ မသေခင် မြန်မာနိုင်ငံသို့ တစ်ခေါက်လာကြည့်ချင်သေးသည်ဟူသော ခင်ပွန်းသည်၏ ဆန္ဒကိုဖြည့်ရန် သူ့ဇနီး ဒေါ်မမကြီး ရောက်လာရှာသည်။ အာသာ ကောင်းရာ သုဂတိလားပါစေ။

❐

ဂိုင်ဖောက်စ်အရုပ်ကြီးနှင့် မီးပွဲတော်

စာရေးသူတို့ ဗုဒ္ဓဘာသာမြန်မာတို့၏ ၁၂ လရာသီတွင် မီးပွဲတော်ကျင်းပသောလဟူ၍ သုံးလရှိသည်ဟု ဆိုနိုင်ပါသည်၊ သီတင်းကျွတ်မီးပွဲတော်တစ်ပွဲ၊ တန်ဆောင်မုန်း တန်ဆောင်တိုင် မီးထွန်းပွဲတစ်ပွဲနှင့် တပို့တွဲလ ထမင်းနဲ (၀၀) ယာဂုထိုးပွဲနှင့်အတူ မီးပုံပွဲတို့ဖြစ်သည်။

ဘိလပ်က မီးပွဲတော်သည် နှစ်စဉ်နှစ်တိုင်း နိုဝင်ဘာလ ၅ ရက်နေ့တွင်သာ မူသေ ကျင်းပခဲ့သည်။ ဘာသာရေးကိစ္စမဟုတ်ဘဲ ၁၇ ရာစုကမှစပြီး နိုင်ငံရေးအကြောင်းပြု၍ ဖြစ်ပေါ်လာသော မီးပွဲတော်ဖြစ်သည်။

ပွဲတော် မကျင်းပမီ တစ်လအလိုကတည်းက ကလေးသူငယ်များ၊ ကျောင်းသားကျောင်းသူများနှင့် ပျော်တတ်သော လူရွယ်တို့သည် ကက်ဦးထုပ်ဆောင်း၊ ဆေးတံခဲထားသော အင်္ကီလိပ်ကြီးတစ်ဦး၏ အရုပ်ကို မြက်ခြောက်များ၊ အဝတ်များ၊ ကောက်ရိုးများနှင့် ပြုလုပ်ကြပြီး လူစုလူဝေးရှိရာ ဘူတာရုံ၊ ရုပ်ရှင်ပြဇာတ်ရုံ၊ ဈေး၊ သင်္ဘောဆိပ်များတွင် ချထားကာ ဂိုင်ဖောက်စ်(Guy Fawkes) အတွက် စေတနာ ရှိသရွေ့လျှပါဟု စာတန်းရေး၍ တစ်မျိုး၊ ပါးစပ်မှ တစာစာနှင့် ဟစ်အော်တောင်းခြင်းတစ်ဖုံ၊ အလှူခံတတ် ကြပါသည်။

အောက်တိုဘာလဆိုလျှင် နံနက်လင်းမှညဥ်နက် ယာဉ်သိမ်းချိန် ၁၂ နာရီခွဲအထိ ဘူတာရုံ၊ ရုပ်ရှင်ရုံများရှေ့၌ ယင်းအရုပ်များနှင့် ပိုက်ဆံအလှူခံသော ကလေးသူငယ်များကို တွေ့ရပေမည်။ ခရီးသွားတို့က ပိုက်ဆံအကြွေများ ပစ်ပေးကြရာ ကလေးက ဂိုင်ဖောက်စ်အရုပ်တွင် ဆောင်းပေးထားသော

ကက်ဦးထုပ်နှင့် ခံယူသည်။ အချို့လူကြီးများကမူ မိမိတို့ ငယ်ရွယ်စဉ်က အလားတူ ပျော်ခဲ့ခြင်းကို သတိရသဖြင့် ငွေစက္ကူများပင် ပေးကြသေးသည်။ ရသော ငွေများကိုစုပြီး ရပ်ကွက်အလိုက် မီးပန်းရှို့ခြင်း၊ မီးပုံဖိုခြင်း၊ ကခုန် ပျော်ပါးခြင်း ပြုကြသည်။

နိုဝင်ဘာလ ၅ ရက်နေ့မှာ ဗြိတိသျှ လူမှုရေးသမိုင်းတွင် ဂိုဏ်ဖောက်စ် နေ့ဟု သတ်မှတ်ထားရ၏။ နောက်ကြောင်းရာဇဝင်ကား စိတ်ဝင်စားစရာ ကောင်းလှသည်။

အင်္ဂလန်ပြည့်ရှင် ပထမြောက် ဂျိမ်းစ် (James I) နန်းစံစဉ် ၁၆၀၄ ခုနှစ်၌ လုပ်ကြံမှုကြီးတစ်ရပ် ပေါ်ပေါက်ခဲ့လေသည်။ ဘုရင်က ဗရင်ဂျီဘာသာ (Roman Catholic) ဝင်တို့ကို ညှဉ်းပန်းနှိပ်စက်သော ဥပဒေများ ပြဋ္ဌာန်းသဖြင့် ဗရင်ဂျီဘာသာဝင်တို့က ဘုရင့်အပေါ် လက်စားချေရန် ကြံစည်ကြ၏။ ရောဘတ် ကက်တက်စ်ဘီ (Robert Catesby) နှင့် အပေါင်းပါ ဗရင်ဂျီဘာသာဝင် ထိပ်တန်းပုဂ္ဂိုလ်တစ်စုသည် ဂျိမ်းစ်ဘုရင် ပါလီမန်စည်းဝေးနေစဉ် ဘုရင်ကို လုပ်ကြံ၍ ပါလီမန်ကိုပါ ဖောက်ခွဲဖျက်ဆီးပစ်ရန် ကြံကြ၏။ သူတို့၏ အဖျက်လုပ်ငန်း စတင်လုပ်မည့်နှစ်၊ လနှင့် ရက်မှာ ၁၆၀၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့ဟု သတ်မှတ်ထားလေသည်။

မူလက ပါလီမန်အဆောက်အအုံ၏အောက်၌ ဥမင်လိုဏ်တူးပြီး အတွင်းသို့ဝင်ကြရန် စီစဉ်ကြသည်။ သို့သော် ပါလီမန်စည်းဝေးခန်းမကြီး အောက်ရှိ မြေအောက်ခန်းငယ်ကို လျှို့ဝှက်စွာ ငှားယူပြီး ထိုအခန်းငယ် အတွင်း၌ ဖောက်ခွဲရန် ယမ်းမှုန့်များစွာကို သိုလှောင်ထားကြ၏။ ပါလီမန် အမတ်များအနက် ဗရင်ဂျီဘာသာဝင် အမတ်တစ်ဦးဖြစ်သော လော့မောင် တီဂယ် (Lord Mounteagle) ထံသို့ ပစ်စာ တစ်စောင်ရေးပို့ကြ၏။ ပါလီမန်အစည်းအဝေးများ မတက်ရန်၊ တက်ပါက အသက်အန္တရာယ် စိုးရိမ် ရမည်ဟု စာတွင်ပါရှိသည်။ လော့မောင်တီဂယ်က ယင်းပစ်စာကို ပါလီမန် အတွင်းဝန် စီစီးလ် (Cecil) ထံ တင်ပြလိုက်၏။ ထိုအခါမှစပြီး ပါလီမန်နှင့် ဂျိမ်းစ်ဘုရင်တို့ကို ဖောက်ခွဲလုပ်ကြံသောလုပ်ကြံမှုကြီး ပေါ်လေသည်။ ပိုက်စိတ် တိုက် စစ်ဆေးလိုက်သောအခါ ယမ်းမှုန့်များ အခြား ပေါက်ကွဲစေတတ်သော ပစ္စည်းများကို အရက်စည်ကြီးပေါင်း ၃၆ လုံးနှင့် အပြည့်ထည့်ပြီး မြေအောက်

အခန်းငယ်တွင် တွေ့ရ၏။ လောင်စာထင်းများ၊ ပျဉ်တိုပျဉ်စများကိုလည်း တွေ့ရသည်။

နိုဝင်ဘာလ ၄ နှင့် ၅ ရက်နေ့တွင် ဂိုင်ဖောက်စ်ဆိုသူ ကြံရာပါပုဂ္ဂိုလ် တစ်ဦးသည် ယမ်းများကို ဖောက်ခွဲပစ်ရန် စီစဉ်နေစဉ် လက်ပူးလက်ကြပ် အမိခံလိုက်ရ၏။ သူနှင့်တကွ အပေါင်းပါများစွာကို ဆက်လက်ဖမ်းဆီးပြီး ဝက်စ်မင်စတာ (Westminster) တွင် ရုံးတင်တရားစွဲ၏။ ဘုရင်ခံလုပ်ကြမှု ကြီးတွင် ပြစ်မှုထင်ရှားသည်ဟု ဆုံးဖြတ်ပြီး ၁၆၀၆ ခုနှစ်၊ ဇန်နဝါရီ ၃၀ နှင့် ၃၁ ရက်နေ့များတွင် ဂိုင်ဖောက်စ်နှင့် အပေါင်းပါများစွာကို ခေါင်းဖြတ် သတ်သော အပြစ်ပေးလိုက်လေသည်။

ထိုအချိန်မှစ၍ နိုဝင်ဘာလ ၅ ရက်နေ့ကို ဂိုင်ဖောက်စ်နေ့ဟု သတ်မှတ် ပြီး မီးပွဲကျင်းပလာခဲ့ကြလေသည်။ ဤသို့ကျင်းပရာတွင် အယူအဆနှစ်မျိုး ရှိသည်။ ပါလီမန်နှင့် ဂျိမ်းစ်ဘုရင်ကို လိုလားသူတို့က ဂိုင်ဖောက်စ် အပါအဝင် လုပ်ကြံမှုပြုသော မသမာသူတို့ အကြံအစည် ပျက်သွားရသဖြင့် အောင်မြင်မှု ရသည်ကို အထိမ်းအမှတ်ပြုသည့်အနေနှင့် ဂိုင်ဖောက်စ်အရုပ်ကြီးလုပ်၍ မီးရှို့ ပစ်ကြသည်။ သို့သော် ပါလီမန်နှင့် ဂျိမ်းစ်ဘုရင်ကို မကြည်ညိုသူတို့ကမူ မအောင်မြင်သော ဖောက်ခွဲလုပ်ကြံမှုကို မကျေနပ်သဖြင့် နှစ်စဉ် ဒေါသဖြေ သည့်အနေနှင့် မီးရှူးမီးပန်း၊ ဗျောက်အိုးများ ဖောက်ခြင်း၊ မီးရှို့ခြင်းများ ပြုကြသည်ဟုဆိုသည်။

မည်သို့ပင်ဆိုစေ ကျောင်းသားလူငယ်၊ အရပ်သား လူငယ်များအဖို့ ဥပဒေဘောင်အတွင်းက ပျော်နိုင်သော မီးပွဲတော်တစ်ခု ဖြစ်လာလေသည်။

❐

ကျွန်တော် ဘိလပ်ဘိသိက်ဆရာ

သီတင်းကျွတ်ပြီဆိုလျှင် မင်္ဂလာဆောင်တွေ၊ စေ့စပ်ကြောင်းလမ်းပွဲတွေ တသီတတန်းကြီး လာတော့သည်။ ဗုဒ္ဓဘာသာမြန်မာတို့ ထုံးစံအရ ဝါတွင်း၌ အိမ်ထောင်မှုကို ရှောင်ခဲ့ရာ ဝါကျွတ်သည်နှင့် တစ်ပြိုင်နက် မောင်မယ်တို့ မင်္ဂလာပွဲ ဆင်နွှဲကြလေသည်။

ထိုအခါ မြန်မာတို့ ရိုးရာထုံးစံအရ မင်္ဂလာစကားပြောခြင်း၊ သြဝါဒပေးခြင်း၊ မင်္ဂလာဘိသိက်မြှောက်ခြင်း၊ စုလျားရစ်ပတ်ခြင်းစသော မင်္ဂလာအခမ်းအနားများ လုပ်ကြပါသည်။ ရန်ကုန် – မန္တလေး၊ မော်လမြိုင်စသော မြို့ကြီးများတွင် ငွေကန်တော့သည်ကို လက်ခံသော ဘိသိက်ဆရာများရှိပြီး လက်မလည်အောင် အင်္ဂါလိုက်ကြရသည်။ သူတို့ကို ခေါ်မရသောအခါ (သို့မဟုတ်) ငွေကြေးအပိုမကုန်ချင်သောအခါ (သို့မဟုတ်) ခင်မင်ရာ ခင်မင်ကြောင်းနှင့် ကြည်ညိုလေးစားမှုကြောင့် ဂုဏ်ယူလိုသောအခါ သက်ကြီးဝါကြီး၊ ရာထူးကြီး၊ နာမည်ကြီးသော ပုဂ္ဂိုလ်တစ်ဦးဦးကို ချဉ်းကပ်ပြီး မင်္ဂလာစကားပြောဆိုခြင်း၊ သြဝါဒပေးစေခြင်း၊ ဘိသိက်သွန်းစေခြင်းများ ပြုလေ့ရှိကြပါသည်။

ပုဏ္ဏားတို့ ဘိသိက်သွန်းပုံ။ ။ စာရေးသူလည်း အပျော်တမ်း ဘိသိက်ဆရာတစ်ဦးဖြစ်ပါသည်။ ငယ်စဉ်က မန္တလေးမြို့တွင် နေထိုင်စဉ် မြို့အရှေ့ပြင်၊ အနောက်ပြင်ရှိ ပုဏ္ဏားစုများမှာ ပုဏ္ဏားအမျိုးသားတို့သည် နံနက်စောစောတွင် သပြေညွှန့်များကို ခရုသင်းတွင်ထိုးပြီး အိမ်တကာလှည့်ကာ ဘိသိက်သွန်း

ကြသည်။ အိမ်ရှင်တို့က စေတနာအလျောက် ဆန် (သို့မဟုတ်) ငွေကြေးကို ပေးလှူကြသည်။

ပုဏ္ဏားတို့ပေးသော သပြေညွှန့်ဘိသိက်ပန်းကို မင်္ဂလာယူပြီး အိမ်ဦးတွင် လည်းကောင်း၊ ချိန်ခွင်တွင်လည်းကောင်း ထားကြသည်။ ယင်းပုဏ္ဏားတို့၏ ရွှတ်ဖတ်သော စိန္တာမဏိဂါထာနှင့် ဆုတောင်းမေတ္တာပို့များကို အလွတ်ရလာသည်။ သူတို့ ဟန်ပန်လေသံအတိုင်း အတုယူပြီး ဘိသိက်သွန်းတမ်း ကစားမိဖူးသည်။ ယခု အပျော်တမ်း ဘိသိက်ဆရာဖြစ်လာသောအခါ ဌာန်ကရိဏ်းကျသည်ဟု ပရိသတ်က ချီးကျူးစကားပြောလာတိုင်း ငယ်စဉ်က နံနက်တိုင်း ကြားနာမြင်တွေ့ခဲ့ရသော ပုရောဟိတ် ပုဏ္ဏားတို့၏ ကျေးဇူးကို သတိရမိပါသည်။

ဘိသိက်ဆရာဘဝအစ ဘိလပ်က။ ။ စာရေးသူ အပျော်တမ်း ဘိသိက်ဆရာဖြစ်လာပုံမှာ မြန်မာနိုင်ငံတွင် မဟုတ်ပါ ဘိလပ်တွင် ဖြစ်ပါသည်။ စာဖတ်သူတို့ အံ့သြကြပေမည်။ ၁၉၅၉ ခုနှစ် နွေရာသီ သင်္ကြန်ကျပြီး နှစ်ဆန်းတစ်ရက်နေ့တွင် အင်္ဂလိပ် မြန်မာ ကပြားမိသားစု၏ ဖိတ်ကြားချက်အရ စာရေးသူသည် လီဗာပူးလ်မြို့သို့ သွားရောက်ဘိသိက်သွန်းပေးရပါသည်။

သူတို့ကား မစ္စတာနှင့် မစ္စစ်စတုန်းတို့ဖြစ်သည်။ မန္တလေးဇာတိဖြစ်ပြီး လီဗာပူးလ်သို့ အဘိုးအဘွားအမွေခံကာ လာနေကြသူများဖြစ်သည်။ သူတို့သမီး မစ္စစ် မောဘယ်စတုန်းခေါ် ခင်မိမိကို မြန်မာသင်္ကေတသားအရာရှိ မောင်မောင်လေးခေါ် ဘားနတ်နှင့် လက်ထပ်ပေးပါသည်။ ခရစ်ယာန်ထုံးစံအရ ခရစ်ယာန်ကျောင်းတွင် လက်ထပ်သည့်အပြင် ရွှေမန်းမိသားစု ဖြစ်ခြင်းကြောင့် တစ်ကြောင်း၊ မြန်မာလိုလည်း လက်ထပ်ချင်ကြသည်။ ထို့ အပြင် သူတို့သည် ဖိတ်ထားသော မင်္ဂလာပရိသတ်ကို မြန်မာယဉ်ကျေးမှု ဓလေ့ထုံးစံများပြပြီး ကြွားလိုကြသည်။ ထို့ကြောင့် မင်္ဂလာမောင်နှံတို့ကို မြန်မာသတို့သား၊ သတို့သမီး အဝတ်အစားများ ဝတ်ကာ ပွဲထုတ်ပေးသည်။

စာရေးသူနှင့် စတုန်းမိသားစု ဆက်သွယ်မိသည်မှာ ဘိလပ်မြန်မာအသင်း၏ ဟောပြောပွဲတစ်ခုတွင် ဖြစ်ပါသည်။ ယင်းအသင်းကြီးက ကြီးမှူးကျင်းပသော စာရေးဆရာ မောရစ်ကောလစ်၏ ဟောပြောပွဲသို့ သွားရောက်နားထောင်ရာ စတုန်းမိသားစုနှင့် ဆက်မိသည်။

နွေရာသီတွင် စာရေးသူသည် မြန်မာအဝတ်အစားကို ဝတ်ပြီး အပြင်ထွက်လေ့ရှိသည်။ စတုန်းတို့၏ သမီး မောဘယ်လ်လည်း မြန်မာမလေးလို ဝတ်လာရာ ဟောပြောပွဲတွင် စာရေးသူတို့နှစ်ဦးသည် ထင်ရှားနေသည်။ စတုန်းဇနီးမောင်နှံကား မန္တလေးအကြောင်းပြော၍ အားမရနိုင်ဖြစ်နေသည်။ သူတို့သမီး မကြာမီလက်ထပ်မည်ဖြစ်ကြောင်း၊ မြန်မာလိုလက်ထပ်သော အခမ်းအနား လုပ်ချင်ကြောင်း၊ ဘိလပ်က လူထုကိုကြွားချင်ကြောင်း၊ ဘိသိက်ဆရာကို မြန်မာနိုင်ငံမှခေါ်ယူရန် ငွေကြေးမတတ်နိုင်ကြောင်း၊ ဘိလပ်ရောက်နေသော မြန်မာများထဲမှ စုံစမ်းပေးရန် ပြောလာသည်။ ထိုအခါ အခမ်းအနားတွင် ကော်ဖီခွက်ကိုင်ထားသော မစ်စလက်စလီမွန် အင်္ဂလိပ်ကပြားမကြီးက...

"အိုး... ခက်တာလိုက်လို့ မစ္စစ်စတုန်းရယ်။ ရှင်ဟာ ဘိသိက်ဆရာနဲ့ပဲ စကားပြောနေတာ၊ ကိုခင်မောင်ညွန့်ပေါ့။ သူပဲ မြန်မာသံရုံးမှာလုပ်တဲ့ သင်္ကြန်ပွဲ၊ ဝါဆိုပွဲ၊ လွတ်လပ်ရေးပွဲတွေမှာ မြန်မာမူကိစ္စတွေ စီစဉ်ပေးနေတာ၊ သူဘိသိက်သွန်းတတ်မှာပေါ့"

"နို့... နို့... မစ်စ်လက်စလီ။ ကျွန်တော့်ကို ဒီလောက် အထင်မကြီးနဲ့"

"အိုး... လုပ်တတ်ပါတယ်။ ရှင်တို့ကသာ အသွားအပြန် မီးရထားစရိတ်ကျခံပြီး ဖိတ်ပါ။ သူဘိသိက်ဆရာ လုပ်မှာပါ"

ဤသို့ဖြင့် စာရေးသူသည် လစ်ဗာပူမြို့ မြို့တော်ခန်းမ စင်မြင့်ပေါ်တွင် ကပြားမောင်နှံအကြား ခေါင်းပေါင်းစ တစ်လူလူနှင့် မားမားရပ်ကာ ဘိသိက်သွန်း ရလေသည်။ ခရုသင်းကို ဘီအိုစီဒါရိုက်တာကြီး မစ္စတာ လက်ဖ်ရိုင်းထံမှ ငှားယူသည်။ သပြေညွန့်ကို လန်ဒန် "ကယူးဂါးဒင်း" ဥယျာဉ် (Kew Garden) မှ တောင်းယူသည်။ ငွေဖလားကား စတုန်းတို့မိသားစုတွင် ရှိပြီးဖြစ်သည်။

သတို့သား ဆင်ယင်ထုံးဖွဲ့မှုမှာ ပုဆိုးဝတ်မှုကို မစ္စတာအာသာဟတ် (အင်္ဂလန်စိန်) က ဆောင်ရွက်ပေးသည်။ သတို့သမီးဆင်ယင်ထုံးဖွဲ့မှုကို ဘိုကတော် မစ္စစ်အော်ဘရေးက ဆောင်ရွက်ပေးသည်။ အတော်လေး မြန်မာဆန်ဆန် ရှိလှသည်။

ဇေယျတု သဗ္ဗမင်္ဂလံ။ ။ ပရိသတ်စုံသောအခါ စာရေးသူက အင်္ဂလိပ်၊မြန်မာ၊ ပါဠိသုံးဘာသာနှင့် အခမ်းအနားဖွင့်စကားပြောပြီး မင်္ဂလာမောင်မယ်တို့ကို ခေါ်လိုက်ရာ မေရှင်ဆိုသော မောင်မယ်ဓာတ်ပြားဖွင့်နေစဉ် ဝင်လာကြသည်။

ထို့နောက် စာရေးသူသည် ငယ်စဉ်ကတွေ့ခဲ့ရသော ပုဏ္ဏားပုရောဟိတ် ဟန်ပန်လေသံနှင့် သပြေနုနှင့် ငွေခရုကိုင်ကာ ဇေယျတု သဗ္ဗမင်္ဂလံစပါတော့သည်။ ဦးစွာ အနန္တော အနန္တငါးပါးကို ကန်တော့ခိုင်းပါသည်။ သည့်နောက် သတို့သား ညာလက်ကိုယူ သတို့သမီးညာလက်ကို တင်စေပြီး၊ ပဝါဖြူစနှင့် သုံးပတ်ပတ်၍ ငွေဖလားအတွင်းရှိ ရေတွင်နှစ်ထားစေသည်။ မင်္ဂလာဘိသိက်လက်ံကို ရွတ်ဖတ်ပါသည်။ ခရုသင်းမှ ရေကို သူတို့ဦးခေါင်းပေါ်တွင် အနည်းငယ်စီ လောင်းချပေးသည်။ သပြေညွှန့်နှင့်လည်း ပက်ပေးပါသည်။ ဆုတောင်းပြီးသောအခါ ဇနီးမောင်နံအရာမြောက်ကြောင်း ကြေညာပြီး လင်ဝတ်၊ မယားဝတ်ငါးပါး ဖော်ပြကာ ဩဝါဒစကားပြောပါသည်။နောက်ဆုံး မင်္ဂလာပရိသတ်ကို ကျေးဇူးတင်စကားပြောကြားပြီး မင်္ဂလာရွှေမိုး၊ ငွေမိုး ရွာသည့် သဘောနှင့် အကြွေပြားများနှင့် ပန်းများကို ကြဲပေးပါသည်။

အခမ်းအနားတစ်ခု ပြုလုပ်ပြီးတိုင်း အင်္ဂလိပ်ဘာသာနှင့် အကျဉ်းချုပ်ရှင်းပြောပြရသေးသည်။ နောက်ဆုံးတွင် မင်္ဂလာဇနီးမောင်နံ့တို့အား နှစ်ဖက်မိဘများကို ပရိသတ်ရှေ့ဝယ် ကန်တော့ခိုင်းပါသည်။ အလွန်အောင်မြင်သော ဘိလပ်ဘိသိက်ပွဲဖြစ်၏။ နိဂုံးခြားသားတို့အဖို့ ပထမဆုံးတွေ့ဖူးသော မြန်မာလက်ထပ်ပွဲဖြစ်၏။

ကိုယ်ပိုင်ခရုသင်း၊ ငွေဖလား။ ။ မြန်မာနိုင်ငံသို့ ပြန်ရောက်လာသောအခါ ပထမဆုံး ဘိသိက်သွန်းရသော မင်္ဂလာဆောင်မှာ မော်လမြိုင်ကောလိပ်၌ အမှုထမ်းစဉ်က ဟိန္နူလူမျိုး မာလီ၏သမီး မင်္ဂလာဆောင်ပင်ဖြစ်ပါသည်။ ထိုအချိန်မှစပြီး အပျော်တမ်း ဘိသိက်ဆရာဖြစ်ခဲ့ပါသည်။ နှစ်စဉ်ပျမ်းမျှ စေ့စပ်ကြောင်းလမ်းပွဲ ၅ ပွဲ၊ မင်္ဂလာပွဲ ၈ ပွဲနှင့် အလှူရှင်ပြုပွဲ နှစ်ပွဲကျလိုက်ရသည်။ ကိုယ်ပိုင်ခရုသင်း၊ ငွေဖလားရှိရုံသာမက သပြေပင်ကိုပင် ခြံတွင်စိုက်ထားရပါသည်။ သို့သော် စာရေးသူအဖို့ ဘိသိက်ဆရာဘဝအစ ဘိလပ်က ဟု မှတ်တမ်းတင်ရပါမည်။

❐

ပြည်တော်ပြန်ခရီး

- ❖ မြန်မာထမင်းပွဲဖြင့် ဘိလပ်နှုတ်ဆက်ညစာ

မြန်မာထမင်းပွဲဖြင့် ဘီလပ်နှုတ်ဆက်ညစာ

ပထမအဆင့်မှအောင်ပြီ။ ။ ဒေါက်တာဘွဲ့ယူကျမ်းကို ပညာရှင်အဖွဲ့က သေချာစွာ ဖတ်ရှုပြီးစစ်ဆေးပြီးနောက် နှုတ်မေး စစ်ဆေးပြန်သည်။ တစ်ပတ်ခန့်သာ ကြာသည်။ လန်ဒန်တက္ကသိုလ် ပညာရေးအဖွဲ့ (ဆီးနိပ်)က ဒေါက်တာဘွဲ့ကို အပ်နှင်းလိုက်ပြီဖြစ်ကြောင်း၊ တင်သွင်းသောကျမ်းကို အားရကျေနပ်ကြောင်း၊ ပြင်ဆင်ပြောင်းလဲစရာမလိုဘဲ ကျမ်းကို ပုံနှိပ်ထုတ်ဝေခွင့်ပြုကြောင်း စာရောက်လာပါသည်။ ညနေပိုင်းတွင် ကျမ်းကြီးကြပ်ပေးသော ဆရာကြီးနှင့် ပါမောက္ခတို့က စာရေးသူထံဖုန်းဆက်၍ (Congratulation) ဝမ်းမြောက်ကြောင်း နှုတ်ဆက်ပါသည်။ သူတို့ပြောပြသည်မှာ ဒေါက်တာဘွဲ့ယူကျမ်းများကို ပထမအဆင့်မှအောင်လျှင် တင်သွင်းသည့်အတိုင်း ပြင်ဆင်ပြောင်းလဲစရာမလိုဘဲ ပုံနှိပ်ထုတ်ဝေခွင့်ပြုသည်။ ဒုတိယအဆင့်မှ အောင်ပါက ကျမ်းကိုပြင်ဆင်ပြောင်းလဲပြီးမှ ပုံနှိပ်ထုတ်ဝေခွင့်ပြုသည်။ တတိယအဆင့်မှ အောင်ပါက ကျမ်းကို လုံးဝပုံနှိပ်ခွင့်မပြုပါ။ စာရေးသူမှာ ပထမအဆင့်မှ အောင်ကြောင်း သိရ၍ အလွန်ဝမ်းသာပါသည်။

ပြည်တော်ပြန်ရတော့မည်။ ။ မြန်မာသံရုံးသို့လည်း စာမေးပွဲအောင်၍ ဒေါက်တာဘွဲ့ရပြီဖြစ်ကြောင်း ဘွဲ့နှင်းသဘင်တက်လိုပါက တက်နိုင်ကြောင်း အကြောင်းကြားစာ ရောက်နှင့်နေပြီ။ စာရေးသူ ဘီလပ်နေခွင့်အချိန်မှာ ခြောက်လပင် ကျန်သေးသည်။ သို့သော် အိမ်ပြန်ချင်ပါပြီ။ ပညာရေးသံမှူးကြီးကလည်း မိရာသင်္ဘောကုမ္ပဏီများကို စုံစမ်းလျက်ရှိပြီ။ အချိန်မရှိတော့ပါ။ ပြည်တော်ပြန်ရန် ပြင်ဆင်ရမည်။ လေးနှစ်ကြာနေခဲ့ရသော ဘီလပ်မိတ်ဆွေ

များကို နှုတ်ဆက်ရမည်။ လူ့ဝတ္တရား မပျက်စကောင်းပါ။ အထူးသဖြင့် သုတေသနနှင့် ကျမ်းပြုစုရာတွင် ကူညီလမ်းညွှန်သင်ကြားပေးကြသော ဘိလပ် ဆရာတို့ကို နှုတ်ဆက်ဂါရဝပြုရမည်။ ဗုဒ္ဓဘာသာမြန်မာထုံးစံအရ ဆိုပါက ကန်တော့ရမည်။ သို့သော် ညစာနှင့် နှုတ်ဆက်ပါက သူတို့ဓလေ့ထုံးစံနှင့် ကိုက်ညီမည်။ ထို့ကြောင့် ပြည်တော်ပြန်နှုတ်ဆက် ညစာကျွေးရန် ဆုံးဖြတ် လိုက်ပါသည်။

မြန်မာထမင်းပွဲနှင့် နှုတ်ဆက်မည့်အကြံ။ ။ ညစာအတွက် စီမံချက်လုပ်ရပါ တော့သည်။ ပထမဆုံး ဘဏ္ဍာရေးအခြေအနေသိရန် ဘဏ်တွင် အပ်ထားသော ငွေစုစာရင်းတွင် ငွေလက်ကျန်အင်အားကို ကြည့်ရသည်။ ပြည်တော်ပြန် လက်ဆောင်ဝယ်ရန် လျာထား၍၊ အသေးသုံးရန် လျာထား၍၊ အခန်းခ ရှင်းရန်၌၊ အပြန်ခရီးအိတ်ဆောင်၌ စသည်ဖြင့် ဖယ်ထုတ်လိုက်ရပါသည်။ ဒေါက်တာဘွဲ့ဝတ်ရုံကြီးကို ဝတ်ခွင့်ပေးကြောင်း၊ ဘွဲ့နှင်းသဘင်တက်ပါက အယ်လီဇောက်ဘုရင်မကိုယ်တိုင် ဘွဲ့နှင်းမည်ဖြစ်ကြောင်း၊ ဘွဲ့နှင်းသဘင် မတက်ပါက အဝေးရောက်ဘွဲ့ယူနိုင်ကြောင်း ထိုက်တန်သောဝတ်ရုံကို ယူ သွားစေလိုကြောင်း စာရောက်လာပြန်သောကြောင့် ဘွဲ့ဝတ်ရုံကြီးဝယ်ရန် ငွေကို ဖယ်ထားရပြန်သည်။ ကျန်သောငွေနှင့် ဖိတ်ကြားလိုသော ဆရာများ ဦးရေကို နှိုင်းဆရသည်။ စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံကျောင်းမှ ဘွဲ့ရပီပီ ဘတ်ဂျက်ပင် လုပ်တတ်လေပြီ။ ဈေးလည်းသက်သာ မြန်မာမှုလည်း ဖော် ထုတ်ပြီးဖြစ်၊ မြန်မာအချင်းချင်းလည်း အားပေးရာရောက်၊ မြန်မာအစား အစာ ကိုလည်း ထုတ်ဖော်ကြွားချင်သဖြင့် လန်ဒန်မြို့လယ် အောက်စ်စဖို့ဆားကပ်စ် စိန့်ဂျိုင်းလမ်းရှိ တစ်ခုတည်းသော မြန်မာထမင်းဆိုင်သို့သွားကာ ဆိုင်ရှင် အန်တီ ဒေါ်မြစိန်နှင့် တိုင်ပင်ရသည်။

"မင်းအများဆုံး ဘယ်လောက် အကုန်အကျ ခံနိုင်သလဲ"

"ကျွန်တော့်မှာ ခြစ်ခြစ်ကုတ်ကုတ် (ခြစ်ခြစ်ခြုတ်ခြုတ်) စုထားသော ဒင်းနားအတွက်ပေါင် ၁၀၀ လောက် လျာထားတယ်"

"သိပ်မဆိုးပါဘူးကွ၊ မြန်မာဒင်းနားကျေပေါ့။ မြန်မာထမင်းဟင်း ချက်ပေးမယ်၊ ဘိုစာကျွေးရင်တော့ မင်း ဖိတ်ချင်တဲ့ဦးရေနဲ့ မလောက်ဘူး"

ဖိတ်ကြားမည့်သူ ၂၅ ဦး။ ။ ဤသို့ဖြင့် စာရေးသူ၏ နှုတ်ဆက် ညစာ စားပွဲကြီးသည် ဒေါ်မြစိန်ထမင်းဆိုင်တွင် အမွမ်းအမံခြယ်လှယ်ပြီး စာသား

ရိုက်ပြီး ကတ်ပြားများကို မြေအောက်ဘူတာရုံတိုင်းတွင် ဆိုင်ရှိသော ဒဗလျူ စမစ်အင်ဆန်း စာရေးကိရိယာနှင့် ကတ်ပြားဆိုင်မှ ဝယ်ပြီး ကွက်လပ်များကို လက်ရေးလှလှနှင့်လိုအပ်သလို ဖြည့်လိုက်၏။ ဖိတ်လိုသော ပုဂ္ဂိုလ်များကို စာရင်းပြုစုလိုက်ရာ ၂၅ ယောက်ရှိသည်။ သူတို့အနက် မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ်သမိုင်းဌာနတွင် ပါမောက္ခအဖြစ် အမှုထမ်းခဲ့ဖူးသော ပုဂ္ဂိုလ်များလည်း ပါဝင်သည်။

စာရင်းထိပ်ဆုံးမှစ၍ ရေတွက်သော် လန်ဒန်စီးပွားရေးတက္ကသိုလ်နှင့် နိုင်ငံရေးသိပ္ပံကောလိပ်၊ နိုင်ငံတကာဆက်ဆံရေးဌာနပါမောက္ခ စီဒဘလျူ မင်နင်း၊ စာရေးသူ၏ ဘွဲ့ယူကျမ်းကြီးကြပ်ပေးသော ဘုရင်မ ဆွေတော်မျိုးတော်တော်ဝင် ဆရာကြီး မစွတာတန်းစတယ်၊ အရှေ့တိုင်းနှင့် အာဖရိက ဆိုင်ရာဘာသာသင် ကောလိပ်မှ အရှေ့တောင်အာရှသမိုင်းဌာန ပါမောက္ခ ဒီဂျီအီးဟော်လ်၊ ထိုကောလိပ်မှ မြန်မာစာဌာနပါမောက္ခ ဒေါက်တာလှဖေ၊ ဗြိတိသျှနိုင်ငံခြားရေးဌာန သုတေသနမှူးကြီး ဘီအာရပ်ပန်း၊ မြန်မာသံအမတ်ကြီးနှင့် ဇနီး၊ ပညာရေးမှူးနှင့်ဇနီး စာရေးသူနှင့် ရင်းနှီးသော အိမ်ပိုင်ရှင်လင်းလေဒီမစ္စစ်ကိုမင်နှင့်သမီး၊ မြန်မာအကြောင်း စာအုပ်စာတမ်းများရေးသော စာရေးဆရာမဒေါ်ရသီဂုဒ်မင်း၊ စာရေးဆရာကြီးမောရစ်ကောလစ်၊ သစ်တော ပါမောက္ခဟောင်း စီဒဗလျူကားမုတ်တို့အပြင် ကျန်ပုဂ္ဂိုလ်တို့မှာ စာရေးသူ၏ မြန်မာ–အင်္ဂလိပ် အပေါင်းအသင်းရောင်းရင်းတို့ ဖြစ်သည်။

ညစာပွဲလူ ၂၀ နှင့်ကျင်းပ။ ။ ဒေါက်တာဒီဂျီအီဟော်လ်မှာ ရန်ကုန်တက္ကသိုလ်သမိုင်းဌာနတွင် ပါမောက္ခလုပ်သွားသူဖြစ်ပြီး၊ မြန်မာသမိုင်းစာအုပ်များ ရေးသူဖြစ်၏။ မစွတာပန်းမှာလည်း ရန်ကုန်တက္ကသိုလ်သမိုင်း ပါမောက္ခဟောင်းဖြစ်သည်။ သူရေးသော ရန်ကုန်ရာဇဝင် (History of Rangon) စာအုပ်ကြီးမှာ ယနေ့ ရှားပါးအဖိုးတန် စာအုပ်ဖြစ်နေပြီ။ ဟယူးဘင့်ကာ၊ည်လည်း မြန်မာ့သမိုင်းများ ရေးသူဖြစ်သည်။ သူတို့ ထုံးစံအရ ဖိတ်စာတွင် လာနိုင်မလာနိုင်အကြောင်းပြန်ပါဟူသော စာပါသဖြင့် မလာနိုင်ကြောင်းကို မစွတာတန်းစတယ်၊ ဒေါက်တာလှဖေ၊ မစ်ဘွန်း၊ မောရစ်ကောလစ်နှင့် စီဒဗလျူကားမုတ် ငါးဦးထံမှ အကြောင်းပြန်စာရသည်။ ထို့ကြောင့် ညစာသည် လူ ၂၀ နှင့် ကျင်းပရလေသည်။

တအားလွေးပြီးစားကြရာ။ ။ အနှံတီဒေါ်မြစိန်ကလည်း အမွမ်းအမံ၊ အပြင်အဆင်မှအစ၊ အစွမ်းကုန်ဆောင်ရွက်ပေးပါသည်။ အုန်းထမင်း၊ ထမင်းဖြူကြက်သားဆီပြန်၊ ဝက်ဆီပြန်၊ ငါးပိကြော်၊ ကြာဆံသုပ်၊ အစိမ်းကြော်၊ချဉ်ရည်ဟင်း၊ ငှက်ပျောသီးကြော်၊ ကြက်သွန်ချဉ်၊ မြန်မာပဲဟင်းချိုတို့ကို တည်ခင်းကျွေးလိုက်ပါသည်။ ပါမောက္ခနင်းသည် ကျန်းမာရေးအရ ညနေစာ မစားပါ။ သို့သော် ဟင်းခွက်များကို အနည်းငယ်မြည်းကြည့်ပါသည်။ မြန်မာပြည်မှာ အနေကြာခဲ့ကြသော ဒေါက်တာဟောလ်၊ တင့်ကာ၊ ပန်းနှင့် မြန်မာ အင်္ဂလိပ်ကျောင်းသားတို့ကမူ တအားလွေးပြီး စားကြရာ လိုက်ပွဲလိုက်သူပင် လက်မလည်နိုင်အောင်ရှိသည်။

ပါမောက္ခ၏ဆုတောင်းစကား။ ။ ထမင်းပွဲမစမီကပင် အာလူးကြော်၊ ငါးကြော်၊ ဘီယာ၊ ဝိစကီများနှင့် ပဏာပျိုးကြသေးသည်။ စာရေးသူက နှုတ်ဆက်စကား အနည်းငယ်ပြောကြားပြီး ညစာပွဲမှာ ဟန်လုပ်ရန်မလို အင်္ဂလိပ်ကဲ့သို့ စားပွဲယဉ်ကျေးမှုဓလေ့ထုံးစံများ ငဲ့ရန်မလို၊ ရင်းရင်းနှီးနှီး အဝစားရန် လှိုက်လဲစွာ ဖိတ်ကြားလိုက်သည်။ စကားဆုံးသောအခါ ပါမောက္ခမင်နင်းက ဝိုင်ခွက်ကို ကိုင်ပြီး၊ စာရေးသူကို ချီးကျူးစကားပြောပါသည်။ ထို့နောက် စာရေးသူ မိခင်နိုင်ငံသို့ ချောမောစွာ ပြန်ရောက်ပြီး နိုင်ငံအကျိုးမြန်မာအမျိုးသားများအကျိုးကို တတ်သောပညာဘွဲ့နှင့် အလုပ်အကျွေးပြုနိုင်ပါစေဟု ဆုတောင်းရာ အားလုံးက ခွက်ချင်းတေ့ ဆုတောင်းပြီး သောက်ချလိုက်ကြပါသည်။

ပြည်တော်ပြန်ချိန် တစ်ပြိုင်နက်ခံစားမှု နှစ်ရပ်။ ။ ၁၉၆၀ ပြည့်၊ ဇူလိုင်လတွင် အရှေ့တောင်အာရှသို့ ထွက်ခွာမည့် အင်္ဂစ်၊ အင်္ဂစ်၊ ဝပ်စတာရှား (S.S Worcestershire) သင်္ဘောနှင့် ပြည်တော်ပြန်ရန် မြန်မာသံရုံးက စီစဉ်ပြီးကြောင်း အကြောင်းကြားလာပါသည်။ ပြင်ဆင်ရက် နှစ်ပတ်သာ ရှိတော့သည်။ လေးနှစ်ကျော်နေခဲ့သော လန်ဒန်မြို့တော်ကြီးမှ အပြီးခွာရတော့မည်ဖြစ်ရာ ဝမ်းနည်းနေမိသည်။ လွမ်းနေမိသည်။

အင်္ဂလိပ် – မြန်မာနှင့် အခြားနိုင်ငံခြားမိတ်ဆွေများကို နှုတ်ဆက်၍ မကုန်နိုင်ဖြစ်ပြီး ပို့စကတ်၊ စာ၊ ဖုန်း စသည်ဖြင့် အဝေးရှိ မိတ်ဆွေတို့ကို

အကြောင်းကြားရသည်။ ရင်းနှီး၍ လက်လှမ်းမီသူတို့ထံ ကိုယ်တိုင်သွား၍ နှုတ်ဆက်၏။ ထိုအခါ နေ့စာ၊ ညစာ ဖိတ်သူကဖိတ်၊ လက်ဖက်ရည်တိုက်သူ တိုက် ဖြစ်လာသည်။

မြန်မာမိတ်ဆွေများမှာမူ မြန်မာတို့ ထုံးစံအတိုင်း ပစ္စည်းပါးကြပါတော့သည်။ အချို့များ သေတ္တာလိုက် ပါးကြသေးသည်။ သင်္ဘောနှင့် ပြန်မည်ဆိုတော့ ဝန်အလေးချိန်အတွက် မစိုးရိမ်ရ၊ နေရာအကျယ်လိုက်၍ အခယူခြင်း ဖြစ်သည်။ ထို့ကြောင့် ထမင်းကျွေး၊ ကျွေးပြီး အားမနာတမ်း ပစ္စည်းပါးလိုက်ကြရာ၊ ကိုယ်ပိုင် သေတ္တာကလေးလုံး၊ သူသူငါငါပါးသော သေတ္တာများက ၁၁ လုံး၊ ပေါင်း ၁၅ လုံး၊ ရေခဲသေတ္တာကတစ်လုံး၊ မိသားစုကြီးပြောင်းလာသလား ထင်ရပါသည်။

စာရေးသူတို့ နိုင်ငံခြားပညာသင်ခေတ်က မော်တော်ကား၊ မော်တော်ဆိုင်ကယ် အရှားမထသေးပါ။ မြန်မာနိုင်ငံတွင် လိုချင်သောကား၊ ဆိုင်ကယ်ကို အချိန်မရွေး ဝယ်နိုင်သည်။ ကုမ္ပဏီကိုယ်စားလှယ်များနှင့် ဆိုင်ခွဲများရှိသည်။ ထို့ပြင် ပညာတော်သင်သားပီပီ ကိုယ့်နိုင်ငံပြန်ရောက်ပါက ကိုယ်တတ်ကျွမ်းခဲ့သော ပညာနှင့် နိုင်ငံတော် အကျိုးပြုရန် ပညာရပ်နှင့်ဆိုင်သော အရပ်ဒေသ၊ ပြတိုက်၊ စာကြည့်တိုက်များသို့ သွားခြင်း၊ ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ ကိရိယာပစ္စည်းများ ဝယ်ယူခဲ့ခြင်းသာ ပြုလုပ်ကြသည်။

လေးနှစ်နီးပါး အသုံးပြုခဲ့သောပစ္စည်းအချို့ကို ရောင်းတန်ရောင်း၊ ပေးတန်ပေး လုပ်ရပြန်ပါသည်။ ၄၃ ဂိနီပေးရသော ရေဒီယိုဂရမ်ကြီးကို အဟောင်းဆိုင်ပြန် ရောင်းသောအခါ ၅ ပေါင်သာရသည်။ ချက်ပြုတ်စားခဲ့သော ဒန်အိုး၊ ဒန်ခွက်၊ ပန်းကန်၊ ခွက်ယောက်များကား ရောင်းမရပါ။ အသစ်ရောက်လာသော မြန်မာကျောင်းသားတို့ကို ပေးကမ်းစွန့်ကြဲခဲ့ရသည်။ လစဉ်ဖတ်ခဲ့ရသော မဂ္ဂဇင်းများ၊ သတင်းစာကြီးများမှ ဖြတ်ယူထားသော ဆောင်းပါးများ၊ မြန်မာနိုင်ငံအကြောင်း ရေးသားထားသော ရုပ်စုံစာအုပ်များ၊ သမိုင်းစာအုပ်များကိုမူ အပါသယ်ရန် သေတ္တာများတွင်ထည့်ပြီး သေချာစွာ ပိတ်ရပြန်ပါသည်။

ရာသီအလိုက် ပေးပို့ကြသော နှုတ်ဆက်ကတ်ပြားများ၊ ခရစ်စမတ်ကတ်ပြားများကလည်း အတော်များသည်။ ပုံများကလည်းလှလှ၊ ရေးသားထား

သော စာများကလည်း အတုယူစရာ၊ ကဗျာဆန်ကြသဖြင့် မပစ်ရက်သော ကြောင့် သေတ္တာတွင် ထည့်လိုက်ရပြန်သည်။ ဤလိုနှင့် နှစ်ပတ်ကာလသည် ကုန်သွားပြီး သင်္ဘောဆင်းရမည့်နေ့ကို ရောက်ခဲ့ပါသည်။

လန်ဒန်မှ လီဗာပူးလ်မြို့သို့ မီးရထားဖြင့်သွားရသည်။ လီဗာပူးလ် ဆိပ်ကမ်းတွင် ဆိုက်ထားသောသင်္ဘောသို့ ဆင်းရန်ဖြစ်သည်။ လေးလံသော သေတ္တာများကားကြိုတင်ပို့ထားပြီဖြစ်သည်။ ထို့ကြောင့် လူနှင့်တစ်ပါးတည်း ယူမည့် ပစ္စည်းလောက်သာရှိ၍ ပေါ့ပေါ့ပါးပါးဖြစ်နေသည်။ သို့သော်ငြားလည်း ကပ်ပြီးယူလာကြသော လက်ဆွဲလက်ဆောင်များကလည်း များလာပြန်သည်။ စားစရာများ၊ အမှတ်တရ တိုလီတိုထွာလက်ဆောင်များကို လက်နှစ်ဖက်စလုံး မဆွဲနိုင်တော့ပါ။ ထို့ကြောင့် ချပ်သေတ္တာတွင် မကွဲမရှအောင် သေချာစွာ ထည့်ရသည်။

ဘီဘီစီ မြန်မာပိုင်းအစီအစဉ်မှ ဌာနမှူးကြီး မစ္စတာဟော်စတီက ညစာဖိတ်ကျွေးရင်း သူ့ဌာနတွင် မြန်မာလိုအသံလွှင့်ရာ၌ မကြာခဏလာကူ၍ ကျေးဇူးတင်ကြောင်း မှတ်တမ်းတင် လက်ရေးစာနှင့် လန်ဒန်မြို့အကြောင်း ရုပ်ပုံစာအုပ် လက်ဆောင်ပေးပြန်သည်။ မေရှင်၊ တင်မောင်၊ ခင်မောင်ရင်၊ သီချင်းဓာတ်ပြားအချပ် ၂၀ ကိုကား အင်္ဂလိပ်–မြန်မာ ကပြားကြီးတစ်ဦးက ၄၂ ပေါင်နှင့် လာဝယ်သဖြင့် ပြန်သယ်ရမည့်ဒုက္ခ ငြိမ်းသွားသည်။

လန်ဒန်မှ ထွက်ခွာရမည့်အနေကား စိတ်အထိခိုက်ဆုံးဖြစ်ပါသည်။ ကိုယ့်အိမ်သဖွယ်နေခဲ့သော မြို့တော်ကြီး လန်ဒန်၊ ကိုယ့်အရပ်ကဲ့သို့ တစ်လမ်းလုံးရှိ အရပ်သားတို့နှင့် သိခဲ့၊ ကျွမ်းခဲ့ရသော ဘဲလ်ဆိုက်ပက်၊ ဟမ်းစတ် (Belsize Park, Hampstead) ကိုယ် နောက်ဆုံးနေခဲ့သော နံပါတ် ၂၅ နေအိမ်၊ ကိုယ်သိကျွမ်းခဲ့ရသော အိမ်ပိုင်ရှင် မစ္စတာကလပ်၊ စန္ဒရားတီးပြတတ်သော ရုရှားအဒေါ်ကြီး မစ္စစ်ဖောက်စ်၊ ဟာသပြောတတ်သော အိုင်ယာလန်သား မစ္စတာဘရိုင်ယန်၊ ဂျူးမကြီး ဂျီရွှဝါ၊ နွေရာသီတွင် ပူဒီနာပင်တွေစိုက်၊ မဆလာထောင်း၊ စားချင်လျှင် သွားတောင်းပါက ပေးလေ့ရှိသော ကုလားမကြီး လက်ချိမီးတို့ကို ခွဲရစ်ရတော့မည်။ ကြေကွဲရ၏။ သို့သော် လေးနှစ်ကျော် ကွဲကွာနေသော မိဘညီအစ်ကိုများ၊ ဆွေမျိုးများ၊ မိတ်ဆွေများ၊ ကိုယ်ချစ်သောနိုင်ငံ၊ ကိုယ့်ယဉ်ကျေးမှုတို့ကို တစ်လကျော်အတွင်း ပြန်တွေ့

ရတော့မည်။ ဝမ်းသာစရာကြီး၊ ဤသို့ ကြေကွဲမှုနှင့်ဝမ်းသာမှု ဆန့်ကျင်သော ခံစားမှုနှစ်ရပ် တစ်ပြိုင်နက် ရင်တွင်းမှာဖြစ်နေရာ ပြောမပြနိုင်သော ဝေဒနာ တစ်မျိုးဖြစ်ပါသည်။

အိမ်ရှေ့တွင် တက္ကစီနှစ်စီး ရောက်နေလေပြီ။ လာနှုတ်ဆက်သော မိတ်ဆွေတို့က ပစ္စည်းများပင် တင်ပေးထားပြီး တချို့ကား ဘူတာရုံတွင် လာနှုတ်ဆက်ကြမည်။ ၂၅ နေအိမ်ပိုင်ရှင်က လှိုက်လှဲစွာ လက်ဆွဲပြီး စ နှုတ်ဆက်ပါသည်။ သည့်နောက် အိမ်တွင် အတူနေများက အလှည့်ကျ နှုတ်ဆက်ကြသည်။ ရုရှား၊ ဂျူးနှင့် ကုလားမကြီး ထိုသုံးယောက်တို့က မျက်ရည်ကျနေကြသည်။ ရုရှားမကြီးက စာရေးသူ နဖူးကို လာနမ်းရင်း "ငါ ပီယာနိုတီးရင် နားထောင်တတ်တဲ့လူ ရှိမှာမဟုတ်ဘူး" ဟု ပြောရှာသည်။ သို့နှင့် သူတို့တစ်တွေ လက်ဝှေ့ယမ်းပြရင်း ကျန်ရစ်ရာ တက္ကစီသမားသည်လည်း ဝါတာလူးဘူတာကြီးသို့ ခွာခဲ့သည်။ ဗြိတိသျှပါလီမန်အဆောက်အအုံကြီးနှင့် သိမ်းမြစ်ကို နောက်ဆုံးအကြည့်နှင့် လှမ်းကြည့်လိုက်ပါသည်။

ဘူတာအဝမှ အင်္ဂလိပ်-မြန်မာ မိတ်ဆွေခုနစ်ယောက်က ဆီးကြိုနေသည်။ သူတို့ ဝိုင်းကူသယ်ကြသည်။ တက္ကစီသမားနှစ်ဦးကို အခပေးသည့်အပြင်၊ တစ်ဦးကို ၂ ပေါင်စီ ထပ်ပေးလိုက်သည်။ သူတို့က "Good bye and good luck" နှုတ်ဆက်ကြသည်။

"အချိန်ရှိသေးတယ်။ သင်္ဘောလက်မှတ်၊ နိုင်ငံကူးလက်မှတ်၊ ငွေကြေးစတဲ့ အရေးကြီးပစ္စည်းတွေ ပါမပါစစ်ဆေးပါ"

"မြန်မာကျောင်းသားက သတိပေးပါသည်။ အားလုံး ကုတ်အင်္ကျီအတွင်း၌ ပါပြီးပြီ။ အင်္ဂလိပ်ကျောင်းသား လူနောက်တစ်ဦးကမူ...

"မင်းကောင်မရဲ့ အတွင်းခံဘော်လီ ကျန်ခဲ့တယ်ထင်တယ်။ အောက်ခံဘောင်းဘီလည်း အိပ်ရာခေါင်းရင်းမှာ ချိတ်ရစ်တယ်မဟုတ်လား"

လှမ်းပြီး နောက်ပြန်သည်။

မီးရထားထွက်ရန် ၁၀ မိနစ်အလိုတွင် တွဲပေါ်တက်လိုက်၏။ ပြတင်းမှ ပြုံးပြီးအကြည့်၊ အင်္ဂလိပ်မိတ်ဆွေတို့က "He is a jolly good fellow" သီချင်းကို သံပြိုင်ဆိုကြပါသည်။ ခင်မင်ရင်နှီးသူတစ်ဦး ကွဲကွာရသော အခါ ဆိုကြသော နှုတ်ဆက်သီချင်းဖြစ်ပါသည်။ သီချင်းဆုံးသည်နှင့်ရထားကြီး

သည်လည်း လိမ့်ထွက်လာလေသည်။ သူတို့ကား လက်ယမ်းပြရင်း ကျန်ရစ်ကြလေသည်။

လီဗာပူးလ်သို့ ရောက်သည်နှင့် တက္ကစီငှားပြီး သင်္ဘောရှိရာသို့ တန်းလာခဲ့ပါသည်။ နောက်နေ့နံနက် ဒီရေအတက်တွင် သင်္ဘောထွက်မည်ဟု သိထားသည်။ အထူးသတင်းတစ်ရပ်မှာ လန်ဒန်တွင် အမှုထမ်းပြီး မောစကိုသို့ ပြောင်းရွှေ့သွားသော မြန်မာသံအမတ်ကြီး ဦးကြင်သည်လည်း ပင်စင်ယူခဲ့၍ မြန်မာပြည်သို့ ဤသင်္ဘောနှင့် ပြန်မည်ဟူသော သတင်းဖြစ်သည်။ စာရေးသူသည် အတိုင်းမသိ ဝမ်းသာသွားသည်။ သို့သော် သူ့ကို အရိပ်အရောင်ပင် မတွေ့ရသေးပါ။ ဦးကြင်သည် မိဘသဖွယ် ကျောင်းသားများအပေါ် ဆက်ဆံသည်။ လန်ဒန်မှ မော်စကိုသို့ ပြောင်းရွှေ့ရစဉ်က မြန်မာသံရုံးတွင် နှုတ်ဆက်ပွဲ လုပ်ရာ စာရေးသူက မြန်မာကျောင်းသားတို့ကိုယ်စား နှုတ်ဆက်စကား ပြောခဲ့ဖူးသည်။ သူ့အိမ်တွင် မြန်မာ့နေ့ထူးနေ့မြတ် အခမ်းအနားလုပ်တိုင်း စာရေးသူမှာ ပဲခူးဆားဖြစ်သည်။ ဆို၊ တီး၊ စား၊ ပြန် လုပ်နေသူဖြစ်သည်။ ခရီးစဉ်တစ်လျှောက် ပျော်စရာကြီး ဖြစ်တော့မည်။

သင်္ဘောအခန်းနံပါတ် ၃၅ တစ်ယောက်ခန်းတွင် ဝင်ပြီးနေရာယူလိုက်ပါသည်။ စာရေးသူ၏ ထုံးစံအတိုင်း သင်္ဘောလက်မှတ်တွင် ပါသောစည်းကမ်းချက်များကို ဖတ်သည်။ အခန်းတွင်းရှိ သတိပေးချက်စာများ၊ ညွှန်ကြားချက်များကို ဖတ်သည်။ ထို့နောက် မိမိအခန်းအတွက် တာဝန်ကျသော အခန်းစောင့် (Cabin boy) နှင့် မိတ်ဆွေဖွဲ့ရသည်။ တစ်အောင့်ကြာသောအခါ နေ့ခင်းလက်ဖက်ရည်ချိန် ခေါင်းလောင်းမြည်လာသဖြင့် ကုန်းပတ်ပေါ်တက်သွားပြီး စားသောက်ခန်းသို့ ဝင်လိုက်သည်။

ခရီးသည်အပြည့်အစုံ သင်္ဘောပေါ် မရောက်ကြသေးပါ။ တွေ့ရသူများတွင် မြန်မာကျောင်းသားကို မမြင်ရပါ။ မျက်နှာဖြူများ၊ ကပြားများနှင့် ကုလားများသာရှိသည်။ ယင်းတို့အနက်မှ အရပ်ရှည်ရှည် ရုပ်ချောချော ဗိုလ်မလေးတစ်ဦးက စာရေးသူထံလာပြီး မိတ်ဖွဲ့သည်။ သူမသည် သူမ၏နှင့် စေ့စပ်ထားသော မြန်မာနိုင်ငံရှိ မြန်မာအမျိုးသားထံ လိုက်လာခြင်းဖြစ်ကြောင်း၊ ထိုအမျိုးသားမှာ လင်ကွန်းအင်းမှ ဝတ်လုံတွဲ့ရသူဖြစ်ကြောင်း ပြောပြသည်။ စာရေးသူက ခရီးသည်စာရင်းကို ယူဖတ်ကြည့်ရာ ဦးကြင်နှင့် သူ့ပိုအေနှစ်ဦး

အမည်သာ တွေ့ရသည်။ ဇနီးနှင့် မိသားစုမပါသေးပါ။ သင်္ဘောကပ္ပတိန်ကို မေးကြည့်ရာ၊ ညနေစောင်းမှရောက်လာမည်ဟု သိရ၏။ သို့နှင့် တစ်ယောက်တည်း သင်္ဘောတစ်စီးလုံးကို အနေအထား မှိတ်မိအောင် လျှောက်ကြည့်ပါသည်။ ဘီလပ်အလာတုန်းက စီးလာသော အက်စ်အက်စ်သံလွင် (S.S Salween) သင်္ဘောထက် အဆပေါင်းများစွာ ခမ်းနားသည်။ (Bibby line) သင်္ဘောကုမ္ပဏီပိုင်ဖြစ်သည်။ ကစားကွင်း၊ အရက်ဘားသုံးခု၊ ရေကူးကန်၊ ကလေးကစားကွင်း၊ ဈေးဆိုင်များ၊ သူနာပြုခန်း၊ ဆေးရုံ၊ ဆံပင်ညှပ်၊ ဆံပင်ကောက်ဆိုင်၊ ကပွဲခန်း၊ ပီယာနိုနှစ်ခုပါသည်။

အာရပ် မျက်လှည့်ဆရာ၏အစွမ်း။ ။ ထိုနေ့ညနေ ညစာအချိန်ရောက်မှ သံအမတ်ကြီး ဦးကြင်၏အသံကို ကြားရပါသည်။ သင်္ဘောသို့ လိုက်ပို့ကြသော သူ့မိတ်ဆွေများနှင့် နှုတ်ဆက်နေရာ အတော်စည်စည်ကားကား ဖြစ်နေသည်။ စာရေးသူက ညစာစားပွဲမှပင် စောင့်နေသည်။ အတော်ကြာမှ ညစာဝတ်စုံဝတ်လျက် ရှိုးကျကျဝင်လာသော ဦးကြင်ကိုတွေ့ရသဖြင့်...

"ကျွန်တော် အန်ကယ့်ကို စောင့်နေတာ၊ သင်္ဘောပေါ်ရောက်ကတည်းကပဲ။ ခရီးစဉ်မှာ မပျင်းတော့ဘူး။ အန်ကယ်ပါမယ်ဆိုတာ ပါစင်ဂျာစာရင်းမှာလည်း တွေ့၊ သံရုံးကလည်း ပြောလိုက်တယ်"

"အေး... ဝမ်းသာလိုက်တာ၊ မောင်ရင်နဲ့ဆုံကြပြန်ပြီ။ မောင်ရင်က ဟာသ ပြောတတ်တာရယ်၊ ကျူပ်က အရယ်သန်တာရယ်၊ နှစ်ယောက်ပေါင်းရင် သင်္ဘောတစ်စင်းလုံးတော့ မလွယ်ပါဘူး။ ဟဲ...ဟဲ...ဟဲ"

ဦးကြင်သည် သူ့ဝိုအေနှင့် ပြန်ခဲ့ခြင်းဖြစ်သည်။ သူ့မိသားစုက နောက်မှ လိုက်ပါလာမည်။ လန်ဒန်မှ မော်စကို ပြောင်းသွားရပြီးနောက် အသက်ပြည့်၍ ပင်စင်ယူ ပြန်လာခြင်းဖြစ်သည်။ လန်ဒန်မှ မော်စကိုသို့ ပြောင်းစဉ်က မြန်မာသံရုံးတွင် ခမ်းခမ်းနားနား နှုတ်ဆက်ပွဲလုပ်ကြရာ၊ မြန်မာကျောင်းသားများ စုံလင်စွာတက်သည်။ ကျောင်းသားများကိုယ်စား စာရေးသူကပင် နှုတ်ဆက်စကားပြောရသည်။ ထိုစဉ်ကတည်းက စာရေးသူ၏ဇလမိပြီး၊ တဟားဟား ဖြစ်ခဲ့ရသည်။ ဦးကြင်သည် အင်္ဂလိပ် မြန်မာ နှစ်ဘာသာစလုံးနှင့် စကားပြောကောင်းသည်။ ဆက်ဆံရေးလည်း တော်သည်။ ကျောင်းသားများအပေါ် သားသမီးကဲ့သို့ ဆက်ဆံသည်။ ဘာသာရေးကိုင်းရှိုင်းသူဖြစ်သည်။

အလွန်ရယ်သန်သောကြောင့် သူနှင့် ဟာသပြောရသည်မှာ အလွန်အားရသည်။ ဟာသပြောပြီး ရယ်မည့်သူမရှိလျှင် (သို့မဟုတ်) အရယ်ကျဲပါက ပြောရသူ အားမရပါ။

ညစာအပြီး သဘော်ပေါ် ပါလာသော မြန်မာတစ်စုနှင့် ဘားတွင် ထိုင်ကာ အန်ကယ်ဦးကြင်ကို အလယ်ထားပြီး စကားဖောင်ဖွဲ့သည်။ တဟား ဟားနှင့် ထမင်း အစာကြေလွယ်ရာ အန်ကယ်ဦးကြင်က စနက် (snack)တွေ ကျွေးပါသည်။ သန်းခေါင်သာသာတွင် အားလုံးမောသဖြင့် အိပ်တန်း ဝင်လိုက်ကြသည်။ မည်မျှ အိပ်မောကျသွားသည်မသိ။ နံနက်စာအချိန် အချက်ပေး သံကြားမှ နိုးလာသည်။ သဘော်လည်း အတော်လူပ်လာပြီး ပြတင်းမှ လှမ်းကြည့်ရာ ပင်လယ်ပြင်ကြီးထဲသို့ပင် ရောက်နေလေပြီ။ ညဉ့်အချိန် ဒီရေ အတက်အက်စ်အက်စ် ဝပ်စတားရှား သဘော်ကြီးသည် လီဗားပူးလ် ဆိပ်ကမ်းမှ ခွာခဲ့ရာ၊ ပင်လယ်ကြီး (Hight Sea) ထဲသို့ပင် ရောက်လေတော့ပြီ။ လေးနှစ်ကျော်ကျော် နေထိုင်ခဲ့ရသော အင်္ဂလန်နှင့် ဝေးခဲ့လေပြီ။ ဇာတိချက်ကြွေ မွေးရပ်မြေ မြန်မာပြည်ကြီးဆီသို့ ဦးတည်၍ လာခဲ့ပေါ့။

ခရီးစဉ်တစ်လျှောက် မည်သည့်ဆိပ်ကမ်းမှ မရပ်ခဲ့ပါ။ သဘော်လှိုင်းမူးသဖြင့် အိပ်ရာထဲတွင်လဲ့ရ၊ အခန်းအောင်းရန့်ငှ် အတော်စိတ်ညစ်စရာ ကောင်းသည်။ သို့သော် လေငြိမ်သွားပြန်သောအခါ အလွန်သာယာလှသော ပင်လယ်ပြင်ကြီး၏အရသာကို ခံစားရပြန်သည်။ တစ်နေဝင် တစ်နေထွက် ကောင်းကင်နှင့် ရေပြင်ကိုသာ မြင်ရသည် ဆိုရပေမည်။ ငါးပျံများ၊ ငါးကြီးများ၊ ကုန်းပတ်ပေါ် လှိုင်းပုတ်၍ ကျလာသော ငွေရောင်၊ ရွှေရောင်ငါးများကို လည်းကောင်း၊ ပင်လယ်ပြင် ရေ၏အရောင် ပြောင်းလဲပုံများကို လည်းကောင်း၊ ညချမ်းမှာလဆန်းကို မြင်ရသော ရှုခင်းကိုလည်းကောင်း၊ ရှင်ဥတ္တမကျော်ကဲ့သို့သော ကဗျာကဝိကြီးတို့သာ စာဖွဲ့နိုင်စွမ်းရှိပါလိမ့်မည်။

"ဘာတွေ တွေးနေတာလဲ မစ္စတာညွန့်ရဲ့၊ အီဂျစ်ရောက်တော့မယ်၊ ဟိုမှာ ကိုဖေခင်ရှိတယ်။ အန်ကယ်တို့ ရောက်လာမယ်လို့ အကြောင်းကြားထားတယ်။ သူ ဆင်းလာမယ်ကြံ့တယ်"

"ဟန်ကျတာပေါ့ အန်ကယ်၊ အီဂျစ်ပစ်ရမစ်တွေ ကြည့်ရရင် ကောင်းမှာပဲ"

"အဲဒီလောက် အချိန်မရဘူး၊ စူးအက်ထဲ ဖြတ်အလာ သင်္ဘောက နာရီပိုင်းရပ်တဲ့အချိန် လာတွေ့မှာပါ။ စူးအက်ကိုတော့ လေ့လာနိုင်တာပေါ့"

ရာသီဥတုသည် အေးရာမှ နွေးသည်ထက်နွေးလာပြီး၊ နွေးရာမှ ပူပြင်း လာသည်။ မြေထဲပင်လယ်နှင့် ပင်လယ်နီကို ဆက်ပေးထားသော စူးအက် တူးမြောင်းထဲသို့ ဝင်လာသည်။ လှေငယ်ကလေးများနှင့် အာရပ်လူမျိုး၊ ဈေးသည်များ၊ မျက်လှည့်ဆရာများ၊ ဗေဒင်လက္ခဏာဆရာများ၊ ကချေ သည်များနှင့် သူတောင်းစားများသည် သင်္ဘောနောက်မှ တစ်ပြိုက်ြီးလိုက်ပါလာ ကြသည်။ အိပ်ခန်းကို သော့လုံခြုံစွာခတ်ခဲ့ပြီး ကုန်းပတ်ပေါ် တက်လာသော အခါ ဈေးတန်းကြီးဖြစ်နေပေပြီ။ အရပ်ဈေးသည်များသည် ခရီးသည်များ လိုချင်စဖွယ်ပစ္စည်းမျိုးစုံကို အော်ရောင်းကြသည်။ အလှအပပစ္စည်း၊ သားရေ ထည်၊ ကော်ဖော၊ မိန်းမကြိုက် ပစ္စည်းများ၊ သဲလွင်သီး၊ စွန်ပလွန်သီး၊ စပျစ်သီးခြောက်များ ဟင်းခတ်အမွှေးအကြိုင်များ စုံနေသည်။

မကြာမီ ဆူဆူညံညံ ဗုံသံ၊ လင်းကွင်းသံ၊ ချူသံနှင့် အကအဖွဲ့ ရောက်လာသည်။ ဗုံတီးသူတစ်ယောက်၊ ချူခေါက်သူတစ်ယောက်နှင့် ကိုယ် ခန္ဓာအချိုးအစားကျကျ ရုပ်ချောချော အမျိုးသမီးကချေသည်တစ်ဦး ပေါင်း သုံးဦးနှင့် သင်္ဘောကြီးပေါ်ဝယ် အငြိမ့်ဝိုင်းဖြစ်သွားသည်။ ဗုံတီးသူက ကော်ဖော် လိပ်ကို ဖြန့်ခင်းလိုက်သည်။ ကချေသည်မလေးသည် ဗိုက်သားပေါ်ပေါ်၊ ဆံပင်ဖားလျားနှင့် သူ့ဆိုင်းချက်နှင့်အညီ လှုပ်ကာ ယမ်းကာ ကပြသည်။ မြန်မာအကတွင် ပလို့အကနှင့် သဘောချင်းတူသည်။ သူတို့အကက ပို၍ သွက်ပြီး ရမက်နှိုးဆွသည့် သဘောများပါသည်။ အာရပ်ဗိုက်သားလှုပ် အက **(Arabian Belly Dance)** ဟု ခေါ်သည်။ ကစဉ်နှင့် ကအပြီး ကြေးလင်ပန်း နှင့် ပိုက်ဆံခဲပါသည်။ ငွေစက္ကူနှင့် အကြွေများ ပစ်ထည့်ကြရာ၊ ကြေးလင် ပန်းပြည့်သွား၏။ အာရပ်ထုံးစံအတိုင်း အလေးပြုပြီး သင်္ဘောပေါ်မှ ဆင်း သွားကြသည်။

သူတို့နောက် ဂါလီဂါလီ မျက်လှည့်ဆရာ ရောက်လာပြန်သည်။ တစ်ကိုယ်ရေ မျက်လှည့်ဆရာသည် လက်ထဲတွင် ဘာမျှမပါဟု ထင်ရသည်။ မကြာမီ ပိုးပဝါတစ်ခု သူ့လက်ထဲသို့ ကောင်းကင်မှကျလာသလို ရောက်လာ သည်။ ယင်းပဝါကို မန်းမှုတ်လိုက်ရာ ပဝါထဲမှ ကြက်ပေါက်စသုံးကောင်

ထွက်လာသည်။ ယင်း သုံးကောင်ကို ပင်လယ်ထဲသို့ လွှင့်ပစ်လိုက်ပါသည်။ သည်နောက် အနားတွင် ရပ်ကြည့်နေသော ဘိုမလေးဂါဝန်အနားလာပြီး ကြက်ဥသုံးလုံးကောက်ပြသည်။ လက်ခုပ်တွေ တဖြောင်းဖြောင်း သြဘာပေးသည်။ နောက်ဆုံး၌ သူ့ပါးစပ်က ဂါလီ၊ ဂါလီ၊ ဂါလီဟု ကြက်ပေါက်စလေးများကို ပြန်ခေါ်ရင်း စာရေးသူထိုင်နေရာလာပြီး စာရေးသူက ဘောင်းဘီအိတ်ထဲမှ ကြက်ပေါက်စလေးသုံးကောင် ထွက်လာကြသည်။ ဂါလီ၊ ဂါလီ၊ ဂါလီတို့ ထွက်လာသော ဘောင်းဘီပိုင်ရှင် စာရေးသူသည် ဖိုးကံကောင်းဖြစ်သဖြင့် ကြက်ကလေးတွေအတွက် အစာကျွေးဖို့ဟု မျက်လှည့်ဆရာက ငွေတောင်းပါတော့သည်။ စာရေးသူသည် မျက်လှည့်ဆရာ အာရုပ်ကလေး၏ အပြောကောင်းခြင်း၊ မှင်မောင်းကောင်းခြင်း၊ မျက်လှည့်အစွမ်းကို သဘောကျခြင်းအပြင်၊ မျက်လှည့်ပြ အစားခံနေရရှာသော ကြက်ပေါက်စလေး သုံးကောင်ကိုပါ သနား၍ အိတ်ထဲမှ စတာလင်တစ်ပေါင်တန် စက္ကူကိုထုတ်ပြီး ဆုချရာ၊ ကြက်ပေါက်စလေးသုံးကောင်က နှုတ်သီးဖြင့်ကိုက်ယူပြီး သူ့သခင် မျက်လှည့်ဆရာအိတ်ထဲသို့ ထည့်ပေးကြပါသည်။

"ဗျို့ ကိုခင်မောင်ညွန့်၊ ဂါလီမျက်လှည့် သိပ်မငေးနဲ့ (Port Said) ပို့ဆိုက် ရောက်တော့မယ်တဲ့။ သံအမတ်ကြီးက အခေါ်ခိုင်းနေပြီ"

မြန်မာကျောင်းသားက လှမ်းပြောလိုက်သဖြင့် မျက်လှည့်ပွဲမှ ထလာပါသည်။

တူးမြောင်းခရီးတစ်လျှောက်တွင် ဆီထည့်ရန်၊ ရေချိုနှင့် ရိက္ခာဖြည့်ရန်၊ စစ်လက်နက် ပေါက်ကွဲစေတတ်သော ပစ္စည်းများ စစ်ဆေးရန် ယစ်မျိုးဆိပ်ကမ်းရဲစသော တာဝန်ရှိသူတို့က သင်္ဘောတိုင်းကို စစ်ဆေးရန် စသည်ဖြင့် ခေတ္တရပ်နားပေးရသော စခန်းထောက်များရှိသည်။ ပို့ဆိုက်တွင် စာရေးသူတို့ သင်္ဘော သုံးနာရီကျော် လေးနာရီခန့်ကြာအောင် ရပ်နားနေမည်။ သံအမတ်ကြီးဦးဆောင်ပြီး မြန်မာခရီးသည် အားလုံး သူ့နောက်မှ လိုက်ပါ၍ ပို့ဆိုက်ဆိပ်ကမ်းသို့ ဆင်းကြမည်ဖြစ်၏။

မကြာမီပို့ဆိုက်သို့ သင်္ဘောချဉ်းကပ်ပါသည်။ ကမ်းတစ်ဘက်တစ်ချက်တွင် ပြိုကျသောသဲများကို သယ်ထုတ်နေသော အလုပ်သမားများ၊ သောင်

ဖျက် သင်္ဘောငယ်များကို တွေ့ရ၏။ သင်္ဘောအောက်သို့ဆင်းသော လှေကား ဝဆီသို့ ဦးကြင်နှင့် စာရေးသူတို့လျှောက်လာကြရာ ကမ်းပေါ်ရှိရုံးခန်းထဲမှ အိုဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဖေခင်နှင့်ဇနီးတို့က လက်ပြနေသည်ကို တွေ့ရပါသည်။ သံအမတ်ကြီး ဦးကြင်နှင့် စာရေးသူတို့က ဝမ်းသာစွာ ပြန်လက်ပြကြ၏။ သင်္ဘောကမ်းသို့ ဆိုက်လိုက်ပြီး လှေကားချ၍ ကပ္ပတိန်က ဦးဆောင် ဆင်းသွားကာ ဦးဖေခင်ကို ဆီးကြိုပါသည်။

မြန်မာသံအမတ်ကြီး ဦးဖေခင်သည် ဥပဓိရုပ်ကောင်းကောင်း၊ ဥရောပ သားဝတ်စုံကို အပြည့်ဝတ်ထားပြီး၊ ဂိုက်ဆိုက်ကျနစွာ သင်္ဘောပေါ် တက်လာသည်။ အာရပ်အရာရှိတို့က သူ့ကိုဆလန်ပေးကြသည်။ ဦးကြင်က သင်္ဘောပေါ်က ဆီးနှုတ်ဆက်သည်။

"ကဲ မြန်မာတွေအား‌လုံးလိုက်ခဲ့။ မြန်မာထမင်းဟင်း စားကြရအောင် စီစဉ်ထားတယ်"

စုစုပေါင်း ၁၂ ယောက်ခန့်ရှိပါသည်။ သင်္ဘောအောက်သို့ ဆင်းလာကြ၏။ သံအမတ်ကြီး၏ကားကြီးသည် မြန်မာအလံကို လွှင့်လျက် ရှေ့ဆုံးမှ ထွက်သည်။ သူ့နောက်မှ စာရေးသူတို့ကား ၂ စီးကလိုက်ကြ၏။ လမ်းပေါ်ရှိ ကားများက တိမ်းရှောင်ပေးကြပါသည်။ ဆိပ်ကမ်းတစ်လျှောက်ရှိ ဈေးတန်းကို လိုက်ပြကြသည်။ ဝယ်ချင်စရာတွေ စုံလှပါသည်။ စားချင်စရာတွေလည်း တစ်ပြုံကြီး၊ ထောပတ်နံ့၊ ဒိန်ခဲနံ့၊ ဒံပေါက်နံ့၊ ဖာလူဒါနံ့တွေ လှိုင်လှသည်။ ရေမွှေးမျိုးစုံ၊ နံ့သာဆီရနံ့တွေကလည်း အီနေသည်။ မြေထဲပင်လယ်ထွက် သစ်သီးတွေကလည်း စားချင်စရာ၊ ကော်ဇောကြီးတွေ၊ စောင်ကြီးတွေ၊ လိုက်ကာကြီးတွေ၊ ရွှေချည်ငွေချည်ထိုးအဝတ်တွေ၊ သားရေထည်တွေ၊ ကြေးအိုးကြေးခွက်ကြီးတွေကို မြင်ရသဖြင့် ငယ်စဉ်က ဖတ်ခဲ့ရသော 'အလီဘာဘာနှင့် သူခိုးလေးဆယ်' နှင့် 'ဘဂ္ဂဒက်မြို့က ကော်ဇောပျံကြီး' စသော ပုံပြင်များထဲသို့ ရောက်သွားသလားဟု ထင်ရပါသည်။

"ကိုခင်မောင်ညွှန့်ရေ အမှတ်တရ လက်ဆောင်ကလေးများ မဝယ်တော့ဘူးလား"

"ဈေးကြီးလို့ မဝယ်နိုင်ပါဘူး အန်ကယ်၊ ကော်ဇောတွေကတော့ သိပ်လှတာပဲ"

"တဘက်တို့၊ ပဝါတို့ကတော့ သိပ်ဈေးမများပါဘူး"

"ငွေချည်အစစ်နဲ့ ထိုးထားတဲ့ မိန်းမခြုံပဝါတွေ ပေါတယ်။ အန်တီ လိုက်ပြမယ်"

ဦးဖေခင်ဇနီးက လှမ်းပြောပါသည်။ သို့နှင့် စာရေးသူတို့သည် အမျိုးသမီး ပစ္စည်းများရောင်းသော ဆိုင်ကြီးသို့ ရောက်သွားကြသည်။ ငွေစစ်စစ် နန်းချည်ကြိုးနှင့် ဒီဇိုင်းပုံစံအမျိုးမျိုး ရက်ဖော်ထားသော ပဝါများကို ကြည့်ကြသည်။ မွတ်စလင်အမျိုးသမီးများ ခေါင်းခြုံသော ပဝါများဖြစ်သည်။ မြန်မာအမျိုးသမီးတို့လည်း ပွဲထိုင်ပဝါအဖြစ် သုံးနိုင်သည်။ ချိန်ခွင်တွင်ချိန်ပြီး အလေးချိန်နှင့်ရောင်းသည်။ ငွေချည်အလေးချိန်အတိုင်း ဈေးပေးရသည်။ ပဝါနှစ်ပိုင်းကို အလေးချိန်နှင့် ဝယ်လိုက်ပါသည်။ အန်ကယ်ဦးကြင်လည်း ဝယ်သည်။ လက်ထောက်ဆိုင်ရှင်က ကျသင့်ငွေ တွက်ပြရာ အန်ကယ်ဦးကြင်က ပိုပြီးတွက်ထားကြောင်း ထောက်ပြသည်။ ဆိုင်ရှင်ကြီးကိုယ်တိုင် ထွက်လာပြီး စာရေးသူတို့ အငြင်းပွားနေသော ကိန်းဂဏန်းကို သူ့အာရုံသချိုင်္ကာနည်းနှင့် ပြန်တွက်ကြည့်ရာ အန်ကယ်ဦးကြင်က မှန်နေသဖြင့် အကြိမ်ကြိမ် တောင်းပန်ရှာသည်။ သူ့လက်ထောက်ကိုလည်း အပြစ်တင်သည်။ ဖာလူဒါ တစ်ခွက်စီ တိုက်၍ ဧည့်ခံခဲ့သေးသည်။ စာရေးသူ၏ ဘဝတစ်သက်တာတွင် ငွေချည်ပဝါဆိုင်က အာရုံကြီးတိုက်လိုက်သော ဖာလူဒါမျိုးကို ဘယ်တော့မှ ထပ်ပြီး သောက်ရတော့မည် မထင်ပါ။ ချိုဆိမ့်မွေးရသာသုံးပါးတွင် နူးညံ့မှုပါပါသည်။ ပါးစပ်တွင်း၌ စွဲကျန်ရစ်ပါသည်။

ဈေးဝယ်ပြီးကြသဖြင့် နေ့ခင်းဘက်ကူးလာရာ ကားသုံးစီးသည် မြို့ပြင်အပန်းဖြေစခန်းသို့ သွားကြပါသည်၊ စွန်ပလွန်ပင်၊ အုန်းပင်နှင့် အခြားအပင်များနှင့် စိမ်းလန်းစိုပြည်နေသော အိုအေစစ်ကလေးဖြစ်သည်။ ကားသုံးစီး ဝင်လာကတည်းက တစ်လမ်းလုံး အာရုပ်တို့သည် ရိုသေစွာ ဆလံပေးနေကြ၏။ ခေတ်ဆန်ဆန်ဆောက်ထားသော တစ်ထပ်အဆောက်အအုံဖြစ်သည်။ ပင်လယ်လေရသောကြောင့် တစ်ကြောင်း၊ အပင်များအရိပ်ကြောင့် လည်းကောင်း၊ အိုအေစစ်ဖြစ်သောကြောင့် တစ်ကြောင်း၊ အေးချမ်းရိပ်မြုံကလေးဖြစ်သည်။ ဝင်လာကတည်းက မြန်မာနံ့က ဆီးနှုတ်ဆက်ပါသည်။ မြန်မာနံ့မှာ အခြားမဟုတ် ငပိကြော်နှင့် ချဉ်ပေါင်အချဉ်နံ့၊ ငရုတ်သီးထောင်းအနံ့၊

ကြက်ဆီပြန်အနံ့၊ နနွင်းမကင်းအနံ့၊ လက်ဖက်နံ့၊ ရေနွေးကြမ်းအနံ့။

"အင်း... စောစောက အာရပ်ကြီးကုသိုလ် လုပ်လိုက်တဲ့ ဖာလူဒါက တစ်မျိုး၊ ယခုမြန်မာသံအမတ်ကြီးဦးဖေခင်နှင့် ဇနီးတို့က စူးအက်တူးမြောင်း ကမ်းပေါ်မှာ ကုသိုလ်လုပ်မည့် မြန်မာထမင်းဟင်းက တစ်မျိုးပါလား"

ဖူးရန်ခက်သည့် ကန္ဒီမြတ်စွယ်တော်။ ။ သံအမတ်ကြီးဦးဖေခင်နှင့် ဇနီးတို့၏ မြန်မာထမင်းဟင်း နေ့လည်စာ အဝစားပြီး၊ စွန်ပလွန်ရည် သောက်ကာ တစ်နာရီခန့် ထမင်းစိကြသည်။ အနည်းငယ်ပင် အိပ်မောကျသွားမိသေးသည်။ အစ်တာလျံ ထုံးစံအရ နေ့လယ်စာစားပြီး အိပ်စက်နားနေခြင်းကို ဆီအက် စတာ (Siesta) ဟု ခေါ်သည်။ သည့်နောက် သင်္ဘောပေါ်အရောက် သံအမတ်ကြီးတို့က လိုက်ပို့ကြပါသည်။ ကမ်းပေါ်တွင် လက်ပြကျန်ရစ်သော သူတို့ဇနီးမောင်နှံကို ဦးကြင်နှင့်တကွ မြန်မာကျောင်းသားအားလုံးက လက်ဝှေ့နှုတ်ဆက်ရင်း သင်္ဘောခေါ်ဆောင်ရာသို့ ပါလာကြသည်။ နေရီရီ၊ လေပူပြင်းပြင်း အရသာကို ခံစားရင်း၊ စာရေးသူသည် ကင်းဝန်မင်းကြီး ဦးကောင်း စူးအက်တူးမြောင်းမှ ဖြတ်စဉ်က ရေးစပ်ခဲ့သော ကဗျာလေးကို တစ်စိတ်တစ်ပိုင်း ရေရွတ်မိပါသည်။ ၁၉၆၉ ခုနှစ်က စူးအက်တူးမြောင်း ဖောက်ပြီး သောကာလ နှစ်တစ်ရာပြည့်သောကြောင့် စန္ဒာမဂ္ဂဇင်းတွင် စူးအက်တူးမြောင်း နှစ်တစ်ရာပြည့် ဆောင်းပါးရေးလိုက်ရာတွင် ကင်းဝန်မင်းကြီး၏ကဗျာကို ထည့်ဖော်ပြမိသေးသည်။

ဤသို့လျှင် တူးမြောင်းမှထွက် ပင်လယ်နီထဲရောက်၊ ပင်လယ်နီထဲမှ ထွက် အိန္ဒိယ သမုဒ္ဒရာထဲရောက်၊ တစ်နေဝင် တစ်နေထွက်၊ တစ်လှိုင်းမူးလိုက်၊ တစ်လေငြိမ်လိုက် အိပ်ရာထဲ တစ်ခါလဲလိုက် တစ်ခါပြန် နာလန်ထူလိုက်နှင့် မည်မျှကြာသည် မသိတော့ပါ။ ကိုလံဘို ရောက်တော့မည်။ ကိုလံဘိုတွင် ကုန်တင်ကုန်ချရန်ရှိ၍ သင်္ဘောဆိုက်မည်ဖြစ်ကြောင်း သင်္ဘောကြော်ငြာသင်ပုန်းတွင် နို့တစ်စာအရ သိရ၏။

"ကော်တာပဲဗျို့။ အချိန်ရရင်တော့ စွယ်တော်သွားဖူးရမယ်၊ ဟိုမှာ ကိုရင်တို့ ဆရာကြီး ဒေါက်တာထင်အောင်ရှိတယ်။ အန်ကယ်ရဲ့ သီဟိုဠ် မိတ်ဆွေတွေလည်း ရှိပါတယ်။ လိုမှ အကူအညီတောင်းမယ်"

ဦးကြင်က ခရီးသွားရင်း ကုသိုလ်ပြုချင်၍ စကားစလိုက်ခြင်းဖြစ်သည်။ သီဟိုဠ်စွယ်တော် ဖူးခွင့်ကြုံလာပြီ။ လိုက်ချင်သူများကို သူကပင်စရိတ်ခံခေါ်မည် ပြော၏။ စာရေးသူအဖို့ အထူးပြောစရာမလို။ အဖွဲ့ဝင်အဖြစ် ပါပြီးသားဖြစ်သည်။ မြန်မာကျောင်းသားအများစုက ကိုယ့်အစီအစဉ်နှင့် ကိုယ် ကိုလဲဘို တွင် လျှောက်လည်ချင်ကြသည်။ ထို့ကြောင့် စာရေးသူတစ်ဦးသာ ဦးကြင်နှင့် စွယ်တော်ဖူးလိုက်ပါမည်ဖြစ်၏။ မူလ တစ်ရက်နှင့် တစ်နေ့သာ ရပ်နားပြီး ကုန်တင်ကုန်ချလုပ်ရန် ဖြစ်သော်လည်း သင်္ဘောဆိပ်ကမ်းအလုပ်သမားတို့ သပိတ်မှောက်နေကြသဖြင့် ငါးရက်တောင် ကြာသွားသည်။ ထို့ကြောင့် သင်္ဘောစီး ခရီးသည်တို့သည် ကုန်းပေါ်တက် တစ်နေကုန်လည် ညမှ သင်္ဘော သို့ ပြန်အိပ်ကြသည်။

အန်ကယ်ဦးကြင်၊ သူ့ပိအေနှင့် စာရေးသူတို့ သုံးဦးသည် သင်္ဘော ဆိုက်သောနေ့တွင် သင်္ဘောမှာပင် အနားယူပြီး စွယ်တော်မြတ်ကိန်းဝပ်ရာ ကန္ဒီမြို့သို့ မည်သို့မည်ပုံ သွားရမည်ကို စုံစမ်းကြသည်။ မခဲယဉ်းပါ၊ မြန်မာ ခရီးသည်များပါသည်ဟူသော သတင်းကို ကြားရသော တက္ကစီသမားတို့သည် သင်္ဘောလေ့ကားနားအထိ မောင်းလာကြပြီး အင်္ဂလိပ်၊ ပြင်သစ်၊ ပေါ်တူဂီ စကားများနှင့် "ကန္ဒီကို ဘုရားသွားဖူးမည်လား" ဟု မေးလာကြသည်။ ဒုနန်ကယ်ဦးကြင်က တက္ကစီသမား သုံးလေးဦးမေးရင်း ဈေးဆစ်ရင်းနှင့် စကားခပ်ကြွယ်ကြွယ်၊ လူရေခပ်လည်လည်၊ အင်္ဂလိပ်စကား အတော်ကျွမ်းကျင်ပြီး ရာဇဝင်သမိုင်းကြောင်း ရှင်းပြနိုင်ပါသည်ဆိုသော ဆင်ဂုလီကုလား မောင်းသော တက္ကစီသမားကို ငှားလိုက်ပါသည်။ သူက နေ့ချင်းပြန်မောင်းပေး၊ မည်ဟု ပြောသည်။ သုံးယောက်သား (Tourist) ကမ္ဘာလှည့်ခရီးသည်ပုံစံ ဝတ်စားဆင်ယင်ကြသည်။ အန်ကယ်ဦးကြင်သည် နွေရာသီပင်လယ်ကမ်းခြေတွင် ဝတ်ကြသော အရောင်တောက်ပပ ရှပ်လက်တို၊ နွေရာသီဝတ် ဘောင်းဘီရှည်၊ နေကာမျက်မှန်အနက်၊ ဦးထုပ်ဆောင်းထားသည်။ စာရေးသူသည် စပို့ရှပ်၊ ဂျင်းပင်၊ ညှပ်ဖိနပ်၊ ကင်မရာလွယ်လိုက်ပါသည်။ ညစာအမီသင်္ဘောသို့ အရောက် ပြန်ခဲ့မည်ဟု ကပ္ပတိန်ကြီးကို ပြောခဲ့သည်။

တက္ကစီပေါ် တက်ထိုင်လိုက်သည်နှင့် တက္ကစီမောင်းသမား ကိုလေအိုးသည် သီဟိုဠ်နိုင်ငံ၏ ဒဏ္ဍာရီရာဇဝင်ကို ပြောလေတော့သည်။ ဟုတ်တာတွေ

လည်းပါ၊ သူလဲကြွတ်တွေလည်းပါ၊ ဟာသလည်းနှော၊ အပြောလည်းကောင်း စာရေးသူပင် အရှုံးပေးရလေပြီ။ ကန္ဒီတွင် စားသောက်ဆိုင် ကောင်းကောင်း မရှိ။ ဒေသခံ ထမင်းဆိုင်များရှိ ဟင်းများသည်လည်း အလွန်ငရုတ်သီးစပ်၍ စားနိုင်မည်မဟုတ်။ ထို့ကြောင့် ကိုလဲဘိုမှာပင် မနက်စာ ထမင်းစားသင့်ကြောင်း တက္ကစီသမား ကိုလေအိုးက အကြံပေးသဖြင့် အကောင်းဆုံး ဆင်ဂုလီ ထမင်းဆိုင်သို့ မောင်းခိုင်းလိုက်၏။ ကိုလဲဘိုထမင်းအိုးကြီး Colombo Rice Pot ဟု အဓိပ္ပာယ်ရသောဆိုင်သို့ ရောက်သွားကြ၏။

ဝတ်စုံဖြူဝတ်ထားပြီး ဖြူဖွေးသော သွားများအားလုံးပေါ်အောင် ပြုံးထားသော စားပွဲထိုးကုလားလေးတစ်ယောက်က ဟင်းစာရင်း မီးနှုးကိုကိုင်ကာ ရောက်လာသည်။ ကုလားသံပါသော အင်္ဂလိပ်စကားနှင့် နှုတ်ဆက်ပြီး ဆီးကြိုသည်။ အန်ကယ်ဦးကြင်က ဟင်းစာရင်းကိုကြည့်ပြီး ငရုတ်သီးမစပ်မည့် ဟင်းကို ရှာရင်း မေးရင်း လုပ်နေသည်။ ငရုတ်သီး လုံးဝမပါသော ဟင်းရမည်လားဟု မေးရာ၊ ချွတ်ကရားကလေးက သူ၏ ဦးခေါင်းကို တစ်ချက်စီ ယိမ်းပြသည်။

"အန်ကယ် ကုလားဟင်းတွေကတော့ ငရုတ်သီးနဲ့ကင်းမယ် မထင်ဘူး၊ ယခုလည်း ကုလားကလေးက ခေါင်းခါပြနေတယ်"

"မဟုတ်ဘူး ကိုခင်မောင်ညွှန့်ရဲ့။ သူခေါင်းလှုပ်ပုံက ငြင်းတဲ့သဘောနဲ့ ယမ်းခါတာ မဟုတ်ဘူး။ ရပါတယ်ဆိုတဲ့သဘောနဲ့ ညင်ညင်သာသာ ဘယ်ညာ ယိမ်းနွဲ့ပြတာ"

ဦးကြင်က ငရုတ်သီးမထည့်ရန် အထပ်ထပ်ပြောပြီး ဟင်းစုံမှာလိုက်ပါသည်။ သည့်နောက် သီဟိုဠ်ထမင်းဟင်းနှင့် ပတ်သက်ပြီး သူ့အတွေ့အကြုံကို ပြောပြရာ တဟားဟားရယ်ကြရ၏။

"ဘိလပ်မှာတုန်းက အန်ကယ့်သံတမန်မိတ်ဆွေထဲက သီဟိုဠ် ထမင်းဟင်း ဖိတ်ကျွေးတယ်။ စုံလို့ပဲ အထူးဟင်းခွက်တစ်ခွက်က အနုံက သိပ်မွေးလို့ ဇွန်းနဲ့ခပ်ပြီး ဝါးစားမိပါတယ်။ အောင်မယ်လေး ကမ္ဘာပျက်မတတ် စပ်လိုက်တာ၊ ပူလိုက်တာ ဘာဟင်းလဲလို့ မေးကြည့်တော့ ချီလီကာရီ (ငရုတ်သီးဟင်း)တဲ့။ ကိုင်း... ဘာပြောချင်သေးသလဲ။ ငရုတ်သီးဟင်းပါဆိုမှ စပ်တာအပြစ်မရှိဘူး။ မမေးမမြန်းဘဲနဲ့ ခပ်မြည်းလိုက်တဲ့ အန်ကယ်သာ

ပြောစရာ ဖြစ်တာပေါ့။ ဟား ဟား ဟား ဒါကြောင့် ဒီချွတ်ကရားကို ငရုတ်သီးအကြောင်း ကြိုမေးထားရတာ”

ချွတ်ကရား ယူလာသော ဟင်းများမှာ ကြက်၊ ငါး၊ ပဲဘယာကြော် သုတ်၊ ဘုံဘေဒတ် Bombay Duck ခေါ် ငါးနှပ်ခြောက်ကြော်တို့ဖြစ်သည်။ ငရုတ်သီးစိမ်းနှင့် နံနံပင်၊ ပူဒီနာ၊ ကြက်သွန် တို့စရာလင်ဗန်းကြီးနှင့် ချလာပေးသည်။ ဆာဆာနှင့် စားကြ၏။ ငရုတ်သီးမပါဟု ဆိုသော်လည်း ရှိနှိုးတိန်းတိန်းရှိသည်။ အုန်းဆီ၊ အုန်းနို့များ ထည့်ချက်သောကြောင့် အုန်းနံ့က ပြင်းလှသည်။ တက္ကစီသမားကိုပါ ဝင်စားရန် ဖိတ်ခေါ်သော်လည်း သူက အချိန်နှင့်စားကြောင်း သူတို့တက္ကစီသမားများ ဆိုင်သီးသန့်ရှိကြောင်း ပြောသည်။ အဝစားပြီးနောက် ခရီးဆက်ကြပါသည်။

လယ်ကွက်ကလေးများ၊ တဲတန်းကလေးများ၊ အုန်းခြံကြီးများ၊ သရက်ခြံများကို ဖြတ်ရင်း တောင်ကုန်းများဆီသို့ ရောက်လာကြသည်။ ထိုအခါ လက်ဖက်ခြံကြီးများကို တွေ့ရသည်။ တက္ကစီသမားက လက်ညှိုးထိုးပြပြီး အားလုံးဥရောပသား အရင်းရှင်တွေသာပိုင်ကြောင်း ပြောပြ၏။ နေ့ခင်း တစ်နာရီသာသာတွင် ကန္ဒီမြို့သို့ရောက်ကြ၏။ တောမြို့ကလေးသာ ဖြစ်ပါသည်။ ကန္ဒီတောင်ပူစာများကို ခပ်လှမ်းလှမ်းတွင် မြင်ရသည်။ ပွဲတော်အချိန်သာ လူစည်ကားပြီး အခြားအချိန်များတွင် ဗုဒ္ဓဘာသာဝင် ဘုရားဖူးများသာ ရောက်လာဖူးမြော်ကြသည်။

စာရေးသူတို့ မြန်မာနိုင်ငံတွင် ရွှေရောင်ဝင်းဝင်းနှင့် စေတီများ၊ ဆင်းတုတော်ကြီးများ မြင့်မားပြီး ထုထည်ကြီးသော စေတီပုထိုးများကို ဖူးနေကျဖြစ်ရာ သင့်တော်ရုံ ဇရပ်အတွင်း အုပ်ဆောင်းခုနစ်ထပ်အုပ်၍ သံတိုင်များ ကာထားသော စွယ်တော်ကိန်းရာ စံကျောင်းကို မြင်ရသောအခါ ဝမ်းနည်းမိသည်။ အစောင့်ကုလားဘုန်းကြီးက အလှူငွေသုံးထောင်နှင့်အထက် လှူသူများကိုသာ အုပ်ဆောင်းခုနစ်ထပ်ကို ဖွင့်၍ စွယ်တော်ကို ဖူးခွင့်ပြုသည်ဟု ဆိုပါသည်။ စာရေးသူစိတ်ထဲ အောင့်သက်သက်ဖြစ်သွား၏။ စိတ်မှန်းနှင့် ဖူးပါသည်။ ငွေသုံးထောင်လည်းမပါ၊ ပါသော်လည်း ငွေပေး မဖူးချင်။

ကုလားပန်းသည် ဈေးသည်များ၊ ဘာသာရေးဆိုင်ရာ ပစ္စည်းရောင်းသောသူများ ဝိုင်းအုံလာသည်။ ကုလားမတစ်ယောက်က ညောင်ရွက်ခြောက်

များကိုပြပြီး တစ်ရွက်တစ်ကျပ်၊ ငါးကျပ်ဖိုးဝယ်ပါက ခြောက်ရွက်ပေးမည်ဟု ပြောလာပါသည်။ စာရေးသူသည် ဧရပ်အနီးရှိ ညောင်ပင်မှ အကိုင်းကို လှမ်းဆွဲနှိမ်ထားပြီး ဦးကြင်၏ ပိအေအား အားရပါးရခူးခိုင်း၏။ သူက အရွက်သုံးဆယ်လောက်ရအောင်ခူးပြီးမှ ညောင်ကိုင်းကို လွှတ်လိုက်ပါသည်။ ညောင်ရွက်ခြောက်လာရောင်းသော ကုလားမသည် ပူညပူညနှင့် ကုလားသံများ ဆူညံသွားအောင် သူ့အဖော်များအား လှမ်းပြောလေသည်။ စာရေးသူတို့ အတင်း ပြောခြင်းဖြစ်မည်မှာ မလွဲပါ။

ကိုလမျိုးရှစ်ဆယ် ကျေးဇူးကြောင့် ပြန်တော်အပြန်တဘူဘူည်း။ ။ မိုးအတော် ချုပ်မှ သဘော်သို့ပြန်ရောက်လာကြပါသည်။ အန်ကယ်ဦးကြင်က ကိုလေအိုး တက္ကစီသမားကို ဘောက်ဆူးကောင်းကောင်း ပေးလိုက်ဟန်တူပါသည်။ ဆလဲ အကြိမ်ကြိမ်ပေး၊ လက်အုပ်အခါခါချီပြီး နှုတ်ဆက် မောင်းထွက်သွားသည်။ သဘော်ပေါ် ညစာစားချိန်တွင် အန်ကယ်ဦးကြင်ရော၊ စာရေးသူပါ ကန္ဒီခရီး အကြောင်း စားမြုံ့ပြန်ကြပါသည်။ စာရေးသူတို့ကလည်း ပြောချင်ချင်ဖြစ်နေစဉ် သဘော်ကပွတိန်ကြီးကပင် စတင်ပြီး...

"ခင်ဗျားတို့ ကန္ဒီမှာ ပျော်ကြရဲ့လား"

ဟု မေးပါသည်။ နောက်နေ့ ကိုလဲဘိုကို လိုက်ပို့မည်ဟု တက္ကစီသမားက စကားကမ်းထားကြောင်း ပြောသောအခါ ကပွတိန်ကြီးက...

"မြန်မာပြည် ကိုယ့်အိမ်ကိုယ် မပြန်ချင်သေးဘူးလား၊ မပြန်ချင်သေးရင် မစ္စတာညွှန့် နေရစ်တော့၊ မနက်ဖြန် သဘော်ပြန်ထွက်မယ်"

"ပြန်ချင်တာပေါ့ ကပွတိန်ကြီးရဲ့ ခင်ဗျားသဘော်က သဘော်ကျင်း အလုပ်သမားတွေ သပိတ်မှောက်နေလို့ ၄-၅ ရက်ကြာမယ်ဆိုလို့ အချိန်ရတုန်း လေ့လာချင်တာပါ"

"ဒီမနက်ပဲ သတင်းရတယ်။ ဒီညနေကစပြီး သပိတ်လှန်လိုက်ပြီတဲ့။ တစ်ညလုံး ကုန်တင်ကုန်ချလုပ်ပြီးလို့ ပြီးသွားရင် သဘော်မနက်ထွက်မယ်လေ။ သင်ပုန်းမှာ ကြော်ငြာထားပြီးပြီ။ လေကောင်းရင် မုန်တိုင်းရှင်းရင် ၃ ရက်လောက်နဲ့ ရန်ကုန်ရောက်မယ်"

ထိုသတင်းစကားသည် မြန်မာခရီးသည်များအဖို့ မင်္ဂလာသတင်းကြီး ဖြစ်ပါသည်။

"ဝမ်းသာလိုက်တာ ကပ္ပတိန်ကြီးရယ်။ ကျွန်တော်တို့ ကန္ဒီကပြန်ရောက်တာ နောက်ကျလို့ သင်ပုန်းကြော်ငြာကို မဖတ်မိသေးဘူး။ ယခုပဲ ရောက်လိုက်ချင်ပြီ"

"ခင်ဗျားတို့ ပိုပြီး လွမ်းကြရအောင် ဒီညနေကျွေးတဲ့ အစားအစာကိုလည်း သတိပြုပါဦး"

ယင်းသို့ပြောပြီး သူက အစားအသောက်စားရင်း မိန္ဒူးကတ်ပြားကို ထောင်ပြပါသည်။ စာရေးသူရှေ့ရှိကတ်ပြားကို ဖတ်ကြည့်လိုက်ရာ ဥရောပအစားအစာနှင့် အာရှအစားအစာဟု နှစ်မျိုးဖော်ပြထားရာ၌ အာရှအစားအစာစာရင်းတွင် ကြက်သားဆီပြန်ချက်၊ ခရမ်းသီးအိုးကပ်ချက်၊ သီးစုံချဉ်ရည်၊ ငါးပိချက်၊ သခွားသီးတို့ဟု အင်္ဂလိပ်–မြန်မာနှစ်ဘာသာဖြင့် တွေ့ရ၏။ မကြာမီ ထိုဟင်းအနုမျှားရလာ၍ လှည့်ကြည့်လိုက်ရာ စားပွဲထိုးများက လင်ဗန်းများဖြင့် ငရုတ်သီးများကို မြန်မာခရီးသည်၊ ကုလားခရီးသည်များထံ ဝေပေးခိုင်းပါသည်။ စာရေးသူသည် နီရဲရဲသုံးတောင့်ယူထားလိုက်ပါသည်။ ထိုညစာကို မည်မျှစားလိုက်မိသည်ဟု မမှတ်မိတော့ပါ။ စားပွဲထိုးခမျာ ငါးပိချက်နှင့် ချဉ်ရည်ကို လိုက်ပွဲခဏခဏ ယူပေးရရှာသဖြင့် လက်မလည်အောင်ဖြစ်နေသည်။ ကပ္ပတိန်အင်္ဂလိပ်ကြီးသည် ဟာသပြောတတ်သူပီပီ စာရေးသူကို လှမ်းနောက်နေပါသည်။

"ခင်ဗျား ဒီညတော့ ဆရာဝန်ဆီသွားပြီး အစာကြေဆေး တောင်းရင်ကောင်းမယ်။ ကျွန်တော့် သဘော်စီးလာပြီး ရန်ကုန်ရောက်လို့ နေမကောင်းဘဲ သဘော်ပေါ်က ဆင်းသွားရင် ခင်ဗျား အစားကြီးတာကြောင့် မသိကြဘဲ ကျွန်တော့်သဘော်ကောင်းလို့ ထင်ကြမယ်"

"ကိစ္စမရှိပါဘူး။ ကျွန်တော့်မှာ မြန်မာဆေးပါပါတယ်"

စာဖတ်သူတို့ မှတ်မိကြလိမ့်မည်။ စာရေးသူတို့ မြန်မာနိုင်ငံမှ ထွက်လာခဲ့စဉ်က လီဗာပူးလ်ဆိပ်ကမ်းအရောက်တွင် လေမျိုးရှစ်ဆယ်လျက်ဆားကို အကြောင်းပြုပြီး ဆိပ်ကမ်းအကောက်ခွန်အရာရှိနှင့် စကားများခဲ့သော 'ကိုလေမျိုးရှစ်ဆယ်' ကျောင်းသား (Mr 80 kinds of wind) သည် စာရေးသူအပြန် သူ့လျက်ဆားပုလင်းများမှ အချို့ကို ခရီးတစ်လျှောက်သုံးရန် ပေးလိုက်ပါသည်။ သူ့ဖြစ်အင်ကိုလည်း တစ်သက်လုံးမမေ့ရန် ပေးခြင်းဖြစ်သည်။

သူသည် လွန်ခဲ့သော လေးနှစ်ကနှင့် မတူတော့ပါ။ အလွန်ဗိုလ်ဆန်နေပြီ။ အင်္ဂလိပ်စကားလည်း ရေလည်စွာ ပြောတတ်ပြီ။ သူ့လျက်ဆားကိုပင် သူကုန် အောင် မသုံးပစ်သေးပါ။ ငါးပိအိုး၊ ဆန်အိုးများမှာမူ ပြောင်သည်မှာကြာပြီ။ မြန်မာကျောင်းသားတို့ အကြိမ်ကြိမ် လာယူချက်စားကြသောကြောင့် ဖြစ်သည်။

ထိုညပင် သူပေးလိုက်သော လေမျိုးရှစ်ဆယ်ကို စာရေးသူ အပြတ် ရှင်းပစ်လိုက်ပါသည်။ မြန်မာခရီးသည်တို့ကို အနည်းငယ်စိုးရွံ့ဝေသည်။ အားလုံးက အံ့သြကြသည်။ ဘိလပ်ပြန် လျက်ဆား ဘယ်ပုံသယ်လာသနည်း။ စာရေးသူက နောက်ကြောင်းရာဇဝင်ကို ပြန်ပြောရာ၊ ထိုညက တဝါးဝါး ဖြစ်နေကြသည်။ မကြာမီတဝါးဝါး နောက်ကွယ်တွင် တဘူဘူ ပေါက်ကြပါ တော့သည်။ ကပွတိန်ကြီးကလည်း လျက်ဆားတောင်းပြီး လျက်လိုက်သေး သည်။ သူကလည်း တဘူဘူ။ သူကပင် ဘိလပ်၌ လျက်ဆား၊ လေပုပ် လျက်ဆား၊ ရှောက်သီးဆေးပြားဆိုင် ဖွင့်ရောင်းသင့်ကြောင်း အကြံပေးလိုက် သေးသည်။

ကိုလန်ဘိုအတွက် ရာသီဥတုသာယာသော်လည်း ၂၄ နာရီကျော်၍ ပင်လယ်ထဲသို့ ရောက်သည်နှင့် လေထန်လာပါသည်။ ကောင်းကင်ယံတစ်ခု လုံး မင်မည်းကြီးဆိုးထားဘိအလား ပိန်းပိတ်မှောင်နေသည်။ မုတ်သုံမိုးနှံ့ ပါလာသော လေသည် ပြင်းသည်ထက် ပြင်းလာရာ လှိုင်းများလည်း ထန် သည်ထက် ထန်လာပါသည်။ ခဏအတွင်းသင်္ဘောသည် ဦးနှင့်ပဲ့ ယိမ်းထိုးလာ ရာမှ ဘေးတိုက်ပါလှုပ်လာသည်။ ကုန်းပတ်ပေါ်တွင် နေမဖြစ်တော့ပါ။ အခန်းတွင်းသို့ ပြေးဝင်လာရသည်။ အိပ်ရာပေါ်သို့ ပစ်လဲချလိုက်သည်နှင့် လှိုင်းမူးဒဏ်ကြောင့် အိပ်ပျော်သွားပါသည်။ ထိုအချိန်မှစပြီး အခန်းအောင်း ရလေပြီ။ လေရောမိုးပါ သည်းထန်စွာ ရွာချနေသည်။ လှိုင်းမူးဒဏ်ကို မခံနိုင်၊ ထမင်းစားခန်းအထိ မသွားနိုင်ပါ။ အခန်းသို့ မှာစားရသည်။ အကြိမ် ကြိမ် ပျို့အန်ရလွန်းသဖြင့် အားနည်းလာသည်။ ဆရာဝန်က လှိုင်းမူးသော ခရီးသည်များကို လိုက်လံကြည့်ရှုပြီး ဆေးကျွေးပါသည်။ မည်မျှကြာသည်ဟု မပြောနိုင်တော့ပါ။ တစ်မနက်တွင် လှိုင်းအလွန်ငြိမ်ပြီး နေသာနေကြောင်း ပြတင်းမှ လှမ်းမြင်ရသည်။ ကုန်းပတ်ပေါ်တွင် ခြေသံများ ရှုပ်ယှက်ခတ် ကြားနေရသည်။

"ဗျို့... ကိုစင်မောင်ညွန့် လှိုင်းမူးလို့ ကိစ္စမျောနေပြီလား၊ ထကြည့်ပါဦး။ ရန်ကုန် လှမ်းမြင်နေရပြီဗျ"

မြန်မာကျောင်းသား ကိုအာကျယ်ကျယ် တစ်ယောက်က တံခါးလာခေါက်မှ မျက်နှာသစ်ပြီး ထလိုက်ပါသည်။ လတ်ဆတ်သော မိုးနံ့ပါသည့် လေပြည်ကလေးက တဖြူးဖြူး လာနေသည်။ ရွေဝါရောင် နေခြည်အောက်တွင် လှိုင်းငယ်ကလေးများ ဖြာနေရာ နေခြည်ကြောင့် ရွှေရည်လူးထားသလို ဖြစ်နေသည်။ အပြာနုနု ကောင်းကင်ကြီးသည် နောက်ခံပြု၍ တိမ်တိုက်များ ပြေးလွှားနေသည်ကို တွေ့ရသည်။ အန်ကယ်ဦးကြင်တို့လူစု ပြုံးပြီးကြည့်နေသော နေရာသို့ လျှောက်သွားရာ...

"တွေ့လား တွေ့လား။ အဲဒီ တိမ်လွှာအကြားမှာ ဝင်းခနဲ၊ ဝင်းခနဲ ဖြစ်နေတာ အဲဒါ ရွှေတိုက်ပဲ"

သူတို့သည် အဆေးကြည့်မှန်ပြောင်းကို တစ်ယောက်တစ်လှည့် ယူကြည့်နေကြရင်း...

"အင်း... ဟုတ်တယ်၊ ဟုတ်တယ်" ဟု ပါးစပ်မှ ထွက်ရင်း လက်နှစ်ဖက်က အလိုအလျောက် လက်အုပ်ချီပြီးဖြစ်သွားကြသည်။ စာရေးသူကို မြင်လိုက်ကြသောအခါမှ...

"လာလာ ဒီတစ်ခါ ခင်ဗျားအလှည့် အခန်းအောင်းနေလိုက်တာ နှစ်ရက်ကျော်တောင် ရှိသွားပြီ။ ကဲ ရွှေတိုက်ကို ဖူးလိုက်ဦး၊ ရော့ တယ်လီစကုတ်"

မုတ်သုံမိုး သွန်းဖျန်းထားသောကြောင့် စိမ်းလန်းရွှန်းစိုနေသော တောအုပ်သစ်အုပ်တို့အကြားမှ ရွှေရောင်တို့ဖြင့် တပြောင်ပြောင် တဝင်းဝင်း ဖြစ်နေသော ရွှေတောင်ခွန်းခွန်းကြီးသည် နေခြည်အောက်တွင် ထွန်းတောက်နေသည်ကို ဖူးတွေ့ရသည်။ စာရေးသူက ရင်တွင်း၌ ဖြစ်ပေါ်လာသော ခံစားမှုဌ ဝမ်းသာခြင်း၊ ကြည်နူးခြင်း၊ ကြည်ညိုခြင်း၊ ကျေနပ်ခြင်းစသော ပီတိအမျိုးမျိုး ပေါင်းစပ်ပါဝင်သည်။ မှန်ပြောင်းကို ပခုံးချိတ်လိုက်ပြီး လက်နှစ်ဖက်ယှက်၍ ကြာငံသဏ္ဌာန်ပြုကာ ရွှေတိုက်ဆီသို့ ဦးတိုက်မိပါသည်။ သင်္ဘောအခုတ် နှေးလှသည်ဟု ထင်နေသည်။ မြန်မာနိုင်ငံမှ သဲလွင်သင်္ဘော နှင့် ထွက်ခွာစဉ်က ရွှေတိုက်ကိုဖူးရင်း ဝေးဝေးသွားရာ သင်္ဘောအခုတ်မြန်

သည်ဟု ထင်ခဲ့မိသည်။ လေးနှစ်ကျော် ကွဲကွာနေပြီး ယခု ပြန်လာသောအခါ ရွှေတိဂုံကိုဖူးရင်း နီးနီးလာပါပြီ။

"ဒါ မြန်မာပြည်၊ ဒါတို့ပြည်၊ ဒါတို့မြေ၊ ဒါတို့အိမ်ပါကလား:"

စာရေးသူတို့ ဟိုက်စကူးကျောင်းသား:ဘဝက အလွတ်ကျက်ထား: မိသော "အိမ်နှင့် နှိုင်းစရာ ဘယ်နေရာမျှမရှိ" အဓိပ္ပာယ် သက်ဝင်သည့် အောက်ပါအင်္ဂလိပ် ကဗျာကလေး:ကို စိတ်ထဲက ရွတ်မိပါတော့သည်။

"Amidst pleasures and palaces though
We may roam
Be it ever so humble,
there is no place like home."

ဒေါက်တာခင်မောင်ညွန့်

ဒေါက်တာခင်မောင်ညွှန့်

ကျွန်တော်မစွတာဘားမား